# ပဋိစ္စသမုပ္ပါဒ်အဖွင့်

(အရှင်အာစိဏ္ဏ)

# ပဋိစ္စသမုပ္ပါဒ် အဖွင့်

အရှင် အာစိဏ္ဏ

ဘာသာရေးဆိုင်ရာစာပေ ခွင့်ပြုချက် အမှတ် (၁၅၂၅)

၁၉၆၇-ခု၊ ဇူလိုင်လ

ပထမအကြိမ်
အုပ်ရေ — ၂၀၀၀

မျက်နှာဖုံးပန်းချီ-ဦးညွန့်ဝေ

**အဘိုး ၄ ကျပ်**

**ထုတ်ဝေသူ**
ဦးလှကြိုင်
လောကစာပေ [၀၂၃၃]
၉၂၊ ၉၃-လမ်း၊ ကန်တော်ကလေး၊
ရန်ကုန်မြို့
**ပုံနှိပ်သူ**
မောင်ကျော်ညွန့်
ရွှေဟင်္သာပုံနှိပ်တိုက် [၀၁၀၀]
၉၂၊ ၉၃-လမ်း၊ ကန်တော်ကလေး၊
ရန်ကုန်မြို့

# မာတိကာ


စာမိတ်ဆက် .... .... ၇

ပဋိစ္စသမုပ္ပါဒ သုတ္တန္တဘာဇနီယ ဥဒ္ဒေသဝါရ အဖွင့် ၁၇

**အဝိဇ္ဇာပစ္စယာ သင်္ခါရာ**

ဝိဘင်းပါဠိတော် မြန်မာပြန် .... ၃၂

အင်္ဂလိပ်ဘာသာ မြန်မာပြန် .... ၃၄

ဝိဘင်းအဋ္ဌကထာ မြန်မာပြန် (အဝိဇ္ဇာ၏ အဖွင့်) ၆၄

ဝိဘင်းအဋ္ဌကထာ မြန်မာပြန် (သင်္ခါရ၏ အဖွင့်) ၇၃

**သင်္ခါရပစ္စယာ ဝိညာဏံ**

ဝိဘင်းပါဠိတော် မြန်မာပြန် .... ၁၀၆

အင်္ဂလိပ်ဘာသာ မြန်မာပြန် .... ၁၀၆

ဝိဘင်းအဋ္ဌကထာ မြန်မာပြန် .... ၁၂၀

**ဝိညာဏပစ္စယာ နာမရူပံ**

ဝိဘင်းပါဠိတော် မြန်မာပြန် .... ၂၀၀

အင်္ဂလိပ်ဘာသာ မြန်မာပြန် .... ၂၀၁

ဝိဘင်းအဋ္ဌကထာ မြန်မာပြန် (နာမ်ရုပ်၏ အဖွင့်) ၂၂၃

**နာမရူပပစ္စယာ သဠာယတနံ**

ဝိဘင်းပါဠိတော် မြန်မာပြန် .... ၂၇၆

အင်္ဂလိပ်ဘာသာ မြန်မာပြန် .... ၂၄၀

ဝိဘင်းအဋ္ဌကထာ မြန်မာပြန် (သဠာယတနအဖွင့်) ၂၄၄

## သဠာယတနပစ္စယာ ဖဿော


ဝိဘင်းပါဠိတော် မြန်မာပြန် .... ၂၅၂
အင်္ဂလိပ်ဘာသာ မြန်မာပြန် .... ၂၅၃
ဝိဘင်းအဋ္ဌကထာ မြန်မာပြန် (ဖဿ၏အဖွင့်).... ၂၆၂


## ဖဿပစ္စယာ ဝေဒနာ


ဝိဘင်းပါဠိတော် မြန်မာပြန် .... ၂၆၇
အင်္ဂလိပ်ဘာသာ မြန်မာပြန် .... ၂၆၈
ဝိဘင်းအဋ္ဌကထာ မြန်မာပြန် (ဝေဒနာ၏အဖွင့်) ၂၇၆


## ဝေဒနာပစ္စယာ တဏှာ


ဝိဘင်းပါဠိတော် မြန်မာပြန် .... ၂၈၁
အင်္ဂလိပ်ဘာသာ မြန်မာပြန် .... ၂၈၂
ဝိဘင်းအဋ္ဌကထာ မြန်မာမြန် (တဏှာ၏အဖွင့်) ၂၈၇


## တဏှာပစ္စယာ ဥပါဒါနံ


ဝိဘင်းပါဠိတော် မြန်မာပြန် .... ၂၉၁
အင်္ဂလိပ်ဘာသာ မြန်မာပြန် .... ၂၉၂
ဝိဘင်းအဋ္ဌကထာ မြန်မာပြန် (ဥပါဒါန်၏အဖွင့်) ၂၉၆


## ဥပါဒါနပစ္စယာ ဘဝေါ


ဝိဘင်းပါဠိတော် မြန်မာပြန် .... ၃၀၅
အင်္ဂလိပ်ဘာသာ မြန်မာပြန် .... ၃၀၇
ဝိဘင်းအဋ္ဌကထာ မြန်မာပြန် (ဘဝ၏အဖွင့်) ... ၃၁၇

## ဘဝပစ္စယာ ဇာတိ


ဝိဘင်းပါဠိတော် မြန်မာပြန် .... ၃၂၉
အင်္ဂလိပ်ဘာသာ မြန်မာပြန် .... ၃၃၀
ဝိဘင်းအဋ္ဌကထာ မြန်မာပြန် (ဇာတိ၏အဖွင့်) ၃၃၄


## ဇာတိပစ္စယာ ဇရာ မရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ


ဝိဘင်းပါဠိတော် မြန်မာပြန် .... ၃၄၇
အင်္ဂလိပ်ဘာသာ မြန်မာပြန် .... ၃၄၉
ဝိဘင်းအဋ္ဌကထာ မြန်မာပြန် (ဇရာအဖွင့်) .... ၃၅၃
" (မရဏအဖွင့်) .... ၃၅၉
ဝိဘင်းပါဠိတော် မြန်မာပြန် .... ၃၆၆
ဝိဘင်းအဋ္ဌကထာ မြန်မာပြန် (သောကအဖွင့်).... ၃၆၇
ဝိဘင်းပါဠိတော် မြန်မာပြန် .... ၃၇၁
ဝိဘင်းအဋ္ဌကထာ မြန်မာပြန် (ပရိဒေဝအဖွင့်).... ၃၇၃
ဝိဘင်းပါဠိတော် မြန်မာပြန် .... ၃၇၆
ဝိဘင်းအဋ္ဌကထာ မြန်မာပြန်(ဒုက္ခ၊ဒေါမနဿတို့၏အဖွင့်) ၃၇၇
ဝိဘင်းပါဠိတော် မြန်မာပြန် .... ၃၈၀
ဝိဘင်းအဋ္ဌကထာ မြန်မာပြန်(ဥပါယာသ၏အဖွင့်) ၃၈၁
အင်္ဂလိပ်ဘာသာ မြန်မာပြန် .... ၃၈၄
ပဋိစ္စသမုပ္ပါဒ်နှင့်ပတ်သက်သော အခြားသိဘွယ်များ ၄၀၉
ဝေါဟာရတို့၏အဓိပ္ပာယ် .... ၄၄၄
ပစ္စယသတ္တိတို့၏ အဓိပ္ပာယ် .... ၄၅၅

# စာမိတ်ဆက်

ပဋိစ္စသမုပ္ပါဒဟူသည်မှာ အဘယ်နည်း။ "ပဋိစ္စသမုပ္ပါဒ"ဟူသည်မှာ "လိုအပ်သော အကြောင်းတရားတို့ စုစည်းညီညွတ်မှုကို အစွဲပြုပြီး အကျိုးတရားတို့ကို အညီအမျှ အတူတကွဖြစ်စေတတ်သော အကြောင်းတရား"ဟူ၏။ "ပဋိစ္စသမုပ္ပါဒ်အဖွင့်" ဟူသည်မှာ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ အစရှိသော ပဋိစ္စသမုပ္ပါဒ ပါဠိတော်ကို ဖွင့်ဆိုရေးသားကြသော ပါဠိဘာသာ၊ အင်္ဂလိပ်ဘာသာတို့မှ မြန်မာဘာသာသို့ ပြန်ဆိုထားသော ပဋိစ္စသမုပ္ပါဒ်အဖွင့်ကျမ်း"ဟူ၍ ဆိုလိုပါသည်။

စာရေးသူသည် "အဝိဇ္ဇာပစ္စယာသင်္ခါရာ" စသော ပဋိစ္စသမုပ္ပါဒ ပါဠိတော်ကို ငယ်စဉ်ကပင် နှုတ်တက်အာဂုံရရှိခဲ့၏။ အခါအားလျော်စွာ အများသံဃာနှင့်စုပေါင်းရွတ်ဆိုရသည်လည်း ရှိခဲ့၏။ မိမိဘာသာလည်း စိတ်လိုလက်ရ မကြာခဏပြန်ဆိုကြည့်၏။ ပြန်ဆိုသည့်အခါတွင် "အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်"စသည်ဖြင့် အကြောင်းအကျိုးတို့က ကွင်းဆက်သဖွယ် ဆက်သွယ်နေသည်ကို သိမြင်လာ၏။ သဘောကျလာ၏။ သဘောကျလာသော အဓိပ္ပာယ်ကို ထပ်ကာ ထပ်ကာ သုံးသပ်မိ၏။ ဉာဏ်မှီသမျှ ဆင်ခြင်ကြည့်၏။ ဆင်ခြင်မိသမျှ သိလာရသော အဓိပ္ပာယ်တို့မှာ အကျဉ်းချုပ်မျှသာဖြစ်၏။ ပါဌ်လျှောက် အဓိပ္ပာယ်မျှသာသိ၏။ ဒါကိုစာရေးသူက အားမရနိုင်။ အဓိပ္ပာယ်ကို အကျယ်တဝင့်သိချင်၏။ သိလိုသဖြင့် ထိုထိုဆရာတော်ကြီးများ မြန်မာဘာသာဖြင့် ပြုစုထားသော ပဋိစ္စသမုပ္ပါဒဆိုင်ရာ ကျမ်းများကို ရှာဖွေကြည့်ရှု၏။ သို့သော် အားမရ။ စိတ်ဆန္ဒမပြည့်ဝဘဲ ရှိနေ၏။

စိတ်ဆန္ဒမပြည့်ဝတဲ ရှိနေသဖြင့် ပါဠိဘာသာဖြင့် ရေးသားထား သော စာပေများတွင် ရှာဖွေကြည့်၏။ မဟာနိဒါနသုတ် စသည်ကို တွေ့ရ၏။ သို့သော် အားမရသေး။ ထပ်ရှာပြန်၏။ နောက် ဝိသုဒ္ဓိမဂ် အဋ္ဌကထာရှိ "ပဋိစ္စသမုပ္ပာဒကထာ"ကို တွေ့ရ၏၊ အတော်ကျေနပ် သွား၏။ သို့သော် အားမရနိုင်သေးဘဲ ရှိနေ၏၊ သို့ဖြင့် နောက်ဆုံးတွင် ဝိဘင်္ဂပါဠိတော်ကို ကြည့်ရှုသည့်အခါ ပဋိစ္စသမုပ္ပာဒပါဠိတော်ကို ထပ်တွေ့ရပြန်သဖြင့် ထို၏ အဖွင့်ဖြစ်သော "သမ္မောဟဝိနောဒနီ အဋ္ဌကထာ"ကို ထပ်ရှာရပြန်၏၊ ရလာသော ထိုအဋ္ဌကထာတွင် တွေ့ရ သော ပဋိစ္စသမုပ္ပာဒအဖွင့်ကိုမူ ကောင်းကောင်းကြီး သဘောကျသွား တော့၏။ သည်တော့မှ အားရ ကျေနပ်သွား၏။ စိတ်အစဉ်မှာ ပီတိ အလျဉ်ဖြင့် ရှင်သွားမိပါသည်။

ထိုပဋိစ္စသမုပ္ပာဒ ဝိဘင်းကို အားရသောစိတ်အစဉ်ဖြင့် ကြည့်ရှု၏၊ လေ့လာ၏။ ကြည့်ရှုလေ့လာသည့်အခါ "အဝိဇ္ဇာဟူသည်အဘယ်နည်း" စသည့် မေးခွန်းတို့၏ အဖြေများကို သုတ္တန်နည်း၊ အဘိဓမ္မာနည်းစသော နည်းပရိယာယ်အသွယ်သွယ်ဖြင့် ဖွင့်ပြထား၏။ ပုဒ်တခုခု ဝေါဟာရ တခုခု၏ အဓိပ္ပာယ်ကို သဒ္ဒါရေးအားဖြင့် ခြေခြေမြစ်မြစ် ခိုင်ခိုင်လုံလုံ ဖွင့်ဆို ရှင်းလင်းထား၏။ အဝိဇ္ဇာ သင်္ခါရစသည်တို့၏ အရေအတွက် အဘယ်မျှရှိကြသည်ကို ရေတွက်ပြ၏။ အဝိဇ္ဇာနှင့် သင်္ခါရတို့အကြောင်း အကျိုးအားဖြင့် ဆက်သွယ်နေပုံကို ပဋ္ဌာန်းနည်းဖြင့် ဖော်ပြထား၏။ အရာအားလျော်စွာ လှပသော ဥပမာတို့ဖြင့် တန်ဆာဆင်ထားပြန်၏။ သံသယရှိစရာ စောဒကဝင်စရာများကို ခိုင်လုံသော အကြောင်းပြတို့ဖြင့် ဆွေးနွေးတင်ပြထား၏၊ အချုပ်ဆိုရသော် ရုပ်သဘာဝ နာမ်သဘာဝနှင့် ပတ်သက်သော အချက်များကို တွေးခေါ်လေ့လာသူတို့အဖို့ လက်လှမ်း မမှီနိုင်အောင် မြင့်မား နက်ရှိုင်းသော သဘောတရားများ အတော် အတန်ပါရှိသလို လက်လှမ်းတမှီတွင် ရှိသော သဘောတရားများမှာ လည်း လေ့လာလိုသူတို့အဖို့ အမြောက်အမြားပါရှိ၏၊ ဒါတွေကို သွားတွေ့ရ၏။ သိလာ မြင်လာရ၏။

ဒါတွေကို သိလာ မြင်လာရတော့ အားရလာ၏၊ ကျေနပ်လာ၏၊ သဘောကျလာ၏၊ ဒါတွေကို အခြားသူတို့အားလည်း သိစေချင်၏၊ နားလည်စေချင်၏။

တခါ—

တနေ့သောအခါတွင် စာရေးသူတို့ လေးအိမ်စု ဆရာတော်ဘုရားကြီး၏ ညီတပည့်ဖြစ်သူ ဆရာတော် ဦးစရိယသေက္ခ (ဂွတ္တလစ်၊ သီရိဂုဏ်ရည် ရပ်ကွက်၊ ဝိသုဒ္ဓိမဂ္ဂဆရာတော်) အထံသို့ မရောက်တာကြာသည်နှင့် အလည်အပတ်ရောက်သွား၏။ စပ်မိစပ်ရာပြောဆိုကြရာ "နောက်ရက်များ မကြာမီတွင် အင်္ဂလိပ်ဘာသာဖြင့် ရေးသား ဖွင့်ဆိုထားသော ပဋိစ္စသမုပ္ပါဒ=THE CHAIN OF THE DEPEDENT VARIABILITY OF PROCESS OF LIFE ကို စတင် ပို့ချမည်" ဟု သိရှိခဲ့ရ၏၊ သို့နှင့် ပို့ချသည့်အခါ စာရေးသူ၏ ညီများဖြစ်ကြသော စောငြိမ်းမောင်၊ စောမောင်အုံးတို့နှင့်အတူ သွားရောက်၍ တနင်္ဂနွေနေ့တိုင်း နာကြားသင်ယူကြ၏။

ထိုအင်္ဂလိပ်ဘာသာ ပဋိစ္စသမုပ္ပါဒကို ဂျာမန်အမျိုးသားရဟန်းတော် အရှင်ဉာဏတိလောကနှင့် မျက်နှာဖြူ အမျိုးသားများ ဖြစ်ကြသော J. F. Mc KECH MIE, F. L. WOODWARD, M. A. တို့က တည်းဖြတ်ကာ ပြုစုထားကြ၏။ မူရင်းပြုစုသူ၏ အမည်ကိုကား မတွေ့ရပေ၊ ထိုစာအုပ်တွင် အဝိဇ္ဇာ ပစ္စယာ သင်္ခါရာစသော ပါဠိတော်၏ အဓိပ္ပာယ်ကို သူတို့အနောက်တိုင်းသားအမြင်ဖြင့် ရေးသားဖွင့်ဆိုကြ၏။ သိပ္ပံဆိုင်ရာ ဥပမာများ၊ ဝဲသြမေထရီစသည်များဖြင့် ရှင်းပြချက်များမှာ လွန်စွာမှ သဘောပေါက်လွယ်စေ၏။ စိတ်ဝင်စားဘွယ် ဖြစ်စေ၏။ ရှိတ်စပီးယား စသော အင်္ဂလိပ်ကဗျာဆရာကြီးများ၏ ကဗျာများဖြင့် တန်ဆာဆင်ယင်ထားပြန်သောကြောင့် ချောက်သွေ့သွေ့ ဖြစ်နေမည် ထင်ရသော နဂိုရ်အခြေမှာ စိုပြေ၍ နေပြန်၏၊

ထိုအင်္ဂလိပ်ဘာသာဖြင့် ရေးထားသော ပဋိစ္စသမုပ္ပါဒ်အကြောင်းကို လေ့လာပြီးသောအခါ ဆရာတော် ဦးစရိယသေက္ခက စာရေးသူအား

"တတ်နိုင်လျှင် မြန်မာဘာသာပြန်ဆိုစေချင်၏"ဟု တိုက်တွန်းစကား ပြောကြားလာ၏။ ဒါကိုပြန်ဆိုနေချင်သော စာရေးသူက အရဲစွန့်ကာ "ပြန်ဆိုပါမည်"ဟု ဝန်ခံခဲ့၏၊ ဝန်ခံခဲ့သော စာရေးသူသည် ကိုယ့်အရည်အချင်းကို ကိုယ်ယုံကြည်လှ၍တော့မဟုတ်ပါ။ ဟုတ်သည်မှာ အင်္ဂလိပ်စာကို လုံးဝသင်ကြားတတ်သိမထားသူတို့အား မြန်မာဘာသာဖြင့် ဖတ်ရှုခွင့် ရရှိစေလိုခြင်း၊ ပြန်ဆိုချက်များကို အမှားအမှန် စစ်ဆေးပေးမည့် ဆရာတော်ကလည်း အားကိုးတခုအနေနှင့် ရှိထားခြင်းတို့ကြောင့် ဝန်ခံခဲ့ခြင်းဖြစ်ပါသည်။

အင်္ဂလိပ်စာပေနှင့် ပတ်သက်လာလျှင် ဆရာတော်၏ အရည်အချင်းကို ဆရာတော်ထံတွင် စာတက်ဖူးသူမှန်သမျှ ကောင်းကောင်း သိကြ၏။ အထူးဆိုလွယ်မလို။ မှန်၏၊ ပါဠိဘာသာရှိ ကျမ်းဂန်တို့အနက် နာမည်ကြီးကျမ်းတဆူဖြစ်သော ဝိသုဒ္ဓိမဂ်အဋ္ဌကထာကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထားသော(အင်္ဂလိပ်ဟု ထင်ရသည့်) မျက်နှာဖြူ အမျိုးသား ရဟန်းတော် အရှင်ဉာဏမောလိ၏ THE PATH OF PURIFICATION ကို အောင်မြင်စွာ ပို့ချပေးခဲ့ခြင်း၊ "မိမိတို့ထက် အင်္ဂလိပ်စာပေကို တတ်မြောက်ကျွမ်းကျင်ပါပေသည်"ဟု ဒေါက်တာဘွဲ့ရ အနောက်တိုင်းသားတို့က သော်မှ ထုတ်ဖော်ချီးကျူးရခြင်းတို့ကား ထိုဆရာတော်ကြီး၏ အင်္ဂလိပ်စာပေအရည်အသွေးကို ဖော်ပြနေ၏။ ထို့ကြောင့်လည်း စာရေးသူသည် ဆရာတော့်ကို အားကိုးတခုအဖြစ် မြင်ထားခြင်းဖြစ်ပါသည်။

ဤသည်မှာ ပဋိစ္စသမုပ္ပာဒ် ဖြစ်ပေါ်လာရခြင်း၏ နောက်ကြောင်း အခြေခံ ၂ ရပ်ပင် ဖြစ်ပါသည်။

အင်္ဂလိပ်ဘာသာဖြင့် ရေးထားသော ပဋိစ္စသမုပ္ပာဒ်အဖွင့်ကို ပြန်ဆိုရာတွင် တွေ့ရသော အခက်အခဲများမှာ စာရေးသူအား စိတ်ပျက်အားလျှော့ချင်လာအောင် မပြုနိုင်ကြပါ၊ ဤသည်မှာ စာရေးသူက အင်္ဂလိပ်စာတော်သောကြောင့် မဟုတ်ရပါ။ ဟုတ်သည်မှာ ဆရာတော့်ထံတွင် စာတက်ကြစဉ်ကတည်းက ကိုယ့်ဟာကိုယ် တေးထား၊ မှတ်သား

ပြီးသား ရှိသည်ကတကြောင်း၊ တွေ့လာရသော အခက်အခဲများကို လည်း ဆရာတော်က အလွယ်တကူ ဖြေရှင်းပေးသည်က တကြောင်း ကြောင့် အခက်အခဲများ သိပ်ကြီးရှိလှသည် မဟုတ်ပါ။ သို့သော် လွယ်ကူသည်ဟုကား မဆိုလိုပါ။ မှန်၏။ ပြန်ဆိုနေသည့်စာမှာ လောက ရေးရာနှင့် ပတ်သက်သော ဝတ္ထုကြောင်း စသည်တို့ မဟုတ်ပါ။ လောကုတ္တရာရေးရာ ကျမ်းစာငယ်တစောင် ဖြစ်နေပါသည်။ သို့အတွက် အယူအဆရေးရာနှင့် ပတ်သက်လာသည့် အချက်များတွင် အတိမ်း အစောင်း မခံဝံ့ပါ။ စာရေးသူ သဘောပေါက်ထားသည့်အတိုင်း မူလကျမ်းပြုပုဂ္ဂိုလ်တို့က ရည်ညွှန်းထားခြင်း ဟုတ်ချင်မှ ဟုတ်မည်။ မဟုတ်ခဲ့သော် ပြန်ဆိုသူအပေါ်တွင် လုံးဝ တာဝန်ရှိလာမည် ဖြစ်၏။ တခါ အင်္ဂလိပ်ကဗျာကြီးများနှင့် ပတ်သက်၍လည်း အခက်အခဲတွေ့ရ ပါသည်။ မှန်၏။ မည်သည့်စာပေတွင်ဖြစ်ဖြစ် ကဗျာသည် စကားပြေ ထက် ခက်သည်ကို စာပေသမားတိုင်း သိကြ၏။

မည်သို့ပင်ဆိုစေ တွေ့လာရသော အခက်အခဲများကို ဆရာတပည့် နှစ်ဦး ဆွေးနွေးညှိနှိုင်းကာ မူလပြုစုသူတို့၏ ဆိုလိုချက်အာဘော်ကို ထိမိနိုင်သမျှ ထိမိအောင်၊ တိကျနိုင်သမျှ တိကျအောင်၊ ပေါ်လွင်နိုင် သမျှ ပေါ်လွင်ရအောင် ကြိုးစားထားပါသည်။ ယင်းသို့လျှင် တွေ့လာ ရသော အခက်အခဲများကို သည်ပုံသည်နည်းဖြင့် ဖြေရှင်းကျော်လွှားပြီး အင်္ဂလိပ်ဘာသာပြန်ဆိုမှုသည် အပြီးသို့တိုင် ရောက်ခဲ့ရပါပြီ။

တဖန် အင်္ဂလိပ်ဘာသာဖြင့် ရေးထားသော ပဋိစ္စသမုပ္ပါဒ်အဖွင့်ကို ပြန်ဆိုပြီးသည့်အခါ ဖော်ပြခဲ့သည့်အတိုင်း မူလရည်ရွယ်ထားသော ပဋိစ္စသမုပ္ပါဒဝိဘင်း၊ သုတ္တန်နည်းဖွင့်ဆိုချက်ကို စတင်ပြန်ဆိုပါသည်။ [အဘိဓမ္မာနည်း ဖွင့်ဆိုချက်ကား သာမန် စာရှုသူတို့အတွက် မြင့်မား နက်ရှိုင်းလွန်း၍ ထည့်သွင်းပြန်ဆိုမှု မပြုပါ။]

ရှင်းပြပါဦးမည်။ ဤအဋ္ဌကထာကို ပြန်ဆိုသည့်အခါတွင် ဆွေးဆွေး နွေးနွေး တိုင်ပင်ညှိနှိုင်း၍ ရမည့်ပုဂ္ဂိုလ်သည်စာရေးသူ၏လက်လှမ်းတမီ တွင် မရှိပါ။ ရှိသမျှ ဆွေးနွေးရမည့်မိတ်ဆွေတို့ကား သမ္မောဟဝိနောဒနီ

အဌကထာနိဿယ၊ ဝိဘင်္ဂမူလဋီကာ၊ ဝိဘင်္ဂအနုဋီကာ ဟူသော ကျမ်း ၃ စောင်နှင့် သဒ္ဒါကျမ်းပင် ဖြစ်၏။ ယင်းသို့ဆိုလျှင် "နိဿယကို ရှေ့မှာချထား။ အဲဒီအထဲက ကူးရေး ပြီးတာဘဲ"ဟူ၍ တဦးတယောက်က ဆိုလာပြန်အံ့။ ထိုသူအား "ဒီလိုလုပ်ရုံနဲ့ ဖြစ်စတမ်းဆိုရင် ခက်တယ်ဆိုတဲ့စကားလုံး ယောင်လို့သော်မှ မသုံးပါ"ဟု ဆိုပါမည်။

မှန်၏။ ယခုမှာမူ ခက်၏။ တကယ်ပင် ခက်၏။ ခက်သည်မှာ ပါဠိသုံး ဝိဘတ်များနှင့် မြန်မာသုံး ဝိဘတ်များမှာ နေရာတိုင်းတွင် မတူ။ ပါဠိသုံး ဝိဘတ်အတိုင်း ထဲ့ရေးလျှင် မြန်မာတို့အတွက် သဘော ပေါက်ရေးမှာ ခက်၏၊ ထောင့်၏။ ငြီးငွေ့ဘွယ်ဖြစ်၏။ စိတ်ဝင်စားမှု မဖြစ်နိုင်တော့။ မဖြစ်လျှင် စာရေးသူ၏ ဦးတည်ချက် အောင်မြင်တော့မည် မဟုတ်။ စာရေးသူ၏ဦးတည်ချက်ကား "စာရှုသူ သူတော်သူတို့အား လွယ်လွယ်သိရှိစေလိုခြင်း"တည်း။ သည်တော့ ဝိဘတ်များကို လဲလှယ်တန် လှယ်ပေးရ၏၊ မြှုပ်တန် မြှုပ်ပေးရ၏။ ထို့အတူ စာသုံး (အထူးသဖြင့် ပါဠိဆန်သော လောကုတ္တရာသုံး) ဝေါဟာရများကို အများသုံး ဝေါဟာရများနှင့် (လဲလှယ်ပေးလို၍) ရနိုင်သမျှ လဲလှယ်ပေးရသော အလုပ်ကလည်း "မဟာအခက်အခဲကြီး"တခု ဖြစ်၏။ တခါ နိဿယရှိ "စာစပ်" ခပ်များများမှာ သိပ်ပြီး မပေါ်လွင် မထင်ရှားတတ်။ သည်တော့ ပို၍ ပေါ်လွင်ထင်ရှား သိသာလာအောင် ဋီကာကိုလှန်၊ သဒ္ဒါကျမ်းနှင့်ညှိ၊ အဌကထာ၏အာဘော်လည်းမိအောင် စာစပ်များကို ပြင်ဆင်ပေးရသည်မှာ လွယ်ကူသည့်အလုပ်တခု မဟုတ်ပါပေ။

ယင်းသို့စသော အခက်အခဲများကို ရင်ဆိုင်ကာ နေ့ရောညပါ တကုန်ကုတ် ကြိုးစားပါမှ ဝလာစာအုပ် ၄၊ ၅ မျက်နှာမျှသာ ပြန်ဆိုပြီးစီး၏။ ဤသည်မှာ အမြင့်ဆုံးစံချိန် ဖြစ်၏။ မှန်၏။ မကြာခဏ ကြုံရတတ်သည်မှာ ၄၊ ၅ မျက်နှာပြီးတို့ ဝေးစွ။ တမျက်နှာသော်မှ မပြီးချင်ပြီးချင်နှင့် ပြီးအောင် အတော်အားခဲရ၏။ သည်တော့ စိတ်ပျက်လာ၏။ သို့သော် "စိတ်ပျက်အားလျှော့ခြင်းသည် လူညံ့တို့၏လက္ခဏာ" ဟု ကိုယ့်ဟာကိုယ် အားပေးရင်း စိတ်ရှေရှေထား၊ ဇွဲသန်သန်နှင့်

ကြိုးစားခဲ့ပါသဖြင့် ပါဠိဘာသာ ပဋ္ဌိစ္စသမုပ္ပါဒသည်လည်း ပြီးဆုံးခြင်းသို့ တိုင်ခဲ့ရပြန်၏။

ပြီးစီးလာပြီဖြစ်သော ပါဠိ၊ အင်္ဂလိပ်ဘာသာပြန်များကို အမှားအမှန် စစ်ဆေး၊ အကြမ်းမှသည် အချောဖြစ်အောင် ကူးရေး၊ ထပ်မံစစ်ဆေးရပြန်သဖြင့် ယခုနှစ် ပြာသိုလဆန်း ၄ ရက် (၂၆-၁၂-၉၆) နေ့ကျမှ ပြီးစီးခဲ့သော မြန်မာပြန်ဆိုမှုကို ၂၅ ခုနတ္တော်လဆန်း ၁၂ ရက် (၁၂-၁၂-၉၃) ရက်နေ့တွင် စတင်ပြန်ဆိုခဲ့၏။ ၂ နှစ်ကျော်ကျော် ကြာမြင့်ခဲ့၏။ ဤနေ့ ဤရက်များ အတွင်းတွင် ပျက်ကွက်သည်ဟူ၍ မရှိလှပါ။ မလွဲမကင်းသာသော အပင့်အဖိတ်များကြောင့် တခါတရံ ခရီးထွက်ရခြင်း၊ တနေ့တနေ့အတွက် စာတဝါ၊ နှစ်ဝါ ပို့ချပေးရခြင်းတို့ကြောင့် လစ်ဟင်းသည်မှတပါး အချိန်ပြည့် ကြိုးပမ်းခဲ့ပါသည်။ ထို့ကြောင့် ဤပဋ္ဌိစ္စသမုပ္ပါဒ်အဖွင့်ကို "စွဲမြဲခြင်း၏ ရလာဒ်၊ အခက်အခဲ၏ အသီးအပွင့်"ဟု ဆိုချင်ပါက ဆိုနိုင်ပါလိမ့်မည်။

ပဋ္ဌိစ္စသမုပ္ပါဒ်အဖွင့် အင်္ဂလိပ်ဘာသာ စာအုပ်မှ မြန်မာပြန်ဆိုချက်များအတွက် အကွက်ဆိုက်သလိုလိုအပ်သော ရှင်းချက်များကို အတော်များများ ရေးသားခဲ့၏။ အဋ္ဌကထာ မြန်မာပြန်ဆိုချက်များအတွက်လည်း ရှင်းချက်ကလေးများကို အလွဲ့သင့်သလို ထည့်သွင်းခဲ့ပါသည်။ သို့သော် အင်္ဂလိပ်ဘာသာမြန်မာပြန် ကဏ္ဍလောက်မစုံလင်။ မစုံလင်ရသည်မှာ ကျန်းမာရေးကိုထိ၍ လာပြီဖြစ်သောကြောင့် ထည့်သွင်းပေးလိုသော စေတနာကို ကြိုးပမ်းရသော ဝီရိယက မှီအောင် မလိုက်နိုင်၍ ဖြစ်ပါသည်။

သို့သော် စာရှုသူတို့အတွက် တကယ်သိသင့်သိထိုက်သော အချက်နှင့်ကြုံလာလျှင် "ဟာကွက်" မရှိအောင် အတတ်နိုင်ဆုံး ကြိုးစားကာ ဖြည့်သွင်းထားပါသည်။ တဖန် ရှင်းချက်နှင့်တကွသော မြန်မာပြန်တို့ပြီးဆုံးသည့်နောက်တွင်လည်း တွေးခေါ် မြော်မြင်ရေးများကို လိုက်စားလာသော ယနေ့စာဖတ် ပရိသတ်တို့အတွက် သက်သက်ရည်ညွှန်းကာ မေတ္တာလက်ဆောင်အဖြစ် "နောက်ဆက်တွဲ"ကို သီးသန့်ရေးသားပေး

လိုက်ပါသည်၊ ထိုနောက်ဆက်တွဲကို ဖတ်ရှုပြီးသော စာရှုသူသည် မိမိတို့ ဘိုးဘွားအမွေအနှစ်တရပ် ဖြစ်သော ဗုဒ္ဓဘာသာ၏ မြတ်နိုးဘွယ်ရာ အနှစ်သာရအလှအပများကို မြင်မိလာပါလိမ့်မည်။ ဗုဒ္ဓအဘိဓမ္မာ၏ အရသာကို "ပေါ့သလား။ လေးသလား"ဟူ၍ လူပြော သူပြော မဟုတ်ဘဲ ကိုယ်တိုင် ကိုယ်ကျ ခံစားသုံးဆောင် မိလာပါလိမ့်မည်၊ ထို့ကြောင့် "ဤကျမ်းငယ်သည် မြန်မာပြန်သက်သက်မျှသာ မဟုတ် သေးပါ"ဟု ဆိုရပါမည်။

ဤသည်မှာ ပဋိစ္စသမုပ္ပါဒ်အဖွင့်၏ လျှောက်လာရသော ခရီးစဉ် ဖြစ်ပါသည်။

အသင်သုတေသီသည် ခရီးစဉ်၏ အစမှစတင်၍ လျှောက်လာခဲ့သော် ဤ"စာမိတ်ဆက်"အပြီးတွင် အရှင်မဟာ ဗုဒ္ဓဃောသမထေရ်မြတ်၏ ကျခ်းဦး သိဘွယ်နိဒါန်းသွယ်ဘွားသော ပဏာမရှုခင်းကို မြင်ရပါလိမ့် မည်၊ ထိုမှဆက်လျှင် ပဌမကဏ္ဍအမှတ် ၁၊ စခန်းသာသို့ ရောက်လာပါ မည်။ ထိုစခန်းတွင် အသင်သည် ဗုဒ္ဓကို ပဌမဦးစွာ ဖူးမြင်ရပါလိမ့်မည်၊ ဗုဒ္ဓက အသင့်အား ပဋိစ္စသမုပ္ပါဒ၏ ပဌမ အင်္ဂါကို အကျဉ်းချုပ်ဟောပြ တော်မူပါမည်။ သဘောတရားမှာ နက်ရှိုင်းမည်ဖြစ်သော်လည်း စကား လုံးလေးများမှာ ရိုးရိုးစင်းစင်းကလေးတွေသာ ဖြစ်ပါမည်။

ပြီးလျှင် ဗုဒ္ဓ၏ ဟောပြချက်များကို မိမိတို့သဘောပေါက်ထားသလို သင့်အား ရှင်းပြမည့် မျက်နှာဖြူအမျိုးသား သူတော်စဉ်များကို မြင်တွေ့ ရပါလိမ့်မည်။ ထိုအမျိုးသားတို့သည် သိပ္ပံပညာနှင့် နှယ်၍ သင့်အား ရှင်းပြပါလိမ့်မည်၊ အကြားအကြားတွင်လည်း အသင့်အား ကဗျာလင်္ကာ များကို ရွတ်ဆိုပြပါလိမ့်မည်။ ထိုနောက် အိန္ဒိယအမျိုးသား ရဟန်း တော်ကြီးတပါးကို ဖူးမြင်ရပါလိမ့်မည်။ ဘွဲ့အမည်ကား အရှင်မဟာ ဗုဒ္ဓဃောသမထေရ် ဟူ၏။ ထို မထေရ်မြတ်က ဗုဒ္ဓ၏ ဟောပြချက်ကို အသင့်အား ထပ်ဆင့်၍ ရှင်းပြပါလိမ့်မည်။ စာပေရှုဒေါင့်၊ အဘိဓမ္မာ ရှုဒေါင့်၊ ကျင့်မှုဗေဒရှုဒေါင့် စသည်တို့မှနေ၍ စုံတကာစေ့သွားအောင် ဥပမာတို့ဖြင့် ပုံဆောင်ကာပြတန်ပြ၍ ရှင်းပြသွားပါလိမ့်မည်။

အပြီးတွင် အသင်သည် အရှေ့တိုင်းသားနှင့် အနောက်တိုင်းသား တို့၏ အမြင်များကို နှိုင်းယှဉ်၍ လေ့လာမိပါလိမ့်မည်၊ လေးနက်သော ရုပ်နာမ် သဘာဝအဘိဓမ္မာတရပ်ကိုလည်း မြင်လာ သိလာလိမ့်မည်၊ ထို့ပြင် လွန်ခဲ့သော နှစ်ပေါင်း ၁၅၇၀ ၏ ပတ်ဝန်းကျင်တွင် ရှိသော စာပေရေးသားမှုဆိုင်ရာ စည်းစံနစ်တရပ်၏ အဆင့်အတန်းကို သတိ ပြုမိပါသော် တအံ့တသြများဖြစ်သွားမည်လားဟု ထင်မြင်ရပါသည်၊

ယင်းသို့တွေ့မြင်ရမည့် စာပေရှုခင်းများသည် (နောက်ဆက်တွဲက လွဲလျှင်) ဘာသာပြန်ချည်းသာ ဖြစ်သည့်အားလျော်စွာ ပါဠိ၊ အင်္ဂလိပ် ဆန်သော "ဟန်"များမှာ (သဘာဝကျစွာ)ရှိတန်သလောက် ရှိနေ၏၊ ကျန်တန်သလောက်ကျန်နေ၏၊ ကျန်ရှိနေသော ထိုဟန်များသည် မြန်မာ့ဟန်နှင့် အတန်အသင့်ကွဲလွဲပါသည်။ ကွဲလွဲသည့်အတွက် မြန်မာတို့ အဖို့တွင် စဉ်းငယ်"စိမ်း"၍ နေပါလိမ့်မည်။ အနည်းငယ်မျှသော အချို့ နေရာများတွင် "ထောင့်"၍သော်မှ နေလိမ့်မည်။ ယင်းသို့ စိမ်း၍၊ ထောင့်၍ နေမည်ဖြစ်သောကြောင့် စိတ်ဝင်စားမှုကို လျော့နည်းစေမည် လားဟု စိုးရိမ်မိသည့်အတွက် သူတို့၏ ဆိုလိုချက် အဓိပ္ပာယ်များလိုသာ ယူပြီး မြန်မာမှု၊ မြန်မာ့ဟန်ဖြင့်သာ ပြန်လည်တင်ပြရသော် ကောင်းအံ့ ဟု ထင်မြင်မိခဲ့၏။ ထင်မြင်သည့်အားလျော်စွာ ကိုယ်ပိုင်ဝါကျဖြင့်သာ ရေးသားတင်ပြရန် စိတ်ကူးခဲ့ပါသေးသည်၊

တဖန် ယင်းသို့ ပြန်လည်ရေးသားသော် ထိုဟန်ကလေးများမှာ ပျောက်သွားမည့်အပြင် အချို့သော အနှစ်သာရများပါ လေးနက်မှုမရှိ တော့ဘဲ "ပေါ့"သွားမည်လားဟုစိုးရိမ်မိပြန်၏။ ယင်းသို့စိုးရိမ်မိသည်က တကြောင်း၊ (စာရေးသူ၏ ခံယူချက်သဘောထားနှင့် နှိုင်းစာကာ)၊ 'အကြောင်းအရာတခုကို လေ့လာတဲ့နေရာမှာ မူရင်းကျနိုင်သမျှကျတာ ပိုပြီးအရသာရှိတယ်'ဟု စာရှုသူ သူတော်သိတို့ကလည်း ခံယူကြည့်မည် ဖြစ်သည်က တကြောင်း၊ ဤအကြောင်း ၂ ရပ်ကြောင့် ထိုအကြံကို စွန့်လွှတ်ကာ ဘာသာပြန်အဖြစ်ဖြင့်သာ တင်ဆက်လိုက်ရပါတော့မည်၊

တင်ဆက်လိုက်ရသော ဤဘာသာပြန်သည် အခြားပညာရှင်တဦးက ပြုစုမည်ဆိုပါလျှင် သည့်ထက်ပို၍ ကောင်းချင် ကောင်းပါလိမ့်မည်။ စာရေးသူအနေအားဖြင့်မူ သည့်ထက်ပို၍ ကောင်းအောင် ပြုစုနိုင်စွမ်း မရှိတော့ပြီကို ဖော်ပြလိုပါသည်။ (ဤမျှသော အချိန်ကာလနှင့် ဤမည်သော အခြေအနေတွင်) ဖြစ်ပေါ်လာရသော ဤလက်ရာသည်ပင်လျှင် အကောင်းဆုံးဟုဆိုရပါမည်။ ထို့ကြောင့် ဤဘာသာပြန်ဆိုချက်များကို မြန်မာဆန်နိုင်သမျှ ဆန်ခြင်း၊ အများသုံးဝေါဟာရတို့ဖြင့် ရနိုင်သမျှ သုံးစွဲခြင်း၊ မူရင်းအဓိပ္ပာယ် အရကောက်များကို ထိမိနိုင်သမျှ ထိမိ တိကျစေခြင်း ဟူသော အင်္ဂါ ၃ ချက်နှင့် ကိုက်ညီရလေအောင် အထူး သတိပြုကာ ကြိုးစားထားပါသည်။ ထို့ပြင် အနက်နှင့် သဒ္ဒါတွင် အနက်ကို ပဓာနပြုထားသောကြောင့် အချို့နေရာများတွင် သဒ္ဒါနည်း အရ ဗဟုဝုစ်ဖြင့် ရေးရမည်ဖြစ်သော်လည်း (ဒြပ်ကို မငဲ့၊ ဇာတ်ကို ငဲ့ကာ) ဧကဝုစ်ဖြင့်သာ ရေးသားပြန်ဆိုထားကြောင်း သိရှိစေချင်ပါသည်။

[ဤစာအုပ်နှင့်ပတ်သက်သော အပြုသဘော ဝေဘန်ချက်များကို အမြတ်တနိုး ခံယူပါမည်။]

| | |
|---|---|
| **ကရင်ပရိယတ္တိကျောင်း** | **အရှင်အာစိဏ္ဏ** |
| ဗဟန်း၊ အင့်ဃွလမ်း | ၁၅၊ ၁၂၊ ၁၃၂၇ |
| ရန်ကုန် | ၆၊ ၃၊ ၁၉၆၆ |

# ပဋ္ဌိစ္စသမုပ္ပာဒ် အဖွင့်

## ပဋိစ္စသမုပ္ပါဒ သုတ္တန္တဘာဇနီယ ဥဒ္ဒေသဝါရအဖွင့်

ယခုအခါ ဇာနိယ ဝိဘင်း၏ အခြားမဲ့ရှိ ပဋိစ္စသမုပ္ပါဒ ဝိဘင်း၌ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"စသည်ဖြင့် အံကြင်ပါဠိတော်အစဉ်ကို ထားရှိအပ်၏။ ထိုအနက် အဓိပ္ပာယ်အဖွင့်ကို ပြလိုသဖြင့် ဝိဘင်္ဂ ဝါဒီတို့၏ အသိုင်းအဝိုင်းသို့သက်ရောက်ပြီးလျှင် အဋ္ဌကထာ ဆရာများကို မစွပ်စွဲပါဘဲ၊ မိမိ [ဗုဒ္ဓဝါဒီ၊ ဝါ၊ ဝိဘဇ္ဇ ဝါဒီတို့၏] အယူအဆကို မစွန့်လွှတ်ဘဲ၊ ဗုဒ္ဓဝါဒီမှတပါး အခြားသူတို့၏ အယူအဆကို မဆည်းပူး၊ အားမထုတ်ဘဲ၊ သုတ္တန်ကို မထိပါး၊ မပုတ်ခတ်ဘဲ၊ ဝိနယအား လျော်ကန် လျောက်ပတ်သည် ဖြစ်၍၊ [သုတ္တ သုတ္တာနုလောမ၊ အာစရိယဝါဒ၊ အတ္တနောမတိဟူသော] မဟာပဒေသ ၄ ပါးကို ကြည့်၍ ပဋိစ္စသမုပ္ပါဒပါဠိတော်ကိုပြ၍၊ အနက်အဓိပ္ပာယ်ကို အကျဉ်းချုံး၍၊ ထိုအနက်အဓိပ္ပာယ်ကို ပင်လျှင် ထပ်မံပြောင်းပြန်ပြု၍၊ အခြားပရိယာယ်တို့ဖြင့် ညွှန်ပြ၍၊ အကြင့်ကြောင့် အနက်အဓိပ္ပာယ်၏ အဖွင့်ကိုပြုအပ် ပြုသင့်၏။

ဆက်ဦးအံ့။ ပဋိစ္စသမုပ္ပါဒ၏ အဖွင့်သည် ပကတိအားဖြင့် လည်း [ဖွင့်ဆို ရှင်းပြခြင်း၄ာ] ပြုနိုင်ခဲ၏။ မှန်၏။ ရှေးဆရာ မြတ်တို့သည် "သစ္စာတရား၊ သင်္ခါရဓမ္မ၊ ပဋိသန္ဓေ၊ ပဋိစ္စသမုပ္ပါဒ

ဟူသောတရား ၄ ပါးသည် မြင်လဲမြင်နိုင်ခဲ၏၊ ဟောပြော ပြသခြင်းငှာလည်း ခက်ခဲတိ၏'' ဟူ၍ အဆိုအမိန့်ပြုထားကြ၏။

ထို့ကြောင့် "ပဋိသမ္ဘိဒါဉာဏ်ရရှိထားသူ၊ ဝါ၊ မဂ်ဉာဏ်ရရှိထားသူတို့ကို ချန်လှပ်၍ ကျန်သမျှ ပုဂ္ဂိုလ်များအဖို့ ပဋိစ္စသမုပ္ပါဒ၏ အနက် အဓိပ္ပါယ်အဖွင့်ကို ပြုစုခြင်းသည်မလွယ်'' ဟူ၍ ဉာဏ်တည်းဟူသော ချိန်ခွင်ဖြင့် ချိန်၍ ဝါဉာဏ်ဖြင့် စူးစမ်းဆင်ခြင်ပြီးလျှင်

ယခုအခါ ပဋိစ္စသမုပ္ပါဒ၏ အဖွင့်ကို ပြုစုလိုသော ငါအရှင်ဗုဒ္ဓဃောသသည် သမုဒ္ဒရာထဲသို့ သက်ဆင်းနေမိ သကဲ့သို့ ဆောက်တည်ရာမရပါပြီ။ သို့သော် [အနုလောမ၊ ပဋိလောမစသည်ဖြင့်] အထွေထွေသော ဒေသနာ နယတို့ဖြင့် တန်ဆာဆင်ထားအပ်သော ဤတရားတော်အစဉ်သည်၎င်း၊ ရှေးဆရာမြတ်တို့၏ လမ်းစဉ်သည်၎င်း၊ အကြွင်းကြွင်းရှိနေ၏။ ထိုကြောင့် ထိုနှစ်ပါးစလုံးကို မှီငြမ်း၍ ပဋိစ္စသမုပ္ပါဒအဖွင့်ကို ကြိုးပမ်းအားထုတ်ပါတော့မည်။ ထိုသို့ကြိုးပမ်း အားထုတ်ထားသော အဖွင့်ကို အသင် (သူတော်)တို့သည် စိတ်ဓာတ် တည်တည်ကြည်ကြည်ထားလျက် နာယူကြပါလေ၊ ကြည့်ရှု လေ့လာကြပါလေ။

မှန်၏။ "ဤပဋိစ္စသမုပ္ပါဒကို အကျိုးရှိအောင် နာယူခြင်းအား၊ လေ့လာခြင်းအား၊ ထိုသူသည် စတင်ကြိုးပမ်းသည်မှ စ၍ အသိဉာဏ်ထူးကိုဖြစ်စေ၊ ကာလသာကုန်ခန်းခြင်း ဟူသော တရားထူးကို ဖြစ်စေ၊ ရရှိတန်ရာ၏။ ယင်းသို့ အသိထူး၊ တရားထူးကို ရရှိပြီး ဖြစ်ခဲ့သော် သေမင်း၏ မမြင်ကွယ်ရာသို့ ရောက်ရှိရာ၏။ ရောက်မည်သာတည်း'' ဟူ၍ ရှေးဆရာမြတ်တို့ ဆိုထားပါလေပြီ။

မြင့်မြတ်သော အရည်ညွှန်းခံ ပုဂ္ဂိုလ်တို့သည် မဟာပဒေသ မည်၏၊ ဗုဒ္ဓစသည့် မြင့်မြတ်သူတို့ကို ညွှန်ပြ၍ ဆိုအပ်သော အကြောင်းကြီးများသည် မဟာပဒေသမည်၏။ တနည်းကား ကြီးကျယ်သော တည်ရာတို့သည် မဟာပဒေသမည်၏။ "သဘာဝ ဓမ္မ၏ ကြီးကျယ် မြင့်မြတ်သော တည်ရာဌာနတို့" ဟူ၍ ဆိုလို၏။ အဓိပ္ပာယ်မှာ ဤမဟာပဒေသည် "ဤတရားကို ဗုဒ္ဓ၏မျက်မှောက် တော်၌ ကြားနာအပ်၏" စသည်ဖြင့် တယောက်ယောက်က [နှုတ်ဘက်အာဂုံ] ဆောင်ထားသော တရားကို "ဓမ္မ" ဟူ၍ ဖြစ်စေ၊ "အဓမ္မ" ဟူ၍ ဖြစ်စေ၊ ဆုံးဖြတ်ရာ၌ [အသုံးပြုအပ်သော] အကြောင်းတရားပင်တည်း။ ယင်းသည်ကား အဘယ်နည်း။ ဘုရားဟော ပါဠိတော်သို့ ထိုဆောင်ယူအပ်သော တရား၏ [သဘောအဓိပ္ပာယ်]သက်ဝင်ခြင်းစသည်တည်း။

ယင်းသို့ဖြစ်လျှင် ဘယ်အတွက် ၄ မျိုးရှိရသနည်း။ တရား တော်အား ပြည့်စုံမှု သမ္ပဒါ နှစ်မျိုးရှိ၏။ ဗုဒ္ဓနှင့် ဗုဒ္ဓသာဝကတို့ တည်း။ ထိုတွင် ဗုဒ္ဓသာဝက၊ ဝါ၊ ဗုဒ္ဓတပည့်တို့ကား

၁။ သံဃ=၄ ယောက်၊ ၄ ယောက်အထက်။

၂။ ဂဏ=နှစ်ယောက်၊ သုံးယောက်။

၃။ ပုဂ္ဂလ=တယောက်။

ယင်းသို့ ၃ မျိုးရှိ၏။ [ထိုသုံးမျိုးနှင့် ဗုဒ္ဓကို ထည့်ပေါင်းသော် ၄ မျိုးရှိ၏ ဟူလို။]

ယင်းသို့လျှင် "ကျွန်ုပ်သည် ဤမည်သောသူမှ [ဥပမာ ဗုဒ္ဓအထံမှ၊ ရှင်သာရိပုတ္တရာအထံမှ စသည်] ဤဓမ္မကို ခံယူအပ်၏" ဟူ၍ ရည်ညွှန်းအပ်သူ ၄ မျိုးကွဲပြားသောကြောင့် မဟာပဒေသ ၄ မျိုးရှိ၏။ ထို့ကြောင့် နေတ္တိပါဠိတော်ဝယ် "ဗုဒ္ဓာပဒေသ

ဘုရားတည်းဟူသော ညွှန်ပြအပ်သူ၊ သံဃာပဒေသ သံဃာဟူသော ညွှန်ပြအပ်သူ၊ သမ္ဗဟုလတ္ထေရာပဒေသ မထေရ်အများဟူသော ညွှန်ပြအပ်သူ၊ ဧကတ္ထေရာမဒေသ မထေရ်တပါးဟူသော ညွှန်ပြအပ်သူ''ဟူ၍ ဟောတော်မူ၏။

သုတ္တ၊ သုတ္တာနုလောမ၊ အာစရိယဝါဒ၊ အတ္တနောမတိမဟာပဒေသဟူသော စကားရပ်တွင်

၁။ သုတ္တ=သုံးကြိမ် [ယခုခေတ်အားဖြင့် ၆ ကြိမ်]တိုင်တိုင် သင်္ဂါယနာတင်အပ်သော ပိဋကသုံးပုံပါဠိတော်။ ထိုပါဠိတော်သည် [သဘာဝဓမ္မများ၏] အနက်အဓိပ္ပာယ်သဘောသဘာဝကို ပြတတ်သောကြောင့် ''သုတ္တ'' ဟူသော အမည်ရ၏။

၂။ သုတ္တာနုလောမ=အဋ္ဌကထာ ပါဠိတော်နှင့် လျော်ကန်ညီညွတ်စွာဆိုအပ်သော အထက်ပါ မဟာပဒေသ ၄ပါး။

၃။ အာစရိယဝါဒ=ပါဠိတော်၏အနက် သဘောတရားကို ကိုင်စွဲထားခြင်းဖြင့် သဘာဝဓမ္မ၌ တည်ထား ပြတတ်သော အဋ္ဌကထာများ။

၄။ အတ္တနောမတိ = နည်းနိဿယကို ရရှိထားသဖြင့် အဆင့်ဆင့် သိရှိထားသူ၏ မိမိအယူအဆ၊ မိမိလက်ခံထားချက်၊ မိမိသဘောပေါက်မှု။

ဆက်ဦးအံ့။ ဤ ၄ မျိုးအနက် သုတ္တ၊ အာစရိယဝါဒ၊ အတ္တနောမတိတို့သည်လည်း တဦးတယောက်က ဆောင်ထားအပ်သောတရားကို ဓမ္မ၊ အဓမ္မဟူ၍ ဆုံးဖြတ်ရာ၌ အကြောင်းသဘာဝရှိသည့်အတွက် ''မဟာပဒေသ''ဟူ၍ သိအပ်၏။

(အဘိဓမ္မာပိဋက၊ ဝိဘင်္ဂအဋ္ဌကထာ၊ စာမျက်နှာ ၉၀) [အရှင်မဟာဗုဒ္ဓဃောသသည်၊ ဤပဋိစ္စသမုပ္ပါဒဝိဘင်းကို မိမိ၏ အယူအဆ အတ္တနောမတိ သက်သက်မျှဖြင့် စီရင်မည်မဟုတ်ဘဲ ဤမဟာပဒေသ ၄ ပါးနှင့် ညှိနှိုင်းတိုက်ဆိုင်ကာ စီရင်ရေးသားသွားမည်ဟု ဆိုလို၏။]

ချဲ့ဦးအံ့။

အဝိဇ္ဇာ ပစ္စယာသင်္ခါရာ အစရှိသည်တို့၌ အစမှသာလျှင်

က။ ဒေသနာ ဘေဒအားဖြင့်ရင်း၊

ခ။ အနက်အားဖြင့်ရင်း၊

ဂ။ လက္ခဏာ စသည်အားဖြင့်ရင်း၊

ဃ။ ဘာဝသော အပြားစသည်အားဖြင့်ရင်း၊

င။ အင်္ဂါတို့ကို သတ်မှတ်ခြင်းအားဖြင့်ရင်း၊ အဆုံးအဖြတ် ဝိနိစ္ဆယကို ရှေးဦးစွာ သိရှိအပ်၏။

ဥပမာဖြင့် ထင်ရှားစေအံ့။

အထက်ပါ ၅ မျိုးတို့အနက် "ဒေသနာဘေဒအားဖြင့် အဆုံးအဖြတ် ဝိနိစ္ဆယကို သိရှိအပ်၏" ဟူသည်မှာ နွယ်ပင်ကို ဆွဲယူကြသော ယောကျ်ား ၄ ယောက်တို့က နွယ်ပင်ကို ကိုင်တွယ်ခြင်းကဲ့သို့ပင် ဗုဒ္ဓရှင်တော်မြတ်သည် အစမှနေ၍ အဆုံးသို့တိုင်အောင်ဖြစ်စေ၊ အလယ်မှနေ၍ အဆုံးသို့တိုင်အောင်ဖြစ်စေ၊ အဆုံးမှနေ၍ အစသို့တိုင်အောင်ဖြစ်စေ၊ အလယ်မှနေ၍ အစသို့တိုင်အောင် ဖြစ်စေ၊ [ဟောကြားခြင်းဟူ၍] ပဋိစ္စသမုပ္ပါဒ ဒေသနာ ၄ မျိုးရှိ၏။

ချဲ့ဦးအံ့။ နွယ်ပင်ကို ဆွဲယူကြသူ ၄ ယောက်တို့အနက် ဘယောက်သောသူသည် နွယ်ပင်၏ အရင်းကို ဦးစွာတွေ့ရာ

ထိုသူသည် နှယ်ပင်ကို အရင်းမှနေ၍ ဖြုတ်တောက်ဆွဲယူပြီးလျှင် ပြသွယ်ကိုပြ၏ သို့ ထိုအတူ ဗုဒ္ဓသည် "ရဟန်းတို့ မသိမှု အဝိဇ္ဇာကြောင့် ပြုမှုသင်္ခါရတရားတို့ ဖြစ်လာကြ၏။ ဇာတိကြောင့် ဇရာ၊ မရဏတို့ဖြစ်လာကြ၏" ဟူ၍ [မဇ္ဈိမနိကာယ် မူလပဏ္ဏာသ၊ စာမျက်နှာ ၁၂၀ ၌] အစမှနေ၍ အဆုံးသို့တိုင်အောင် ပဋိစ္စသမုပ္ပါဒ်ကို ဟောတော်မူ၏။

တယောက်သောသူသည်ကား နှယ်ပင်၏ အလယ်ပိုင်းကို ဦးစွာတွေ့၏။ သူသည် အလယ်မှဖြုတ်၍ အထက်အဖျားပိုင်းကို ဆွဲယူပြီးလျှင် ပြသွယ်ပြ၏ သို့ ထိုအတူ ဗုဒ္ဓသည် "ရဟန်းတို့၊ ထိုခံစားမှုကို နှစ်သက်လတ်သော်၊ ငါ့ဟာဟု ဆိုလတ်သော် အားကြီးသောတဏှာ၌ ရပ်တည်လတ်သော် နှစ်သက်မှု နန္ဒီ ဖြစ်လာ၏။ ခံစားမှုများဝယ် အကြင်နှစ်သက်မှုသည်ရှိ၏။ ထိုနှစ်သက်မှုသည် ဥပါဒါန်မည်၏။ ထိုဥပါဒါန်ကြောင့် ဘဝ [ပြုမှုကမ္မဘဝ ဖြစ်မှု ဥပပတ္တိဘဝ] ဖြစ်လာ၏။ ဘဝကြောင့် ဇာတိဖြစ်လာ၏" ဟူ၍] မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာ၊ စာမျက်နှာ ၃၃၃ သံယုတ္တနိကာယ်၊ သဠာယတနဝဂ္ဂ၊ စာမျက်နှာ ၁၄ သမာဓိသုတ်၌] အလယ်မှနေ၍ အဆုံးသို့တိုင်အောင် ဟောတော်မူ၏။

တယောက်သောသူကား နှယ်၏အဖျားပိုင်းကို ပဌမ တွေ့၏။ သူသည် အဖျားပိုင်းကိုကိုင်၍ အရင်းပိုင်းသို့ လိုက်သွားသဖြင့် အရင်းသို့တိုင်အောင် နှယ်တပင်လုံးကို ဖြုတ်ယူပြီးလျှင် ပြသွယ်ကို ပြဘိသို့ ထိုအတူ ဗုဒ္ဓသည် "ဇာတိကြောင့် ဇရာ၊ မရဏ ဖြစ်လာ၏။" ဟူ၍ ယင်းသို့လျှင် ဤစကားကို ဆိုအပ်၏။ ရဟန်းတို့၊ ဇာတိကြောင့် ဇရာမရဏတို့ ဖြစ်ကြသလား၊ မဖြစ်ဘဲ နေကြ

ပါသလား။ ဤစကားရပ်တွင် [သင်တို့ ထင်မြင်ချက်] ဘယ်သို့ ရှိသနည်း။ ဗုဒ္ဓက ယင်းသို့ မေး၏။ "အရှင်ဘုရား၊ ဇာတိကြောင့် ဇရာမရဏ ဖြစ်၏၊ ဤစကားရပ်တွင် ဇာတိကြောင့် ဇရာမရဏ ဖြစ်လာရ၏ဟူ၍ တပည့်တော်များအား ယင်းသို့ [အရှင်ဘုရား၏ မိန့်ဆိုချက်အတိုင်း ထင်မြင်ချက်] ရှိကြပါသည် ဘုရား"

"ဘဝကြောင့် ဇာတိဖြစ်လာ၏ မသိမှု အဝိဇ္ဇာကြောင့် ပြုမှု သင်္ခါရတို့ ဖြစ်လာကြ၏ဟူ၍ ယင်းသို့လျှင် ဤစကားကို ဆိုအပ်၏။ ရဟန်းတို့ မသိမှုအဝိဇ္ဇာကြောင့် ပြုမှုသင်္ခါရတို့ဖြစ်လာကြသလား၊ မဖြစ်ဘဲနေကြပါသလား။ ဤစကားရပ်တွင် [သင်တို့ ထင်မြင်ချက်] ဘယ်သို့ ရှိသနည်း" ဗုဒ္ဓက ယင်းသို့မေး၏"အရှင်ဘုရား၊ အဝိဇ္ဇာကြောင့် သင်္ခါရတို့ဖြစ်လာကြ၏၊ ဤစကားရပ်တွင် မသိမှု အဝိဇ္ဇာကြောင့် ပြုမှုသင်္ခါရတို့ ဖြစ်လာကြရ၏ဟူ၍ တပည့်တော်များအား ယင်းသို့ [အရှင်ဘုရား၏ မိန့်ဆိုချက်အတိုင်း ထင်မြင်ချက်] ရှိနေကြပါသည်ဘုရား" ဟူ၍ [မဇ္ဈိမ နိကာယ်၊ မူလပဏ္ဏာသ ပါဠိတော်၊ စာမျက်နှာ ၃၂၈ ၌] အဆုံးမှ နေ၍ အစသို့တိုင်အောင်လည်း ပဋိစ္စသမုပ္ပါဒ်ကို ဟောတော်မူ၏။

တယောက်သောသူကား နွယ်ပင်၏ အလယ်ပိုင်းကို ပဌမ တွေ့၏။ သူသည် အလယ်ပိုင်းကိုဖြတ်၍ အရင်းသို့တိုင်အောင် သက်လျက် ဖြတ်ယူပြီးလျှင် ပြုဘွယ်ကို ပြုဘိသို့ ထို့အတူ ဗုဒ္ဓသည် "ရဟန်းတို့၊ အာဟာရ ၄ ပါး ဤတရားတို့သည်ကား အဘယ် တရားလျှင် အကြောင်းရင်း ရှိကြသနည်း၊ အဘယ်သဘော တရားကြောင့် ဖြစ်လာရသနည်း။ အဘယ်တရားမှ အစပြုလာကြ သနည်း။

"အာဟာရ ၄ ပါး ဤတရားတို့ကား တဏှာဟူသော အကြောင်းရင်း ရှိကြ၏။ တဏှာကြောင့် ဖြစ်လာကြ၏။ တဏှာ ဟူသော ပင်ကိုယ်သဘာဝ ရှိကြ၏။ တဏှာမှ အစပြုလာကြ၏။

"ရဟန်းတို့၊ တဏှာသည်လည်း အဘယ်တရားလျှင် အကြောင်းရင်း ရှိသနည်း။ ဝေဒနာသည်၊ ဖဿသည်၊ သဠာယနသည်၊ နာမ်ရုပ်သည်၊ ဝိညာဏ်သည်၊ သင်္ခါရတို့သည် အဝိဇ္ဇာ ဟူသော အကြောင်းရင်းရှိကြ၏။ [သင်္ခါရ၏ အကြောင်းကား အဝိဇ္ဇာဟူလို] အဝိဇ္ဇာကြောင့်သာ ဖြစ်လာကြ၏။ အဝိဇ္ဇာ ဟူသော ပင်ကိုယ်သဘာဝရှိကြ၏။ အဝိဇ္ဇာမှ အစပြုလာကြ၏" ဟူ၍ [သံယုတ္တနိကာယ် သဂါထာဝဂ္ဂပါဠိတော် စာမျက်နှာ ၂၅၃ အာဟာရသုတ်၌] အလယ်မှစ၍ အစသို့ တိုင်အောင်လည်း ဟောတော်၏။

[အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ။ မသိမှု အဝိဇ္ဇာကြောင့် ပြုမှု သင်္ခါရတို့ ဖြစ်ပေါ်လာကုန်၏။ ဤပါဠိကို ဤအတိုင်း မြန်မာ ပြန်ထား၏။ အကြောင်းမှာ အဝိဇ္ဇာ၊ သင်္ခါရ၊ သုခ၊ ဒုက္ခစသော ဝေါဟာရများသည် မြန်မာတို့နားတွင် ယဉ်ပါးနေ၏။ မြန်မာ့ ဝေါဟာရစာရင်းထဲသို့ပင် ထည့်သွင်းရမည်ကဲ့သို့ ဖြစ်နေ၏။ သို့သော် ဤပါဠိဝေါဟာရများ၏ အဓိပ္ပာယ်ကို သိသည်လည်း ရှိ၏။ မသိသည်လည်း ရှိ၏။ ဥပမာ သုခ၊ ဒုက္ခ စသော ပါဠိ ဝေါဟာရများ၏ အဓိပ္ပာယ်ကို မြန်မာ တိုင်းရင်းသားတို့ ကောင်းစွာနားလည်ကြ၏။ သို့သော် အဝိဇ္ဇာ၊သင်္ခါရ၊ ဒေါမနဿ စသည်တို့၏ အဓိပ္ပာယ်ကို (သုခ၊ ဒုက္ခတို့နှင့် နှိုင်းစာသော်) ကောင်းစွာသိသူ နည်းပါး၏။ ကောင်းစွာ မသိသော်လည်း

သိသယောင်ယောင်နှင့် ရေးသားကြ၏။ ပြောဆိုကြ၏။ ဝိုးတဝါး အသိဖြင့် သုံးစွဲနေကြ၏။

ထို့ကြောင့် လူသိနဲသော ဝေါဟာရများအတွက်(အဓိပ္ပာယ်မှန်ကို သိစေလိုသောစေတနာအရင်းခံထားလျက်)မသိမှု အဝိဇ္ဇာ၊ ပြုမှု သင်္ခါရ၊ သည်းစွာ စွဲလန်းမှု ဥပါဒါန် စသည်ဖြင့် ပြန်ဆိုထား၏။ ဤတွင် အဝိဇ္ဇာ မသိမှု၊ သင်္ခါရ ပြုမှု၊ ဥပါဒါန သည်းစွာ စွဲလန်းမှု စသည်ဖြင့် မပြန်ဆိုပါဘဲ အဓိပ္ပာယ်ကို သိထားနှင့်ကြသော မြန်မာ့ ဝေါဟာရစစ်စစ်ကို ရှေ့၊ အဓိပ္ပာယ် ကောင်းစွာ မသိသေးသော ပါဠိဝေါဟာရများကို နောက်တွင်ထားကာ ရူပကတ္ထကြံ၍ ပြန်ဆိုထားပါသည်။

မသိမှု(အဝိဇ္ဇာ)ဟု လက်သဲကွင်းခံ၍ပြန်သော် ဖြစ်၏။ သို့သော် လက်သဲကွင်းတွေများနေလျှင် မျက်စေ့ရှုပ်လာမည်။ စိတ်အနှောင့်အယှက် ဖြစ်လာမည်။ သဘောပေါက်ရေးအတွက် အဟန့်အတား ဖြစ်နေမည်။ ထို့ကြောင့် လက်သဲကွင်းစသော လက္ခဏာများကို မထည့်လျှင် မဖြစ်မှထည့်ခြင်းဖြင့် အဓိပ္ပာယ် လေးနက်ပေါ်လွင်လာပါမှ၊ အကျိုးထူး တခုခု ရှိလာမှသာလျှင် ထည့်သွင်းသုံးစွဲပါသည်။ သို့သော် ပါဠိနှင့် မြန်မာဝေါဟာရ ကွဲပြားခြားနားစိမ့်သောငှာ ခွဲခြားပြထားပါသည်။

တခါ

"သင်္ခါရ ပြုပြင်မှု" ဟူ၍ ပြန်ဆိုကြရိုး အစဉ်အလာရှိ၏။ သို့သော် ဤ၌ကား "ပြုမှု သင်္ခါရ"ဟု ပြန်ဆိုထားပါသည်။ ယင်းသို့ အများနှင့်မတူ တမူခြားနားသော ပြန်ဆိုချက်မှာ 'စတန့်ထွင်ခြင်း' လုံးဝမဟုတ်ပါ။ ဟုတ်မှန်သည်ကား ပို၍သိသာထင်ရှားသော အဓိပ္ပာယ်ကို သိမြင် နားလည်စေချင်သော

စေတနာ၏ ပြယုဂ်သာလျှင် ဖြစ်ပါချေသည်။ ထိုပြယုဂ်အတွက် ရှင်းလင်းချက် လိုအပ်လာပြီဖြစ်၍ တတ်စွမ်းသမျှ သင့်တန် သလောက် သဘောပေါက်ထားသလို တင်ပြပါမည်။

၁။ "ပွုပြင်မှု"ဟူသည်မှာ ဟောင်းနွမ်းနေသည်ကို သစ်လွင် လာအောင် ပြုပြင်၏။ အမှားအယွင်းကို ပြုပြင်၏။ ဟူသော အဓိပ္ပာယ်ရှိ၏။ ဥဒါဟရဏ်ကား နာရီ အဟောင်းကြီးကို ပြုပြင်လိုက်ပါ။ ကိုယ့်အမှား ကိုယ် ပြုပြင်ကြပါ။ ကျနော့်စာကို အမှားအယွင်း ပြုပြင်ပေးပါ။ စသည်တည်း။

၂။ "ပြုမှု"ဟူသည် "တခုခုကို ပြု၏" ဟူသော အဓိပ္ပာယ် ရှိ၏။ ဥဒါဟရဏ်ကား စာရေးခြင်းကို ပြု၏။ စာကြည့် ခြင်းကို ပြု၏။ သတ်ဖြတ်ခြင်းကို ပြု၏။ ဆဲဆိုခြင်းကို ပြု၏၊ ကြံစီခြင်းကို ပြု၏ စသည်တည်း။ မျက်မှောက် ခေတ်တွင် ဤပေါဟာရ ၂ ခု၏ အဓိပ္ပာယ်မှာ အသက်ပါအတိုင်း ကွဲပြား ခြားနားနေကြ၏။ မတူ ကြပါ။ တူညီသော အဓိပ္ပာယ်ကို သဘောမပေါက် ကြပါ။ ဤသည်ကို စာရှုသူတို့ သတိပြုမိကြမည်။ လက်ခံ နိုင်ကြမည် ထင်၏။

တဖန်

"မသိမှုကြောင့် ပြုပြင်မှုများ ဖြစ်လာကုန်၏" ဟူသော ဘာသာပြန်နှင့် "မသိမှုကြောင့် ပြုမှုများဖြစ်လာကုန်၏"ဟူသော ဘာသာပြန် ၂ ခုအနက် အဘယ်က ရှေ့စကား နောက်စကား ညီညွတ်မည်နည်း။ ဘယ်သင်းက စောဒက မဝင်နိုင်အောင်

အဓိပ္ပာယ် ဖြောင့်မတ်ပေါ်လွင်မည်နည်း။ ဒါကို စာရှုသူတို့၊ စာရေးသူတို့ ဆန်းစစ်ကြည့်စရာ ဖြစ်လာ၏။

"မသိမှုကြောင့် ပြုပြင်မှုများ ဖြစ်လာကုန်၏" ဟူ၍ ပြန်ဆိုထားသော် "ပြုပြင်မှုများ ဖြစ်လာရသည်မှာ မသိမှုကြောင့် ဖြစ်၏ဟု ဆိုထားရာရောက်သဖြင့် သစ်လွင်လာအောင် ပြုပြင်မှုများ၊ အမှာအမှန်ကို ပြုပြင်ပေးမှုများ၊ မိမိ၏ အကျင့်စာရိတ္တကို ပြုပြင်မှုများ ဖြစ်ပေါ်လာရေးအတွက် မသိမှု၊ နားမလည်မှု အဝိဇ္ဇာကို လက်ခံထားရမည်" ဟူသော အဓိပ္ပာယ်မှာ အနွယ်အားဖြင့် သက်ရောက်လာနိုင်သည် မဟုတ်ပါလော။

ဗျတိရိတ်အားဖြင့် အဓိပ္ပာယ် သက်ရောက်ပြန်သည်မှာ "စာရိတ္တပြုပြင်မှု"စသည်များသည် မသိမှုကြောင့် ဖြစ်လာရ၏ဟု ဆိုရာရောက်သည့်အတွက် စာရိတ္တပြုပြင်မှု ပြုလိုလတ်သော် မသိမှု အဝိဇ္ဇာကို လက်ခံထားရမည်။ သိမှု ဝိဇ္ဇာကို ပယ်ရမည်။ သိမှု ဝိဇ္ဇာ ဖြစ်ပေါ်လာရေးအတွက် ဗဟုသုတ ရှာမှီးမှု၊ ကြားနာမှတ်သားမှု၊ သင်အံလေ့ကျင့်မှု မပြုဘဲ နေရမည် စသည်တို့ ဖြစ်၏၊ ထို့ကြောင့် သင်္ခါရကို 'ပြုပြင်မှု' ဟူ၍ အနက်ပေးခြင်း ဘာသာပြန်ခြင်းကား မျက်မှောက်ခေတ်အတွက် မသင့်လျော်ဟု ရိုးသားစွာ ထင်မြင်ယူဆထားပါသည်။ ယင်းသို့ဖြစ်လေရကား သင်္ခါရသဒ္ဒါကို 'ပြုမှု' ဟူ၍ အနက်ပေးသော် ဘာသာပြန်သော်သာလျှင် သင့်မြတ်လျော်ကန်၏ဟု ထင်မြင်ယူဆထားပါသည်။ မှန်၏။ သင်္ခါရကို ခေတ်ပစ္စည်းခွဲသော် သံပုဗ္ဗ၊ ကရဓာတ်၊ ဏပစ္စည်း ဖြစ်၏။ 'သံ'သည် ဓာတွတ္ထာ နုပတ္တကနိပါတ် ဖြစ်၏။ 'ကရ' ဓာတ်ကား ကရဏေပြုခြင်း အနက်ရှိ၏။ 'ဏ' ပစ္စည်းကား ဘော၊ ကံ၊ ကတ္တား အနက်သုံးပါး ဟော၏။ [သဒ္ဒတိ အဘိ

သင်္ခါရောန္တိ၊ သင်္ခရိယတိ၊ သင်္ခတ်ယတိ စသော သံဝဏ္ဏနာများကို ရှုပါ။] သို့ဖြစ်၍ ဤ၌သံသည် အနက် သီးခြားမရှိ။ ကရ ဓာတ်ကား ပြုခြင်းအနက်၊ ဏာပစ္စည်းကား ဘောအနက်၊ ကံအနက် ရှိနေ၏။

ထို့ကြောင့် 'သင်္ခါရ ပြုခြင်း၊ ဝါ၊ ပြုမှု'ဟု ပြန်ဆိုထား၏။ 'ဂမု၊ ပစ၊ ဘူ၊ ကရ လေးဝဓာတ်ကြီးသာ' ဟူသော နိယာမ်ကို ထောက်၍ ကရဓာတ်သည် မဟာဝိသယဓာတ်ကြီး ဖြစ်နေသည် ကိုလည်း သတိပြုရာ၏။ သို့ဖြစ်၍ 'ပြုမှု'ဟူ၍ ဘာသာပြန်သော် ပြုမှုအားလုံး ပါဝင်သာ၏၊ ပါဝင်လာသမျှသော ပြုမှုသည် သင်္ခါရတို့သော။ ယင်းသို့ အဓမ်းရှိသော် အဖြေကား ဟုတ်၏။ မှန်၏။ အကြောင်းမှာ ကိုယ်လက်အင်္ဂါဖြင့် တခုခုကို ပြုသော် ပြုသမျှသည် ကာယသင်္ခါရ၊ နှုတ်ပါးစပ်ဖြင့် ပြောဆိုမှု တခုခု ပြုသော် ပြုသမျှသည် ဝစီသင်္ခါရ၊ စိတ်ဖြင့် တွေးတောကြံစီမှု တခုခုပြုသော် ပြုသမျှသည် စိတ္တသင်္ခါရ ဖြစ်၏၊ ကိုယ်၊ နှုတ်၊ စိတ်ဖြင့် ပြုခြင်းမှတပါး အခြား အဘယ်မည်သော ပြုမှုများ ရှိနိုင် ပါအံ့နည်း။ ထို့ကြောင့် ပြုမှုမှန်သမျှသည် သင်္ခါရဟု ခေါ်ခြင်း ဖြစ်၏။

ဤမျှသော စကားစဉ်ဖြင့် သင်္ခါရသဒ္ဒါ၏ဘာသာပြန်အတွက် 'ပြုပြင်မှု' ဆိုသာက ကောင်းသလား။ 'ပြုမှု'ဆိုသာက ကောင်း သလား။ ဤ၌သာနာအတွက် သဲကွဲပြတ်သားသော အဓိပ္ပာယ်ကို ရိပ်မိ သိနိုင်လောက်ရာပြီ။ စာချက်နှာကို ငဲ့မှု၊ ဂန္ထဂရုမှ ကင်းဝေးလိုမှု အတွက် ဆင်ခြင်သုံးသပ်စရာများ ရှိနေသေးသော်လည်း ဤတွင် ဤမျှဖြင့် သင့်လောက်ရာလေပြီ။ ထို့ကြောင့် 'ပြုမှု၊ ပြုပြင်မှု' ဟူသော ပြန်ဆိုချက် ၂ ခုအနက် စာရှုသူ သူတော်သီအဖို့ အကြွင်း

ဘာသာပြန်သည် ရှေနောက် အဓိပ္ပာယ် ညီညွတ်၏၊ အဓိပ္ပာယ်ပေါ်လွင်၏၊ ရှင်းလင်း၏၊ ယထာဘူတကျ၏ဟု ထင်မြင်ပါအံ့။ ထိုထင်မြင်ချက်အတိုင်း အဓိပ္ပာယ်ပေါ်လွင်သော၊ ရှင်းလင်းသော၊ ရှေနောက်ညီညွတ်သော ကြိုက်ရာဘာသာပြန်ကိုသာ မှတ်ယူရာ၏။

စာရေးသူအဖို့ကား ဤသင်္ခါရ၏အနက်ကို 'ပြုပြင်မှု'ဟု ဆရာသမားများမှ သင်ကြားမှတ်ယူခဲ့၏။ နောက် သူတပါးကို ပြန်လည်သင်ကြား ပို့ချခဲ့၏။ တကြိမ်မက သင်ကြားပြသခဲ့၏။ အဓိပ္ပာယ်၏ သဘာဝမှန် ဆိုလိုချက်ကို မစဉ်းစားမိသေး။ နောက် စဉ်းစားမိလာ၏။ ဆိုလိုချက်အမှန်ကို ရှင်းလင်းစွာ မသိဘဲရှိနေ၏။ ထိုအခါ မကျေနပ်ချက်ပေါ်လာ၏။ ထပ်မံဆန်းစစ်ကြည့်၏။ ဆန်းစစ်မှုနှင့် မကျေနပ်မှုကား လုံးထွေးနေ၏။ နှစ်လ ချီ၍ ကြာမြင့်ခဲ့၏။ ကြာလာတော့ သဘောပေါက်လာ၏။ ကျေနပ်လာ၏။ နှစ်သက်အားရ ဖြစ်လာမိ၏။ ထိုနှစ်သက်အားရစွာနှင့် သဘောပေါက်လာသည့်အဓိပ္ပာယ်ကို ထင်ဟပ်စေနိုင်သည့် အချက်ကိုသာ ပြန်လည်တင်ပြခြင်း ဖြစ်၏။ တင်ပြသည့်အတိုင်းလည်း ယုံကြည်စွာ လက်ခံထား၏။ ထိုယုံကြည်ချက်အတိုင်း လက်ခံရမည်ဟူ၍ကား အသင်သူတော်သီအား မဆိုပါချေ။ လွတ်လပ်စွာ ယုံကြည်ခွင့်ရှိသည့်အတိုင်း 'မှန်သည်'ဟု ထင်ရာကိုသာ ယုံကြည်ရန်ဖြစ်ပါသည်။]

၃။ အဘယ်ကြောင့် ဤသို့ ဟောတော်မူသနည်း။

ယင်းသို့ မေးမြန်းလာငြားအံ့။ ပဋိစ္စသမုပ္ပာဒ် ဒေသနာတော်က ထက်ဝန်းကျင် [အဖက်ဖက်] မှ ကောင်းသည့်အတွက်ကြောင့်ရင်း၊ ဗုဒ္ဓကိုယ်တိုင်ကလည်း ဟောရေး ပြောရေး၌

ကျွမ်းကျင်တော်မူသည့်အတွက်ကြောင့်ရင်း၊ ယင်းသို့ ဟောတော်မူ၏။ ဤသို့ ဖြေဆိုရာ၏။

ချဲ့ဦးအံ့။ ပဋိစ္စသမုပ္ပါဒ်သည် အဖက်ဖက်မှ ကောင်းမွန်လှ၏။ [ရှေ့၌ဆိုခဲ့ပြီးသော] ဒေသနာ ၄ မျိုးတို့အနက် ထိုထိုဒေသနာ တပါးပါးဖြင့် မဂ်ဉာဏ်ကို ထိုးထွင်းသိရှိခြင်းငှာ ဖြစ်နိုင်၏။ သို့မဟုတ် ပဋိစ္စသမုပ္ပါဒ်ကို ထိုးထွင်းသိရှိခြင်းငှာ ဖြစ်နိုင်၏။

စတုဝေသာရဇ္ဇဉာဏ် တည်းဟူသော ပဋိသမ္ဘိဒါဉာဏ်နှင့် ပြည့်စုံသဖြင့်ရင်း၊ [အတ္ထ၊ ဓမ္မ၊ ဒေသနာ၊ ပဋိဝေဓ တည်းဟူသော] နက်ရှိုင်းမှု ဂမ္ဘီရ ၄ ပါးသို့ ရောက်ရှိပြီးဖြစ်သဖြင့်ရင်း၊ ဗုဒ္ဓသည် ဟောရေးပြောရေး၌ ကျွမ်းကျင်တော်မူ၏။ ဟောရေးပြောရေး၌ ကျွမ်းကျင်သည့်အတွက်ကြောင့် ဗုဒ္ဓသည် နည်းအမျိုးမျိုးတို့ဖြင့် တရားဓမ္မကို ဟောပြောပြသတော်မူ၏။

အထူးသဖြင့်ဆိုသော်ကား အစမှ စတင်၍ ဟောတော်မူသော အကြင်အနုလောမ ဒေသနာသည် ရှိ၏။ [အရာဝတ္ထုတခုခု သဘောတရားတမျိုးမျိုး] ဖြစ်လာရခြင်း အကြောင်းရင်းကို ဝေဘန်ရာ၌ တွေဝေသူကို ရှေ့မျှော်ထောက်ထား၍ မိမိတို့နှင့် လျော်ကန်သော အကြောင်းတရားတို့ကြောင့် [ထိုအရာဝတ္ထု၊ သဘောတရားတို့] ဖြစ်လာရခြင်းကို ပြဆိုခြင်းငှာရင်း၊ [ရှေ့နောက်] ဖြစ်စဉ်ကို ပြဆိုခြင်းငှာရင်း ထိုအနုလောမဒေသနာကို ဟောတော်မူ၏ဟူ၍ သိနားလည်ရပါသည်။

အဆုံးမှ စတင်၍ အစသို့ ပြန်လည်ဟောကြားသော အကြင် ပဋိလောမဒေသနာဟူသည် ရှိ၏။ "ဤသတ္တဝါအပေါင်းသည် ငြိုငြင်ပင်ပန်းခြင်းသို့ ရောက်ရလေကုန်စွ။ ပဋိသန္ဓေလည်း နေရ၏။ ဝါ၊ မွေးလဲမွေးဖွားရ၏။ ရင့်လည်း ရင့်ရော်အိုမင်းရ၏။

သည်လည်း သေဆုံးရ၏” စသည်ဖြင့် ပြုပြင်ပင်ပန်းသည့် အခြေ
အနေသို့ ရောက်ရှိနေသည့် သတ္တဝါအပေါင်းကို ရှုမျှော်ထောက်
ထား၍ 'မဂ်တရားမရမီ ထိုးထွင်းသိမြင်မှုကို ရည်ညွှန်းလျက်
မိမိတို့ရရှိထားသော ထိုထိုဇရာ မရဏ စသော ဒုက္ခသုက္ခများ၏
အကြောင်းတရား မူလဇစ်မြစ်များကို အထင်အရှား ထောက်ပြ
ခြင်းငှာ ထိုပဋိလောမဒေသနာကို ဟောတော်မူအပ်၏။

အလယ်မှ စတင်၍ အစသို့တိုင်အောင် ပြန်လည်ဟောကြား
သော ဒေသနာသည်လည်း ရှိ၏။ အာဟာရတို့၏ အကြောင်းရင်း
မှတ်သားချက်ကို အစဉ်မှီးသဖြင့် အတိတ်အစွန်းတိုင်အောင်
ဆောင်၍ တဖန် အတိတ်အစွန်းမှစ၍ ကြောင်းကျိုးအစဉ်ကို
ပြဆိုခြင်းငှာ ထိုဒေသနာကို ဟောတော်မူအပ်၏။

အကြင်ဒေသနာကိုကား အလယ်မှစ၍ အဆုံးသို့တိုင်အောင်
ဟောထား၏။ ပစ္စုပ္ပန်အစွန်း [ပစ္စုပ္ပန်ကာလ ဘဝခရီးစဉ်] ၌
အနာဂတ်အစွန်း [အနာဂတ်ကာလ ဘဝခရီးစဉ်]၏ အကြောင်း
တရားဖြစ်ပေါ်သည်မှ စတင်၍ အနာဂတ်အစွန်းကို အထင်အရှား
ထောက်ပြခြင်းငှာ ထိုဒေသနာမျိုးကို ဟောထား၏။

အထက်ဖော်ပြပါ ဒေသနာ ၄မျိုးတို့အနက် ဤပဋိစ္စသမုပ္ပာဒ
ဝိဘင်းပါဠိတော်၌ အမှတ် (၁) အနုလောမဒေသနာကို ဟော
ထားသည်ဟု သိရှိရပါမည်။

၄။ ဤတွင် အဝိဇ္ဇာကို အစအဦးဟူ၍ အဘယ်ကြောင့်
ဟောတော်မူသနည်း။

အကြောင်းတရားမရှိဘဲ [အမှတ်မဲ့] ဖြစ်ပေါ်လာသည်ဟု
ယူဆသူ ပကတိဝါဒီတို့ အယူအဆ၌ ပင်ကိုယ်သဘာဝအားဖြင့်
[အရာဝတ္ထုများ] ဖြစ်လာတိသကဲ့သို့ မသိမှု အဝိဇ္ဇာသည်လည်း

အကြောင်းအရာမရှိဘဲနှင့် သတ္တဝါတို့၏ မူလအကြောင်းများ ဖြစ်လေသလား။ ယင်းသို့ မေးလှာအံ့။

(အဝိဇ္ဇာ၏) အကြောင်းရင်းခံမှာ မရှိသည် မဟုတ်၊ ရှိ၏။ မှန်၏။ "အာသဝတို့ ဖြစ်ပေါ်လာသောကြောင့် မသိမှုအဝိဇ္ဇာ ဖြစ်လာရ၏"ဟူ၍ အဝိဇ္ဇာ၏အကြောင်းရင်းကို ဟောထားတော်မူ၏။ ဤသို့ ဖြေဆိုရာ၏။

['အာသဝ'သဒ္ဒါ၏ မူရင်းဟောနက်ကား 'စိမ်ရည်အရက်' ဟူ၏။ ဤတွင် သဒိသူပစာရအားဖြင့် သံသရာအလျင် ခန္ဓာစဉ်တည်းဟူသော အရက်ဆိုးကြီးထဲတွင် အခိုးအနံ့ပြင်းစွာ အထုံရလာကြသည့် လိုချင်မှု လောဘ၊ အယူမှားမှု ဒိဋ္ဌိ၊ တွေဝေဖုံးလွှမ်းမှု မောဟတို့ကို 'အာသဝတရား'ဟု ဆိုအပ်၏။]

ပရိယာယ်ဒေသနာသည်ကား ရှိ၏။ အကြင်သဘောတရားသည် မူလအကြောင်းရင်း ဖြစ်ရာ၏။ ထိုမူလအကြောင်းရင်းဟူသည် အဘယ်ပါနည်းဟူအံ့။ ဝဋ်ဆင်းရဲနှင့် ပတ်သက်သည့်စကားရပ်၏ ဦးစီးရှေ့ဆောင်အဖြစ်သည် မူလအကြောင်းရင်းသာတည်း။

ချဲ့ဦးအံ့။ ဗုဒ္ဓသည် ဝဋ်ဆင်းရဲနှင့်ပတ်သက်သော တရားစကားကို ဆိုသည်ရှိသော် သဘာဝဓမ္မ ၂ ခုကို အစအဦးထား၍ ဟောတော်မူ၏။ ယင်းတို့သည်ကား အဝိဇ္ဇာနှင့် ဘဝတဏှာတည်း။

ဗုဒ္ဓသည် "ရဟန်းတို့၊ ဤသည်မှ ရှေ့၌ အဝိဇ္ဇာ မဖြစ်လေပြီ၊ မရှိလေပြီ။ ဤမှ နောက်ပိုင်း၌ ဖြစ်ပြီ၊ ရှိပြီ"ဟူ၍ အဝိဇ္ဇာ၏ ရှေ့ပိုင်းအစွန်းသည် [ဉာဏ်တော်အား] မထင်။ ရဟန်းတို့ သို့သော်ငြားလည်း "ဤသခံါရ၏ အကြောင်းကား အဝိဇ္ဇာ

သာတည်း ဟူ၍ ဤစကားကို ဤအတိုင်းဆိုအပ် ဆိုသင့်၏”ဟူ၍ [အင်္ဂုတ္တရနိကာယ် ဒသကနိပါတ၊ အဝိဇ္ဇာသုတ်၊ စာမျက်နှာ ၃၄၆ ၌]အဝိဇ္ဇာကို အစအဦးထား၍ ဟောတော်မူ၏။

တဏှာကို အစထား၍သော်လည်းဟော၏။ ဗုဒ္ဓ၏ ဟောကြားချက် အသို့ရှိသားသနည်းဟူမူ “ရဟန်းတို့၊ ဤသည်မှ ရှေး၌ တဏှာမဖြစ်ပြီ၊ မရှိပြီ။ ဤသည်မှ နောက်ပိုင်း၌ ဖြစ်ပြီ၊ ရှိပြီဟူ၍ တဏှာ၏ရှေ့ပိုင်းအစွန်းသည်(ဥာဏ်တော်အား)မထင်။ ရဟန်းတို့၊ သို့သော်ငြားလည်း ဤဝေဒနာ၏ အကြောင်းကား တဏှာတည်းဟူ၍ ဤစကားကို ဤအတိုင်း ဆိုအပ် ဆိုသင့်၏” ဟူ၍ [အင်္ဂုတ္တရနိကာယ်၊ ဒသက နိပါတ၊ တဏှာသုတ်၊ စာမျက်နှာ ၃၄၇ ၌] ဟောထားတော်မူ၏။

၅။ ဘယ်အတွက်ကြောင့် မြတ်စွာဘုရားသည် ဝဋ်ဆင်းရဲနှင့် ပတ်သက်သော တရားစကားကို ဆိုလတ်သော် အဝိဇ္ဇာတဏှာ ဟူသော ဤတရား နှစ်ပါးကိုသာ အစအဦးပြု၍ ဟောတော်မူသနည်း။

ယင်းသို့မေးလျှာငြားအံ့။ သုဂတိဘဝ၊ ဒုဂ္ဂတိဘဝသို့လားရောက်စေတတ်သော ကံတရား၏အကြောင်းထူးဖြစ်သောကြောင့်တည်းဟူ၍ ဖြေဆိုရာ၏။ [ဤကား အကျဉ်း]

ချဲ့ဦးအံ့။

ဒုဂ္ဂတိဘဝသို့ လားရောက်စေတတ်သောကံ၏ အကြောင်းထူးကား မသိမှု အဝိဇ္ဇာတည်း။

အဘယ်ကြောင့်နည်း။ မီး၏ ပူလောင်မှု၊ တင်းပုတ်ဖြင့်ရိုက်နှက်မှုကြောင့် ဖြစ်ပေါ်လာသော ဒုက္ခဝေဒနာ၏ အနှိပ်စက်အညှဉ်းဆဲ အသက်ဖြတ်ခံ နွားမသည် ဒုက္ခဝေဒနာဖြင့် နာကျင်

လေရကား အရသာလည်းမရှိ၊ မိမိအတွက်လည်း အကျိုးမဲ့ဖြစ်သော လောလောပူသည့်ရေကို [သွေးရူးသွေးတမ်း အငမ်းမရ] သောက်မျိုမိဘိသို့။

အဝိဇ္ဇာ၏ အနှိပ်စက်ခံ ပုထုဇဉ် လူသားမှန်သမျှသည် ကိလေသာ၏ ပူပန်မှု၊ ထကြွမှု၊ သောင်းကျန်းမှုက အားကြီးလေရကား [အဒေပါရုံကြွေ သာမန်သဘောအားဖြင့် အရသာရှိသည်ဟု ထင်မှတ်ရပေမင့် တကယ်တန်းတွင်] အရသာလည်း မရှိ ဒုဂ္ဂတိဘဝသို့ ကျရောက်စေတတ်သောကြောင့် မိမိအတွက်လည်း အကျိုးမဲ့ဖြစ်သော သတ်ဖြတ်မှုစသည့်တပါးမက များပါလှသော ဒုဂ္ဂတိလားကြောင်း မကောင်းမှု ထိုထိုအကုသိုလ်ကံတို့ကို အကြင်ကြောင့် အားထုတ်ကြ၏။ ပြုလုပ်ကြ၏။ [ထို့ကြောင့် 'ဒုဂ္ဂတိဘဝသို့ လားရောက်စေတတ်သောကံ၏ အကြောင်းထူးကား အဝိဇ္ဇာတည်း' ဟူ၍ ဆိုခဲ့၏။]

သုဂတိဘဝသို့ လားရောက်စေတတ်သောကံ၏ အကြောင်းထူးကား ဘဝတဏှာတည်း။ အဘယ်ကြောင့်နည်း။ အဆိုပါ နွားမသည် ရေအေးကို တပ်မက်သောကြောင့် သာယာတွယ်ကိုလည်း ဖြစ်စေတတ်သော၊ မိမိ၏ ရေငတ်မှုကိုလည်း ပြေပျောက်စေတတ်သော ရေအေးကို သောက်မျိုဘိသို့ ဘဝတဏှာ၏ အနှိပ်စက်ခံ ပုထုဇဉ်လူသားမှန်သမျှသည် ကိလေသာ ပူပန်ခြင်းမှ ကင်းဝေးသောကြောင့် သာယာတွယ်လည်းဖြစ်သော၊ သုဂတိသို့ ရောက်စေတတ်သောကြောင့် ဒုဂ္ဂတိဘဝ ဆင်းရဲခြင်းဝေဒနာတို့ကို ပယ်ဖျောက်တတ်သည်လည်းဖြစ်သော သတ်ဖြတ်မှုမှ ရှောင်ကြဉ်ခြင်းစသည့်တပါးမက များပါလှသော သုဂတိလားကြောင်း ကောင်းမှုကုသိုလ်ကံတို့ကို အကြင်ကြောင့် အားထုတ်ကြ၏။ ပြုလုပ်

ကြ၏။ [ထို့ကြောင့် 'သုဂတိဘဝသို့ လားရောက်စေတတ်သော ကံ၏ အကြောင်းထူးကား ဘဝတဏှာတည်း'ဟူ၍ဆိုခဲ့၏။]

၄။ တဖန်တုံ ဝဋ်ဆင်းရဲနှင့်ပတ်သက်သော စကားရပ်၏ ဦးစီး ရှေ့ဆောင်ဖြစ်သော တရား ၂ ခုတွင် အချို့နေရာ၌ ဗုဒ္ဓသည် မူလတပါးတည်းသာ ရှိသော တရားကို ဟောတော်မူ၏။ ယင်းသည်ကား အဘယ်နည်းဟူမူ

"ရဟန်းတို့၊ မသိမှု အဝိဇ္ဇာဟု ဆိုအပ်သည့် အကြောင်းရင်းရှိနေသော သင်္ခါရတို့သည် ဖြစ်လာကြ၏။ ပြုမှုသင်္ခါရဟု ဆိုအပ်သည့် အကြောင်းရင်းရှိနေသော ဝိညာဏ်သည် ဖြစ်လာ၏" အစချီသော [သံယုတ္တနိကာယ် ပဌမအုပ်၊ စာမျက်နှာ ၂၆၉ ၌ ဟောထားသည့်]ဒေသနာတည်း။ထို့ပြင်"ရဟန်းတို့၊ ဥပါဒါန်၏ အာရုံ၊ ဥပါဒါန်၏ ကျက်စားရာဖြစ်သော တရားတို့၌ သာယာဘွယ်ပါတကားဟု ရှုမြင်လျက်နေသူအား တပ်မက်မှု တဏှာ တိုးပွားလာ၏။ တပ်မက်မှု တဏှာကြောင့် သည်းစွာစွဲလန်းမှု ဥပါဒါန်ဖြစ်လာ၏" အစချီသော [သံယုတ္တနိကာယ်၊ ပဌမ အုပ် စာမျက်နှာ ၁၁၁ ၌ ဟောထားသည့်] ဒေသနာတော်တည်း။

အချို့နေရာ၌ မူလ ၂ ပါးစုံ ထားရှိသော ဒေသနာကို ဟောတော်မူ၏။ ယင်းသည်ကား အဘယ်နည်းဟူမူ

"မသိမှု အဆီးအတား အဝိဇ္ဇာနီဝရဏရှိသူ လူမိုက်အား၊ တဏှာနှင့်ယှဉ်သော ပညာရှိသူအား (ယင်းသို့လျှင် အဝိဇ္ဇာ၏ ဆို့ပိတ်ချက် တဏှာနှင့် ယှဉ်သည့်အတွက်ကြောင့်) ဤကိုယ်ကာယကြီးသည် ကောင်းစွာဖြစ်ပေါ်လာ၏၊ယင်းသို့လျှင် ဤခန္ဓာကိုယ်သည်လည်း ဖြစ်လာ၏။ ဗဟိဒ္ဓနာမ်တရား ရုပ်တရားလည်း ဖြစ်လာ၏။ အဆိုပါ အဇ္ဈတ္တကာယ၊ဗဟိဒ္ဓကာယ နာမ်ရုပ်ဟူသော

တရားနှစ်ပါးသည် ဖြစ်လာ၏။ ယင်းတရားနှစ်ပါးကို အစွဲပြု၍ ဖဿ ဖြစ်လာ၏၊ အာယတနခြောက်ပါးတို့ ဖြစ်လာကြ၏။ ယင်းတရားတို့နှင့် ထိတွေ့လာသော မိုက်မဲသူသည် သုခ ဒုက္ခကို ခံစားရ၏" အစရှိသော [သံယုတ္တနိကာယ်၊ ပဌမအုပ်၊ စာမျက်နှာ ၂၆၂ ၌ ဟောထားသည့်] ဒေသနာတော်တည်း။

ဤခုဒ္ဒက နိကာယ်၊ အဘိဓမ္မာပိဋက ဝိဘင်းပါဠိတော်၌ကား ထိုထိုဒေသနာအမျိုးမျိုးတို့တွင် အဝိဇ္ဇာ၏ အစွမ်းဖြင့် "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ" ဟူသော မူလတပါးတည်းသော ရှိသည့် ဤဒေသနာတော်ကို ဟောတော်မူ၏ ဟူ၍ သိရှိအပ်၏။

ဤပြဆိုခဲ့ပြီးသည့်အတိုင်း မာတိကာစဉ် ၅ ခုရှိသည့်အနက် ရှေးဦးစွာသော ဒေသနာဘေဒအားဖြင့် အဆုံးအဖြတ် ဝိနိစ္ဆယ ကို ဤသို့ သိရှိအပ်၏။

[အနက်အားဖြင့် အဆုံးအဖြတ် ဝိနိစ္ဆယကို သိအပ်၏ ဟူသော စကားရပ်တွင် ပါရှိသော] 'အနက်အားဖြင့်' ဟူသည်မှာ "အဝိဇ္ဇာစသော ပုဒ်တို့၏ အနက်အားဖြင့်" ဟူ၏။ ၎င်းတို့ကား အဘယ်နည်းဟူမူ

၁။ ဖြည့်ကျင့်ခြင်းငှာ မသင့်မြတ် မခလျော်ကန်သည့် အနက် သဘာဝကြောင့် ကာယဒုစရိုက် စသည်ကား အဝိန္ဒိယ မည်၏။ "မရအပ်၊ မရသင့်" ဟု ဆိုလို၏။ ထိုအဝိန္ဒိယကို ဝိ ၏၊ မရအပ် မရသင့်သော ကာယဒုစရိုက် စသည်များကို ရတတ်၊ ပြုတတ်၏။ ထို့ကြောင့် အဝိဇ္ဇာ၊

၂။ အနက်အဓိပ္ပာယ်မှ ဆန့်ကျင်ဘက်အားဖြင့် ကာယ သုစရိုက် စသည်ကား ဝိန္ဒိယ မည်၏။ [ရအပ်၊ ရသင့်သည်ဟု

ဆိုလို၏]။ ထိုဝိန္ဒိယကို ဝါ၊ ရအပ် ရသင့်သော ကာယသုစရိုက်စသည်များကို မရတတ် မပြုတတ်။ ထို့ကြောင့် 'အဝိဇ္ဇာ'။

၃။ ခန္ဓသဒ္ဒါတို့၏ 'အစု'ဟူသော အနက်၊ အာယတနသဒ္ဒါတို့၏ 'ချဲ့ထွင်ခြင်း' ဝါ 'သံသရာ့နယ်ချဲ့' ဟူသောအနက်၊ ဓာတုသဒ္ဒါတို့၏ 'ဆိတ်သုဉ်းခြင်း' ဟူသောအနက်၊ သစ္စသဒ္ဒါတို့၏ 'မဖောက်မပြန် မှန်ကန်ခြင်း' ဟူသောအနက်၊ ဣန္ဒြိယသဒ္ဒါတို့၏ 'အစိုးရသည့်အဖြစ်' ဟူသောအနက်ကို မသိမြင်ရလေအောင် ပြုတတ်၏။ ထို့ကြောင့် 'အဝိဇ္ဇာ'။

၄။ ဒုက္ခသစ္စာ စသည်တို့၏ နှိပ်စက်ခြင်း စသည်ဖြင့် ဆိုအပ်သော ၄ ပါးစီ ၄ ပါးစီ ကွဲပြားသော အနက်သဘာဝ အမှန်ကို မသိမြင်ရလေအောင် ပြုတတ်၏။ ထို့ကြောင့် 'အဝိဇ္ဇာ'။

၅။ အဆုံးမရှိသော သံသရာ [တည်းဟူသော သမုဒ္ဒရာရေအလျဉ်] ကြီးထဲတွင် အလုံးစုံသော ယောနိ၊ ဂတိ၊ ဘဝ၊ ဝိညာဏဋ္ဌိတိ၊ သတ္တာဝါသတို့၌ သတ္တဝါများကို ပြေးစေတတ်၏။ ဖြစ်စေတတ်၏။ ထို့ကြောင့် 'အဝိဇ္ဇာ'။ [ယောနိစသည်တို့၏ အဓိပ္ပာယ်များ နောက်ပိုင်းတွင် လာအံ့။]

၆။ ပရမတ္ထအားဖြင့် အထင်အရှား မရှိသော မိန်းမ၊ ယောကျ်ားတို့၌ [သိမှုကို] ဖြစ်စေတတ်၏။ ပရမတ္ထအားဖြင့် အသင်အရှားရှိသော ခန္ဓာတို့၌ [အသိဉာဏ် ဖြစ်ပေါ်လာရေးအတွက်] မမှီဝဲတတ်၊ မချဉ်းကပ်တတ်။ ထိုခန္ဓာတို့၌ [သိရှိမှု] အဖြစ် မမြန်စေတတ်။ ထို့ကြောင့် 'အဝိဇ္ဇာ'။

တနည်း စက္ခုဝိညာဏ်စသည်တို့၏ မှီရာ ဝတ္ထု၊ ပြုရာ အာရုံကို ဖုံးလွှမ်းတတ်သောကြောင့်'အဝိဇ္ဇာ'။ သို့မဟုတ် အဝိဇ္ဇာ စသည့် အကြောင်းတရား ပဋိစ္စသမုပ္ပါဒများ၊ ဇရာမရဏ စသည့် အကျိုး

တရား ပဋိစ္စသမုပ္ပန္နများကို ဖုံးလွှမ်းတတ်သောကြောင့်လည်း 'အဝိဇ္ဇာ'။

အကြောင်းသဘောတရားကို အစွဲပြု၍ အကျိုးတရားသည် ဖြစ်လာရ၏။ ထိုသဘောတရားသည် "ပစ္စယ၊ အကြောင်း" မည်၏။ "အစွဲပြု၍ ပဋိစ္စ" ဟူသောပုဒ်၏ အနက်အဓိပ္ပာယ်မှာ "ထိုအကြောင်းနှင့် ကင်းကွာ၍ ဝါ၊ အကြောင်းမရှိဘဲ အကျိုးမဖြစ်နိုင်။ ထိုအကြောင်းတရားကို ရှင့်၍ အစွဲပြု၍သာ အကျိုးတရားဖြစ်လာနိုင်၏" ဟူ၍ ဖြစ်သည်။ 'ဖြစ်၏၊ တော်' ဟူသည်မှာ "ဥပါဒ်ဆဲလည်း ဟုတ်၏။ ဖြစ်ဆဲ၊ ဖြစ်နေတုန်း၊ ဖြစ်၍မပြီးသေး၊ ဖြစ်နေဆဲ တန်းလန်းလည်း ဟုတ်၏" ဟူ၏။

တနည်း 'ပစ္စယ' သဒ္ဒါ၏အနက်ကား 'ကျေးဇူးပြုခြင်း' ဟူ၏။ အဝိဇ္ဇာလည်း ဟုတ်၏။ ထိုအဝိဇ္ဇာဟူသည် ကျေးဇူးလည်း ပြုတတ်၏။ ထို့ကြောင့် 'အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာတည်းဟူသော ကျေးဇူးပြုတတ်သည့်တရား'၊ ထိုအဝိဇ္ဇာတည်းဟူသော ကျေးဇူးပြုတတ်သည့်တရားကြောင့် [သင်္ခါရတို့ ဖြစ်လာကုန်၏ ဟူလို]

၂။ အပြုခံတရားတို့ကို ပြုတတ်၏။ ထို့ကြောင့် သင်္ခါရ။ တနည်း အဝိဇ္ဇာကြောင့် ဖြစ်လာသော သင်္ခါရ၊ သင်္ခါရသဒ္ဒါဖြင့် ဟောရှိသော သင်္ခါရဟူ၍ သင်္ခါရ ၂ မျိုး ၂ စား ရှိ၏။ ထို ၂ မျိုးတို့တွင် ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရဟူ၍ ၃ ပါး၊ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရဟူ၍ ၃ ပါး။ ယင်းသို့လျှင် ၆ ပါးတို့သည်ကား အဝိဇ္ဇာကြောင့် ဖြစ်လာသော သင်္ခါရတို့တည်း။ ထို ၆ ပါးတို့သည်လည်း လောကီကုသိုလ်စေတနာ၊ အကုသိုလ်စေတနာများသာ ဖြစ်ကြ၏။ သင်္ခတသင်္ခါရ၊ အဘိသင်္ခတသင်္ခါရ၊ အဘိသင်္ခရဏသင်္ခါရ၊ ပယောဂါ

ဘိသင်္ခါရဟူသော ဤ ၄ ပါးတို့ကား သင်္ခါရသဒ္ဒါဖြင့် လာရှိသော သင်္ခါရတို့ပင် ဖြစ်၏။

ထို ၄ ပါးတို့အနက်

၁။ "အနိစ္စာဝတသင်္ခါရာ၊ သင်္ခါရတရားမှန်သမျှ အမြဲမရှိကြပါတကား" ဤသို့ အစရှိထားသော ပါဠိတော်တို့၌ ဟောတော်အပ်သည့် သပ္ပစ္စယဓမ္မ [ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းတရား ၄ ပါး တို့၏အပြုခံ] မှန်သမျှတို့သည် 'သင်္ခတသင်္ခါရ'ဟူသောအမည် ရကြ၏။

၂။ ကံတရားကြောင့်ဖြစ်လာသည့် ဘုံသုံးပါးအတွင်းရှိ ရုပ်တရား၊ နာမ်တရားတို့ကို "အဘိသင်္ခတသင်္ခါရတို့"ဟူ၍ အဋ္ဌကထာများ၌ ဆိုထား၏။ ထိုအဘိသင်္ခတသင်္ခါရတို့သည်လည်း "အနိစ္စာဝတ သင်္ခါရာ"ဟူသော စကားထဲမှာပင် အပါအဝင်ဖြစ်ကြ၏။ ယင်းတို့၏ သီးခြားလာရှိရာကား မထင်၊ မတွေ့ရ။

၃။ ဘုံသုံးပါးတွင် အပါအဝင်ဖြစ်သည့် ကုသိုလ်စေတနာ၊ အကုသိုလ်စေတနာတို့ကိုသော်ကား 'အဘိသင်္ခရဏကသင်္ခါရ'ဟူ၍ ဆိုအပ်၏။ "ရဟန်းတို့၊ မသိမှု အဝိဇ္ဇာရှိနေသော ယောကျ်ားပုဂ္ဂိုလ်သည် ကောင်းမှုဖြစ်သော သင်္ခါရကို အကယ်၍များ အားထုတ်ငြားအံ့" စသော [သံယုတ္တနိကာယ်၊ ပဌမအုပ်၊ စာမျက်နှာ ၃၁၀ ရှိ] ပါဠိတော်တို့၌ ထိုအဘိသင်္ခရဏကသင်္ခါရ၏ လာရှိရာသည် ထင်၏။

၄။ ကိုယ်ကာယဖြင့် ကြိုးပမ်းအားထုတ်မှု ကာယိက ဝီရိယ၊ စိတ်ဖြင့် ကြိုးပမ်းအားထုတ်မှု စေတသိက ဝီရိယတို့ကို'ပယောဂါဘိသင်္ခါရ'ဟု ခေါ်ဆိုအပ်၏။ "အကြင်မျှလောက်သော အားထုတ်မှု အလားဂတိသည် ရှိ၏။ ထိုမျှလောက်တိုင်တိုင် သွား၍

ဝင်ရိုးစွန်းကို ထိဘိသို့ တည်၏” အစရှိသော [အင်္ဂုတ္တရနိကာယ်၊ ပဥ္စမအုပ်၊ စာမျက်နှာ ၁၁၀ ရှိ] ပါဠိတော်တို့၌ ထိုပယောဂါဘိသင်္ခါရသည် လာရှိ၏။

သက်သက်သော်ကား သင်္ခါရတို့ ဤမျှသာရှိသည် မဟုတ်ကြသေးပါ။ “ငါ့ရှင် ဝိသာခါ၊ မှတ်သားမှု၊ ခံစားမှုတို့ အခိုက်အတန့်အားဖြင့် ချုပ်ငြိမ်းခြင်းဟု ဆိုအပ်သည့် နိရောဓသမာပတ်ကို ဝင်စားသောရဟန်းအား ရှေဦးစွာ ဝစီသင်္ခါရ ချုပ်၏။ ထို့နောက် ကာယသင်္ခါရ၊ ထို့နောက် စိတ္တသင်္ခါရ ချုပ်၏” [မဇ္ဈိမနိကာယ်၊ ပဥ္စမအုပ်၊ စာမျက်နှာ ၃၇၆ ရှိ ပါဠိတော်] စသည်ဖြင့် သင်္ခါရသဒ္ဒါနှင့်လာသည့် တပါးမက များပါလှသော အခြားသင်္ခါရများလည်း ရှိချေသေး၏။

သင်္ခတသင်္ခါရတို့၌ အကြွင်သင်္ခါရသည် အကျုံးမဝင်သည် ဖြစ်ရာ၏။ ထိုသင်္ခတသင်္ခါရ၌ ထိုသို့ အကျုံးမဝင်နိုင်သော သင်္ခါရမျိုး မရှိနိုင်ပါပြီ။ [သင်္ခါရမှန်သမျှ သင်္ခတသင်္ခါရတွင် အကျုံးဝင်ကြသည်၊ ပါဝင်ကြသည် ဟူလို] ဤသည်မှ နောက်ပိုင်းတွင် ‘သင်္ခါရပစ္စယာ ဝိညာဏံ’ စသည်တို့ဝယ် အကြွင်စကားရပ်ကို ဆိုအပ်၏။ ထိုစကားကို ပြဆိုခဲ့ပြီးသည့်နည်းအတိုင်းပင် သိရှိအပ်၏။ သိမှုပါသေတော့။

၃။ မပြဆိုအပ်သေးသည့် စကားရပ်တွင် သိတတ်၏၊ ထိုသို့ သိတတ်သောကြောင့် ဝိညာဏ်၊ [အနက်သို့] ညွတ်တတ်၏။ ထိုသို့ အနက်သို့ ညွတ်တတ်သောကြောင့် နာမ်။ ဖောက်ပြန်တတ်၏။ ထို့ကြောင့် ရုပ်။ စိတ် စေတသိက်တို့ကို ချဲ့ထွင်တတ်၏။ တနည်း သံသရာရှည်လျားအောင်ဆောင်တတ်၏။ ထို့ကြောင့် အာယတန။ ထိတွေ့တတ်၏။ ထို့ကြောင့် ဖဿ။ ခံစားတတ်၏။ ထို့ကြောင့်

ဝေဒနာ။ တပ်မက်တတ်၏။ ထို့ကြောင့် တဏှာ။ စွဲလမ်းတတ်၏။ ထို့ကြောင့် ဥပါဒါန်။ ဖြစ်တတ်၏။ ထို့ကြောင့် ဘဝ (ဥပပတ္တိဘဝကို ဆိုလို၏။) ဖြစ်စေတတ်၏။ ဖြစ်အောင်ပြုတတ်၏။ ထို့ကြောင့် ဘဝ (ကမ္မဘဝကို ဆိုလို၏။) ဖြစ်ပေါ်ခြင်းသည် ဇာတိ။ အိုမင်းခြင်းသည် ဇရာ။ အကြင်တရားကြောင့် သေဆုံးရ၏။ ထိုသေဆုံးကြောင်းတရားသည် မရဏ။ စိုးရိမ်ခြင်းသည် သောက။ ငိုကြွေးခြင်းသည် ပရိဒေဝ။ ဆင်းရဲမှုကို ဖြစ်စေတတ်၏။ ထို့ကြောင့် ဒုက္ခ။ တနည်း ဖြစ်မှု ဥပါဒ်၏အစွမ်း၊ တည်မှု ဌီ၏ အစွမ်းဖြင့် နှစ်မျိုးနှစ်စား တူးဖြိုတတ် ဖျက်ဆီးတတ်၏။ ထို့ကြောင့် ဒုက္ခ။ စိတ်မချမ်းသာရသည့် အဖြစ်သည် ဒေါမနဿ။ ပြင်းထန်စွာ စိတ်ပင်ပန်းမှုသည် ဥပါယာသ။

“သမ္ဘဝန္တိ” ဟူသော ကြိယာ၏အနက်ကား ‘ဖြစ်ကုန်၏’ ဟူ၏။ [ထိုသမ္ဘဝန္တိသဒ္ဒါကို] သောက စသည့် သဒ္ဒါတို့နှင့်သာ တွဲစပ်ရမည် မဟုတ်သေး။ အမှန်မှာ ပုဒ်အားလုံးတို့နှင့် ‘သမ္ဘဝန္တိ’ ဟူသော ကြိယာကို တွဲစပ်အပ်၏။ ယင်းသို့ မတွဲစပ်ဘဲထားသော် “အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ” ဟူ၍ [ဟိတ်ပါဌ်နှင့် ကတ္တားမျှကို ဆိုထားပြီး ကြိယာမထည့်ဘဲ]ဆိုထားပါက ‘ဘာလုပ်ကြသနည်း။ ဘာဖြစ်ကြသနည်း’ ဟူ၍ မဘင်ရှားနိုင်။

‘သမ္ဘဝန္တိ’ သဒ္ဒါကို ထည့်သွင်း ယောဇနာမှသာလျှင် “အဝိဇ္ဇာလည်းဟုတ်၏။ ထိုအဝိဇ္ဇာဟူသည်မှာ အကြောင်းလည်း ဟုတ်၏။ ထို့ကြောင့် အဝိဇ္ဇာတည်းဟူသော အကြောင်း၊ ထိုအဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့် သင်္ခါရတို့ ဖြစ်လာကြ၏” ဟူ၍ အကြောင်း ပစ္စယ၊ အကျိုး ပစ္စယုပ္ပန္န

တို့ကို သတ်မှတ်မှု ပြုနိုင်၏။ အရာဌာနတိုင်း၌ ဤနည်းအတူ ပင်တည်း။

‘ဝေ’ဟူသည်မှာ ညွှန်ပြအပ်သော နည်းနာနယကို ညွှန်ပြသော သဒ္ဒါဖြစ်၏။ ယင်းသဒ္ဒါဖြင့် အဝိဇ္ဇာ အစရှိသောအကြောင်း တရားတို့ကြောင့်သာလျှင် [လူသားတည်းဟူသော ဒုက္ခတုံး၊ ဒုက္ခခဲကြီး ဖြစ်ပေါ်လာရ၏] တန်ခိုးတော်ရှင်တို့၏ ဖန်ဆင်းမှု ကြောင့် ဖြစ်ရသည်မဟုတ်ဟူ၍ [ဝေ သဒ္ဒါက] ပြဆို၏။

‘ဧတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ’ ဟူသည်မှာ ‘အဆိုပါ သုခ မဖက် သက်သက်သော ဝါ၊ အလုံးစုံ သော ဒုက္ခအစုအဝေး၏ ဖြစ်ပေါ်လာရခြင်းသည် ဖြစ်၏။ သတ္တာ၊ သို့မဟုတ် ချမ်းသာမှု တင့်တယ်မှုတို့၏ ပေါ်လာခြင်း မဟုတ်’ ဟူ၏။

မာတိကာစဉ် ၅ ခုရှိသည့်အနက် အနက်အားဖြင့် အဆုံး အဖြတ် ဝိနိစ္ဆယကို ဤသို့သိရှိအပ်၏။

[ဤကဏ္ဍအတွက် အဋ္ဌသာလိနီ အဋ္ဌကထာ စိတ္တုပ္ပါဒ ကဏ္ဍ ကာမာဝစရစိတ်၊ကုသလပုဒ် အဖွင့်ရှိ အမှာစကားစုမှ မှတ်သား ဘွယ်ကောင်းလှသည့်အတွက်ကြောင့် ထည့်သွင်းလိုက်ပါသည်။ ချဲ့ဦးအံ့။ လက္ခဏာ စသည်တို့တွင် ထိုထိုသဘောတရား တို့၏ ကက္ခဠ၊ ဖုသန စသည့် အခြားသဘောတရား တခုခုနှင့် မဆက်ဆံသော၊ မပတ်သက်သော ကိုယ်ပိုင် ပုဂ္ဂလိက လက္ခဏာ သည်“သဘာဝလက္ခဏာ”မည်၏။ တနည်း အနိစ္စ စသည့်အခြား သဘောတရားတခုခုနှင့်ဆက်ဆံသော၊သက်ဆိုင်သော အများပိုင် လက္ခဏာသည် “သာမညလက္ခဏာ”မည်၏။ ပြီးစေအပ်သော ကိစ္စ၊ သို့မဟုတ် ပြည့်စုံစေသော ဂုဏ်သတ္တိသည် ‘ကိစ္စရသ’၊

မိမိဉာဏ်အား ရှေးရှုထင်လာသော အခြင်းအရာ [မိမိ အသိဉာဏ်တွင် သဘောပေါက်လာသည့်အချက်] သို့မဟုတ်၊ အကျိုးတရားသည် ပစ္စုပဋ္ဌာန်။ နီးကပ်သော အကြောင်းသည် 'ပဒဋ္ဌာန်း' မည်၏။ ယင်းသို့လျှင် အကြင်အကြင်အရာ ဌာနဒ္ဓ လက္ခဏာ စသည်ကို ဖွင့်ဆိုကြပါမည်။ ထိုထိုအရာဌာနဒ္ဓ ထိုလက္ခဏာ စသည်တို့၏ [အချင်းချင်း] ခြားနားကွဲလွဲချက်ကို ဤနည်းဖြင့် သိရှိအပ်၏။]

[လက္ခဏာ စသည်အားဖြင့် အဆုံးအဖြတ် ဝိနိစ္ဆယကို သိအပ်၏ဟူသော စကားရပ်ရှိ] 'လက္ခဏာ စသည်အားဖြင့်' ဟူသည်မှာ 'အဝိဇ္ဇာ စသည်တို့၏ လက္ခဏာ စသည်အားဖြင့်' ဟူ၏။ ၎င်းတို့ကား အဘယ်နည်းဟူမူ

၁။ အဝိဇ္ဇာသည် မသိခြင်း လက္ခဏာရှိ၏။ ပြင်းစွာတွေဝေခြင်း ကိစ္စရှိ၏။ အာရုံ၏ အဖြစ်မှန်ကို ဖုံးလွှမ်းတတ်ပါတကားဟု ဉာဏ်အား ရှေးရှုထင်သော အခြင်းအရာရှိ၏။ နီးကပ်သော အကြောင်းကား အာသဝ ဖြစ်၏။

၂။ သင်္ခါရသည် ပြုခြင်းလက္ခဏာရှိ၏။လုံ့လပြုခြင်းကိစ္စ ရှိ၏။ စေ့ဆော်မှု စေတနာပါတကားဟု ဉာဏ်အား ရှေးရှုထင်သော အခြင်းအရာရှိ၏။ နီးကပ်သော အကြောင်းကား အဝိဇ္ဇာတည်း။

၃။ ဝိညာဏ်သည် အာရုံကို သိခြင်းလက္ခဏာ ရှိ၏။ နာမ်တရားတို့တွင် ရှေ့သွားရှိခြင်းကိစ္စ ရှိ၏။ ဘဝဟောင်း ဘဝသစ် ဆက်စပ်ပေးမှု ပဋိသန္ဓေပါတကားဟု အသိဉာဏ်အား ရှေးရှုထင်သောအခြင်းအရာ ရှိ၏။ နီးကပ်သော အကြောင်းကား သင်္ခါရဖြစ်၏။ [ဤသည်မှာ ပဋိသန္ဓေ ဝိညာဏ်အတွက် နီးကပ်သောအကြောင်း ဖြစ်၏] တနည်း ဝတ္ထုနှင့် အာရုံသည် နီးကပ်

သော အကြောင်းဖြစ်၏။ [ဤသည်မှာ စက္ခုဝိညာဏ် စသော ပဥ္စဝိညာဏ်အတွက် နီးကပ်သော အကြောင်း ဖြစ်၏]

၄ က။ နာမ်သည် [အနက်သို့] ညွတ်ခြင်း လက္ခဏာ ရှိ၏။ စိတ်နှင့်ယှဉ်ခြင်းကိစ္စ ရှိ၏၊ စိတ်နှင့် မကွေမကွာ ဖြစ်ခြင်းပေါ် တကားဟု အသိဉာဏ်အား ရှေးရှုထင်၏။ နီးကပ်သော အကြောင်းကား ဝိညာဏ်ဖြစ်၏။

၄ ခ။ ရုပ်သည် ဖောက်ပြန်ခြင်းလက္ခဏာ ရှိ၏၊ ဇရိဇရဲ ဖြစ်ခြင်းကိစ္စ ရှိ၏၊ အဗျာကတ [ကုသိုလ်လည်းမဟုတ်၊ အကုသိုလ်လည်း မဟုတ်သော တရား] ပေါ်တကားဟု ဉာဏ်အား ရှေးရှုထင်၏။ နီးကပ်သော အကြောင်းကား ဝိညာဏ်ဖြစ်၏။

၅။ အာယတန ၆ ပါးသည် စိတ်စေတသိက်တို့ကို ခွဲထွင်ခြင်း ကိစ္စရှိ၏။ မြင်ခြင်း၊ ကြားခြင်း၊ နံခြင်း၊ လျက်ခြင်း၊ ထိတွေ့ခြင်း၊ သိခြင်း လက္ခဏာရှိ၏။ တည်ရာ ဝတ္ထု၏ အဖြစ်၊ ဒွါရ၏ အဖြစ် ပေါ်တကားဟု ဉာဏ်အား ရှေးရှုထင်၏။ နီးကပ်သော အကြောင်း ကား နာမ်နှင့်ရုပ် ဖြစ်၏။

၆။ ဖဿသည် ထိတွေ့ခြင်းလက္ခဏာ ရှိ၏။ ထိခိုက်တတ်သော ကိစ္စရှိ၏။ စုဝေးခြင်းပေါ်တကားဟု ဉာဏ်အား ရှေးရှုထင်၏။ နီးကပ်သော အကြောင်းကား အာယတန ၆ ပါး ဖြစ်၏။

၇။ ဝေဒနာသည် အာရုံ၏ အရသာကို ခံစားခြင်း လက္ခဏာ ရှိ၏။ အာရုံ၏ အရသာကို သုံးဆောင်ခြင်းကိစ္စ ရှိ၏။ သုခ၊ ဒုက္ခ ပေါ်တကားဟု ဉာဏ်အား ရှေးရှုထင်၏။ နီးကပ်သော အကြောင်း ကား ဖဿဖြစ်၏။

၈။ တဏှာသည် ဒုက္ခကိုဖြစ်စေတတ်သောကြောင့် အကြောင်း ဟူသော လက္ခဏာရှိ၏။ နှစ်သက်တပ်မက်ခြင်းကိစ္စ ရှိ၏။ မရောင့်

ရဲမှုပါတကားဟု ဉာဏ်အား ရှေ့ရှုထင်၏။ နီးကပ်သော အကြောင်းကား ဝေဒနာဖြစ်၏။

၉။ ဥပါဒါန်သည် စွဲလန်းခြင်းလက္ခဏာ ရှိ၏။ မလွှတ်ခြင်း ကိစ္စ ရှိ၏။ [ကာမုပါဒါန်သည်] တပ်မက်ခြင်း စွဲမြဲသည့် အဖြစ် ပါတကားဟု ဉာဏ်အား ရှေ့ရှုထင်၏။ [ယင်းဥပါဒါန်သုံးပါး သည်] အယူမှားမှု၊ မိစ္ဆာဒိဋ္ဌိပါတကားဟု ဉာဏ်အား ရှေ့ရှု ထင်၏။ နီးကပ်သော အကြောင်းကား တဏှာဖြစ်၏။

၁၀ က။ [ကမ္မဘဝသည်] ကံ အမှုဟူသော လက္ခဏာရှိ၏။ ဖြစ်စေခြင်းကိစ္စရှိ၏။ ကုသိုလ် အကုသိုလ်ပါတကားဟု ဉာဏ်အား ရှေ့ရှုထင်၏။ နီးကပ်သော အကြောင်းကား ဥပါဒါန်တည်း။

၁၀ ခ။ [ဥပပတ္တိဘဝသည်]ကံ၏ အကျိုးဟူသော လက္ခဏာ ရှိ၏။ ဖြစ်ခြင်းကိစ္စ ရှိ၏။ အဗျာကတဟူသော အခြင်းအရာရှိ၏။ နီးကပ်သော အကြောင်းကား ဥပါဒါန်တည်း။

၁၁။ ဇာတိသည် ထိုထိုဘဝ၌ ရှေးဦးစွာ အသစ်ဖြစ်ခြင်း လက္ခဏာ ရှိ၏။ ဝန်ခံသကဲ့သို့ ဖြစ်ခြင်းကိစ္စ ရှိ၏။ [သုခ ဒုက္ခများ ဖြစ်ပေါ်လာရေးအတွက် တာဝန်ယူဘိသကဲ့သို့ ဖြစ်ခြင်းကိစ္စ ရှိ၏။] အတိတ်ဘဝမှ ဤဘဝသို့ ပေါ်လာခြင်းပါတကားဟု ဉာဏ်အား ရှေ့ရှုထင်၏။ တနည်း ဒုက္ခ၏ ဆန်းကြယ်သည့် အဖြစ်ပါတကားဟု ဉာဏ်အား ရှေ့ရှုထင်၏။

၁၂။ ဇရာသည် ခန္ဓာတို့၏ ရင့်ကျက်ခြင်းလက္ခဏာရှိ၏။ သေခြင်းသို့ဆောင်တတ်သောကိစ္စ ရှိ၏။ နုပျိုခြင်းကို ဖျက်ဆီး ခြင်းပါတကားဟု ဉာဏ်အား ရှေ့ရှုထင်၏။

၁၃။ မရဏသည် စုတေခြင်း၊ ဝါ၊ လက်ရှိဘဝမှ ရွေ့လျော သွားခြင်းလက္ခဏာရှိ၏။ ကွဲကွာခြင်းကိစ္စ ရှိ၏။ [မိဘ ဆွေမျိုး

များနှင့်] ကွေကွင်း၍ နေရခြင်းပါတကားဟု ဉာဏ်အား ရှေ့ရှုထင်၏။

၁၄။ သောကသည် [နှလုံးသား၏]အတွင်း၌ ပူလောင်ခြင်း လက္ခဏာ ရှိ၏။ စိတ်ကို ပူပန်စေတတ်ခြင်းကိစ္စ ရှိ၏။ ထပ်တလဲလဲ ပူပန်ခြင်းပါတကားဟု ဉာဏ်အား ရှေ့ရှုထင်၏။ ဝါ၊ ပူပန်ရခြင်း အကျိုး ရှိ၏။

၁၅။ ပရိဒေဝသည် ရောင်ရမ်းမြည်တမ်းခြင်း လက္ခဏာ ရှိ၏။ ဂုဏ်ပုဒ်၊ သို့မဟုတ် အပြစ်အနာအဆာကို ထုတ်ဖော်ကြေးကြော်ခြင်းကိစ္စရှိ၏။ စိတ်တွေဝေမှုပါတကားဟု ဉာဏ်အား ရှေ့ရှုထင်၏။

၁၆။ ဒေါမနဿသည် အနိဋ္ဌာရုံကို ခံစားခြင်းလက္ခဏာရှိ၏။ ဟူးဟူးဗြားဗြားသော အခြင်းအရာဖြင့် အနိဋ္ဌာရုံ အဖို့အစုကို သုံးဆောင်ခြင်းကိစ္စ ရှိ၏။ စိတ်ထဲတွင် မိတွယ်နေသော အနာပါတကားဟု ဉာဏ်အား ရှေ့ရှုထင်၏။ နီးကပ်သောအကြောင်းကား ကောန်အားဖြင့်ပင် ဟဒယဝတ္ထုတည်း။

၁၇။ ဒုက္ခသည် အနိဋ္ဌာရုံကို ခံစားခြင်းလက္ခဏာ ရှိ၏။ အနိဋ္ဌာရုံ အဖို့အစုကို သုံးဆောင်ခြင်းကိစ္စ ရှိ၏။ ကိုယ်ကာယ၌ မိတွယ်နေသော အနာပါတကားဟု ဉာဏ်အား ရှေ့ရှုထင်၏။ နီးကပ်သောအကြောင်းကား ကာယဝတ္ထု ဖြစ်၏။

၁၈။ ဥပါယာသသည် ဖောက်ဖောက်ပြန်ပြန်အားဖြင့် စိတ်၏ ကပ်ငြိခြင်းလက္ခဏာ ရှိ၏။ ငြီးငြူခြင်းကိစ္စ ရှိ၏။ စိတ်ပင်ပန်းခြင်းပါတကားဟု ဉာဏ်အား ရှေ့ရှုထင်၏။

[ဤပဋိစ္စသမုပ္ပါဒ ဝိဘင်းအဋ္ဌကထာတွင် အဝိဇ္ဇာမှ ဘဝအထိမျှသော တရားတို့အတွက်သာ လက္ခဏာဒိစတုက္က ပါဝင်၏။

ဇာတိမှစ၍ နောက်ပိုင်းတို့၏ လက္ခဏာ စသည်များကိုကား (သုတေသီတို့ အစုံအလင် လေ့လာနိုင်ခြင်းငှာ) သစ္စဝိဘင်္ဂ ကထာနှင့် အဋ္ဌသာလိနီအဋ္ဌကထာတို့မှ ရှာဖွေထုတ်နုတ်ပြီး ထည့်သွင်းပေးလိုက်ပါသည်။ သို့သော် အချို့ တရားများ၌ လက္ခဏာ၊ရသ၊ ပစ္စုပ္ပဋ္ဌာန်တို့မျှသာ ပါရှိ၏။ ပဒဋ္ဌာန်ကား မပါ။ ဤသည်ကို ပြန်ဆိုသူ အားမရပါ။ သို့သော် ထိုအတိုင်းထားရ၏။]

မာတိကာစဉ် ၅ ခု ရှိသည့်အနက် လက္ခဏာစသည်အားဖြင့် သိအပ်၊သိထိုက်သော အဆုံးအဖြတ် ဝိနိစ္ဆယကို ဤသို့သိရှိအပ်၏။

[တပါးအပြား စသည်အားဖြင့် အဆုံးအဖြတ် ဝိနိစ္ဆယကို သိရှိအပ်၏ ဟူသော စကားရပ်တွင်] တပါးအပြား စသည်အားဖြင့် ဟူသည်မှာ

၁။ အဝိဇ္ဇာသည် အာရုံ၏အပြစ်ကို မသိခြင်း၊ မမြင်ခြင်း၊ ဖုံးလွှမ်းခြင်းအားဖြင့် တပါးသာ ပြား၏။ မြတ်သောအကျင့်ကို မကျင့်မှု အပ္ပဋိပတ္တိ၊ ယုတ်သောအကျင့်ကိုကျင့်မှု မိစ္ဆာပဋိပတ္တိ အားဖြင့် ၂ ပါး။ ထို့အတူ တိုက်တွန်းမှုပါသည့် သသင်္ခါရိက၊ တိုက်တွန်းမှုမပါသည့် အသင်္ခါရိကအားဖြင့် ၂ပါး။ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာနှင့် ယှဉ်ခြင်းအားဖြင့် ၃ ပါး။ သစ္စာ ၄ ပါးကို ထိုးထွင်း၍မသိခြင်းအားဖြင့် ၄ ပါး။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ လူ၊ နတ် ဟူသော ဂတိ ၅ ပါးတို့၏အပြစ်ကို ဖုံးလွှမ်းသောအားဖြင့် ၅ ပါး၊ ဒွါရအာရုံအားဖြင့် ၆ ပါး။ အဝိဇ္ဇာနည်းတူပင် နာမ်တရားဖြစ်သည့် ပဋိစ္စသမုပ္ပါဒ်အင်္ဂါများလည်း ဒွါရအာရုံအားဖြင့် ခြောက်ပါးစီ ပြားကြ၏။

၂။ သင်္ခါရသည် 'အာသဝတို့၏အာရုံ သာသဝဓမ္မ' အားဖြင့် တပါး။ အကျိုးတရားကို ဖြစ်စေတတ်သော ဓမ္မအားဖြင့် တပါး

စသည်ဖြင့် ယူလေ။ ကုသိုလ် အကုသိုလ်အားဖြင့် ၂ ပါး။ ထို့အတူ ပရိတ္တ မဟဂ္ဂတ၊ ဟိန၊ မဇ္ဈိမ၊ မိစ္ဆတ္တနိယတ၊ အနိယတအားဖြင့် ၂ ပါးစီပင်၊ ပုညာဘိ သင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္စာဘိ သင်္ခါရအားဖြင့် ၃ ပါး။ [အဏ္ဍဇ၊ ဇလာဗုဇ၊ သံသေဒဇ၊ ဩပပါတိကဟူသော] ယောနိ ၄ မျိုးကို ဖြစ်စေခြင်းအားဖြင့် ၄ ပါး။ ဂတိ ၅ ပါးသို့ ရောက်စေခြင်းအားဖြင့် ၅ ပါး၊

၃။ ဝိညာဏ်သည် လောကီဝိပါက်အားဖြင့် တပါး စသည်ဖြင့် ယူလေ။ သဟိတ်ဝိပါက်၊ အဟိတ်ဝိပါက်အားဖြင့် ၂ ပါး။ ဘဝ သုံးပါး၌ ပါဝင်သောကြောင့်ရင်း၊ ဝေဒနာ သုံးမျိုးနှင့် ယှဉ်သောကြောင့်ရင်း၊ အဟိတ်၊ ဒွိဟိတ်၊ တိဟိတ်ဟူ၍ ကွဲပြား သောကြောင့်ရင်း ၃ ပါး။ ယောနိအားဖြင့် ၄ ပါး။ ဂတိအားဖြင့် ၅ ပါး။

၄။ နာမ်ရုပ်သည် ဝိညာဏ်တည်းဟူသော မှီရာအားဖြင့် တပါး။ တနည်း ဝိညာဏ်၏မှီရာဖြစ်သောအားဖြင့် တပါး။ အာရုံ ယူတတ်သည့်နာမ် သာရမ္မဏဓမ္မ၊ အာရုံမယူတတ်သည့်ရုပ် အနာရမ္မဏဓမ္မအားဖြင့် ၂ ပါး။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်အားဖြင့် ၃ ပါး။ ယောနိအားဖြင့် ၄ ပါး။ ဂတိအားဖြင့် ၅ ပါး။

[နာမ်ရုပ်သည် ဝိညာဏ်တည်းဟူသော မှီရာအားဖြင့် တပါး။ ဤသည်မှာ နာမ်ရုပ်က ဝိညာဏ်ကို မှီ၏။ နာမ်ရုပ်က မှီသူ၊ ဝိညာဏ်က အမှီခံရသူ ဟူလို။ နာမ်၏အရကား စေတသိက် ၅၂၊ ရုပ်အရကား ရုပ် ၂၀။ နာမ်၊ ရုပ်၊ ဝိညာဏ်ဟူ၍ သုံးမျိုးကွဲနေသည်ကို သတိပြုရာ၏။ အမှီခံသူ ဝိညာဏ်က မှီလာသူ နာမ်ရုပ်အား သဟဇာတ စသော ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ အများသုံး စကားဖြင့် ရေးသော် အမှီခံသူ ဝိညာဏ်က အကြောင်း၊ မှီလာသူ

နာမ်ရုပ်က အကျိုး၊ အကြောင်းကြောင့် အကျိုးဖြစ်လာ၏။ အကျိုး ဖြစ်လာအောင် ကျေးဇူးပြုတတ်သော၊ ဝါ၊ အလုပ်အကျွေး ပြုတတ်သော အကြောင်း၌ရှိသော စွမ်းရည်သတ္တိတို့ကား သဟဇာတ၊ သဟဇာတာဓိပတိ၊ သဟဇာတနိဿယ၊ သဟဇာတာဟာရ၊ သဟဇာတိန္ဒြိယ၊ ဝိပါက၊ သဟဇာတတ္ထိ၊ သဟဇာတအဝိဂတ ဟူသော ပစ္စယသတ္တိ ရှစ်ခု ဖြစ်၏။ ပစ္စယသတ္တိတို့၏ အဓိပ္ပာယ် များကို 'နောက်ဆက်တွဲ' တွင် ရှုပါ။ ဤသည်မှာ 'ဝိညာဏ သန္နိဿယတော' ကို စတုတ္ထိဝဟုဗ္ဗိဟိသမာသ် ကြံပြီး ပြန်ဆိုထား ချက်၏ အဓိပ္ပာယ်တည်း။

ဆဋ္ဌီတပ္ပုရိသ်သမာသ် ကြံ၍ ပြန်ဆိုထားချက်ကား 'နာမ် ရုပ်သည် ဉာဏ်၏ မှီရာအားဖြင့် တပါး' ဟူ၏။ အဓိပ္ပာယ်မှာ ဝိညာဏ်က နာမ်ရုပ်တို့ကို မှီ၏။ ဝိညာဏ်ကမှီသူ၊ နာမ်ရုပ်က အမှီခံရသူ ဖြစ်သွား၏၊ နာမ်ရုပ်ကအကြောင်း ဝိညာဏ်က အကျိုးဟူလို။]

၅။ သဠာယတနသည် [စိတ်စေတသိက်တို့၏] ဖြစ်ရာ၊ စုဝေး ရာ အရပ်အားဖြင့် တပါး။ [စက္ခာယတန လ ကာယာယတန တို့အတွက်] မဟာဘုတ်တို့၏ ကြည်လင်ခြင်း၊ [မနာယတန အတွက်] ဝိညာဏ်ဖြစ်ခြင်းစသောအားဖြင့် ၂ ပါး။ မိမိထံသို့ ရောက်ရှိထိကပ်သော အာရုံကို ယူခြင်း၊ မိမိထံသို့ မရောက် မထိ မငြိကပ်သော အာရုံကို ယူခြင်း၊ နှစ်ပါးစုံမှလွတ်သော အာရုံကို ယူခြင်းအားဖြင့် ၃ ပါး။ ယောနိအားဖြင့် ၄ ပါး။ ဂတိအားဖြင့် ၄ ပါး။

ဖဿ စသည်တို့၏ တပါး နှစ်ပါး စသည့် အကွဲအပြားကို လည်း သည့်အတိုင်း သိအပ်၏။

မာတိကာစဉ် ၅ ပါးအနက် တပါး အပြား စသောအားဖြင့် သိထိုက်သော အဆုံးအဖြတ် ဝိနိစ္ဆယကို ဤသို့ သိရှိအပ်၏။

'အင်္ဂါတို့ကို သတ်မှတ်ခြင်းအားဖြင့် အဆုံးအဖြတ် ဝိနိစ္ဆယကို သိအပ်၏'ဟူသော စကားရပ်၌ ဘဝသံသရာစက်ဝိုင်း၏ အမြဲမပြတ် လည်ပတ်နေခြင်းကို ပြဆိုခြင်းငှာ သောက စသည်တို့ကို ဆိုထားအပ်၏။

မှန်၏။ ဇရာမရဏ၏ အနှိပ်စက်ခံ ပုထုဇဉ် လူသားမှန်သမျှ အား သောက၊ ပရိဒေဝ စသည်တို့ ဖြစ်လာကြ၏။ ဗုဒ္ဓစကား ရှိထားသည်မှာ "ရဟန်းတို့၊ အကြားအမြင် ဗဟုသုတ မရှိသော ပုထုဇဉ်သည် ကိုယ်ကာယဝယ် ဒုက္ခဝေဒနာနှင့် ထိတွေ့လာသည် ရှိသော် စိုးရိမ်၏။ ပင်ပန်းနွမ်းနယ်၏။ ငိုခကြွေး၏။ ရင်ပတ် စည်တီး ဆိုငြီးမြည်တမ်းတတ်၏။ နောက် အလွန်တွေဝေခြင်း [အခြေအနေ] သို့ ရောက်သွားတော့၏" [သံယုတ္တနိကာယ်၊ ဒုတိယအုပ်၊ စာမျက်နှာ ၄၀၀]

အကြင်မျှလောက်တိုင်အောင် ထိုသောက၊ ပရိဒေဝ စသည်တို့ ဖြစ်ပေါ်ခြင်း ရှိနေသေးအံ့။ ထိုမျှလောက်သော ကာလတိုင်တိုင် အဝိဇ္ဇာ၏ ဖြစ်ပေါ်လာခြင်း ရှိနေဦးမည်သာ။ ထို့ကြောင့် တဖန်တုံလည်း 'တွေဝေမှု၊ မသိမှု အဝိဇ္ဇာကြောင့် ပြုမှု သင်္ခါရတို့ ဖြစ်လာကြ၏' စသည်ဖြင့် သံသရာစက်ရဟတ်သည်ကား ဆက်စပ် လည်ပတ်နေဦးမည်ပင်။ ယင်းသို့ ဖြစ်လေရကား ထိုသောက၊ ပရိဒေဝ စသည်တို့ကို ဇရာ မရဏနှင့်ပင် တစပ်တည်း ပြု၍ ဝါ၊ အင်္ဂါတခုတည်းထားပြီး 'ပဋိစ္စသမုပ္ပါဒတို့၏ အင်္ဂါတို့ကား ၁၂ ပါးသာတည်း'ဟူ၍ သိအပ် သိထိုက်ကုန်၏။

[အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ ဟူ၍ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂ ရပ်ရှိ၏။]

မာတိကာစဉ် ၅ ခုတို့အနက် အင်္ဂါတို့ကို သတ်မှတ်ခြင်းအားဖြင့် အသုံးအဖြတ် ဝိနိစ္ဆယကို ဤသို့ သိရှိအပ်၏။

ဤသည်ကား ဤပဋိစ္စသမုပ္ပါဒ ဝိဘင်းအဋ္ဌကထာ၌ ဥဒ္ဒေသဝါရအားဖြင့် အကျဉ်းချုပ်စကားစု ဖြစ်သည်တည်း။

အဝိဇ္ဇာပစ္စယာ သင်္ခါရာ
မသိမှု အဝိဇ္ဇာဟူသောအကြောင်းကြောင့်
ပြုမှု သင်္ခါရတို့ ဖြစ်လာကြ၏။

## ဝိဘင်းပါဠိတော် မြန်မာပြန်

ထိုတွင် မသိမှုအဝိဇ္ဇာဟူသည် အဘယ်နည်း။ ဒုက္ခသစ္စာ၌ [သိအပ်စရာ အဖြာဖြာကို] မသိမှု၊ ဒုက္ခဖြစ်ခြင်း၏ အကြောင်းရင်း သမုဒယသစ္စာ၌ [သိအပ်စရာ အဖြာဖြာကို] မသိမှု၊ ဒုက္ခချုပ်ရာ နိရောဓသစ္စာ၌ [သိအပ်စရာ အဖြာဖြာကို] မသိမှု၊ ဒုက္ခချုပ်ရာ နိရောဓသစ္စာသို့ ရောက်ရှိနိုင်ကြောင်း အကျင့်ကောင်း မဂ္ဂသစ္စာ၌ [သိအပ်စရာ အဖြာဖြာကို] မသိမှု၊ ဤသည်ကို မသိမှု အဝိဇ္ဇာဟု ဆိုအပ်၏။

ထိုတွင် မသိမှု အဝိဇ္ဇာဟူသောအကြောင်းကြောင့် [ဖြစ်လာကြသော] ပြုမှု သင်္ခါရတို့ဟူသည် အဘယ်တို့နည်း။ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရ၊ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရတည်း။

၁။ ထိုတွင် ပုညာဘိသင်္ခါရဟူသည် အဘယ်နည်း။ များသောအားဖြင့် ကာမဘုံ၌ သက်ဝင်၍ဖြစ်ကြသော၊ များသောအားဖြင့်

ရူပဘုံ၌ သက်ဝင်၍ဖြစ်ကြသော ထိုထိုအလှူဒါနကို ပေးလှူသူအား ဖြစ်ပေါ်လာသော ကုသိုလ်စေတနာ၊ အကျင့်သီလ ဖြည့်ကျင့်သူအား ဖြစ်ပေါ်လာသော ကုသိုလ်စေတနာ၊ ဝိပဿနာလမ်းစဉ်ဖြင့် ဘာဝနာပွားများသူအား ဖြစ်ပေါ်လာသော ကုသိုလ်စေတနာ၊ ဤစေတနာကို ပုညာဘိသင်္ခါရဟု ဆိုအပ်၏။

၂။ ထိုတွင် အပုညာဘိသင်္ခါရဟူသည် အဘယ်နည်း။ များသောအားဖြင့် ကာမဘုံ၌ သက်ဝင်၍ ဖြစ်တတ်သော အကုသိုလ်စေတနာသည် ရှိ၏။ ဤစေတနာကို အပုညာဘိသင်္ခါရဟု ဆိုအပ်၏။

၃။ ထိုတွင် အာနေဉ္ဇာဘိသင်္ခါရဟူသည် အဘယ်နည်း။ များသောအားဖြင့် အရူပဘုံ၌ သက်ဝင်၍ ဖြစ်ကြသော ကုသိုလ်စေတနာသည် ရှိ၏။ ဤစေတနာကို အာနေဉ္ဇာဘိသင်္ခါရဟု ဆိုအပ်၏။

၄။ ထိုတွင် ကာယသင်္ခါရဟူသည် အဘယ်နည်း။ ကိုယ်အမူအရာထူးကို ဖြစ်ပေါ်စေပြီး ကာယဒွါရ [ကိုယ်]မှ ဖြစ်လာသော စေတနာသည် ကာယသင်္ခါရတည်း။

၅။ နှုတ်အမူအရာထူးကို ဖြစ်ပေါ်စေပြီး ဝစီဒွါရ [နှုတ်] မှ ဖြစ်လာသော စေတနာသည် ဝစီသင်္ခါရတည်း။

၆။ ကိုယ်နှုတ်အမူအရာထူးကို မဖြစ်ပေါ်စေဘဲ မနောဒွါရ [စိတ်]မှ ဖြစ်လာသော စေတနာသည် စိတ္တသင်္ခါရတည်း။

ဤသည်တို့ကို အဝိဇ္ဇာကြောင့် [ဖြစ်လာကြသော] သင်္ခါရတို့ဟူ၍ ဆိုအပ်ကုန်၏။

# အင်္ဂလိပ်ဘာသာ မြန်မာပြန်

၁။ မော်တော်ယာဉ်တစီးသည် [သူခိုး၊ ထားပြ၊ ချောက်ကမ်းပါးစသော] ဘေးအန္တရာယ် အလွန်များလှသည့် လမ်းမကြီးပေါ်မှာ ပြေးသွားနေပါသည်။ အခါကာလကလည်း အလွန်မှောင်မိုက်သည့် ညအချိန် ဖြစ်နေ၏။ မော်တော်ယာဉ်မှာလည်း မီးများ မပါရှိပေ။ [ထိုအချိန်ကာလနှင့် ထိုအခြေအနေကြီးတွင် ပြေးသွားနေသော] အဲဆိုပါ မော်တော်ယာဉ်သည် ကံကြမ္မာဆိုးတခုခုနှင့် များမကြာမီမှာပင် ရင်ဆိုင်တိုးရမှာကတော့ ကျိန်းသေနေပါပြီ။ ထို့အတူပင် ကမ်းစကို မှန်းဆ၍သော်မှ မမြင်နိုင်အောင် ကျယ်ပြောလှသည်နှင့်အမျှ ကြောက်မက်ဖွယ် ဘေးအန္တရာယ်ထူပြောလှသဖြင့် စွန့်စွန့်စားစား သွားလာနေရသော ပင်လယ်ရေလမ်းခရီးတခုနှင့်တူသော ဤဘဝသံသရာကြီးထဲတွင် [ကျင်လည်၊ လှုပ်ရှား နေကြရသော] ငါတို့တတွေအဖို့ အသိဉာဏ်ပညာ ဗဟုသုတ ချို့တဲ့မှုကြောင့် မသိနားမလည်မှု အဝိဇ္ဇာကို လမ်းပြအဖြစ် ဆရာတင်ကြပါလျှင် အနေးနှင့်အမြန်ဆိုသလို တခုခုသော အန္တရာယ်ဆိုးနှင့် လှလှကြီး ရင်ဆိုင်တိုးကြရပေတော့မည်။

[ဆိုလိုသည်မှာ မသိမှု အဝိဇ္ဇာကြောင့် ဒုက္ခနှင့် ကြုံရသည့်ကံအမှု သင်္ခါရများကို ပြုမိမှားကြ၏။ သို့အတွက် ဒုက္ခနှင့်မကြုံရဘဲ သုခနှင့်ဆုံရလေအောင် သိမှုကို ရှာကြံဆည်းပူးကြရမည် ဟူ၏။ ထို့ကြောင့် ငါတို့တတွေသည် မွေးကင်းစ အရွယ်တွင် မိဘကို "အမေ၊ အဖေ" ဟူ၍သော်မှ ခေါ်တတ်ရမှန်း နားမလည်ကြသဖြင့် မသိမှု အဝိဇ္ဇာဖြင့် ဘဝ၏ ကဏ္ဍကို စတင်ခဲ့ကြရ၏။

တတ်သိ နားလည်လိုမှုကြောင့်သာ ဤအဆင့် ဤအခြေထိ ဘဝ လမ်းခရီးကို နှင်နိုင်ခဲ့ကြရလေပြီ။ တဆင့်တက်၍ သေ့းသားနှင့် နှလုံးသားတို့၏ ဘောင်းဆိုမှုကိုသာ ထာဝစဉ် အလိုလိုက်တတ် သည့် တဏှာ၏ ကျေးကျွန်အဖြစ် ဇိမ်ကျတိုင်းငြိမ်ပြီး ခံမနေ ကြဘဲ နှလုံးသား၏ အလိုကို (အခါကာလ အားလျော်စွာ) ဆန့်ကျင်လျက် ဉာဏ်၏ ညွှန်ကြားမှုကို နာခံကိုးကွယ်သင့်၏။ နာခံမှသာ တော်ရာကျပေတော့မည်။ ထိုမှတဆင့် အသိဉာဏ် ဗဟုသုတ ပြည့်ဝရေး (စွမ်းနိုင်လျှင် ဝိပဿနာဉာဏ် ရရှိရေး အထိ) တဏှာနှင့်အဝိဇ္ဇာကို တော်လှန်ကာ ဝိဇ္ဇာဟူသောသိမှု ပြည့်ဝသည်ထက်ပြည့်ဝအောင် ဆည်းပူးသင့်ကြ၏]

၂။ တနှစ်သား၊ နှစ်နှစ်သား အရွယ်မျှသာ ရှိသေးသည့် ကလေးငယ်တယောက်ကို မီးအနားမှာ ထားခဲ့ပါလျှင် သူလက်ကို မီးထဲသို့ထိုးထည့်ကောင်း ထိုးထည့်ပေလိမ့်မည်။ အဘယ့်ကြောင့် နည်း။ ထိုကလေးငယ်မှာ "မီးဟာပူလောင်တတ်တယ်" ဟူ၍ သိနားလည်မှု မရှိသောကြောင့်ပင် ဖြစ်၏။ ပူလောင်မှုသဘော (ဒုက္ခသစ္စာ)ကိုရင်း၊ ပူလောင်ရခြင်း၏ အကြောင်းရင်း(သမုဒယ သစ္စာ)ကိုရင်း၊ သိနားလည်မှုမရှိရှာပါ။ ထိုပူလောင်မှုမှ ငြိမ်းအေး သော သုခသဘာဝ (နိရောဓသစ္စာ)ကိုရင်း၊ အပူငြိမ်းကြောင်း နည်းလမ်း (မဂ္ဂသစ္စာ)ကိုရင်း၊ ထိုကလေးငယ်က သိရှိနားလည် မည်ဆိုသည်မှာကား မဖြစ်နိုင်စကောင်းပါပေ။

[ဤအပိုဒ်၏ သဘောမှာ သစ္စာလေးပါး၏ အကျိုးနှင့် အကြောင်း ဆက်သွယ်ပုံကိုရင်း၊ အဆိုးကို အရင်းတည်၍ အကောင်းဟူသော အမြတ်ရအောင် ကျင့်သုံးနည်းကိုရင်း၊ အနိမ့်ဆုံး အခြေခံမှ အမြင့်ဆုံး သဘောတရားအထိ ဆွေးနွေး

ရေးသားစရာတွေ များပြားလှသည်နှင့် အမျ ကျယ်ဝန်းလှပါသည်။ သို့ဖြစ်၍ ပြဿနာတခုခုနှင့် ရင်ဆိုင်ရလေတိုင်း ဥနှောက်ကို စေစားလေ့ရှိသူတို့အဖို့ (အထက်ပါ ဥပမာကလေးကို မှီငြမ်းကာ) မျှော်ခေါ်စဉ်းစားနိုင်ကြပါလိမ့်မည်။ သို့သော်

(က) အထည်ကိုယ် ပြဿနာ၊

( ခ ) ထိုပြဿနာ ပေါ်ပေါက်လာရခြင်း အကြောင်းရင်း၊

( ဂ ) ထိုအကြောင်းရင်းကို ပယ်သတ်နည်း၊

(ဃ) ပယ်သတ်နိုင်က ရရှိမည့်အကျိုးတရားဟူသော အချက်လေးချက်ကိုတော့ လက်ကိုင်ထားရမည် ဖြစ်ပါသည်]

၃။ ဥစ္စာပစ္စည်း ဆုံးရှုံးရခြင်းကြောင့်ရင်း၊ အလုပ်အကိုင် ပျက်ပြားမှုကြောင့်ရင်း၊ လူတို့သည် မကြာခဏပင် အတိဒုက္ခ ရောက်တတ်ကြ၏။ ယင်းသို့ ဖြစ်ဘတ်သည်မှာလည်း အသိပညာ၊ ဗဟုသုတချို့တဲ့မှုနှင့် အမိက သက်ဆိုင်တတ်၏။

၄။ ခေတ်မှီ တိုးတက်သော ဆန်းသစ် တည်ထွင်ချက်များကြောင့်ပင်လျှင် မီးရထားသွားလာမှုဆိုင်ရာ အမှတ်မထင် ဖြစ်ပျက်မှုများမှာ တခေတ်ထက်တခေတ်၊ တနေ့ထက် တနေ့ လျော့နည်းလာသည်ကို တွေ့ကြုံကြရ၏၊ ဤသည်မှာ အမှတ်မထင်ဖြစ်ပျက်ခြင်း၏ အကြောင်းရင်းနှင့် သဘာဝမှန်ကို သိမြင်နားလည်အောင် ကြိုးပမ်းမှု၊ လေ့လာဆန်းစစ်မှုတို့၏ အကျိုးတရား ရလာဒ်များပင် ဖြစ်ချေ၏။ ဟိုက်ဒရိုဂျင်ဓာတ်ကဲ့သို့သော ပေါက်ကွဲစေတတ်သည့် ဓာတ်သဘာဝ၏ အန္တရာယ်ကို ဖော်ထုတ်သိမြင်လာနိုင်ခြင်း၊ ဟယ်လီယံဓာတ်ငွေ့၏ အသုံးကျပုံကို မြင်လာနိုင်ခြင်းမှစ၍ လေကြောင်းခရီးသွားလာမှုမှာ တခေတ်ဆန်းခဲ့ပါပြီ၊

[ဤသည်တို့ကို ဗုဒ္ဓအဘိဓမ္မာ ရှုဒေါင့်မှနေ၍ သစ္စာဖွဲ့ကြည့်ကြစို့။

(က) ကြုံတွေ့ရသော ဘေးအန္တရာယ်များသည်(ဆင်းရဲခြင်းသဘာဝ ဖြစ်သောကြောင့်) ဒုက္ခ။

(ခ) ဟိုက်ဒရိုဂျင်ခဲတ်၏ ပေါက်ကွဲတတ်သော သတ္တိစသည်များသည် (ဘေးအန္တရာယ်တို့၏ အကြောင်းရင်း ဖြစ်သောကြောင့်) သမုဒယ။

(ဂ) ခဲတ်သတ္တိများကို ထိန်းချုပ်နိုင်ရေး နည်းလမ်းများသည် (ဘေးအန္တရာယ် ပျောက်ကင်းမှု အကြောင်းဖြစ်သောကြောင့်) မဂ္ဂ။

(ဃ) အသက်အန္တရာယ် လုံခြုံမှု ပိုမိုရရှိလာခြင်း၊ ချမ်းမြေ့သက်သာစွာ စီးနင်းလိုက်ပါနိုင်ခြင်း စသည့် ချမ်းသာသုခတို့သည်(ဘေးအန္တရာယ်များ ချုပ်ငြိမ်း ပပျောက်သွားသဖြင့် ရရှိလာသော တိုးတက်မှုများ၊ အကျိုးတရားများဖြစ်သောကြောင့်) နိရောဓ။

ယင်းသို့လျှင် အကြောင်းနှင့်အကျိုး ဆက်သွယ်နေပုံကိုရင်း၊ အဆိုးမှ အကောင်းဟူသော တိုးတက်လာမှုကိုရင်း၊ တွေ့ရှိနိုင်ပါသည်။

အသက်ပါတို့သည်"အရိယသစ္စာ"သို့မဟုတ်"ပရမတ္ထသစ္စာ" များတော့ မဟုတ်ကြပါ။ "သမုတိသစ္စာ (ဝါ) ပစ္စေကသစ္စာ" တို့မျှသာ ဖြစ်ပါသည်။ ဤတွင် နိဗ္ဗာနည်းအားဖြင့် မဖွဲ့ဆိုနိုင်ဘဲ နေယျတ္ထနည်း၊ သဒိသူပစာနည်းများကို အသုံးပြုကာ ဖွဲ့ဆိုထားပါသည်။ သို့ဖြစ်၍ ဗုဒ္ဓအဘိဓမ္မာကို သင်ကြားနိုင်ခွင့် မရကြသော

သုတေသီများ သဘောပေါက်နားလည်ရေးကို အဓိက ထားပါ သဖြင့် (အမြင့်ဆုံးသို့ တက်လှမ်းနိုင်ရေးအတွက်) အလွယ်ကူဆုံး အခြေခံမှ စတင်ရှင်းလင်းရပါသည်ဟူသော ပြန်ဆိုသူ၏စေတနာ မှန်ကို သိရှိနိုင်ကြပါစေ]

၆။ (က) ပဋိသန္ဓေနေရခြင်း ဇာတိဒုက္ခ။

[ပါးရေ၊ နားရေ၊ မတွန့်ချင်ပါဘဲလျက် တွန့်လိမ် ရှုံ့တွလာရခြင်း] ရင့်ရော် အိုမင်းမှု ဇရာဒုက္ခ၊ [ချစ်သောဇနီး၊ သံယောဇဉ်ကြီးရသည့်သမီးငယ် သားငယ်တို့နှင့် အပြီးတိုင်ခွဲရသည့်] သေရခြင်း မရဏဒုက္ခ စသည့် ဆင်းရဲမှု အစုစု ဒုက္ခသစ္စာ။

(ခ) ၁။ နှစ်သက်ဖွယ်အာရုံ၊ သာယာတွယ် ကာမဂုဏ် အစုစုကို လိုက်စား တပ်မက်မှု ကာမတဏှာ။

၂။ "မြဲ၏ဟူသော အယူအဆ သဿတဒိဋ္ဌိ"နှင့် တကွ ဖြစ်သော တပ်မက်မှု ဘဝတဏှာ။

၃။ "ပြတ်စဲ၏ဟူသော အယူအဆ၊ ဉစ္ဆေဒဒိဋ္ဌိ" နှင့်တကွ ဖြစ်သော တပ်မက်မှု၊ ဝိဘဝတဏှာ ဟူသော ဒုက္ခ ဖြစ်ခြင်း အကြောင်းရင်း သမုဒယသစ္စာ၊ သမုဒယသစ္စာ။

[ဤတဏှာသုံးမျိုး၏ အဓိပ္ပာယ်အကျယ်မှာ "အဋ္ဌကထာ မြန်မာပြန် တဏှာ ကဏ္ဍတွင် ပြဆိုထားသည်"]

(ဂ) ဒုက္ခအပေါင်းမှ လွတ်မြောက်သော နယ်မြေ နိဗ္ဗာန်ဟူသော နိရောဓသစ္စာ။

(ဃ) ၁။ ကောင်းမြတ်သော သိမြင်ခံယူမှု သမ္မာဒိဋ္ဌိ
၂။ ။ တွေးခေါ်ကြံဆမှု သမ္မာသင်္ကပ္ပ
၃။ ။ ပြောဆိုမှု သမ္မာဝါစာ
၄။ ။ အပြုအမူ သမ္မာကမ္မန္တ
၅။ ။ အသက်မွေးမြူမှု သမ္မာအာဇီဝ
၆။ ။ ကြိုးပမ်းအားထုတ်မှု သမ္မာဝါယာမ
၇။ ။ အောက်မေ့မှု သမ္မာသတိ
၈။ ။ စူးစိုက်မှု၊တည်ငြိမ်မှု သမ္မာသမာဓိ

ဟူသော မဂ္ဂင်ရှစ်ပါး တရားတော်၊ မဇ္ဈိမပဋိပဒါ လမ်းစဉ် နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း မဂ္ဂသစ္စာ။

အထက်ပါ သစ္စာလေးပါး သဘောတရားများကို မသိမြင်သေးသမျှ ကာလပတ်လုံး [သိမြင်လာအောင် မကြိုးပမ်းလေသေးသရွေ့] ငါတို့၏ ပြုပြုသမျှ သင်္ခါရ [လုပ်ရှားမှုမှန်သမျှ] သည် အမှား၏ ဘောင်အတွင်း၌သာ ရှိနေမည်။ ကျင်လည်နေကြရဦးမည်သာပင်။ သို့မဟုတ် မှားမှားယွင်းယွင်း ကြံစည်အားထုတ်နေကြဦးမည်သာ ဖြစ်ချေသည်။

၇။ သမုဒ္ဒရာတွင်းရှိ ခပ်လှမ်းလှမ်း တနေရာမှ သင်္ဘောတစင်း၏ ပုံသဏ္ဌာန်သည် မလိမ်မိုးမလိမ်မာ ရှိနေသေးသော ကလေးငယ်တဦး၏ အသိဉာဏ်ထဲတွင် "သင်္ဘော" ဟူသော အသိဉာဏ်မပေါ်ဘဲ လွဲမှားသော အတွေးအထင်တခု ပေါ်လာကောင်း ပေါ်လာပါလိမ့်မည်။

၈။ ပန်းချီပညာ မတတ်သူအား "နှင်းဆီပန်းတပွင့် ဆွဲပြပါ" ဟု စေခိုင်းပါလျှင် ထိုသူသည် မမှန်ကန်သော ပုံသဏ္ဌာန်တခုကို

ဆွဲပြပေလိမ့်မည်။ သို့သော် "ငါ ရေးဆွဲတာ အမှန်ပါဘဲ"ဟု ထင်မှတ်ဦးမည်သာ၊

၉။ လူသားဟူသည်မှာ ရုပ်ဝတ္ထုများနှင့် ကံအမှုများ၏ အဆင့်အတန်းတူဖြစ်သော ဒြပ်ပေါင်း တခုသာ ဖြစ်၏။ အလို အခလျောက် ဖြစ်နေသော ပြုမှု၊ လှုပ်ရှားမှု အစုစု [ကံအမှုသင်္ခါရ] တို့သည် နာမ်တရားအပေါ်မှာ အခြေခံ၏။

၁၀။ စိတ်၏ အပြုအမူလုပ်ငန်း မနောကံ၊ နှုတ်၏ အပြုအမူ လုပ်ငန်း ဝစီကံ၊ ကိုယ်ကာယ၏ အပြုလုပ်ငန်း ကာယကံတို့သည် ရံခါ ကောင်းမွန်၏။ ရံခါ မကောင်းဘဲ ရှိတတ်၏။ တခါတရံ ကျပြန်တော့ ကောင်းသည်လည်းမဟုတ်၊ ဆိုးသည်လည်း မဟုတ်ပါပေ။

ကောင်းသောအပြုအမူ [ကံအမှု] များကြောင့် ချမ်းမြေ့ဘွယ်ရာ ကောင်းကျိုးချား သက်ရောက်လာတတ်သည်နှင့် အမျှ ဆိုးသောအပြုအမူများသည် ဒုက္ခများကို ယူဆောင်လာတတ်၏။ ဤသည်တို့မှာ ရုပ်နှင့် နာမ်တို့၏ အခြေအနေကို ပြောင်းလဲပစ်နိုင်သည့်အထိ ကြီးမားလှသော ဟန်ခိုးများ ရှိကြသည့် "အင်အားစုကြီးများ=FORCES" ဖြစ်၏။ ရုပ်ပိုင်းအင်အားစု [ကာယကံနှင့် ဝစီကံ] ဖြစ်စေ၊ စိတ်ပိုင်းအင်အားစု [မနောကံ] ဖြစ်စေ၊ စုံတွဲစုံတွဲအားဖြင့် ရှိနေကြ၏။

[ဤတွင် ပုဒ္ဓသည် ရုပ်သက်သက်ကိုသာ အသားပေးမှု၊ သို့မဟုတ် နာမ်သက်သက်ကိုသာ အရေးထားမှု 'တဘက်လွန် အစွန်းရောက်ဝါဒ' မဟုတ်။ အစွန်းနှစ်ဘက်လွတ်သော မဇ္ဈိမပဋိပဒါ လမ်းစဉ်ကို ထုတ်ဖော်ညွှန်ကြားခဲ့သူပီသစွာ ယထာဘူတဝါဒီ

သာလျှင် ဖြစ်သည်ကို တွေ့ရပေလိမ့်မည်။ 'ဗုဒ္ဓ၏ တပည့်သာဝက များ'ဟု ကမ္ဘာက သိမှတ်ထားကြသော ဒို့များသည်လည်း အရာဌာနတိုင်းတွင် 'ယထာဘူတဝါဒီ' များသာ မဖြစ်သင့်ကြပါပြီလော။]

၁၁။ စိတ်ချမ်းမြေ့ဘွယ် ဖြစ်ရပ်များကို ဖန်တီးနိုင်စွမ်းသော အင်အားစု [အကြောင်းကံ ACTION] တခုခုကို ကျွန်ုပ်တို့က အကယ်၍ ပို့လွှတ်လိုက်ပါလျှင် [ပြုလုပ်မည်ဆိုပါက] အလားတူ အင်အားစု [အကျိုးဝိပါတ် REACTION] တခုသည် ကျွန်ုပ်တို့ဆီသို့ ပြန်လည်ရောက်ရှိ လာပေလိမ့်မည်။ အချိန်အားဖြင့် အနှေးနှင့် အမြန်သာ ကွာခြားပါလိမ့်မည်။ ထို့ပြင် ကံအမှုများသည် မျှတမှုကိုသာ ပြည့်ဝဖြည့်စွမ်းပေလိမ့်မည်သာပင်။

၁၂။ အထက်တန်းစားတို့၏ စိတ်နှလုံး၌ဖြစ်စေ ငမ်းနည်းမှု၊ အတိဒုက္ခရောက်မှု၊ စိတ်မချမ်းမြေ့မှု တခုခုဖြစ်အောင် အကယ်၍ [အကြောင်းကံ ACTION တခုခုကို]ပြုလုပ်မည်ဆိုပါက မိမိတို့ကြုံတွေ့လာရမည့် ကံကြမ္မာဆိုး [အကျိုး ဝိပါတ် REACTION] ၏ တရားခံမှာ ကျွန်ုပ်တို့ပင် ဖြစ်နေကြောင်း တွေ့ရမည်သာ ဖြစ်ချေ၏။

ကျွန်ုပ်တို့က ထိုအင်အားစုများကို အကောင်းသဘာဝဖြင့် မဇ္ဈိမပဋိပဒါကျကျ ကျင့်သုံးကြပါလျှင် တူညီသောတုန့်ပြန်မှု [အကျိုးဝိပါတ် REACTION] များကတော့ သဘာဝအတိုင်း ပေါ်ပေါက်လာကြမည်ပင် ဖြစ်လေသည်။

[အဘယ်မည်သော 'တန်ခိုးတော်ရှင်'ကမှ တားဆီးနိုင်မည် မဟုတ်ပါပေ။ 'တားဆီးနိုင်တယ်' ဆိုလျှင်လည်း သဘာဝကျသည်ဟု လက်ခံနိုင်ပါ့မလား။ မိမိတို့ ပို့လွှတ် ပြုလုပ်

လိုက်သော အကြောင်းကိုက အကြောင်းဖြစ်ခဲ့သော် မိမိတို့ ပြန်လည်ရရှိလာမည့် အကျိုးဝိပါတ်မှာလည်း [တူညီသော တုန့်ပြန်မှုဥပဒေသ၊ဇာနေတိ သဒိသံ ပါကံဟူသော ဒေသနာတော် အရ] အကောင်းဖြစ်မည်သာပင်။

အကြောင်းဆိုးလျှင်တော့ အကျိုးက မကောင်းမည်မှာ နိယာမ ဓမ္မတာပင် ဖြစ်၏။ ဒီတော့ ဆိုးကျိုးများကို ခံစားလာကြ ရလျှင် မကောင်းသော အကြောင်းတရားများကို (ပစ္စုပ္ပန်မှာ ဖြစ်စေ၊ အတိတ်မှာဖြစ်စေ) ပြုလုပ်သူတို့မှာ ငါတို့ပင် ဖြစ်ရ ချေမည် မဟုတ်ပါလား။ အခြားတပါးသောသူကို တရားခံ အဖြစ် စွဲချက်တင်ချင်ပါလျှင် ကိုယ်လုပ်သမျှကိုတော့ အကောင်း တွေချည်းဘဲဟူသော အောက်တန်းစား ပုထုဇဉ်တို့၏ သဘာဝကို မလွန်မြောက်နိုင်သေးသည်နှင့်အမျှ တွေဝေမိုက်မဲရာ ကျပေ တော့မည်။]

၁၃။ (၁) သတ်ဖြတ်မှု၊ ခိုးဝှက်မှု၊ သူတပါးသားမယားကို လွန်ကျူးမှု၊ အရက်သေစာ သောက်စားမှု၊ လပ်ပေး လပ်ယူမှု [ဟူသော ကိုယ်ကာယနှင့်သက်ဆိုင်သောကံအမှု ACTIONများ]

(၂) ကြမ်းတမ်းရိုင်းစိုင်းစွာ ပြောဆိုမှု၊ လိမ်လည် ပြော ဆိုမှု၊ဂုံးတိုက် ခြေထိုးမှု၊ကိုယ့်ကိုယ်ကို ဂုဏ်ဖော်ချီးမွမ်းမှု၊အကျိုးမဲ့ (တောင်စဉ်ရေမရ) ပြောဆိုမှု [ဟူသော နှုတ်နှင့် သက်ဆိုင်သည့် ကံအမှု ACTION များ]

(၃) မှားယွင်းသော အယူအဆကို တွေးခေါ်မှု၊ မြော်မြင်မှု၊ မုန်းတီးရန်လိုမှု၊ သူတပါးတို့ စည်းစိမ်ချမ်းသာကို တပ်မက်မှု[ဟူသော စိတ်နှင့်ဆိုင်ရာ ကံအမှု ACTION များ]သည်

ပြုသူအတွက်သော်၎င်း၊ ခံရသူအတွက်သော်၎င်း၊ သို့မဟုတ် နှစ်ဦးစလုံးအတွက်သော်၎င်း၊ အန္တရာယ်များလှချေ၏။

၁၄။ "မိုက်မဲသူ၊ အသိဉာဏ် မရှိသူတို့သည် မကောင်းမှု အကုသိုလ်များကို ပြုလုပ်ကြကုန်လျက် [ပြုလုပ်သောအားဖြင့်] မိမိကိုယ်ကိုမိမိ ရန်သူသဖွယ် ပြုမူတတ်ကုန်၏။ [ထိုသူတို့အဖို့] ခံစားရရှိမည့် အကျိုးတရားသည်ကား ခါးသီးမှုသာ ဖြစ်ချေဘော့၏" ဓမ္မပဒ။

[ဒို့များသည်လည်း ကိုယ့်ကိုယ်ကို 'ရန်သူသဖွယ် ပြုကျင့်နေမိပါကလား' ဟု ဘယ်နှစ်ခါများ (ပြန်လည်ဆန်းစစ်ခြင်းအားဖြင့်) ရိပ်စားမိကြပါသနည်း။ မညာမတာ ပြန်လည်စစ်ဆေးတတ်မှု အလေ့အကျင့်တခု ပြုကြပါစို့။]

# ဝိဘင်းအဋ္ဌကထာ မြန်မာပြန် (အဝိဇ္ဇာ၏အဖွင့်)

ယခုအခါ နိဒ္ဒေသဝါရအားဖြင့် အကျယ်တဝင့် အဖွင့်စကားရပ်ကို ဆိုပါတော့မည်။ ခွဲဦးအံ့။ 'အဝိဇ္ဇာပစ္စယာ သင်္ခါရာ' ဟုဆိုထား၏။ ထိုစကား၌ အဝိဇ္ဇာဟူသော အကြောင်းရှိနေသည့် သင်္ခါရတို့ကို ပြဆိုအပ်၏။ ပြဆိုရပါမူကား သားသမီးနှင့် ပတ်သက်သော စကားကို ဆိုချင်သော် မိဘကို ဦးစွာဆိုရာ၏။ မှန်၏။ ယင်းသို့ ဆိုလိုက်သဖြင့် 'မိတ္တ၏သား၊ ဒတ္တ၏သား' ဟူ၍ သားသမီးနှင့် ပတ်သက်သော စကားသည် အကြင့်ကြောင့် ကောင်းသော စကား (ဝါ) ကျိုးကြောင်းစပ်သော စကား ဖြစ်နိုင်၏။ ထို့ကြောင့် သားသမီးနှင့်တူသည့် သင်္ခါရတို့ကို ဖြစ်ပေါ်လာစေတတ်သောကြောင့် ဘခင်နှင့်တူသည့် အဝိဇ္ဇာကို အစပဌမ ဟောပြခြင်းငှာ "ထိုတွင် ဒုက္ခသစ္စာဟူသည် အဘယ်နည်း။ ဒုက္ခသစ္စာ၌ [သိအပ်စရာအဖြာဖြာကို] မသိခြင်း" စသည်ကို မိန့်ဆိုခဲ့ပြီ။

၁။ ထိုတွင် ဒုက္ခသစ္စာ၏ အဟုတ်အမှန်ဖြစ်သော မိမိ၏ သဘာဝဟူသော လက္ခဏာကို သိရှိခြင်းငှာ၊ ထိုးထွင်းသိခြင်းငှာ ဤအဝိဇ္ဇာက အခွင့်အရေးမပေး။ [ထိုဒုက္ခသစ္စာ၏ လက္ခဏာကို] ဖုံးလွှမ်းထား၍၊ မြှေးယှက်ထား၍၊ ထုံးဖွဲ့သား၍သာ အကြင့်ကြောင့်တည်ရှိနေ၏။ ထို့ကြောင့် 'ဒုက္ခေအညာဏံ၊ ဒုက္ခသစ္စာ၌

ဝါ၊ ဒုက္ခ၏ သဘာဝအမှန်ကို မသိခြင်းသည် မသိမှု အဝိဇ္ဇာမည်၏’ဟု ဗုဒ္ဓက ဆိုထား၏။

၂၊ ၃၊ ၄။ ဆင်းရဲခြင်း ဒုက္ခ၏ အကြောင်းရင်း သမုဒယသစ္စာ၊ ဒုက္ခချုပ်ရာ နိဗ္ဗာန်သစ္စာ၊ ဒုက္ခချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကောင်း မဂ္ဂသစ္စာတို့၏ အဟုတ်အမှန်ဖြစ်သော၊ မိမိ၏ သဘာဝဟူသော လက္ခဏာကို သိရှိခြင်းငှာ၊ မြင်နိုင်ခြင်း ထိုးထွင်းသိခြင်းငှာ၊ ဤအဝိဇ္ဇာက ခွင့်မပြု။ [ထိုသစ္စာတို့၏ လက္ခဏာတို့ကို] ဖုံးလွှမ်းထား၍၊ ခြေးယှက်ထား၍၊ ထုံးဖွဲ့ထား၍သာ အကြင့်ကြောင့် တည်ရှိနေ၏။ ထို့ကြောင့် ‘ဒုက္ခနိရောဓဂါမိနီ ပဋိပဒါယ အညာဏံ=ဒုက္ခချုပ်ရာ နိဗ္ဗာန်သစ္စာသို့ ရောက်ကြောင်း အကျင့်ကောင်းကို မသိခြင်းသည် မသိမှု အဝိဇ္ဇာမည်၏’ဟု ဗုဒ္ဓက ဆိုထားခဲ့၏။

ဤ ၄ ဌာနတွင် သုတ္တန်ပရိယာယ်ဖြင့် မသိမှုကို အဝိဇ္ဇာဟု မိန့်ဆိုထား၏။

အဘိဓမ္မာပိဋကက ဓမ္မသင်္ဂဏီပါဠိတော် နိက္ခေပကဏ္ဍ [စာမျက်နှာ ၂၀၆]၌ သော်ကား အဘိဓမ္မာ ပရိယာယ်ဖြင့် ‘ပုဗ္ဗန္တေ အညာဏံ=ရှေ့ပိုင်းအစွန်း၌ [ပါရှိသော သိစရာများကို] မသိခြင်းသည် မသိမှု အဝိဇ္ဇာမည်၏’ စသည့် အခြား ၄ ဌာန၌လည်း မသိခြင်းကို ‘အဝိဇ္ဇာ’ဟု ယူထားအပ်၏၊ ဝါ၊ မိန့်ဆိုထား၏။

၁။ ထိုတွင် ‘ရှေ့အစွန်း၊ ပုဗ္ဗန္တ’ ဟူသည်မှာ အတိတ်အစွန်း၊ အတိတ် ခန္ဓာ၊ အာယတန ဓာတ်များသည် [ရှေ့အစွန်း]ဖြစ်၏။

၂။ ‘နောက်အစွန်း၊ အပရန္တ’ဟူသည်မှာ အနာဂတ်အစွန်း၊ အနာဂတ်ခန္ဓာ၊ အာယတန ဓာတ်များသည် [နောက်အစွန်း] ဖြစ်၏၊

၃။ 'ရှေနောက်အစွန်း၊ ပုဗ္ဗန္တာပရန္တ'ဟူသည်မှာ ထိုအတိတ်နှင့် အနာဂတ်နှစ်ပါးစုံပင် ဖြစ်၏။

၄။ 'ဣဒပစ္စယတာ' ဟူသည်မှာ သင်္ခါရ စသည်တို့၏ အကြောင်းဖြစ်သော အဝိဇ္ဇာစသည့် အင်္ဂါများ ဖြစ်၏။ 'ပဋိစ္စသမုပ္ပန္နဓမ္မာ'ဟူသည်မှာ ဝိဇ္ဇာစသည်တို့ကြောင့် ဖြစ်လာရသည့် အကျိုးတရား သင်္ခါရစသည်များ ဖြစ်ကြ၏။

၁။ အဝိဇ္ဇာသည် အတိတ်ခန္ဓာစသည်တို့၏ ဟုတ်တိုင်းမှန်ရာဖြစ်သည့် မိမိသဘာဝဟူသော လက္ခဏာကိုသိခြင်းငှာ၊ မြင်နိုင်ခြင်းငှာ၊ ထိုးထွင်းသိမြင်ခြင်းငှာ၊ အခွင့်မပေး။ [အဆိုပါလက္ခဏာကို] ဖုံးလွှမ်း၍၊ မြှေးယှက်၍၊ ထုံးဖွဲ့၍သော အကြင်ကြောင့် တည်ရှိနေ၏။ ထို့ကြောင့် 'ပုဗ္ဗန္တေအညာဏံ၊ ရှေ့အစွန်း၌ [ပါရှိသော သိစရာများကို]မသိခြင်းသည် မသိမှု အဝိဇ္ဇာမည်၏' ဟု ဗုဒ္ဓက ဟောသား၏။

၂၊၃၊၄။ ထို့အတူပင် အနာဂတ်စသည် အတိတ်ခန္ဓာစသည် သင်္ခါရစသည်တို့၏ အကြောင်းဖြစ်သော အဝိဇ္ဇာစသည်ကြောင့် ဖြစ်သော အကျိုးသင်္ခါရစသည်တို့၏ ဟုတ်တိုင်း မှန်ရာဖြစ်သည့် မိမိသဘာဝဟူသော လက္ခဏာကိုသိမြင် ထိုးထွင်းခြင်းငှာ ခွင့်မပြု။ [ထိုလက္ခဏာကို] ဖုံးလွှမ်း မြှေးယှက် ထုံးဖွဲ့ထား၍သော အကြင်ကြောင့်တည်ရှိနေ၏။ ထို့ကြောင့် "ဣဒပစ္စယာတာ ပဋိစ္စသမုပ္ပန္နေဓမ္မေသု အညာဏံ=သင်္ခါရစသည်တို့၏ အကြောင်းဖြစ်သော အဝိဇ္ဇာအကြောင်း၊ အဝိဇ္ဇာကြောင့် ဖြစ်လာသောအကျိုးသင်္ခါရစသော သဘောတရားများ၌ မသိခြင်းသည် မသိမှု အဝိဇ္ဇာမည်၏"ဟုဟောထား၏။ ဤ ဂ ဌာနတို့၌ အဘိဓမ္မာ ပရိယာယ်အားဖြင့် မသိမှုကို 'အဝိဇ္ဇာ'ဟု မိန့်ဆိုအပ်၏။

[အဘိဓမ္မာပိဋကတ်၌ ဟောသည့်အခါ သုတ္တန်ပရိယာယ်ပါ ပါသဖြင့် မူရင်းအဘိဓမ္မာ ၄ ဌာနနှင့် သုတ္တန် ၄ ဌာနအားဖြင့် ၈ ဌာနဖြစ်၏]

ယင်းသို့ဆိုသော် အဘယ်တရားကို [ရည်ညွှန်း၍] ဆိုအပ်သနည်း။ ကိစ္စအားဖြင့်ရင်း၊ ဇာတိအားဖြင့်ရင်း၊ အဝိဇ္ဇာကို [ရည်ညွှန်း၍]ဆိုအပ်၏။ အသို့နည်း။ ချဲ့ဦးအံ့။ 'ဤအဝိဇ္ဇာသည်ပင် ယင်းဌာနတို့ကို သိခြင်းငှာ၊ မြင်ခြင်းငှာ၊ ထိုးထွင်းနိုင်ခြင်းငှာ၊ ခွင့်မပေး'ဟူသည်မှာ ကိစ္စအားဖြင့် ဆိုအပ်သောစကား ဖြစ်၏။ 'ဤအဝိဇ္ဇာသည် ဖြစ်လာပြန်လျှင်လည်း ဤ ၈-ဌာနတို့၌ ဖြစ်၏' ဟူသည်မှာ ဇာတိအားဖြင့် ဆိုထားသောစကား ဖြစ်၏။ ယင်းသို့ကိစ္စနှင့် ဇာတိအားဖြင့် ဆိုပြီးလျှင် တဖန်သော် 'ယံဝေရူပံ အညာဏံ၊ အဒဿနံ' စသည့် ၂၅-ပုဒ်တို့ကို သော်ကား အဝိဇ္ဇာ၏ လက္ခဏာကို ဖော်ပြခြင်းငှာ ဟောထားတော်မူ၏။

ထိုစကားရပ်၌ ဤအဝိဇ္ဇာကို ၈-ပုဒ်တို့ဖြင့် ဆိုထားပေမင့် ၂၅-ပုဒ်တို့ဖြင့် လက္ခဏာကို ထပ်မံ၍ မဆိုချေသော် ကောင်းသောစကား၊ ပြည့်စုံသောစကား မဖြစ်နိုင်။ လက္ခဏာကိုလည်း ပြဆိုပါမှသာ ကောင်းမြတ်ပြည့်စုံသော စကားသည် အကြွင့်ကြောင့် ဖြစ်နိုင်၏။

ဥပမာ၊ ပျောက်သွားသောနွားကို လိုက်ရှာသောယောကျ်ားသည် "အချင်းတို့၊ နွားဖြူကြီးကို တွေ့မိကြပါသလား။ နွားနီကြီးကို တွေ့မိကြပါသလား"ဟူ၍ လူတို့ကို မေးမြန်းရာ၏။ မေးမြန်းသည်ဟု ဆိုကြပါစို့။ ယင်းသို့ မေးချေသော် "ဒီနယ်မြေမှာတော့ ဖြူတဲ့နွားတွေကို လိုက်ပြီးရှောက်နေရင် ကုန်ဆုံးမှာမဟုတ်ဘူး။

သင့်နွားရဲ့အမှတ်အသား လက္ခဏာက ဘာလဲ''ဟူ၍ ပြန်လည်မေးမြန်းကြရာ၏။

ထိုအခါ ''ကျွန်ုပ် နွားက ချိုသန်ကြီးဗျ၊ သို့မဟုတ် ချိုကထွန်ကိုင်းနဲ့တူတယ်ဗျ''ဟူ၍ ထိုနွားပျောက်သူက [နွား၏အမှတ်လက္ခဏာကို] ဆိုခဲ့ပါလျှင် ကောင်းမြတ်ပြည့်စုံသော စကားမည်တော့၏။

ထို့အတူပင် ဤအဝိဇ္ဇာကို ၈-ပဒတို့ဖြင့် ဆိုထားခဲ့ပမင့် ၂၅-ပဒတို့ဖြင့် မှတ်သားကြောင်းလက္ခဏာကို မပြဆိုဘဲ ထားပါက ကောင်းမြတ်ပြည့်စုံသော စကားရပ်သည် အကြင့်ကြောင့် မဖြစ်နိုင်။ ထို့ကြောင့် ထိုအဝိဇ္ဇာ၏လက္ခဏာကို ဖော်ပြခြင်းငှာ အကြင် ၂၅-ပဒတို့ကို ဟောဆိုထား၏။ ထို ၂၅-ပဒတို့နှင့် စပ်သဖြင့်လည်း သိသင့် သိအပ်သေး၏။ ယင်း ၂၅-ပဒတို့ကား

၁။ 'ဉာဏ'ဟူသည်မှာ ပညာတည်း။ ထိုဉာဏ်ဟူသော ပညာမျိုးသည် အဆင့်ဆင့်သောအကျိုးကို၊ ငါ၊မဖောက်ပြန်သည့် အနက်ကို၊ အဆင့်ဆင့်သော မဖောက်ပြန်သောအကြောင်းကို၊ သစ္စာ ၄ ပါးကို သိရှိလာအောင်၊ ထင်ရှားလာအောင် ပြုတတ်၏။ ဆန့်ကျင်ဘက်သော်ကား ဤအဝိဇ္ဇာဖြစ်လာပါက ထိုအဆင့်ဆင့်အကျိုး စသည်တို့ကို သိရှိလာအောင်၊ ထင်ရှားလာအောင် ပြုခွင့်မပေး။ ယင်းသို့လျှင် ဉာဏ်နှင့်ဆန့်ကျင်သောကြောင့် အဝိဇ္ဇာသည် 'အဉာဏ'။

၂။ 'ဒဿန'ဟူသည်မှာလည်း ပညာပင်တည်း။ ထိုဒဿနဟုခေါ်သော ပညာမျိုးသည် ထိုအဆင့်ဆင့်သောအကျိုး စသည့်အခြင်းအရာကို ရှုမြင်၏။ ဆန့်ကျင်ဘက်ကား ဤအဝိဇ္ဇာဖြစ်လာ

ပါက ထိုအဆင့်ဆင့်သောအကျိုး စသည့်အခြင်းအရာကို ရှုမြင်ခွင့် မပြု။ ထို့ကြောင့် အဝိဇ္ဇာသည် 'အဒဿန'။

၃။ 'အဘိသမယ' ဟူသည်မှာလည်း ပညာပင်တည်း။ ထို အဘိသမယဟုခေါ်သော ပညာမျိုးသည် ထိုအဆင့်ဆင့်သော အကျိုးစသည့် အခြင်းအရာကို သိတတ်၏။ ဆန့်ကျင်ဘက်ကား ဤအဝိဇ္ဇာ ဖြစ်သောပါက ထိုအဆင့်ဆင့်သောအကျိုး စသည့် အခြင်းအရာကို သိခွင့်မပြု။ ထို့ကြောင့် 'အနဘိသမယ'။

၄၊ ၅၊ ၆။ 'အနုဗောဓ၊ သမ္ဗောဓ၊ ပဋိဝေဓ' ဟူသည်မှာ လည်း ပညာပင်တည်း။ ထိုအနုဗောဓ၊ သမ္ဗောဓ၊ ပဋိဝေဓဟု ခေါ်သော ပညာမျိုးသည် ထိုအဆင့်ဆင့်သော အကျိုးစသည့် အခြင်းအရာကို လျော်ကန်စွာသိ၏၊ အနိစ္စစသည်ဖြင့် သိ၏။ ထိုးထွင်း၍ သိ၏၊ ဆန့်ကျင်ဘက်ကား ဤအဝိဇ္ဇာ ဖြစ်လာပါမူ ထိုအဆင့်ဆင့်သော အခြင်းအရာစသည်ကို လျော်ကန်စွာ သိခြင်းငှာ၊ အနိစ္စစသည်ဖြင့် သိခြင်းငှာ၊ ထိုးထွင်းသိခြင်းငှာ ခွင့်မပြု၊ ထို့ကြောင့် 'အနနုဗောဓ၊ အသမ္ဗောဓ၊ အပ္ပဋိဝေဓ'။

၇။ 'သင်္ဂါဟနာ' ဟူသည်လည်း ပညာပင်တည်း။ ထိုသင်္ဂါဟနာ ဟူသော ပညာမျိုးသည် ထိုအခြင်းအရာကို စိတ်ထဲသို့ ထည့်သွင်း၍၊ ညှစ်၍ယူတတ်၏။ ဆန့်ကျင်ဘက်ကား အဝိဇ္ဇာ ဖြစ်လာပါမူ ထိုအခြင်းအရာကို စိတ်ထဲသို့ ထည့်သွင်း၍၊ ညှစ်၍ ယူမသွားတော့ပေ။ ထို့ကြောင့် 'အသင်္ဂါဟနာ'။

၈။ 'ပရိယောဂါဟနာ' ဟူသည်လည်း ပညာပင်တည်း။ ထိုပရိယောဂါဟနာ ဟူသော ပညာမျိုးသည် ထိုအခြင်းအရာသို့ [အသိဉာဏ်ဖြင့်] သက်ဝင်၍ ယူတတ်၏။ ဆန့်ကျင်ဘက်ကား

အဝိဇ္ဇာဖြစ်လာပါက ထိုအခြင်းအရာသို့ သက်ဝင်၍ ယူ[illegible]ခွင့် မပေးတော့။ ထို့ကြောင့် 'အပရိယောဂါဟနာ'။

၉။ 'သမဓပေက္ခနာ' ဟူသည်လည်း ပညာပင်တည်း။ ထိုသမ ပေက္ခနာဟူသော ပညာမျိုးသည် ထိုအခြင်းအရာကို ကောင်းစွာ လျှင် ရှု၏။ ဆန့်ကျင်ဘက်ကား အဝိဇ္ဇာဖြစ်လာပါမူ ထိုအခြင်း အရာကို အညီအမျှ ရှုခွင့်၊ ကောင်းစွာ ရှုခွင့် မပေးတော့ချေ။ ထို့ကြောင့် 'အသမပေက္ခနာ'။

၁၀။ 'ပစ္စဝေက္ခနာ'ဟူသည်လည်း ပညာပင်တည်း။ ထိုပစ္စ ဝေက္ခနာဟူသော ပညာမျိုးသည် ထိုအခြင်းအရာကို ထပ်တလဲလဲ ရှု၏။ ဆန့်ကျင်ဘက်ကား အဝိဇ္ဇာဖြစ်လာပါမူ ထိုအခြင်း အရာကို ထပ်တလဲလဲရှုခွင့် မပေးတော့။ ထို့ကြောင့် 'အပစ္စ ဝေက္ခဏာ'။

၁၁။ ထိုအဝိဇ္ဇာအား မျက်မှောက်ပြုအပ်သော ကံအမှု တစုံ တခုမျှ မရှိ။ မိမိကလည်း မစူးစမ်းဘဲ၊ မဆင်ခြင်ဘဲ အမှုကို ပြု၏။ ထို့ကြောင့် 'အပစ္စက္ခကမ္မ'။

၁၂။ ပညာ၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် 'ဒုမ္မေဇ္ဈ'။

၁၃။ မိုက်မဲလှသော စိတ်ဖြစ်သည့်အတွက်ကြောင့် 'ဗာလျ'။

၁၄။ 'သမ္ပဇည'ဟူသည်လည်း ပညာပင်တည်း။ ထိုသမ္ပဇည ဟူသော ပညာမျိုးသည် အဆင့်ဆင့်သော အကျိုးကို၊ ဝါ၊ မဖောက်ပြန်သောအနက်ကို၊ အဆင့်ဆင့်သော အကြောင်းကို၊ ဝါ၊ မဖောက်ပြန်သော အကြောင်းကို၊ သစ္စာ ၄ ပါးကို အပြား အားဖြင့် ကောင်းစွာ သိ၏။ ဆန့်ကျင်ဘက်ကား အဝိဇ္ဇာဖြစ် လာပါက ထိုအခြင်းအရာကို အပြားအားဖြင့် ကောင်းစွာ သိခွင့် မပေးတော့။ ထို့ကြောင့် 'အသမ္ပဇည'။

၁၅။ အာရုံ၌ တွေဝေသောကြောင့် 'မောဟ'။

၁၆။ အာရုံ၌ တွေဝေမှုအားကြီးသောကြောင့် 'ပမောဟ'။

၁၇။ ပြင်းစွာ တွေဝေသောကြောင့် 'သမ္မောဟ'။

၁၈။ ရယူထားဘို့ရန် မထိုက်တန်သော အဝိန္ဒယခေါ် ကာယ ဒုစရိုက် စသည်ကို ရယူထားသောကြောင့် 'အဝိဇ္ဇာ'။

၁၉။ ဘဝသံသရာဝဋ်ဆင်းရဲ၌ နှစ်မွန်းစေတတ်သောကြောင့် 'အဝိဇ္ဇောဃ'။

၂၀။ သတ္တဝါတို့ကို သံသရာဝဋ်ဆင်းရဲ၌ ယှဉ်တွဲပူးကပ်စေတတ်သောကြောင့်လည်း၊ 'အဝိဇ္ဇာယောဂ'။

၂၁။ မပယ်သတ်ကြရသေးသည့် အတွက်ကြောင့်လည်း၊ ထပ်တလဲလဲ ဖြစ်ပေါ်စေတတ်သောကြောင့်လည်း 'အဝိဇ္ဇာနုသယ'။

၂၂။ လမ်းခရီး၌ ထကြွသော သောင်းကျန်းသူ လူဆိုးသည် ခရီးသည်တို့ကို လုယက် ဖျက်ဆီးကြသကဲ့သို့ ကုသိုလ်စိတ်ကို ဖျက်ဆီးတတ်၏။ ထို့ကြောင့် 'အဝိဇ္ဇာပရိယုဋ္ဌာန'

၂၃။ မြို့တံခါးရှိ တံခါးကျည် မင်းထုပ်ကိုချထားသော် [တံခါးပိတ်ထားသော်] မြို့တွင်းရှိလူတို့ မြို့ပြင်သို့ ထွက်ခြင်းသည်လည်း၊ မြို့ပြင်ရှိ လူတို့ မြို့တွင်းသို့ ဝင်ရောက်ခြင်းသည်လည်း၊ အဆက်ပြတ် သွားဘိသို့ ထို့အတူ အကြင်သူ၏ ကိုယ်ကာယဟူသော မြို့၌ ဤအဝိဇ္ဇာသည် ကျရောက်လာအံ့၊ ထိုသူအား နိဗ္ဗာန်သို့ ရောက်စေတတ်သည့် ဉာဏ်တည်းဟူသော အသွားအလာ အဝင် အထွက်သည် ပြတ်စဲသွားတော့၏။ ထို့ကြောင့် 'အဝိဇ္ဇာလင်္ဂီ'။

၂၄။ အကုသိုလ်လည်းဟုတ်၏။ အရင်းမူလလည်း ဟုတ်၏။ တနည်း အကုသိုလ်တို့၏ အရင်းမူလ ပင်မ ဇစ်မြစ် ဖြစ်၏။

ထို့ကြောင့် 'အကုသမူလ'။ ထိုအကုသလမူလဟူသည်မှာ အခြားမဟုတ်။ ဤ၌ အလိုရှိအပ်သော မောဟတည်း။ ထို့ကြောင့် မောဟသည် 'အကုသလမူလ'တည်း။

[မူရင်း ဓမ္မသင်္ဂဏီ ပါဠိတော်၌ကား 'မောဟ'ဟူသော ပုဒ်ကို (၂)ကြိမ်ထပ်ဟောထား၏၊ ထို့ကြောင့် ၂၅ ပဒဖြစ်၏၊ သို့သော် ဤအဋ္ဌကထာ၌ကား မောဟကို တကြိမ်တည်းသာ ဖွင့်ပြထား၏။ ထို့ကြောင့် ၂၄ ပဒသာ ရှိ၏]

ယင်းသို့ လက္ခဏာရှိသော ဤသဘောတရားကို 'အဝိဇ္ဇာ'ဟု ဆိုအပ်၏၊ ယင်းသို့လျှင် ၂၅ ပဒဖြင့် အဝိဇ္ဇာ၏ လက္ခဏာကို သိအပ်၏။ သိနိုင်၏။ သိအောင် ကြိုးပမ်းသင့်၏၊ သိအောင် ကြိုးပမ်းကြပါလေ။

'ယင်းသို့ လက္ခဏာရှိသည့် အဝိဇ္ဇာသည် ဒုက္ခသစ္စာ စသည်တို့၌ [သိစရာများကို] မသိမှုပင် ဖြစ်၏'ဟူ၍ ဆိုထားသော်လည်း ဒုက္ခသစ္စာ၏ တစိတ်တဒေသမျှသာ ရှိသေး၏။ [ထိုအဝိဇ္ဇာသည်] ဒုက္ခသစ္စာနှင့် အတူတကွ ဖြစ်၏။ ထိုဒုက္ခသစ္စာကို အာရုံပြု၏။ ဖုံးလွှမ်းထား၏။ သမုဒယ သစ္စာ၏ တစိတ်တဒေသ မဟုတ်။ သမုဒယသစ္စာနှင့် အတူတကွသော်ကား ဖြစ်၏၊ ထိုသမုဒယသစ္စာကို အာရုံပြု၏၊ [သမုဒယ၏အဖြစ်မှန် အပြင်အတန်တနာကို] ဖုံးလွှမ်းထား၏။

[ထိုအဝိဇ္ဇာသည်] နိရောဓသစ္စာ၏ တစိတ်တဒေသလည်း မဟုတ်၊ နိရောဓနှင့် အတူလည်း မဖြစ်။ ထိုနိရောဓကို အာရုံလည်း မပြုနိုင်။ ဖုံးလွှမ်းသားကာမျှ သက်သက် ဖြစ်၏၊ မဂ္ဂသစ္စာ၏ တစိတ်တဒေသ မဟုတ်လည်းမဟုတ်၊ အတူတကွလည်း မဖြစ်။

အာရုံလည်းမပြုနိုင်။ ထိုမဂ္ဂသစ္စာကို ဖုံးလွှမ်းထားကာမျှသက်သက်ဖြစ်၏။

ဆင်းရဲခြင်း ဒုက္ခဟူသောအာရုံ ရှိသည့်အတွက်ကြောင့် အဝိဇ္ဇာသည် ဖြစ်လာ၏။ ထိုဒုက္ခသစ္စာကိုလည်း ဖုံးလွှမ်းထား၏။ ဆင်းရဲရခြင်းအကြောင်းရင်း သမုဒယအာရုံ ရှိသည့်အတွက်ကြောင့် အဝိဇ္ဇာ ဖြစ်လာ၏။ ထိုသမုဒယကိုလည်း ဖုံးလွှမ်းထား၏။ ဒုက္ခချုပ်ရာ နိရောဓသစ္စာဟူသော အာရုံရှိသည့်အတွက်ကြောင့် အဝိဇ္ဇာသည် ဖြစ်မလာ။ ထိုနိရောဓသစ္စာကိုသော်ကား ဖုံးလွှမ်းထား၏။ ဒုက္ခငြိမ်းရန် အကျင့်မှန် မဂ္ဂသစ္စာဟူသော အာရုံရှိသည့်အတွက်ကြောင့် အဝိဇ္ဇာသည် မဖြစ်။ ထိုမဂ္ဂသစ္စာကို သော်ကား ဖုံးလွှမ်းထား၏။

[နိရောဓ၊ မဂ္ဂဟူသော] သစ္စာ ၂ ပါးသည် မြင်နိုင်ခဲသည့်အတွက်ကြောင့် နက်နဲကုန်ဘိ၏၊ သစ္စာ ၂ ပါးတို့သည် နက်နဲသည့်အတွက်ကြောင့် မြင်နိုင်ခဲကြ၏။ တနည်း ဒုက္ခချုပ်ရာ နိရောဓသစ္စာဟူသော အရိယသစ္စာသည် နက်လည်း နက်နဲဘိ၏။ မြင်လည်း မြင်နိုင်ခဲလှ၏၊

သစ္စာ ၄ ပါးတို့အနက် ဒုက္ခသစ္စာသည် ထင်ရှား၏။ သို့သော် လက္ခဏာကို မြင်နိုင်သည့်အတွက်ကြောင့် နက်နဲသည် မည်၏။ သမုဒ္ဒယသစ္စာလည်း ထို့အတူသာတည်း။

ဥပမာ၊ မဟာသမုဒ္ဒရာကြီးကို ညှစ်၍၊ နယ်ဖတ်၍ အဆီအနှစ်ကို ထုတ်ယူရသောအလုပ်သည် တာဝန်ကြီးလှဘိသို့၊ မြင့်မိုရ်တောင်ခြေမှ သဲကို သွားရောက်ယူဆောင်လာရမည့်အလုပ်သည် တာဝန်ကြီးလှသည့်ပမာ၊ တောင်ကိုညှစ်၍၊ နယ်ဖတ်၍ အရည်ကို ထုတ်ယူရမည့်အလုပ်သည် ဝန်လေးလှသည့်နှယ်၊ ထို့အတူပင်

၂ ပါးသောသစ္စာတို့သည် [သဘောတရားအားဖြင့်] နက်ရှိုင်းလှသည့်အတွက်ကြောင့်ပင်လျှင် မြင်နိုင်ခဲကြ၏။

နိရောဓသစ္စာသော်တမူကား အလွန်လည်း နက်ရှိုင်းဘိ၏။ အလွန်လည်း မြင်နိုင်ခဲစွာ၏။ ထိုသို့ မြင်နိုင်ခဲသည့်အတွက်ကြောင့် နက်ရှိုင်းကုန်သော၊ နက်ရှိုင်းသည့်အတွက်ကြောင့် မြင်နိုင်ခဲကြသော အရိယသစ္စာ ၄ ပါး အမှန်တရားတို့ကို ဖုံးလွှမ်းထားတတ်သော၊ မောဟဟုဆိုအပ်သည့် အမှောင်ထုကြီးဖြစ်သော ဤသဘောတရားကိုပင်လျှင် 'အဝိဇ္ဇာ' ဟု ဆိုအပ်သည်တည်း။

အဝိဇ္ဇာပုဒ်၏ အကျယ်တဝင့် အဖွင့်စကားရပ် ဤတွင် အပြီးသတ်ပြီတည်း။

# ဝိဘင်းအဋ္ဌကထာ မြန်မာပြန် (သင်္ခါရ၏အဖွင့်)

သင်္ခါရပုဒ်၌ နောက်နားကဆိုခဲ့သော သင်္ခါရအမျိုးမျိုးရှိသည့် အနက် သင်္ခါရသဒ္ဒါဖြင့် လာရှိသော သင်္ခါရများကို မသုံးသပ်တော့ဘဲ၊ ဝါ၊ ထပ်မပြတော့ဘဲ အဝိဇ္ဇာကြောင့် ဖြစ်လာသော သင်္ခါရသဒ္ဒါတို့ကိုသာ ဟောပြလိုသော ဗုဒ္ဓသည် "ထိုတွင် အဝိဇ္ဇာဟူသောအကြောင်းကြောင့် [ဖြစ်လာကြသော]သင်္ခါရတို့ ဟူသည် အဘယ်တို့နည်း။ ပုညာဘိသင်္ခါရ"စသည့် စကားရပ်ကို မိန့်ပြီ။

၁။ ထိုတွင် မိမိကို ပြုလုပ်သူအား ဖြူစင်စေ၏။ တနည်း ထိုပြုသူ၏ လိုအင်ဆန္ဒ အဇ္ဈာသယများကို ပြည့်ဝစေ၏။ တနည်း ဖြူစင်မြင့်မြတ်သော ဘဝကို ဖြစ်ပေါ်စေ၏။ ရောက်ရှိစေ၏။ ထို့ကြောင့် 'ပုည'။ နာမ်ဟူသော အကျိုးတရား၊ ကဋတ္တာရုပ် ဟူသော အကျိုးတရားကို ပြုလုပ်တတ်၊ ပေးအပ်တတ်၏။ ထို့ကြောင့်'အဘိသင်္ခါရ'။ ပုညသာလျှင်ဖြစ်သော အဘိသင်္ခါရသည် 'ပုညာဘိသင်္ခါရ'။

၂။ ပုည၏ဆန့်ကျင်ဘက်'အပုည'။ အပုညသာလျှင်ဖြစ်သော အဘိသင်္ခါရသည် အပုညာဘိသင်္ခါရ။

၃။ မလှုပ်ရှားတတ်သောကြောင့် 'အာနေဉ္ဇ'။ အာနေဉ္ဇသာလျှင်ဖြစ်သော အဘိသင်္ခါရသည် 'အာနေဉ္ဇာဘိသင်္ခါရ'။ တနည်း မလှုပ်ရှားသော၊ မချောက်ချားသော ဘဝကို ပြုတတ်

ပေးအပ်တတ်၏။ ထို့ကြောင့် 'အာနေဉ္စာဘိသင်္ခါရ' မည်၏။
[ပဌမ တိက]

၁၊ ၂၊ ၃။ ကိုယ်ကာယဖြင့် ဖြစ်စေအပ်၊ ပြုလုပ်အပ်သော ကောင်းမှု၊ မကောင်းမှု။ တနည်း ကိုယ်ကာယကြောင့် ဖြစ်ပေါ်လာသောကောင်းမှု၊ မကောင်းမှု။ တနည်း ကိုယ်ကာယ၏ ကောင်းမှု၊ မကောင်းမှု မှန်သမျှသည် 'ကာယသင်္ခါရ' ဟူသော အမည်ရ၏။ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရတို့လည်း နည်းတူ၏။
[ဒုတိယ တိက]

ထိုတွင် ပဌမ တိကကို[သံယုတ္တနိကာယ၊ပဌမအုပ်၊စာမျက်နှာ ၃၀၀ ရှိ]'ပရိဝီမံသန'သုတ်၌ ဟောပြထား၏။ ရှုဦးအံ့။ ထိုသုတ်၌ "ကောင်းသောအမှုကို အကယ်၍ ပြုငြားအံ့။ ယင်းသို့ ပြုသော် ကုသိုလ်ကြောင့်ဖြစ်သောဝိညာဏ် ဖြစ်လာ၏။ မကောင်းမှုကို အကယ်၍ ပြုငြားအံ့။ ယင်းသို့ ပြုသော် အကုသိုလ်ကြောင့် ဖြစ်သော ဝိညာဏ် ဖြစ်လာ၏။ မတုန်လှုပ်သော အာနေဉ္စအမှုကို ပြုအံ့။ ယင်းသို့ ပြုသော် အာနေဉ္စကုသိုလ်ကြောင့် ဖြစ်သော ဝိညာဏ် ဖြစ်လာ၏"ဟူ၍ ဟောထားတော်မူ၏။

ဒုတိယ တိကကိုသော်ကား ယိုသုတ်၏အခြားမဲ့ရှိ ဝိဘင်္ဂသုတ်၌ ဟောထား၏။ [မဇ္ဈိမနိကာယ်၊ ပဌမအုပ်၊ စာမျက်နှာ ၆၇ ရှိ] 'သမ္မာဒိဋ္ဌိ' သုတ်၌လည်း ဟောထား၏ဟု ဆိုသင့်သည်သာ။ ရှုဦးအံ့။ ထိုသုတ်၌ "ရဟန်းတို့၊ ဤသင်္ခါရတို့ဟူသည် ၃ ပါး ရှိသတည်း၊ အဘယ်နည်းဟူမူ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရတည်း"ဟူ၍ ဟောထားတော်မူ၏။

အဘယ်ကြောင့် ထိုပရိဝီမံသနသုတ်၊ သမ္မာဒိဋ္ဌိသုတ်တို့၏ အစွမ်းဖြင့် ထိုသင်္ခါရတို့ကို ယူအပ် ဟောအပ်လေသနည်း။

ဤအဘိဓမ္မာ ဒေသနာတော်ကို ယခုမှသာ ဟောထားသည် မဟုတ်။ သာသနာ့ပြင်ပ ရသေ့များက ဖြစ်စေ၊ ဗုဒ္ဓသာဝကများက ဖြစ်စေ၊ နတ်များက ဖြစ်စေ ဟောထားသည်လည်း မဟုတ်။ အဟုတ်ကေန် အမှန်သော်ကား 'ဤအဘိဓမ္မာသည် သဗ္ဗညုဗုဒ္ဓ ကိုယ်တော်တိုင် ဟောတားချက် အစစ်ကေန် ဖြစ်၏။ မှန်၏။ အဘိဓမ္မာ၌ ဖြစ်စေ၊ သုတ္တန်၌ဖြစ်စေ ဟောပြအပ်သော ပါဠိ တော်သည် ထပ်တူထင်မျှသာ ဖြစ်၏' ဟူသော အဓိပ္ပာယ်ကို ပြဆို ခြင်းငှာ [ထိုပရိဝိမံသနသုတ်၊ ဝိဘင်္ဂသုတ်တို့၏ အစွမ်းဖြင့် ထိုသာဓကတို့ကို ဟောကြားအပ်၏။]

[ဤတွင် 'အဘိဓမ္မာ ဒေသနာတော်ကို ဗုဒ္ဓဟောသည်'ဟု လုံးဝ မယုံကြည်သူ၊ သိပ်ပြီး မယုံကြည်သူတို့အတွက် ဖော်ပြ သင့်သော စကားများ ပြန်ဆိုသူတွင် အထိုက်အသင့် ရှိထားလင့် ကစား အကျယ်တဝင့် အသင့်ယုတ္တိတန်သည်နှင့်အမျှ လိပ်ပတ် လည်အောင် မဖော်ပြသာသဖြင့် ဤတွင် မပြဆိုသေးပါ။ သို့သော် ထိုအယူအဆနှင့် သံသယရှိထားသူတို့အား အောက်ပါ မေးခွန်းနှစ်ခုကို မေးချင်၏။ ဖြေကြည့်စမ်းပါလေ။

(၁) ဘာသာရေးသမိုင်းတလျှောက်လုံးတွင် ဗုဒ္ဓ၏ သုတ္တ၊ ဝိနယတို့နှင့် အဆင့်အတန်းလည်း ညီမျှသော ပြည့်စုံသည်နှင့် အမျှ ကျယ်လည်း ကျယ်ဝန်းသော ဒေသနာတရားဓမ္မကို ဗုဒ္ဓ မပွင့်ပေါ်မီက ဘုရားဟု အသိအမှတ်ပြုအပ်သော ပုဂ္ဂိုလ် တဦး တယောက်က ဖြစ်စေ၊ ဗုဒ္ဓပွင့်ပြီးနောက် ရာစုနှစ်ပေါင်း အတော် ရောက်လာမှ ပေါ်လာကြသော ဘုရားတဆူဆူက ဖြစ်စေ ဟောကြားထားသည်ကို တွေ့ဘူးကြပါသလား။

(၂) တွေးခေါ်မြော်မြင်ရေး ရှုဒေါင့်မှကြည့်လျှင် သုတ္တန္တနှင့် ဝိနယတို့ထက် အဆနှင့် အတန်း မြင့်မားနက်ရှိုင်းသည်နှင့်အမျှ ဗုဒ္ဓ၏ တခုတည်းသော ဦးတည်ချက် 'ဝိမုတ္တိရသ ဘဝလွတ်မြောက်ရေး' သို့လည်း ဆိုက်ရောက် သွားလေအောင်၊ အတွေးအခေါ်နှင့် ပတ်သက်လာလျှင် ကမ္ဘာ့ပညာရှိ အမည်ခံ သူတို့မှန်သမျှ၏ ရင်သပ်ရှုမော အံ့ဩချီးကျူးမှုကိုလည်း ခံယူနိုင်လောက်အောင် ဤမည်သော အဘိဓမ္မာပိဋကကို အဘယ်မည်သောသူက (ဆိုကြပါစို့ရဲ့ အဘယ်မည်သော ဘုရား၏ တိုးအေက) မိမိ ဟောခဲ့ပါမည်ဟု အမည်ခံယူမှုကိုသော်မျှ မပြုဘဲ ဗုဒ္ဓကိုယ်စား ဟောကြားထားခဲ့ပါသနည်း။]

၂။ ပုညာဘိသင်္ခါရဆိုတာ ဘယ်ဟာလဲ စသည်။

ယခုအခါ သင်္ခါရသဒ္ဒါတို့ကို အပြားအားဖြင့် ဖော်ပြခြင်းငှာ "တတ္ထကတမော ပုညာဘိသင်္ခါရော ထိုသုံးပါးတို့အနက် ပုညာဘိသင်္ခါရ ဟူသည် အဘယ်ဟာနည်း" စသည်ကို ဗုဒ္ဓ မိန့်ဆိုခဲ့ပြီ။ ထိုတွင် 'ကုသိုလ်စေတနာ' ဟူသည်မှာ အနိယမအားဖြင့် ကာမ၊ ရူပ၊ အရူပ၊ လောကုတ္တရ ဟူသော ဘုံ ၄ ပါး၌ အကျုံးဝင်သည့် စေတနာကိုဆို၏။ ကာမာဝစရ၊ ရူပါဝစရဟု သတ်မှတ်ထားသည့် အတွက်ကြောင့်သော်ကား ကာမကုသိုလ်စေတနာ ၈၊ ရူပကုသိုလ် စေတနာ ၅၊ ပေါင်း ၁၃ ပါးသော စေတနာသည် 'ပုညာဘိသင်္ခါရ' ဟူသော အမည်ရ၏။

"ဒါနမယ ဒါနဖြင့်ပြီးသော စေတနာ"စသော စကားရပ်ဖြင့် [ပြဆိုထားချက်ကား] လှူဒါန်းမှု ဒါနစသော ပုညကြိယာဝတ္ထုတို့၏ အစွမ်းဖြင့် ထိုစေတနာတို့၏ ဖြစ်လာခြင်းကိုပင်လျှင် ပြဆိုအပ်၏။ ထိုဒါနမယ၊ သီလမယ၊ ဘာဝနာမယတို့ အစွမ်း

အားဖြင့်ဖြစ်သော ကုသိုလ်စေတနာတို့အနက် ကာမကုသိုလ် စေတနာ ၈ ခု တို့သည်သာ 'ဒါနမယ၊ သီလမယ'တို့ ဖြစ်ကြ၏။ 'ဘာဝနာမယ'ကုသိုလ်စေတနာတို့ကား ကာမ-၈၊ ရူပ-၅ အားဖြင့် ၁၃ ပါးတို့တည်း။

မှန်၏။ အလေ့အလာပြုထားသော တရားကို [အာဂုံဆောင် ကျက်မှတ်ထားသော စာပေကို] ပြန်လည် ရွတ်ဘတ်သရဇ္ဈာယ် သူသည် အနုသန္ဓေ တခုနှစ်ခု [စာကြောင်း တခုနှစ်ခု] သို့တိုင် ရောက်သွားသော်လည်း [ရပြီးသားစာဖြစ်၍ အမှတ်တမဲ့ ဆိုသွားသဖြင့် ပါးစပ်က ဆိုသွားသော်လဲ စိတ်ထဲက] မသိ။ ပြန်လည် ဆင်ခြင်ကြည့်မှသာ သိသကဲ့သို့၊ ထို့အတူ ကသိုဏ်းပရိကမ်ကို ဆီးဖြန်းသူ၊ အလေ့အလာပြုပြီးသော ကမ္မဋ္ဌာန်းကို ပြန်လည် နှလုံးသွင်းသူအား ဉာဏ်မပါသော (ဝါ၊ သတိမထားမိသော) ပွားများမှု ဘာဝနာသည် ဖြစ်နိုင်၏။ ထို့ကြောင့် 'ဘာဝနာမယ ကုသိုလ်စေတနာတို့ကား ၁၃ ပါး'ဟု ဆိုခဲ့ခြင်း ဖြစ်၏။

'ဒါနမယ စသည်တို့တွင်'အလှူဒါနကိုအကြောင်းပြုပြီး၊ အလှူဒါနကို အစွဲပြုပြီး အကြင်စေ့ဆော်မှု စေတနာသည်၊ အကြင် ကောင်းစွာ စေ့ဆော်မှု သဉ္စေတနာသည်၊ အကြင် စေတနာနှင့် ပြည့်ဝသူ၏ အဖြစ်သည် ဖြစ်ပေါ်လာ၏။ ယင်း စေတနာကို 'ဒါနမယ ပုညာဘိသင်္ခါရ' ဟု ဆိုအပ်၏။

'အကျင့်သီလကို အကြောင်းပြုပြီး (လ) ဘာဝနာကို အကြောင်းပြုပြီး၊ ပွားများမှု ဘာဝနာကို အစွဲပြုပြီး၊ အကြင် စေ့ဆော်မှု စေတနာသည်၊ အကြင်ကောင်းစွာ စေ့ဆော်မှု သဉ္စေတနာသည်၊ အကြင် စေတနာနှင့် ပြည့်စုံသူ၏ အဖြစ်သည် ဖြစ်ပေါ်လာ၏။ ယင်း စေတနာကို'ဘာဝနာမယ ပုညာဘိသင်္ခါရ'

ဟု ဆိုအပ်၏'' ဟူသော [အဘိဓမ္မာ ပိဋက၊ ဝိဘင်းပါဠိတော်၊ စာမျက်နှာ ၃၃၇ ရှိ] ဤဟောကြားချက်ကား အကျဉ်းချုပ် စေတနာ ဖြစ်၏။

အကျယ်တဝင့် အဖွင့်စကားရပ်သော်ကား [ဝိနည်းပိဋက အလိုအားဖြင့်] ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ပစ္စည်း ၄ ပါး ထဲမှ တပါးပါးသော လှူဖွယ်ကို ဖြစ်စေ၊ [အဘိဓမ္မာ ပိဋက အလိုအားဖြင့်] ရူပါရုံစသော အာရုံ ၆ ပါးထဲက တပါးပါးသော လှူဖွယ်ကိုဖြစ်စေ၊ [သုတ္တန် ပိဋကအလိုအားဖြင့်] ထမင်း၊ အဖျော် ယာမကာ၊ အိမ်စသော လှူဖွယ်ဝတ္ထု ၁၀ ခုတို့ အနက် တပါးပါး သော လှူဖွယ်ကို ဖြစ်စေ၊ ပေးကမ်းလှူဒါန်းသူအား ထိုထိုလှူစရာ ဒါနဝတ္ထုများ ဖြစ်ပေါ်မလာမီ၊ ရရှိမလာမီ ရှေ့ပိုင်းကာလ၊ ပေးကမ်းလှူဒါန်းဆဲကာလ၊ [အလှူဒါနအထမြောက်သွားသဖြင့်] ဝမ်းမြောက်သောစိတ်ဖြင့် [တစိမ့်စိမ့် ပီတိဗြိမ့်ကာ ဗြိမ့်ကာ] ပြန်လည်ဆင်ခြင်တွေးတောသော နောက်ပိုင်းကာလ ဟူသော ကာလ ၃ ပါး၊ အချိန် ၃ ချိန်တို့အနက် [တချိန်ချိန်တွင်] ဖြစ်ပေါ် လာသော စေတနာသည် 'ဒါနမယ' ဟူသော အမည်ရ၏။

၂။ အကျင့်သီလကို ဖြည့်ကျင့်ဘို့ရန် [ဥပုသ်စောင့်ရန်] ရှင်ရဟန်းပြုတော့မည် [ဥပုသ်စောင့်တော့မည်] ဟူသော ရည်ရွယ် ချက်ဖြင့် ရွာဦးကျောင်းသို့သွားသူ၊ ရှင်ပြုခွင့်၊ ရဟန်းခံခွင့်ရပြီး သူအား ပေါ်ပေါက်လာသော စေတနာသည် 'သီလမယ'။ စိတ်အလိုဆန္ဒ အပြီးတိုင် ရောက်ရှိသွားသည့် အတွက်ကြောင့် 'ငါတမူကား ကောင်းမွန်စွာ ရှင်ရဟန်းပြုရပေပြီ။ ဝါ၊ ငါတော့ ဖြင့် ဥပုသ်စောင့်ခြင်းကိစ္စ အထမြောက်သွားပြီ' ဟု ပြန်လည် ဆင်ခြင်သူအား ဖြစ်ပေါ်လာသော စေတနာသည် 'သီလမယ

စေတနာ’။ ပါတိမောက္ခသံဝရသီလကို စောင့်ထိန်းသော ရဟန်း၊ သင်္ကန်းစသည့် အသုံးအဆောင်ပစ္စည်း ၄ ပါးကို ပစ္စဝေက္ခဏာ တင်၍ ဆင်ခြင်သုံးဆောင်သော ရဟန်း၊ ရှုပါရုံ စသည်တို့ ဖြစ်ပေါ်လာခဲ့သော်၊ ဝါ၊ တွေ့မြင်ကြုံကြိုက်လာသော် စက္ခုဒွါရစသည်ကို စောင့်ထိန်းသော ရဟန်း၊ အသက်မွေးဝမ်းကျောင်းကို [သန့်စင်မှန်မြတ်အောင်]သုတ်သင်သော ရဟန်းအား ဖြစ်ပေါ်လာသော စေတနာသည် ‘သီလမယ စေတနာ’ဟူသောအမည် ရ၏။

၃။ ပဋိသမ္ဘိဒါမဂ္ဂ ပါဠိတော် [ခုဒ္ဒကနိကာယ်၊ နဝမအုပ် စာမျက်နှာ ၄၇]၌ ပြဆိုထားသော ဝိပဿနာလမ်းစဉ်ဖြင့် မျက်စေ့ကို ‘အမြဲမရှိ ဆင်းရဲ၏။ အစိုးမရ အနှစ်သာရမရှိပါတကား’ဟူ၍ ပွားများသူအား ဖြစ်ပေါ်လာသော စေတနာသည် ‘ဘာဝနာမယ’။ ရူပါရုံ(လ)ဓမ္မာရုံ။ မျက်စေ့အသိ(လ)စိတ်အသိ၊ မျက်စေ့အထိအတွေ့ လ၊ စိတ်အထိအတွေ့၊ မျက်စေ့အတွေ့ကြောင့်ဖြစ်သော ခံစားမှု၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်အထိအတွေ့ကြောင့်ဖြစ်သော ခံစားမှု၊ ရူပါရုံကို မှတ်သားမှု၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံကို မှတ်သားမှု၊ အိုမှု၊ သေမှုကို ‘အမြဲမရှိ။ ဆင်းရဲ၏၊ အစိုးရ အနှစ်သာရ ရှာမရချေတကား’ဟူ၍ ပွားများသူအား ဖြစ်ပေါ်လာသော စေတနာသည် ‘ဘာဝနာမယ’ဟူသောအမည် ရ၏။

ဤသည်မှာ [ဒါနမယစသည်တို့၏]အကျယ်ဝိတ္ထာရစကားရပ်တည်း။

၃။ အပုညာဘိသင်္ခါရနိဒ္ဒေသ၌‘အကုသိုလ်စေတနာ’ဟူသည်မှာ အကုသိုလ်စိတ် ၁၂ ပါးနှင့် ယှဉ်သော စေတနာပင်ဖြစ်၏။ ‘ကာမာဝစရ စေတနာ’ ဟူသည်ကား တိုအကုသိုလ်စေတနာ

၁၂ ခုတွင် ဒေါသမူ စေတနာ ၂ ခုကို ကြဉ်ထား၍ ကြွင်းသော စေတနာ ၁၀ ပါးသည် ရူပဘုံ၊ အရူပဘုံ၌[ပဝတ္တိကျိုး အဖြစ်ဖြင့်] ဖြစ်နိုင်သည်ကားမှန်၏။ သို့သော် ထိုရူပဘုံ၊ အရူပဘုံ၌ ပဋိသန္ဓေကျိုးကိုတော့ မပေးနိုင်။ ကာမဘုံ၌သာလျှင် ပဋိသန္ဓေကျိုး၏ အစွမ်းဖြင့် ကျင်လည်စေတတ်၊ ဖြစ်ပေါ်စေတတ်၏။ ထို့ကြောင့် 'ကာမာဝစရ'ဟူ၍သာ ဆိုအပ်၏။

[ရူပ၊ အရူပဘုံ၌ ပဝတ္တိကျိုးမျှကိုသာပေးပြီး ပဋိသန္ဓေကျိုးကို မပေးနိုင်။ ထို့ကြောင့် 'ရူပါဝစရ၊ အရူပါဝစရ'ဟု မဆိုသာ။ 'ကာမာဝစရ'ဟူ၍သာ ဆိုရ၏ ဟူလို]

၄။ အာနေဉ္ဇာဘိ သင်္ခါရ နိဒ္ဒေသ၌ 'အရူပါဝစရ ကုသိုလ် စေတနာ'ဟူသည်ကား အရူပါဝစရ ကုသိုလ်စေတနာ ၄ ခုပင် တည်း။ မှန်၏၊ တုန်လှုပ်ခြင်း မရှိသည့်အတွက်ကြောင့်၎င်း၊ တုန်လှုပ်ခြင်းမရှိသော အကျိုးကို ပြုတတ် ပေးတတ်သောကြောင့် ၎င်း၊ ထိုအရူပကုသိုလ်စေတနာ ၄ ပါးတို့ကို'အာနေဉ္ဇာဘိသင်္ခါရ' ဟု ခေါ်ဆိုအပ်၏။

ချဲ့ဦးအံ့၊ ရူပါဝစရ စတုတ္ထဈာန်မှ ကုသိုလ် ဝိပါက်ကြိယာ စေတနာ ၃ ပါး၊ အရူပါဝစရ စေတနာ ၁၂ ပါး၊ ပေါင်း ၁၅ ပါး သော စေတနာများတို့သည် တုန်လှုပ်ခြင်း ကင်းမဲ့သည့်အတွက် ကြောင့်၊ စင်းငယ်မျှ တုန်လှုပ်ခြင်း မရှိသည့် အတွက်ကြောင့် 'အာနေဉ္ဇ'မည်၏။

ထို ၁၅ ပါးတို့အနက် ရူပါဝစရ ကုသိုလ်စေတနာသည် တုန်လှုပ်ခြင်း မရှိသော်လည်း မိမိနှင့်တူသည်လည်း ဖြစ်သော အကျိုး၊မတူသည်လည်းဖြစ်သောအကျိုး၊ရုပ်နာမ်ကို တုန်လှုပ်ခြင်း ရှိသည်လည်းဖြစ်သောအကျိုး၊ မရှိသည်လည်း ဖြစ်သော အကျိုး

ရုပ်နာမ်ကို ဖြစ်စေတတ်၏။ ထို့ကြောင့် 'အာနေဉ္စာဘိသင်္ခါရ' ဟူသောအမည် မရပေ။ ရူပဝိပါက်ကြိယာ စေတနာတို့ကား အကျိုးမပေးတတ်သည့်အတွက်ကြောင့် အကျိုးတရားကို ဖြစ်လာအောင် မပြုတတ်ကြပေ။ အရူပဝိပါက်ကြိယာစေတနာတို့လည်း ထိုရူပစေတနာတို့နှင့် သဘောတူပင်တည်း။ ယင်းသို့လျှင် ရူပစေတနာသုံးပါး၊ အရူပဝိပါက်ကြိယာစေတနာ ၈ ပါး၊ ပေါင်း စေတနာ ၁၁ ပါးတို့သည် 'အာနေဉ္စာ'သာလျှင် အမည်ရကြ၏။ 'အဘိသင်္ခါရ'သော်ကား မဟုတ်ကြကုန်။ အရူပကုသိုလ်စေတနာ ၄ ခုတို့ကား ဆင်၏ အရိပ်သည် ဆင်နှင့်သာလျှင် တူဘိသို့ မိမိနှင့် တူသော မြဲမြံသော နာမ်အကျိုးတရားတမျိုးကိုသာ ဖြစ်ပေါ်စေတတ်၏။ ထို့ကြောင့် 'အာနေဉ္စာဘိသင်္ခါရ'ဟု ခေါ်ဆိုအပ်၏။

၅။ ယင်းသို့လျှင် ပုညာဘိသင်္ခါရက ၁၃ ပါး၊ အပုညာဘိသင်္ခါရ ၁၂ ပါး၊ အာနေဉ္စာဘိသင်္ခါရက ၄ ပါးဟူ၍ ထိုစေတနာအားလုံးကို ပေါင်းလိုက်သော် ၂၉ ပါး ဖြစ်၏။

မြတ်စွာဘုရားသည် မရေမတွက်နိုင်သော စကြာဝဠာအတွင်းရှိ မရေမတွက်နိုင်သော သတ္တဝါတို့အား ဖြစ်ရှိသောကုသိုလ် အကုသိုလ်တို့ကို (ချိန်ခွင်ကြီးထဲသို့ ထည့်၍ ချိန်ကြည့်သည့်ပမာ တနည်း [ဆန်စသည်ကို] ကွမ်းစားထဲသို့ (ဝါ) ပြည်တောင်း၊ တင်းတောင်းထဲသို့ ထည့်၍ ချင်ကြည့်သလို) သဗ္ဗညုတဉာဏ်တော်ဖြင့် ပိုင်းခြားသတ်မှတ်ပြီးလျှင် [သင်္ခါရတို့၏ အရေအတွက်ကား] ၂၉ ပါးသာဘည်းဟု ထုတ်ပြတော်မူ၏။

ယခုအခါ အတိုင်းအဆမရှိသော ထိုစကြာဝဠာတွင်းရှိ မရေမတွက်နိုင်သော ထိုထိုသတ္တဝါတို့က ကောင်းမှုကာ မကောင်းမှုကာ သင်္ခါရကို အားထုတ်ပြုလုပ်နေလသော် အကြင်ဒွါရတို့ဖြင့်

အားထုတ်ကြ ပြုလုပ်ကြ၏။ ထို ၃ ပါးသော ဒွါရတို့ကို ဖွင့်ပြလိုသော ဗုဒ္ဓသည် 'တတ္ထကတမော ကာယသံခါရရော၊ ကာယသဉ္စေတနာ'စသည့် စကားရပ်ကို မိန့်ခဲ့လေပြီ။ ထိုတွင်

က။ 'ကာယသဉ္စေတနာ' ဆိုသည်မှာ အတိကျ ၂၀ သော စေတနာပင် ဖြစ်၏။ ကာယဒွါရ၊ ဝါ၊ ကိုယ်ကာယကြောင့် ဖြစ်သော ကာမကုသိုလ်စေတနာ ၈၊ အကုသိုလ်စေတနာ ၁၂ တည်း။ [ထိုစေတနာ ၂၀ သည်] ကိုယ်အမူအရာ ကာယဝိညတ်ကို ဖြစ်ပေါ်စေ၏။ ကာဒွါရ ဝါ၊ ကိုယ်ကာယ၌ [ဖြစ်တတ်သော] ဆွဲငင်ခြင်း၊ ယူခြင်း၊ လှုပ်ရှားခြင်းသို့ ရောက်ရှိစေလျက် ဖြစ်ပေါ်လာသော ကုသိုလ် အကုသိုလ် စေတနာ ၂၀ကို 'ကာယစေတနာ'ဟူ၍လည်း ဆိုသင့်၏။

ခ။ 'ဝစီသဉ္စေတနာ'ဆိုသည်မှာ ဝစီဒွါရ၊ ဝါ၊ နှုတ်ပါးစပ်ကြောင့် ဖြစ်သော ထိုစေတနာ ၂၀ ပင်ဖြစ်၏။ [ထိုစေတနာတို့သည်] နှုတ်အမူအရာ ဝစီဝိညတ်ကို ဖြစ်ပေါ်စေ၏။ ဝစီဒွါရ ဝါ၊ နှုတ်ပါးစပ်၌ [ဖြစ်တတ်သော] မေးလှုပ်ခြင်းကြောင့် ဖြစ်လာသည့် ဝါကျအပြားသို့ (ဝါ)စကားလုံးအဖြစ်သို့ ရောက်ရှိဖြစ်ပေါ်လာသော ကုသိုလ်၊ အကုသိုလ်စေတနာ ၂၀ ကို'ဝစီစေတနာ' ဟုလည်း ဆိုအပ်၏။

အမှာစကား ချပ်ညှပ်လိုက် ဦးအံ့။ ဤစေတနာ ၂၀ တို့တွင် အတိဉာဏ်စေတနာတို့သည် [မိမိဟူသော သံခါရ၏] နောက်နားရှိ ဝိဉာဏ်အား ကျေးဇူးမပြုနိုင်။ ထို့ကြောင့် [ဝစီစေတနာထဲသို့] ထည့်သွင်းမယူအပ်။ အတိဉာဏ် စေတနာနည်းတူ ဥဒ္ဓစ္စ စေတနာကိုလည်း ထည့်သွင်း မယူအပ်။ ထို့ကြောင့် ဥဒ္ဓစ္စ စေတနာကိုလည်း ဝိဉာဏ်ဟူသော အကျိုးတရား၏ အကြောင်း

တရားအဖြစ်မှ ထုတ်ပယ်ထားအပ်၏။ အဝိဇ္ဇာဟူသောအကြောင်းကြောင့်သော်ကား အလုံးစုံသော စေတနာတို့ ဖြစ်ပေါ်ကြ၏။

၈။ 'မနောသဉ္စေတနာ'ဆိုသည်မှာ, 'မနောဒွါရ ဝါ၊ စိတ်ထဲကသာလျှင် ဖြစ်ပေါ်လာသော ထိုစေတနာ ၂၀ ပင်ဖြစ်၏။ ကာယ ဝိညတ်ကိုလည်း မဖြစ်ပေါ်စေတတ်။ ဝစီဝိညတ်ကိုလည်း မဖြစ်ပေါ်စေတတ်။ [စိတ်ကူးအဖြစ်ဖြင့်သာ ရပ်တန့်သွားပြီး ကိုယ်အမူရာ၊ နှုတ်အမူရာအဖြစ်သို့ ရောက်မသာတော့သော၊ ရောက်မသာသေးသော စိတ်စေတနာဟု ဆိုလိုသည်]

ယင်းသို့လျှင် ဗုဒ္ဓရှင်တော်မြတ်သည် မရေမတွက်နိုင်သော စကြာဝဠာတွင်းရှိ မရေမတွက်နိုင်သော လူသားသတ္တဝါတို့ ကောင်းမှုကုသိုလ်၊ မကောင်းမှု အကုသိုလ်ကို အားထုတ်ကြ၊ ပြုလုပ်ကြသော် ဖော်ပြပါ ၃ ဒွါရတို့ဖြင့် ပြုလုပ်ကြ၏ ဟူ၍ "ပြုလုပ်အားထုတ်ကြောင်း ကမ္မဒွါရ"ကို ပြဟော်မူ၏။

၉။ ဤတိက ၂ ခုတို့ အချင်းချင်းယှဉ်စပ်ပုံ၊ ဝါ၊ အပြန်အလှန်ဆက်သွယ်ပုံကို သိရှိထားအပ်၏။ အသို့သိအပ်သနည်း။ ခွဲဦးအံ့။ "ပုညာဘိသင်္ခါရ"သည် ကိုယ်ကာယ၏ မကောင်းသော အလေ့အကျင့် ကာယဒုစရိုက်မှ ရှောင်ကြည်သူအား ရခါ [သတ်ဖြတ်မှုမှ ရှောင်ကြဉ်သည့်အခါမျိုး]ကာယသင်္ခါရ ဖြစ်၏။ နှုတ်၏ မကောင်းသော အလေ့အကျင့် ဝစီဒုစရိုက်မှ ရှောင်ကြဉ်သူအား ရခါ [လိမ်ပြောခြင်းမှ ရှောင်ကြဉ်သည့်အခါမျိုး] ဝစီသင်္ခါရ ဖြစ်၏။ ယင်းသို့လျှင် ကာမကုသိုလ် စေတနာ ၈ ခုသည် ကာမာဝစရ ပုညာဘိသင်္ခါရလည်း ဖြစ်၏၊ ကာယသင်္ခါရလည်း ဖြစ်၏၊ ဝစီသင်္ခါရလည်း ဖြစ်၏။ မနောဒွါရ၌ရှိ စေတနာ ၁၃ ပါးတို့ကား [အများတကာ၏ အကျိုးကို ဘယ်လိုများသည်ပိုး ဆောင်ရွက်ပါ

မလဲဟု စိတ်ထဲမှာသာ ကြံစည်စဉ်းစားသည့်အခါမျိုး စသည်တွင်] စိတ္တသင်္ခါရလည်း ဖြစ်၏။

၆။ 'အပုညာဘိသင်္ခါရ'သည်လည်း[သတ်ဖြတ်ခြင်းစသော] မကောင်းသည့်အပြုအမူကို ပြုလုပ်သည့်အခါ ရံခါ ကာယသင်္ခါရ။ [လိမ်လည်ခြင်းစသော] မကောင်းသည့် အပြောအဆိုကို ပြောဆိုသည့်အခါ ရံခါ ဝစီသင်္ခါရ။ ဒွါရ ၂ ပါးမှ အလွတ် စိတ်ထဲကသာ [မကောင်းသော အကြံအစည် စသည်ကို] စိတ်ကူးသည့်အခါ စိတ္တသင်္ခါရ ဖြစ်၏။ ယင်းသို့လျှင် အပုညာဘိ သင်္ခါရသည် ကာယသင်္ခါရလည်းဖြစ်၏၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရလည်း ဖြစ်၏။

ကာယ သင်္ခါရသည် ရံခါ [ကောင်းသော အမှုကိစ္စများကို ပြုသည့်အခါ] 'ပုညာဘိသင်္ခါရ'၊ ရံခါ [မကောင်းသော အပြုများကို ပြုသည့်အခါ] 'အပုညာဘိသင်္ခါရ'ဖြစ်၏။ အာနေဥ္စာဘိသင်္ခါရ'သော်ကား မဖြစ်။ဝစီသင်္ခါရကိုလည်း ထို့အတူသိအပ်၏။ စိတ္တသင်္ခါရကား ရံခါ[ကောင်းသောအကြံအစည်အတွေးအမျှော်ကို တွေးခေါ်သည့်အခါ] ပုညာဘိသင်္ခါ၊ ရံခါ [မကောင်းသော အကြံအစည်အတွေးအမျှော်ကို တွေးခေါ်သည့်အခါ]အပုညာဘိသင်္ခါရ၊ ရံခါ [ရုပ်ကို စက်ဆုပ်သည့် သမထဘာဝနာကို ပွားများသည့်အခါ] အာနေဥ္စာဘိသင်္ခါရ ဖြစ်၏။ ဤသည်တို့မှာ အဝိဇ္ဇာကြောင့် ဖြစ်သော သင်္ခါရတို့ မည်၏။

၇။ 'ဤသင်္ခါရတို့သည် အဝိဇ္ဇာကြောင့် ဖြစ်လာကြ၏' ဟူသော အကြောင်းကို အဘယ်သို့ သိအပ်သနည်း။ 'အဝိဇ္ဇာ ရှိနေသေးသော် သင်္ခါရဟူ ဖြစ်လာခြင်းကြောင့်တည်း'ဟု သိအပ်၏။ ချဲဦးအံ့။ အကြင်သူသည် ဒုက္ခ စသည်တို့၌ မသိမှုဟူသော၊ ဝါ၊ ဒုက္ခမှန်း ဟုတ်တိုင်းမှန်ရာ မသိဟုဆိုအပ်သော

မသိခြင်း အညာဏကို မပယ်ရသေးငြားအံ့၊ ထိုသူသည် ဆင်းရဲဒုက္ခများကို မသိသဖြင့်ဖြစ်စေ၊ ရှေ့အစွန်း စသည်ကို မသိသဖြင့်ဖြစ်စေ သံသာရဒုက္ခကို သုခဟူသော အထင်မှားချက်ကြောင့် ထိုဒုက္ခတို့၏အကြောင်းရင်းဖြစ်သည့် သင်္ခါရကုသိုလ်၊ အကုသိုလ် သုံးမျိုးကို အားထုတ်၏။ ကြိုးပမ်း၏။ ပြုလုပ်၏။ [ဤသည်မှာ ဒုက္ခကို ဒုက္ခမှန်း မသိမှု အဝိဇ္ဇာကြောင့် သင်္ခါရကို ပြုမိမှားပုံတည်း။]

ဒုက္ခ၏အကြောင်းရင်း သမုဒယကို မသိသဖြင့် ဒုက္ခ၏အကြောင်းလည်းဖြစ်သော၊ လူနတ်ပြဟ္မာတို့၏ စည်းစိမ်များကို တပ်မက်သည့်တဏှာဖြင့်လည်း ခြံရံထားသော သင်္ခါရများကို သုခ၏အကြောင်းတရားဟု ထင်မှတ်မှားလျက် အားထုတ်၏။ ကြိုးပမ်း၏။ [ဒုက္ခ၏ ဖြစ်ကြောင်းကို သုခ ဖြစ်ကြောင်းဟု တလွဲသိမှု အဝိဇ္ဇာကြောင့် သင်္ခါရကို ပြုမိမှားမိပုံတည်း။]

ဒုက္ခချုပ်ရာ နိရောဓသစ္စာကို ဖြစ်စေ၊ ဒုက္ခငြိမ်းရန် ကျင့်စဉ်မှန် မဂ္ဂသစ္စာကို ဖြစ်စေ မသိရှိလေသောကြောင့် ဒုက္ခငြိမ်းရာ မဟုတ်ပေမင့် လားရာဂတိ အထူးဝယ် ဒုက္ခငြိမ်းရာ အထင်ရှိလျက် ဒုက္ခငြိမ်းရန် အကျင့်မှန် မဟုတ်ပေမင့် ဒုက္ခကင်းရာကို တောင့်တသူသည် ယဇ်ပူဇော်သော အကျင့်၊ မရဏသဘောကို မလွန်နိုင်သည့်အကျင့် စသည်ကို အကြောင်းပြု၍ သံသရာလည်ကြောင်းတရား သင်္ခါရသုံးပါးကို ကြိုးစား၍ ပြုလုပ်၏။ [ဤသည်မှာ ဒုက္ခငြိမ်းရာနှင့် ဒုက္ခငြိမ်းရန် အကျင့်မှန်ကို မသိမှု ဟူသော အဝိဇ္ဇာကြောင့် သင်္ခါရကို ပြုမိမှားပုံတည်း။]

တနည်းအားဖြင့်သော်ကား ထိုသူသည် သစ္စာ ၄ ပါး အမှန်တရားတို့၌ [သိသင့်သည်များနှင့်ပတ်သက်၍] မသိမှု အဝိဇ္ဇာကို

မပယ်ရသေးအံ့၊ မပယ်ရသေးသည့်အတွက်ကြောင့် အထူးသဖြင့် ပဋိသန္ဓေနေရခြင်း၊ ဝါ၊ မွေးဖွားရခြင်း၊ ဖျားနာခြင်း၊ သေခြင်း စသည့် အဖြစ်များ ရောပြွမ်းလျက်ရှိသော ကောင်းမှု ပုည၏ အကျိုးဟုဆိုအပ်သော ဘဝသံသရာဝဋ်ဆင်းရဲကို ဝဋ်ဆင်းရဲမှန်း မသိ။ ယင်းသို့ မသိသောကြောင့် [သုခဟု ထင်မှတ်ဘွယ်ရှိသော] ထိုသံသာရဒုက္ခကို ရတိုရာ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရ အားဖြင့် ကြံပြုသော ပုညာဘိသင်္ခါရကို ကြိုးစား၍ ပြုလုပ်၏။ ဥပမာ၊ နတ်သမီး လိုချင်သူက ဘောင်ထိပ်မှ ဆင်းလာခြင်းကို ပြုဘိသကဲ့သို့တည်း။

ဆက်ဦးအံ့။ သုခဟု အသိအမှတ် ပြုထားသော်လည်း ထိုကောင်းကျိုး၏အဆုံးတနေ့မှာ ကြီးစွာသောပူပန်မှုကို ဖြစ်စေပါ စေတတ်သည့် ဝိပရိဏာမ ဒုက္ခ၏ အဖြစ်မှန်ကိုရင်း၊ ချမ်းသာခြင်း ကင်းဘိသည့် အဖြစ်ကိုရင်း အကြင်သူသည် မသိ မမြင်။ ထိုသူ သည် ဝိပရိဏာမ ဒုက္ခ၏ အကြောင်းရင်းဖြစ်သည့် အဆိုပါ ပုညာဘိသင်္ခါရကိုပင်လျှင် ကြိုးစား ပမ်းစား အားထုတ်ပြန်၏။ ဥပမာ၊ [ပူလောင်တတ်သည်ကို မသိတဲ့] ပိုးဖလံကောင်သည် ဆီမီးလျှံထဲသို့ ဆင်းဘိသို့၊ [ရှုတတ်သည်ကို မသိတဲ့] ပျားရည်ကို တပ်မက်သူက ပျားရည်လူးထားသော သံလျက်သွားကို လျှာနှင့် လျက်ဘိသို့တည်း။

ဆက်ဦးအံ့။ အလျှိုးပိဝါကိန်နှင့် [illegible] ကာမချမ်းသာကို ခံစား[illegible] ညီတို့ဝယ် အဖြစ်ဖြစ်နိုင်သူသည် 'ချမ်းသာလှ၏။ ဝါ၊ [illegible] 'ကာလသား' ဟု [illegible] ရှိသောကြောင့်ရင်း၊ ကိလေသာ၏နှိပ်စက်ခြင်း၊ [illegible] ဆင်းလျှင်ခြင်းကြောင့်ရင်း၊ ကာယဒွါရ၊ ဝစီဒွါရ၊ မနောဒွါရ သုံးပါးတို့၌ ဖြစ်သည့် အပုညာ

ဘိသင်္ခါရကို အားထုတ်ပြုလုပ်ကြ၏။ ဥပမာ၊ လူမမယ် သူငယ် ကလေးသည် ကျင်ကြီးကို [မရှုံမရှာ] ဆော့ကစားနေဘိသို့၊ သေချင်သူက အဆိပ်ကို [မကြောက်မရွံ့] စားမျိုသကဲ့သို့တည်း။

အရူပဝိပါက်တို့၌လည်း သင်္ခါရဒုက္ခ၊ ဝိပရိဏာမ ဒုက္ခ၏ ဆင်းရဲသည့် အဖြစ်မှန်ကို အကြင်သူသည် မသိ မမြင်။ ထိုသူသည် 'မြဲ၏'ဟု ယူဆသော သဿတဒိဋ္ဌိ စသည့် ဖောက်ပြန်သော အယူအဆဖြင့် စိတ္တသင်္ခါရဖြစ်သော အာနေဉ္စာဘိသင်္ခါရကို အားထုတ်ပြုလုပ်၏။ ဥပမာ၊ တောကြီးမျက်မဲထဲ၌ မျက်စေ့လည် လမ်းမှားသူသည် ဘီလူးမြို့သို့ [မကြောက်မရွံ့] ရွှေ့ရှုသွားနေဘိ သို့တည်း။

ပြဆိုခဲ့သည့်အတိုင်းပင်လျှင် အကြင့်ကြောင့် အဝိဇ္ဇာရှိနေသည့် အတွက်ကြောင့် သင်္ခါရဖြစ်လာ၏၊ မရှိသော် မဖြစ်။ ထို့ကြောင့် 'ဤသင်္ခါရတို့သည် အဝိဇ္ဇာကြောင့် ဖြစ်လာကြ၏'ဟူသော အကြောင်းအရာကို ဤသို့လျှင် သိရှိအပ်၏။ ဗုဒ္ဓ မိန့်ဆိုချက်မှာ လည်း "ရဟန်းတို့၊ မိုက်မဲစွာသော အဝိဇ္ဇာရှိနေသော လူသား သည် ပုညာဘိသင်္ခါရကိုလည်း ပြု၏။ အပုညာဘိသင်္ခါရကိုလည်း ပြု၏။ အာနေဉ္စာဘိသင်္ခါရကိုလည်း ပြု၏။ ရဟန်းတို့၊ အကြင့် ကြောင့်သော်လည်း ရဟန်းသည် [လူသားသည်] မသိမှု အဝိဇ္ဇာကို စိတ်အစဉ်မှ ပယ်အပ်လေပြီ။ သိမှု ဝိဇ္ဇာ ပေါ်လာပြီ။ ထို့ကြောင့် ထိုသူသည် မသိမှု အဝိဇ္ဇာကင်းပြီဖြစ်သောကြောင့်၊ သိမှု ဝိဇ္ဇာ ပေါ်လာပြီဖြစ်သောကြောင့် ပုညာဘိသင်္ခါရကို မပြုတော့ပြီ" ဟူ၏။

၈။ မသိမှု အဝိဇ္ဇာက အဘယ်ပြုမှု သင်္ခါရအား အဘယ်မျှ သော အကြောင်း၏စွမ်းရည် (=ပစ္စယသတ္တိ) များဖြင့် ကျေးဇူး

ပြုသနည်း။ ဤတွင် 'အဝိဇ္ဇာက သင်္ခါရအား ကျေးဇူးပြု၏' ဟူသော အကြောင်းခြင်းတတို့ဖြင့် မှတ်သားရပါပြီ။ သို့သော် 'အဘယ် သင်္ခါရတို့အား အဘယ်မည်သော ပစ္စယသတ္တိ (အကြောင်း၏ စွမ်းရည်) ဖြင့် ကျေးဇူးပြုသနည်း' ဆိုသော မေးခွန်းအဘွက် လည်း အဖြေကို ပြောင်ပါသေးသည်ဟူ၍ အမေးစကား ရှိလာ ရာ၏။ ယင်း အမေးစကားအတွက် ပြဆိုအံ့သော ဤအဖြေကို အကျဉ်းရော၊ အကျယ်ပါ ဖြေဆိုလိုက်ပါသည်။

အကျဉ်း

က-၁။ အဝိဇ္ဇာသည် ပုညာဘိသင်္ခါရအား ပစ္စယသတ္တိ ၂ ခု ဖြင့် ကျေးဇူးပြု၏။

က-၂။ အကြောင်းတရား အဝိဇ္ဇာကြောင့် အကျိုးတရား ပုညာဘိသင်္ခါရ ဖြစ်ပေါ်လာရာတွင် အကြောင်း၌ရှိ စွမ်းရည် ၂ ခုပါရှိ၏။

ခ-၁။ အပုညာဘိသင်္ခါရအား ပစ္စယသတ္တိ များစွာဖြင့် ကျေးဇူးပြု၏။

ခ-၂။ အကျိုးတရား အပုညာဘိသင်္ခါရ ဖြစ်ပေါ်လာရာတွင် ကြောင်း၌ရှိ စွမ်းရည်များစွာ ပါရှိ၏။

ဂ-၁။ အာနေဉ္ဇာဘိသင်္ခါရအား ပစ္စယသတ္တိ ၁ ခုဖြင့် ကျေးဇူးပြု၏။

ဂ-၂။ အကျိုးတရား အာနေဉ္ဇာဘိသင်္ခါရ ဖြစ်ပေါ်လာရာ တွင် ကြောင်း၌ရှိ စွမ်းရည် ၁ ခု ပါရှိ၏။

[ဤတွင် 'အဝိဇ္ဇာသည် ပုညာဘိသင်္ခါရအား ပစ္စယသတ္တိ ၂ ခုဖြင့် ကျေးဇူးပြု၏' ဟူ၍ ပြန်ဆိုသော် အစဉ်အလာကျသည်

ကား မှန်၏။ သို့သော် လူတိုင်းနားမလည်။ သိပ်ပြီး သဘော မပေါက်နိုင်။ လူတိုင်း နားလည် သဘောပေါက်နိုင်သမျှ ပေါက် စေလိုသော အာသီသကား ဤစာကို ပြန်ဆိုသူ၏ စေတနာဖြစ်၏။ ထိုစေတနာကို အရင်းခံလျက်၊ ဦးစားပေးလျက် 'အကြောင်းတရား အဝိဇ္ဇာကြောင့် အကျိုးတရား ပုညာဘိသင်္ခါရ ဖြစ်ပေါ်လာရာ တွင် ကြောင်းရှိ စွမ်းရည် ၂ ခုပါရှိနေ၏' ဟူ၍ ပြန်ဆိုလိုက်၏။ ပဋ္ဌာန်းစကား မှန်သမျှ သည်အတိုင်း ပြန်ဆိုသွားပါမည်။ ယင်းသို့ ပြန်ဆိုသော် ပို၍နားလည် သဘောပေါက်နိုင်၏။ ပို၍ သဘော ပေါက်သော် စာရေးသူ၏ ဦးတည်ချက် 'အောင်မြင်ပြီ' ဟု နှလုံး ပိုက်ရပါမည်။ ဆက်ဦးအံ့။

'အဝိဇ္ဇာသည်' ဟူသောပုဒ်သည် ကတ္တား၊ ပစ္စယဓမ္မ၊ အကြောင်းတရားဖြစ်၏။ ထို့ကြောင့် 'အကြောင်းတရားအဝိဇ္ဇာ ကြောင့်' ဟု ပြန်ဆို၏။

'ပုညာဘိ သင်္ခါရအား' ဟူသော ပုဒ်သည် သမ္ပဒါန်၊ ပစ္စယုပ္ပန္နဓမ္မ၊ အကြောင်းကြောင့် ဖြစ်သောအကျိုး ဖြစ်၏။ ထို့ကြောင့် 'အကျိုးတရား ပုညာဘိသင်္ခါရ ဖြစ်လာရာတွင်' ဟု ပြန်ဆို၏။

'ပစ္စယသတ္တိဖြင့်' ဟူသော ပုဒ်သည် ကရိုဏ်း၊ ပစ္စယသတ္တိ၊ အကြောင်းတရား၌ ရှိသော အရည်အချင်း စွမ်းရည်သတ္တိ။ ထို့ကြောင့် 'ကြောင်းရှိ စွမ်းရည် ၂ ခုပါရှိနေ၏' ဟု ပြန်ဆို၏။

ပြယုဂ်ဖြင့် ထင်ဟင်းစေပါမည်။

'စာရေးသူကြောင့် စာရှုသူတို့ (ဤစာအုပ်ပါ) ဗဟုသုတ ရကြ၏' ဤတွင် စာရေးသူကား အကြောင်းတရား၊ ပစ္စယဓမ္မ

စာရှုသူတို့ ဗဟုသုတရမှုကား အကျိုးတရား၊ ပစ္စယုပ္ပန္နဓမ္မ။ စာရေးသူအကြောင်းတရား၌စာရေးနိုင်စွမ်းသော အရည်အချင်းကား ကြောင်းရှိ စွမ်းရည် ပစ္စယသတ္တိဖြစ်၏။ ဆက်ဦးအံ့။ အကြောင်းတရား၌ အရည်အချင်း စွမ်းရည်သတ္တိ မရှိသော် အကျိုးတရားဖြစ်မလာနိုင်။ အကျိုးတရား ဖြစ်လာနိုင်ရေးအတွက် အကြောင်းတရား၌ အရည်အချင်းရှိရမည်။ ထိုရှိသော အရည်အချင်းကို 'ကြောင်းရှိစွမ်းရည် ဝါ၊ ပစ္စယသတ္တိ'ဟု နားလည်ရပါမည်။ ထို့ကြောင့်

က။ စာရေးသူ=အကြောင်းတရား=ပစ္စယဓမ္မ

ခ။ စာရေးသူ၏ အရည်အချင်း=ကြောင်းရှိ စွမ်းရည်= ပစ္စယသတ္တိ

ဂ။ စာရှုသူ ဗဟုသုတရခြင်း=အကျိုးတရား=ပစ္စယုပ္ပန္နဓမ္မ

ယင်းသို့ သိရှိရပါမည်။ ယင်းသို့ သိရှိရေးအတွက်၊ ဉာဏ်သက်ဝင်နိုင်ရေးအတွက် အစဉ်အလာအတိုင်း မပြန်ဆိုသောဘဲ ယခုအတိုင်း ပြန်ဆိုလိုက်ရခြင်း ဖြစ်ပါသည်။ ပြန်ဆိုထားပြီး ဖြစ်သည့်အတိုင်း နက်ရှိုင်းသော ပဋ္ဌာန်း၏ အရသာကို ပို၍ ခံစားမိကြသော် 'ကြံဆရကျိုး၊ ကြိုးစားရကျိုးနပ်ပြီ'ဟု မှတ်ယူရပါမည်။]

အကျယ်

က။ ယိုတွင်'အကြောင်းတရား အဝိဇ္ဇာကြောင့် အကျိုးတရား ပုညာဘိသင်္ခါရဖြစ်လာရာတွင် ကြောင်းရှိ စွမ်းရည် ၂ ခုပါရှိနေ၏' ဟူသောစကားရပ်တွင် 'ကြောင်းရှိ စွမ်းရည် ၂ ခု' ဟူသည်မှာ အာရမ္မဏ ပစ္စယသတ္တိနှင့် ဥပနိဿယ ပစ္စယသတ္တိတို့ ဖြစ်၏။

ချဲ့ဦးအံ့။

၁။ မသိမှု အဝိဇ္ဇာ ဆိုတာလဲ ကုန်ခန်းတတ်တာဘဲ၊ ပျောက်ပျက်တတ်တာဘဲ ဟူ၍ သုံးသပ်သည့်အခါ ထိုအဝိဇ္ဇာကြောင့် ကာမ ကုသိုလ်ဖြစ်သည့် [သုံးသပ်မှု] ပုညာဘိသင်္ခါရ ဖြစ်လာရာတွင် အကြောင်း၌ရှိ စွမ်းရည်မှာ 'အာရမ္မဏ'ဖြစ်၏။

၂။ မသိမှု အဝိဇ္ဇာကို လွှမ်းမြောက်အံ့သောငှာ အလှူဒါနစသည့် ပုညကြိယာ ဝတ္ထုတို့ကို ဖြည့်ကျင့်သူ၏ ကာမာဝစရ ပုညာဘိသင်္ခါရ ဟူသော အကျိုးတရား ဖြစ်လာရာတွင်၎င်း၊ ရူပါဝစရဈာန်တို့ကို ပွားများသူ၏ ရူပါဝစရ ပုညာဘိသင်္ခါရ ဟူသော အကျိုးတရားဖြစ်လာရာတွင်၎င်း၊ ပါရှိသော ကြောင်းရှိ စွမ်းရည်မှာ 'ဥပနိဿယ'ဖြစ်၏။

၃။ မသိမှုဖြင့် တွေ့ဝေသည့် အတွက်ကြောင့် နတ်တို့၏ ကာမဘုံ၊ ကာမဘဝ၊ ဗြဟ္မာတို့၏ ရူပဘုံ၊ ရူပဘဝသို့ ရောက်ရှိရန် ရည်သံတောင့်တ၍ ထိုကောင်းမှုကို ပြုလုပ်ခြင်းဟူသော အကျိုးတရား ဖြစ်လာရာတွင်လည်း ပါရှိသော ကြောင်းရှိ စွမ်းရည်မှာ 'ဥပနိဿယ'ပင် ဖြစ်၏။

ခ။ 'အကြောင်းတရားအဝိဇ္ဇာကြောင့် အကျိုးတရား အပုညာဘိသင်္ခါရ ဖြစ်ပေါ်လာရာတွင် ကြောင်းရှိစွမ်းရည် များစွာပါရှိ၏'ဟူသည်မှာ အကျိုး အပုညာဘိသင်္ခါရအတွက် တပါးမက များပါလှသော ကြောင်းရှိ စွမ်းရည်များ ရှိနေ၏။ အသို့နည်း။

ချဲ့ဦးအံ့။

၁။ မသိမှု အဝိဇ္ဇာကို အကြောင်းပြု၍ အကျိုး တပ်မက်ခြင်း ရာဂ ဖြစ်ပေါ်လာသည့်အခါ အကြောင်း အဝိဇ္ဇာ၌ရှိသော ကြောင်းရှိ စွမ်းရည်များ 'အာရမ္မဏ' ဖြစ်၏။

၂။ အခလေးအနက်ပြု၍ သာယာဘပ်မက်ခြင်း အကျိုးတရား ဖြစ်ပေါ်လာသည့်အခါ ကြောင်းရှိစွမ်းရည်ကား 'အာရမ္မဏာ ဓိပတိ၊ အာရမ္မဏူပနိဿယ' များ ဖြစ်ကြ၏။

၃။ အဝိဇ္ဇာဖြင့်ပြင်းစွာတွေဝေသောအဖြစ်ကို မမြင်နိုင်သော သတ်ဖြတ်ခြင်း ပါဏာတိပါတ စသည်ကို ပြုသူ၏ အကျိုးတရား ပြုမှားခြင်း ဖြစ်လာရာတွင် အကြောင်း မသိမှု၌ 'ဥပနိဿယ' ဟူသော ကြောင်းရှိ စွမ်းရည် ရှိနေ၏။

၄။ [ပဌမဇောရှိအဝိဇ္ဇာကြောင့်]အကျိုးတရား၊ ဒုတိယဇော စသည်တို့ ဖြစ်လာရာတွင် ပါရှိသော ကြောင်းရှိစွမ်းရည်တို့ကား အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတတို့ပင် ဖြစ်၏။

၅။ မကောင်းမှု တခုခုကို ပြုမိခြင်းဟူသော အကျိုးတရား ဖြစ်လာရာတွင် ကြောင်းရှိစွမ်းရည်ကား ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတတို့ပင် ဖြစ်၏။

၆။ 'အကျိုးတရား အာနေဉ္ဇာဘိသင်္ခါရ ဖြစ်လာရာတွင် ကြောင်းရှိစွမ်းရည် ၁ ခု ပါရှိ၏' ဟူသည်ကား အကျိုးအာနေဉ္ဇာ ဘိသင်္ခါရ ဖြစ်လာရာတွင် အကြောင်းအဝိဇ္ဇာ၌ 'ဥပနိဿယ' ဟူသော ကြောင်းရှိစွမ်းရည်တခုသာ ပါရှိ၏။ ထိုအဝိဇ္ဇာ၏ ဥပနိဿယအဖြစ်ကို ပုညာဘိသင်္ခါရ၌ ပြဆိုခဲ့သည့်နည်းဖြင့် သိရှိအပ်၏။

[ဤအမှတ် ၆။ က၊ ခ၊ ဂတို့ကား သုတ္တ၊ ဝိနယ သဘောမဖက် ဗုဒ္ဓအဘိဓမ္မာ သဘောတရား သက်သက်မျှ ဖြစ်၏။ ဤပဋိစ္စ သမုပ္ပါဒဝိဘင်းအဋ္ဌကထာသည် အဘိဓမ္မာပိဋကပင် ဖြစ်လင့် ကစား သုတ္တန္တဘာဇနီယကဏ္ဍ ဖြစ်သည့်အားလျော်စွာ အခြား

အဓိပ္ပာယ်များတွင် သုတ္တန်သဘောများ ပါဝင်နေ၏။ 'ပဋ္ဌာန်းနည်း' များသာလျှင် အဘိဓမ္မာသက်သက် ဖြစ်၏။ ယင်းသို့လျှင် သုတေသီများအဖို့ ဗုဒ္ဓအဘိဓမ္မာသဘောနှင့် သုတ္တန် သဘော ခြားနားချက်ကို အကဲခတ်မိကြလိမ့်မည်ဟု မျှော်လင့်၏။]

ယင်းသို့ အကြောင်းတရားက အကျိုးပြုရာတွင် ဤအကြောင်းတရား အဝိဇ္ဇာသည် အဖော်မပါ တခုတည်းသာဖြစ်ပြီး အကျိုးသင်္ခါရတို့အား ကျေးဇူးပြုလေသလော။ ယင်းသို့ မဟုတ်လျှင် အခြား အကြောင်းများလည်း ရှိကြသေးသလား။ ဤသို့ စောဒနာသည် မေးခွန်းထုတ်လာသည်ဟု ဆိုကြပါစို့။

ဤစောဒနာ စကားရပ်၌ သင့်မေးခွန်းသည် မပြည့်စုံသေး။ စကားအနည်းငယ် ကျန်နေသေး၏။ ထိုစကားကြွင်းကိုလည်း ဆိုပါဦးလော့။

အဝိဇ္ဇာသည် အဖော်မပါ။ တခုတည်းသာဖြစ်ပြီး အကယ်၍ ကျေးဇူးပြုသည် ဖြစ်အံ့၊ ယင်းသို့ဆိုသော် "ကေကာရဏဝါဒ=အကြောင်းတရား ဟူသည် တခုတည်းသာ ရှိ၏ဟူသော အယူအဆ" ဖြစ်ခဲ့လေပြီ။ ယင်းသို့ မဟုတ်ပါမူ အခြားသော အကြောင်းတို့လည်း အကယ်၍ ရှိကြငြားအံ့၊ ယင်းသို့ ရှိသော် 'အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ=တခုတည်းသော အဝိဇ္ဇာကြောင့် ၃ ခုသော သင်္ခါရတို့ ဖြစ်လာကြ၏' ဟူ၍ 'ကေကာရဏနိဒ္ဒေသ=အကြောင်းတခုတည်းကိုသာ ဖော်ပြခြင်း'သည် မသင့်လျော်ပါချေ။ ဤသို့ အဆိုပြုလာငြားအံ့။

အဖြေစကားမှာ မသင့်သည်မဟုတ်။ သင့်၏။ လျော်ကန်၏။ အဘယ့်ကြောင့်နည်းဆိုသော် ဤသို့ ကျေးဇူးပြုရာဝယ်

က။ တခုတည်းသော အကြောင်းကြောင့် တခုတည်းသော ဖြစ်ပေါ်လာသော အကျိုးဟူသည် မရှိ။

ခ။ တခုတည်းသော အကြောင်းကြောင့် များစွာသော အကျိုး ဖြစ်လာသည်ဟူသည်လည်း မရှိ။

ဂ။ များစွာသော အကြောင်းကြောင့် တခုတည်း ဖြစ်ပေါ်လာသော အကျိုးဟူသည်လည်း မရှိ။

ဃ။ ရှိသည်မှာကား များစွာသော အကြောင်းတို့ကြောင့် များစွာသော အကျိုးများ ဖြစ်ပေါ်လာသည်သာရှိ၏။ သို့သော် တခုသောအကြောင်း၊ တခုသောအကျိုးကို [အရာအားလျော်စွာ] ပြဆိုရာ၌ အကျိုးသက်ရောက်မှု ရှိ၏။

ထို့ကြောင့်ပင်လျှင် အပူအအေး ဟူသော ဥတု၊ မြေ၊ ရေ၊ မျိုးစေ့ဟူသော အကြောင်းတရား အများအပြားကြောင့် အများအပြားသာဖြစ်သော အဆင်းသဏ္ဍာန်၊ အနံ့၊ အသက်၊ အရသာနှင့် ပြည့်စုံသည့် အညွန့်၊ အရွက် တည်းဟူသော အကျိုးတရားစု ဖြစ်ပေါ်လာသည်မှာ [မျက်မြင်လောကတွင်] ထင်၏။ တွေ့ရ၏။

'အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ' စသည်ဖြင့် တခုစီ တခုစီသော အကြောင်းနှင့်အကျိုးကို ပြဆိုသည့် အကြွင်စကားရပ်သည် ရှိ၏။ ထိုစကားရပ်သည် အကျိုးသက်ရောက်မှု ရှိ၏။ မှန်၏။ ဗုဒ္ဓသည် အချို့နေရာတွင် ပြဋ္ဌာန်းသည့်အတွက်ကြောင့်၊ အချို့နေရာ၌ မဆက်ဆံ မပတ်သက်သည့်အတွက်ကြောင့် ဒေသနာကို တန်ဆာဆင်ခြင်းအား လျော်ကန်သောကြောင့်ရင်း၊ ဝေနေယျသတ္တဝါတို့အား လျော်ကန်သင့်မြတ်သောကြောင့်ရင်း၊ တခုတည်းသောအကြောင်းကို ဖြစ်စေ၊ တခုတည်းသောအကျိုးကိုဖြစ်စေ ဟောပြတော်မူ၏။

ချဉ်းအံ့။ 'ထိတွေ့မှု ဖဿကြောင့် ခံစားမှုဝေဒနာ ဖြစ်လာ၏' ဟူသော [ဒီဃနိကာယ်၊ ဒုတိယအုပ်၊ စာမျက်နှာ ၄၀ ရှိ] ပါဠိတော်ဖြင့် တခုတည်းသော အကျိုးကို ဟောမိန့်ခဲ့ပြီ။ မှန်၏။ ဖဿသည် ဝေဒနာ၏ ပြဋ္ဌာန်းသော အကြောင်းအရာသာတည်း။ ဖဿအားလျော်စွာ ဝေဒနာကို သတ်မှတ်ရသည့်အတွက်ကြောင့်ပင် ဖြစ်၏။ ဝေဒနာသည်လည်း ဖဿ၏ ပြဋ္ဌာန်းသောအကျိုး ဖြစ်၏။ ဝေဒနာအားလျော်စွာ ဖဿကို သတ်မှတ်ရသော ကြောင့်တည်း။

'သလိပ်ကြောင့်ဖြစ်ကုန်သော အနာတို့' ဟူသော [ခုဒ္ဒကနိကာယ်၊ သတ္တမအုပ်၊ စာမျက်နှာ ၁၀ ရှိ] ပါဠိတော်ဖြင့် ထင်ရှားသည့်အတွက်ကြောင့် သလိပ်ဟုဆိုအပ်သည့် တခုတည်းသော အကြောင်းကို မိန့်ခဲ့ပြီ။ မှန်၏။ ဤ၌ သလိပ်သည် ထင်ရှား၏။ ကံ စသည်တို့ကား မထင်ရှားကြ။

"ရဟန်းတို့၊ ခပ်သိမ်းသော မကောင်းမှု သဘောတရား အကုသိုလ်များ ရှိကြ၏။ ထိုခပ်သိမ်းသော မကောင်းမှုတို့သည် မသင့်မတင့် နှလုံးသွင်းမှု အယောနိသော မနသိကာရ အရင်းခံ ရှိကြ၏"ဟူသော ပါဠိတော်ဖြင့် မဆက်ဆံ မပတ်သက်သည့် အတွက်ကြောင့် အယောနိသော မနသိကာရဟု ဆိုအပ်သည့် တခုတည်းသောအကြောင်းကို မိန့်ခဲ့ပြီ။ မှန်၏။ အယောနိသော မနသိကာရ မသင့်မတင့် နှလုံးသွင်းမှု [ဝါ၊ လိုရာသို့ဆွဲ၍ တွေးခေါ်ခြင်း]သည် မကောင်းမှု အကုသိုလ်တို့၏[အခြားအကြောင်းနှင့် မပတ်သက်သော၊ မရောနှောသော] မဆက်ဆံသော အကြောင်း ဖြစ်၏။ မှီရာ ဝတ္ထုနှင့် ပြုရာ အာရုံတို့ကား အခြား အကြောင်းများနှင့် ဆက်ဆံကြ၏။ ရောနှောပတ်သက်ကြ၏။

ထို့ကြောင့် ဤအရာဌာန၌ ဝတ္ထု၊အာရုံ သဟဇာတ စသည့် အခြားသော သင်္ခါရ၏ အကြောင်းများရှိသော်လည်း 'တယ်ပြီး ချမ်းသာလှပါတကားဟူ၍ ရှုမြင်သူအား တပ်မက်ခြင်း တဏှာ ပွားများလာ၏'ဟူ၍ [သံယုတ္တနိကာယ်၊ ပဌမအုပ်၊ စာမျက်နှာ ၃၁၁ ၌]ရှင်း၊ 'အဝိဇ္ဇာဟူသော အကြောင်းကြောင့် အာသဝ ဖြစ်လာ၏'ဟူ၍ [မဇ္ဈိမနိကာယ်၊ ပဌမအုပ်၊ စာမျက်နှာ ၆၀ ၌] ရှင်း ဟောထားသောကြောင့် သင်္ခါရ၏ အခြားသော တဏှာ စသည့် အကြောင်းများသည် ရှိ၏။

ဤသို့လျှင် ပြဋ္ဌာန်းသည့်အတွက်ကြောင့်ရှင်း၊ "ရဟန်းတို့၊ အဝိဇ္ဇာတည်းဟူသော ဥဒ္ဓံထဲ၌ ရှိနေသည့် မိုက်မဲသူသည် ပုညာဘိသင်္ခါရကိုလည်း ပြု၏"

ယင်းသို့လျှင် ထင်ရှားသည့် အတွက်ကြောင့်ရှင်း၊ မဆက်ဆံသည့်အတွက်ကြောင့်ရှင်း၊ ဤဝိဇ္ဇာကို သင်္ခါရတို့၏ အကြောင်းအဖြစ်ဖြင့် ပြဆိုထား၏ ဟူ၍ သိရှိအပ်၏။ တခုတည်းသော အကြောင်း၊ တခုတည်းသောအကျိုးကိုပြဆိုရာ၌ဖြေဆိုထားသော ထိုစကားဖြင့် ပုဒ်အားလုံး၌ အကြောင်းတခု၊ အကျိုးတခုတည်းကိုသာ ပြဆိုရာတွင်လည်း [ရရှိသော] အကျိုးအာနိသင်ကို သိရှိအပ်၏။

၁၀။ ဤစကားရပ်တွင် "ယင်းသို့ ဖြစ်သော်လည်း စင်စစ် မကောင်းသည့် အကျိုးကိုလည်းပေး၊ အပြစ်နှင့်လည်း တကွ ဖြစ်သောအဝိဇ္ဇာသည် ကောင်းသော ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရတို့၏ အကြောင်းတရား ဖြစ်နေသည်မှာ အသို့လျှင် သင့်တန့်ပါမည်နည်း။ [ဘယ့်နှယ်လုပ်ပြီး သဘာဝကျပါ့မလဲ] အကြင့်ကြောင့် ကျီးအာသီးထဲမှ ကြံရည်ဖြစ်ပေါ်မလာနိုင်။

ထို့ကြောင့် ယုတ္တိမတန်ပါချေ။"ဟူ၍ စောဒက ဆရာက ဆိုလာ ရာ၏။

ဘယ့်နှယ်ကြောင့် ယုတ္တိမတန်ဘဲ၊ သဘာဝမကျဘဲ ရှိအံ့နည်း။ သင့်တန်၏။ သဘာဝလည်းကျပါ၏။ မှန်၏။ မျက်မြင်လောက ထဲတွင် အကြင်အကျိုးတရားတို့နှင့် ဆန့်ကျင်သော အကြောင်း တရားလည်းရှိ၏။ အကျိုးနှင့်မဆန့်ကျင်သော အကြောင်းလည်း ရှိ၏။ ထို့ပြင် အကျိုးနှင့် တူညီသောအကြောင်းလည်း ရှိ၏။ အကျိုးနှင့် မတူညီသောအကြောင်းလည်း ရှိ၏။ ထိုသဘော တရားသည် အကျိုးဝိပါက်တို့ပင်လျှင် မဟုတ်ကြပါသလော။

၁။ ခွဲဦးအံ့။ ရှေးစိတ်သည် နောက်စိတ်၏ ဌာနအနေနှင့် ဆန့်ကျင်သောအကြောင်း ဖြစ်၏။ ငယ်ရွယ်စဉ် ရှေးအခါက သင်ကြားထားသည့် အတတ်ပညာစသည်တို့သည် ကြီးပြင်းလာ သည့် ယခုနောက်ပိုင်းတွင် တတ်သိ ဖြစ်ပေါ်နေသော အတတ် ပညာစသည့် အပြုအမူ ကြိယာတို့၏ ဌာနအနေအားဖြင့် ဆန့်ကျင် သောအကြောင်း ဖြစ်၏။

၂။ အကြောင်းလည်းဖြစ်၊ ကံလည်းဖြစ်သော နာမ်သည် အကျိုးဖြစ်သော ရုပ်၏ သဘာဝအနေအားဖြင့် ဆန့်ကျင်သော အကြောင်းဖြစ်၏။ နို့ ရည်စသည်တို့သည် နို့ စိမ်း[နို့ ချဉ်] စသည် တို့၏ သဘာဝအနေအားဖြင့် ဆန့်ကျင်သော အကြောင်းများ ဖြစ်ကြ၏။

၃။ အကြောင်းဖြစ်သော အလင်းရောင်သည် အကျိုး ဖြစ်သည့် မျက်စေ့အသိ စက္ခုဝိညာဏ်၏ ကိစ္စအနေအားဖြင့် ဆန့်ကျင်သောအကြောင်း ဖြစ်၏။ တင်လဲ၊ ထန်းလျက် စသည်

တို့သည် အရက်စသည်တို့၏ ကိစ္စအနေအားဖြင့် ဆန့်ကျင်သော အကြောင်းဖြစ်၏။

၄။ စက္ခုပသာဒရုပ်၊ ရူပါရုံစသည်တို့သည် စက္ခုဝိညာဏ်စသည်တို့၏ ဥာနအနေအားဖြင့် ဆန့်ကျင်သော အကြောင်းများဖြစ်ကြ၏။

၅။ ရှေးရှေး ဇောစိတ်စသည်တို့ကား နောက်နောက်ဇောစိတ်စသည်တို့၏ သဘာဝ ကိစ္စအနေအားဖြင့် ဆန့်ကျင်သော အကြောင်းများ ဖြစ်ကြ၏။

ဆန့်ကျင်သောအကြောင်း၊ မဆန့်ကျင်သော အကြောင်းရှိသည့်နည်းတူ တူသောအကြောင်း၊ မတူသော အကြောင်းများလည်းရှိ၏။ ချဉ်းအံ့။

၁။ ရာသီဥတုအစာအာဟာရဟုဆိုအပ်သောရုပ်သည် မိမိနှင့်တူသည်သာဖြစ်သော ရုပ်၏ အကြောင်း ဖြစ်၏။ သလေးစေ့ စပါးစေ့ စသည်တို့သည် သလေးဆန်၊ စပါးနှံ စသည်တို့၏ အကြောင်းများဖြစ်၏။

၂။ ရုပ်သည်မိမိနှင့်မတူသော နာမ်၏အကြောင်း၊နာမ်လည်းမိမိနှင့်မတူသော ရုပ်၏ အကြောင်း ဖြစ်၏။ အရိုးနီ နေဇာမြက်ရောင်ရှိသော ဆိတ်မွေးက နေဇာမြက်၏ အကြောင်း၊ နို့စိမ်းက အထူးထူးသော ဆေး၏အကြောင်း ဖြစ်၏။

အကြင်အကျိုးတရားတို့အား ဆန့်ကျင်သည်လည်းဖြစ်၊ မဆန့်ကျင်သည်လည်း ဖြစ်သော တူ မတူလည်း ဖြစ်သော အကြင်အကြောင်းတရား ပစ္စယများသည် ရှိကြ၏။ ထိုအကျိုးတရားတို့သည် ထိုထိုအကြောင်းတရားတို့၏ အကျိုး ပစ္စယုပ္ပန်တို့ပင် မဟုတ်ကြပြီလော။

ယင်းသို့လျှင် ဤမသိမှု အဝိဇ္ဇာသည် မုချဖြစ်သည့် အကျိုးကို ပေးသည့် အစွမ်းအားဖြင့်ရင်း၊ တကယ်စင်စစ် အနိဋ္ဌာရုံအကျိုး သဘာဝ၏ အစွမ်းဖြင့်ရင်း အပြစ်အနာရှိပေမဲ့ ထိုပုညာဘိသင်္ခါရ စသည်တို့အား ထိုက်သည့်အားလျော်စွာ ဌာန၊ ကိစ္စ၊ သဘာဝ အားဖြင့် ဆန့်ကျင် မဆန့်ကျင်သော အကြောင်းဖြစ်သည့် အစွမ်း အားဖြင့်ရင်း၊ တူ မတူသော အကြောင်းဖြစ်သည့် အစွမ်းအားဖြင့် ရင်း၊ [အကျိုးဖြစ်သော သင်္ခါရတို့အား] ကျေးဇူးပြုနိုင်သည်သာ တည်းဟု သိရှိအပ်၏။

"မှန်၏။ ဒုက္ခသစ္စာစသည်တို့၌ [သိအပ်ဖွယ်ရာ အဖြာဖြာကို] မသိမှုဟူသော အညာဏကို အကြင်သူသည် မပယ်ရသေးသည် ဖြစ်အံ့၊ ထိုသူသည် ဒုက္ခသစ္စာကိုရင်း၊ ရှေ့အစွန်းစသည်တို့ကိုရင်း မသိသေးသောကြောင့် သံသရာ့ ဒုက္ခကို သုခဟူသော အထင်ဖြင့် ယူဆ၍ ထိုဒုက္ခ၏ အကြောင်းရင်းဖြစ်သည့် သင်္ခါရတရား ၃ ပါး တို့ကို အားထုတ် ပြုလုပ်၏" စသည်ဖြင့် အဝိဇ္ဇာ၏ အကျိုးပြုသည့် အဖြစ်ကို ဆိုထားပြီ ဖြစ်သည်သာတည်း။

အကျဉ်း

၁၁။ တနည်းသော်ကား ယခုဖော်ပြအံ့သော စကားချပ်မှာ အခြားပရိယာယ်တခု ဖြစ်၏။ အကြင်သူသည် စုတိပဋိသန္ဓေနှင့် ပတ်သက်သော သဘောတရားရေးရာ၌ တွေဝေ၏။ ထို့အတူ သံသရာနှင့်ပတ်သက်သောသဘောတရား၊ သင်္ခါရတို့၏လက္ခဏာ၊ အကြောင်းကြောင့် ဖြစ်လာသော အကျိုးတို့နှင့်ပတ်သက်သော သဘောတရားရေး၌ တွေဝေ၏။ ထိုသူသည် ထိုသင်္ခါရတရား

၃ ပါးတို့ကို အကြင့်ကြောင့် ပြုလုပ်၏။ ထို့ကြောင့် အဝိဇ္ဇာသည် သင်္ခါရတရား သုံးပါးတို့အား ကျေးဇူးပြု၏။

အကျယ်

အကြင်သူသည် စုတိပဋိသန္ဓေ စသည်တို့၌ တွေဝေ၏။ ထိုသူသည် သင်္ခါရတရား သုံးပါးတို့ကို အဘယ်သို့ ပြုလုပ်သနည်း။ ယင်းသို့ မေးလာချေသော်

၁။ စုတိနှင့်ပတ်သက်သော သဘောတရားရေးရာ၌ တွေဝေသူသည် ထိုထိုဘဝတို့၌ "ခန္ဓာ ၅ ပါး ရုပ်တရား၊ နာမ်တရားတို့ ပျက်စီးသွားတာကို သေခြင်း မရဏလို့ ခေါ်တာပါဘဲလား"ဟူ၍ စုတေခြင်းကို မယူမူ၍ ဝါ၊ နားမလည်ရှာဘဲ 'လူသတ္တဝါ သေသွားတာ၊ လူသတ္တဝါက အခြားအရပ်ဒေသတခုသို့ ပြောင်းရွှေ့သွားတာပါ'ဟူ၍ တလွဲတချော် ကြံမိ၏။

၂။ ပဋိသန္ဓေနှင့် ပတ်သက်သော သဘောတရားရေးရာ၌ တွေဝေသူသည် 'ခန္ဓာ ၅ ပါး ရုပ်တရား၊ နာမ်တရားတွေ အထင်အရှား ဖြစ်ပေါ်လာတာကိုဘဲ ဇာတိလို့ခေါ်တာပါကလား'ဟူ၍ ပဋိသန္ဓေကို၊ ဝါ၊ ဘဝဟောင်းနှင့် ဘဝသစ် ဆက်စပ်ပေးမှုကို မယူမူ၍ မသိရှာဘဲ 'လူသတ္တဝါ ဖြစ်လာတယ်။ လူသတ္တဝါတို့ ခန္ဓာကိုယ်အသစ် ဖြစ်ပေါ်လာတယ်' ဟူ၍ အလွဲအချော် ကြံဆမိ၏။

၃။ သံသရာနှင့် ပတ်သက်သော သဘောတရားရေးရာ၌ တွေဝေသူသည် 'ခန္ဓာအာယတန ဓာတ်များ မပြတ်မစဲ တဖွဖွဲ ဖြစ်ပေါ်နေသော အစဉ်သန္တတိကိုပင် သံသရာဟု ဆိုအပ်၏'ဟူ၍ အကြင်သံသရာကို ဖွင့်ဆိုထားအပ်၏။ ထိုသို့ (အမှန်ကန်) ဖွင့်ဆို

ထားသော သံသရာကို ထို့အတိုင်း မယူဆပါဘဲ "ဒီလူသတ္တဝါဆိုတာဟာ ဒီလောကကြီးကနေပြီး အခြား လောကတခုကို ရောက်သွားတယ်။ အခြား လောကတခုက ဒီလောကကို ရောက်လာတယ်"စသည်ဖြင့် လွဲမှားသည့် သဘောတရားကို ကြံဆမိရှာ၏။

၄။ သင်္ခါရတို့၏လက္ခဏာ၌ တွေဝေသူသည် သင်္ခါရတရားတို့၏ သဘာဝလက္ခဏာ၊ သာမညလက္ခဏာကို အယူအဆမရှိ။ [ရှိအောင်လည်း မကြိုးစား] မရှိသည့်အတွက်ကြောင့် သင်္ခါရတရားများကို "ငါ့ကိုယ်၊ ငါ့ဟာ အမြဲရှိတယ်။ တင့်တယ်တယ်။ ချောတယ်။ လှတယ်။ ချမ်းသာတယ်"ဟူ၍ ကြံဆမိတော့၏။

၅။ အကြောင်းကြောင့်လာသည့် အကျိုးတရားရေးရာ၌ တွေဝေသူသည် မသိမှု အဝိဇ္ဇာ စသည်တို့ကြောင့် [သံသရာကျင်လည်ကြောင်း ကောင်း၊ မကောင်း] ထိုထိုသင်္ခါရ စသည့်တရားအပေါင်းတို့ ဖြစ်လာရ၏ဟူ၍ အယူအဆ အသိအမြင် မရှိ။ မရှိသည့်အတွက်ကြောင့် 'လူ့ကိုယ်ကာယကြီးဟာ သိလဲ သိတတ်တယ်။သိလဲ မသိတတ်ဘူး။ ဒီကိုယ်ကောင်ကြီးကဘဲ လုပ်လဲ လုပ်တတ်တယ်။ ခိုင်းလဲ ခိုင်းစေတတ်တယ်။ ဒီကိုယ်ကောင်ကြီးကဘဲ ပဋိသန္ဓေမှာ ဖြစ်တယ်။ ဒီကိုယ်ကာယကို အစိုးရတဲ့ နတ်အစရှိတဲ့ တန်ခိုးရှင်များက ကလလရေကြည် စတဲ့အဖြစ်နဲ့ လူကောင်ကလေးလုပ်ပြီး စက္ခုစတဲ့ ဣန္ဒြေများ ပြည့်စုံလာအောင် ဖန်ဆင်းကြတယ်။ ထိုလူကောင်ကလေးကဘဲ စက္ခု မျက်စေ့စတဲ့ ဣန္ဒြေများနဲ့ ပြည့်စုံလာပြီး ထိတွေ့လာတတ်တယ်။ ခံစားတတ်တယ်။ တပ်မက်တတ်တယ်။ စွဲလန်းတတ်တယ်။ အားထုတ်တတ်တယ်။ အဲဒီ လူကောင်ကလေးဟာ ဘဝသစ်မှာ ဖြစ်လာရတယ်'

ဟူ၍၎င်း၊ 'အားလုံးသော သတ္တဝါတွေဟာ ရှေဘဝ နောက်ဘဝမှာ စုစည်းပေါင်းဆုံကြ၏' ဟူ၍၎င်း[ဒီဃနိကာယ်၊ပဌမအုပ်၊ ပြဟ္မဇာလသုတ်၊ စာမျက်နှာ ၅၀ ၌ လာရှိသည့်အတိုင်း] ကြံဆ လေတော့၏။

ယင်းသို့ ကြံဆသူသည် မသိမှု အဝိဇ္ဇာက မိုက်မဲသူဖြစ်အောင် ပြုလေသည့်အတွက် ယင်းသို့ ကြံဆတွေးခေါ်လျက် ပုညာပုည အာနေဥ္စဟု ဆိုအပ်သည့် သံသရာလည်ကြောင်း ကောင်းမှု၊ မကောင်းမှုကံ သင်္ခါရသုံးတန်ကို အလွဲအမှား ကြိုးစားအားထုတ် လေတော့၏။

ဥပမာ၊ အကာဏ်းသည် မြေအပြင်၌ ခြေလျင်လျှောက်သွား လေသော် လမ်းပေါ်တည့်တည့်သို့ ဖြစ်စေ၊ လမ်းဘေး ချုံပုတ် ချိုင့်ဝှမ်းထဲသို့ဖြစ်စေ၊ ကုန်းမြင့်ပေါ်သို့ဖြစ်စေ၊ မြေညီရာသို့ဖြစ်စေ၊ လမ်းကြမ်းပေါ်သို့ဖြစ်စေ လျှောက်သွားနေမိသည်သို့တည်း။

ထို့ကြောင့် အဆိုအမိန့် ပြုခဲ့ကြသည်မှာ "ဥပမာသော်ကား မွေးဖွားလာစဉ်ကပင် မျက်စေ့ကာဏ်းလာသူသည် လမ်းပြမပါ တယောက်တည်းသာ ခရီးသွားခဲ့ပါသော် တခါဘရံ လမ်းပေါ် တည့်တည့်သို့ သွားရပေမည်။ တခါဟရံတော့လည်း လမ်းမ ပေါ်မှ လွဲချော်၍သော်လည်း သွားမိပေလိမ့်မည်။ ထို့အတူပင် သံသရာတခွင် ကျင်လည်လာရ လူ့ဗာလသည် အရဟတ္တမဂ် တည်းဟူသော လမ်းခရီးအနှန်သို့[ ရောက်အောင် ]သွားတတ်မည့် အပေါင်းအသင်းကောင်းနှင့် မတွေ့ရ၊ မဆုံရပါမူ တခါတရံ ကောင်းသောအမှု ကုသိုလ်စုကို ပြုမိပါလိမ့်မည်။ တခါဘရံကျ တော့လည်း မကောင်းသောအမှု အကုသိုလ်စုကို ပြုမိရှာပေမည်။

ထိုသူသည် အကြင်ခါ၌ သဘောတရားရေးရာကို အမှန်အကန် သိ၍ မဖောက်မပြန်သော အမှန်တရား သစ္စာများကို သိရှိလာအံ့၊ [သိရှိအောင်ကြိုးပမ်းလာအံ့] ထိုအခါတွင်ကား မသိမှု အဝိဇ္ဇာ ချုပ်ငြိမ်းလေပြီဖြစ်သောကြောင့် ကိလေသာအပူခံတော်မှ ကင်းဝေးပြီး ထာဝရငြိမ်းချမ်းရေးရလျက် နိဗ္ဗာန်သို့ သွားရောက်နိုင်မည်သာတည်း"ဟူ၏။

ဤသည်မှာ"အဝိဇ္ဇာပစ္စယာသင်္ခါရာ"ဟူသောပုဒ်၏အကျယ်တဝင့် အဖွင့်စကားရပ်တည်း။

သင်္ခါရပစ္စယာ ဝိညာဏံ
ပြုမှု သင်္ခါရဟူသောအကြောင်းကြောင့်
သိမှု ဝိညာဏ် ဖြစ်လာ၏။

## ဝိဘင်းပါဠိတော် မြန်မာပြန်

ထိုတွင် သင်္ခါရကြောင့် [ဖြစ်လာသော] သိမှု ဝိညာဏ်ဟူသည် အဘယ်နည်း။

စက္ခုဝိညာဏ်သည်၎င်း၊ သောတဝိညာဏ်သည်၎င်း၊ ဃာန ဝိညာဏ်သည်၎င်း၊ ဇိဝှာဝိညာဏ်သည်၎င်း၊ ကာယဝိညာဏ် သည်၎င်း၊ မနောဝိညာဏ်သည်၎င်း ရှိ၏။ ဤဝိညာဏ်ကို သင်္ခါရ ကြောင့် [ဖြစ်လာသော] သိမှု ဝိညာဏ်ဟု ဆိုအပ်၏။

## အင်္ဂလိပ်ဘာသာ မြန်မာပြန်

၁။ ကံအမှုတို့နှင့်လျော်ညီစွာ ပြောင်းလဲတတ်သည့်အပြင် ဖြင့်နှေးကြန့်ကြာစေတတ်သော စွမ်းအားစုက ကံအမှုအားလုံးကို တန်ပြန်ဆန့်ကျင်တတ်၏။

၂။ လျှပ်စစ်အားစီးနေသောဓာတ်ကြိုးတလျှောက် လည်ပတ် နေသော သံလိုက်ဓာတ်အား၏ အပြောင်းအလဲကို 'ဂါလ်ဗာနို

မိတာ'ရှိ အိမ်မြှောင်ကလေးက ထုတ်ဖော်ညွှန်ပြတတ်၏။ သို့သော် ထိုအိမ်မြှောင်ကလေးမှာ သိမှုဟူသော သတ္တိထူး မရှိပါပေ။

[ဤစကားအရ ငါတို့၏ ဥက္ကောင်းသည် 'ဂါလ်ဗာနိုမိတာ' နှင့် တူ၏။ ဥဈောက် ကလပ်စည်းများက အိမ်မြှောင်နှင့်တူ၏။ သိမှုက ညွှန်ပြမှုနှင့် တူ၏။ အိမ်မြှောင်သည် ရုပ်တရား။ ထို့အတူ ဥဈောက်သည်လည်း ရုပ်တရားပင်ဖြစ်၏။]

၃။ ကျွန်ုပ်တို့၏ ကိုယ်၊ နှုတ်၊ စိတ်ဆိုင်ရာ ကံအမှုလုပ်ငန်း (ACTION.) များကို နာမ်တရားများက စီမံခန့်ခွဲကြ၏။ ကံအမှု အားလျော်စွာ ပြောင်းလဲတတ်သော မသိမှု မနိုင်ခြေက ကိုယ်၊ နှုတ်၊ စိတ်ဆိုင်ရာ ကံအမှုများကို ညွှန်ပြတတ် ဆန်းစစ်တတ်ကြ၏။

[အသိဉာဏ် ပြည့်ဝသူ၏ သိမှုက ယဉ်ကျေးရည်မွန်သော ကိုယ်၊ နှုတ်၊ စိတ်တို့၏ အမူအရာများကို ဖော်ပြတတ်၏။ မိမိ သို့မဟုတ် သူတပါး အပြုအမူများကို ကောင်း မကောင်း၊ သင့် မသင့် (ယထာဘူတကျကျ) ခြင့်ချိန်ဆန်းစစ်တတ်၏။ အသိဉာဏ် ချို့တဲ့သူ၏ သိမှုက ရိုင်းစိုင်းသော အမူအရာများကို ဖော်ပြတတ် သည်နှင့်အမျှ ဆန်းစစ်ဝေဖန်တတ်ခြင်း ကင်းမဲ့တတ်သည်သာ များ၏။

ဆန်းစစ်ဝေဖန်မှု ပြုပြန်တော့လည်း လိုရာသို့သာ ဆွဲပြီး တွေးတတ်သည်သာ။ ယထာဘူတကျကျ မဆန်းစစ်ပါဘဲ သူတပါး၏ အပြစ်ကိုတော့ မြင်လွယ်တတ်သည်နှင့်အမျှ မိမိ၏ အပြစ်ကိုတော့ မြင်နိုင်ခဲဘိ၏။ မြင်လာတတ်သည့် အပြစ်ကျ ပြန်တော့ အကြောင်းအမျိုးမျိုးပြကာ ခွင့်လွှတ်နိုင်ဘွယ်ရာအမှား သို့မဟုတ် အမှန်၏ အတုဖြစ်အောင် ထုချေတတ်သူတွေများလှ ချေ၏။ ထို့ကြောင့် ငါတို့တတွေသည်'ဒီလိုဖြစ်ရတာ ငါ့အပြစ်ဘဲ'

ဟူသော အချက်ကို အခြေခံပြီးတော့မှသာ အရာရာကို အကြောင်းအားလျော်စွာ ဆန်းစစ်တတ်သည့် အလေ့အထကလေး တခုလက်ကိုင်ပြုပါစို့။ ကြီးလာမှတော့ဖြင့် အရိုးကရင့်နေပြီမို့ ပြုပြင်လို့ ရနိုင်ခဲကြမည်မဟုတ်ပါလား။]

၅။ ဤမည်သော သိနိုင်စွမ်းသတ္တိ၏ လှုမ်းမိုးမှု၊ အရှိန်အဝါသည် လန်းလန်းဆတ်ဆတ်ကျန်းကျန်းမာမာဖြင့်ပင်တည်ရှိနေ၏။ ထို့ပြင်လည်း ကံအမှုများက ချောချောမောမောနှင့် ဆက်လက်သွားနေသေးသမျှ ကာလပတ်လုံး ဤအရှိန်အဝါကပင် ကံအမှု (ACTION) မှန်သမျှကို ဆန်းစစ်နေဦးမည်သာ ဖြစ်၏။

၆။ သိနိုင်စွမ်းသတ္တိ သို့မဟုတ် အသိစိတ်ကို ကံအမှုများက ပြန်လည်ပြုပြင်ကြပြန်၏။ စွဲလမ်းတပ်မက်မှု တဏှာ၊ ခက်ထန်ကြမ်းကြုတ်မှု ဒေါသ၊ မုန်းတီးမှု ဗျာပါဒ၊ စိုးရိမ်မှု သောက၊ ငိုကြွေးပူဆွေးမှု ပရိဒေဝ [စသောကံအမှု] တို့သည် တဦးတယောက်သောသူကို အယူသည်းသူ မိုက်မဲသူဖြစ်အောင် ပြုလုပ်နိုင်စွမ်းသတ္တိ ရှိကြ၏။ယင်းသို့ဆိုလျှင် ထိုသူသည် အရာအားလုံးကို ပုံမှန်အတိုင်း ယထာဘူတကျကျ သိမြင်နိုင်စွမ်း မရှိတတ်ပါပြီ။ ထို့ကြောင့် ထိုသူ၏ သိမှုများသည် အလွဲနှင့်အမှားသို့သာ ဦးတည်လျက် ရှိနေတော့မည်သာ ဖြစ်သကဲ့သို့ ဘဝသည်လည်း အမှားလမ်းကြောင်းသို့သာ ဆက်လက်သွားပေတော့မည်။

[နာကြည်းတွယ် အတွေ့အကြုံများက တဦးတယောက်ကို (ယထာဘူတလမ်းစဉ်မှလွဲဖယ်ပြီး) အမှားသို့သာ ဆွဲဖို့တတ်သည့် နှလုံးသား၏ နာကြည်းရမှုများက ဥက္ကောက်ကို တွေဝေစေတတ် မိုက်မဲစေတတ်၏။ အဆိုးမှသည် အဆိုးအမှားသို့ ဟူလို။

ဤသဘောတရားသည် "ဇရာမရဏမနုဿာယ (လ) အဝိဇ္ဇာစ ပဝတ္တတိ"ဟူသော ဗုဒ္ဓအဘိဓမ္မာနှင့် တထပ်တည်း တူညီနေသည်ကို တွေ့ရ၏။

အထက်ပါတို့သည် စာကိုယ် ကတိုက်ကရိုက် ဆိုလိုသည့် (ယေဘုယျစကား) အဓိပ္ပာယ်များ ဖြစ်၏။ (အပွက စကား) ချွင်းချက်အားဖြင့် ရှိတတ်သေးသည်မှာ "အဆိုးမှသည် အကောင်းသို့"ဟူ၏။ ဥပမာ၊ ဗိုလ်ချုပ်အောင်ဆန်း၏ နှလုံးသားထဲတွင် စွဲထင်နေသော ပြည်သူတို့၏ ကျွန်သပေါက်ဘဝ အဖြစ်ဆိုးများက ဗိုလ်ချုပ်ကို ကမ္ဘာကျော်ခေါင်းဆောင်ကြီး၊လွတ်လပ်ရေး ဘခင်တည်းဟူသော ဘဝသို့ တွန်းပို့ခဲ့ပြီး မဟုတ်ပါလား။ ထို့အတူပင် သစ်ဖောင်သမား တောသားကြီးလင်ကွန်း၏ နှလုံးသားထဲတွင် စွဲထင်နေသော နယူးအော်လင်းမြို့မှ နီဂရိုးများ၏ ကျွန်သပေါက်ဘဝသည် လင်ကွန်းကို ကမ္ဘာကျော်သမတ၊ ကပ္ပလီများ၏ ကယ်တင်ရှင်ဘဝသို့ တွန်းပို့ခဲ့ပြီး မဟုတ်တုံလော။ ဤဖြစ်ရပ်များက "(အဆိုး=) နှလုံးသား၏ နာကြည်းရသော ခံစားမှုများမှသည် (အကောင်း=) ကမ္ဘာကျော် ခေါင်းဆောင်ကြီးများဘဝသို့" ဟူသော ဥပဒေသ၏ သာဓကများပင် ဖြစ်တော့၏။ဤသည်မှာလည်း ဗုဒ္ဓအဘိဓမ္မာနှင့် တထပ်တည်းကျနေသည်ကို တွေ့ရပြန်၏။ "ပုရိမာ ပုရိမာ အကုသလာဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံကုသလာနံ ဓမ္မာနံ (ကေသဉ္စိ) ဥပနိဿယပစ္စယေန ပစ္စယော= ရှေးရှေးဖြစ်သော အကုသလ ဓမ္မတို့သည် နောက်နောက်ဖြစ်သော (အချို့သော) ကုသလဓမ္မတို့အား ဥပနိဿယ သတ္တိဖြင့် ကျေးဇူးပြု၏"(ပဋ္ဌာန်းပါဠိတော်)

၇။ မိမိတို့၏ ခက်ထန်မှု ဒေါသ၊ တပ်မက်တောင့်တမှု လောဘ၊ တွေဝေမှု မောဟတို့ကို ချုပ်တီးနှိမ်နင်းခြင်းဖြင့် မိမိတို့၏ နှလုံးသားကို စိုးမိုးအောင်နိုင်ပြီးသူ (စိတ်ဆင်ရိုင်းကို) ယဉ်ကျေး သိမ်မွေ့စေနိုင်ပြီး သူတို့သာလျှင် သိမ်မွေ့ ယဉ်ကျေးမှု ခန့်ငြားရည်မွန်မှုတို့ကို ပြုစုပျိုးထောင်နိုင်ကြမည်သာ ဖြစ်၏။ ထိုသူတို့၏ အမူအရာခပ်သိမ်းမှာလည်း အေးချမ်းသည်နှင့်အမျှ တည်ငြိမ်မှုရကြ၏။ သူတို့သည် သည်းခံခြင်းတရား လက်ကိုင်ထားခြင်းဖြင့် ထာဝစဉ် မွေ့လျော်မှုကို ရယူတတ်ကြ၏။ သူတို့သည် မိမိတို့၏ ရန်သူများကို ခွင့်လွှတ်ခြင်း (ခွင့်လွှတ်နိုင်အောင် နှလုံးသွင်းခြင်း)ခန္တီ၊ ယောနိသော မနသိကာရ၊ ချစ်ခြင်းမေတ္တာ၊ သနားခြင်းကရုဏာတို့ဖြင့်သာ အောင်နိုင်ရန်ကြိုးစားတတ်ကြ၏။

[''ရန်ကိုရန်ချင်း မတုန့်နှင်းလင့်''ဟူသော မြန်မာ့စကားပုံကို လက်ကိုင်ထားသင့်ကြသည်နှင့် အမျှ ''ဒုတ်၊ ဒါးလက်နက်တို့ဖြင့် လာရောက်သူကို အစားအသောက်ဖြင့် ဆီးကြိုရမည်''ဟူသော ကရင်အမျိုးသားတို့၏ စကားပုံကိုလည်း လိုက်နာကျင့်သုံးကြရမည် ဟူ၏။ သို့တည်းမဟုတ်မူ၍ ''နင်က ပါးစပ်နှင့် အော်ရင် ငါက ဘိနပ်နှင့်ဆော်ချင်''စသည်ဖြင့် ဒို့မထိနဲ့၊ မီးပွင့်သွားမည့် သဘောထားတို့သည်ကား လတ်တလော စိတ်ကျေနပ်မှုရခြင်း (အကောင်း)ထက် ထာဝစဉ် စိတ်မချမ်းမြေ့ရခြင်း (အဆိုး) ဘက်က များတတ်သည်ကို တွေ့ရ ကြုံရတတ်၏။ သို့အတွက် ဒို့များ လူငယ်တွေဟာ (လူငယ်သဘာဝအလျောက်) စိတ်လိုက် မာန်ပါပြုတတ်ခြင်းမှ ရှောင်ကွင်းပြီး ''ယဉ်သောလူကြီးကလေး များ''ဖြစ်အောင် ကြိုးစားကြစို့။ သို့မဟုတ်ပါက နောင်အခါတွင် ''ဆိုးသော်လူကြီးများ''ဖြစ်တတ်ကြသည် မဟုတ်ပါလော]

မိမိတို့၏ နှလုံးသားကို စိုးမိုးနိုင်ပြီးသော ထိုသူတို့၏ အကြီးဆုံး ဂုဏ်ပုဒ်သည်ကား မိမိတို့အား ထိပါးသမှု ပြုလာတတ်သည့် ဆိုးသူကို ကောင်းသူဖြစ်အောင် ပြုလုပ်တတ်မှုပင်ဖြစ်၏။ သူတို့၏ အမူအရာ အားလုံးမှာလည်း ငြိမ်းအေး ချမ်းမြေ့ တတ်၏။ ထိုအေးငြိမ်း ချမ်းမြေ့မှုတို့ကြောင့်ပင် အသိဉာဏ်မှာလည်း ကြည်လင် ပြတ်သားသည်နှင့်အမျှ သိမ်မွေ့ ညက်ညောတတ်၏။ သူတို့၏ အသိတရားများက သူတို့ဘဝကိုလည်း လမ်းမှန်အတိုင်း (မတိမ်းမမှားရလေအောင်) ဦးဆောင်သွားနိုင်၏။ သူတို့သည် [ဆိုးသူကို ကောင်းသူဖြစ်အောင်၊ အကုသိုလ်မှုကို ကုသိုလ်မှု ဖြစ်အောင် ပြုတတ်သောကြောင့် လက်ရှိနေရာမှာ ဖြစ်စေ၊ အခြား တနေရာမှာ ဖြစ်စေ ပျော်ရွှင်မွေ့လျော်နိုင်ကြသလို] ပစ္စုပ္ပန်ဘဝ မှာရော အနာဂတ်ဘဝမှာပါ ချမ်းမြေ့ပျော်ရွှင်နိုင်ကြလေ၏။

[မိမိအား ဒေါသတကြီး ရန်တွေ့လာသူတဦးကို သည်းခံသည့် အမူအရာ၊ တည်ငြိမ်သော စကားတို့ဖြင့် ရင်ဆိုင်နိုင်ခဲ့ပါသော် သူတို့၏ ခက်ထန်နေသော ဒေါသဟုန်ရေစီးမှာ မေတ္တာရှင် တာတမံနှင့်ဝင်တိုးမိလေပြီမို့ တုန့်ကနဲ ဖြစ်သွားပေတော့မည်။ အမှားကို မြင်လာမည်။ အမှန် လင်းရောင်ခြည်သန်းလာမည် ဖြစ်ပြီမို့ မိမိကိုယ်ကို ပြန်လည် ဆန်းစစ်သော ကောင်းသူ (ပညာရှိ)တယောက် ဖြစ်လာပေတော့မည် မဟုတ်ပါလား။

"ကိုယ့်ဟာကိုယ် မိုက်မဲမှန်းသိလာရင်ဘဲ ပညာရှိလို့ ခေါ်ရ တယ်" ဗုဒ္ဓ။

ဤသည်မှာ ပြေးလာသော ဒေါသကို တူညီသော တုန့်ပြန်မှု ဒေါသဖြင့် ရင်မဆိုင်ဘဲ မချော်လင့်သော တုန့်ပြန်မှု အဒေါသ စေတနာ မေတ္တာ အကြင်နာဖြင့် ရင်ဆိုင်နိုင်ခဲ့လေသောကြောင့်

ဆိုးသူ (ဒေါသရှင်)မှသည် ကောင်းသူ (ပညာရှင်) အဖြစ်သို့ ကူးပြောင်းစေနိုင်ခဲ့ပြီ မဟုတ်လော။ ဤဖြစ်ရပ်များကို ရှုမြင် ကြားသိဘူးကြပေလိမ့်မည်]

၆။ သိစိတ် ဝိညာဏ် ၆ မျိုးဟူသည်မှာ အောက်ပါအတိုင်း ဖြစ်၏။

၁။ ရူပါရုံ (တွေ့မြင်ရမှု) တို့ကို သိမှတ်တတ်၊ သေချာစွာ ဆန်းစစ်ကြည့်ရှုတတ်သော စိတ် (သိမှတ်ကြောင်း စွမ်း ရည်ထူး) (ဝါ) မြင်သိစိတ် စက္ခုဝိညာဏ်

၂။ အသံများကို ဆန်းစစ်တတ်သောစိတ်(ဝါ)ကြားသိစိတ်၊ သောတဝိညာဏ်

၃။ အနံ့များကို ဆန်းစစ်တတ်သောစိတ် (ဝါ) နံသိစိတ်၊ ဃာနဝိညာဏ်

၄။ အရသာများကို ဆန်းစစ်တတ်သောစိတ် (ဝါ) စားသိ စိတ်၊ ဇိဝှာဝိညာဏ်

၅။ ကိုယ်ကာယ၏အထိအတွေ့ကို ဆန်းစစ်သောစိတ် (ဝါ) ထိသိစိတ်၊ ကာယဝိညာဏ်

၆။ တွေးတောကြံစည်မှုကို ဆန်းစစ်သောစိတ် (ဝါ) ကြံသိ စိတ်၊ မနောဝိညာဏ်

[မူရင်း ပြုစုသူတို့၏အာဘော်ကို မလွဲအောင် သတိပြုရသည်က တချက်၊ ဗုဒ္ဓအဘိဓမ္မာသုံးဝေါဟာရများကိုလည်း စာရှုသူတို့အား ယဉ်ပါးစေလိုသည်က တချက်ကြောင့် အထက်ပါအတိုင်း ပြန်ဆို ထားပါသည်။ အလားတူ ဝေါဟာရများကို တွေ့လျှင်လည်း သည်အတိုင်းပင် နားလည်စေချင်၏။ သို့သော် "မြင်တာကို သိတဲ့စိတ်သည် စက္ခုဝိညာဏ်။ စက္ခုဝိညာဏ်ဆိုတာ မြင်တာကို

သိတဲ့စိတ်၊ ဝါ၊ မြင်သိစိတ်''စသည်ဖြင့် အခိပ္ပာယ် အလွယ်စား ကိုသာ နားလည်ဘို့ လိုအပ်သည်နှင့်အမျှ ဆိုလိုချက်မှာလည်း မကွဲပြားပါပေ။]

၁၀။ ကိုယ်မှု ကာယကံ၊ နှုတ်မှု ဝစီကံ၊ စိတ်မှု မနောကံတို့သည် အလွန်တိုတောင်းသည့် အချိန်နှင့်အမျှ ချုပ်ငြိမ်းသွားကြသည်။ နောက် ဖြစ်ပေါ်ရှင်သန်လာပြန်၏။ ထို့ကြောင့် ဆန်းစစ်နိုင်စွမ်းသတ္တိ (သိမှု)သည် တဒင်္ဂလောက်သာ ချုပ်ငြိမ်းသွား၏။ နောက် ဘဝရေစီးကို ဆက်လက်တွန်းပို့နိုင်သည့် အရှိန်အားသစ်ဖြင့် ထပ်မံရှင်သန်လာပြန်၏။

[ဂဲသြမေထရီ သဘောတရားအရ ''မျဉ်းကြောင်းဟူသည်မှာ ခွဲခြား၍မရအောင် တူညီသည့် အစက်ကလေးများ ရှေ့နောက်သွယ်တန်းနေမှု ဖြစ်သည်''ဟူ၍ ဆိုထား၏။ သို့သော် သာမန်အားဖြင့်သာ ကြည့်ကြမည်ဆိုလျှင် အစက်ကလေးများကို မမြင်ရ၊ မသိရပေ။ မျဉ်းကြောင်း အတန်းလိုက်ကြီးကိုသာ မြင်ရပေမည်။ ဂဲသြမေထရီသဘောတရားက သက်သေထုတ်ပြီး ဆန်းစစ်ပြ၍သာ ငါတို့တတွေ သိရ၏။ အသေအချာ ဆန်းစစ်ကြည့်ပြန်တော့လည်း တကယ်တန်း မှန်ကန်နေသည်ကို တွေ့ရပြန်သည် မဟုတ်ပါလား။

ဤဂဲသြမေထရီသဘောတရားအတိုင်းဆိုလျှင် သိမှုဟူသော စိတ်အစဉ်သည် အသက်ရှင်နေသမျှ ကာလပတ်လုံး မပြတ်မစဲ တဆက်ထဲ၊ တမျိုးတစားထဲ ရှင်သန်နေသည်ဟု (သာမန်အားဖြင့်တော့) ထင်မှတ်စရာပင် ဖြစ်၏။ အမှန်မှာ သည်အတိုင်း မဟုတ်ပါပေ။ လူ့ဘဝကို စဘင်လာကြကတဲက (စာကိုယ်က ဆိုထားသည့်အတိုင်း) ဖြစ်ပျက် ဖြစ်ပျက်နှင့် စတင်လာကြရ၏။ အဟောင်းတို့ ချုပ်ပျက်လေသမျှ အသစ်တို့က ဖြစ်ပေါ်လာရ၏။

ဤစာကို စတင်ဖတ်ရှုချိန်မှ ယခုအထိ ရှိနေသော သင်၏ သိမှုစိတ် အစဉ်သည်လည်း မပြတ်မစဲ တစပ်ထဲရှိနေသည်ဟု ထင်မှတ်စရာ ရှိ၏။ အမှန်မှာ သည်လိုမဟုတ်ပါပေ။ တခုသော အသိသည် ဖြစ်ပေါ်လာ၏။ နောက် ချုပ်ပျောက်သွား၏။ တခါ အသိသစ်တခုက ပေါ်လာပြန်၏။ နောက် ချုပ်ပျောက်သွားပြန်သည်ကို တကယ်တန်း ဆန်းစစ်ကြည့်လျှင် သိနိုင်ပါသည်။

တနည်းဆိုသော် ယခုကဲ့သို့ စာဖတ်နေရာတွင် ဖတ်၍မဆုံးသေးသော၊ ဖတ်နေဆဲတန်းလန်းဖြစ်သော ဝါကျ၏အဓိပ္ပာယ်ကို သိသောစိတ်အစဉ်သည် ဝါကျဆုံးသွားသည်နှင့်တပြိုင်နက် ချုပ်ပျက်သွား၏။ ထို့နောက် ဆက်လက်၍ စတင်ဖတ်ရှုနေသော ဝါကျ၏ အဓိပ္ပာယ်ကို သိနေသည့် အသိသစ်တခုက ပေါ်လာပြန်၏။ ရှေ့အသိကား အဟောင်း။ နောက်အသိကား အသစ်။ အဟောင်းတို့ ချုပ်ပျက်သည်နှင့် အသစ်တို့က ပေါ်လာပြန်၏။

တဖန် စာကိုဖတ်ရှုနေရာမှ အသံတခုခုကိုကြားလိုက်ရသည်ဟု ဆိုကြပါစို့။ သို့အတွက် သင်၏စိတ်အစဉ်သည် စာကြည့်နေတဲ့စိတ်(=စက္ခုဒွါရဝိထိ) မှသည် ကြားတာကို သိလိုက်တဲ့စိတ် (=သောတဒွါရဝိထိ) သို့ ပြောင်းလဲသွားတော့၏။ အဟောင်း၏ (စက္ခုဒွါရဝိထိစိတ်) ချုပ်ပျက်သွားသည်နှင့်တပြိုင်နက် အသစ် (သောတဒွါရဝိထိစိတ်) က ဖြစ်ပေါ်လာတော့၏။ သို့မဟုတ် အသစ်အသစ်တို့ ဖြစ်ပေါ်လာဘို့ရန်အတွက် အဟောင်းအဟောင်းတို့က ချုပ်ပျက်ကြရ၏။

တဖန်သော် မိမိ၏စိတ်သည် မိမိနှင့်နီးကပ်စွာ ရှိနေသော စာအုပ် (သန္တိက) မှသည် အသံကြားရာ အဝေးတနေရာ(ဒူရ)သို့ လျင်မြန်လွန်းသောအဟုန်ဖြင့် ရောက်ရှိသွား၏။ ထို့ကြောင့်

"ဒုရင်္ဂမ် ကေစာရံ=အဖော်မပါ တကိုယ်တည်း အဝေးသို့လည်း သွားရောက်တတ်၏"စသည်ဖြင့် ဗုဒ္ဓက ဟောတော်မူခဲ့၏။

အဆိုပါ စက္ခုဒွါရဝိထိနှင့် သောတဒွါရဝိထိ ဟူသော စိတ်အစဉ်တို့သည် တစက္ကန့်အတွင်းမှာပင် ကူးပြောင်း ဖြစ်ပျက်နိုင်၏။ လွယ်ကူစိမ့်သောငှာ တဝိထိအတွက် တစက္ကန့်ကြာသည် ဆိုကြပါစို့။ တစက္ကန့်မျှသာကြာသော ထိုတဝိထိအတွင်းမှာပင် စိတ်ဖြစ်ကြိမ်တို့မှာ ခဏကြီး ၁၇ ချက်၊ ခဏငယ် ၅၁ ချက်။ ဝါ၊ အစက်ကြီး ၁၇ စက်၊ အစက်ငယ် ၅၁ စက်တို့သည် ရှေ့နောက်စဉ်လျက် မျဉ်းကြောင်းပမာ ဆက်တန်းလျက်ရှိနေ၏ဟူ၍ ဗုဒ္ဓအဘိဓမ္မာက ဆိုထား၏။ [ခဏကြီးတချက်လျှင် ခဏငယ် ၃ ချက်နှင့် ညီမျှ၏။ ထို့ကြောင့် ၁၇×၃=၅၁]

သို့ဖြစ်လေသောကြောင့် ဂဲဩမေထရီပညာကို မတတ်သူသည် အစက်ကို မမြင်ဘဲ တဆက်ထဲ တည်နေသည့် မျဉ်းကြောင်းအတန်းကြီးကိုသာ မြင်ရ၏။ ထို့အတူပင် အရိယာဘဝသို့ မကူးပြောင်းနိုင်သေးသော ပုထုဇဉ် လူသားတယောက်အဖို့ မသေမီ စပ်ကြားမှာဖြင့် မိမိတို့၏ စိတ်ခေတ်တည်းဟူသော နာမ်တရားနှင့် ရုပ်ဝတ္ထုများသည် ချုပ်ပျက်ခြင်းမရှိ၊ တဆက်တည်း ရှင်သန်လျက်ရှိနေသည်ဟု ထင်မှတ်ကြမည်မှာကား အဆိုးမဆိုသာပါပေ။ ဝါ၊ သန္တတိနှင့် ဃနမကွဲကြမည်မှာကား ပုထုဇဉ်တို့၏ သဘာဝပင်ဖြစ်တော့၏။

အရိယာစခန်းသို့ တက်လှမ်းလိုသည့် ယောဂီတို့သည်ပင် နာမ်သဘာဝသန္တတိနှင့် ရုပ်သဘာဝမှ ဃနသတ္တကို အောက်ပိုင်းဉာဏ်စဉ်များ၌ မသိမြင်နိုင်သေးပါ။ အထက်တန်း ဖြစ်သော ပဋိသင်္ခါဉာဏ်နှင့် သင်္ခါရုပေက္ခာဉာဏ် ရှေ့ပိုင်းကျမှသာ သိမြင်

နိုင်၏။ တရားအားထုတ်သူ ၁၀ ယောက်တွင် တယောက်တလေ မျှသာ ရနိုင်ခဲသော အဆင့်အတန်းပါပေ။ ထို့ကြောင့်ပင် "သန္တတိနှင့်ဃန မကွဲသမျှ အတ္တစွဲ မပြုတ်နိုင်" ဟူ၍သော်မှ ကမ္မဋ္ဌာန်းဌာန ဝိပဿနာလောကတွင် ဆိုရိုးတခု (မှန်ကန်စွာ) ပြုထားကြ၏။

ဤတွင် မေးစရာ တခု ရှိသည်မှာကား "ယခုလို စာပေကို လိုက်စားခြင်း၊ တတ်ကျွမ်းနားလည်သူများကို ဆည်းကပ်၍ ဆွေးနွေးမှတ်သားခြင်းဖြင့် သန္တတိနှင့်ဃနသဘောကို နားလည်ပါလျှင် အရိယာဟု မခေါ်နိုင်ပါသလော" ဟူပြောအံ့။

ဖြေရမည်မှာ လေ့လာလိုက်စားမှုဟူသော ပရိယတ္တိနယ်မှ ရရှိသည့် အသိဉာဏ်ကား သုတမယဉာဏ်မျှသာတည်း။ သုတမယ ဉာဏ်နှင့်ဘာဝနာမယဉာဏ်တို့၏ သိမှုများကို နှိုင်းယှဉ်ရသော် ကား သုတမယသည် ပိုးစုန်းကြူးနှင့်တူ၏။ ဘာဝနာမယကား လမင်းပမာတည်း။ ကွာခြားလှပါသည်ဟု ဆိုရချိမ့်မည်သာ။ သို့အတွက် သုတမယကို လွန်မြောက်၍ အောက်ပိုင်း ဘာဝနာ မယ ဉာဏ်များကို ထွင်းဖောက်နိုင်ပြီး အထက်ပိုင်းသို့ ရောက်မှ သာ သန္တတိနှင့်ဃနကို ကွဲပြားစွာသိရှိဘို့ မျှော်လင့်နိုင်စရာရှိပါ သည်။ ထို့ကြောင့် ခက်ခဲလှပါသည်ဟု မဆိုလိုပေမင့် သိပ်တော့ ဖြင့် မလွယ်ကူပါ။ နည်းကောင်းစံနစ်မှန်နှင့် အရှုံးမပေးတမ်း ထက်သန်သည့် ဝိရိယရှိကြပါမူ ဖြစ်နိုင်ပါသည်။ ထိုင်နေတော့ အဝေးကြီး၊ ထသွားတော့ အနီးကလေးဆိုသည်ကိုလည်း သတိ မူသင့်၏။ ဤတွင် ကြုံဘူးသမျှကို အခြေခံ၍ ဆိုရသော် လူကြီး များထက် လူငယ်များက ပို၍ ဖြစ်နိုင်စွမ်းရှိ၏။ ကြီးလာမှတော့ ဝေဒနာက ထူပြောလာကြပြီ မဟုတ်ပါလော။]

၁၁။ ကောင်းကောင်းကြီး ခြောက်သွေ့နေပြီး ဖြစ်သော ထင်းစသည့် လောင်စာသည် မီးစွဲလောင်ရန် အခန့်သင့်ရှိနေ၏။ ထို့အတူပင် သားလောင်းမိခင်၏ သားအိမ်တွင်းရှိ သန္ဓေခဲသည် မွေးဖွားမှုကို စတင်ရန် အရံသင့် ရှိနေ၏။ ဤအဆင့်တွင် လုံးဝ ငုတ်နေသော သိမှု၏ ချုပ်ပျက်စဉ်သည်လည်း စတင်လာဘို့ရန် အရံသင့် ရှိနေပြီး ဖြစ်၏။

၁၂။ "O mind, the centre ot this traitorous earth,
Fooled by these rebel powers that thee array,
How dost thou pine within and suffer dearth,
Painting thy outward walls so costly gay!
Why so much cost, having so short a lease,
Dost thou upon thy fading mansion spend?
Shall worms, inheritors of this increase.
Eat up thy charge? Is this thy body's end?
Then, mind, feed thou upon thy servant's loss,
And let that pine to aggravate thy store.
Buy terms divine in selling hours of dross;
Within be fed without be rich no more.
So shalt thou feed on peath that feeds on men.
And death once death, there's no more dying them."

William Shakespear.

က။ အို စိတ်မင်းဘုရင်၊ မိတ်ဆွေအသွင်ဖြင့် ရန်သူလက်တွင်းသို့ အပ်နှင်းတတ်သော သစ္စာဖောက်ဖြစ်သည့် ကမ္ဘာမြေလွှာ

ဤခန္ဓာ၏ အဓိက (ဗဟို) ဖြစ်သူ အသင်တမူကား အသင် ဆင်မြန်းထားသော ပုန်ကန်တတ်သူ အမူအကျင့်တို့က အသင့်အား မိုက်မဲတွေဝေစေတတ်၏။

ခ။ သင်၏ ပြင်ပနံရံ၊ ရုပ်သဏ္ဌာန်ကို လွန်စွာကုန်ကျ တောက်ပြောင်လှစွာ မွမ်းမံကာဖြင့် (မွမ်းမံမှုတို့ကြောင့်)ရှားပါး ခြင်း ဒုက္ခ ခံစားရသည်နှင့်အမျှ အဇ္ဈတ္တတွင် အလွန်လျှင် ပူပင် နေရပါသနည်း။

ဂ။ တိုတောင်းလှစွာ ဘဝတာတွင် အသင်၏ ညှိုးနွမ်းလာပြီး ဖြစ်သော စံရာဗိမာန် ရုပ်ခန္ဓာအတွက် များပြားလှစွာ ဘယ့် အတွက် ဖြုန်းတီးနေရပါသနည်း။

ဃ။ ဤမည်သော အကုန်အကျတို့၏ အမွေခံသဖွယ် ပိုးမျိုး ရှစ်ဆယ်တို့က သင်၏ တောင်းဆိုကုန်ကျသမျှကို စားသောက် ပစ်မည်သာမဟုတ်ပါလော။

င။ ဤသည်မှာ သင့်ခန္ဓာ၏အဆုံး နိဂုံးချုပ် ကဏ္ဍပင် မဟုတ် ပါလော။

စ။ ယင်းသို့တပြီကား အို အသင်စိတ်မင်း၊ သင့်အစေခံ ရုပ်သဏ္ဌာန်အတွက် ဆုံးရှုံးကုန်ခန်းမှုကို (ပြန်လည် ပြည့်ဝလာ အောင်) မွေးမြူမှု ပြုစုပါလေလော့။

ဆ။ ထို့ပြင်တဝ သင်၏ ပိန်လှီနေသော (ကောင်းမှု) သိုလှောင်ခန်းကို ကြီးကျယ်ဖွံ့ဖြိုးစေချင်ဘိ၏။

ဇ။ တန်ဘိုးမဲ့ပြား ဂုဏ်ပကာသနများကို ရောင်းချရင်းနှီး ခြင်းဖြင့် မြတ်နိုးဘွယ်ရာ (ကောင်းမှု) အဖြာဖြာကို ဝယ်ယူ သိမ်းဆည်းပါလော့။

ဈ။ အတွင်းစိတ်ခေတ်ကိုသာ မေးမြန်းသမှု ပြုစုစေချင်၏။ ပြင်ပ ခန္ဓာ ရုပ်ဓမ္မာကို သည့်ထက်လွန်စွာ ကြွယ်ဝအောင်ဖြင့် မပြုသင့်ပါပြီ။

ည။ လူတို့ပေါ်မှာ ကျက်စားလာသော သေခြင်းတရားကို (ကောင်းသောသေခြင်းဖြစ်အောင်) ပြုစုစေချင်၏။

ဋ။ သေငယ်ဇောဖြင့် မျောနေရာမှ နောက်ကာလ၌ (ပြုပြင်နိုင်ဘွယ်ရာ) ဘာကမှ မရှိပါပြီ။ [မသေမီကာလ ယခုပင်လျှင် ရုပ်ကိုသာလျှင် ပြုပြင်၍ မနေဘဲ နာမ်ကိုလည်း ပြုပြင်ကြပါဦး ဟူလို]

[ရှိသမျှ သဒ္ဒါဉာဏ်နှင့် မိသမျှ အာဘော် ဟန်ဆိုလိုချက်ကို လွယ်ကူသည်နှင့်အမျှ ပေါ်လွင်လာအောင် ကြိုးစား၍ ပြန်ဆိုထားပါသည်။ အခြားသူတဦးက ပြန်ဆိုပါမူ မတူသော အဓိပ္ပာယ်များ ပေါ်ထွက်နိုင်ပါသည်။ သို့အတွက် သုတေသီတို့နှစ်သက်သလို ယူနိုင်ရန်နှင့် ကျက်မှတ်လိုသော ကဗျာဝါသနာရှင်တို့ လိုအင်ဆန္ဒပြည့်ဝပါစေ ဟူသော အာသီသဖြင့် မူရင်းကဗျာကိုပါ ထည့်သွင်းပေးလိုက်ပါသည်။]

# ဝိဘင်းအဋ္ဌကထာ မြန်မာပြန်

[ဗုဒ္ဓရှင်တော်မြတ်က လက်ခံသုံးစွဲထားသော 'ဝိညာဏ်' ၏ အဓိပ္ပာယ်မှန်နှင့်'ဝိညာဏ်လောက၊သန့်ရှင်းသော ဝိညာဏ်တော်' စသည်တို့၌ ပါရှိသော 'ဝိညာဏ်'တို့သည် အဓိပ္ပာယ်ချင်း၊ အရကောက်ချင်း တူညီကြသလား၊ ခြားနားကြသလား ဟူသော မေးခွန်း၏ အဖြေကိုသိနိုင်ရန် ဤကဏ္ဍရှိ 'ဝိညာဏ်' နှင့် ပတ်သက်သော အဖွင့်များကို သတိပြု၍ ကြည့်ရှုသွားရန် လိုအပ်ပါလိမ့်မည်။]

၁၊ ၅။ သင်္ခါရကြောင့် ဖြစ်လာသည့် ဝိညာဏ်ဟူသောပုဒ်၏ အကျယ်စကားရပ်ဝယ် 'စက္ခုဝိညာဏ်' စသည်တို့အနက် စက္ခုဝိညာဏ်သည် ကောင်းမှု၏ အကျိုး ကုသလဝိပါက်၊ မကောင်းမှု၏ အကျိုး အကုသလဝိပါက်ဟူ၍ ၂ မျိုးရှိ၏။ သောတ၊ဃာန၊ ဇိဝှာ၊ ကာယ ဝိညာဏ်တို့လည်း ထို့အတူ ၂ မျိုးစီ ရှိကြ၏။ (၅× ၂= ၁၀ ပါး ရှိသွားပြီကို သတိပြုပါ)

၆။ မနောဝိညာဏ်ကား ကောင်းမှုကျိုး၊ မကောင်းမှုကျိုး ဖြစ်သော (သမ္ပဋိစ္ဆိုင်း ခေါ်= အာရုံကို လက်ခံတတ်သောစိတ် ဟူသော) မနောဓာတ် ၂ ပါး၊ (အာရုံကို စူးစမ်းတတ်သည့်) သန္တီရဏ ဟူသော အဟိတ်မနောဝိညာဏဓာတ် ၃ ပါး၊ သဟိတ်ကာမဝိပါက်စိတ် ၈ ပါး၊ ရူပဝိပါက် ၅ ပါး၊ အရူပ

ဝိပါက် ၄ ပါး၊ ပေါင်း ၂၂ ပါး အပြားရှိ၏။ [အထက်ပါ ပဥ္စဝိညာဏ် ၁၀ ပါးနှင့် ပေါင်းသော် ၃၂ ပါး ရှိ၏။ ဝိညာဏ် အမျိုးအစားက ၆ မျိုး ရှိသည်။]

ယင်းသို့လျှင် ဤဝိညာဏ် ၆ ခုဖြင့် လောကီဝိပါက် ၃၂ ခုကို ပေါင်းယူအပ်၏။ လောကုတ္တရာဝိပါက်တို့ကား ဝဋ်ဆင်းရဲနှင့် ပတ်သက်သော စကားရပ်၌ [ထည့်သွင်းဘို့ရန်] မသင့်တော်။ ထို့ကြောင့် မယူတော့ချေ။

မေးစရာရှိသည်မှာ အဆိုပါဝိညာဏ်သည် သင်္ခါရကြောင့် ဖြစ်လာ၏ဟူသော အကြောင်းကို ဘယ်နည်းဘယ်ပုံ သိရှိအပ်ပါ သနည်း။ ယင်းသို့ မေးလာသည်ဟု ဆိုကြပါစို့။

အဖြေမှာ ဆည်းပူးအပ်၊ ပြုလုပ်အပ်သော အကြောင်းကံမရှိခဲ့ ပါသော် ကံ၏ အကျိုးဝိပါက် ဝိညာဏ်ဟူသည် ဖြစ်ပေါ် မလာသောကြောင့်တည်း။ ဖြစ်လာနိုင်သည်ဟု အကယ်၍ ဆိုလာ ငြားအံ့၊ မည်သည့်သတ္တဝါမဆို အကျိုးဝိပါက်အားလုံး ဖြစ်လာကြ ရာ၏။ စင်စစ်သော်ကား [အကြောင်းတရားဖြစ်သည့် ကံကို ဆည်းပူးမထားခဲ့သော် အကျိုးတရားဝိပါက်များသည် အဘယ် မည်သောသူ၏ တန်ခိုးတော်ကြောင့်မျှ]ဖြစ်ပေါ်၍ မလာကြပါပြီ။ ထို့ကြောင့် ''သင်္ခါရဟူသော အကြောင်းကြောင့် ဝိညာဏ် ဟူသော အကျိုး ဖြစ်လာရ၏''ဟူ၍ အကြောင်းအရာကို သိအပ်၊ သိသင့်၏။

အဘယ်သင်္ခါရဟူသော အကြောင်းကြောင့် အဘယ်မည် သောဝိညာဏ် ဖြစ်ပေါ်လာသနည်း။ ယင်းသို့ မေးမြန်းလာအံ့။

၁-က။ ကာမာဝစရဖြစ်သည့် ပုညာဘိသင်္ခါရ ဟူသော အကြောင်းကြောင့် ကောင်းမှု၏ အကျိုးဖြစ်သည့် စက္ခုဝိညာဏ် စသည် ၅ ပါး၊ မနောဝိညာဏ်တွင် [ကုသလဝိပါက် သမ္ပဋိစ္ဆိုင်း တည်းဟူသော] မနောဓာတ် ၁ ပါး၊ [ကုသလဝိပါက် သန္တီရဏ ဒွေးတည်းဟူသော] မနောဝိညာဏဓာတ် ၂ ပါး၊ ကာမာဝစရ ဝိပါက် ၈ ပါး၊ ပေါင်း ၁၆ ပါးသော ဝိညာဏ်တို့တည်း။

ဗုဒ္ဓကိုယ်တိုင် မိန့်ခဲ့သည်မှာ

"ကာမာဝစရ ကောင်းမှု ကုသိုလ်ကံကို ပြုသည့် အတွက်ကြောင့်၊ ဆည်းပူးသည့်အတွက်ကြောင့် အကျိုးဖြစ်သော စက္ခုဝိညာဏ် ဖြစ်ပေါ်လာ၏။ ထို့အတူ အကျိုးဖြစ်သော သောတ၊ ဃာန၊ ဇိဝှာ၊ ကာယဝိညာဏ် ဖြစ်ပေါ်လာ၏။ အကျိုးဖြစ်သော မနောဓာတ် ဖြစ်လာ၏။ သောမနဿဝေဒနာနှင့်တကွသော မနောဝိညာဏဓာတ် ဖြစ်လာ၏။ ဥပေက္ခာဝေဒနာနှင့်တကွသော မနောဝိညာဏဓာတ် ဖြစ်လာ၏။ (၈ ပါး)

"သောမနဿဝေဒနာနှင့်တကွသော ဉာဏ်နှင့် ယှဉ်သော မနောဝိညာဏဓာတ်၊ ဥပေက္ခာဝေဒနာနှင့်တကွသော ဉာဏ်နှင့် ယှဉ်သော၊ တိုက်တွန်းမှု သင်္ခါရပါသော မနောဝိညာဏဓာတ်၊ ဥပေက္ခာဝေဒနာနှင့်တကွသော၊ ဉာဏ်နှင့် မယှဉ်သော မနော ဝိညာဏဓာတ်၊ ဥပေက္ခာဝေဒနာနှင့်တကွသော၊ ဉာဏ်နှင့် မယှဉ်သော၊ တိုက်တွန်းမှုသင်္ခါရပါသော မနောဝိညာဏဓာတ် ဖြစ်လာ၏" (၄ ပါး) [အဘိဓမ္မာပိဋက၊ ဓမ္မသင်္ဂဏီပါဠိတော်၊ စာမျက်နှာ ၁၁၄၊ ၁၁၆]

၁-ခ။ ရူပါဝစရဖြစ်သည့် ပုညာဘိသင်္ခါရ ဟူသော အကြောင်းကြောင့် ၅ ပါးသော ရူပါဝစရဝိညာဏ်စိတ်များ ဖြစ်ပေါ်လာ၏။

ဗုဒ္ဓကိုယ်တိုင် မိန့်ခဲ့သည်မှာ

"ထို ရူပါဝစရ ကောင်းမှုကုသိုလ်ကံကိုပင် ပြုသည့်အတွက်ကြောင့်၊ ဆည်းပူးသည့် အတွက်ကြောင့် အကျိုးဖြစ်သော ဝတ္ထုကာမ၊ ကိလေသာကာမတို့မှ ကင်းဆိတ်၍၊ မကောင်းမှုတို့မှ ကင်းဆိတ်၍ ကြံစည်မှု ဝိတက်နှင့်လည်း တကွသော၊ သုံးသပ်မှု ဝိစာရနှင့်လည်း တကွသော၊ ဆိတ်ငြိမ်မှု ဝိဝေကကြောင့်ဖြစ်သည့် ပီတိသုခရှိသော ပဌမဈာန်ကို ပြည့်စုံစေ၍နေ၏။ (လ) ပဉ္စမဈာန်ကို ပြည့်စုံစေ၍နေ၏။ [အဘိဓမ္မာပိဋက၊ ဓမ္မသင်္ဂဏီပါဠိတော်၊ စာမျက်နှာ ၁၁၆]

ယင်းသို့လျှင် ပုညာဘိသင်္ခါရဟူသော အကြောင်းကြောင့် အကျိုးဖြစ်သော ဝိပါက်ဝိညာဏ် [ကာမ ၁၆+ရူပ ၅=] ၂၁ ပါး ဖြစ်လာ၏။

၂။ အပုညာဘိသင်္ခါရ ဟူသော အကြောင်းကြောင့်ကား မကောင်းမှု၏ အကျိုးဖြစ်သော စက္ခုဝိညာဏ် စသည် ၅ ပါး၊ [အကုသလဝိပါက်သမ္ပဋိစ္ဆိုင်းတည်းဟူသော] မနောဓာတ် ၁ ပါး၊ [အကုသလဝိပါက် သန္တီရဏ တည်းဟူသော] မနောဝိညာဏဓာတ် ၁ ပါး၊ ပေါင်း ၇ ပါးသော ဝိညာဏ်များ ဖြစ်လာ၏။

ဗုဒ္ဓကိုယ်တိုင် မိန့်ခဲ့သည်မှာ

"မကောင်းမှု အကုသိုလ်ကံကို ပြုသည့်အတွက်ကြောင့်၊ ဆည်းပူးသည့်အတွက်ကြောင့် အကျိုးဖြစ်သော စက္ခုဝိညာဏ် ဖြစ်လာ၏။ ထို့အတူ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယဝိညာဏ်

ဖြစ်လာ၏။ အကျိုးဖြစ်သော မနောဓာတ်၊ အကျိုးဖြစ်သော မနောဝိညာဏဓာတ် ဖြစ်လာ၏။"[အဘိဓမ္မာ ပိဋက၊ ဓမ္မသင်္ဂဏီ ပါဠိတော်၊ စာမျက်နှာ ၁၃၆]

၃။ အာနေဉ္ဇာဘိ သင်္ခါရဟူသော အကြောင်းကြောင့်ကား ၄ ပါးသော အရူပ ဝိပါက်ဝိဉာဏ်များ ဖြစ်လာ၏။

ဗုဒ္ဓကိုယ်တိုင် မိန့်ခဲ့သည်မှာ

"ထိုအရူပါဝစရ ကောင်းမှု ကုသိုလ်ကံကိုပင်လျှင် ပြုသည့် အတွက်ကြောင့်၊ ဆည်းပူးသည့်အတွက်ကြောင့် အကျိုးဖြစ်သော ရုပ်၌ ဖြစ်ပေါ်သော သညာတို့ကို အခါခပ်သိမ်းလွန်မြောက်ခြင်း ကြောင့်၊ ရန့်ရင်းသော (အကြမ်းစား) သညာတို့ ချုပ်ခြင်း ကြောင့်၊ အထူးထူးသော သညာတို့ကို နှလုံးမသွင်းခြင်းကြောင့် အဆုံးမရှိသော ကောင်းကင်တည်းဟူသော တည်ရာရှိသည့် သညာနှင့် တကွသော (လ) ရန့်ရင်းသော (အကြမ်းစား) သညာကား မဟုတ်။ သိမ်မွေ့သော သညာဖြစ်သည့် တည်ရာရှိ သော၊ သညာနှင့်တကွသော ကိုယ်ကာယ၏ ချမ်းသာမှုကိုလည်း ပယ်၊ ဆင်းရဲမှုကိုလည်း ပယ်ပြီးဖြစ်သောကြောင့် ရှေးဦးမဆွကပင် စိတ်ချမ်းသာမှု၊ စိတ်ဆင်းရဲမှုတို့ ချုပ်ငြိမ်းပြီး ဖြစ်သောကြောင့် ဥပေက္ခာနှင့် သတိတရားတို့ သန့်ရှင်းစင်ကြယ်ပြီး ဖြစ်သော စတုတ္ထဈာန်ကို ဖြစ်ပေါ်စေ၍နေ၏" [ဓမ္မသင်္ဂဏီ ပါဠိတော်၊ စာမျက်နှာ ၁၁၇]

[ဤတွင် 'အရူပ'ဟူသည်မှာ "အရူပ=အ+ရူပ ရုပ်သည်+အ မဟုတ်။ ထို့ကြောင့် အရူပ=ရုပ်မဟုတ်၊ ဝါ၊ နာမ်"ဟူသော အဓိပ္ပာယ်ရှိ၏။ ဆိုလိုသည်မှာ မျက်မြင်လောကရှိ လူသားများ၊

တိရစ္ဆာန်များနှင့် မမြင်ရသည့် နတ်များသည် ရုပ်တရားရော နာမ်တရားပါ ၂ ပါးစုံ ရှိကြ၏။

ထို့အတူ ရူပဗြဟ္မာ၊ ဝါ၊ ရုပ်ရှိ ဗြဟ္မာကြီးများမှာလည်း ရုပ်တရားရော နာမ်တရားပါရှိကြ၏။ သို့သော် အရူပဗြဟ္မာ၊ ဝါ၊ ရုပ်မဲ့ ဗြဟ္မာကြီးများမှာကား ရုပ်တရားဟူသည် လုံးဝမရှိ၊ နာမ်တရားချည်းသက်သက်ရှိ၏ ဟူ၍ ဆိုလို၏။ ယင်းသို့ ဆိုသော် အောက်ပါမေးခွန်းများဖြစ်ပေါ်လာစရာရှိ၏။

၁။ နာမ်တရားဆိုတာ ရုပ်တရားတို့ရဲ့ အမြင့်မားဆုံး အရည်အချင်းတရပ်လို့ မာ့က်စ်က သင်ကြားခဲ့တယ် မဟုတ်လား။

ဤမေးခွန်းအတွက် (စာရေးသူ၏ အယူအဆအားဖြင့်) 'မှားသည်၊ မှန်သည်'ဟူသော အဖြေထွက်လာသည့် အထိ လောလောဆယ်အားဖြင့် ဆွေးနွေးတင်ပြရန် မဖြစ်နိုင်သေးသဖြင့် လျစ်လျူရှုထားရပါဦးမည်။

၂။ နာမ်ဆိုတာ ရုပ်ဝတ္ထုပေါ်မှာ အမှီပြုပြီး ဖြစ်ပေါ်လာရတယ်မဟုတ်လား။

အဖြေမှာ ဟုတ်၏။ မှန်၏။ ဤသည်မှာ စာရေးသူ လေ့လာ တတ်သိထားသမျှသော ဗုဒ္ဓအဘိဓမ္မာ ရှုဒေါင့်မှ ကြည့်ပြီး ပေးထားသော အဖြေ ဖြစ်၏။ အကျယ်တဝင့်တော့ဖြင့် မဆိုကြပါပြီ။ အကျယ်တဝင့်သိလိုသော် စာရေးဆရာ ရန်ကုန်ဘဆွေ၏ 'ချစ်ဇနီးသို့'ဟူသော စာအုပ်တွင် ကြည့်ရှုစေလို၏။ ထိုစာအုပ်ပါ ခွတ်ခဲနှင့် ဥပမာပေးပြီး ဖော်ပြထားသော ရှင်းလင်း ယူဆချက်မှာ 'မှန်ကန်သည်'ဟု (စာရေးသူအနေဖြင့်) လက်ခံယုံကြည်ထား၏။

၃။ ရုပ်တရားမရှိဘဲနှင့် နာမ်တရားဆိုတာ ဘယ်လိုရှိနေနိုင်မှာလဲ။

ဒီတော့ ရုပ်မဲ့ အရူပ ဗြဟ္မာတွေဆိုတာ မရှိနိုင်ပါဘူး။ ရှိကော ရှိနိုင်ပါ့မလား။

ဤတတိယ မေးခွန်းအတွက်(စာရေးသူ သဘောပေါက်ထားသည့်အတိုင်း ဥာဏ်မှီသမျှ)ဖြေဆို ရှင်းလင်းပြပါမည်။ ဤစာရေးသူကိုယ်တိုင်ပင် 'အရူပဘုံတွင် ရုပ်မရှိဘဲ နာမ်တရားချည့်သက်သက်ရှိ၏' ဟူသော အချက်ကို မယုံကြည်နိုင်အောင် ရှိ၏။ ယုံကြည်စရာ အထောက်အထားကို မတွေ့ရသောကြောင့်တည်း။ တခါ မုသာဝါဒကို လုံးဝမသုံးဘဲ ကိုယ်တွေ့မျက်မြင်တွေ့ကိုသာဟောညွှန် ထုတ်ပြခဲ့သည့် ဗုဒ္ဓ၏ စကားတော် ဖြစ်နေပြန်သဖြင့် 'မှားသည်'ဟု ဆိုဘို့ရန်လည်း မဖြစ်နိုင်။ ထို့ကြောင့် စာရေးသူသည် ဤပြဿနာကို နှစ်နှင့်ချီ၍ စဉ်းစားခဲ့၏။ အခြားပုဂ္ဂိုလ်ကြီးများ၏ လောကီရေး၊ လောကုတ္တရာရေးဆိုင်ရာအတွေးအခေါ်များတွင် 'ဤပြဿနာ၏ အဖြေများ ပါရှိလေမလား' ဟု ဂရုပြု၍ ကြည့်ရှုလေ့လာခဲ့၏၊ သို့သော် အချည်းအနှီးသာတည်း။ လေ့လာမိသမျှ မတွေ့ရှိခဲ့။ ဤပြဿနာသည်သာစာရေးသူ၏ ဥာဏ်ကျောက်ထဲတွင်ရှိနေကာ မကြာခဏ ဒုက္ခပေးနေ၏။ စာရေးသူ၏ ဥာဏ်ကျောက်ကပင် အသုံးမကျလွန်း၍လော။ ဒါကိုဖြင့် မပြောတတ်ပါပြီ။ ပြောတတ်သည်မှာ ဤပြဿနာအတွက် မထွေးနိုင်၊ မမျိုနိုင် ဖြစ်နေ၏။ မဘင်မကျကြီးဖြစ်နေ၏။ သို့သော် သိချိန်တန်ပြီမို့ ထင်၏။ တခုသော ညနေခင်းတွင်ဖြစ်၏။ ဤစာမရေးမီ ၂ လလောက်က ဖြစ်၏။ စာပေပို့ချအပြီးအတန်ငယ်မောပန်းသည်နှင့် ကုတင်ပေါ်တက်လှဲကာ ဆေးလိပ်

တလိပ်နှင့် မှိန်းနေ၏။ ထိုအခါ "အင်း ရပ်ရှားတို့ အမေရိကန်တို့ နိုင်ငံက သိပ္ပံပညာရှင်တွေဟာ လ ဗိမာန်ကို သူ့ထက်ငါ အရင် ရောက်အောင် ကြိုးစားနေကြတယ်။ အတော်အသင့်လဲ အောင်မြင်နေကြပြီ။ ဘယ်နှစ်ကျရင်တော့ ကျိန်းသေ ရောက်ရ မယ်လို့တောင်မှ မျှော်လင့်ယုံကြည်နေကြတယ်။ တကယ် ရောက် မရောက်တော့ မပြောတတ်သေးဘူး။ ဒါပေမဲ့ ရပ်ရှားရဲ့ တူတံဇင် အလံ၊ အမေရိကန်တို့ရဲ့ ကြယ်စုံအလံတွေကတော့ လပေါ်ကို ရောက်ကုန်ကြပြီ။ ဒီရာစုနှစ်ထဲမှာတော့ ဒီလူတွေရဲ့ ကြိုးစားမှု တွေဟာ မယုံကြည်စရာ ကောင်းလောက်အောင်ပါဘဲကလား" ဟူသော အတွေးတခုက ဥဈောက်ထဲသို့ မခေါ်ပင့်ချိရောက် နေပြန်၏။

"ဦးပဥ္စင်းရဲ့ ဒီကောင်တွေဟာ လပေါ်ကို ရောက်အောင် သွားမယ်ဆိုတာ ဖြစ်နိုင်ပါ့မလားဘုရား။ ဘုရားတောင်မှ ရောက်ဖူးတယ်လို့ မကြားဘူးဘူး။ ဒီကောင်တွေဟာ မိစ္ဆာဒိဋ္ဌိ တွေဘဲ ဘုရား" တောနယ်မှ တကာကြီးတဦးက စာရေးသူအား ပြောကြားဘူးသော စကားမှာ ပေါ်လာပြန်၏၊

"တခုတော့ရှိတယ် တကာကြီး။ ဘုရားကိုယ်တိုင် 'ဝီရိယ ဝတော ကိံနာမကမ္မံ နသိဇ္ဈတိ'လို့ ဟောထားတာရှိတယ်။ အဓိပ္ပာယ်က 'ကြိုးစားမှုရှိတဲ့လူအဖို့ မဖြစ်နိုင်တာမရှိဘူး။ဘာမဆို ဖြစ်နိုင်တယ်'လို့ ဆိုလိုတယ်။ ဒီတော့ ရောက်မယ် မရောက်ဘူး ဦးဇင်းတော့ ကေန်မပြောတတ်ဘူး။ ဒါပေမဲ့ ယခုအချိန်မှာ သူတို့ရဲ့ အောင်မြင်မှုတွေဟာ မယုံကြည်နိုင်လောက်အောင်ဘဲ တကာကြီး" စာရေးသူက ပြန်ပြော၏။ သို့သော် ထိုဒါကာကြီး

သည် "မရောက်နိုင်ပါဘူးဘုရား"ဟု သူ့ယုံကြည်ချက်ကို သူထပ်မံ အတည်ပြုပြန်၏။

"ဒီလို ယုံကြည်ချက်မျိုးရှိနေတဲ့ လူတွေဟာ ဒီဗမာပြည်မှာ မပြောနဲ့ သူတို့နိုင်ငံမှာတောင်မှ အများကြီးရှိမှာဘဲ"ဟု စာရေးသူက တွေးမိ၏။ နောက် ပြုံးမိသေး၏။ ဤတွင် စာရေးသူ၏ ဦးနှောက်ထဲသို့ အတွေးတခု ဝင်လာပြန်၏။

"အင်း ဒီလို တကာကြီးမျိုးကို သိပ္ပံပညာရှင်တွေကသာ တွေ့မယ်ဆိုရင် 'ခင်ဗျားကြီး အရူးကြီးဘဲ'လို့ ပြောကြမှာဘဲ။ ဒို့ များလဲဘဲ ဒီတကာကြီးမျိုးနဲ့ တယ်ပြီးမထူးပါဘူး။နတ်ပြည်တို့၊ ဗြဟ္မာ့ပြည်တို့ ရှိဘယ်ဆိုတာ ဘုရားဟောမို့သာ မှားတယ်လို့ မပြောရဲတာရှိတယ်။ မှန်ပါတယ်လို့ အထောက်အထားကလေးနဲ့ ယုံကြည်ဘို့ကလဲ မဖြစ်နိုင်။ မြင်မှလဲ မမြင်ရဘဲကိုး။ အင်း မမြင်ရတိုင်း မရှိဘူးလို့ ပြောဘို့ကလဲ မလွယ်။ ကမ္ဘာပေါ်မှာ ခြောက်လပတ်လုံး နေမဝင်ဘဲနဲ့ နောက် ခြောက်လကျတော့ လုံးဝ နေမထွက်တဲ့တိုင်းပြည် ရှိတယ်ဆိုတာ ယုံနိုင်စရာမရှိဘူး။ ရောက်ဘူး၊ တွေ့ဘူးတာမှ မဟုတ်ဘဲ။ ဒါပေမဲ့ ရောက်ဘူး၊ တွေ့ဘူးတဲ့လူက ပြန်ပြီး ပြောပြလို့ ဒီလိုနေရာမျိုးလဲ ရှိပါသေးကလားရယ်လို့ မှတ်သားရတယ်။ ခုနင်က တကာကြီးမျိုး ဆိုရင်တော့ (ရောက်ကလဲ မရောက်ဘူး၊ အတွေးအခေါ်ကလဲ မရှိ၊ သူ့အတွေ့အကြုံလေး တခုပေါ်မှာသာ အခြေခံပြီး) 'မရှိပါဘူး' ရယ်လို့ တထစ်ချ ဆိုတော့မှာဘဲ ထင်ပါရဲ့"စာရေးသူ၏အတွေးမှာ ဟိုရောက် ဒီရောက် ဖြစ်နေ၏။ ထိုအခိုက်အတန့်တွင်

ကျောင်းဝင်းအပြင်ဘက် ခပ်လှမ်းလှမ်းမှ ခါတိုင်းလာနေကျ ရေဒီယိုလာသံ ကြားလိုက်ရ၏။ သို့သော် ခုတခါ အသံကြား

လိုက်ရသည့်အခါ ဥဏှောက်ထဲတွင် အသိဥာဏ်တခု လက်ခနဲ ပေါ်သွား၏။ အင်္ဂလိပ်လိုဆိုသော် "အင်ကျူရေးရှင်း"ဖြစ်သွားသည်ဟု ဆိုရမည်ထင်၏။ နောက် စိတ်ထဲတွင် ကြည်လင်သွား၏။ ကျေနပ်သွား၏။ အနှစ်နှစ် အလလက ဒုက္ခပေးလာသော ပြဿနာအတွက် ဖြေဆိုချက်ပေါ်လာ၏။ 'မှန်သောအဖြေ'ဟူ၍လည်း နှစ်လုံးနှစ်ခွဖြစ်ခြင်း မရှိ။ အလိုလို ယုံကြည်မိလျက်သား ဖြစ်နေ၏။

ထို့ကြောင့် ပြန်လည်ရေးပြလိုသည်မှာ စာရေးသူတို့၏ လက်ရှိခေတ် ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှု၊ အောင်မြင်မှုကို လွန်ခဲ့သည့် ၄၊ ၅၊ ၆ ရာစုခေတ်မှ လူတို့အား ပြောပြရပါမူ "အော်၊ အင်း၊ ဟ တယ်ဟုယ်ပါလားဟဲ့။ တယ်လဲ အံ့ဩစရာကောင်းပါကလားဟယ်"စသည်ဖြင့် ရင်သပ်ရှုမောအံ့ဩ၍ ကုန်နိုင်ကြမည်မထင်။ သို့သော် နာမ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုများ အဘယ်မှာ ရှိပါသနည်း။ ယေဘုယျအားဖြင့် ဆိုရပါမူ ရုပ်ပိုင်းဆိုင်ရာမှ တိုးတက်နေသည်နှင့်အမျှ နာမ်ပိုင်းဆိုင်ရာကား ဆုတ်ယုတ်နေ၏။ သည်အတိုင်း ဆိုရမည်ထင်၏။ ဆိုထားကြသည်ကိုလည်း တွေ့ရ၏။ တိုးတက်အောင်လည်း မကြိုးစားကြ။ ကြိုးစားကြသူများကား အရေအတွက်နည်းသေး၏။

ယင်းသည်နှင့် ဆန့်ကျင်ဘက်ကား ရှေးခေတ်မှ နာမ်ပိုင်း စိတ်ပိုင်းဆိုင်ရာ တိုးတက်ရေး ကြိုးပမ်းမှု (တရားဓမ္မအားထုတ်မှု အပါအဝင်)ကို စာထဲ ပေထဲတွင် ဖတ်ရှုရသည့်အခါ မဆိုင်းမတွ ထိုင်၍ ရှိခိုးချင်လာအောင် ကြိုးစားကြ၏။ ကြည်ညိုဘွယ်ကောင်းကြ၏။ တအောင့် တခဏလည်း မဟုတ်ကြ။ နှစ်ပေါင်း အစိတ် သုံးဆယ် ကြာသည်အထိ ကြိုးစားကြ၏။ အရိယာ၊ ဝါ၊သန့်စင်သူ

အဆင့်သို့ မရောက်သေးသည့်အဆင့်တွင် ရှိသော စိတ်ခါတ် မြင့်မြတ်မှု၊ ဝါ၊ နာမ်ပိုင်းဆိုင်ရာ တိုးတက်မှု၊ ယဉ်ကျေးမှုများမှာ ယခုခေတ်ရှိ မိမိကိုယ်ကိုမိမိ ရဟန္တာဟု အထင်ရှိထားသူများ ထက်သော်မှ သာလွန်မြင့်မြတ်သေး၏ဟု ဆိုချင်ပါသည်။

ဆိုလိုသည်မှာ ရှေးခေတ်သည် နာမ်ပိုင်းဆိုင်ရာ တိုးတက်မှု၊ အောင်မြင်မှုတွင် အထွဋ်သရဖူဆောင်းခဲ့၏။ မျက်မှောက်ခေတ်၏ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှု၊ အောင်မြင်မှုကား လူ့သမိုင်းတွင် မရှိခဲ့ချေ။ ဤအချက်နှစ်ရပ်ကို သိရှိထားရန် လိုအပ်ပါသည်။

ထို့နောက် မျက်မှောက်ခေတ် ရုပ်ပိုင်း အောင်မြင်မှုများကို ရှေးခေတ် လူတို့အား ပြောပြရပါမူ ယုံကြည်သူ ရှားပါလိမ့်မည်။ ထို့အတူ ရှေးခေတ် စိတ်ပိုင်းအောင်မြင်မှုများကို မျက်မှောက် ခေတ်ရှိ သူငါမှအစ ယုံကြည်မှု နည်းကြသည်ကား မဆန်းပါပေ။ သဘာဝ ကျပါသည်။ အကြောင်းသော်ကား "နာမ်ပိုင်းဆိုင်ရာ တိုးတက်မှု လုပ်ငန်းကို မကြိုးပမ်း ကြသောကြောင့်တည်း" တကယ်တန်း ကြိုးပမ်းပါက မယုံကြည်လျှင် မဖြစ်သော ယုံကြည် စရာ သဲလွန်စများကို တွေ့လာရမည်သာတည်း။ ဤအချက်ကို စာရေးသူက အခိုင်အမာ ဆိုပါသည်။ မတုန်မလှုပ် ယုံကြည် ပါသည်။ ဥပမာသော် အရှေ့ဘက်မှ နေထွက်လာ၍ အနောက် ဘက်သို့ နေဝင်သွားသည်ဟူသော အချက်ကို မမှိတ်မသုံ ယုံကြည် နေဘိသို့တည်း။

သို့ဖြစ်၍ ရုပ်ဝတ္ထုကို အမှီပြုပြီး အမြင့်ဆုံးသော နာမ်ပိုင်း ဆိုင်ရာ တိုးဘက်မှုရှိသည့်နည်းဘူ ရုပ်ဝတ္ထုမမှီသော ဝါ၊ ရုပ် ဝတ္ထုကိုမှီသည့်အဆင့်မှ ကျော်လွန်သော၊ ဝါ၊ ရုပ်မရှိသော နာမ်လောက"အရူပဗြဟ္မာ၊ ရုပ်မဲ့သတ္တဝါတမျိုး"သည် နာမ်ပိုင်း

ဆိုင်ရာ တိုးတက်မှုတရပ်အနေဖြင့် ရှိနိုင်မည်သာ။ ကြိုးစားမှု၏ အသီးအပွင့်တခုအနေဖြင့် ရှိကောင်းရှိမည်သာ ဖြစ်၏။ မှန်၏။ ကြိုးစားမှု၏ အသီးအပွင့်ကား မှန်းဆ၍ သိခြင်းဟူသော "အနုမာန နယ်ပယ်"ကို ကျော်လွန်နိုင်ကြောင်း ဝန်ခံကြရမည် ဖြစ်ပါသည်။

တဖန်တုံ ရေဒီယိုသံသည် ဘယ်မှာ တည်နေသလဲ၊ ရှိနေသလဲ။ ယင်းသို့ မေးသော် 'လေထုထဲမှာ တည်နေတယ်၊ ရှိနေတယ်' ဤသို့ ဖြေရပေလိမ့်မည်။ ယခု မိမိ၏ ပတ်ဝန်းကျင် လေထုထဲတွင် ဗမာသံ၊ ကုလားသံ၊ အင်္ဂလိပ်သံ စသည်တို့ တည်နေ၏။ ရှိနေ၏။ သို့သော် မမြင်ရ။ မကြားရ။ ကြားလိုသော် ရေဒီယိုရှိ သက်ဆိုင်ရာခလုပ်ကို နှိပ်လိုက်ပါ။ လိုချင်သောအသံ ပေါ်လာမည်သာ။ မနှိပ်ပါက၊ မနှိပ်တတ်ပါက ပေါ်မလာနိုင်။ မကြားနိုင်။ မကြားရသည့်အတွက် 'မရှိ'ဟု ဆိုသော် သူရူးသာ ဖြစ်ရချိမ့်မည်။

ဤသည်က သင်ကြားပြသည်မှာ "မမြင်ရုံကာမျှ၊ မကြားရုံကာမျှ၊ မသိရုံကာမျှ ဟူသော အကြောင်းပြ တခုတည်း၊ အထောက်အထားတခုတည်းဖြင့်မရှိ၊မဟုတ်၊မမှန်"ဟူ၍မဆိုနိုင်။ ဆိုသော် "စာရေးသူတို့၏ အသိဉာဏ်မှာ သူငယ်နှပ်စားတို့၏ အသိဉာဏ်ထက် မမြင့်မားကြသေး" ဟူ၏။

ဆက်ဦးအံ့။ အသံဟူသောရုပ်သည် သဒ္ဒဓာတ်၊ နာမ်တရားကား ဓမ္မဓာတ်၊ လေထုကား ဖောဋ္ဌဗ္ဗဓာတ်၊ ဝါ၊ ဝါယောဓာတ်၊ ဓာတ်သဘာဝအဖြစ်ချင်း တူနေကြ၏။ ယင်းသို့ဆိုလျှင် "အမှီခံ မဟာဘူတရုပ်၊ ဝါယောဓာတ်"ကို "မှီတတ်သူ ဥပါဒါရုပ် သဒ္ဒဓာတ်" က အမှီပြု၍ တည်ရှိနေနိုင်သော် သဒ္ဒဓာတ်

နည်းတူ "နာမ်တရား ဓမ္မာရုံ" ကလည်း "ဝါယောဓာတ်လေထု" ကို မှီ၍ တည်၍ ရှိနိုင်ရမည်သာ ဖြစ်၏။

အခြားစကားလုံးဖြင့် ရေးသော် လေထုထဲတွင် အကြမ်းစား ဩဠာရိက ဖြစ်သည့် အသံကသော်မှ တည်ရှိနိုင်ပါက အနုစား နာမ်တရားကလည်း တည်ရှိနိုင်ရမည်သာ ဖြစ်၏။ အဘယ်ကြောင့် မတည်ရှိနိုင်ဘဲ နေအံ့နည်း။ တည်ရှိနိုင်သည်သာ ဖြစ်၏။ မှန်၏။ လေထုသည် ဝါယောဓာတ်၊ ပရမတ္ထတရား ဖြစ်၏။ ပရမတ္ထဟူသည် မျက်နှာလိုက်ရိုး ထုံးစံ မရှိ။ (ပရမော ဥတ္တမော အဝိပရိတော အတ္ထော ပရမတ္ထော ဟူသော ဋီကာ၏ စကားကို ထောက်) မလိုက်သည့်အတွက် အသံဟူသော သဒ္ဒဓာတ်ကို လက်ခံသော်၊ ရပ်တည်နိုင်ခွင့်ပေးသော် နာမ်တရားဖြစ်သော ဓမ္မဓာတ်ကိုလည်း (မျက်နှာမလိုက်စတမ်း) ရပ်တည်နိုင်ခွင့် ပေးရမည်သာ ဖြစ်၏။ သို့မှသာလျှင် 'ပရမတ္ထ'ဟူသော အမည်နှင့် လိုက်လျောနိုင်မည် ဖြစ်၏။

အသံဟူသော သဒ္ဒရုပ်နည်းတူ ရုပ်ဝတ္ထု အစိုင်အခဲကြီး ဖြစ်သော လ ဗိမာန်၏ လေထုထဲတွင် ရပ်တည်နေပုံကိုလည်း ဆန်းစစ်ကြည့်ကြပါလေ။

တခါ အရူပစိတ် ၄ မျိုးရှိသည့်အနက်က ပဌမစိတ်ကို လေ့လာကြည့်ကြဦးစို့။ ထိုစိတ်မှာ ပါဠိဘာသာအားဖြင့် 'အာကာသာနဉ္စာယတန သညာ သဟဂတံ စိတ္တံ' မြန်မာဘာသာအားဖြင့် အဆုံးမရှိသော၊ ကောင်းကင်တည်းဟူသော တည်ရာရှိသော သညာနှင့်တကွသော စိတ်' ဖြစ်၏။ အဓိပ္ပာယ်မှာ "ရုပ်မဲ့ အရူပ ပြဟ္မာတို့၏ပဌမစိတ်သည်သညာစေတသိက်နှင့် အတူတကွဖြစ်၏။ ကောင်းကင်မှာ တည်နေ၏။ ဝါ၊ လေထုထဲမှာ တည်နေ၏"

ဟူသော ဤအဓိပ္ပာယ်ကို တွေ့ရပြန်၏။ ထို့ကြောင့် "ရုပ်ခေတ် မပါ၊ နာမ်တရားချည်းသက်သက်မျှဖြစ်သော အရူပဗြဟ္မာ၊ ဝါ၊ ရုပ်မဲ့ သတ္တဝါတမျိုးသည် ဤမည်သော ဩကာသလောက အဘွင်းရှိ ကောင်းကင် လေထုတနေရာတွင် အမှန်တကယ်ပင် ရပ်တည်နိုင်၏၊ ရှိနေနိုင်၏" ယင်းသို့ ဆုံးဖြတ်ချက်ချလိုက်၏။ ဝါ၊ အဓိမောက္ခ ဖြစ်သွား၏၊ ဝိစိကိစ္ဆာ ပျောက်သွား၏။ မှန်၏။ ယုံမှားမှု ဝိစိကိစ္ဆာစေတသိက် ယှဉ်လာသော်၊ ရှိနေသော် ဆုံးဖြတ်မှု အဓိမောက္ခစေတသိက် မဖြစ်နိုင်။ သင်္ဂြိုဟ်က ဤသို့ ဆိုထား၏။

ယခုတော့ဖြင့် "အရူပဗြဟ္မာတွေဆိုတာ ရှိမှ ရှိပါ့မလား။ ဘုရားဟောထားတာ မှန်မှ မှန်ပါ့မလား" ယင်းသို့ တွေးတော ယုံမှားမှု ဝိစိကိစ္ဆာ ပျောက်သွားလေပြီ။ "ဒီအချက်အလက်တွေ ရှိနေလို့သာ ဗုဒ္ဓ ဟောခဲ့တာကို။ ဟောခဲ့တဲ့အတိုင်းသည်း ဉာဏ်မှီ သမျှတော့ မှန်နေပါကလား" ဤသို့သော ယုံကြည်မှုဆုံးဖြတ်ချက် အဓိမောက္ခ ပေါ်လာပြီး စိတ်ထဲတွင် ကျေနပ်သွား၏၊ ရင်ထဲမှာ ပေါ့သွား၏။ အသိတွင် ရှင်းလာ၏။ ထို့နောက် ထိုသဘော တရားကို ထပ်ခါတလဲလဲ သုံးသပ်နေမိတော့၏။ နှစ်နှင့်ချီ၍ ဒုက္ခပေးလာသော ပြဿနာကား ပြေလည်သွားပြီတည်း။

ထို့ကြောင့် "ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ= ပညာရှိသူတို့ ကိုယ်တိုင်ကိုယ်ကျ သိရှိအပ်သော တရားဟူသော ဂုဏ်ပုဒ်ကို ဗုဒ္ဓမွှာအား အပ်နှင်းသင့်ပါကလား" ဟူ၍ တရားတော်အား ခမွေ အဝေစ္စပသန္နသဒ္ဓါဖြင့် ပို၍ ကြည်ညိုလာရ၏၊ သို့ဖြစ်၍ မိမိ၏ ဉာဏ်ကို အသုံးချလုပ်ခိုင်းလိုသူတို့၊ ဝါ၊ ဘေးခေါ် ဆန်းစစ်မှု၌ ဝါသနာပါသူတို့အဖို့ ဗုဒ္ဓမွှာကို ဆန်းစစ်၊ ဖုဆစ်

ရင်းဖြင့် ဥတ္တောက်လေ့ကျင့်ခန်း ပေးလှည့်ကြစမ်းပါ ဟူ၍ ဖိတ်ခေါ်လိုပါသတည်း။

စာရေးသူသည် ဤအယူအဆ ဤယုံကြည်ချက်ကို ရေးမပြတော့ ဟူ၍(စာရေးရတာကုံ ခပ်ပျင်းပျင်းရှိသည်နှင့်) စိတ်ကူးထားခဲ့၏။ သို့သော် သူတေသီ စာရှုသူတို့အား တင်ပြလိုသော စေတနာ၊ သိစေလိုသော စေတနာတို့က ရင်မှာပြည့်နေ၏။ လှုံ့ဆော်နေ၏။ ဒီတော့ မနေသာ။ ကလောင်ကို ကောက်၍ကိုင်ကာ ရေးရတော့၏။ တထိုင်တည်းနှင့် မပြီး။ ၄၊ ၅၊ ၆ ခါ ဆက်ရေးမှ အကွက်လည်လာသည်။ ဒေါင့်စေ့လာသည်။ ဆက်လက်ရေးချင်တာတွေရှိသေးသည်။ သို့သော် သည်တွင် သည်မျှဖြင့် တော်ကြပါစို့။

တဖန် ဤသည်မှ နောက်ပိုင်းရှိ ပြန်ဆိုရမည့် စာများမှာ အတန်ငယ်များသည်အထိ ဗုဒ္ဓအဘိဓမ္မာသုံး ဝေါဟာရတို့ အတော်ခပ်များများ ပါရှိ၏။ ဗုဒ္ဓအဘိဓမ္မာကို အတန်အသင့် လေ့လာထားဘူးမှသာ နားရှင်းနိုင်စရာရှိ၏။ သာမန် ဗဟုသုတ ရှိသူများအဖို့ စဉ်းငယ် ငြီးငွေ့ဘွယ် ဖြစ်နေမည်ထင်ရ၏။ သို့သော် သုတ္တန္တ ဘာဇနီယကိုမူ မချွင်းမချန်ပြန်ဆိုမည်ဟု ဆုံးဖြတ်ထားသဖြင့် ပြန်ဆိုရပေတော့မည်။ နားမလည်သည်များကို ကျော်လွှားချန်လှပ်၍ နားလည်သည့် အချက်များကိုသာ လေ့လာသွားကြရာ၏။ ယင်းသို့ ဖြစ်သည့်တိုင်အောင် စိတ်ဝင်စရာတွေ၊ လေ့လာစရာတွေကို အများအပြားတွေ့ရလိမ့်မည်ဟု မျှော်လင့်ပါသည်။

ကောင်းမှုကုသိုလ်၏ အကျိုးဖြင့် ဖြစ်စေ၊ မကောင်းမှု အကုသိုလ်၏ အကျိုးဖြင့် ဖြစ်စေ ပဋိသန္ဓေယူပြီး မွေးဖွားလာသော၊ စက္ခုစသည့် ဣန္ဒြေတို့က ရင့်ကျက်ခြင်းသို့ တဖြေးဖြေး

ရောက်ရှိလာသူ၏ မျက်စေ့အကြည်ဓါတ် စက္ခုပသာဒစသည် တို့သို့ ရှေးရှုရောက်လာသော နှစ်သက်ဖွယ် ဣဋ္ဌ၊ သို့မဟုတ် သာမန်နှစ်သက်ဘွယ် ဣဋ္ဌမဇ္ဈတ္တ ဖြစ်သော ရူပါရုံစသည်ကို အစွဲပြု၍၊ မျက်စေ့အကြည်ဓါတ် စက္ခုပသာဒစသည်ကို အမှီပြု၍ ရူပါရုံကို မြင်ခြင်းကိစ္စ၊ သဒ္ဒါရုံကို ကြားခြင်းကိစ္စ၊ ဂန္ဓာရုံကို ရှူခြင်းကိစ္စ၊ ရသာရုံကို လျက်ခြင်း စားခြင်းကိစ္စ၊ ဖောဋ္ဌဗ္ဗာရုံကို ထိတွေ့ခြင်းကိစ္စ၊ ဤကိစ္စများကို ပြီးမြောက်စေလျက် ကောင်းမှုကျိုး ဖြစ်သည့် မျက်စေ့အသိ၊ ဝါ၊ စက္ခုဝိညာဏ်စသည့် စိတ်ဝိညာဏ် ၅ ပါးဖြစ်ပေါ်လာ၏။ ထို့အတူ မကောင်းမှုကျိုး (အကုသလဝိပါက်) ဖြစ်သည့် စိတ်လည်း ၅ ပါးပင်။

မှန်၏။ သက်သက်သော်ကား ထိုမကောင်းကျိုး ဖြစ်သည့် စိတ်တို့က [ကောင်းမှုကျိုး စိတ်များကဲ့သို့ ဣဋ္ဌ၊ ဣဋ္ဌမဇ္ဈတ္တကို အာရုံပြုမည့်အစား] ရှုံမုန်းဘွယ် အနိဋ္ဌ၊ သို့မဟုတ် သာမန်ရှုံမုန်းဘွယ် အနိဋ္ဌမဇ္ဈတ္တဖြစ်သည့် ရူပါရုံစသည်ကို အာရုံပြု၏။ ဤမျှသာ ထူး၏။

ဆက်ဦးအံ့။ ထို ၁၀ ပါးစလုံးသော စိတ်တို့သည် မိမိတို့ သက်ဆိုင်ရာ ဒွါရ၊ အာရုံ၊ ဝတ္ထုတို့၌ အဖြစ်မြဲကြ၏။ သက်ဆိုင်ရာ ကိစ္စကိုလည်း အပြုမြဲကြ၏။

ထို့နောက် ကောင်းမှုကျိုးဖြစ်သော စက္ခုဝိညာဏ်စသည်တို့၏ အခြားမဲ့တွင် ထိုစက္ခုဝိညာဏ်စိတ် စသည်တို့၏ အာရုံကိုပင် အာရုံပြု၍ ဟဒယ ဝတ္ထု၊ ဝါ၊ နှလုံးသားကို အမှီပြု၍ အာရုံကို ခံယူခြင်းကိစ္စ ပြီးမြောက်စေလျက် ကောင်းမှုကျိုး ဖြစ်သော မနောဓါတ်တည်းဟူသော သမ္ပဋိစ္ဆိင်းစိတ် ဖြစ်ပေါ်လာ၏။ ထို့အတူပင် မကောင်းမှုကျိုး ဖြစ်သော စိတ်တို့၏ အခြားမဲ့တွင်

မကောင်းမှုကျိုးဖြစ်သော မနောဓာတ်တည်းဟူသော သမ္ပဋိစ္ဆိုင်း စိတ်ဖြစ်ပေါ်လာ၏။ ဤစိတ် ၂ ခုကား သက်ဆိုင်ရာဒွါရ၊ အာရုံ၌ အဖြစ်မြဲ။ မှီရာဝတ္ထုသော်ကား မြဲ၏။ ပြုဘွယ်ကိစ္စကိုလည်း အပြုမြဲ၏။

သောမနဿဝေဒနာနှင့် တကွသော စူးစမ်းတတ်သော သန္တီရဏစိတ်သည် ကုသလဝိပါက် သမ္ပဋိစ္ဆိုင်းစိတ်၏ အခြားမဲ့တွင် [ဖြစ်ပေါ်လာပြီးလျှင်] ထိုသမ္ပဋိစ္ဆိုင်း၏အာရုံကိုပင် အာရုံပြု၍၊ ဟာဒယဝတ္ထုကို အမှီပြု၍ လက်ခံထားပြီးသော အာရုံကို စူးစမ်းခြင်းကိစ္စ ပြီးစေ၏။ တဖန် ထိုသန္တီရဏစိတ်သည် ၆ ဒွါရရှိ အားကြီးသော အာရုံ၌ ကာမဘုံသားတို့အားသာ အများအားဖြင့် လောဘဇောအဆုံးဝယ် ဘဝင်အစဉ်ကိုဖြတ်၍ တဒါရုံ၏ အဖြစ်ဖြင့်၊ ဝါ၊ ဇော၏ အာရုံကို နောက်ယောင်ခံ ခံစားတတ်သော တဒါရုံအဖြစ်ဖြင့် တကြိမ် သို့မဟုတ် နှစ်ကြိမ် ထပ်ဖြစ်၏။

စိတ်ဖြစ်ကြိမ် ရေတွက်ရာဝယ် ဒွါရအားလုံးရှိ တဒါရုံကို ရေတွက်သည့်အခါ စိတ်ဖြစ်ကြိမ် ၂ကြိမ်သာလာရှိ၏။ ဤစိတ်ကို တဒါရုံဟူ၍၎င်း၊ ပိဋ္ဌိဘဝင်ဟူ၍၎င်း ခေါ်ကြ၏။ ဤစိတ်သည် ဖြစ်ရာဒွါရ၊ ပြုရာအာရုံ အမြဲမရှိ။ ပြုဘွယ်ကိစ္စလည်း အမြဲမရှိ။ မှီရာဝတ္ထုသော်ကား မြဲ၏။ ယင်းသို့လျှင် [ဒွေးပဉ္စဝိညာဏ် ၁၀၊ သမ္ပဋိစ္ဆိုင်း ၂၊ သောမနဿ သန္တီရဏ ၁ ဟူသော] စိတ် ၁၃ ပါးသည် ပဉ္စဒွါရာရုံ ပဝတ္တိအခါမှာသာ ဖြစ်ကြ၏။ [ပဋိသန္ဓေအခါ] ကြွင်း ၁၆ ခုသော စိတ်တို့အနက် မည်သည့် စိတ်မျှ မိမိအားလျော်သော ပဋိသန္ဓေကျိုးကို မပေးသည်ဟူ၍ မရှိ။ ပေးသည်ချည်းတည်း။

ပဝတ္တိအခါကား ကောင်းမှုကျိုး မကောင်းမှုကျိုးဖြစ်သော ဥပေက္ခာသန္တီရဏ [=ဥပေက္ခာ ဝေဒနာနှင့် ယှဉ်သော စူးစမ်းစိတ်] ၂ ခုတို့သည် ပဉ္စဒွါရရှိ ကောင်းမှုကျိုး မကောင်းမှုကျိုး ဖြစ်သည့် မနောဓာတ်တည်းဟူသော သမ္ပဋိစ္ဆိုင်း စိတ် ၂ ခုတို့၏ အခြားမဲ့တွင် စူးစမ်းမှု သန္တီရဏကိစ္စ။ ၆ ဒွါရရှိ [ဇောတို့၏ အခြားမဲ့တွင်] ရှေးနားမှာ ဆိုသည့်အတိုင်း ဇော၏အာရုံကို နောက်ယောင်ခံ ခံစားမှု တဒါရုံကိစ္စ။ မိမိက ပေးအပ်သော ပဋိသန္ဓေ၏ နောက်ပိုင်း ပဝတ္တိအခါတွင် ဘဝင်အစဉ်ကို ဖြတ်မည့် ဝိထိစိတ်ဖြစ်မလာခဲ့သော် ဘဝင်ကိစ္စ၊ဘဝ၏ နောက်ဆုံးပိတ် သေဆုံးချိန်တွင် ရှေ့လျောမှု စုတိကိစ္စ၊ ဤပြုဘွယ်ကိစ္စ ၄ မျိုးကို [အခါအားလျော်စွာ] ပြီးမြောက်အောင် ပြုလျက် ဖြစ်ပေါ်လာ၏။

မှီရာ ဝတ္ထုကားမြဲ၏။ ဖြစ်ရာ ဒွါရ၊ ပြုရာ အာရုံ၊ ပြုဘွယ်ကိစ္စကား အမြဲမရှိ။ [သန္တီရဏကိစ္စကို ပြုသည့်အခါပြု၊ စုတိကိစ္စကို ပြုသည့်အခါပြု၏။ တခုတည်းသော ကိစ္စကိုသာ ပုံသေကားကျ ပြုသည်ဟူ၍မရှိ ဟူလို။ ဒွါရ အာရုံမမြဲပုံလည်း ထို့အတူပင်။]

သဟိတ်ကာမာဝစရ ဝိပါက် ဝိညာဏ်စိတ် ၈ ခုတို့သည် ပဝတ္တိအခါဝယ် ဆိုခဲ့သည့်အတိုင်း ၆ ဒွါရ၌ တဒါရုံကိစ္စ၊ မိမိပေးအပ်သော ပဋိသန္ဓေ၏ နောက်ပိုင်း ပဝတ္တိအခါ ဘဝင်အစဉ်ကို ဖြတ်မည့်စိတ်မရှိသော် ဘဝင်ကိစ္စ၊ ဘဝ၏ နောက်ဆုံးပိတ် သေဆုံးချိန်တွင် စုတိကိစ္စ၊ ဤကိစ္စ ၄ မျိုးကို ပြီးမြောက်စေလျက် ဖြစ်ပေါ်လာ၏၊ ဟဒယဝတ္ထု တည်းဟူသော မှီရာဝတ္ထုမြဲ၏။ ဒွါရ၊ အာရုံ၊ ကိစ္စကား အမြဲမရှိ။

[ပဝတ္တိအခါဟူသည် အသက်ရှင်နေဆဲအခါ ဖြစ်၏။ ယင်းသို့ အလွယ်စားသော မှတ်သားရာ၏။ အဘိဓမ္မာသဘောဖြင့် အတိအကျ ဆိုရသော် ၁ စက္ကန့်၏ ၁၇ သိန်းပိုင်း တပိုင်းမျှသာ ကြာသော ပဋိသန္ဓေစိတ် ဖြစ်လာပြီး ချုပ်ပျက်သွားသည့် နောက်ပိုင်းအချိန်မှ (မဲအော့ပိုက်ထဲတွင် ရှိနေသည့်အချိန် အပါအဝင်) သေသည့်အချိန်မတိုင်မီအထိ ထိုင်သောကာလကို 'ပဝတ္တိ'ကာလ ဟု သိရပါမည်။ စိတ္တက္ခဏတချက်မှာ ၁၇ သိန်းပိုင်း ၁ ပိုင်း စက္ကန့်နှင့် ညီမျှသည်ဟု အနောက်ဂျာမန်ပညာရှင်များက သတ်မှတ်ထားကြောင်း လေ့လာမှတ်သားမိပါသည်။]

ရူပဝိပါက် ၅ ခုသည်ရင်း၊ အရူပဝိပါက် ၄ ခုသည်ရင်း မိမိက ပေးအပ်သော ပဋိသန္ဓေ၏ နောက်ပိုင်းအခါတွင် ဘဝင်အစဉ်ကို ဖြတ်မည့်စိတ် မရှိပါက ဘဝင်ကိစ္စ၊ ဘဝ၏ နောက်ဆုံးပိတ်အချိန်တွင် စုတိကိစ္စဟူသော ပြုဘွယ်ကိစ္စ ၂ ခုကို ပြီးမြောက်စေလျက် ဖြစ်ပေါ်လာ၏။ ထိုတွင် ရူပဝိပါက်တို့သည် မှီရာ ဝတ္ထု၊ ပြုရာ အာရုံ မြဲကြ၏။ ဌာနကိစ္စသော်ကား အမြဲ မရှိကြ။ အရူပဝိပါက်တို့ကား မှီရာဝတ္ထု မရှိကြ။ ဌာနကိစ္စ အမြဲမရှိကြ။ ပြုရာ အာရုံသော်ကား မြဲကြ၏။

ယင်းသို့လျှင် အကျိုးဖြစ်သည့် ဝိပါက်ဝိညာဏ် ၃၂ ခုသည် ပဝတ္တိအခါဝယ် သင်္ခါရဟူသောအကြောင်းကြောင့် ဖြစ်လာရ၏။ ထိုစကားရပ်၌ အကျိုးဖြစ်သည့် ဝိပါက်ဝိညာဏ်စိတ် ၃၂ ခု ဖြစ်လာရသည်တွင် အကြောင်းဖြစ်သည့် တိုထိုသင်္ခါရတို့၌ "ကမ္မ၊ ဥပနိဿယ" ဟူသော ကြောင်းရှိစမ်းရည် ပစ္စယသတ္တိ ၂ ခု ပါရှိ၏။

ထို ၃၂ ပါးတို့တွင် ဘဒါရုံစိတ် ၁၁ ခုတို့ကို ဆိုအပ်ပြီး ကုန်၏။ ဖော်ပြခဲ့ပြီး ဖြစ်၏။ ထို ၁၁ ခုတို့အနက် မည်သည့်စိတ်မျှ

(တဒါရုံဟူသော ပြုဘွယ်ကိစ္စကို ပြုသည့်အခိုက်အတန့်) ရူပဘုံ၊ အရူပဘုံ၌ မဖြစ်။ အဘယ်ကြောင့်နည်း။ ကာမပဋိသန္ဓေဟူသော မျိုးစေ့မရှိသောကြောင့်တည်း။ မှန်၏။ ထိုရူပ၊ အရူပဘုံတွင် ကာမကံ၏ အကျိုးဟုဆိုအပ်သည့် ပဋိသန္ဓေမျိုးစေ့မရှိ။ (ရူပကံ၊ အရူပကံဟုဆိုအပ်သည့် ပဋိသန္ဓေမျိုးစေ့သာရှိ၏ ဟူလို)

"အကြင်ကာမကံသည် ရူပါရုံစသည့်အာရုံတို့၌ဖြစ်၏။ ယင်းသို့သော ကာမကံသည် ပဝတ္တိအခါ ထိုကာမကံ၏အကျိုးကို ဖြစ်လာစေတတ်သည်ဖြစ်အံ့။ [ဃာနဝိညာဏ်၊ ဇိဝှာဝိညာဏ်၊ ကာယဝိညာဏ်တို့နည်းတူ] စက္ခုဝိညာဏ် စသည်တို့လည်း ရူပဘုံ၌ မဖြစ်နိုင်။ ဤအဓိပ္ပာယ်သည် သက်ရောက်ခဲ့ရာ၏" ဤသို့ အကယ်၍ အဆိုပြုလာအံ့။ ယင်းသို့ ဆိုလာချေသော်

"စက္ခုဝိညာဏ် စသည်တို့လည်း ရူပဘုံ၌ မဖြစ်နိုင်" ဤအဓိပ္ပာယ်သည် သက်ရောက်လာခြင်းငှာ မသင့်။ မသက်ရောက်သင့်၊ မသက်ရောက်ထိုက်။ အကြောင်းသော်ကား [ကာမကံစွမ်းကြောင့် မဟုတ်ပါဘဲ] စက္ခုန္ဒြေ၊ သောတိန္ဒြေတို့ဖြစ်ခြင်းဟူသော အစွမ်းကြောင့်သာလျှင် [စက္ခုဝိညာဏ်၊ သောတဝိညာဏ်တို့ ရူပဘုံ၌ ဖြစ်လာကြ၍ စက္ခုဒွါရိကဝိထိ၊ သောတဒွါရိကဝိထိ ဟူသော] ဒွါရဝိထိအထူး၌ [စက္ခုဝိညာဏ်၊ သောတဝိညာဏ်တို့ နောင် သမ္ပဋိစ္ဆိုင်း၊ သန္တီရဏဟူသော] စိတ်ဖြစ်စဉ် မြဲသောကြောင့် [စက္ခုဝိညာဏ် စသည်တို့ ရူပဘုံ၌ မဖြစ်နိုင်ဟူသော အဓိပ္ပာယ် မသက်ရောက်နိုင်ခြင်း ဖြစ်သည်] တည်း။ ယင်းသို့ ပြန်လည်ဖြေဆိုရာ၏။

ထိုတဒါရုံသည် ရူပဘုံ၊ အရူပဘုံတို့၌ အကယ်စင်စစ် မဖြစ်သကဲ့သို့ ထို့အတူ ကာမအာရုံတရားမှတပါး အခြားအာရုံ

တရားတို့နောက်သို့ မလိုက်၊ မဖြစ်။ အဘယ်ကြောင့်နည်း။ ရူပ၊ အရူပ၊ လောကုတ္တရာကံသည် ကာမ ပဋိသန္ဓေကို ဖြစ်စေနိုင်စွမ်း မရှိသောကြောင့်ငင်း၊ ရူပ၊ အရူပ ပဋိသန္ဓေကို ဖြစ်စေတတ်သော ရူပ၊ အရူပကံသည် တဒါရုံကို ဖြစ်စေနိုင်စွမ်းရှိသော ကာမကံနှင့် မတူသည့်အတွက်ကြောင့်ငင်း မလိုက်ပါ။ ဥပမာ၊ အိမ်ထဲမှ ထွက်လာ၍ အပြင်အပ အနီးအနားသို့ သွားချင်သော ကလေး ငယ်သည် မိမိကို ကျွေးမွေးပြုစုလာသော ဘခင်၏နောက်သို့ ဖြစ်စေ၊ ဘခင်နည်းတူ မိမိအကျိုးကို လိုလားသည့် ဆွေမျိုး သားချင်း၏နောက်သို့ဖြစ်စေ လက်ကိုကိုင်၍ နောက်မှ လိုက်သွား သကဲ့သို့ပင်၊ မင်းမှုထမ်းစသည့် အခြားသူတို့၏ နောက်သို့သော် ကား မလိုက်သကဲ့သို့ပင်၊ ထို့အတူ တဒါရုံသည်လည်း [အိမ်နှင့် တူသော] ဘဝင်အာရုံမှ အပြင်အပ (အာရုံ)သို့ ထွက်ချင်လာ သော် ကာမဝိပါက်ဟူသော မိမိနှင့် ကာမာဝစရ အဖြစ်ချင်း တူသောအားဖြင့် မိမိကို ဖြစ်စေတတ်သော [ကာမကုသိုလ်ဇော တည်းဟူသော] ဘခင်၏ နောက်သို့ဖြစ်စေ၊ [ကာမကြိယာဇော တည်းဟူသော] ဘခင်နှင့်တူသည့် ဆွေမျိုးသားချင်း၏နောက်သို့ ဖြစ်စေ၊ [နောက်နားကနေပြီး] ကပ်၍ လိုက်၏။ အခြားသော [မင်းမှုထမ်း စသည့် သူစိမ်းတရံစာနှင့်တူသော] မဟဂ္ဂုတ် လောကုတ္တရာဇောတို့၏ နောက်သို့မူကား မလိုက်ပါချေ။

ထိုတဒါရုံသည် မဟဂ္ဂုတ် လောကုတ္တရာဇောတို့နောင် မကျ သကဲ့သို့ အကြင်အခါ၌ ထိုကာမဇောတို့က မဟဂ္ဂုတ်ကို အာရုံ ပြုအံ့။ ထိုအခါ [ကာမကို အာရုံမပြုဘဲ မဟဂ္ဂုတ်ကို အာရုံပြုသော ကြောင့်] ထိုကာမဇောတို့နောင် တဒါရုံ မကျ။ အဘယ်ကြောင့် မကျသနည်း။ မိမိ ကျင်လည်ရာအချပ် မဟုတ်သောကြောင့်ငင်း၊

ကာမတရားတခုသာ အာရုံရှိသည့်အတွက်ကြောင့်ဝင်း မကျခြင်း ဖြစ်၏။ [ကာမကလွဲလျှင် ဘာကိုမျှ အာရုံမပြုသောကြောင့် မကျ ဟူလို]

ဥပမာဖြင့် ထင်ရှားစေအံ့။ ထိုသူငယ်ကလေးသည် ဘခင်၏ နောက်သို့ ဖြစ်စေ၊ ဘခင်နှင့်တူသော ဆွေမျိုးသားချင်းများ၏ နောက်သို့ ဖြစ်စေ လိုက်သွားလေ့ရှိသည်ကား မှန်၏။ သို့သော် ထိုသူငယ်လေးသည် အိမ်ဝင်းတံခါး၊ လမ်းမအတွင်း၊ လမ်းဆုံ လမ်းခွ စသည့် သွားဘူး လာဘူးသောနေရာသို့သာ လိုက်မည် ဖြစ်၏။ တောတွင်းသို့ ဖြစ်စေ၊ စစ်မြေပြင်သို့ ဖြစ်စေ သွားကြ ပါမူကား လိုက်သွားမည် မဟုတ်။ ထို့အတူ [ဘခင်နှင့်တူသော] ကာမတရား၏နောက်သို့ လိုက်ပါတတ်သည်ဟု ဆိုသော်လည်း မဟဂ္ဂုတ် စသည်မဟုတ်သော၊ အလေ့အကျင့်ရှိဘူးသောအရပ်၌ ဖြစ်သော တရားများ၏နောက်၌သာ တဒါရုံ ကျမည် ဖြစ်၏။ [တောတွင်းအရပ်၊ စစ်မြေပြင်အရပ်နှင့်တူသော] မဟဂ္ဂုတ် လောကုတ္တရာတို့ကို အာရုံပြုသည့်တရားများ၏ နောက်တွင်ကား တဒါရုံ မကျပါချေ။

ဆက်ဦးအံ့။ "အလုံးစုံသော ကာမကံ၏အကျိုး၊ ၁၁၊ ကာမ ဝိပါက်စိတ် ၂၃၊ ပဋ္ဋဒ္ဒါရဝဇ္ဇန်း ၁၊ ဟသိတုပ္ပာဒ် ၁၊ ပေါင်း စိတ်ဝိညာဏ် ၂၅ ပါးသည် ကာမတရားကိုသာ အာရုံပြုကြကုန်၏" ဟူ၍ "ထိုတဒါရုံ၏ အာရုံပြုရာကား ကာမတရား တမျိုးသာ တည်း"ဟု အကြင့်ကြောင့် ဆိုအပ်၏။ ထို့ကြောင့်လည်း "မဟဂ္ဂုတ် လောကုတ္တရာကို အာရုံပြုခိုက်ဖြစ်သော ကာမဇော စိတ်များနောင် တဒါရုံ မကျ"ဟူ၍ သိရှိအပ်၏။

ဤအသင့် ယုတ္တိစကားဖြင့် ဘယ်အကျိုးထူးများ ရရှိလာသနည်း။ ချဲ့ဦးအံ့။ အဋ္ဌကထာတွင် ကေန်အမှန်ပင် [ရရှိလာသောအကျိုးသက်ရောက်မှုများကို] ဆိုထားသည်မှာ

“[ဇောသည် အကြင်အာရုံကို အာရုံပြု၏။ ခံစား၏] ထိုအာရုံကို နောက်ယောင်ခံ အတုလိုက်၍ ခံစားတတ်သောစိတ်၊ ဝါ၊ တဒါရုံစိတ် ၁၁ ခုတို့သည် အမည်နာမ အမျိုးအနွယ်ကို အစွဲပြု၍ ဇောစိတ်ဖြစ်လာလျှင် တဒါရုံ မကျ။ ပညတ်ကို အစွဲပြု၍ ဇောစိတ်ဖြစ်လာလျှင် တဒါရုံ မကျ။ လက္ခဏာရေးသုံးပါးကို အာရုံပြု၍ ရှုမှတ်သော ဝိပဿနာဉာဏ်၌ တဒါရုံ မကျ။ မဂ်၏ နှိုးကပ်သောအကြောင်းဖြစ်သည့် အားကြီးသော ဝိပဿနာဉာဏ်၌ တဒါရုံ မကျ။ ရုပ်တရား၊ နာမ်တရားတို့ကို အာရုံပြု၍ ဇောစောလတ်သော် တဒါရုံ မကျ၊ မိစ္ဆတ္တနိယတဓမ္မတို့၌ တဒါရုံ မကျ။ သမ္မတ္တနိယတဓမ္မတို့၌ တဒါရုံ မကျ။ လောကီနယ်ကို လွန်မြောက်သောတရား လောကုတ္တရာဓမ္မတို့၌ တဒါရုံ မကျ။ ခွဲခြမ်းစိတ်ဖြာ၍ သိသောအသိ ပဋိသမ္ဘိဒါဉာဏ်၌ တဒါရုံမကျ။ ကာမတရားဖြစ်သော်လဲ အားနဲသောအာရုံ၌ တဒါရုံ မကျ။

“စက္ခုစသည့် ၆ ဒွါရတို့၌ အားကြီးသော ကာမအာရုံ ရှေ့ရှုရောက်လာမှသာလျှင် တဒါရုံ ကျ၏။ ကျသည်ဟုဆိုသော်လည်း ကာမဘုံဖြစ်ပါမှ ကျ၏။ ရူပ၊ အရူပဘုံ၌ တဒါရုံ မရှိ”ဟူ၏။

“ရင်း ၁၉ ပါးသောစိတ်တို့အနက် မည်သည့်စိတ်မျှ မိမိအား လျော်သော ပဋိသန္ဓေကျိုးကို မပေးသည်ဟူ၍ မရှိ။ ပေးသည် ချည်းတည်း”ဟူသော (စာမျက်နှာ ၉၇ ရှိ) အကြင်စကားရပ်ကို ဆိုထားခဲ့၏။ ထိုစကားရပ်သည် ကျဉ်းလွန်းသည့်အတွက်ကြောင့်

သိဘို့ရန်မလွယ်။ ထို့ကြောင့် ထိုစကားရပ်၏ အကျယ်တဝင့် အဖွင့်စကားရပ်ကို ပြဆိုခြင်းငှာ

"ပဋိသန္ဓေပေါင်း အဘယ်မျှရှိသနည်း။ ပဋိသန္ဓေစိတ်တို့ကား အဘယ်မျှနည်း။ အဘယ်ပဋိသန္ဓေစိတ်ဖြင့် အဘယ်ဘုံ၌ ပဋိသန္ဓေ နေကြသနည်း။ ပဋိသန္ဓေ၏ ပြုရာအာရုံကား အဘယ်နည်း" ဟူသော အမေးစကားကို ဆိုလိုက်ပါသည်။

အဖြေစကားကား

၁။ အသညသတ်ဘုံသားတို့၏ရုပ်ပဋိသန္ဓေနှင့်တကွ ပဋိသန္ဓေ ပေါင်း ၂၀ ရှိ၏။

၂။ ဆိုခဲ့သည့်အတိုင်းပင် ပဋိသန္ဓေစိတ်ကား ၁၉ ပါးရှိ၏။

၃၊ က။ ထို ၁၉ ပါးတို့အနက် မကောင်းမှု၏ အကျိုး ဖြစ်သည့် အဟိတ်မနောဝိညာဏဓာတ်ဖြင့်၊ ဝါ၊ အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြင့် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် တည်းဟူသော အပါယ် ၄ ဘုံ၌ [မကောင်းမှုမှန်သမျှ ဒိုင်ခံ၍ ပြုကြသူများ] ပဋိသန္ဓေနေကြရ၏။

ခ။ ကုသလဝိပါက် ဥပေက္ခာသန္တီရဏခေါ် ကောင်းမှု၏ အကျိုးဖြစ်သည့် အဟိတ်မနောဝိညာဏဓာတ်ဖြင့် မွေးလာ ကတည်းက မျက်စေ့ကန်းလာသူ၊ နားပင်းလာသူ၊ ဝမ်းတွင်းရူး၊ ဆွံ့အလာသူ၊ ယောကျ်ားအင်္ဂါဇာတ်၊ မိန်းမအင်္ဂါဇာတ်နှစ်မျိုး ပါလာသူနှင့် လုံးဝမပါလာသူတို့သည် [မိလိန္ဒပဉှာအရ ဇိမ်မယ် ခေါ်ပေးမှု၊ အရက်ဒကာခံမှု၊ အလေးခိုးတတ်အောင် သင်ပေးမှု စသည့် အကောင်းရောအဆိုးပါ ရောနှောသော အမှုကိုပြုခဲ့ကြ သည့်အတွက်ကြောင့်] ဤလူ့လောက၌ ပဋိသန္ဓေလာနေကြရ၏။

ဂ။ မဟာဝိပါကစိတ် ၈ ခုဖြင့် နတ်ပြည်မှာဖြစ်စေ၊ လူပြည်မှာဖြစ်စေ၊ ဘုန်းကံကြီးမားရှ် ဩဇာကြီးထွားသူတို့သည် [ကျမည်သော ရုပ်နာမ်သဘာဝတို့ လုံးဝချုပ်ငြိမ်းပါမှ ဒုက္ခဇာတ်သိမ်းနိုင်ကြသည့်အဖြစ်မှန်ကို မသိရှာကြဘဲ၊ သိလာအောင်လည်း စူးစမ်းမှု၊ လေ့လာမှု၊ အားထုတ်မှု ပြုရကောင်းမှန်း မသိတတ်ပါဘဲ "ဘဝကူးကလေးကောင်းပါစေ။ ဒါနမျိုးစေ့ကလေး ပါပါစေ။ နောက်ဘဝမှာ အသက်ရှေရှေနှင့် ကျန်းမာရပါစေ" ဟူသော ရည်ရွယ်ချက်လောက်သာထားကြပြီး "မင်မျိုးစေ့၊ ဖိုလ်မျိုးစေ့ဖြစ်ပါစေ"ဟု နှလုံးသွင်းရကောင်းမှန်း မသိကြသူတို့သည်] ပဋိသန္ဓေနေလာကြရ၏။

ဃ။ [အတွေ့အကြုံဖြင့် ကာမဂုဏ်ကို ရှုံမုန်းလာသူ၊ သို့မဟုတ် ပဋ္ဌမတွင် ရှုံမုန်းလှသည် မဟုတ်သေးသော်လည်း လူပျိုကြီး ဇာတာပါလာ၍ ဘုန်းကြီးရဟန်းဖြစ်နေပြီး နောင်တွင်မှ အသိဉာဏ်နှင့်ယှဉ်ကာ ကာမဂုဏ်၏ အဖြစ်ကို မြင်လာသူတို့သည်] ရူပါဝစရ ဝိပါကစိတ် ၅ ခုတို့ဖြင့် ရုပ်ရှိ ရူပဗြဟ္မာပြည်၌ ပဋိသန္ဓေသွားနေကြရ၏။

င။ [ရုပ်ဝတ္ထု၊ ရုပ်ခန္ဓာကြီးရှိနေ၍သာ စားဝတ်နေရေးအတွက် ဒုက္ခတွေများနေရ၏။ စသည်ဖြင့် ရုပ်ခန္ဓာကို အပြစ်မြင်သူတို့သည်] အရူပါဝစရ စိတ် ၄ ခုတို့ဖြင့် ရုပ်မဲ့ အရူပဗြဟ္မာလောက၌ ပဋိသန္ဓေသွားနေကြရ၏။

ယင်းသို့လျှင် အကြင်ပဋိသန္ဓေစိတ်ဖြင့် အကြင်ဘုံ၌ ပဋိသန္ဓေနေကြရ၏။ ထိုပဋိသန္ဓေသည်ပင်လျှင် ထိုဘုံအား လျောက်ပတ်သော ပဋိသန္ဓေ မည်၏။

၄။ အကျဉ်းအားဖြင့် ပဋိသန္ဓေစိတ်တို့၏ ပြုရာအာရုံကား ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် အာရုံဟူ၍ ၃ မျိုး ၃ စား ရှိ၏။ (အကျယ်အားဖြင့်သော်ကား)

က။ ထိုတွင် 'ကံ' ဟူသည်မှာ ဆည်းပူးအပ်၊ အားထုတ်အပ်၊ ပြုလုပ်အပ်သော ကောင်းသော စေတနာ၊ သို့မဟုတ် မကောင်းသော စိတ်စေတနာပင် ဖြစ်၏။

ခ။ 'ကမ္မနိမိတ်'ဟူသည်မှာ အကြြင်အရာဝတ္ထုကို အာရုံပြု၍ ကောင်းမကောင်း ကံကို ပြုလုပ်အားထုတ်၏။ (ထိုအာရုံ ပြုအပ်သော အရာဝတ္ထုသည် ကမ္မနိမိတ် ဟူလို။)

ထို ကံ၊ ကမ္မနိမိတ် အာရုံတို့တွင် ကမ္ဘာပေါင်း တသိန်းအထက် ဖြစ်စေကာမူ ကောင်းမှု၊ မကောင်းမှု ကံ တခုခုကို ပြုလုပ်ထားခဲ့ ချေသော် သေအံ့မူးမူးအချိန်ဝယ် ကံအာရုံ ဖြစ်စေ၊ ကမ္မနိမိတ် အာရုံ ဖြစ်စေ [များသောအားဖြင့် စိတ်ထဲသို့] ရောက်ရှိထင်မြင် လာ၏။ ထိုတွင် ဖော်ပြအံ့သော စကားရပ်မှာ ကမ္မနိမိတ် အာရုံ ထင်လာရာဝယ် [မှတ်သားဘွယ်ကောင်းသည့်] ဝတ္ထုကြောင်း သာတည်း။ "ဂေါပက သီဝလိ" အမည်ရှိသူသည် 'ကာလ ပိဋ္ဌိက' ခေါ်သော ကျောင်းတိုက်၌ စေတီတဆူ တည်ထား ကိုးကွယ်သတဲ့။ ထိုသူသည် သေရညောင်စောင်း၌ လဲလျောင်း နေစဉ် (သေအံ့မူးမူး အချိန်)တွင် စေတီဟူသော ကမ္မနိမိတ် အာရုံက ထင်ထင်မြင်မြင် ပေါ်၍လာ၏၊ ထိုသူသည် ထိုအာရုံ နိမိတ်ကို ယူထားစဉ် (အာရုံပြုနေဆဲ) သေလွန်သွားသဖြင့် နတ်ပြည်သို့ လားရောက်ရသောဟူ၏။

အခြားသော "တွေတွေဝေဝေ သေရတာမျိုး" ဆိုတာလည်း ရှိ၏။ ထင်ရှားစေအံ့။ ရှေကသွားနေသူ၏ ဥက္ကောင်းကို နောက်မှ

နေ၍ ခား၊ သံလျက်ဖြင့် ခုတ်ဖြတ်၍ သတ်၏။ လဲလျောင်း အိပ်ပျော်နေသူ၏ ဥက္ကောင်း၊ လည်ပင်းကို ခား၊ သံလျက်ဖြင့် ခုတ်ဖြတ်၍ သတ်၏။ ရေနှစ်၍ သတ်၏။ ဤသို့သော အခါမျိုးမှာ သေရသူအား ကံ အာရုံသော်၎င်း၊ ကမ္မနိမိတ် အာရုံသော်၎င်း ထင်လာ၏။

အခြားသော 'အဆောဘလျင် (ရှောင်တခင်) သေရဘာမျိုး' ဆိုတာလည်း ရှိ၏။ ဆောက်ရိုး၏ အထက်၌ နားနေသော ယင်ကောင်ကို ဆောက်ပုတ်ဖြင့် ရိုက်၍ ကြိတ်သတ်၏။ ဤအခါ မျိုးမှာ သေရသူအားလည်း ကံအာရုံဖြစ်စေ၊ ကမ္မနိမိတ်အာရုံ ဖြစ်စေ ထင်လာ၏။ယင်းသို့ ကြိတ်သတ်ခြင်းခံရသည့် ယင်ကောင် အား ပဌမဦးစွာ ကာယဒွါရာဝဇ္ဇန်းသည် ဘဝင်အစဉ်ကို မလည် စေအားတော့၊ ဝါ၊ မဖြတ်အားတော့။ မနောဒွါရာဝဇ္ဇန်းသည် သာ ဘဝင်အစဉ်ကိုလည်စေ၊ ဖြတ်စေတော့၏။ ထို့နောက် ဇောစော၍ ဘဝင်ကျသွား၏။

ဒုတိယအကြိမ်တွင်မူ ကာယဒွါရာဝဇ္ဇန်းက ဘဝင်အစဉ်ကို လည်စေ၏။ ဖြတ်၏။ ထို့နောက် ကာယဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော ဟူသော ဝိထိစိတ်တို့ ဖြစ်ပေါ်လာကြ၏။ ပြီး ဇောစော၍ ဘဝင်ကျသွား၏။

တတိယ အကြိမ်တွင်ကား မနောဒွါရာဝဇ္ဇန်းက ဘဝင် အစဉ်ကို ဖြတ်၏။ ထိုနောက် ဇောစော၍ ဘဝင်ကျသွားပြန်၏။ ဤတတိယ အကြိမ်တွင်မူကား စုတေသွားတော့၏။ သေသွား တော့။

ဘယ်အကျိုးငှာ ဤစကားကို ထုတ်ဆောင် ပြဆိုပါသနည်း။ 'နာမ်တရားတို့၏ အရာသည် လျင်မြန်လွန်း၏' ဟူ၍ ပြဆိုခြင်းငှာ ထုတ်ဆောင်လိုက်ပါသည်။

ဂ။ 'ဂတိနိမိတ်'ဟူသည်မှာ သေပြီးသည့်နောက် ရောက်ရှိလတံ့သော ဘဝရှိ တခုခုသော အဆင်းသဏ္ဍာန်က ထင်လာ မြင်လာတတ်၏။ [ထိုသို့ ထင်လာတတ်သော အဆင်းသဏ္ဍာန်သည် 'ဂတိနိမိတ်'ဟူလို။]

ထိုဂတိနိမိတ်ထင်ရာ၌ ငရဲနိမိတ်ထင်လာသော် သံအိုးကင်းနှင့် တူသည်ဖြစ်၍ ထင်လာတတ်၏။ လူ့လောက ထင်လာသော် (လူ့ဘဝ သွားဖြစ်မည် ဆိုသော်) မိခင်လောင်း၏ ဝမ်းရေး ကမ္ဗလာယာဉ်၏ အဆင်းအသွေးနှင့် တူသည်ဖြစ်၍ ထင်လာတတ်၏။ နတ်လောက ထင်လာသော် (နတ်ပြည်သို့ ရောက်အံ့ ဖြစ်သော်)ပဒေသာပင်၊ဘုံဗိမာန်၊အိမ်ရာနေရာစသည်တို့ထင်လာတတ်ကြ၏။

ယင်းသို့လျှင် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်အာရုံဟူ၍ ပဋိသန္ဓေစိတ်၏ အာရုံသည် အကျဉ်းအားဖြင့် ၃မျိုး ၃စား ရှိ၏။

အတိတ်အာရုံ၊ ပစ္စုပ္ပန်အာရုံ၊ ပညတ်အာရုံဟူ၍ ပဋိသန္ဓေစိတ်အာရုံကား ၃ မျိုး ၃စား ရှိ၏။ အသညသတ် ပဋိသန္ဓေကား ပြုရာ အာရုံမရှိ။ ၎င်းတို့အနက်

၁။ ဝိညာနဉ္စာယတနနှင့် နေဝသညာနာ သညာယတန ပဋိသန္ဓေတို့၏ ပြုရာအာရုံကား အတိတ်ဖြစ်၏။

၂။ ကာမ ပဋိသန္ဓေ ၁၀ တို့၏ အာရုံကား အတိတ်လည်း ရှိ၏။ ပစ္စုပ္ပန်လည်း ရှိ၏။

၃။ ကြွင်းပဋိသန္ဓေ ၇ ခုတို့၏ အာရုံကား ပညတ်ဖြစ်၏။

ယင်းသို့လျှင် ပြုရာအာရုံ ၃ မျိုးရှိသော ပဋိသန္ဓေသည် အတိတ်ကို အာရုံပြုသော စုတိစိတ်၊ သို့မဟုတ် ပညတ်ကို အာရုံပြုသော စုတိစိတ်၏ အခြားမဲ့တွင် အကြင်ကြောင့် ဖြစ်လာအံ့၊ [ပစ္စုပ္ပန်ကို အာရုံပြုသော စုတိစိတ်ကား မရှိ။] ထို့ကြောင့် အတိတ်ပညတ်အာရုံ (၂) မျိုး အနက် တခုခုကို အာရုံပြုသော စုတိစိတ်၏ အခြားမဲ့တွင် အတိတ်၊ ပစ္စုပ္ပန်၊ ပညတ် ၃ မျိုးအနက် တခုခုကို အာရုံပြုသော ပဋိသန္ဓေ၏ သုဂတိ၊ ဒုဂ္ဂတိ [ကောင်းသောလားရာ၊ မကောင်းသောလားရာ] အားဖြင့် ဖြစ်ပုံ အခြင်းအရာကို သိရှိအပ်၏။

ဥပမာကား အဘယ်နည်း။ လူ့ဘုံအပါအဝင်ဖြစ်သည့် ကာမဘုံတွင် တည်ရှိသော မကောင်းမှု ပြုလေ့ရှိသူအား 'ထိုသူ၏ ထိုအမှုတို့သည် ထိုသေခါနီး အချိန်တွင် တွဲလဲဆွဲကုန်၏' အစရှိသော စကားကို [ပဏ္ဍိမနိကာယ်၊ တတိယအုပ်၊ စာမျက်နှာ ၂၀၃၅] ဘုရား ဟောထားသောကြောင့်၊ သေရာ ညောင်စောင်း၌ လဲလျောင်းနေစဉ် [သေအံ့မူးမူးအချိန်တွင်] မိမိဆည်းပူးပြုလုပ်ထားသော အကြင်အကြင်မကောင်းမှုကံက ဖြစ်စေ၊ ကမ္မနိမိတ်က ဖြစ်စေ မနောဒွာရခါ စိတ်အစဉ်မှာ ထင်လာ၊ မြင်လာ၏။ ထိုကံ၊ ကမ္မနိမိတ်ကို အာရုံပြု၍ ဖြစ်လာသည့် တဒါရုံအဆုံးရှိသော ဝိထိစိတ်၏ အခြားမဲ့မှာ ဖြစ်စေ၊ တဒါရုံမကျသော ဇောဝိထိ၏ အခြားမဲ့မှာ ဖြစ်စေ၊ ဘဝင်၏ အာရုံကို အာရုံပြု၍ စုတိစိတ်ကျ၏။ ယင်းသို့ဖြစ်ပေါ်လာသည့် စုတိစိတ်ချုပ်ပျက်သွားသော် ထင်လာမြင်လာသော ထိုကံအာရုံကို ဖြစ်စေ၊ ကမ္မနိမိတ်အာရုံကို ဖြစ်စေ၊ အာရုံပြု၍ မင်္ဂဖြင့် မပယ်သတ်ရသေးသည့် ကိလေသာထုကြီးက

ညွှတ်ကိုင်းပေးသော ဒုဂ္ဂတိတွင် အပါအဝင်ဖြစ်သော ပဋိသန္ဓေ စိတ် ဖြစ်ပေါ်လာ၏။ ဤသည်မှာ အတိတ်ကို အာရုံပြုသည့် စုတိစိတ်၏ အခြားမဲ့ရှိ အတိတ်ကို အာရုံပြုသော ပဋိသန္ဓေတည်း။

အခြားတစ်ယောက်အား သေခါနီးတွင် အဆိုပါကံစွမ်းဖြင့် ငရဲစသည်တို့၌ ရှိသည့် ငရဲမီးလျှံစသော ဒုဂ္ဂတိနိမိတ်သည် မနောဒွါရ၌ စိတ်အစဉ်မှာ ထင်လာ၊ မြင်လာ၏။ ထိုသူအား ဘဝင်နှစ်ကြိမ်ဖြစ်ပြီးနောက် ချုပ်သွားသော် ထိုဒုဂ္ဂတိနိမိတ်ကို အာရုံပြု၍ အာဝဇ္ဇန်းစိတ်က တကြိမ်၊ သေတို့ရန် အလွန်နီးကပ်နေသဖြင့် အချိန်အဟုန်နည်းသောသည့်အတွက်ကြောင့် [သာမန်အခါတွင် ၇ကြိမ်စောနေကျဖြစ်သော] ဇောစိတ်က ၅ကြိမ်၊ တဒါရုံက ၂ကြိမ် ဟူသော ဝိထိစိတ် ၃ မျိုး ဖြစ်လာကြ၏။ ထို့နောင် ဘဝင်၏ အာရုံကိုပင် အာရုံပြု၍ စုတိစိတ်က တကြိမ်၊ ဤမျှဖြင့် [လက်ရှိဘဝတွင် ထင်လာသော ဒုဂ္ဂတိနိမိတ်ဖြစ်သည့်ရုပ်၏ ရုပ်သက် ၁၇ ချက်တို့အနက်] စိတ္တက္ခဏ ၁၁ ချက်တို့ ကုန်လွန်ခဲ့ပြီး ဖြစ်၏။ ထို့နောင် ကြွင်းစိတ္တက္ခဏ ၅ ချက်ခန့် ကျန်သေးသော ထိုမရဏာသန္နဇော၏ အာရုံကိုပင် အာရုံပြု၍ ပဋိသန္ဓေစိတ် ဖြစ်လာ၏။ ဤသည်မှာ အတိတ်ကို အာရုံပြုသည့် စုတိစိတ်၏ အခြားမဲ့ရှိ ပစ္စုပ္ပန်ကို အာရုံပြုသော ပဋိသန္ဓေတည်း။

အခြားသူတစ်ယောက်အား သေခါနီးတွင် ၅ ဒွါရတို့အနက် တခုခုသော ဒွါရတွင် တပ်မက်ခြင်းရာဂ စသည်ကြောင့် ဖြစ်သော ယုတ်ညံ့သည့် အာရုံသည် ထင်လာ မြင်လာ၏။ ထိုသူအား အစဉ်အတိုင်း ဖြစ်လာသည့် ဝုဋ္ဌော၏ အဆုံးတွင် သေချိန်နီးကပ်သဖြင့် အချိန် မပြင်းတော့သည့် အတွက်ကြောင့် ဇောစိတ်က ၅ ကြိမ်၊ တဒါရုံက ၂ ကြိမ်၊ ဖြစ်လာ၏၊ သို့ရာတွင် ထို့နောင် ဘဝင်၏

အာရုံကိုပင် အာရုံပြု၍ စုတိစိတ်က တကြိမ်၊ ဤမျှဖြင့် ဘဝင်နှစ်ကြိမ်၊ အာဝဇ္ဇန်း၊စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊သန္တီရဏ၊ ဝုဋ္ဌော၊ ဇော ၅ ကြိမ်၊ တဒါရုံနှစ်ကြိမ်၊ စုတိစိတ်က တကြိမ်၊ စုစုပေါင်း စိတ္တက္ခဏ ၁၅ ချက်တို့ ကုန်လွန်ခဲ့ပြီဖြစ်၏၊ ထို့နောင် ကြွင်း စိတ္တက္ခဏ ၁ ချက်သာ ကျန်ရှိတော့သည့် မရဏာသန္နဇော၏ အာရုံကိုပင် အာရုံပြု၍ ပဋိသန္ဓေစိတ် ဖြစ်လာ၏။ ဤသည်မှာလည်း အတိတ်ကို အာရုံပြုသည့် စုတိစိတ် အခြားမဲ့ရှိ ပစ္စုပ္ပန်ကို အာရုံပြုသော ပဋိသန္ဓေစိတ်တည်း။

ဤသည်ကား အတိတ်ကို အာရုံပြုသည့် 'သုဂတိစုတိစိတ်' အခြားမဲ့ရှိ အတိတ်၊ ပစ္စုပ္ပန်ကို အာရုံပြုသော 'ဒုဂ္ဂတိ ပဋိသန္ဓေစိတ်' ဖြစ်ပေါ်လာပုံတည်း။

ဒုဂ္ဂတိဘဝမှာ အသက်ရှင် ဟည်ရှိလျက် အပြစ်ကင်းသည့် ကောင်းမှု ကုသိုလ်ကံကို ဆည်းပူးထားသူအား အဆိုပါနည်းဖြင့်ပင် အပြစ်ကင်းသည့် ကံ အာရုံက ဖြစ်စေ၊ ကမ္မနိမိတ်အာရုံက ဖြစ်စေ၊ မနောဒွာရခေါ် စိတ်အစဉ်မှာ ထင်လာ မြင်လာ၏ စသည်ဖြင့် မဲ့ညစ်သည့် မကောင်းမှု အကုသိုလ်ကံအစား ဖြူစင်သည့် ကောင်းမှု ကုသိုလ်ကံကို လဲလှယ်ထားရှိပြီးလျှင် သိစရာ စကားရပ်အားလုံးကို ရှေ့နည်းအတိုင်းပင် သိရှိအပ်၏။

ဤသည်ကား အတိတ်ကို အာရုံပြုသည့် ဒုဂ္ဂတိစုတိစိတ် အခြားမဲ့ရှိအတိတ်၊ပစ္စုပ္ပန်ကို အာရုံပြုသော သုဂတိပဋိသန္ဓေစိတ် ဖြစ်ပေါ်လာပုံတည်း။

သုဂတိဘဝမှာ အသက်ရှင်တည်လျက် အပြစ်ကင်းသည့် ကံအမှုကို ဆည်းပူးပြုလုပ်ထားသူအား 'ထိုသူအား ထိုကံတို့သည် ထိုသေခါနီးအချိန်တွင် တွဲလဲဆွဲနေကြ၏' စသဖြင့် ဟောထား

သောကြောင့် သေရာညောင်စောင်း၌ လဲလျောင်းနေစဉ် ပြုလုပ်ထားပြီးသော အပြစ်ကင်းသည့် ကံ အာရုံက ဖြစ်စေ၊ ကမ္မနိမိတ် အာရုံက ဖြစ်စေ စိတ်အစဉ်မှာ ထင်အပ်လာ၏။

ထိုကံ၊ ကမ္မနိမိတ်သည် ကာမကုသိုလ်ကံ ဆည်းပူးထားသူအား သာလျှင် ထင်လာ၏။ မဟဂ္ဂုတ်ကုသိုလ်ကံကို ဆည်းပူးထားသူအားသော်ကား ကမ္မနိမိတ် အာရုံသာ ထင်၏။ [ကံအာရုံ ထင်မလာ ဟူလို။] ထိုကမ္မနိမိတ်ကို အာရုံပြု၍ ဖြစ်ပေါ်လာသော တဒါရုံအဆုံးရှိသည့် မရဏာသန္နဝိထိ၏ အခြားမဲ့မှာ ဖြစ်စေ၊ တဒါရုံမပါ ဇောသက်သက်သာဆုံးသော မရဏာသန္နဝိထိ၏ အခြားမဲ့မှာ ဖြစ်စေ ဘဝင်၏ အာရုံကို အာရုံပြု၍ စုတိစိတ်ကျ၏။

ထို စုတိစိတ် ကျပြီး ချုပ်ပျက်သွားသည့် နောက်တွင် ထိုထင်လာသော ကံ အာရုံကိုဖြစ်စေ၊ ကမ္မနိမိတ် အာရုံကိုဖြစ်စေ အာရုံပြု၍ မဂ်ဖြင့် မပယ်ရသေးသည့် အားကြီးသော ကိလေသာ ထုက ညွတ်ကိုင်းပေးသော သုဂတိဘုံ၌ အပါအဝင်ဖြစ်သည့် ပဋိသန္ဓေ ဖြစ်လာ၏။

ဤသည်မှာ အတိတ်ကို အာရုံပြုသော စုတိစိတ် အခြားမဲ့ရှိ အတိတ်ကို ဖြစ်စေ၊ ပစ္စုပ္ပန်ကိုဖြစ်စေ အာရုံပြုသော ပဋိသန္ဓေ တည်း။

အခြား တယောက်သောသူအား သေခါနီးတွင် အပြစ်ကင်းသည့် ကာမကုသိုလ်ကံ၏ အစွမ်းအားဖြင့် [လူ့လောကသို့ သွားရအံ့သော်] လူ့လောက၌ရှိ မိခင်လောင်း၏ဝမ်းတိုက် အဆင်းအရောင်ဟု ဆိုအပ်သော သုဂတိနိမိတ်သည် သို့မဟုတ် [နတ်ပြည် ရောက်အံ့သော်] နတ်ပြည်ရှိ ဥယျာဉ်၊ ပဒေသာပင် စသည်တို့၏ အဆင်းအရောင်ဟု ဆိုအပ်သော သုဂတိနိမိတ်သည် မနော

ဒွာရခေါ် စိတ်အစဉ်မှာ ထင်လာ၏။ ဒုဂ္ဂတိနိမိတ်၌ ပြခဲ့သည့် ဖြစ်စဉ်အားဖြင့်ပင်လျှင် ထိုသူအား စုတိစိတ်၏ အခြားမဲ့၌ ပဋိသန္ဓေစိတ် ဖြစ်လာ၏။ ဤသည်မှာ အတိတ်ကို အာရုံပြုသော စုတိစိတ်၏ အခြားမဲ့ရှိ ပစ္စုပ္ပန်ကို အာရုံပြုသော ပဋိသန္ဓေတည်း။

အခြား တယောက်သောသူအား ဆွေမျိုး မိတ်သင်္ဂဟများက "ဘဘ၊ မေမေ၊ အကို၊ အမ၊ မောင်လေး၊ ညီမလေး ဒါဟာ ဖေဖေ့အတွက် ရှယ်စုးပြီးဘော့ ဘုရားပူဇော်ပေးတယ်။ စိတ်ကြည်ကြည်လင်လင်ထားနော်" စသည်ဖြင့် ပြောဆိုပြီး ပန်းဆိုင်း၊ တံခွန်၊ ကုက္ကား စသည်တို့၏ အစွမ်းဖြင့် ဖြစ်သော ရူပါရုံကို ဖြစ်စေ၊

တရားနာခြင်း၊ တူရိယာဖြင့် ပူဇော်ခြင်း စသည့်အစွမ်းဖြင့် သဒ္ဒါရုံကို ဖြစ်စေ၊

အခိုးအထုံ၊ အနံ့အသက် စသည့် အစွမ်းဖြင့် ဂန္ဓာရုံကို ဖြစ်စေ၊

'ဒါကို မြည်းကြည့်စမ်းပါ။ ဒါဟာ ဖေဖေ့အဖို့ လှူစရာ ဝတ္ထုပစ္စည်း ဖြစ်တယ်' စသည်ဖြင့် ပြောဆိုပြီး ပျားရည်၊ တင်လဲ စသည့် အစွမ်းဖြင့် ရသာရုံကို ဖြစ်စေ၊

'ဒါကို ကိုင်ကြည့်စမ်းပါ။ ဒါဟာ ဖေဖေ့အဖို့ လှူစရာပစ္စည်း ဖြစ်တယ်' စသည်ဖြင့် ပြောဆိုပြီး တရုတ်ပြည်ထွက် အဝတ်ပုဆိုး၊ သောမာရတိုင်းထွက် အဝတ်ပုဆိုး စသည့်အစွမ်းဖြင့် ဖောဋ္ဌဗ္ဗာရုံကို ဖြစ်စေ၊ မျက်စေ့စသော ဒွါရ ငါးပါးအနီးသို့ ယူဆောင်လာ၏၊

ထိုသူအား ရူပါရုံ စသည် ထင်လာသော် အစဉ်အတိုင်း ဖြစ်လာသော ဝုဋ္ဌော၏ အဆုံးတွင် သေချိန် နီးကပ်လွန်းသဖြင့်

အရှိန်မပြင်းတော့သည် ဖြစ်ရကား ဇောက ၅ ကြိမ်၊ တဒါရုံက ၂ ကြိမ် ဖြစ်လာ၏။ နောက် ဘဝင်၏ အာရုံကို အာရုံပြုပြီး စုတိစိတ် တကြိမ် ဖြစ်လာ၏။ ထိုစုတိ၏ အဆုံး၌ စိတ္တက္ခဏတချက်မျှသာ သက်တန်းကျန်တော့သည့် ထိုအာရုံကိုပင် အာရုံပြုသော ပဋိသန္ဓေစိတ် ဖြစ်လာ၏။ ဤသည်မှာ အတိတ်ကို အာရုံပြုသည့် စုတိစိတ်၏ အခြားမဲ့ရှိ ပစ္စုပ္ပန်အာရုံပြုသော ပဋိသန္ဓေတည်း။

ပထဝီကသိုဏ်းကို အာရုံပြုသည့် စျာန်စသည်တို့၏ အစွမ်းအားဖြင့် မဟဂ္ဂုတ်စျာန်ကို ရရှိပြီးသော သုဂတိဘုံသား အခြားတယောက်သော်ကား [ရူပဘုံမှ ကာမသုဂတိဘုံသို့ ရောက်လာမည့် တိဟိတ်ပုဂ္ဂိုလ်အတွက်] ကာမကုသိုလ်ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တို့အနက် တခုခုသော အာရုံက ဖြစ်စေ၊ [ရူပဘုံမှ အာကာသာနဉ္စာယတန အရူပဘုံသို့သွားမည့် တိဟိတ်အတွက်] ပထဝီကသိုဏ်း စသည့် ကမ္မနိမိတ်က ဖြစ်စေ၊ မဟဂ္ဂုတ်စိတ်က ဖြစ်စေ၊ မနောဒွါရမှာ ထင်လာ မြင်လာ၏။ စက္ခု၊ သောတတို့အနက် တပါးပါးသော ဒွါရမှာလည်း ကုသိုလ်ဖြစ်ခြင်း အကြောင်းရင်းဖြစ်သည့်အာရုံက ထင်လာ၏။

အစဉ်အလိုက် ဖြစ်ပေါ်လာသော ဝုဋ္ဌာ၏ အဆုံး၌ သေချိန်နီးကပ်လွန်းသည့်အတွက်ကြောင့် အဟုန်မပြင်းတော့ပြီဖြစ်ရကား ဇော ၅ ကြိမ်သာ ဖြစ်ပေါ်လာ၏။ ဗြဟ္မာ့ပြည်မှ စုတေလား သူတို့အားသော်ကား [ထိုဇော ၅ ကြိမ်၏ အဆုံးတွင်] တဒါရုံ ဖြစ်ခြင်း မရှိ။ ထို့ကြောင့် ဇော၏ အဆုံးမှသာလျှင် ဘဝင်၏ အာရုံကို အာရုံပြု၍ တခုသောစုတိစိတ် ဖြစ်လာ၏။

ထိုစုတိ၏ အဆုံးမှာ ကာမသုဂတိ၊ မဟဂ္ဂုတ်သုဂတိတို့ အနက် တခုခုသော သုဂတိတွင် အပါအဝင်ဖြစ်သည့် အကြွင်

အကြင် မိမိတို့ကံစွမ်းကြောင့် ထင်လာသော အာရုံတို့တွင် တခုခုကို အာရုံပြုသော ပဋိသန္ဓေစိတ် ဖြစ်လာ၏။

ဤသည်မှာ ပညတ်ကို အာရုံပြုသည့် သုဂတိ စုတိစိတ်၏ အခြားမဲ့ရှိ အတိတ်၊ ပစ္စုပ္ပန်၊ ပညတ်တို့တွင် တခုခုကို အာရုံပြုသော ပဋိသန္ဓေတည်း။

ယင်းသို့ ပြဆိုခဲ့ပြီးသော ဖြစ်စဉ်ကို မှီးသောအားဖြင့် အရူပ စုတိတို့နောင် ဖြစ်ပေါ်လာသော ပဋိသန္ဓေကိုလည်း သိရှိအပ်၏။

ဤသည်ကား အတိတ်၊ ပညတ်ကို အာရုံပြုသော သုဂတိ စုတိစိတ်၏ အခြားမဲ့ရှိ အတိတ်၊ ပညတ်၊ ပစ္စုပ္ပန်အာရုံ တခုခုကို အာရုံပြုသော ပဋိသန္ဓေ၏ ဖြစ်ပေါ်လာပုံ အခြင်းအရာတည်း။

ဒုဂ္ဂတိဘဝ၌ အသက်ရှင်တည်ရှိလျက် မကောင်းမှုပြုသူအား ပြဆိုခဲ့သည့် နည်းနယအတိုင်း ထိုကံ၊ ကမ္မနိမိတ် အာရုံကဖြစ်စေ၊ ဂတိနိမိတ် အာရုံက ဖြစ်စေ၊ မနောဒွာရမှာ ထင်လာ၏။ ပဉ္စဒွာရမှာသော်ကား အကုသိုလ်ဖြစ်ရခြင်း၏ အကြောင်းရင်း ဖြစ်သော အာရုံက ထင်လာ၏။ ထို့နောင် ထိုသူအား အစဉ် အတိုင်း ဖြစ်လာသော စုတိ၏ အခြားမဲ့မှာ ဒုဂ္ဂတိဘဝတွင် အကျုံးဝင်သော ထိုအာရုံတို့အနက် တခုခုကို အာရုံပြုသော ပဋိသန္ဓေစိတ်သည် ဖြစ်ပေါ်လာ၏။ ဤသည်မှာ အတိတ်ကို အာရုံပြုသော ဒုဂ္ဂတိစုတိစိတ် အခြားမဲ့ရှိ အတိတ်၊ ပစ္စုပ္ပန်ကို အာရုံပြုသော ပဋိသန္ဓေစိတ်၏ ဖြစ်ပေါ်လာပုံ ဖြစ်၏။

ဤမျှသော စကားရပ်ဖြင့် ၁၉ ပါးသော ဝိညာဏ်တို့ ပဋိသန္ဓေ၏အဖြစ်ဖြင့် ဖြစ်ပုံကို ပြဆိုချက် ပြီးဆုံးလေပြီ၊

ထို ၁၉ ပါးသောဝိညာဏ်သည် ပဋိသန္ဓေဟူသော ပြကွယ် ကိစ္စ၌ ပြဆိုခဲ့သည့်နည်းဖြင့် ဖြစ်သော် [ကောင်းမှု၊ မကောင်းမှု]

ကံကြောင်း ၂ ပါးဖြစ်၏။ ထို့ပြင် 'ရုပ်နှင့်ရောနှောခြင်း'စသည့် ဘေဒအားဖြင့်သော်ကား '၂ ပါးအပြား ဒုဝိဓဘေဒ' စသည်ကို သိရှိအပ်၏။

ထင်ရှားစေဦးအံ့။ ဤ ၁၉ ပါးသော ဝိညာဏ်သည် ပဋိသန္ဓေအခါ ဖြစ်လတ်သော် ကံကြောင့် ၂ ပါးပြား၏။ ခွဲဦးအံ့။ ပဋိသန္ဓေကို ဖြစ်စေတတ်သော သက်ဆိုင်ရာကံသည် ထိုပဋိသန္ဓေဝိညာဏ်အား နာနာက္ခဏိက ပစ္စယသတ္တိဖြင့်၎င်း၊ ဥပနိဿယ ပစ္စယသတ္တိဖြင့်၎င်း ကျေးဇူးပြု၏။ [အခြားစကားလုံးများဖြင့် ရေးသော် မိမိတို့ ယခု ရရှိထားသော ဘဝ၏ ပဌမဦးဆုံး ဖြစ်သည့် စိတ်ဝိညာဏ်ကို ပဋိသန္ဓေဝိညာဏ်ဟု ခေါ်၏။ ထိုစိတ်ဝိညာဏ်သည် အလိုအလျောက် ဖြစ်ပေါ်လာသည့် အကျိုးတရားမဟုတ်။ အကြောင်းတရားကြောင့် ဖြစ်လာရသည့်အကျိုးတရားသာ ဖြစ်၏။ ယင်း အကျိုး၏အကြောင်းကား အတိတ်ဘဝမှ ပြုခဲ့ကြသည့် ကောင်းမှုကံ၊မကောင်းမှုကံပင် ဖြစ်၏။ အကြောင်းနှင့်ရှိသော စွမ်းရည်သတ္တိကား နာနာက္ခဏိကကမ္မ၊ ဥပနိဿယ ဟူသော ပစ္စယသတ္တိ ၂ ခု ဖြစ်၏ ဟူလို] မှန်၏။ "ကုသလာကုသလံကမ္မံ ဝိပါကာဿ ဥပနိဿယ ပစ္စယေန ပစ္စယော=ကောင်းမှု၊ မကောင်းမှုကံ အကျိုးဝိပါက်အား ဥပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏" ဟူ၍ [အဘိဓမ္မာပိဋက၊ ပဋ္ဌာန်းပါဠိတော်၊ စာမျက်နှာ ၁၄၇၊ ၁၅၀ တို့၌] ဗုဒ္ဓက ဟောထားတော်မူ၏။

ယင်းသို့ ဖြစ်ပေါ်လာသည့် ဝိညာဏ်၏ 'ရုပ်နှင့်ရောနှောခြင်း' စသည့် ဘေဒတို့ဖြင့် 'ဒုဝိဓဘေဒ'စသည်ကို သိရှိအပ်၏။ ယင်းတို့ကား အဘယ်နည်း။

ချဲ့ဦးအံ့။ ဤဝိညာဏ် ၁၉ ခုသည် ပဋိသန္ဓေ၏ အစွမ်းအားဖြင့် ၁ ပါးတည်းသာ ရှိပါသော်လည်း 'ရုပ်နှင့် ရောနှောခြင်း၊ ရုပ်နှင့်မရောနှောခြင်း' ဘေဒအားဖြင့် ၂ ပါး။ ကာမ၊ ရူပ၊ အရူပ ဟူသော ဘဝဘေဒအားဖြင့် ၃ ပါး။ အဏ္ဍဇ၊ ဇလာဗုဇ၊ သံသေဒဇ၊ ဩပပါတိက ဟူသော ယောနိ၏အစွမ်းအားဖြင့် ၄ ပါး။ လားရာဂတိအားဖြင့် ၅ ပါး၊ ဝိညာဏ်၏တည်ရာ ဝိညာဏဋ္ဌိတိအားဖြင့် ၇ ပါး။ သတ္တဝါတို့နေရာ သတ္တဝါသအားဖြင့် ၉ ပါးဖြစ်၏။

ထိုတွင်

၁။ မိဿကသည် သဘာဝဘေဒ၊ အဘာဝဘေဒအားဖြင့် ၂ ပါး။

၂။ ထို ၂ ပါးတို့အနက် သဘာဝဘေဒသည် (တဖန်ထပ်၍) ၂ ပါး ပြားပြန်၏။

၃။ အယုတ်အလျော့နှင့်တကွ ၂ ပါးသော ဒသကသည်ရင်း၊ ၃ ပါးသော ဒသကသည်ရင်း ရှိကြ၏၊ (အကျဉ်း)

ချဲ့ဦးအံ့။

၁။ 'မိဿကသည် သဘာဝဘေဒ၊ အဘာဝဘေဒအားဖြင့် ၂ ပါး' ဟူသည်မှာ ဤပဋိသန္ဓေဝိညာဏ် ၁၉ ခုတို့အနက် အရူပ ဘုံကို ချန်လှပ်ထားသော် ရုပ်နှင့်ရောသော၊ ဝါ၊ ရုပ်တရားပါရှိသော အကြွင်းပဋိသန္ဓေဝိညာဏ် ၁၅ ခုသည် ဖြစ်သာ၏။ ထိုပဋိသန္ဓေဝိညာဏ် ၁၅ ခုသည် ရူပဘုံ၌ ဇာတ္တိခန္ဓြ ပုရိသိန္ဒြေဟု ဆိုအပ်သည့် ဘာဝရုပ်နှင့်ကင်း၍ ဖြစ်ခြင်းကြောင့် 'အဘာဝ ပဋိသန္ဓေ'၊ ကာမဘုံ၌ ပဋိသန္ဓေအခါကဘည်းက နပုံသကျာတ်

ဖြစ်လာသော ပဋိသန္ဓေကို ချန်လှပ်၍ ကျန်သမျှသည် ဘာဝရုပ်နှင့်တကွဖြစ်သောကြောင့် 'သဘာဝပဋိသန္ဓေ'ဟူ၍ ၂ မျိုးရှိ၏။

[ပဋိသန္ဓေအခါ ရူပဗြဟ္မာတို့ ရအပ်သော ရုပ်တို့တွင် ဘာဝရုပ် မပါရှိပေ။ 'ဘာဝရုပ်'ဟူသည်မှာ မိန်းမတို့ ကိုယ်ခန္ဓာ၌ အနှံ့တည်ရှိသော မ ဓာတ်၊ ဝါ၊ ဣတ္ထိန္ဒြေ၊ ယောက်ျားတို့ ကိုယ်ခန္ဓာ၌ အနှံ့တည်ရှိသော ဖို ဓာတ်၊ ဝါ၊ ပုရိသိန္ဒြေပင် ဖြစ်၏။ ထိုဘာဝရုပ်သည် ဝါ၊ ဖို မ ဓာတ်သဘာဝသည် ရူပဗြဟ္မာတို့ ကိုယ်ခန္ဓာ၌ မရှိ။ ထို့ကြောင့် ထိုဗြဟ္မာတို့၏ ပဋိသန္ဓေကို 'ဘာဝရုပ် မပါသော=အဘာဝဖြစ်သော=ဖိုဓာတ်၊ မဓာတ်မရှိသော ပဋိသန္ဓေ' ဟု ဆိုထား၏။ ထိုဖိုဓာတ်၊ မဓာတ် မရှိသော ရူပဗြဟ္မာတို့သည် (ယင်းသည့်အားလျော်စွာ) ဖို၊ မ ဆက်ဆံမှု ကာမဂုဏ်ကိစ္စ မရှိကြပေ။ ဖို မ ဆက်ဆံမှု မရှိသော၊ မပြုသော အမူအကျင့်ကို ဗြဟ္မာတို့၏အကျင့်၊ ဝါ၊ ဗြဟ္မစရိယဟု ခေါ်၏။ ဥပုသ်သီလ ခံယူဆောက်တည်ကြသောအခါ ထိုဗြဟ္မစရိယကို သိက္ခာပုဒ်တခု အဖြစ် စောင့်ထိန်းဘွယ်တခုအနေထားပြီး ထည့်သွင်းဆောက်တည်ကြ၏။ ထို့ကြောင့် ဥပုသ်စောင့်သူတို့သည် ဖိုမ ဆက်ဆံမှု မပြုကြရ။ ပြုသော် ဗြဟ္မစရိယ မဖြစ်။ အဗြဟ္မစရိယ ဖြစ်သွားတော့၏။ တဖန် ထိုရူပဗြဟ္မာများသည် ဖိုဓာတ်၊ မဓာတ် မပါရှိသဖြင့် ယောက်ျား၊ မိန်းမဟူ၍ အသွင်အပြင်ချင်း မကွဲပြားကြ။ ဗြဟ္မာမှန်သမျှ ယောက်ျားအသွင် သဏ္ဌာန်ချည်းသာ ရှိ၏ ဟူသတတ်။]

၂။ "ထိုနှစ်ပါးတို့အနက် သဘာဝဘေဒသည် [တဖန်ထပ်၍] ၂ ပါး ပြားပြန်၏" ဟူသည်မှာ အကြင်ပဋိသန္ဓေသည် ဘာဝရုပ်နှင့်တကွ ဖြစ်၏။ ထိုပဋိသန္ဓေသည် ဣတ္ထိဘာဝ၊ ပုရိသဘာဝ

[မခေါတ်၊ ဖိုခေါတ်] ၂ ပါးအနက် တပါးပါးနှင့် အတူဖြစ်ခြင်းကြောင့် [ဣတ္ထိဘာဝပင္ဂိသန္ဓေ၊ ပုရိသဘာဝပင္ဂိသန္ဓေ] ဟူ၍ ၂ပါးသာ ဖြစ်၏။

၃။ "အယုတ်အလျော့နှင့်တကွ ၂ ပါးသော ဒသကသည်ငင်း၊ ၃ ပါးသောဒသကသည်ငင်း ရှိကြ၏"ဟူသည်မှာ ဤပင္ဂိသန္ဓေစိတ် ၁၉ ခုတွင် မိဿက ပင္ဂိသန္ဓေ၊ အမိဿက ပင္ဂိသန္ဓေဟူ၍ ၂ မျိုးရှိသည့်အနက် အစအဦးလည်းဖြစ်၊ ရုပ်နှင့်လည်းရောနှောသော အကြင်မိဿက ပင္ဂိသန္ဓေဝိညာဏ်သည် ရှိ၏။ ထိုပင္ဂိသန္ဓေ ဝိညာဏ်ဟူသော နာမ်နှင့် အတူတကွ ဝတ္ထုဒသက၊ ကာယဒသကတို့၏ အစွမ်းအားဖြင့် ရုပ်ဒသက ၂ ခု ဖြစ်စေ၊ ဝတ္ထုဒသက၊ ကာယဒသက၊ ဘာဝဒသကတို့၏ အစွမ်းအားဖြင့် ရုပ်ဒသက ၃ ခုဖြစ်စေ ယုတ်စွအဆုံး ဖြစ်လာကြ၏။ ဤဒသကရုပ် ၂ ခု၊ ၃ ခုထက် လွန်၍ ရုပ်တို့၏ ယုတ်လျော့ခြင်း မရှိချေ။

[ဝဏ္ဏ-အဆင်း၊ ဂန္ဓ-အနံ့၊ ရသ-အရသာ၊ ဩဇာ-အဆီအနှစ်ဟူသော ခေါတ်ငယ် ၄။ ပထဝီ-မြေ၊ အာပေါ-ရေ၊ တေဇော-အပူ၊ ဝါယော-လေဟူသော ခေါတ်ကြီး ၄။ ရုပ်ဇီဝိတိန္ဒြေ ၁။ ဤရုပ်ခေါတ် ၉ ခုကို ဒိုင်ခံအဖြစ် ထားရှိပါ။

က။ အဆိုပါ ဒိုင်ခံရုပ်ခေါတ် ၉ ခုတွင် ဟဒယဝတ္ထုရုပ် (နှလုံး) ကို ထည့်ပေါင်းသော် ရုပ်ဝတ္ထု ၁၀ ခု ဖြစ်၏။ 'ဝတ္ထုဒသက'ဟု ခေါ်၏။

ခ။ အဆိုပါ ဒိုင်ခံရုပ်ခေါတ် ၉ ခုတွင် ဘာဝရုပ် (မခေါတ် ဣတ္ထိန္ဒြေဖြစ်စေ၊ ဖိုခေါတ် ပုရိသိန္ဒြေဖြစ်စေ)ကို ထည့်ပေါင်းသော် ရုပ်ဝတ္ထု ၁၀ ခုဖြစ်၏။ 'ဘာဝဒသက'ဟု ခေါ်၏။

ဂ။ အဆိုပါ ဒိုင်ခံ ၉ ခုတွင် ကာယပသာဒ (ကိုယ်ကာယ အကြည်ဓာတ်) ကို ထည့်ပေါင်းသော် ရုပ်ဝတ္ထု ၁၀ ခုဖြစ်၏။ 'ကာယပသာဒ'ဟု ခေါ်၏။ ဤရုပ်ကလာပ် ၂ စည်း၊ သို့မဟုတ် ၃ စည်းသည် မိဿကပဋိသန္ဓေဝိညာဏ်နှင့်အတူ ဖြစ်လာ၏။

ဆက်ဦးအံ့။

ဤမိဿက ပဋိသန္ဓေဟူသည်မှာ ယခု မျက်မြင်လောကရှိ လူသားတို့၏ ပဋိသန္ဓေပင် ဖြစ်၏။ ထို့ကြောင့် စာရေးသူတို့၏ ပဋိသန္ဓေတည်ဆဲ ခဏတွင် ပါရှိသော ရုပ်နာမ်သဘာဝများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

က။ ပဋိသန္ဓေဝိညာဏ်စိတ် ၁ ခု၊ (မဟာဝိပါက်စိတ် ဂ ခုတို့ အနက် တခုခု)

ခ။ စေတသိက် ၃၃ ခု၊ သို့မဟုတ် ၃၀၊ (အညသမာန်း စေတသိက် ၁၃၊ သောဘဏသာဓာရဏ ၁၉၊ ပညိန္ဒြေ ၁။)

ဂ။ ရုပ်ဝတ္ထု ၁၂ ခု၊(ဒိုင်ခံရုပ်ဝတ္ထု ၉၊ ဟဒယဝတ္ထု၊ ဘာဝ ရုပ်၊ ကာယပသာဒတို့ပင် ဖြစ်၏။ ယင်းရုပ် ၁၂ ခုကို ကလာပ် ဖွဲ့သော် အထက်ပါ ကလာပ် ၃ စည်းကို ရလာမည်ဖြစ်၏။)

ဤသည်မှာ ဗုဒ္ဓအဘိဓမ္မာ၏ ရှုဒေါင့်မှနေ၍ ဆန်းစစ်လေ့လာ ထားသော တင်ပြချက်ဖြစ်၏။ ဤတင်ပြချက်ကို 'မှားသည်' သို့မဟုတ် 'မှန်သည်'ဟု ကန့်ကွက်၊ ထောက်ခံနိုင်မည့် သိပ္ပံပညာ ကား 'ဇီဝဗေဒ၊ စိတ္တဗေဒ'ပင် ဖြစ်ပါလိမ့်မည်။]

ယင်းသို့ ပမာဏ ယုတ်လျော့သည်ဖြစ်၍ ပေါ်လာသော ထိုထို ပဋိသန္ဓေစိတ် ဝိညာဏ်သည် ကြက်ဘဲအစရှိသော ဥဖွားအဏ္ဍဇ၊ လူအစရှိသော သားအိမ်ဖွား ဇလာဗုဇဟု ခေါ်ကြသည့် ယောနိ ၂ မျိုး၌ [ပဋိသန္ဓေတည်ခါစ ကလလရေကြည်၏ ပမာဏမှာ]

ဇာတိဥက္ကာဟု ခေါ်သော သားကောင်၏ လက်ကတီးကြားရှိ အမွေးတချောင်းဖြင့် ဆီ၊ ထောပတ်ထဲသို့ နှစ်ပြီး ထုတ်လိုက်သည့် အခါ တင်ရှိနေသော အရည်ကြည်၏ ပမာဏမျှကို ကလလ နေကြည်ဟု ခေါ်ဆိုအပ်သည်ဖြစ်၍ ဖြစ်ပေါ်လာ၏။

[“ကလလရေကြည်” ဟူသည်မှာ နောက်နားတွင် ပြခဲ့သော ရုပ် ၁၂ ခုပင် ဖြစ်၏၊ ကလာပ်ဖွဲ့သော် ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသက ဟူသော ရုပ်ကလာပ် ၃ စည်းပင် ဖြစ်၏]

ထိုသို့ ပဋိသန္ဓေ စိတ်တို့ဖြစ်လာရာဝယ် ဂတိတို့၏ အစွမ်းဖြင့် ယောနိတို့ ဖြစ်သင့်သော အပြားကို သိရှိအပ်၏။ အသို့ သိအပ်သနည်းဟူမူ ထိုယောနိတို့အနက် ငရဲ၌ရင်း၊ ဘုမ္မဇိုဝ်းနတ်မှတပါး အခြားသော နတ်တို့၌ရင်း၊ ရှေ့ယောနိသုံးပါးတို့ ဖြစ်နိုင်၏။ ဂတိသုံးပါး၌ ယောနိ ၄ ပါးဖြစ်၏။

အထက်ဝါကျတွင် ‘အခြားသော နတ်တို့၌ရင်း’ ဟူသော စကားရပ်ရှိ ‘ရင်း’ သဒ္ဒါဖြင့် “ငရဲနှင့် ဘုမ္မဇိုဝ်းကြဉ် အကြွင်း နတ်တို့၌ ရှေ့ယောနိ ၃ ပါး မရှိသည့် နည်းတူပင် ပူလောင်ခြင်း ပြင်းပြစွာဖြင့် အနှိပ်စက်ခံနေရသည့် ပြိတ္တာများ၌လည်း ရှေ့ယောနိ ၃ ပါး မရှိ” ဟူ၍ သိရှိအပ်၏။ ထိုမီးပြိတ္တာတို့အား ဥပပါတ် ပဋိသန္ဓေတမျိုးသာရှိ၏။ ကြွင်းသော တိရစ္ဆာနဂတိ၊ ပေတဂတိ၊ မနုဿဂတိ ၃ မျိုး၌ရင်း၊ ကြဉ်ထားအပ်သော ဘုမ္မဇိုဝ်နတ်၌ရင်း ယောနိ ၄ ပါးရှိ၏။

ထိုယောနိ ၄ မျိုးတို့တွင် ရူပဗြဟ္မာ ပဋိသန္ဓေတို့အနက် [အသညသတ်ကြဉ်သော ရူပဗြဟ္မာတို့] ပဋိသန္ဓေသည် ကမ္မဇရုပ်

၃၀ နှင့်အတူ ဖြစ်၏။ [အသညသတ်၏ ပဋိသန္ဓေကား] ကမ္မဇ ၉ ခုနှင့်အတူ ဖြစ်၏။ သံသေဒဇ ယောနိနှင့် ရူပကြဉ် ဩပပါတိက ယောနိတို့၌ အလွန်ဆုံး ကမ္မဇရုပ် ၇၀ ရရှိ၏။ အနည်းဆုံး ၃၀ ရှိ၏။

ဥပပါတ်ပဋိသန္ဓေနေကြသည့် ရူပဗြဟ္မာတို့သန္တာန်ဝယ် စက္ခုဒသက၊ သောတဒသက၊ ဝတ္ထုဒသက၊ ဇီဝိတနဝက ဟူသော ရုပ်ကလာပ် ၄ ခု၏ အစွမ်းဖြင့် ကမ္မဇရုပ် ၃၀ သည် ပဋိသန္ဓေစိတ်ဟူသော ဝိပါက် ဝိညာဏ်နှင့်အတူ ဖြစ်၏။ ဇီဝိတနဝက ကလာပ်ရုပ်၏ အစွမ်းဖြင့် ကမ္မဇရုပ် ၉ ခုသည် အသညသတ်ရုပ် ပဋိသန္ဓေနှင့် အတူတကွ ဖြစ်၏။

ရူပဗြဟ္မာတို့ကို ချန်လှပ်၍ ကျန်သမျှသော သံသေဒဇ ဥပပါတ် ပဋိသန္ဓေနေကြသည့် သတ္တဝါတို့၏ သန္တာန်ဝယ် စက္ခုဒသက၊ သောတဒသက၊ ဃာနဒသက၊ ဇိဝှာဒသက၊ ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသက ကလာပ်တို့၏ အစွမ်းဖြင့် ကမ္မဇရုပ် ၇၀ ရရှိကြ၏။ နတ်တို့၏ သန္တာန်၌လည်း ထိုကမ္မဇရုပ် ၇၀ ကို အမြဲ ရရှိကြ၏။ ထိုတွင် အဆင်း၊ အနံ့၊ အရသာ၊ ဩဇာ ဟူသော ဓာတ်ငယ် ၄ ခု၊ ပထဝီစသော ဓာတ်ကြီး ၄ ခု၊ စက္ခုပသာဒရုပ် ၁ ခု၊ ရုပ်ဇီဝိတိန္ဒြေ ၁ ခု၊ ပေါင်း ရုပ် ၁၀ ခု အစုကို 'စက္ခုဒသက'ဟု ခေါ်၏။ သောတဒသက စသည်လည်း ဤနည်းအတူပင်။ [စက္ခုပသာဒရုပ်အစား သောတပသာဒ စသည်ကို လဲလှယ်ထည့်သွင်းသွားရုံမျှသာ ထူး၏။]

အနည်းဆုံးရရှိသော ရုပ်အရေအတွက်ကား ပဋိသန္ဓေကာလ၊ ပဋိသန္ဓေပင်း၊ နှာခေါင်းအကြည်ဓာတ်ပါမလာသူ၊ နပုံးပဏ္ဍုတ်တို့အား ဇိဝှာဒသက၊ ကာယဒသက၊ ဝတ္ထုဒသကရုပ်တို့၏

အစွမ်းအားဖြင့် ကမ္မဇရုပ်ပေါင်း ၃၀ ရရှိ၏။ အများဆုံးနှင့် အနည်းဆုံးတို့၏ ကြား၌ သင့်လျော်လျောက်ပတ်သောအားဖြင့် အထူးဖြစ်ခြင်းကို သိရှိအပ်၏။

ယင်းသို့ သိရှိပြီးသော် တဖန် ခန္ဓာ၊ အာရုံ၊ ဂတိ၊ ဟိတ်၊ ဝေဒနာ၊ ပီတိ၊ ဝိတက်၊ ဝိစာရတို့ကြောင့် စုတိနှင့် ပဋိသန္ဓေတို့ ကွဲပြားမှုကိုလည်း သိရှိအပ်၏။ ထင်ရှားစေအံ့။ ရုပ်ရှိပဋိသန္ဓေ၊ ရုပ်မဲ့ပဋိသန္ဓေဟူ၍ နှစ်မျိုးနှစ်စားသော အကြင်ပဋိသန္ဓေသည် ရှိ၏။ [တဘဝ၊ နှစ်ဘဝ စသည် မခြားတဲ] အတိတ်ဘဝ၏ အခြားမဲ့ရှိ အကြင်ပဋိသန္ဓေသည်လည်း ရှိ၏။ ထိုပဋိသန္ဓေတို့ကို ဤခန္ဓာ စသည်တို့ကြောင့် ကွဲပြားမှုဘေဒ၊ မကွဲပြားမှုအဘေဒ အထူးကို သိရှိအပ်၏ဟု ဆိုလို၏။

တခါတရံတွင် ခန္ဓာ ၄ ပါးရှိ အရူပ စုတိနောင် ခန္ဓာ ၄ ပါးရှိ အရူပ ပဋိသန္ဓေပင် ထပ်ဖြစ်၏။အာရုံအားဖြင့်လည်း မကွဲပြားကြ။ တူညီကြသည်သာ။ [ဤသည်မှာ ခန္ဓာ အာရုံအားဖြင့် အဘေဒ ဖြစ်သော စုတိ၊ ပဋိသန္ဓေတည်း။] တခါတရံတွင် မဟဂ္ဂုတ် မဟုတ်သော၊ ဝါ၊ ပညတ်ဖြစ်သော၊ ဗဟိဒ္ဓကို အာရုံပြုသော အရူပစုတိ၏ အခြားမဲ့၌ မဟဂ္ဂုတ်တည်းဟူသော အဇ္ဈတ္တကို အာရုံပြုသည့် ပဋိသန္ဓေ ဖြစ်လာ၏။ ဤသည်မှာ အရူပဘုံရှိ ပဋိသန္ဓေတို့ ဖြစ်ပုံဖြစ်နည်းတည်း။

[ဤသည်ကား ခန္ဓာ အာရုံဖြင့် မကွဲပြား။ အာရုံအားဖြင့်သာ ကွဲပြားသော ပဋိသန္ဓေတည်း။]

၁။ တခါတရံတွင်ကား ခန္ဓာ ၄ ပါးရှိ အရူပ စုတိနောင် ခန္ဓာ ၅ ပါးရှိ ကာမာဝစရပဋိသန္ဓေ ဖြစ်လာ၏။ [ခန္ဓာအားဖြင့်ကွဲ]

၂။ တခါတရတွင်ကား ခန္ဓာ ၅ ပါးရှိ ကာမစုတိနောင်မှာ ဖြစ်စေ၊ ခန္ဓာ ၅ ပါးရှိ ရူပစုတိနောင်မှာဖြစ်စေ၊ ခန္ဓာ ၄ ပါးရှိ အရူပ ပဋိသန္ဓေ ဖြစ်လာ၏။ အတိတ်ကို အာရုံပြုသည့် စုတိနောင် အတိတ်၊ ပညတ်၊ ပစ္စုပ္ပန်ကို အာရုံပြုသော ပဋိသန္ဓေ ဖြစ်လာပုံကို ဤသို့ သိရှိအပ်၏။ [ခန္ဓာအားဖြင့် ကွဲ]

၃။ အချို့သော သုဂတိစုတိနောင် အချို့သော ဒုဂ္ဂတိပဋိသန္ဓေ ဖြစ်လာ၏။ [ဂတိအားဖြင့် ကွဲ] အဟိတ် စုတိနောင် သဟိတ် ပဋိသန္ဓေ ဖြစ်လာ၏။ ဒွိဟိတ် စုတိနောင် တိဟိတ် ပဋိသန္ဓေ ဖြစ်လာ၏။ [ဟိတ်အားဖြင့် ကွဲ] ဥပေက္ခာ စုတိနောင် သောမနဿပဋိသန္ဓေ ဖြစ်လာ၏။ [ဝေဒနာအားဖြင့် ကွဲ]

၄။ အပ္ပီတိက သဟဂုတ်၊ ဝါ၊ ပီတိမဲ့ စုတိနောင် သပ္ပီတိက၊ ဝါ၊ ပီတိရှိ ပဋိသန္ဓေ ဖြစ်လာ၏။ [ပီတိအားဖြင့် ကွဲ] ကြံစီမှု ဝိတက်မဲ့၊ ဝါ၊ အဝိတက္က စုတိနောင် ကြံစည်မှုရှိ၊ ဝါ၊ သဝိတက္က ပဋိသန္ဓေ ဖြစ်လာ၏။ [ဝိတက်အားဖြင့် ကွဲ] အဝိစာရ [စူးစမ်းမှု မရှိသော] စုတိနောင် သဝိစာရ [စူးစမ်းမှု ရှိသော] ပဋိသန္ဓေ ဖြစ်လာ၏။ အဝိတက္က၊ အဝိစာရ စုတိနောင် သဝိတက္က၊ သဝိစာရ ပဋိသန္ဓေ ဖြစ်လာ၏။ [ဝိတက်၊ ဝိစာရအားဖြင့်ကွဲ]

ဤသို့ စသည်ဖြင့် ထိုထိုစုတိတို့၏ မမြဲသော ယှဉ်သင့်ရာကို ယှဉ်စပ်ရာ၏။

ဆိုခဲ့သည့်အတိုင်းပင် ကံတည်းဟူသော အကြောင်းကို ရရှိထားပြီးဖြစ်၍ ဖြစ်ပေါ်လာသော ပဋိသန္ဓေသည် ရုပ်တရား၊ နာမ်တရားမျှသာဖြစ်၍ ဘဝသစ်သို့ ချဉ်းကပ်လာ၏။ ရောက်ရှိလာ၏။ ဤသို့ ဆိုအပ်၏၊ သတ္တဝါကောင်ကလေးက ချဉ်းကပ်လာသည် မဟုတ်။ [ဘဝဟောင်းရှိ အသက်ဟုခေါ်သော] ဇီဝိ

တိန္ဒြေကလည်း ရောက်ရှိလာသည် မဟုတ်။ အတိတ်ဘဝမှ ပစ္စုပ္ပန် ဤဘဝသို့ ထိုဝိညာဏ်၏ ပြောင်းရွှေ့လာခြင်း ဟူသည်လည်း မရှိ။ [သို့သော်] အတိတ်ဘဝမှ [အဝိဇ္ဇာ တဏှာ စသော] အကြောင်းတရားကင်း၍ ဤပစ္စုပ္ပန်ဘဝမှာ ထင်ရှားဖြစ်ပေါ်လာသည်လည်း မဟုတ်။

သိလွယ်ထင်ရှားသော လူတို့၏ စုတိ ပဋိသန္ဓေ ဖြစ်စဉ်ဖြင့် ထိုဖြစ်ရပ်ကို ပြဆိုကြပါမည်။ ခွဲဦးအံ့။ အကြင်သူသည် အတိတ်ဘဝမှ ရရှိလာသော သက်တန်းအားဖြင့် ဖြစ်စေ၊ [ကိုယ့်ကိုယ်ကို သတ်သေခြင်း စသည့်] မိမိ၏ လုလ္လပယောဂအားဖြင့် ဖြစ်စေ၊ သေအံ့မူးမူး ဖြစ်နေ၏။ အောင့်အည်း သီးခံခြင်းငှာလည်း မတတ်နိုင်သော၊ အင်္ဂါကြီးငယ် အသွယ်သွယ်တို့၏ အဆက်အစပ် မှန်သမျှကိုလည်း ဖြတ်တောက်တတ်သော၊ မသေရုံတမယ် ခံနေရသည့် ဒုက္ခဝေဒနာတည်းဟူသော သေမင်းလက်နက်များ၏ စုပြုံကျရောက်လာခြင်းကို အနိုင်နိုင် ကြိတ်မှိတ်သည်းခံနေရ၏။ နေပူထဲတွင် ချထားအပ်သော ထန်းရွက်စိမ်းကဲ့သို့ပင် ထိုသူ့ကိုယ်ခန္ဓာသည် တဖြေးဖြေး ခြောက်ကပ်လာ၏။ စက္ခု စသော ဣန္ဒြေတို့ [တခုပြီးတခု] ချုပ်ငြိမ်းလာ၏။ [ကိုယ်ကာယ အကြည်ဓာတ် စိတ်+ရုပ်သက်၊ နာမ်သက် တည်းဟူသော] ကာယိန္ဒြေ၊ မနိန္ဒြေ၊ ဇီဝိတိန္ဒြေတို့သည် ဟဒယဝတ္ထုခေါ် နှလုံးသားပေါ်မှာသာ ရပ်တည်ရာ ရှိတော့၏။ ထိုအခိုက်အတန့်တွင် ဟဒယဝတ္ထုခေါ် နှလုံးသားကို မှီနေသော အကြင်အသိဝိညာဏ်သည် ကျန်ရှိနေသေး၏။ ထိုကျန်ရှိနေသော အသိစိတ်သည် ဂရုကံ၊ အာစိဏ္ဏကံ၊ အာသန္နကံ၊ ကဋတ္တာကံတို့အနက် တပါးပါးလည်း ဖြစ်သော၊ ကြွင်းကျန်သည့် အဝိဇ္ဇာစသော အကြောင်းကို ရရှိ

သွားပြီးဖြစ်သည့် သင်္ခါရဟုလည်း ဆိုအပ်သော ကံအာရုံကို ဖြစ်စေ အာရုံပြု၏။ သို့မဟုတ် ကံကြောင့် ထင်လာရသော ကမ္မနိမိတ်၊ ဂတိနိမိတ် အာရုံကိုဖြစ်စေ အာရုံပြု၏။ ယင်းသို့ ကျန်ရှိနေသေးသော စိတ်ဝိညာဏ်သည် (ယင်းသို့လျှင်) ကံစသော အာရုံကို အာရုံပြုနေ၏။ ယင်းသို့ အာရုံပြုနေအောင်၊ အာရုံကို သိနေအောင်၊ တပ်မက်ညွှတ်ကိုင်းနေအောင် ပြုပေးသူကား တဏှာသာတည်း။ ထိုအာရုံ၏အဖြစ်မှန် အပြစ်မှန်သမျှကို မသိနိုင်အောင်၊ မမြင်နိုင်အောင် ဖုံးလွှမ်းထားသူကား အဝိဇ္ဇာပင်တည်း။ ဤသို့ဖြစ်ရသည်မှာ အဝိဇ္ဇာနှင့်တဏှာရှိနေသောကြောင့်တည်း။ ဝိညာဏ်နှင့် ဖြစ်ဖော်ဖြစ်ဖက် [ဖဿ၊ ဝေဒနာ၊ သညာ စသော] တရားတို့က ဝိညာဏ်ကို ဘဝသစ်သို့ ပစ်ချပေးလိုက်တော့၏။

ဤမှာဘက်ကမ်းရှိ သစ်ပင်၌ ချည်ထားသော ကြိုးကို တွဲလဲဆွဲခို၍ ရေမြောင်းကို ခုန်ကျော်သကဲ့သို့ပင်။ အစဉ် သန္တတိ၏ အစွမ်းဖြင့် တဏှာက ညွှတ်ပေးထားသော၊ [မရဏာသန္နဇောနှင့် အတူ ဖြစ်ဖော်ဖြစ်ဖက်] သင်္ခါရတရားတို့က ပစ်ချထားသော ထိုဝိညာဏ်သည် ရှေးဘဝဟောင်းရှိ မှီရာကို စွန့်လွှတ်လိုက်၏။ [ဥပမာ၊ တွဲလွဲဆွဲခိုထားသောကြိုးကို လွှတ်လိုက်သကဲ့သို့တည်း။] နှစ်သက်သာယာသည်ဖြစ်စေ၊ မသာယာသည်ဖြစ်စေ ကံကြောင့် ဖြစ်လာသော အခြားမှီရာ အသစ်တခုသည် အာရမ္မဏစသော အကြောင်းတို့ကြောင့် ဖြစ်ပေါ်လာတော့၏။ [ဥပမာ၊ ထိုမှာ ဘက်ကမ်းသို့ ရောက်ရှိသွားသူသည် ညီညာပြန့်ပြူးသော မြေပြင် ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ခြေချထားရဘိသို့တည်း။]

[‘ချွဲဦးအုံ။ (လ) အာရမ္မဏစသော အကြောင်းတို့ကြောင့် ဖြစ်ပေါ်လာတော့၏’ ဤစာပိုဒ်ကြီး တခုလုံးကို မူရင်း ပါဠိဘာသာဖြင့် ရေးသားထားသည်မှာ တဝါကျတည်း ဖြစ်၏။ ထိုမူရင်းအတိုင်း တဝါကျတည်းထားပြီး ပြန်ဆိုပါက နားရှင်းစရာရှိအံ့ဟု မထင်ရပြီ။ ထို့ကြောင့် ဆက်ထားသောဝါကျများကို ဖြတ်၍၊ ပေါင်းထားသော ပုဒ်များကို ခွဲ၍၊ ငုပ်နေသော အဓိပ္ပာယ်များကို ဖော်၍ ပြန်ဆိုလိုက်ပါသည်။

တခါ ဤတွင် ဖော်ပြထားသော ဥပမာနနှင့် ဥပမေယျကို အောက်ပါအတိုင်း ယှဉ်တွဲ သိရှိရပါမည်။

| ဥပမာန | | ဥပမေယျ |
|---|---|---|
| ဤမှာဘက်ကမ်းရှိ သစ်ပင်မှကြိုး | = | ဘဝဟောင်းရှိ သေအံ့မူးမူး ထင်လာသောကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် အာရုံ။ |
| ရေမြောင်းခုန်သူ | = | သေခါနီးရှိ စိတ်အစဉ် မရဏာသန္ဓေဇော။ |
| ခုန်ကျော်လိုသည့် စိတ်ဆန္ဒ | = | ကံစသော အာရုံသို့ ညွတ်ပေးသော တဏှာ။ |
| ခုန်လွှားခြင်း လုလ္လပယောဂ | = | သေခါနီးရှိ စိတ်အစဉ်နှင့် ဖြစ်ဖော်ဖြစ်ဖက် စေတသိက်များ၏ ဘဝသစ်သို့ ပစ်ချမှု။ |
| ထိုမှာဘက်ကမ်းရှိ မြေအပြင်ဝယ် ရပ်တည်နေမှု။ | = | အာရမ္မဏစသောအကြောင်းတို့ကြောင့်ဖြစ်ပေါ်လာသော ဘဝသစ်ရှိ မိရာဝတ္ထုဝယ် ပဋိသန္ဓေတည်နေမှု။ |

ဆက်ဦးအံ့။

ဤတွင်'ဘဝဟောင်းရှိ အကြောင်းများကြောင့် ဘဝသစ်တွင် ပဋိသန္ဓေစိတ်တူသော အကျိုးတရားဖြစ်လာရ၏'ဟူသော စကားနှင့် ပတ်သက်၍ ဘဝသစ် ပဋိသန္ဓေဖြစ်လာရာတွင် ဘဝဟောင်းရှိ အကြောင်းတရားများ၊ ကြောင်းရှိ စွမ်းရည်များကို လေ့လာဆန်းစစ်ကြည့်သော် အောက်ပါအတိုင်း တွေ့ရ၏။

၁။ ဘဝဟောင်းရှိအဝိဇ္ဇာတဏှာကြောင့် ဘဝသစ် ပဋိသန္ဓေစိတ်ဟူသော အကျိုးတရား ဖြစ်လာရာတွင် ကြောင်းရှိ စွမ်းရည်ကား 'ပကတူပနိဿယ'ဖြစ်၏။ အဝိဇ္ဇာတဏှာတို့ ရှိနေ၍သာ ဘဝသစ် ပဋိသန္ဓေ ဖြစ်လာရ၏။ အဝိဇ္ဇာတဏှာတို့ အကြွင်းမဲ့ ချုပ်သော် ပဋိသန္ဓေနေရမှု၊ ဘဝသစ် ဖြစ်လာမှု မရှိတော့ချေ။ ထို့ကြောင့် အဝိဇ္ဇာနှင့်တဏှာတို့ အကြွင်းမဲ့ ချုပ်ငြိမ်းပြီးဖြစ်သော ဘုရား၊ ရဟန္တာတို့အား ဘဝသစ် ဖြစ်မလာတော့ပြီဟူလို။

၂။ ဘဝဟောင်းရှိ ကုသိုလ်၊ အကုသိုလ်ကံ စေတနာတို့ကြောင့် ဘဝသစ်ပဋိသန္ဓေဖြစ်လာရာတွင် ကြောင်းရှိ စွမ်းရည်ကား 'နာနာက္ခဏိကကမ္မ' ဖြစ်၏။ ကုသိုလ် အကုသိုလ်စေတနာဟူသော အကြောင်းများရှိနေ၍သာ ပဋိသန္ဓေဟူသော အကျိုးဖြစ်လာ၏။ ထိုစေတနာများ လုံးဝချုပ်ငြိမ်းသော်၊ ဝါ၊ ဘုရား၊ သို့မဟုတ် ရဟန္တာဖြစ်သာ၍ ကြိယာစေတနာသာ ရှိတော့ပါမူ ပဋိသန္ဓေဖြစ်မလာတော့ပြီ ဟူလို။

၃။ ပဋိသန္ဓေစိတ်နှင့် ဖြစ်ဖော်ဖြစ်ဖက် စေတနာ စေတသိက်တို့ကြောင့် ပဋိသန္ဓေဟူသော အကျိုးဖြစ်လာရသည့်တွင် ကြောင်းရှိ စွမ်းရည်ကား 'သဟဇာတကမ္မ' ဖြစ်၏။ ထိုစေတနာတို့က စုတိစိတ်အပြီးတွင် စိတ်သစ်တခု ဖြစ်ပေါ်လာအောင် စေ့ဆော်၍၊

တိုက်တွန်း၍၊ ချိုပင့်၍၊ ဘဝသစ်သို့ ပစ်ချပေးမှုကြောင့်သော ဘဝသစ်တွင် 'ပဋိသန္ဓေ' ဟူသော အမည်ဖြင့် စိတ်သစ်တခု ဖြစ်လာရ၏၊ သို့မဟုတ်ပါက ဖြစ်မလာတော့ပြီ ဟူလို။

၄။ စုတိစိတ် ကျလာမှုကြောင့် ဘဝသစ် ပဋိသန္ဓေဟူသော အကျိုးဖြစ်လာရာဝယ် စုတိဟူသော အကြောင်းတရား၌ ရှိသော ကြောင်းရို စွမ်းရည်တို့ကား 'အနန္တရ၊ သမနန္တရ၊ အနန္တ ရူပ နိဿယ၊ နတ္ထိ၊ ဝိဂတ' တို့ဖြစ်၏။ ဆိုလိုသည်မှာ စုတိစိတ် ကျလာသည့်အတွက်ကြောင့်သာ ပဋိသန္ဓေစိတ် ဆက်လက်ဖြစ်ပေါ်လာရ၏။ စုတိစိတ်ကျမလာသော်၊ မရှိသော် ပဋိသန္ဓေစိတ် ဖြစ်မလာ။ ပဋိသန္ဓေစိတ် ဖြစ်လာရခြင်းမှာ စုတိစိတ်ကျခြင်း ဟူသော အကြောင်းဘရပ် ပါရှိနေသည် ဟူ၏။

၅။ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်အာရုံတို့ကြောင့် ဘဝသစ် ပဋိသန္ဓေ ဖြစ်လာရသည်တွင် ကြောင်းရို စွမ်းရည်တို့ကား 'အာရမ္မဏ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ' တို့ဖြစ်၏။ ဆိုလိုသည်မှာ ကြိုးတန်း၊ သို့မဟုတ် တောင်းဝှေးနှင့်တူသော အဆိုပါအာရုံတို့ကို အမှီသဟဲ ပြုခွင့်ရသည့်အတွက်ကြောင့်သာ ဘဝသစ် ပဋိသန္ဓေစိတ်နှင့် စေတသိက်များ ဖြစ်လာနိုင်၏။ အာရုံမရှိပါက ပဋိသန္ဓေစိတ်နှင့် စေတသိက်တို့ ဖြစ်မလာနိုင်ကြ။ သို့ဖြစ်၍ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် အာရုံတို့သည် ပဋိသန္ဓေစိတ် ဖြစ်လာရခြင်း၏ အကြောင်းဘရပ် ဖြစ်နေ၏။

ထို့ကြောင့် ဘုရားနှင့် ရဟန္တာတို့၏ စုတိစိတ်သည် ကံစသော အာရုံကို အာရုံမပြုကြတော့ချေ။ ဝါ၊ ဘုရား၊ ရဟန္တာတို့၏ စုတိစိတ်ကျလာသည့် အခိုက်အတန့်တွင် ကံစသော အာရုံတို့ ထင်မလာတော့ပြီ။ အာရုံထင်မလာသည့်အတွက် ပဋိသန္ဓေ

စသော စိတ်စေတသိက်များ ဖြစ်ပေါ်၍ မလာတော့ပြီ ဖြစ်ရကား ဘဝသစ်ဟူသည် မရှိနိုင်တော့ပြီ ဟူလို။

ယင်းသို့လျှင် 'ဘဝသစ် ပဋိသန္ဓေ'ဟူသော အကျိုးတရားတခု ဖြစ်ပေါ်လာရေးအတွက် ဘဝဟောင်းမှ အကြောင်းတရားတို့ကား ဖော်ပြပါအတိုင်း ၅ခုထက်မနည်း ရှိနေသည်ကိုတွေ့ရသော ဤအကြောင်းတရားတို့သည် အတိတ်ဘဝတွင်ရှိခဲ့၏။ ထို့ကြောင့် လက်ရှိ ပစ္စုပ္ပန်ဘဝတွင် ပဋိသန္ဓေနေကာ မွေးဖွားလာပြီး လူဖြစ်နေကြရ၏။

တခါ လက်ရှိဘဝတွင် (အတန်ငယ်စူးစမ်းလိုက်လျှင်ဘဲ) အဝိဇ္ဇာ၊ တဏှာစသည်တို့ကလည်း အထင်အရှား ရှိနေသည်ကို တွေ့ကြရ၏။ ကောင်းမှု၊ မကောင်းမှု သင်္ခါရ အစုစုကိုလည်း ပြုနေကြ၏။ သည်တော့ အနာဂတ် ဘဝတွင် ပဋိသန္ဓေနေကာ မွေးဖွားလာပြီး လူအဖြစ် စသည်ဖြင့် သွား၍ဖြစ်ကာ သံသရာ လည်ကြရဦးမည်ကား မြေကြီးလက်ခတ်မလွဲတတ်သည် သို့တည်း။

ဤသည်မှာ 'ဗုဒ္ဓအဘိဓမ္မာ ရှုဒေါင့်'မှ ကြည့်သော်သာလျှင် သိနိုင်၊ မြင်နိုင်၏။ အခြားရှုဒေါင့်မှ ကြည့်သော်တမူ မသိနိုင်၊ မမြင်နိုင်၊ မသိရ၊ မမြင်ရသောကြောင့် 'မမှန်'ဟု ဆိုချေသော် ဆိုသောသူနှင့် အမြင်တူ ပုဂ္ဂိုလ်များကဝိုင်း၍ ဩဘာပေးကြပါ လိမ့်မည်။ သို့သော် ရှုဒေါင့်မှန်၌ရှိထားသူတို့ကမူ 'မသိကြ၊ မမြင် ရှာကြဘဲကို'ဟူ၍ ကရုဏာ သက်မိကြပါလိမ့်မည်။

ဥပမာ၊ အိမ်တအိမ်တွင် လူ ၂ ယောက် ထိုင်နေကြ၏။ တယောက်က နား၊ မျက်စေ့ကောင်း၏။ တယောက်က နားကလည်းဆိုင်း၊ မျက်စေ့ကလဲမှုံ၏။ ထိုစဉ်တွင် ကောင်းကင် ထက်မှ တဝီဝီမည်လာသံကို ကြားလိုက်ရသည်ဟု ဆိုကြပါစို့။

ထိုအခါ နား၊ မျက်စေ့ကောင်းသူက 'လေယာဉ်ပျံ လာနေပ ကလား'ဟူသော အသိညာဏ်ပေါ်လာသည့်အတိုင်း ပြော၏။ ဒါကို နားမျက်စေ့မကောင်းသူက (အသံကို မကြားရသော ကြောင့်) မယုံကြည်။ ထိုအခါ 'အိမ်အပြင်ထွက်ကြည့်ပါ'ဟု နား၊ မျက်စေ့ကောင်းသူက ပြော၏။ အိမ့်အပြင်သို့ ထွက်လာ၏။ မျက်မှန်ကောက်တပ်လိုက်၏။ နဘေး နဘီးသို့ လှည့်ကြည့်၏။ လေယာဉ်ကို မတွေ့ရ။ ဒီတော့ 'လေယာဉ်ပျံမလာပါဘူးကွာ။ မင်းဟာ လူလိမ်တဲ့'ဟု ပြစ်မှားမိ၏။ ထိုအခါ နားမျက်စေ့ ကောင်းသူက အပေါ်တည့်တည့်မော့်ကြည့်ရန်ပြော၏။ ပြောသည့် အတွက် မော့်ကြည့်၏။ လေယာဉ်ကို တွေ့ရ၏။ သည်တော့မှ ယုံကြည်သွား၏။

ဤတွင် ဥပမာနှင့် ဥပမေယျကို နှိုးနှော၍ ကြည့်ကြစို့။

ငါတို့တတွေသည် နား မျက်စေ့ မကောင်းသူနှင့် တူကြ၏။ ကောင်းကင်ထက်မှ တဝီဝီမည်လာသံမှာ ရင့်ရော်မှု ဇရာ၊ ဖျားနာမှု ဗျာဓိတို့ချဉ်းကပ်လာသည်နှင့်တူ၏။တဝီဝီမြည်လာသံကို မကြားနိုင်လောက်အောင် နားထိုင်းနေသည်မှာ ဇရာ၊ ဗျာဓိတို့ ချဉ်းကပ်လာသည်နှင့်အမျှ သေဘေး မရဏနှင့် နီး၍လာသည်ကို သတိမမူမိအောင် မရိပ်မိအောင် ထူလွန်း ထိုင်းလွန်းကြသည်နှင့် တူ၏။ (သည်၍ သည်မျှ ထူလွန်း ထိုင်းလွန်းကြသည်ကို ထောက် ရှု၍ ငါတို့၏ စိတ်အစဉ်ဝယ် မောဟ အမှောင်ထုက ဘယ်အထိ လွှမ်းမိုးနေသည်။ အသိဉာဏ် လင်းရောင်ခြည်က ဘယ်အထိ အားသေးနေသည်ကို ခန့်မှန်းနိုင်ရာ၏။)

နားမျက်စေ့ကောင်းသူက (အကျိုးတရား ဖြစ်သည့် အသံကို ကြားရခြင်းဖြင့် အကြောင်းတရားဖြစ်သည့် လေယာဉ်ပျံ လာနေ

သည်ဟု) အတပ်သိ၍ သိသည့်အတိုင်း ပြောသောစကားမှာ ဘုရားစသည့် အရိယာသူတော်စဥ်ကြီးများက (အိုခြင်း၊ နာခြင်း ဟူသော အကျိုးတရားကို ထောက်ရှုခြင်းဖြင့် အကြောင်းဖြစ်သည့် ဇာတိနှင့်ဇာတိ၏ အကြောင်း အဝိဇ္ဇာ၊ တဏှာစသည်ကို) အတပ် သိ၍ သိသည့်အတိုင်း ပြောထားခဲ့သော စကား၊ ရေးသားခဲ့သော စာများနှင့်တူ၏။ ဒါကို နားမျက်စေ့မကောင်းသူက (အသံကို မကြားရသည့်အတွက်) မယုံကြည်နိုင်သည်မှာ ငါတို့က နုပျို ကျန်းမာကြသေးသဖြင့် (ဇရာ၊ ဗျာဓိတို့၏ ဒဏ်ချက်ကို ခါးသည်း စွာ မခံရသေးသည့် အတွက်) မယုံကြည်ကြခြင်း၊ ယုံကြည် နိုင်အောင် အလေးအနက် သဘောပေါက်မှု မရှိကြခြင်းနှင့်တူ၏။

“အိမ်အပြင်သို့ ထွက်ကြည့်ပါ”ဟု စေခိုင်းသည်မှာ ‘အပျော် အပါး လိုက်စားမှု တည်းဟူသော ကာမဂုဏ် အသိုင်းအဝိုင်းမှ ခွာရ၍ ရုပ်နာမ် သဘာဝ သင်္ခါရဓမ္မများကို ကြည့်ရှုသုံးသပ်ပါ’ဟု တိုက်တွန်းသည်နှင့်တူ၏။ အိမ်အပြင်သို့ ထွက်လာ၍ မျက်မှန်ကို ကောက်တပ်ပြီး နဘေး နဘီသို့သာ လှည့်ကြည့်သည့်အတွက် ဘာကမှ မတွေ့ရသောကြောင့် မယုံကြည်သည်မှာ ကာမဂုဏ် အသိုင်းအဝန်းမှ ခွာရဲ၍ အသိဉာဏ်ကို စေစားပြီး (ရုပ်နာမ် သဘာဝမှတပါး)အခြားသဘာဝဓမ္မများကိုသာ စူးစမ်းနေသည့် အတွက်(ရုပ်နာမ်တို့၏ အကြောင်းအကျိုးအဖြစ် ဆက်သွယ်နေပုံ၊ အဝိဇ္ဇာ၏ ထိုင်းမှိုင်း ထူအပုံ၊ တဏှာ၏ ကြိုးကိုင်ပုံစသည်များကို) မသိကြ မမြင်ကြလေသောကြောင့် မယုံကြည်ကြသည်နှင့်တူ၏။ ‘ဘာသာရေးဆိုတာ သင်္ချိုင်းကုန်းဟိုဘက်အတွက် စိတ်ကူး ယဉ်ချက် ချောက်လှန့်ချက်တွေသာ ဖြစ်ပါတယ်’ဟူ၍ (ရှိထား

သမျှသော အသိဉာဏ်ဖြင့် တိုင်းတွာကာ) ပြောဆိုမိသည်နှင့်တူ၏။

ထိုအခါ နားမျက်စေ့ ကောင်းသူက အပေါ်တည့်တည့် မော့ကြည့်ရန် ပြော၏။ ပြောတဲ့အတိုင်း မော့ကြည့်၏။ လေယျာဉ်ပျံကို တွေ့ရ၏။ သည်တော့မှ ယုံကြည်သည်မှာ ဘုရားစသည့် အရိယာသူတော်စင်ကြီးများက 'ရုပ်တို့၏ သဘာဝ၊ နာမ်တို့၏ သဘာဝကို ပစ္စုပ္ပန်ကျကျသားပြီး ရှုပါ'ဟု ပြောခဲ့ကြ၏။ ပြောသည့်အတိုင်း ကြည့်အံ့၊ ကြည့်သော် ရုပ်ဓမ္မ၊ နာမ်ဓမ္မတို့ ဖြစ်ပေါ်လာသည်ကို မြင်လာရသည့်နောက် ချုပ်ပျက်သွားသည်ကို တွေ့လာရသည်။ ဖြစ်လာရခြင်းသည် ပျက်စီးခြင်း၏ အကြောင်း ဖြစ်သည်ကို သိလာရသည်။ ပျက်စီးခြင်းသည် ဖြစ်လာခြင်း၏ အကြောင်း ဖြစ်သည်ကို ရိပ်မိလာသည်။ ချုပ်ပျက်လေသည့် အဟောင်းတို့၏ နေရာဘွင် ဖြစ်ပေါ်လာသော အသစ်တို့က အစားထိုးလာသည်ကို နားလည်လာသည်။ အစားထိုးလာသော အသစ်တို့၏ မတည်မမြဲ ချုပ်ပျက်ပြန်သည့် သဘာဝကို သဘောပေါက်လာသည်။ ထိုအခါ ရုပ်နာမ်တို့၏ မတည်မြဲသည့် အနိစ္စသဘာဝ၊ မချမ်းသာသော ဒုက္ခသဘာဝ၊ အမိန့်မနာခံသော အနတ္တသဘာဝတို့ ပေါ်၍ ပေါ်၍ လာသည်။ သည်တော့မှ 'ဗုဒ္ဓဟာ သဘာဝဓမ္မ ဆရာတဆူပါကလား။ စိတ်ကူးယဉ်သမား မဟုတ်ပေဘဲကိုး။ ဗုဒ္ဓ ဓမ္မဟာ သင်္ချိုင်းကုန်း မရောက်မီ လက်ရှိ သက်ရှင်ကာလ အတွက်လဲ အကျိုးပြုတဲ့ တရားပါကလား' စသည် စသည်ဖြင့် (အသိဉာဏ်၏ လက်လှမ်းမှီသော ပစ္စုပ္ပန်ရေးရာများကို) တစတစ သဘောပေါက်လာရသည်။ လက်ခံနိုင်လာသည်။ (သာမန် အသိဉာဏ်၏ လက်လှမ်းမမှီရာဖြစ်သော အတိတ်၊ အနာဂတ်

ရေးရာများလည်း)မှန်ကန်နိုင်စရာ ရှိသည်ဟု ယုံကြည်လာရသည်။ လက်ခံလာရသည်နှင့် တူသည်တည်း။]

ဆက်ဦးအံ့။ ဤစိတ် ၂ ခုတို့ အနက် ရှေ့စိတ် (ဘဝဟောင်းမှ နောက်ဆုံးပိတ် စိတ်)ကို 'စုတိ' ဟု ခေါ်၏။ အကြောင်းသော်ကား ဘဝဟောင်းမှ ဘဝသစ်သို့ ရွှေ့လျောလာတတ်၊ စုတေတတ်သော ကြောင့်တည်း။

[ပါဠိစကား 'စုတိ' သည် 'ရွှေ့လျောခြင်း'ဟူသော မြန်မာ အဓိပ္ပာယ် ထွက်၏။ ထို့ကြောင့် 'ကွယ်လွန်သည်၊ စုတေသည်' ဟူသော စကားသည် 'စုတိ' ဟူသော ပါဠိဝေါဟာရပျက်ပင် ဖြစ်၏။]

နောက်စိတ် [ဘဝသစ်၏ ပဌမဦးဆုံးစိတ်]ကို 'ပဋိသန္ဓေ' ဟု ခေါ်၏။ အကြောင်းသော်ကား [ရှေ့ပိုင်း ပိတ်စနှင့်တူသော] ဘဝဟောင်း စသည်နှင့် [အခြားပိတ်စတခုနှင့် တူသော] ဘဝ ဟောင်း စသည်နှင့် [အခြား ပိတ်စ တခုနှင့် တူသော] ဘဝ သစ်ကို ဆက်စပ်ပေးတတ်သောကြောင့်တည်း။ [ပဋိသန္ဓိဟူသော ပါဠိစစ်ကို မြန်မာ့ဝေါဟာရတွင် 'ပဋိသန္ဓေ'ဟူသော ပါဠိပျက် အဖြစ်ဖြင့် သုံးစွဲကြ၏။ 'ဆက်စပ်ပေးခြင်း'ဟူသော အဓိပ္ပာယ် ထွက်၏။]

ထိုစိတ်ဝိညာဏ်သည် ရှေ့ဘဝမှ ဤဘဝသို့ ရောက်လာ သည်လည်း မဟုတ်။ ဘဝဟောင်းမှ ရရှိအပ်သော ဇနကကံ၊ မရဏာသန္နဇောရှိ စေတနာက ညွှတ်ပေးအပ်သည့် အာရုံစသော အကြောင်းနှင့် ကင်း၍လည်း အထင်အရှား ဖြစ်မလာဟူ၍ သိရှိ အပ်၏။

ပဋိသန္ဓေဝိညာဏ်သည် ရှေးအတိတ်ဘဝမှ ပစ္စုပ္ပန်ဘဝသို့ လာ၍ မဖြစ်ခြင်း၊ ဘဝဟောင်းမှ အကြောင်း ကင်း၍လည်း မဖြစ်ခြင်း ဟူသော စကားရပ်တွင် 'ပဲ့တင်သံ' စသည်တို့ကား သက်သေခံ ဥဒါဟရဏ်တို့တည်း။ သန္တာန်ချင်း ဆက်စပ်နေသောကြောင့် တူညီသည့် အဖြစ်လည်း မရှိ။ ထူးခြားကွဲလွဲသည့် အဖြစ်လည်း မရှိပါချေ။ ဤသည်ကား အကျဉ်း။

ချဲ့ဦးအံ့။ ပဋိသန္ဓေဝိညာဏ်သည် ရှေးအတိတ်ဘဝမှ ပစ္စုပ္ပန်ဘဝသို့လာ၍ မဖြစ်ခြင်း၌ရင်း၊ အတိတ်ဘဝတွင် အပါအဝင် ဖြစ်သည့် အကြောင်းတရားတို့ကြောင့် [ဘဝသစ်မှာ] ဖြစ်ပေါ်လာရခြင်း၌ရင်း၊ ပဲ့တင်ထပ်သံ၊ ဆီမီး၊ တံဆိပ်ရေး၊ မျက်နှာရိပ် စသော သဘောတရားတို့သည် ဥဒါဟရဏ်များ ဖြစ်ကြ၏။ ထင်ရှားစေအံ့။ ပဲ့တင်ထပ်သံ၊ နောက်ထပ် ထွန်းညှိထားသော ဆီမီး၊ စက္ကူတွင် ထင်နေသော တံဆိပ်တုံးပုံစံများသည် ကြွေးကြော်သံ စသည်တို့ပင်လျှင် အကြောင်းရင်းများ ဖြစ်ကြ၏။ အရပ်တပါးသို့ မသွားဘဲ ဖြစ်လာကြသကဲ့သို့ ဤ ပဋိသန္ဓေဝိညာဏ်သည် [ဘဝသစ်ဟူသော] အရပ်တပါးသို့ မသွားဘဲ ဖြစ်ပေါ်လာ၏။

[ပဲ့တင်ထပ်သံသည် အကျိုး၊ ကြွေးကြော်သံ၊ အော်ဟစ်သံသည် အကြောင်း။ စက္ကူပေါ် ထင်နေသော တံဆိပ်တုံးပုံစံသည် အကျိုး၊ တံဆိပ်တုံးသည် အကြောင်း။ ဒုတိယ ဖရောင်းတိုင်ရှိ မီးသည် အကျိုး၊ ပဌမ ဖရောင်းတိုင်ရှိ မီးသည် အကြောင်း။ မှန်ထဲတွင်ရှိသော မျက်နှာရိပ်သည် အကျိုး၊ မှန်အပြင်မှ ကြည့်နေသော မိမိမျက်နှာသည် အကြောင်း။ ယင်းသို့ အကျိုးနှင့် အကြောင်းကို ယှဉ်တွဲသိရှိရာ၏။

ဆက်ဦးအံ့။ ဤဥပမာတို့အနက် ပြန်ဆိုသူအဖို့ နားအရှင်းဆုံးဖြစ်သော ဥပမာ၏ သဘောတရားကို တင်ပြပါမည်။ စာရှုသူကလည်း စဉ်းစဉ်းစားစား ဝေဝေဖန်ဖန်နှင့် ဖတ်ရှုသွားစေချင်၏။ လက်မခံနိုင်သည့်အချက် ပါရှိကောင်း ပါရှိလိမ့်မည်။ လက်ခံနိုင်သည့် အချက်လည်း ပါရှိတန်ရာ၏ဟု မျှော်လင့်ပါသည်။ စာရှုသူသည် အသိဉာဏ်ကို ရှာနေသူဘယောက်ဖြစ်သည့်နည်းတူ စာရေးသူလည်း အသိဉာဏ်ကို ဆည်းပူးနေသူဘဦး ဖြစ်သည်ကို သတိရစေချင်၏။

တင်ပြပါမည်။ဒုတိယဖရောင်းတိုင်ရှိ မီးကို ဘဝသစ် ပဋိသန္ဓေ ဝိညာဏ်နှင့်တူသည်ဟု နှိုင်းစာကြပါစို့။ ထိုမီးသည် ပဌမဖရောင်းတိုင်မှ ကူးစက်လာသော မီးဟု ယူဆသော် ပဋိသန္ဓေ ဝိညာဏ်သည် ဘဝဟောင်းမှ ကူးစက်လာသော စိတ်ဟု မှတ်ယူရပေတော့မည်။ အမှန်မှာ ယင်းသို့မဟုတ်ပါ။

ဤအချက်ကို နားရှင်းစိမ့်သောငှာ ပ၊ ဖရောင်းတိုင်ကို မီးညှိသွားပါ။ နောက် သင့်စားပွဲမျက်နှာပြင်ပေါ်တွင် ဖြောင့်မတ်စွာ စိုက်ထူထားပါ။ ပြီးလျှင် ဒု၊ ဖရောင်းတိုင်ကို ပ၊ ဖရောင်းတိုင်နှင့် တလက်မခန့် အကွာထားပြီး စိုက်ထူထားပါ။ ပနှင့်ဒု ဖရောင်းတိုင်တို့၏ မီးစာတို့မှာ ပူးကပ်မနေဘဲ တလက်မခန့် ကွာနေသည်ကို သတိပြုမိပါစေ။ လောလောဆယ်တွင် ပ မှာ မီးတောက်နေ၏။ ဒု မှာ မီးမတောက်။ သို့သော် စိုက်၍ ကြည့်နေပါ။ ၁၀ မိနစ်ခန့်ကြာလာသော် ဒု၊ ဖရောင်းတိုင်၏ မီးစာမှာ ပ ၏ အပူဓာတ်ကြောင့် အငွေ့ထွက်လာသည်ကို တွေ့ရပါမည်။ အဘန်ငယ်ကြာလာသော် ပ မှ မီးရှက်ကူးမလာဘဲ ဒု ဖရောင်းတိုင်မှာ

မီးတောက်လာသည်ကို တွေ့ရပါလိမ့်မည်။ ပ မှ မီးရှက်ပါမလာသည်ကို သတိပြုမိပါစေ။

ဤတွင် မီးညှိထားသော ပဌမ ဖရောင်းတိုင်သည် ဘဝဟောင်းနှင့်တူ၏။ တောက်နေသောမီးသည် စိတ်ဝိညာဏ်နှင့်တူ၏။ မီးမတောက်သေးသည့် ဒုတိယ ဖရောင်းတိုင်၏ မီးစာသည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်အာရုံနှင့် တူ၏။ ပ ဖရောင်းတိုင်၏ အပူဓာတ်က ဒု ဖရောင်းတိုင်ရှိ မီးစာသို့ ရောက်နေမှုသည် မရဏာသန္နဇောစိတ်က ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်သို့ ရောက်နေသည်နှင့်တူ၏။ အာရုံပြုနေသည်နှင့်တူ၏။ ဒု ဖရောင်းတိုင်မှာ မီးတောက်လာမှုသည် ဘဝသစ်မှာ ပဋိသန္ဓေစိတ်ဖြစ်လာသည်နှင့်တူ၏။ ပ မှ မီးလျှံသည် ဒုသို့ ကူးစက်မသွားသကဲ့သို့ ဘဝဟောင်းမှ စိတ်သည် ဘဝသစ်သို့ ကူးပြောင်းမသွားပေ။ ပ မှ မီးသည် ပုဘ်သို့ ဒု မှ မီးသည်လည်းပု၏။အပူချင်းတူ၏။ ထို့အတူ ဘဝဟောင်းမှ စိတ်ဝိညာဏ်သည် အာရုံကို သိတတ်သည့်နည်းတူ ဘဝသစ်ရှိ စိတ်ဝိညာဏ်သည် အာရုံကို သိတတ်၏။ အသိချင်း တူ၏။

ပဌမ ဖရောင်းတိုင်ရှိမီးသည် အကြောင်း၊ ဒုတိယ ဖရောင်းတိုင်ရှိ မီးသည်အကျိုး၊ ပဌမ ဖရောင်းတိုင်ရှိ မီးသည် ဒုတိယ ဖရောင်းတိုင်သို့ ကူးစက်၍မလာ။ ဒုတိယ ဖရောင်းတိုင်ရှိ မီးသည် ပဌမ ဖရောင်းတိုင်မှ ကူးလာသည်ဟု မဆိုနိုင်။ သို့သော် ပဌမ ဖရောင်းတိုင်ကြောင့်သာ ဒုတိယ ဖရောင်းတိုင်မှာ မီးတောက်ပေါ်လာ၏။ ပဌမ ဖရောင်းတိုင်မီးမရှိသော် ဒုတိယ ဖရောင်းတိုင်မှာ မီးမတောက်နိုင်။ ထို့အတူ ဘဝဟောင်းမှ ဝိညာဏ်သည် ဘဝသစ်သို့ ကူးပြောင်းလာသည်ဟု မဆိုနိုင်။ မဆိုရ။ ဆိုသော်

မမှန်။ မှား၏။ သို့သော် ဘဝဟောင်းမှ စိတ်ဝိညာဏ်ကြောင့်သာ ဘဝသစ်မှာ ပဋိသန္ဓေ စိတ်ဝိညာဏ်ဖြစ်လာ၏။ ယင်းသို့ သိရှိ နားလည်ရပါမည်။]

ဆက်ဦးအံ့။ ယင်းသို့ ပဋိသန္ဓေ ဝိညာဏ်စိတ် ဖြစ်ပေါ်လာရာဝယ် တူညီသည့် အဖြစ်လည်း မရှိ။ မတူ ထူးခြားကွဲပြားချက်လည်း မရှိ။ အဘယ်ကြောင့်ဟူမူ သန္တာန်ချင်း ဆက်စပ်နေသောကြောင့်တည်း။ မှန်၏။ သန္တာန်ချင်း ဆက်စပ်မှုရှိလတ်သော် တကယ်တန်း တူညီသည့် အဖြစ်သည် အကယ်၍ ဖြစ်လာငြားအံ့။ ယင်းသို့ ထပ်တူ ထပ်မျှ တူညီခဲ့သော် နို့ရည်မှ နို့ခမ်း (နို့ချဉ်) ဟူသည် ဖြစ်ပေါ်၍ မလာခဲ့ရာ။ တဖန် လုံးဝမတူ ထူးခြား ကွဲပြားချက်သည် အကယ်၍ ရှိငြားအံ့။ ယင်းသို့ လုံးဝ ကွဲပြားခဲ့သော် နို့ရည်နှင့်ပတ်သက်သော နို့ခမ်းဟူသည် ဖြစ်ပေါ်၍ မလာနိုင်တန်ရာ။ အကြောင်းကြောင့် အကျိုးဖြစ်လာသည့် အရာဌာန မှန်သမျှဝယ် ဤနည်းအတိုင်းပင်တည်း။

ယင်းသို့ နို့ရည်နှင့်ပတ်သက်သော နို့ခမ်းဟူသည်ဖြစ်ပေါ်၍ မလာချေသော် လူသားတို့၏ ဝေါဟာရ မှန်သမျှ ပျက်စီးကွယ်ပျောက်သွားရာ၏။ ယင်းအပြစ်ကိုလည်း အကြင့်ကြောင့် မလိုလားအပ်။ ထို့ကြောင့် ဤတွင် လုံးဝတူညီသည့် အဖြစ် [အခြေအနေ]သို့ ဖြစ်စေ၊ လုံးဝ ကွဲပြားသည့် အဖြစ်သို့ ဖြစ်စေ မချဉ်းကပ်သင့်ပေ။

ဤတွင် "ယင်းသို့[ဘဝဟောင်းမှ တစုံတခုသည်]ပြောင်းရွှေ့ပါရှိလာသည် မဟုတ်ပါဘဲ ပဋိသန္ဓေစိတ် အထင်အရှား ဖြစ်လာချေသော် ဤလူ့ဘဝ၌ အကြင်ခန္ဓာ ၅ ပါးသည် ရှိ၏။ ထို ခန္ဓာ ၅ ပါးသည် ချုပ်ပျက်ခဲ့ပြီးဖြစ်သောကြောင့် အကျိုးပဋိသန္ဓေ

ဝိညာဏ်၏ အကြောင်းကုသိုလ်၊ အကုသိုလ်ကံသည် ဘဝသစ်သို့ လိုက်ပါမလာသောကြောင့် အခြားတပါးသော ပုဂ္ဂိုလ်ကြောင့် အခြားတပါးသော ပုဂ္ဂိုလ်၏အကျိုး ဖြစ်ပေါ်လာရသည် မဟုတ်တုံလော။ ထို့ပြင်လည်း ခံစားမည့်သူ မရှိချေသော် ဘယ်သူ့အတွက် ထိုအကျိုးတရားက ဖြစ်လာရသနည်း။ ထို့ကြောင့် ထိုအစီရင်သည် မကောင်း" ယင်းသို့ စောဒကဆရာက ဆိုလာငြားအံ့၊ ထိုစောဒကဆရာမျိုးအတွက် ဤပရိဟာရ အဖြေစကားရပ်ကို ဆိုအပ်၏။ ဆိုပါ၏။

အခြားသန္တာန်တခုတွင် အကြင်အကျိုးတရားသည် ရှိ၏၊ ထိုအကျိုးတရားသည် အခြား သူတယောက်အတွက် မဟုတ်။ အခြားသူကြောင့် ဖြစ်လာသည်လည်း မဟုတ်၊ ထိုသဘောတရား၏ သက်သေခံကား သရက်စေ့ စသည်တို့ကို စိုက်ပျိုးမှုတည်း။

ချဲ့ဦးအံ့။ တခုသော သန္တာန်၌ ဖြစ်ပေါ်လာသော အကျိုးတရားသည် [ဘဝသစ်သို့ လိုက်ပါ၍ ဖြစ်မလာရာတွင် လုံးဝတူညီသည့်အဖြစ်၊ ကွဲပြားသည့်အဖြစ်ကို ပယ်ထားပြီး ဖြစ်သောကြောင့်] အခြားသူ၏ အကျိုးဖြစ်သည် ဟူ၍ရင်း၊ အခြားသူကြောင့် ဖြစ်လာသည်ဟူ၍ရင်း မဆိုအပ်၊ မဆိုထိုက်ပါချေ။ ဤသဘောတရားကို သက်သေခံသည့် ဖြစ်ရပ်မှာကား သရက်စေ့ စသည်ကို စိုက်ပျိုးမှုတည်း။

အသို့ သက်သေခံသနည်းဟူမူ သရက်စေ့ စသည်ကို စိုက်ပျိုးပြုစုထားချေသော် ထိုသရက်စေ့၏ သန္တာန်ဝယ် [မြေ၊ ရေ၊ လေ၊ ရာသီဥတု စသော] အကြောင်းတရားများကို ရရှိထားပြီး ဖြစ်သောကြောင့် နောင်အခါတွင် အာင်ငယ်ကလေး တည်း

ဟူသော အကျိုးတရား အထူးသည် ဖြစ်ပေါ်လာမည်သာ။ ယင်းသို့ ဖြစ်ပေါ်လာသော် အခြားမျိုးစေ့၏ အပင်မဟုတ်ပါချေ။ အခြားသော စိုက်ပျိုးပြုစုမှုကြောင့် ဖြစ်လာသည်လည်း မဟုတ်ပါပြီ။ ထိုသရက်စေ့ စသည်တို့သည်ရင်း၊ ဆိုပြုစုစိုက်ပျိုးမှုသည်ရင်း၊ အကျိုးတရား၏ အရာသို့ ရောက်ရှိမလာကြပေ။ [အကြောင်းတရား ဖြစ်နေမြဲပင် ဟူလို။] ဤသို့သော ဥပမာကို သိရှိရပါမည်။

ကိုယ်ကာယ ငယ်ရွယ်စဉ်က ကြိုးစားထားကြသော၊ ကိုယ်ကာယ စသည် ကြီးပြင်းလာသည့် နောင်အခါတွင် အကျိုးခံစားကြရသော ဗေဒင်ပညာ၊ ဆင်စီးပညာ၊ ဆေးပညာ စသည်ကို သင်ကြားခြင်းတို့ဖြင့်လည်း ဤအဓိပ္ပာယ်ကို သိရှိအပ်၏။

ဥပမာန၊ ဥပမေယျ ယှဉ်စပ်ပုံ

| ဥပမာန | | ဥပမေယျ |
|---|---|---|
| က။ သရက်စေ့ | = | ကံအမှု ပြုထားပြီးသူ။ |
| ခ။ ပြုစုစိုက်ပျိုးမှု | = | ကောင်းမှု၊ မကောင်းမှုကံကို ပြုလုပ် အားထုတ်မှု။ |
| ဂ။ အပင်ပေါက် | = | ပဋိသန္ဓေစသည့် စိတ်အစဉ်။ |
| ဃ။ ပင်စည်ကြီး | = | ကံအမှုကို ပြုလုပ်နိုင်သည့် အခြေအနေရှိသူ။ |

တဖန် ငယ်ရွယ်စဉ်က ဗေဒင်ပညာကို၊ ဆေးပညာ စသည်ကို သင်ကြားအားထုတ်မှုတည်းဟူသော အကြောင်းတရားကြောင့် ကြီးပြင်းလာသည့်အခါ ဗေဒင်ဆရာကြီး၊ သမားတော်ကြီး၊ ဆရာဝန်ကြီးဟု ကျော်ကြားထင်ရှားမှု တည်းဟူသော အကျိုးတရား ဖြစ်လာ၏။ ဤတွင် ငယ်ရွယ်စဉ်က ကြိုးပမ်းမှု လုလ္လဝီရိယ

ဟူသော ကြိယာသည် ကြီးပြင်းလာသည့် အချိန်သို့တိုင်အောင် ပါရှိလာသည်ဟု မဆိုသာချေ။ သို့သော် ထိုကြိုးပမ်းမှုကြိယာသည် အတိတ်တွင် မရှိခဲ့လျှင်မူ ကျောက်ကြားမှု မဖြစ်နိုင်။ ကြိယာရှိခဲ့သောကြောင့်သာ ကျောက်ကြားမှု ရှိနေ၏။ ရှိခဲ့သော် ကြိုးပမ်းမှုကြိယာကား အကြောင်းရှိနေဆဲ ကျောက်ကြားမှုကား အကျိုး။ အကျိုးရှိနေဆဲ ယခုအခါတွင် အကြောင်းလည်း ရှိနေသေး၏ဟု မဆိုနိုင်ချေ။ ထို့အတူ ယခု ဘဝသစ်တွင် အကျိုးဖြစ်သည့် ပဋိသန္ဓေဝိညာဏ် ဖြစ်နေဆဲအချိန်မှာ အတိတ်ဘဝမှ အကြောင်းဖြစ်သည့် မရဏာသန္နဇောစိတ် ဝိညာဏ်လည်း ရှိနေသေး၏။ ဖြစ်နေသေး၏။ ပါလာ၏ဟု မဆိုနိုင်ပါချေ။ ထို့ကြောင့် လက်ရှိဘဝသစ်မှာ ပဋိသန္ဓေစိတ် ဖြစ်နေသည့်အချိန်တွင် ဘဝဟောင်းမှ မည်သည့်အရာတခုမျှ မရှိတော့။ ပါမလာတော့ပေ။ သို့သော် ဘဝဟောင်းမှ အကြောင်းတရားများကြောင့်သာလျှင် ဘဝသစ်တွင် ပဋိသန္ဓေစိတ် ဖြစ်လာနိုင်၏။ ဖြစ်လာရ၏ ဟူလို။

တခါ ဤတွင် အလျဉ်းသင့်သဖြင့် အထက်ပါ အယူအဆများနှင့် နှိုးနှောသုံးသပ်ကာ လေ့လာနိုင်ရန်အတွက် အိန္ဒိယနိုင်ငံမှ ဒဿနိက ပညာကျော် ရာဟုလာသံကိစ္စည်း၏ အယူအဆကို ထည့်သွင်းဖော်ပြလိုက်ပါသည်။

'ရာဟုလာသံကိစ္စည်း' ရေး၍ 'ပါရဂူ' မြန်မာပြန်သော 'မဟာလူသားဗုဒ္ဓ' စာမျက်နှာ ၃၃၀၊ ၃၃၂။

"အမိအဖ၏ ကိုယ်ကာယသည် မိမိတို့နှင့်တူသော သားသမီး၏ ကိုယ်ကာယကို မွေးဖွားသကဲ့သို့ မိဘ၏စိတ်သည် ထိုစိတ်နှင့် တူသော သားသမီး၏စိတ်ကို မွေးဖွားပေးသည်ဟု ဆိုခဲ့သော် အစိတ်အပိုင်းအားဖြင့် မှန်သော်လည်း အကုန်မမှန်ပေ။ အကယ်၍

ထိုအတိုင်း ဖြစ်ရိုးမှန်လျှင် အသိဉာဏ်နုံလှသော မိဘများမှ အသိဉာဏ်ထက်သော သားသမီးများ၊ အသိဉာဏ်ထက်သော မိဘများမှ အသိဉာဏ်နဲ့သော သားသမီးများကို မမွေးဖွားပေရာ။ ပညာရှိ၏သားသမီးသည် များသောအားဖြင့် မိုက်မဲနေတတ်သည်ကို တွေ့ရ၏။ ကျွန်ုပ်တို့သည် ဘာသာအလျဉ်ကို ဤကိုယ်ကာယ၏ ရှေးကာလ၌လည်း အသိအမှတ်ပြုခဲ့လျှင် (အတိတ်ဘဝ ရှိသည်ဟု လက်ခံလျှင် ဟူလို) ထိုအရှုပ်အထွေးများ ပျောက်ကွယ်သွားပေလိမ့်မည်။

"ရှေးရှေးဘဝများသည် နောက်နောက်ဘဝများကို ဖန်တီး၏ဟုလည်း ဆိုနိုင်၏။ (ရှေးရှေးဘဝများကြောင့် နောက်နောက်ဘဝများ ဖြစ်လာသည်ဟုလည်း ဆိုနိုင်၏ ဟူလို) တွင်းမှ ထုတ်ယူထားသောသံ၊ အရည်ကျိုထားသော သံစိမ်း၊ အကြိမ်များစွာ အေးချည်၊ ပူချည် ပြုလုပ်ထားသော သံမဏိ၊ သုံးမျိုးစလုံးပင် သံချည်းဖြစ်ကြသော်လည်း ထိုသံများတွင် ပြုပြင်မှု အတိုင်းအရှည် အနည်းအများ ရှိသကဲ့သို့ ဘဝကိုလည်း အနဲအများ ပြုပြင်ထားအပ်သည်ကို တွေ့ရ၏။ ဉာဏ်ကောင်းသောကလေး၏ အသိဉာဏ်သည် သံမဏိကဲ့သို့ ရှေးရှေးသောကာလက ကြာမြင့်စွာ လေ့ကျင့်ခြင်းအားဖြင့် ကောင်းစွာ ပြုပြင်ထားအပ်သော အသိဉာဏ် ဖြစ်၏။ စိဘ်ခေတ် အလေ့အလာလုပ်မှုသည် သတိအဖြစ်ဖြင့် အချင်းခပ်သိမ်း တည်မြဲနေတို့ အလွန်အကျုံး မလိုအပ်သော်လည်း ထိုအလေ့အကျင့်အားလျော်စွာ အနည်းအများ ပြုပြင်ထားအပ်သည်ဟူသော အချက်ကား မရှောင်လွှဲနိုင်သော အကြောင်းအချက်တခု ဖြစ်၏။ ဤဘဝတွင်လည်း ကောလိပ်ကျောင်းမှ ထွက်ပြီးနောက် နှစ်အနည်းငယ်အတွင်းမှာပင်

သင်ခန်းစာ စာအုပ်များမှ သင်အံလေ့လာခဲ့သော နည်းနာ ဆောင်ပုဒ် အမြောက်အမြားပင် မေ့လျော့သွားလေသည်။ သို့သော် လေ့လာကြိုးပမ်းမှုအားလုံး အကျိုးမဲ့ဖြစ်သွားသည်ဟု ကား မယူဆနိုင်ပေ။ အိုးသစ်တွင် ရက်အနည်းငယ်ထား၍ ထုတ် ယူအပ်သော ထောပတ်ကဲ့သို့ မေ့သွားသော်လည်း သင်ကြားမှု အထုံသည် စိတ်၏အတွင်း၌ ဝင်နေခဲ့၏။ အထုံသည်ပင် သင်ကြား မှု၏အကျိုး ဖြစ်၏။

"ကောလိပ်ကျောင်းမှ ထွက်၍ နှစ်ပေါင်းများစွာ ကြာချင် ကြာပေစေ၊ သင်ကြားလေ့လာခဲ့သော အကြောင်းအရာများ မေ့ပျောက်သွားချင် သွားပါစေ၊ ထိုသူ၏စိတ်ဓာတ်တွင် ရင့်ကျက် လာမှုသည် သူ၏ရှေးသရောအခါ တချိန်က ပညာသင်ကြား ခဲ့ခြင်းကို သက်သေခံနေသကဲ့သို့ ငယ်စဉ်က တောက်ပနေသော အသိဉာဏ်ကို ရှေးရှေးဘဝ လေ့ကျင့်မှု၏ အကျိုးဟု အဘယ်မှာ အသိအမှတ်မပြုဘဲ နေသင့်ပါအံ့နည်း။ အမှန်အားဖြင့် ဆွေစဉ် မျိုးဆက်လိုက်မှုစသော စိတ်ဓာတ်စွမ်းရည်၏အကြောင်း မဖြစ် နိုင်သော အစိတ်အပိုင်း အမြောက်အမြား ရှိ၏။ (ဉာဏ်ထက်မှု၊ ဉာဏ်ထိုင်းမှု၊ ယဉ်ကျေးမှု၊ ရိုင်းပြမှု စသော မိဘအမွေအနှစ် မဟုတ်သော အရည်အချင်းများ လူသားတွင် အမြောက်အမြား တွေ့မြင်ရ၏) ၎င်းတို့၏အကြောင်းကို ဤဘဝမှ ရှေးဖြစ်သော ဘဝအလျဉ်တွင် ရှာဖွေရပေမည်။ (လက်ရှိဘဝ၏ အချို့သော အကျိုးများအတွက် အကြောင်းတရားကို ရှေးဘဝမှာ ရှာဖွေ ရမည် ဟူလို)

"လူငယ်တဦးသည် ပြင်းပြင်းထန်ထန် သင်ကြားလေ့လာ၍ အမ်အေကို ပဌမတန်းနှင့် အောင်မြင်သွားသောအခါ သူ၏

ကြိုးပမ်းမှု ဆုလပ်ကို မရဘဲ ကွယ်လွန်သွားခဲ့လျှင် သူ၏ ကြိုးပမ်းမှုကို ကိုယ်ကာယနှင့်အတူ ပျက်စီးပျောက်ကွယ်သွား သည်ဟု အသိအမှတ်ပြုခြင်းထက် ဉာဏ်ထက်သော ကလေး တဦးနှင့် ဆက်စပ်ပေးရလျှင် မကောင်းပါလော။ (အတိတ် ဖြစ်လာမည့် ပစ္စုပ္ပန်ဘဝတွင် ပညာရေးအတွက် ကြိုးပမ်းချက်၊ ဝါ၊ ပညာပါရမီပြည့်မှုဟူသော အကြောင်းတရားကြောင့် ပစ္စုပ္ပန် ဖြစ်လာမည့် အနာဂတ်ဘဝတွင် ပညာပါရမီ အထက်တန်း ကျလာမှု၊ ဝါ၊ ဉာဏ်ထက်မြက်လာခြင်းဟူသော အကျိုးတရား သက်ရောက်လာသည်ဟု ယူဆသော် မကောင်းပါလော ဟူ၏) ပညာမဲ့သော မိဘများမှ ထူးထူးခြားခြား ဂဏန်းသင်္ချာတတ် သော သားသမီး၊ တူရိယာဂီတ တတ်ကျွမ်းသော သားသမီး များကို တွေ့မြင်ရတတ်၏။ ဤကဲ့သို့သော အစဉ်အားဖြင့် စဉ်းစား သောအခါ ကျွန်ုပ်တို့၏ ဤကိုယ်ကာယ ဘဝအစဉ်သည် ကြာမြင့် လှစွာသော ဘဝအလျဉ်၏ သေးငယ်သော အလယ်သား အစိတ် အပိုင်းတခု ဖြစ်ကြောင်း သိရ၏။ ၎င်း အစိတ်အပိုင်း၏ ရှေ့ကာလ အလျဉ်သည် ကြာမြင့်စွာသောကာလမှ လာခဲ့၍ နောက်ကာလ အလျဉ်သည်လည်း ကြာမြင့်စွာသော ကာလတိုင်အောင် ဆက် လက်သွားပေလိမ့်မည်" (ဆက်လက်၍ သံသရာလည်ရဦးမည် ဟူလို)

ဆက်ဦးအံ့။

'ခံစားမည့်သူ မရှိသော် မည်သူ့အတွက် ထိုအကျိုးတရားက ဖြစ်လာရသနည်း' ဟူသော စောဒကဆရာ၏ စကားကလည်း ရှိနေသေး၏။ ထိုစောဒနာအတွက် အဖြေ ပရိဟာရမှာ အောက် ပါအတိုင်း ဖြစ်ပါသည်။

အကျိုးတရားဖြစ်လာသဖြင့်သာလျှင် 'ခံစားသူ' ဟူသော ဝေါဟာရ ပြီးစီးသွား၏။ ဖြစ်ပေါ်လာ၏။ အဘယ်သို့နည်းဟူမူ သစ်ပင်က အသီးကို သီးစေသဖြင့် 'အသီးသီး၏' ဟူသော ဝေါဟာရ ဖြစ်လာသကဲ့သို့တည်း။

ချွဲဦးအံ့။ သစ်ပင်တည်းဟူသော အပေါင်းပညတ်တရားတို့၏ တစိတ်တဒေသဖြစ်သော သစ်သီး ဖြစ်ပေါ်လာသည့်အတွက် ကြောင့်သာလျှင်'သစ်ပင်က အသီးသီးလာဘယ်'ဟူ၍ သော်ငင်း၊ 'အသီးရှိတဲ့ သစ်ပင်'ဟူ၍သော်ငင်း၊ ပြောဆိုအပ်၏။ ထို့အတူ လူနတ်ပြဟ္မာဘည်းဟူသော ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏက္ခန္ဓာတို့၏ တစိတ်တဒေသဖြစ်သော သုံးဆောင်ခံစားခြင်းဟု ဆိုအပ်သည့်သုခ၊ ဒုက္ခ ဝေဒနက္ခန္ဓာ ဖြစ်ပေါ်လာသော ကြောင့်သာလျှင်'နတ်လူတို့ကသုံးဆောင်ခံစားကြတယ်'ဟူ၍ငင်း၊ 'ဒုက္ခရောက်နေတဲ့လူ၊ ချမ်းသာနေတဲ့လူ'ဟူ၍ငင်း ပြောဆိုအပ်၏။

ထို့ကြောင့် ဤတွင်'အခြားခံစားသူ'ဟူသော အမည်နာမဖြင့် အကျိုးထူး တစုံတရာမရှိပါလေပြီ။

[ဤတွင်လည်း ဥပမာနှင့် ဥပမေယျကို ယှဉ်စပ်ကြည့်သော် ပို၍ အသိရှင်းသွားပါလိမ့်မည်။]

'သို့သော်လည်း ထိုသင်္ခါရတို့က အထင်အရှား ရှိနေတုန်း အကျိုးပြုကြသလော။ သို့မဟုတ် အထင်အရှား မရှိဘဲ အကျိုးပြုကြသလော။ အဘယ်၍ အထင်အရှား ရှိနေတုန်း အကျိုးပြုအံ့၊ ဖြစ်တုန်းဖြစ်ဆဲ ခဏမျှသာလျှင် ထိုသင်္ခါရတို့၏ အကျိုးသည် ဖြစ်ပေါ်လိုက်၏။ သို့မဟုတ်မူ၍ အထင်အရှားမရှိဘဲ အကျိုးပြုအံ့၊ [သင်္ခါရဟူသော မိမိတို့]မဖြစ်ပေါ်မီတွင်ငင်း၊ ဖြစ်ပြီး နောက်တွင် ငင်း အကျိုးတရားကို အမြဲပင်ဆောင်ကုန်ရာ၏'ဟူ၍ အကြင်တဦး

တယောက်သော သူကလည်း ဆိုလာငြားအံ့၊ ထိုသူအား ပြဆို အံ့သည့်အတိုင်း ဖြေဆိုအပ်၏။

ပူဇော်အပ်ပြီးပြီ ဖြစ်သောကြောင့် ထိုသခ်ါရတို့ ကျေးဇူးပြုကြ၏။ အမြဲပင် အကျိုးကိုဆောင်ကြသည်ကား [အမြဲပင် အကျိုးပေးနေကြသည်ကား] မဟုတ်ကြ။ ထိုသဘောတရားကို ဖော်ရာတွင် သူတပါးဥစ္စာပစ္စည်းကို အစားပြန်ပေးအံ့ဟူသော သဘောထားဖြင့် တစုံတခုကို သုံးစွဲထားခြင်းသည်ကား ဥဒါဟရုဏ်တည်း။

ချဲ့ဦးအံ့၊ ပူဇော်အပ်ပြီးပြီ ဖြစ်သောကြောင့်သာလျှင် သခ်ါရတရားတို့က မိမိအကျိုးတရားတို့အား ကျေးဇူးပြုကြ၏၊ ထင်ရှားရှိနေသောကြောင့် ဖြစ်စေ၊ ထင်ရှားမရှိသောကြောင့် ဖြစ်စေ၊ ကျေးဇူးပြုကြသည်မဟုတ်။ ဗုဒ္ဓဟောထားသည်မှာ 'ကာမကုသိုလ်ကံကို ပူဇော်အပ်ပြီးပြီ ဖြစ်သောကြောင့်၊ ဆည်းပူးအပ်ပြီးပြီ ဖြစ်သောကြောင့် အကျိုးဖြစ်သော စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်လာ၏' စသည်တည်း။

မိမိအကျိုးတရားအား ထိုက်သင့်သလို ကျေးဇူးပြုကြပြီး ဖြစ်သောကြောင့် ထပ်မံ၍ အကျိုးမဆောင်ကြ။ အကျိုးမပေးကြ။ [အကြောင်းသော်ကား]ပေးရမည့်အကျိုးကို ပေးပြီးပြီ ဖြစ်သောကြောင့်တည်း။ ပြဆိုခဲ့သော သဘောတရားကို ထင်ရှားစေရာတွင် ပြဆိုအံ့သော ချေးငှားသုံးစွဲနှင့်ခြင်းစသည့် ဥဒါဟရုဏ်ကို သိရှိအပ်၏။

ထင်ရှားစေအံ့။ လောကတွင် တဦးတယောက်၏ ဥစ္စာနေကို ပြန်လည်ပေးဆပ်အံ့သောငှာ ချေးငှားသုံးစွဲနှင့်ခြင်းဟူသည်ရှိ၏။ အသုံးအဆောင်ကို ဖြစ်စေ ဝယ်ယူ၏။ ကွေးမြီကိုဖြစ်စေ ယူ၏။ အကျိုးတရားဖြစ်သော ထိုဥစ္စာနေကို ပြန်လည် ပေးဆပ်ခြင်း

စသည်၏ အကြောင်းတရားကား သူတထူး၏ ဥစ္စာကို ချေးငှါးသုံးစွဲနိုင်ခြင်း၊ ပစ္စည်း ဝယ်ယူခြင်း၊ ကြွေးယူထားခြင်း စသည့် အပြုအမူကို ပြုလုပ်ကာမျှသာလျှင် ဖြစ်၏။ ထိုအပြုအမူ ထင်ရှား ရှိနေမှု၊ ထင်ရှား ရှိမနေမှုသည် အကျိုး၏ အကြောင်းမဟုတ် ပါပေ။ ထိုဥစ္စာခနကို ပြန်လည်ပေးဆပ်ခြင်းမှ နောက်ပိုင်း ကာလဝယ် ကြွေးမြီကို ဆောင်နေသူ (ကြွေးတင်နေသူ) မဟုတ်ပါပြီ။ အဘယ်ကြောင့်နည်းဟူမူ ပေးဆပ်ခြင်းစသည်ကို ပြုလုပ်ပြီးပြီဖြစ်သောကြောင့်တည်း။ ထို့အတူ ပြုအပ်ပြီးပြီ ဖြစ်သောကြောင့်သာလျှင် သင်္ခါရတရားတို့ကလည်း မိမိအကျိုးတရားအား ကျေးဇူးပြုကြ၏။ ထိုက်သည့်အားလျော်စွာ အကျိုးပေးပြီးသည့် နောက်မှာလည်း အကျိုးပြုနေသေးသည် မဟုတ်ကြပါလေပြီ။

ဤမျှသော စကားစဉ်ဖြင့် 'ရုပ်နှင့်ရောနှောခြင်း၊ မရောနှောခြင်း'အစွမ်းအားဖြင့် ၂ မျိုးပြားသော ဖြစ်ဆဲ ပဋိသန္ဓေ ဝိညာဏ်အား သင်္ခါရ၏ ကျေးဇူးပြုမှုကြောင့် ဖြစ်ပေါ်လာပုံကို ပြဆိုအပ်ပြီးပြီဖြစ်သည်တည်း။

ယခုအခါတွင်ကား ၃၂ ပါးသော ဝိညာဏ်တို့၌ ပြင်းပြစွာ တွေ့ဝေမှုကို ပယ်ဖျောက်ခြင်းငှါ ဘဝစသည်တို့၌ ပဋိသန္ဓေအခါ၊ ပဝတ္တိအခါအားဖြင့် ထိုသင်္ခါရတို့က ဝိပါက်ဝိညာဏ်တို့အား အကြင်အခြင်းအရာဖြင့် [အကြင်အကြောင်းရှိ စွမ်းရည် ပစ္စယသတ္တိဖြင့်] ကျေးဇူးပြု၏။ ထိုအခြင်းအရာဖြင့် [အကြောင်းနှင့် အကျိုးတို့ကို] သိရှိအပ်၏။

အထက်ပါ စကားရပ်တွင် သိရှိအပ်သော အဓိပ္ပာယ်ကား ၃ ပါးသောဘဝ၊ ၄ ပါးသော ယောနိ၊ ၅ပါးသော လားရာဂတိ၊ ၇ ပါးသော ဝိညာဏ်ဘည်ရာ၊ ၉ ပါးသော သတ္တဝါနေရာတို့ကား

ဘဝစသည်တို့မည်၏။ ထိုဘဝစသည်တို့၌ ပဋိသန္ဓေအခါ၊ ပဝတ္တိအခါ ထိုသင်္ခါရတို့က အကျိုးဝိပါက် ဝိညာဏ်တို့အား ကျေးဇူးပြုကြ၏။ ဆက်ဦးအံ့။ အကြင်အခြင်းအရာဖြင့် ကျေးဇူးပြုကြ၏။ ထိုအခြင်းအရာဖြင့် [ထိုပစ္စယသတ္တိများကို] သိရှိအပ်၏။

[လူလောက၊ နတ်လောက တည်းဟူသော] ကာမသုဂတိဘုံထွင် [ပဋိသန္ဓေတို့၏ အမျိုးအစားကို ခွဲခြားကြည့်သော်] ၉ ခုရှိ၏။ ယင်း ၉ ခုကား အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏ ၁၊ မဟာဝိပါက် ၈ ခုတို့ပင်ဖြစ်၏။ ယင်း ၉ ခုသော ပဋိသန္ဓေ အကျိုးစုသည် ကာမကုသိုလ်ကံ ၈ ခုတည်းဟူသော ပညာဘိသင်္ခါရအကြောင်းကြောင့်ဖြစ်လာရ၏။ ထိုအကြောင်း၌ ရှိသော စွမ်းရည်သတ္တိတို့ကား နာနာက္ခဏိကကမ္မနှင့် ပကတူပနိဿယသတ္တိတို့ဖြစ်ကြ၏။

[၁။ အကြင်သူသည် ကံနှင့်ကံ၏ အကျိုး (=လုပ်အားနှင့် လုပ်အားတန်ဘိုး)ကို သိရှိယုံကြည်သော ကမ္မဿကတဉာဏ်၊ ရုပ်နာမ်တို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘာဝများကို သိရှိနားလည်သုံးသပ်သော ဝိပဿနာဉာဏ်၊ ဤအသိဉာဏ် ၂ ခုဖြင့် လှူဒါန်းပေးကမ်းခြင်းစသော ကောင်းမှုကိုပြု၏။

ယင်းသို့ ပြုရာတွင်လည်း မပြုမီကာလ၊ ပြုနေဆဲကာလ၊ ပြုပြီးနောက်ကာလတို့ဝယ် ကောင်းမှုအတွက် လွန်စွာ စိတ်ဓာတ်ထက်မြက်နေ၏။ တက်ကြွ၏။ ရက်ရော၏၊ ဂုဏ်ပကာသနလိုလားမှုစသည်မှလည်း ကင်းရှင်း၏။သန့်စင်၏။ ယင်း ကုသိုလ်မျိုးကို 'တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်၊ ဝ၊ အသိဉာဏ်ပါပြီး မြင့်မြတ်သောကောင်းမှု'ဟု ခေါ်၏။

ထိုသူသည် ဤကုသိုလ်မျိုးကို ပြုထားသည့်အတွက် အထက်ပါ ကာမသုဂတိ ပဋိသန္ဓေ ၉ ခုတို့အနက် မဟာဝိပါက်ဉာဏ်သမ္ပယုတ် ၄ ခုတည်းဟူသော တိဟိတ် ပဋိသန္ဓေ ၄ ခု တို့တွင် တခုခုဖြင့် ပဋိသန္ဓေနေရ၏။ မွေးဖွားလာ၏။ နောက် ဉာဏ်ပညာထက်မြက် စူးရှသော လူသားသော်၎င်း၊ နတ်သော်၎င်း၊ ဖြစ်လာကြ၏။ ထို့ကြောင့် ဉာဏ်ပညာ စူးရှထက်မြက်သူတို့သည် အထက်ပါကောင်းမှုကုသိုလ်ကိုပြုခဲ့သည်ဟု (ဗုဒ္ဓအဘိဓမ္မာရှုဒေါင့်မှ ကြည့်သော်)သိနိုင်၏။

၂။ အကြင်သူသည် ကမ္မဿကတဉာဏ်၊ ဝိပဿနာဉာဏ်ဖြင့် လှူဒါန်း ပေးကမ်းခြင်းစသော ကောင်းမှုကိုသော်ကား ပြုပါ၏၊ သို့သော် ထိုကောင်းမှုကို မပြုမီ၊ ပြုဆဲ၊ ပြုပြီး ကာလတို့တွင် စိတ်အားထက်သန်မှုမရှိ။ တွန့်တို၏။ နှေးချော၏။ ဂုဏ်ပကာသန လိုလားတတ်၏။ ထိုသူ၏ ထိုကောင်းမှုမျိုးကို 'တိဟိတ် ဩမက ကုသိုလ်၊ ဝါ၊ အသိဉာဏ်ပါသော်လည်း ယုတ်ညံ့သော ကောင်းမှု'ဟု ခေါ်၏။

အကြင်သူသည်ကား ကောင်းမှုတခုခုကို ပြုသည့်အခါ အဆိုပါ ကမ္မဿကတာဉာဏ်၊ ဝိပဿနာဉာဏ် မပါရှိပေ။ မိဘရိုးရာ ပြုလုပ်လာသည်ကို တွေ့ရှိမှတ်သားထားကာ (ရဟန်း သံဃာများကို တွေ့ရှိသည့်အခါ မိဘများ သင်ကြားထားချက်အရ ကလေးသူငယ်များက ရှိခိုးဝတ်ပြုသကဲ့သို့) ကောင်းသော အလုပ်ဟု သာမန်သဘောထားပြီး ပြု၏။ သို့သော် ကောင်းမှုမပြုမီ၊ ပြုဆဲ၊ ပြုပြီး ကာလတို့ဝယ် စိတ်အားထက်သန်၏၊ ရက်ရော၏။ ဂုဏ်ပကာသန လိုလားမှု စသည်မှ ကင်း၏။ ယင်း ကုသိုလ်မျိုးကို

'ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်၊ ဝါ၊ အသိဉာဏ် မပါသော်လည်း မြင့်မြတ်သော ကုသိုလ်' ဟု ခေါ်၏။

ထိုတိဟိတ်သြမက ကုသိုလ်ကိုဖြစ်စေ၊ ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်ကို ဖြစ်စေ ပြုထားသူတို့သည် အထက်ပါ ကာမသုဂတိ ပဋိသန္ဓေ ၉ ခုတို့အနက် မဟာဝိပါက် ဉာဏဝိပ္ပယုတ် တည်းဟူသော ဒွိဟိတ်ပဋိသန္ဓေ ၄ ခုတို့မှ တခုခုဖြင့် ပဋိသန္ဓေကြရ၏။ မွေးဖွား ကြရ၏။ နောက် ဉာဏ်ပညာထုံထိုင်းသော လူသားသော်ငင်း၊ နတ်သော်ငင်း ဖြစ်လာကြ၏။ စီးပွားရေး၊ပညာရေးတွင်ကြိုးစားမှု ဝိရိယကျိုးမျှသာ ခံစားခွင့် ရှိသူတို့သည် ယင်း ကုသိုလ်မျိုးကို ပြုခဲ့ကြသည်ဟု ဆိုရချိမ့်မည်။

၃။ အကြင်သူသည် ကောင်းမှု တခုခုကို ပြုသည့်အခါ မိရိုးဖလာ တခုအနေအားဖြင့်သော်ငင်း၊ ပြုကောင်းသော အမှုတခုဟု သာမန် သဘောထားသောအားဖြင့်သော်ငင်း၊ သဘောထားပြီး ပြု၏။ ထို့ပြင် ကောင်းမှုကိုမပြုမီ၊ ပြုဆဲ၊ ပြုပြီးကာလတို့ဝယ် စိတ်အားထက်သန်မှု မရှိ၊ တွန့်ဆုတ်၏။ ဂုဏ်ပကာသန စသည်ကို မက်မော၏။ ထိုသူ၏ ထိုကောင်းမှုမျိုးကို 'ဒွိဟိတ်သြမကကုသိုလ်၊ ဝါ၊အသိဉာဏ်လည်း မပါ၊ယုတ်လည်း ယုတ်ညံ့သော ကောင်းမှု' ဟု ခေါ်၏။ ထိုကောင်းမှုမျိုးကို ပြုထားသူသည် အထက်ပါ ကာမသုဂတိ ပဋိသန္ဓေ ၉ ခုတို့အနက် အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏ တည်းဟူသော အဟိတ်ပဋိသန္ဓေဖြင့် ပဋိသန္ဓေ နေရ၏။ မွေးဖွားလာ၏။ ပြီးလျှင် မွေးဖွားလာစဉ်ကပင် ကျိး၊ ကန်း၊ ပင်း၊ အ သူ၊ ဝါ၊ လူစဉ်မမီသူများ၊ နတ်စိမ်းစသော အောက်တန်းစား လူ၊ နတ်များ ဖြစ်လာကြ၏။ ယခု မျက်မြင် လောကတွင် ပြုကြသော ကောင်းမှုကုသိုလ်များကို စိစစ်ကြည့်

ပါက နံပတ် ၁ အဆင့်အတန်း မှီသူများမှာ ရာခိုင်နှုန်း ၂၀ ထက် မများသည်ကို သတိပြုမိကြ ပါလိမ့်မည်။]

အသညသတ်ကြဉ် ရူပ ၁၅ ဘုံရှိသော ပြဟ္မာကြီးများ၏ ပဋိသန္ဓေနေကြသော စိတ်ကား ၅ ပါး ရှိ၏။ ထိုပဋိသန္ဓေစိတ် ၅ ပါး တို့သည် ရူပကုသိုလ်ကံ ၅ ခု ဟူသော ပုညာဘိသင်္ခါရ အကြောင်းကြောင့် ဖြစ်လာရ၏။ ထိုအကြောင်းတရားတွင်ရှိသော ကြောင်းရှိစွမ်းရည်ကား နာနာက္ခဏိကကမ္မနှင့် ပကတူပနိဿယ သတ္တိတို့ပင် ဖြစ်၏။

လူလောက၊ နတ်လောကဟူသော ကာမသုဂတိဘုံတွင် အသက်ရှင်နေဆဲ ပဝတ္တိအခါ[နှစ်သက်ဘွယ်သော စက္ခုဝိညာဏ် ဝါ၊ မျက်စေ့အသိ၊ နားအသိ၊ နှာခေါင်းအသိ၊ လျှာအသိ၊ ကိုယ်အသိ၊ ဥပေက္ခာဝေဒနာနှင့် ယှဉ်သော အာရုံခံယူမှုအသိ၊ သောမနဿဝေဒနာနှင့်ယှဉ်သော စူးစမ်းမှုအသိ တည်းဟူသော] ဥပေက္ခာသဟဂုတ် သန္တီရဏ ကြဉ်သော အဟိတ်ကုသလဝိပါက် ၇ ခု အကျိုးစုသည်လည်း အဆိုပါ ကာမကုသိုလ်ကံ ၈ ခု တည်းဟူသော ပုညာဘိသင်္ခါရ အကြောင်းတရားကြောင့်သာ ဖြစ်လာရ၏။ ကြောင်းရှိ စွမ်းရည်တို့ကား နာနာက္ခဏိကကမ္မနှင့် ပကတူပနိဿယတို့ပင် ဖြစ်ကြ၏။

[ဥပမာ သင်သည် ယခုစာကြည့်နေ၏။ စက္ခုဝိညာဏ်စိတ် ဖြစ်နေ၏။ ဝါ၊ မျက်စေ့အသိ ဖြစ်စေ၏။ ဤအသိကို မိမိက လိုလား၏။ နှစ်သက်၏၊ ထို လိုလား နှစ်သက်အပ်သော စက္ခု ဝိညာဏ်မှာ အကျိုးတခု ဖြစ်၏။ ယင်း၏ အကြောင်းကား အတိတ်ဘဝမှ ကာမကုသိုလ်ကံ တည်းဟူသော ပုညာဘိသင်္ခါရ ဖြစ်၏။

ဤစာအုပ်ကို လက်ဝယ်ရရှိအောင် အကြောင်းညီညွတ်လာရာတွင် ပစ္စုပ္ပန်ကံ၊ ဉာဏ်၊ ဝီရိယများ ပါရှိသလို အတိတ်၊ ကံ၊ ဉာဏ်၊ ဝီရိယများလည်း ပါဝင်သည်ဟု ဆိုလို၏။ နားအသိ သောတဝိညာဏ် စသည်လည်း ထို့အတူပင်။]

[စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ ၂ တည်းဟူသော] အဟိတ်ကုသလဝိပါက် ၅ ခုကို ရူပဘုံတွင် ရရှိကြ၏။ အကျိုးဖြစ်သော ထိုဝိပါက်စိတ် ၅ ခု၏ အကြောင်းတရားကား [ရူပဘုံတွင် ရရှိကြသောကြောင့် ယင်းတို့၏ အကြောင်းမှာ ရူပကုသိုလ်ကံဟု ထင်စရာရှိ၏။ အမှန်သော်ကား မဟုတ်] ကာမကုသိုလ်ကံ တည်းဟူသော ပုညာဘိသင်္ခါရပင် ဖြစ်၏။ ကြောင်းရှိစွမ်းရည်လည်း နာနာက္ခဏိက ကမ္မ၊ ပကတူပနိဿယ တို့ပင် ဖြစ်ကြ၏။

စက္ခုဝိညာဏ်စသော အဟိတ် ကုသလဝိပါက် ၈ ခုစလုံးကို ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟူသော ဒုဂ္ဂတိဘုံတွင် ရနိုင်ကြသေး၏။ ထိုစိတ် ၈ ခု၏ အကြောင်းတရားမှာလည်း ကာမကုသိုလ်ကံပင် ဖြစ်၏။ ပစ္စယသတ္တိလည်း ၂ ခုပင်။

[ဤအမှတ် ၁ မှ ၅ အထိကို ပဋ္ဌာန်းသုံးအတိုင်း မပြန်ဆိုဘဲ သဘောပေါက်လွယ်စေခြင်းငှာ အတ္ထာပန္နနည်းဖြင့် ပြန်ဆိုထားပါသည်။]

ထိုတွင် ငရဲဘုံသို့ အရှင်မဟာမောဂ္ဂလာန်မထေရ် ကြွရောက်လှည့်လည်သည့်အခါ စသည်တို့၌ ဣဋ္ဌာရုံနှင့်ယှဉ်သောကြောင့် ငရဲဘုံဝယ် ထိုပုညာဘိသင်္ခါရက ကျေးဇူးပြုသေး၏။ တိရစ္ဆာန် တို့တွင်သော်ကား နဂါးများ၊ ဂဠုန်များ၊ တန်ခိုးကြီး ပြိတ္တာများ၌လည်း ဣဋ္ဌာရုံကို ရရှိအပ်သည်သာ။

[ဗုဒ္ဓသက်တော်ထင်ရှား ရှိစဉ်က ငရဲသို့ အရှင်မဟာမောဂ္ဂလာန် မထေရ် ကြွတူး၏။ ထိုအရှင်မြတ် ရောက်သွားသည်နှင့် တပြိုင်နက် ငရဲမီးများ ငြိမ်းသွား၏။ ငရဲသားတို့သည် ဇုဋ္ဌာရုံ စင်စစ်ဖြစ်သည့် အရှင်မြတ်အား မျက်ဝါးထင်ထင်ဖူးမြင်ကြရ၏။

ဤတွင် ငရဲသားတို့သည် အနိဋ္ဌာရုံ မြင်ကွင်းများကို မြင်နေရသည့် အကုသလဝိပါက် စက္ခုဝိညာဏ်၊ ရှုးသွပ်ခမန်း မြည်တမ်းအော်ဟစ်သံကို ကြားနေရသည့် အကုသလဝိပါက် သောတဝိညာဏ်၊ပူလောင်သောငရဲမီး၏ အထိအတွေ့ဟူသော အကုသလဝိပါက် ကာယဝိညာဏများ တရံမစဲ ဖြစ်နေကြရ၏။ ယင်းသို့ဖြစ်နေရာမှ ထိုအရှင်ကြောင့် ငရဲမီးစသည်များ ငြိမ်းအေးသွားသဖြင့်အကုသလဝိပါက်မှသည် (အခိုက်အတန့်အားဖြင့်) အဟိတ်ကုသလဝိပါက် စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ကာယဝိညာဏ်များ ဖြစ်လာကြ၏။

ယင်းသို့ ဖြစ်ပေါ်လာသော စက္ခုဝိညာဏ်စသည်တို့၏ အကြောင်းကား ကာမကုသိုလ်ကံဖြစ်သည့် ပုညာဘိသင်္ခါရပင် ဖြစ်၏။ အကုသိုလ်ကံတည်းဟူသော အပုညာဘိသင်္ခါရမဟုတ်။ ထို့အတူ နဂါး၊ ဂဠုန်၊ ပြိတ္တာ ဖြစ်နေရခြင်း၏ အကြောင်းရင်းမှာ အကုသိုလ်ကံတည်းဟူသော အပုညာဘိသင်္ခါရပင် ဖြစ်လင့်ကစား ခံစားရရှိကြသော စည်းစိမ်ဉစ္စာ၊တန်ခိုးအာဏာတို့၏ အကြောင်းရင်းကား အကုသိုလ်ကံမဟုတ်။ ကာမကုသိုလ်ကံသာလျှင်ဖြစ်၏ ဟူလို။

ဤသဘောတရားကို ထောက်ဆသော် မျက်မြင် လူ့လောကတွင် တိရစ္ဆာန်ကလေးများကို ချစ်ခင်ယုယတတ်သည့် မိသားစု အသိုင်းအဝိုင်းတွင် ကံအားလျော်စွာ မွေးဖွားလာသော

ခွေးကလေး၊ ကြောင်ကလေးများရှိကြ၏။ ထိုသတ္တဝါကလေးများအဖို့ ကြည်နူးတွယ်မြင်ကွင်း၊ ကြင်နာသောအသံ၊ သန့်ပြန့်သောအနံ့၊ ချိုမြိန်သောအစာ၊ ယုယသော အထိအတွေ့များများကို ခံစားကြရသည်သာ။ ထို့ကြောင့် အဟိတ်ကုသလဝိပါက်စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယဝိညာဏ်များ ဖြစ်ပေါ်လျက်ရှိကြ၏။ ဖြစ်ပေါ်နေကြသော ထိုကုသလဝိပါက်စိတ်တို့၏အကြောင်းကား အတိတ်ဘဝမှ ကုသိုလ်ကံပင်ဖြစ်၏။ သို့သော်အဟိတ်တိရစ္ဆာန်မျိုးတွင် ပဋိသန္ဓေတည်နေရခြင်း အကြောင်းရင်းကား အတိတ်ဘဝမှ အကုသိုလ်ကံပင် ဖြစ်သည်ဟူ၍ သိသာနိုင်၏။]

ကာမသုဂတိဘုံတွင် ထိုပုညာဘိသင်္ခါရကပင်လျှင် [အဟိတ်ကုသလ ဝိပါက်နှင့် မဟာ ဝိပါက်တည်းဟူသော] ကုသလဝိပါက်ဝိညာဏ် ၁၆ ခုအား ၂ ပစ္စယသတ္တိဖြင့်ပင် ပဝတ္တိအခါ၊ ပဋိသန္ဓေအခါတွင် ကျေးဇူးပြု၏။ သာမန်အားဖြင့်ကား ပုညာဘိသင်္ခါရသည် ရူပဘုံရှိ ဝိပါက် ဝိညာဏ် ၁၀ ခုအား ပဝတ္တိအခါ၊ ပဋိသန္ဓေအခါ ကျေးဇူးပြု၏။

၁။ [အပါယ် ၄ ဘုံ တည်းဟူသော] ကာမဒုဂ္ဂတိဘုံတွင် [ငရဲ၊ တိရစ္ဆာန် စသည်တို့၏] ပဋိသန္ဓေစိတ်ကား တခုသာရှိ၏။ ထိုအကြောင်းကား အကုသိုလ်စေတနာ ၁၂ ခုပင် ဖြစ်၏။ ကြောင်းရှိစွမ်းရည်ကား နာနာက္ခဏိကကမ္မ၊ ပကတူပနိဿယပင် ဖြစ်၏။

၂။ ပဋိသန္ဓေအခါ ကျေးဇူးမပြုဘဲ [=ဖြစ်ပေါ်စေနိုင်စွမ်းမရှိဘဲ] ပဝတ္တိအခါမှာ ဖြစ်ပေါ်စေနိုင်သော အကျိုးဝိပါက်ကား

၆ ခု ရှိ၏။ ၎င်းတို့ကား ဥပေက္ခာသန္တီရဏကြဉ်သော အကုသလ ဝိပါက် ၆ ခုပင် ဖြစ်၏။

၃။ ပဝတ္တိ ပဋိသန္ဓေအခါ ၂ မျိုးစလုံး၌ ကျေးဇူးပြုသော [ဖြစ်လာစေနိုင်စွမ်း ရှိသော] အကျိုး ဝိပါက် များကား အကုသလဝိပါက် ၇ ခုပင် ဖြစ်၏။

၄။ ကာမဘုံတွင် အကုသိုလ်ကံကြောင့် ပဋိသန္ဓေအခါ မဟုတ်ဘဲ ပဝတ္တိအခါမှာသာ ဖြစ်သော အကျိုးဝိပါက်ကား ထို အကုသလဝိပါက် ၇ ခုပင် ဖြစ်၏။

[ယခု သက်ရှိ ပဝတ္တိကာလတွင် အကုသလဝိပါက်များ ဖြစ်ကြသည့် အနိဋ္ဌာရုံ မြင်ကွင်း၊ အသံဆိုး၊ အနံ့ဆိုး၊ အရသာ ဆိုး၊ အထိအတွေ့ဆိုးများနှင့် တွေ့ရ၊ ကြုံရခြင်း၏ အကြောင်းမှာ အတိတ်အကုသိုလ်ကံသည်လည်း တရားခံ ဖြစ်၏ ဟူလို]

၅။ ရူပဘုံတွင် [မကောင်းမှု အကုသိုလ်ကံ၏ အကျိုးဆက် ဖြစ်သည့် စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ တည်းဟူသော] ဝိပါက်၊ ဝိညာဏ် ၄ ခုတို့အား ယင်း အပုညာဘိ သင်္ခါရက နာနာက္ခဏိကကမ္မ၊ ဥပနိဿယသတ္တိတို့ဖြင့်ပင် ကျေးဇူးပြု၏။ ဖြစ်ပေါ်စေ၏။ ယင်းသို့ ဖြစ်စေနိုင်သည်မှာ ပဝတ္တိ အခါသာ ဖြစ်၏၊ ပဋိသန္ဓေအခါ မဟုတ်ပေ။

ထိုအပုညာဘိသင်္ခါရသည်ပင်လျှင် ကာမဘုံတွင် အနိဋ္ဌာရုံ မြင်ကွင်းကို မြင်ရခြင်း၊ အနိဋ္ဌာရုံ အသံကို ကြားရခြင်း စသည် တို့၏ အစွမ်းဖြင့် ကျေးဇူးပြု၏။ ဗြဟ္မာဘုံတွင် [အများ အားဖြင့်] အနိဋ္ဌာရုံများ မရှိကြ။ ကာမာဝစရ နတ်ပြည်မှာလည်း ထို့ အတူပင်။ [အနည်းအကျဉ်းအားဖြင့်တော့ ရှိကြသေး၏ ဟူလို။]

အရှုပ်ဘုံတွင် ပဝတ္တိအခါ၊ ပဋိသန္ဓေအခါ၊ အနေ့ဥ္ဓာတိသဒ်ါရ တည်းဟူသော အကြောင်းကြောင့် အကျိုးတရား ဝိပါက်၊ ဝိညာဏ် ၄ ပါး ဖြစ်ပေါ်လာ၏၊ ပစ္စယသတ္တိလည်း ၂ ပါးပင် ဖြစ်၏။

ကာမာဝစရ ကုသိုလ် အကုသိုလ်အကုန်ကို ပေါင်းယူလိုက် သော် စေတနာ ၂၀ ဟု ဆိုအပ်သည့် ကာယသဒ်ါရအကြောင်း ကြောင့် ကာမဘုံတွင် ပဋိသန္ဓေအခါ၊ [အဟိတ်ပဋိသန္ဓေ ၂၊ မဟာဝိပါက် ၈ တည်းဟူသော] ဝိပါက် ဝိညာဏ် ၁၀ ပါး အကျိုးတရား ဖြစ်လာ၏။ ပစ္စယသတ္တိကား နာနာက္ခဏိက ကမ္မ၊ ဥပနိဿယတို့ပင် ဖြစ်၏။

[ဤတွင် ဥဒ္ဓစ္စ စေတနာသည် မိမိအလိုအလျောက်အားဖြင့် ပဋိသန္ဓေကျိုးကို ပေးနိုင်စွမ်းမရှိ။ ထို့ကြောင့် 'ပဋိသန္ဓေကျိုးကို ပေးနိုင်စွမ်းသော အကုသိုလ်စေတနာ ၁၁ ပါးသာ ရှိ၏'ဟု သင်္ဂြိုဟ်က ဆိုထား၏။ သို့သော် ဥဒ္ဓစ္စ စေတနာသည် ကိုယ်တိုင်က ပဋိသန္ဓေကျိုးကို ပေးနိုင်စွမ်း မရှိသော်လည်း အားနည်းနေသော အခြားအကုသိုလ် စေတနာကိုသော်ကား ထောက်ပံ့နိုင်စွမ်းရှိ၏။ ထို့ကြောင့် ဤသည်ကို ရည်ညွှန်း၍ အကုသိုလ်စေတနာ ၁၂ ပါး စလုံးကို ယူထားပြီး မဟာကုသိုလ်စေတနာ အပါအဝင် 'ကာမ ကုသိုလ် စေတနာ ၂၀'ဟု ဆိုထားခြင်း ဖြစ်ပါသည်။ အပုညာဘိ သင်္ခါရတွင် အကုသိုလ်စေတနာ ၁၂ ပါးစလုံး ယူထားသည်မှာ လည်း ဤသဘောပင် ဖြစ်ပါသည်။]

အဆိုပါ ကာယသင်္ခါရကြောင့်ပင် ကာမဘုံတွင် [ကာမ ပဋိသန္ဓေ ၁၀ ကြဉ်သော] ဝိပါက်ဝိညာဏ် ၁၃ ပါး၊ ရူပဘုံတွင်

ဝိပါက်ဝိညာဏ် ၉ ပါး၊ အကျိုးတရားတို့ ဖြစ်လာကြ၏။ ဤသည်မှာ ပဝတ္တိအခါမှ ာသာ ဖြစ်၏။ ပဋိသန္ဓေအခါ မဟုတ်။

[၁၃ ပါး ဟူသည်မှာ ကာမဝိပါက် ၂၃ ရှိသည့်အနက် ကာမ ပဋိသန္ဓေ ၁၀ ကြဉ်၊ ကြွင်း ၁၃ ပါးပင် ဖြစ်၏။ ပဝတ္တိအခါဖြစ်သောကြောင့် ပဋိသန္ဓေကို ကြဉ်ရ၏။ ၉ ပါးဟူသည်မှာ အဟိတ်ဝိပါက် ၁၅ တွင် ဃာနာဒိတ္တယ ၆ ခုကြဉ်၊ အကြွင်း ၉ ပါးပင် ဖြစ်၏၊ ရူပဘုံဖြစ်သောကြောင့် ဃာနာဒိတ္တယကို မရ။]

ထိုကာယ သင်္ခါရကြောင့်ပင် ကာမဘုံတွင် ဝိပါက် ဝိညာဏ် ၂၃ ပါး အကျိုးတရား ဖြစ်လာ၏။ ပစ္စယသတ္တိလည်း ၂ ခုပင်။ ဤသည်မှာ ပဝတ္တိအခါမှာရော ပဋိသန္ဓေအခါပါ ဖြစ်၏။ ဝစီသင်္ခါရလည်း ကာယသင်္ခါရနည်းတူပင်။

စိတ္တသင်္ခါရကား စေတနာ ၂၀ ခု၊ တနည်း ၂၉ ခုရှိ၏။ ထိုစိတ္တသင်္ခါရကြောင့် ကာမ၊ ရူပ၊ အရူပဘုံတို့၌ ပဋိသန္ဓေ ၁၉ပါး အကျိုးတရား ဖြစ်လာ၏။ ပစ္စယသတ္တိ ၂ ခုပင်။ ထိုစိတ္တသင်္ခါရကြောင့်ပင် ကာမဘုံ၊ ရူပဘုံတို့၌ အဆိုပါ ကာမဝိပါက် ၁၃ပါး၊ ၉ ပါးအားဖြင့် ၂၂ ပါးသော အကျိုးတရားဝိပါက်ဝိညာဏ်များသည် ပဝတ္တိအခါမှာ ဖြစ်လာကြ၏။ ပဋိသန္ဓေအခါမဟုတ်။ ကာမ၊ ရူပ၊ အရူပဘုံသုံးပါး၌ကား ထိုစိတ္တသင်္ခါရကြောင့်ပင်လျှင် ၃၂ ပါးသော ပဝတ္တိ ပဋိသန္ဓေကျိုးများ ဖြစ်လာကြ၏။ ပစ္စယသတ္တိ ၂ ခုပင်။

[၂၀ ဟူသော်ကား ကာမကုသိုလ်၊ အကုသိုလ် စေတနာ ၂၀ ရူပကုသိုလ် စေတနာ ၄၊ အရူပကုသိုလ် စေတနာ ၄၊ ပေါင်း ၂၀။ စတုက္ကနည်းဖြင့် ယူထားသောကြောင့် ရူပကုသိုလ် စေတနာ ၄ ခု ဖြစ်၏။ ၂၉ ဟူသော်ကား ကာမစေတနာ ၂၀၊ ရူပစေတနာ ၅၊

အရူပ စေတနာ ၄၊ ပေါင်း ၂၉။ ပဥ္စတနည်းဖြင့် ယူထားသောကြောင့် ရူပကုသိုလ်စေတနာ ၅ ခုဖြစ်လာ၏။ တခါ မဟာဂ္ဂုတ်ကုသိုလ် စေတနာသည် ကာယဒွာရ၊ ဝစီဒွာရတွင် မဖြစ်။ ထို့ကြောင့် ကာယသင်္ခါရ၊ ဝစီသင်္ခါရ အရတွင် မထည့်ရ။ မနောဒွာရမှာသာ ဖြစ်၏။ ထို့ကြောင့် ဤစိတ္တသင်္ခါရ ကျမှသာ မဟာဂ္ဂုတ်စေတနာတို့ကို ထည့်သွင်း ရေတွက်၏]

ပြဆိုအံ့သော စကားရပ်ကား ထိုဘဝ၌ အစပိုင်းမှစ၍ သိသာရုံမျှ ပြဆိုသော စကားဖြစ်၏။

ခွဲဦးအံ့။ ဤသင်္ခါရသုံးပါးတို့အနက် ပုညာဘိသင်္ခါရသည် ကာမ၊ ရူပ ၂ ဘုံ၌ ပဋိသန္ဓေကျိုးကိုပေး၍ မိမိ၏ အားလုံးသော အကျိုးကို ဖြစ်စေ၏။ ထို့ပြင် အဏ္ဍဇ စသော ယောနိ ၄ မျိုးတို့၌ ၎င်း၊ လူ၊ နတ်တည်းဟူသော ဂတိ ၂ ပါးတို့၌၎င်း၊ နာနတ္တကာယ နာနတ္တသညီ၊ နာနတ္တကာယ ဧကတ္တသညီ၊ ဧကတ္တကာယ နာနတ္တသညီ၊ ဧကတ္တကာယ ဧကတ္တသညီ တည်းဟူသော လူနှင့် ပဌမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထဘုံသား ဗြဟ္မာတို့၏ အစွမ်းအားဖြင့် ဝိညာဏဋ္ဌိတိ ၄ ခုတို့၌၎င်း၊ အသညသတ်ဘုံသားတို့၏ နေရာ၌ကား ထိုပုညာဘိသင်္ခါရက ရုပ်မျှကိုသာ ပြုစီရင်သောကြောင့် သတ္တဝါတို့နေရာ ၄ ခုတို့၌၎င်း၊ ပဋိသန္ဓေကျိုးကိုပေး၍ မိမိ၏ အားလုံးသော အကျိုးကို အကြင့်ကြောင့် ဖြစ်စေ၏။ ထို့ကြောင့် ထိုဘဝ ၂ ခု၊ ယောနိ ၄ ခု၊ ဂတိ ၂ ခု၊ ဝိညာဏဋ္ဌိတိ ၄ ခု၊ သတ္တဝါကိုနေရာ ၄ ခုတို့၌ ထိုပုညာဘိသင်္ခါရက အကျိုးဝိပါက် ၂၁ ခုအား(ပြဆိုခဲ့သည့်အတိုင်း ပဝတ္တိ ပဋိသန္ဓေအခါတွင် ထိုက်သင့်သလို)ကျေးဇူးပြု၏။ ဖြစ်လာစေ၏။

[၂၁ ဟူသည်ကား အဟိတ်ကုသလဝိပါက် ၈၊ မဟာဝိပါက် ၈၊ ရူပဝိပါက် ၅ ပင် ဖြစ်၏။ တဖန် 'ထိုက်သင့်သလို'ဟူသော စကားက ပြဆိုသည်မှာ "ကာမာဝစရ ပုညာဘိသင်္ခါရသည် ကာမသုဂတိ ပဋိသန္ဓေ ကိစ္စတပ်သော ဝိပါက် ၉ ခုတို့အား ပဋိသန္ဓေ ပဝတ္တိအခါတွင် ၂ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ဥပေက္ခာသဟဂုတ် သန္တီရဏကြဉ်သော အဟိတ်ကုသလဝိပါက် ၇ ခုတို့အား သော်ကား ပဝတ္တိအခါမှာသာ ကျေးဇူးပြု၏။ "ရူပါဝစရ ပုညာဘိသင်္ခါရသည် ရူပါစရဝိပါက် ၅ ခုတို့အား ပဝတ္တိအခါ၊ ပဋိသန္ဓေအခါ ၂ မျိုးစလုံးမှာပင် ကျေးဇူးပြု၏" ဟူလို။]

အာနေဉ္ဇာဘိသင်္ခါရသည်ကား တခုတည်းသော အရူပဘဝ၊ တခုတည်းသော ဥပပါတ်ယောနိ၊ တခုတည်းသော ဒေဝဂတိ၊ အာကာသာနဉ္စာယတန စသည့် ဝိညာဏဋ္ဌိတိ ၃ ခု၊ အာကာသာနဉ္စာယတနစသည့် သတ္တာဝါသနေရာ ၄ ခုတို့၌ ပဋိသန္ဓေကျိုးကို အကြင့်ကြောင့်ပေး၏။ ထို့ကြောင့် ထိုအာနေဉ္ဇာဘိသင်္ခါရသည် ဘဝတခု၊ ယောနိတခု၊ ဂတိတခု၊ ဝိညာဏဋ္ဌိတိ ၃ ခု၊ သတ္တာဝါ နေရာ ၄ ခုတို့၌ အရူပဝိပါက် ၄ ခုတည်းဟူသော ဝိညာဏ်တို့အား ပြဆိုခဲ့သည့်အတိုင်း ပဝတ္တိ ပဋိသန္ဓေအခါ ကျေးဇူးပြု၏။ ဖြစ်လာစေ၏။

ကာယသင်္ခါရသည်လည်း တခုတည်းသော ကာမဘဝ၊ ၄ ပါးသော ယောနိ၊ ၅ ပါးသောဂတိ၊ ၂ ပါးသော ဝိညာဏဋ္ဌိတိ၊ ၂ ပါးသော သတ္တာဝါသနေရာများ၌ ပဋိသန္ဓေကျိုးကို ပေးပြီးလျှင် မိမိ၏ အားလုံးသောအကျိုးကို အကြင့်ကြောင့် ဖြစ်စေ၏။ ထို့ကြောင့် ထိုကာယသင်္ခါရသည် ဘဝတခု၊ ယောနိ ၄ ခု၊

ဂတိ ၅ ခု၊ ဝိညာဏဋ္ဌိတိ ၂ ခု၊ သတ္တဝါနေရာ ၂ ခုတို့၌ ကာမ ဝိပါက် ၂၃ တည်းဟူသော အကျိုးတရားတို့အား ထိုပစ္စယသတ္တိ ၂ ခုတို့ဖြင့်ပင် ပဋိသန္ဓေ ပဝတ္တိအခါတို့၌ ကျေးဇူးပြု၏။ ဖြစ်ပေါ်စေ၏။ ဝစီသင်္ခါရလည်း ကာယသင်္ခါရနည်းတူပင်။

စိတ္တသင်္ခါရသည် အသညသတ် တည်းဟူသော သတ္တဝါတို့ နေရာတခုကို ချန်လှပ်၍ တစုံတခုသော ယောနိ စသည်တို့၌ အကျိုးမပေးနိုင်သည်ဟူ၍ မရှိ။ အကြင့်ကြောင့် အကျိုးပေးသည် ချည်းတည်း။ ထို့ကြောင့် ထိုစိတ္တသင်္ခါရသည် ဘဝ ၃ ပါး၊ ယောနိ ၄ မျိုး၊ ဂတိ ၅ မျိုး၊ ဝိညာဏဋ္ဌိတိ ၇ မျိုး၊ သတ္တဝါနေရာ ၈ ခု တို့၌ ဝိပါက်၊ဝိညာဏ် ၃၂ပါး၊ အကျိုးတရားတို့အား ပဝတ္တိ ပဋိသန္ဓေ အခါတို့၌ ထိုနှစ်ပစ္စယသတ္တိတို့ဖြင့် ထိုက်သလို ကျေးဇူးပြု၏။ ဖြစ်ပေါ်စေ၏။ အကျိုးပေး၏။

ဝိညာဏ်မရှိသော သတ္တဝါ၏ နေရာ၌သော်ကား သင်္ခါရ ကြောင့် ဖြစ်သော ဝိညာဏ် မရှိ။ တနည်းကား ပုညာဘိ သင်္ခါရသည် အသညသတ်ဘုံ၌ ကဋတ္တာရုပ်တို့အား နာနာက္ခဏိက ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

"ဘဝ စသည်တို့၌ ပဋိသန္ဓေအခါ၊ ပဝတ္တိအခါအားဖြင့် ထိုသင်္ခါရတို့က ဝိပါက်၊ ဝိညာဏ်တို့အား အကြင်အခြင်းအရာဖြင့် ကျေးဇူးပြု၏။ ထိုအခြင်းအရာဖြင့် [အကြောင်းနှင့် အကျိုးကို] သိရှိအပ်၏"ဟူသော စကားရပ်အတွက် ယခုပြဆိုခဲ့သည့်အတိုင်း သိရှိအပ်၏။

သင်္ခါရကြောင့်ဖြစ်သော ဝိညာဏ်၏ အကျယ်တဝင့် အဖွင့် စကားရပ် အပြီးသတ်သတည်း။

## ဝိညာဏပစ္စယာ နာမရူပံ

ဟူသော ဝိညာဏ်ဟူသော အကြောင်းကြောင့်
နာမ်ရုပ် ဖြစ်လာ၏

## ဝိဘင်းပါဠိတော် မြန်မာပြန်

ထိုတွင် ဝိညာဏ်ကြောင့် (ဖြစ်လာသော) နာမ်ရုပ် ဟူသည် အဘယ်နည်း။ နာမ်ဟူသည် ရှိ၏။ ရုပ်ဟူသည် ရှိ၏။

ထိုတွင် နာမ်ဟူသည် အဘယ်နည်း။

ခံစားမှု ဝေဒနာက္ခန္ဓာသည်၎င်း၊ မှတ်သားမှု သညာက္ခန္ဓာသည်၎င်း၊ ပြုမှု သင်္ခါရက္ခန္ဓာသည်၎င်း ရှိ၏။ ဤသည်ကို နာမ်ဟု ဆိုအပ်၏။

ထိုတွင် ရုပ်ဟူသည် အဘယ်နည်း။

၄ ပါးကုန်သော မဟာဘုတ်တို့သည်၎င်း၊ ၄ ပါးကုန်သော မဟာဘုတ်တို့ကို မှီ၍ ဖြစ်သော ဥပါဒါရုပ်သည်၎င်း ရှိ၏။ ဤသည်ကို ရုပ်ဟု ဆိုအပ်၏။

ယင်းသို့လျှင် ဤ နာမ်သည်၎င်း၊ ရုပ်သည်၎င်း ရှိ၏။ ဤသည်ကို ဝိညာဏ်ကြောင့် [ဖြစ်လာသော] နာမ်ရုပ်ဟု ဆိုအပ်၏။

၁။ ဘဝဟူသည်မှာ စွမ်းအားသတ္တိတို့၏ အစုအဝေး ဖြစ်၏။ ၎င်းတို့အနက် အချို့မှာ ရုပ်ပိုင်းဆိုင်ရာ (ကာယကံ၊ ဝစီကံ)များ ဖြစ်၍ အချို့မှာကား နာမ်ပိုင်းဆိုင်ရာ(မနောကံ)များ ဖြစ်ကြ၏။

၂။ ရုပ်ပိုင်းဆိုင်ရာ စွမ်းအားစုတို့သည် တစိတ်တဒေသ အားဖြင့် ရှေးရှေးဖြစ်သော စွမ်းအားစုကို အမှီပြု၍ တစိတ် တဒေသအားဖြင့် ပတ်ဝန်းကျင် အကြောင်းအရာ အနှောင်အဖွဲ့ များကို အမှီပြုရတတ်၏။

ဤတွင် ဆိုလိုသော အဓိပ္ပာယ်မှာ မွေးဖွားလာကတဲက ဒေါသစရိုက် ပါလာသူ၏ စိတ်နေသဘောထား (=မနောကံ)၊ အပြုအမူ (=ကာယကံ)၊ အပြောအဆို (=ဝစီကံ) တို့သည် ကြမ်းတမ်း၏။ ခက်ထန်၏။ နူးညံ့မှု၊ သိမ်မွေ့မှု မရှိတတ်သည်သာ ဖြစ်၏။ ဤသည်မှာ ရှေးရှေးဖြစ်သော စွမ်းအားစု(PRECEE-DING FORCE)ကို အမှီပြု၍ ရုပ်ပိုင်း၊နာမ်ပိုင်းဆိုင်ရာ စွမ်းအား စုတို့ ဖြစ်တတ်ပုံတည်း။ သို့သော် ထိုသူသည် စိတ်နေသဘောထား နူးညံ့သည့်အလျောက် အပြောအဆို ယဉ်ကျေးပြီး အပြုအမူ သိမ်မွေ့သည့် ပတ်ဝန်းကျင်၊ သို့မဟုတ် အိမ်ထောင်စုတခုသို့ ရောက်ရှိသွားသည်ဟု ဆိုကြပါစို့။ ထိုအိမ်ထောင်စု ဟူသော ပတ်ဝန်းကျင်၏ အရောင်ဟပ်မှုကြောင့် ထိုသူ၏ ကာယကံမှု၊

ဝစီကံမှု၊ မနောကံမှု တို့သည် တစတစနှင့် သိမ်မွေ့လာမည်၊ ညင်သာလာမည် ဖြစ်၏။ ဤသည်မှာကား ပတ်ဝန်းကျင် အခြင်းအရာ အနှောင်အဖွဲ့ THE RETARDATION OF SURROUNDING FACTOR ကို အမှီပြု၍ ရုပ်ပိုင်း၊ နာမ်ပိုင်း ဆိုင်ရာ စွမ်းအားစုတို့ ဖြစ်တတ်ပုံတည်း။ ကျောင်းဆရာ မရောက်လာမီ ဆူဆူညံညံ ပြောဆိုနေကြ၊ ငြင်းခုံနေကြသော ကျောင်းသားတစုသည် ဆရာ ရောက်လာသည်နှင့် တပြိုင်နက် ငြိမ်သက်သွားတတ်ပုံ ဥပမာဖြင့်လည်း အထက်ပါ သဘောတရားကို နားလည်နိုင်သည်သာ]

၃။ ရုပ်ဝတ္ထုတို့၏ ဒြပ်ပေါင်း ဖြစ်သော ဤခန္ဓာကိုယ်ဟူသည်ကား ဘခင်၏ အဖိုမျိုးစေ့ (SPERM-CELL)နှင့် မိခင်၏ အမမျိုးစေ့ (OVUM-CELL)တို့၏ ပေါင်းစပ်မှုကြောင့် ဖြစ်ပေါ်လာရ၏။ တခါ အစာအာဟာရ၊ ရေ၊ လေနှင့် အပူဓာတ် (အပူ၊ အအေး) တို့ဖြင့် အမြဲတစေ ပြင်ဆင်ထိန်းသိမ်းထားရပြန်၏။

[စာကိုယ်တွင် HEAT ဟု ရှိသဖြင့် 'အပူဓာတ်'ဟု ပြန်ဆိုလိုက်ရ၏။ သို့သော် သီတုတေဇောတု သမညတာ တေဇောဓာတုဟူ၍ ဗုဒ္ဓအဘိဓမ္မာက ဆိုထားသောကြောင့် "အပူ၊ အအေး" ၂ မျိုးစလုံးကိုယူလျှင် သာ၍ ပြည့်စုံမည်။ ပို၍လည်း သဘာဝကျမည်ဟု ထင်၏။]

၄။ သေလွန်သည့်အခါ ရောက်ပြန်တော့လည်း ဤမည်သော ရုပ်ခန္ဓာကြီးမှာ ပြိုကွဲပျက်စီးသွားရပြန်၏။ [မြေမြှုပ်ပစ်လိုက်တဲ့ အခါ] ထိုခန္ဓာကိုယ်၏ ဖက်စပ်ပါဝင်နေသော ဓာတ်သဘာဝများကို အပင်များက စုတ်ယူကြ၏။သို့မဟုတ် မြေလွှာအောက်တွင် ကျောက်သားအဖြစ် တည်ရှိကြသည်သာ ဖြစ်၏။

ဤသဘောတရားက ပြဆိုသည်မှာ "ဤမည်သော ရုပ်ခန္ဓာကြီးသည် ရုပ်ဝတ္ထု [အဖိုမျိုးစေ့၊ အမမျိုးစေ့၊ အစာအာဟာရစသည်]တို့ဖြင့် ဖွဲ့စည်းထားအပ်ပြီး ရုပ်ဝတ္ထု [အခလောင်းကောင်ကြီးက တဖြေးဖြေး ဆွေးရိသွားခြင်းအားဖြင့် ဖြစ်ပေါ်လာသော မြေသားပစ္စည်း] ဘဝသို့ ပြိုကွဲပျက်စီးသွားကြပြန်၏" ဟူ၍ ဖြစ်သည်။

[ဤခန္ဓာကိုယ်ကြီးသည် ဖိုမမျိုးစေ့ (ရုပ်ဝတ္ထု) နှစ်ခုတို့ ပေါင်းစပ်မှုကြောင့်ဖြစ်လာရသည်မှာထင်ရှားလေပြီ။ထိုရုပ်ဝတ္ထု နှစ်ခုမှာ အလိုအလျောက် ပေါင်းစပ်လာကြပါသလား။ မဟုတ်ပါပေ။ သည်လိုဆိုလျှင် ဘာ့ကြောင့်နည်း။ တဏှာကြောင့်ဟူ၍ တဏှာတည်းဟူသော လောဘနာမ်တရားကိုပင် တရားခံအဖြစ် ဖော်ထုတ်ရမည် ဖြစ်၏။ တဏှာရာဂ ထကြွလာမှုကြောင့်သာလျှင် ဖိုနှင့်မတို့ တွေ့ဆုံလာရသည် မဟုတ်ပါလော။ သို့အတွက် "နာမ်တရားကြောင့် ရုပ်ဝတ္ထုများ ဖြစ်ပေါ်လာရသလို ရုပ်ဝတ္ထုကို အမှီပြု၍ နာမ်တရားများ ဖြစ်ပေါ်လာရ၏"ဟူသော ယထာဘူတကျသည့် သဘောတရားတခုကို ရယူနိုင်၏။ ယင်းသို့ဆိုလျှင် ခန္ဓာကိုယ်တည်းဟူသော ဒုက္ခအိမ်ကြီးကို တည်ဆောက်သူမှာ တဏှာလက်သမားပင် ဖြစ်ချေသည်။ ထို့ကြောင့် ဗုဒ္ဓသည် တဏှာကို "ဂဟကာရ=အိမ်ဆောက်လက်သမား"ဟူ၍ တင်စားခေါ်ဝေါ်ခဲ့ခြင်း ဖြစ်သည်ကို မှန်ကန်စွာ နားလည်ရာ၏။

တဖန်သော် ဤတဏှာ၏အကြောင်းကား အဘယ်နည်း။ တဏှာသည် ဘယ်သူ့ကြောင့် ဖြစ်လာရသနည်း။ တဦးတယောက်သော တန်ခိုးတော်ရှင်၏ အလိုဆန္ဒအရ ဖြစ်ပေါ်လာရပါသလား။ အကြောင်းတရားကြောင့် ဖြစ်လာရသော

အကျိုးတရားလေလားဟူ၍ ထပ်ဆင့်မေးဘွယ် ရှိ၏၊ အခန်းနံပတ် ၇ ၌ အကျယ်လာဦးမည်မို့ ဤတွင် ဤမျှသာ]

၅။ ဤခန္ဓာကိုယ်ကာယသည် ဓာတ်သဘောများမှ ဖြစ်ပေါ်လာပြီး ဓာတ်သဘောများသို့ ပြန်လည်ပျက်စီးသွားမည်သာ ဖြစ်၏။ ခန္ဓာ ဟူသည်မှာ အကန့်အသတ်မဲ့ သဘာဝမှ လာရောက်ပြီး အကန့်အသတ်မဲ့ သဘာဝသို့သာ ဆက်လက်သွားနေဦးမည့် သန္တတိဟူသော ဖြစ်စဉ်တရပ်သာ ဖြစ်ချေ၏။

ဤသည်မှာ မည်သည့်အခါမျှ မဆုံးနိုင်သည့် [ရေစီးနှင့်တူညီသော] စီးကြောင်းမျိုးသာဖြစ်ချေ၏။ [ဤမည်သောရေစီးသည်] အကြင်မျှလောက်သော ကာလပတ်လုံး တောင့်တမှုတဏှာ ရှိနေသေးအံ့၊ ထိုမျှလောက်သော ကာလတိုင်တိုင် ဆက်လက်နေဦးမည်သာတည်း။

၆။ စိတ်အား သတ္တိ၏လွှမ်းမိုးမှုက ရုပ်ခန္ဓာ၏အခြေအနေကို အကြီးအကျယ် ပြောင်းလွဲပစ်နိုင်၏။ နာမ်တရား [စိတ်အားသတ္တိ]မှ ခန္ဓာကိုယ်[ရုပ်ဝတ္ထု]အား လွှမ်းမိုးနိုင်သောအရှိန်အဝါ ကြီးစွာရှိ၏။

[ဤတွင်"ပတ်ဝန်းကျင် ရုပ်ဝတ္ထုတို့ကသာလျှင် လူ(ရုပ်ခန္ဓာကိုယ်)ကို အကြီးအကျယ် ပြောင်းလွဲပစ်နိုင်သည်။ နာမ်တရားကြောင့် မပြောင်းလွဲနိုင်ပါ"ဟူ၍ အဆိုတခုပြုကာ ဆန်းစစ်ကြည့်ကြပါစို့။

ဥပမာ၊ တောနယ်မှ လူတယောက် မြို့ကြီးပေါ်သို့ ရောက်လာ၏။ ထိုသူ၏ အသွေးအမွေး (ရုပ်ခန္ဓာ အခြေအနေ)တို့သည် ဘောမှာနေစဉ်ကနှင့်မတူ တမူခြားကာ ဝတ်စားဆင်ယင်ပုံ သပ်ယပ်လာမည်။ ပြောင်လွှင်လာမည်။ အသိဉာဏ် ဗဟုသုတ

ကြွယ်ဝလာပြီမို့ ပြောပုံဆိုပုံကစ၍ ပြောင်းလဲလာပေမည်။ ဤသည်မှာ ပတ်ဝန်းကျင် ရုပ်ဝတ္ထုကြောင့် ရုပ်ခန္ဓာပြောင်းလဲလာသည် ဟူသည်က မှန်၏။ နာမ်တရားကြောင့် ပြောင်းလဲလာသည်ဟု ဆိုပါက မှား၏ ဟူပြောအံ့။ ဤအတွေးအခေါ်သည် ဖြစ်ပေါ်တိုးတက်မှုအဆင့်အားဖြင့် မှား၏။ အကြောင်းသော်ကား ရုပ်ဝတ္ထုဖြစ်သော ပတ်ဝန်းကျင်သည် ရုပ်ခန္ဓာအား (တိုက်ရိုက်)မပြုပြင်နိုင်။ သို့သော် ပတ်ဝန်းကျင် ရုပ်ဝတ္ထုကြောင့် နာမ်တရား (လူတို့၏ စိတ်ဓာတ်) သည် ပြောင်းလဲလာနိုင်၏။ ထိုပြောင်းလဲလာသော နာမ်တရားကသာလျှင် ရုပ်ခန္ဓာတည်းဟူသော ရုပ်ဝတ္ထုနှင့်တကွ အသိဉာဏ်ဟူသော နာမ်တရားတို့ကိုပါ ပြုပြင်ပြောင်းလဲပစ်၏။ ထို့ကြောင့် "ပတ်ဝန်းကျင် ရုပ်ဝတ္ထုသည် နာမ်တရားကို ပြောင်းလဲစေနိုင်၏။ ထိုမှတဆင့် နာမ်တရားက (စွမ်းအားကြီးလျှင် ကြီးသလို) ရုပ်ကို ပြုပြင်နိုင်သည်၊ ပြောင်းလဲနိုင်သည်"ဟူ၍ ယူဆမှသာလျှင် ယထာဘူတကျသော တိကျသောမှန်ကန်မှု ဖြစ်ပေမည်။

သို့မဟုတ်ပါက နာမ်တရားကို ပစ်ပယ်လိုသည်နှင့်အမျှ ရုပ်တရားကိုသာ အသားပေးလွန်းသော် မတိကျသော၊ ယထာဘူတမဆိုက်သော၊ ပဒဋ္ဌာန်ဟူသော APPROXIMATE CAUSE ကို ပစ်ပယ်သော အတွေးအခေါ် အယူအဆသာ ဖြစ်ပေတော့မည်။ ယင်းသည်နှင့်အမျှ နာမ်တရားကို ပစ်ပယ်ပေတော့မည်။ ထိုသို့ ပစ်ပယ်လိုသော် အောက်ပါမေးခွန်းကို ဖြေဆိုတို့ တာဝန်ရှိလာပေလိမ့်မည်။

"နာမ်တရားမပါ ရုပ်သက်သက်သာရှိသော တောထဲက ကျောက်မီးသွေးသည် မြို့ပေါ်သို့ရောက်လာသည့်အခါ (မြို့သား

စိတ် ဝင်လာသဖြင့်) ဖြူဖြူဖွေးဖွေးနှင့် ထုံးခဲကလေးများ ဖြစ်လာနိုင်ပါသလော” ဤသို့ ပစ္စည်း၊ ပစ္စယုပ္ပန်ကို ဥပနိဿယမျိုး အနေထား၍ ရှင်းထား၏။ အာရမ္မဏ၊ သဟဇာတမျိုး ထား၍ ရှင်းသော် သာမန်ဗဟုသုတသာ ရှိထားသူတို့အဖို့ နားမရှင်းနိုင်စရာ ဖြစ်မည်စိုး၍ မရှင်းတော့ပါ။]

၇။ စိတ်အားသတ္တိတို့သည် တစိတ်တဒေသအားဖြင့် လွန်နှင့်ပြီးသော အတိတ်မှ တွေးခေါ် မြော်မြင်မှုကို အမှီသဟဲပြုတတ်၍ တစိတ်တဒေသအားဖြင့်သော်ကား [ပစ္စက္ခဖြစ်သော] မြင်ကွင်းများ-ရူပါရုံ၊ အသံများ-သဒ္ဒါရုံ၊ အရသာများ-ရသာရုံ၊ အနံ့များ-ဂန္ဓာရုံ စသည်တို့ကို အမှီပြုတတ်၏။ အမှီပြု၍ ဖြစ်ပေါ်လာသည် ဟူလို။ နာမ်တရားဟူသည်မှာ အချိန်နှင့်အမျှ (တခဏမှ တခဏသို့) ချုပ်ပျက်တတ်သည့် အတွေးရေစီးတခုပင် ဖြစ်၏။ ဤအချိန်မျိုးရှိ ထင်မြင်တွေးခေါ်မှုသည် လွန်နှင့်ပြီးသော တခဏက တွေးခေါ်မှုကို အမှီပြုတတ်၏။ အတွေးအခေါ်သစ်တခုကို ပေါက်ဖွားပေးခဲ့သမှု မပြုဘဲ ချုပ်ပျက်သွားမည့် တွေးခေါ်မှုဟူသည် မရှိပါပေ။

၈။ တဦးတယောက် သေဆုံးသည့်အခါ ထိုသူ၏ စိတ်ခေတ်ဆိုင်ရာလုပ်ငန်း (ကံအမှု)မှန်သမျှ ရပ်နားသွားတော့၏။ အဘယ့်ကြောင့်နည်း။ ထိုသူ၏ ရုပ်ခန္ဓာသည် [အထူးသဖြင့် စိတ်၏ ရုပ်ပိုင်းဆိုင်ရာ အင်္ဂါ၊ ဝါ၊ နှလုံးသားခေါ် ဟဒယဝတ္ထုသည်] အတွေးအခေါ်သစ်တခုကို ထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ ဖြစ်နိုင်ဘွယ်ရာအကြောင်း မရှိတော့ပြီဖြစ်သောကြောင့်တည်း။ သို့သော် လုံးဝပြောင်းလဲသွားသော၊ သို့မဟုတ် ထပ်မံဖြစ်ပွားတတ်သော

စွမ်းရည်ထူးကား ပျောက်ဆုံးမသွားပါပေ။ အကြောင်းသော်ကား အချိန်တိုင်း အချိန်တိုင်းမှာ (သေဆုံးချိန်မှာပင်) အတွေးအခေါ်သစ်များကို ထုတ်လုပ်နိုင်သော ကုသိုလ်ကံ၊ အကုသိုလ်ကံ စေတနာဟူသည် [အမှန်ပင်] ရှိနေသောကြောင့်တည်း။ နှလုံးသားက သေဆုံးသွားသောကြောင့်သာ ကုသိုလ်ကံ၊ အကုသိုလ်ကံ စေတနာဟူသော ထိုတန်ခိုးသတ္တိထူးတို့သည် ရပ်နားရုံမျှသာ ရပ်နားသွားကြရ၏။ သေဆုံးသွားကြသည် မဟုတ်ပါပေ။ [အခိုက်အတန့်အားဖြင့် ရပ်နားသွားကြသော] ထိုတန်ခိုးသတ္တိတို့ကား အတွေးအခေါ်သစ်များကို ထပ်မံထုတ်လုပ်ပေးရဦးမည် ဖြစ်၏။

[ဤသဘောတရားများကို ကောင်းစွာ နားလည်နိုင်ရန် အတွက် အောက်ပါ အမှတ် ၉၊ ၁၀ နှင့် ၁၁ စာပိုဒ်တို့ကို စဉ်းစဉ်းစားစားနှင့် ဖတ်ရှုပါ။]

၉။ ရေကာတာတခုဖြင့် မြစ်ရေစီးကို ပိတ်ဆီးထားသော အခါ ယင်း မြစ်ရေအတွက် ဆက်လက် စီးဆင်းသွားနိုင်ဘို့ရန် မဖြစ်နိုင်တော့ပါပေ။ အဘယ်ကြောင့်နည်း။ အလွန်လျင်မြန်သည့် ရေစီးအားကို ပိတ်ဆို့ တားဆီးနိုင်လောက်အောင် ခိုင်ခန့် တောင့်တင်းသော ရေကာတာကြီးက ဆက်လက်စီးဆင်းမှုနှင့် ပတ်သက်သည့် ဖြစ်နိုင်ချက်အားလုံးကို ဖျက်ဆီးပစ်လိုက်ပြီး ဖြစ်သောကြောင့်တည်း။ ဤရေစီးသန်မှု ဟူသည်မှာ တစိတ် တဒေသအားဖြင့် ရေ၏အလွန်များပြားမှုကြောင့် ဖြစ်၏။ တစိတ် တဒေသအားဖြင့်သော်ကား ဆွဲငင်အား (အာကဿနသတ္တိ) ကြောင့် ဖြစ်၏။

[လ၏ဆွဲငင်အားသတ္တိကြောင့် ရေတက်၊ ရေကျဖြစ်ပေါ်လာ ရသည်ဟူသော သိပ္ပံပညာ၏ သဘောတရားကို သတိပြုရာ၏။]

တခါ ရေကာတာကြီးသည် ရေစီးကြောင်းကိုသာ ရပ်တန့်ပစ်နိုင်၏။ သို့သော် မြစ်ကမ်းပေါ်ရှိ များပြားလှသောရေကြောင့် ဖြစ်ပေါ်လာသော တွန်းကန်ဖိနှိပ်အားနှင့် ဆွဲငင်အားကိုသော်ကား ရပ်တန့်စေခြင်းငှာ မတတ်နိုင်ပါပေ။

၁၀။ ထို့ကြောင့် [ခန္ဓာကိုယ်ကြီးက သေဆုံးသွားသော်လဲ] သေဆုံးမသွားသော ဤကုသိုလ်ကံ၊ အကုသိုလ်ကံ စေတနာ အင်အားစုတို့သည် အလွန်ပင် တက်တက်ကြွကြွ ရှိနေကြ၏။ ရှေးယခင် အခါကလိုပင် လန်းလန်းဆန်းဆန်းနှင့် အသက်ဝင်လျက် ရှိနေသေး၏။ လက်ရှိလမ်းကြောင်းက အကြောင်းမညီညွတ်နိုင်ပြီ ဖြစ်လာရကား လမ်းကြောင်းသစ်တခုရှာကာ အခြားတဖက်သို့ စီးသွားရတော့၏။ တဖြေးဖြေးချင်း များပြားလာသော ရွှံ့ညွှံများက မြစ်ကြောင်းတခုကို ပိတ်ဆို့ထားသောအခါ မြစ်ကြောင်းသစ်တခု ဖြစ်ပေါ်လာရမြဲပင်။ ဟောင်းခဲ့ပြီးဖြစ်သော မြစ်ကြောင်းမှာတော့ ထုံးအိုင် သို့မဟုတ် စိမ့်မြေအဖြစ် ပြောင်းလွဲသွားတော့မည်သာတည်း။ ထို့အတူပင် လန်းလန်းဆန်းဆန်းနှင့် အသက်ဝင်လျက်ရှိသည့် ရုပ်သစ်၊ နာမ်သစ်ကို ထုတ်လုပ်ပေးမည့် [ကုသိုလ်၊ အကုသိုလ်ကံ စေတနာတည်းဟူသော] အင်အားစုသည် အခြားသင့်တော်သော တနေရာ [ဘဝသစ်တခု]သို့ ဆက်လက်သွားမည့် ဘဝရေစီးတခုကို ပြုလုပ်ဖန်တီးပေးတော့၏။

၁၁။ သန္ဓေခဲ၏ အသက်ဝင်လျက်ရှိသည့် နှလုံးသားသည် လုပ်ငန်းကို စတင်ဆောင်ရွက်ဘို့ရန် အရံသင့်ရှိနေ၏။ ဆက်လက်စီးသွားမည့် အတွေးရေစီး၏ သင့်တော်သောနေရာကား ဤနှလုံးသားပင်ဖြစ်၏။ ထိုသို့ ဖြစ်လေသောကြောင့် သေအံ့မူးမူးဖြစ်နေ

သူ၏ [တဘဝအတွက်] နောက်ပိတ်ဆုံးဖြစ်သော စိတ္တက္ခဏ (စိတ်ဖြစ်ကြိမ်)သည် စိတ်ဝိညာဏ်သစ်ကို မွေးဖွားပေးလျက် သေဆုံး ချုပ်ပျက်သွားတော့၏။ ထိုဝိညာဏ်သစ်သည် အသစ်စက်စက်ဖွဲ့စည်းထားအပ်ပြီး အာရုံကိုခံယူထားအပ်သော နှလုံးသားထဲတွင် ရှိ၏။ ခြောက်သွေ့သော ထင်းစနှစ်ခုကို ပွတ်တိုက်ခြင်းဖြင့် ဖြစ်ပေါ်လာသော မီးဖွားကလေးသည် မီးဒတောက်ကြီးကို ဖြစ်ပေါ်စေနိုင်၏။ ထို့အတူပင်လျှင် ဘဝသစ်အတွက် ရှေ့သွားဖြစ်သည့် ဤစိတ်ဝိညာဏ်ကလေးက ဆက်လက်ဖြစ်ပွားမှုကို အကြောင်းပြုအပ် ဖြစ်ပေါ်စေအပ်၏။ [ရုပ်နာမ်တည်းဟူသော] ဘဝရေစီး၏ ထိုဆက်လက်ဖြစ်ပွားမှုသည် မိမိ၏လုံးဝပြောင်းလဲ သစ်လွင်သော ဖြစ်စဉ်ကို စတင်ပေတော့မည်။ သို့သော် ပဋိသန္ဓေနေဆဲဖြစ်သည့် ဤအဆင့်ရှိ နာမ်တရားစုသည်ကား လုံးဝတိမ်ငုတ် နေဦးမည်သာ ဖြစ်ချေ၏။

[ဤတွင် ဥပမာနှင့် ဥပမေယျတို့ကို စပ်ဟပ်နှိုးနှော၍ သိရမည်မှာ

၁။ ဖြစ်ပျက်၊ ဖြစ်ပျက်နှင့် သွားနေသော ရုပ်နာမ်တို့၏ ဖြစ်စဉ်နှင့် မြစ်ကြောင်းရေစီးသည် တူ၏။

၂။ တဘဝ၏ နောက်ဆုံးပိတ်ကဏ္ဍ၊ သေချိန်ကာလနှင့် ရေကာတာ။

၃။ ကုသိုလ်ကံ၊ အကုသိုလ်ကံနှင့် လျှံတက်စီး ထွက်သည့်ရေ။

၄။ ကုသိုလ်ကံ၊ အကုသိုလ်ကံရှိ ဘဝတဏှာနှင့် ရေစီးအားရှိ တွန်းကန်ဆွဲငင်အား။

၅။ ဘဝတဏှာကြောင့် ဖြစ်ပေါ်လာသော ဘဝသစ်နှင့် ရေစီး၏တွန်းကန်ဆွဲငင်အား သတ္တိကြောင့်ဖြစ်လာသော ရေစီးကြောင်းအသစ်တို့ အသီးသီးတူညီကြ၏။

ဤစကားရပ်တို့ဖြင့် ကုသိုလ်ကံ၊ အကုသိုလ်ကံ စေတနာ တည်းဟူသော နာမ်တရားကြောင့် ရုပ်နာမ်အသစ်များ ဖြစ်ပေါ် လာပုံကို အတော်အသင့် သဘောပေါက်နိုင်ပြီဟု မျှော်လင့်ပါ သည်။ ထို့ပြင် "တဏှာသည် ဘဝသစ်ကို ဖန်တည်းနိုင်စွမ်းရှိ၏" ဟူသော ဗုဒ္ဓ၏(သတိပဋ္ဌာန်၊ ဓမ္မစကြာစသည်တို့၌) ဟောပြော ချက်၏ မှန်ကန်ကြောင်းကို ဤအနောက်နိုင်ငံသား သုံးဦးတို့က ရှင်းလင်းချက်နှင့်တကွ တညီတညွတ်တည်း လက်ခံထားသည်ကို လည်း သတိမူသင့်၏။ သို့ဖြစ်၍ "ယာယံတဏှာ ပေါနောဗ္ဘဝိကာ= ဤတဏှာသည် ဘဝသစ်ကို ဖြစ်စေတတ်၏" ဟူသော အရှေ့တိုင်း သား ဗုဒ္ဓ၏ အခိုင်အမာ အဆိုပြုထားချက်ကို မယုံကြည်နိုင်ပါ။ အနောက်နိုင်ငံသား ဘယ်သူဘယ်ဝါကလည်း သည်အတိုင်း ထောက်ခံထားပါသည် စသည်ဖြင့် မိမိတို့၏ "တိမ်လွှန်းသည့် အတိမ္မော"ကို အခိုင်အမာ ပြုလိုသည်နှင့်အမျှ အနောက်နိုင်ငံ သားတို့ကိုမှ အထင်ကြီးလိုသည့် အရှက်မဲ့သူတို့၏ အယူအဆ များကို ဗဟုသုတအဖြစ် ဖတ်ရှုလေ့လာခြင်းမှတပါး "မမှား နိုင်သော အမှန်တရားအဖြစ်" လက်ခံဘို့ရန် ယုတ္တိမတန်ကြောင်း ကိုလည်း သတိပြုရာ၏]

၁၂။ ကျွန်ုပ်တို့၏ နာရီဟောင်းများ ပျက်စီးသွားသောအခါ၊ စက်ပျက်၍ သွားတော့သည့်အခါ၊ အသုံးမကျဖြစ်လာတော့သည့် အခါများတွင် ထိုနာရီ၏ နေရာတွင် အစားထိုး သုံးစွဲရန်အတွက် နာရီသစ်ရောင်းချသူကို အလွယ်တကူ တွေ့ရှိနိုင်ကြသည်သာ

ဖြစ်၏။ ထို့အတူပင်လျှင် အသက်မသေ ရှင်သန်လိုသည့်ဆန္ဒ [ဘဝတဏှာ] ရှိနေသေးသမျှ ကာလပတ်လုံး မိမိ၏ သားအိမ်တွင်းဝယ် တည်ဆောက်ရေးသမား [ထိုဘဝတဏှာ]က မျိုးဆက်ပြန့်ပွားသော စိတ်ဓာတ်၏ တွန်းအားကို တည်ထောင်ပေးဦးမည်သာဖြစ်၏။ ကလလရေကြည်အဖြစ် သန္ဓေတည်လာမည်။ နောက်အသစ်ဖြစ်သော ဘဝရေစီးသည်လည်း တိုးတက်ဖြစ်ပေါ်လာမည်သာတည်း။

၁၃။ ဤသည်မှာ [ဘဝဟောင်းက] သေလွန်ခဲ့သူလည်း မဟုတ်၊ အခြားပုဂ္ဂိုလ် တဦးတယောက်လည်း မဟုတ်ပါပေ။ ဤသည်မှာ ဘဝအစဉ်၏ ဖြစ်ပျက်တည်ရှိခြင်းပင် ဖြစ်၏။

ဆန်းစစ်ကြည့်ဦးစို့။

က ဟူသော သစ်ပင်မှသည် သစ်စေ့များဖြစ်လာ၏။ ထိုသစ်စေ့မှသည် ခ ဟူသော အခြားသစ်ပင် ပေါက်လာ၏။ က သည် အဟောင်း။ ခ သည်အသစ်။ ကသည် ခမဟုတ်။ ခသည်လည်း ကမဟုတ်ပါပေ။ သို့သော် က၏ မျိုးစေ့ကြောင့် ခဟူသော အသစ်ဖြစ်လာ၏။ ထို့အတူပင်လျှင် ကဟူသော ဘဝဟောင်းပုဂ္ဂိုလ်မှ ကုသိုလ်ကံ အကုသိုလ်ကံ (ဘဝတဏှာ=သစ်စေ့) ဖြစ်လာ၏။ ထိုကံဟူသော သစ်စေ့မှသည် ခ ဟူသော ဘဝသစ်ပုဂ္ဂိုလ်ဖြစ်လာ၏။ ကသည် ဘဝဟောင်းမှလူ။ ခသည် ဘဝသစ်မှလူ။ လူဟောင်းသည် လူသစ်မဟုတ်။ လူသစ်သည် လူဟောင်းမဟုတ်။ တခြားစီသာ ဖြစ်၏၊ သို့သော် လူဟောင်း၏ ကုသိုလ်ကံ အကုသိုလ်ကံ မျိုးစေ့ကြောင့်သာလျှင် လူသစ်ဖြစ်လာ၏။ အဟောင်းသည်ကား အကြောင်းတရား။ အသစ်သည်ကား အကျိုးတရား။ အကြောင်းကြောင့် ဖြစ်လာရသောအကျိုးတရား

သာ ဖြစ်၏။ အကြောင်းတရားကို ပယ်သတ်နိုင်သော် အကျိုးတရားက ပြတ်စဲသွားမည်သာဖြစ်၏။ ထို့ကြောင့်ပင်လျှင် ရဟန္တာတို့၏ သန္တာန်၌ ကုသိုလ်ကံ၊ အကုသိုလ်ကံ တဏှာမျိုးစေ့မရှိတော့ပြီဖြစ်၍ အကျိုးဘဝသစ် မဖြစ်လာနိုင်ခဲ့ခြင်းတည်း။

ကုသိုလ်ကံ အကုသိုလ်ကံ၌ရှိသော ဘဝကို တပ်မက်သည့်၊ တဏှာ တောင်းတသည့် တဏှာသည်သာလျှင် ဤမည်သော လူသားကို ဖန်တီးသူ သို့မဟုတ် ဖန်ဆင်းသူ အစစ် (CREATOR) ကောန် ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓရှင်တော်မြတ်က "ယာယံတဏှာ ပေါနော ဗ္ဘဝိကာ" ဟူ၍ ဖန်ဆင်းသူ အစစ်အမှန်ကို အမှန်အကန် ဖော်ထုတ်ခဲ့ပါပြီ။ "ဤမည်သော တန်ခိုးတော်ရှင်က ဖန်ဆင်းပါသည်" ဟူသော အချက်ကို လက်ခံတို့၊ လက်မခံတို့မှာကား သင်၏ ကိုယ်ပိုင် ဆုံးဖြတ်နိုင်ခွင့်သာတည်း။]

၁၄။ အခြေအနေများက အကြောင်း ညီညွတ်နေသမျှကာလ တိုင်တိုင် ဤဘဝ ရေစီးသည် ဆက်လက် စီးသွားနေဦးမည်သာပင်။ ဤကဲ့သို့သော အခြေအနေဟောင်းများ ပျက်ပြားသွားသည့်အခါ လမ်းကြောင်းသစ်တခုကို ရရှိလာပြန်၏။ ထိုလမ်းကြောင်းသစ်သည်ကား အခြေအနေများ အကြောင်း ညီညွတ်မည့်နေရာပင် ဖြစ်၏။

၁၅။ သတိဝီရိယရှိရှိ အသေအချာ ရှုကြည့်ခြင်းဖြင့်ရင်း၊ ယုတ္တိတန်သည်နှင့်အမျှ အကြောင်းပြခိုင်လုံသော ထောက်လှမ်းစူးစမ်းခြင်းဖြင့်ရင်း ကျွန်ုပ်တို့တတွေ သိရှိလာမည်မှာကား "အသစ်တို့ကို နေရာပေးထားခဲ့ပြီး ဟောင်းခဲ့ပြီးဖြစ်သော အစဉ်တို့က ချုပ်ပျက်သွား၏" ဟူသည်နှင့်အညီ တဖြေးဖြေးခြင်း ရင့်ရော်ဆွေးရိလာသော ရုပ်မှုသော်ရင်း၊ နာမ်မှုသော်ရင်း၊

အသစ်တခုခုကို ဖွဲ့စည်းတည်ထောင်မှု မပြုခဲ့ဘဲနှင့် သေဆုံးချုပ်ပျက်သွားမည့် အဟောင်းဟူသည်မှာ မရှိနိုင်ကြောင်းပင်ဖြစ်၏။ အဟောင်းဖြစ်သော ဘဝတခုမှ ဘဝသစ်တခုသို့ ဘာတခုမျှ ရောက်ရှိ မသွားပါပေ။ တခုခု လိုက်ပါသွားသင့်သည် ဟူသည်မှာ မလိုအပ်ပါပေ။

၁၆။ နာမ်တရား ဟူသည်မှာ အရာဝတ္ထုတခု မဟုတ်ပါ။ အဟုတ်မှာကား ဂုဏ်သတ္တိတမျိုးသာ ဖြစ်၏။ ထိုဂုဏ်သတ္တိဖြစ်သော နာမ်တရားဟူသည်မှာ နှလုံးသား၏ ကံအမှုလုပ်ငန်းကြောင့်လည်း ဖြစ်ပေါ်လာတတ်၏။ ပတ်ဝန်းကျင်လောက၏ အရှိန်အဝါကြောင့်လည်း ဖြစ်ပေါ်လာတတ်၏။ တခုသော ပုံစံ သွင်ပြင် [ဝိထိ]၌ ကံအမှုက ရပ်နားသွားသည့်အခါ အခြားပုံစံ တခု၌ ထိုကံအမှုက တစင် လာပြန်၏။ ဥပမာသော်ကား ချိန်ခွင်ည၏ တဖက်သောလက်တန်က မြင့်တက်သွားသည့်အခါ အခြားလက်တန်တခုက နိမ့်ကျလာမည်သာ ဖြစ်သကဲ့သို့တည်း။

၁၇။ တရုပ်မြေစေး (ကြွေ)ဖြင့် ပြုလုပ်ထားသော ကော်ဖီခွက်နှင့် အောက်ခံ ပန်းကန်ပြား နှစ်ခုစလုံးသည် တူညီသည့် ရုပ်ဝတ္ထုပစ္စည်း အကုန်အစင် ပါဝင်ကြ၏။ တခုသော ပန်းကန်၏ ဂုဏ်သတ္တိက အခြားတခု၏ ဂုဏ်သတ္တိနှင့် မတူ။ ကွဲပြားခြားနားလေသောကြောင့် ထိုပန်းကန် နှစ်ချပ်မှာ အမည်ချင်း မတူညီကြပေ။

[တခုက ကော်ဖီခွက်၊ တခုက အောက်ခံပန်းကန်ပြား ဟူလို။]

မတူသော ကြွေအမျိုးအစား နှစ်ခုဖြင့် ပြုလုပ်အပ်သော ကော်ဖီခွက်နှစ်ချပ်တို့သည် ဂုဏ်သတ္တိချင်းလည်း တူ၏။ အသုံးဝင်ချင်းလည်း တူ၏။

၁၀။ အရာဝတ္ထုတခုကို အမည်ပေးရာတွင် ဖွဲ့စည်းပြုလုပ်အပ်သော အရာဝတ္ထု၏ ရုပ်ပစ္စည်းများကို ဆန်းစစ်ဘိုထက် ထိုအရာဝတ္ထုများ၏ ဂုဏ်သတ္တိနှင့် အသုံးဝင်မှုများကို အမှန်အကန် ဆုံးဖြတ်ဘို့က ပို၍ အရေးကြီး၏။ ရဲရဲညိုအောင်ပူသော သံချောင်းတခုနှင့် မပူသော သံချောင်းတခု၊ ဤသံချောင်း ၂ ခု စလုံးမှာ တူညီသော ရုပ်ဝတ္ထုများ ပါဝင်ကြ၏။ သို့သော် ဂုဏ်သတ္တိချင်းကျတော့ ခြားနားကြ၏။ ထို့ကြောင့် တခုက ပူ၏။ တခုက အေးသည်။ အပူဓာတ်ဟူသည်မှာ ဂုဏ်သတ္တိတခုသာ ဖြစ်၏။ အရာဝတ္ထုတခု မဟုတ်ပါပေ။ ထို့ပြင် အပူဓာတ်သည် တခုသော မော်လီကျူး (မမြင်ရသော မှုံ)မှ အခြားတခုသော မော်လီကျူးသို့ ရောက်ရှိသွားသင့်သည် ဆိုသည်မှာ မလိုအပ်ပါပေ။ ဓာတ်အားစီးခြင်း ဟူသည်မှာ ဂုဏ်သတ္တိများ အမှီပြုသည့် စွမ်းအင်၏ ဆက်လက် ဖြစ်ပွားမှုသာ ဖြစ်၏။

[MOLECULE မော်လီကျူး ဟူသည်မှာ မိမိ၏ ဓာတုဗေဒ လက္ခဏာများ ပျက်ပြားမှု မရှိဘဲ တသီးတခြား တည်ရှိနိုင်သည့် ပစ္စည်းဝတ္ထု တခုခု၏ အသေးငယ်ဆုံး အနေအတွက် ဓာတု အနုမြူပေါင် ဖြစ်၏။ ATOM ခေါ် အနုမြူထက် သေးငယ်၏။ သို့အတွက် အနီးကပ်ဆုံး မှန်ကန်ချက်တခုအနေဖြင့်(ဦးထွန်းငြိမ်း အဘိဓာန်အတိုင်း) "မမြင်ရသော မှုံမှုံ"ဟု ပြန်ဆိုသွားပါမည်။]

၁၉။ ကမ္ဘာမြေကြီးပေါ်သို့ နေမှ အံထွက်လာသော အပူဓာတ်သည် သို့မဟုတ် ဂြိုဟ်နက္ခတ် တခုမှ တခုသို့ အံထွက်လာသော အပူဓာတ်သည် ရုပ်ဝတ္ထုသဘော ကင်းမဲ့သည်လည်း ဖြစ်၊ ဂြိုဟ် အချင်းချင်းဆိုင်ရာလည်း ဖြစ်သော အာကာသကို ကျော်ဖြတ်ရခြင်း မရှိဘဲ အရောင်ဟပ်နိုင်၏။

၂၀။ အရသာရှိသော အစားအစာ [အထူးသဖြင့် ချဉ်သီး] များ၏ အမည်နာမကို တစုံတယောက်က ပြောဆိုလာသည့် အခါတွင် ကြားရသူ သာမန်လူသားများအဖို့ သွားရည်ယိုလာ တော့၏။ ဤသည်မှာ လျှာကဲ့သို့ပင် ဥဏှောက်ထဲတွင်လည်း စိတ္တ ဗေဒနည်းအားဖြင့် အကြောင်းပြုအပ်သည့် ရူပဗေဒကျသော ပြောင်းလဲမှု ဖြစ်၏။ ပါးစပ်ထဲသို့ တစုံတခု ဝင်ရောက်သွားခြင်း မရှိပါဘဲလျက် ဤကဲ့သို့သော ပြောင်းလဲမှုတခုသည် ဖြစ်ပေါ် လာနိုင်၏။ အလားတူပင်လျှင် ဟဒယဝတ္ထု တခုတွင် ရုပ်နားသွားပြီး သန္ဓေခဲအသစ်တခု၌ ထပ်မံ၍ စတင်ဖြစ်ပေါ်လာသော မနောကံ (စိတ်အမှုလုပ်ငန်း) သည် ကြားတွင် ဝင်ရောက် တတ်သည့် ကွက်လပ် (အာကာသပညတ်)နှင့် ဆက်သွယ်မှု မရှိ ပါပေ။ ထို့ပြင် အချိန်ကုန်ဆုံးသွားခြင်းလည်း မရှိပါပေ။

စိတ္တဗေဒ၊ ရူပဗေဒ အင်အားစုအတွက်သော်ကား ဤကွက် လပ်နှင့် ကွက်လပ်ရှိ အရာအားလုံးမှာ ထောက်တည်ရာမရှိပါ။ အကြောင်းသော်ကား ထိုကွက်လပ်၊ ထိုအရာများမှာ မနောကံကို ခုခံတော်လှန်မှု တခုခုကိုသော်မှ [မပြုနိုင်] မပေးအပ်နိုင် သောကြောင့်တည်း။ ဥပမာသော်ကား ရွှန်ဂျင်ရောင်ခြည် အတွက် သစ်သား၌ ထောက်တည်ရာမရှိသကဲ့သို့တည်း။

[ရွှန်ဂျင်ရောင်ခြည်ဖြင့် သစ်သားကို ထိုးလိုက်သည့်အခါ (မှန်ကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးလိုက်သည့်အခါလိုပင်) သစ် သားတွင် ရွှန်ဂျင်ရောင်ခြည်သည် တည်ရှိမနေပါ။ ထွင်းဖောက် သွားတော့၏။ ဤရောင်ခြည်သည် ခဲနှင့် ရွှေမှတပါး အခြား ဓာတ်သတ္တု၊ မှန်သာမျှကို ထွင်းဖောက်သွားနိုင်၏။ ခဲနှင့် ရွှေကား သတ္တုတို့တွင် သိပ်သည်းမှု အများဆုံးရှိသောကြောင့် ဤရောင်

ခြည်က မထိုးဖောက်နိုင်ပေ။ ပြဆိုထားသော သိပ္ပံပညာ ဥပမာများဖြင့် နားလည်ရမည်မှာ ဘဝဟောင်းမှ စုတိစိတ် ချုပ်သွားသည်နှင့် တပြိုင်နက်တည်းပင် ဘဝသစ်မှာ ပဋိသန္ဓေစိတ် ဖြစ်ပေါ်လာ၏။ စုတိနှင့် ပဋိသန္ဓေတို့၏ ကြားတွင် မည်သည့် အာကာသပညတ်(ကွက်လပ်) သော်မှ မခြားပါ။ ဘဝသစ်ကို ဖြစ်စေနိုင်စွမ်းလည်း ရှိ၊ စုတိစိတ်နှင့် အတူတကွလည်း ဖြစ်သော ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ စွမ်းအားသတ္တိကို မည်သည့် အာကာသပညတ်မှ တားဆီးမထားနိုင် ဟူသို။ ရှန်ဂျင်ရောင်ခြည်နှင့် ကုသိုလ်၊ အကုသိုလ်တို့၏ သိတ္တိများ တူညီကြောင်းကို သတိပြုရာ၏၊]

၂၁။ ကျွန်ုပ်တို့သည် တနေရာမှ တနေရာသို့ သွားလာသည့် အခါတွင် ဆွဲငင်အားသတ္တိ အာကာသနှင့် အခြား နှေးကွေးစေတတ်သော လွှမ်းမိုးမှုများကိုသာ ဆန့်ကျင်တိုက်ခိုက်ရ၏။ အခြားဘာကိုမျှ ပြုဘွယ် မရှိပါ။ သတ္တဝါတို့၏ အမှန်တကယ်ဖြစ်သော ဘဝဟူသည်ကား တခဏဘာလေးမျှသာ ကြာမြင့်သောကြောင့် မနောကံ၏ အသစ်အသစ် ဖြစ်ပွားမှုသည် သေသည့်ခဏ၌သာ ဖြစ်ပေါ်သည် မဟုတ်ပေ။ ခဏဘိုင်း ခဏတိုင်း မှာလည်း ဖြစ်ပေါ်လျက် ရှိချေသည်။ ဤဖြစ်စဉ်သည် တကယ်ပင် လျင်မြန်လွန်းသောကြောင့် ကျွန်ုပ်တို့၏ အာရုံကို သိဘတ်သော အင်္ဂါများ [မျက်စိ၊ နား စသော သိမှုအင်္ဂါများ]က ထိုဖြစ်စဉ်ကို ခွဲခြားသိရှိရန် အပြည့်အဝ အကင်းမပါးကြပါပေ။ မျက်စိဘမှိတ်အတွင်း ချုပ်ပျက်သွားပြီးနောက် လျှပ်တပြက်အတွင်း ပြန်လည်ရှင်သန်လာသည့် ဖြစ်စဉ်ဘရပ်ကို စိတ်သည်သာလျှင်မဟုတ်သေး၊ ရုပ်သည်လည်း တွေ့ကြုံရ၏။

မော်လီကျူးခေါ် ခေတ်တူ အနုမြူများ၏ တခဏမျှသာ ကြာမြင့်သော ပေါက်ကွဲမှုကို ထောက်ခံထားရန် အောက်စီဂျင် လေခေတ်ကို ဆက်ကာဆက်ကာ ရှူသွင်းရ၏။

တခုခုသည် ဖြစ်ပေါ်တည်ရှိလာသည့်အခါ ဆိုင်ရာပြုဘွယ်ကို ပြုလုပ်ဆောင်ရွက်၏။ ထိုအရာများသည် ပတ်ဝန်းကျင်နှင့် ကိုက်ညီစွာ၊ လိုက်လျောစွာ [ဥပါဒ်၊ ဌီ၊ ဘင်၊ ဖြစ်၊ တည်၊ ပျက် အစဉ်အားဖြင့်] ပြောင်းလဲကြ၏။

[ကမ္မဋ္ဌာန်းအားထုတ်သည့်အခါ သမာဓိအင်အား ကောင်း လာသည့်ယောဂီသည် လျင်မြန်လွန်းသော ဤဖြစ်စဉ်ကို (သာမန် ပုဂ္ဂိုလ်တို့ထက်) ပို၍ သိမြင်လာ၏။ ထို့ကြောင့် ပို၍ ယုံကြည် လာ၏။ ပို၍ အားထုတ်လာ၏။ သည်တော့ စိတ်တို့၏ ဖြစ်ကာ ပျက်ကာ သွားနေသည့် သန္တတိအစဉ်ကို ပို၍ပို၍ သဘောပေါက် လာ၏။ ဒီစိတ်ကလေးဟာ ဖြစ်ပျက်၊ ဖြစ်ပျက်နဲ့ သွားနေတာ ပါကလား။ ဖြစ်လာတာဟာ ပျက်စီးသွားဖို့ အကြောင်းပါ ကလား။ ပျက်သွားတာဟာလဲ ဖြစ်ပေါ်လာဖို့ အကြောင်းပါ ကလား။ ဖြစ်ခြင်း၊ ပျက်ခြင်းဟာ သင်္ခါရသဘောတရားပါ ကလား။ သင်္ခါရတရား မှန်သမျှဟာ ဖြစ်လာတတ်တယ်။ ပြီးတော့လဲ ပျက်စီးသွားရပါကလား။ ဒါကြောင့်လဲ "ဥပ္ပါဒဝယ ဓမ္မိနော=ဖြစ်ခြင်း၊ ပျက်ခြင်း သဘောရှိကုန်၏" လို့ ဟောထား တာကိုးစသည်ဖြင့် သမာဓိအားကောင်းလာသည်နှင့်အမျှ အမြင် မှန် ဝိပဿနာဉာဏ်များ ပေါ်လာလေလေ၊ ဗုဒ္ဓအပေါ် ပို၍ပို၍ ယုံကြည်လေလေ ဖြစ်လာ၏။]

၂၂။ ငှက်ဘကောင်၏ တောင်ပံနှစ်ဖက်မှာ များစွာသော ပြုဘွယ်ရှိ၏။ အပူ၊ အအေး၊ မိုး၊ လေ၊ မှို၊ ခြင်၊ မြွေ၊ ကင်း၊

သန်း စသည်တို့မှ တောင်ပံများက အကာအကွယ် ပေးကြ၏။ အစားအစာ ရှာဖွေသည့်အခါ တနေရာမှ တနေရာသို့ ထိုတောင်ပံတို့ဖြင့် ပျံသန်းသွားကြ၏။ မိမိတို့နေထိုင်ရာ ဌာနတွင် ဘေးအန္တရာယ်တခုခု ဖြစ်ပေါ်လာစရာ အကြောင်းရှိသည်ဟု တွေ့မြင်လာသောအခါ၊ သိရှိလာသောအခါ ထိုငှက်တို့သည် အရပ်တပါးသို့ ပျံသန်းမည်သာ ဖြစ်၏။ ရာသီဥတုအခြေအနေ သင့်တော်သည့်နေရာ၊ အစာရေစာ ပေါများသည့်နေရာ၊ ငှက်မုဆိုးတို့ဖြစ်စေ၊ ငှက်ရဲကြီးများက ဖြစ်စေ၊ ရန်ရှာတတ်သည့် အခြားသားရဲတိရစ္ဆာန်များက ဖြစ်စေ၊ ဘေးအန္တရာယ် အပြုမခံရသည့်နေရာ၊ ဤကဲ့သို့သော နေရာမျိုး၌ ငှက်များသည် အချိန်ကြာမြင့်စွာ သားစဉ်မြေးဆက် ဆက်လက် နေထိုင်ကြသည်ဟု ဆိုကြပါစို့။ ဤသို့ဆိုလျှင် ငှက်တို့သည် မိမိတို့၏ တောင်ပံများကို [အသုံးချဘွယ်ကိစ္စ မပေါ်ပေါက်သောကြောင့်]များစွာ ဂရုစိုက်ကြတော့မည် မဟုတ်ပေ။

သည့်ပြင်လည်း ထိုငှက်တို့သည် ပျံသန်းမှုကို တဖြေးဖြေး လျစ်လျူရှုလာတော့မည်ဖြစ်ရကား တောင်ပံရှိရန်အတွက် အလိုဆန္ဒများ ပျောက်ဆုံးသွားကြတော့မည် ဖြစ်၏။ ဤတိမ်းညွတ်လာသော သဘောထားသည် နှောင်းခေတ်ငှက်ငယ်များအတွက် ရင့်သန်ကြီးထွားလာခဲ့ပါသော် သူတို့၏ အတောင်များမှာ ပို၍ပို၍သာ သေးငယ်လာတော့မည် ဖြစ်၏။ နောက်ဆုံး၌ ပျောက်ကွယ်သွားတော့မည်သာ။

ဥပမာသော်ကား အိမ်ကြက်များ၏ အတောင်များကဲ့သို့ပင်တည်း။ အလွန်ရှားပါးမည်ဖြစ်သော်လည်း ယခုခေတ်မှာသော်မှ အတောင်မရှိသော ငှက်များကို သင်သည် တွေ့ရှိကောင်း တွေ့ရှိ

ပေလိမ့်မည်။ ကြင်နာစိတ်ရှိသူ၊ ပြုစုတတ်သူသို့ကြား၌ နေထိုင်သော အပတိတ်တိရစ္ဆာန်များသည် [လူတို့အပေါ်၌] မယုံသင်္ကာစိတ်လည်း မရှိ၊ [မိမိတို့ကိုယ်ကိုလဲ] ခုခံကာကွယ်လိုမှု မရှိတတ်ကြပေ။ ထိုတိရစ္ဆာန်တို့သည် ပို၍ ကြင်နာတတ်သည်နှင့်အမျှ ပို၍ သိမ်မွေ့လာတတ်၏။

၂၃။ ဘုရားအလောင်းသည် တောထဲတွင်နေခဲ့စဉ်အခါများက အားလုံးသော သက်ရှိသတ္တဝါများသို့ မိမိ၏ မေတ္တာ၊ ကရုဏာတရားကို ဖြန့်ကျက်ပို့သခဲ့၏။ အလောင်းတော်သည် လူတိုင်းကို မိမိ၏ညီရင်းအစ်ကို၊ မောင်ရင်းနှမပမာ ဆက်ဆံခဲ့၏။ အလောင်းတော်မှာရှိသည့် အကြီးဆုံးသော နှစ်သက်တွယ်သည်ကား မိမိအား ထိပါးသမှု ပြုလာတတ်သူ အကြင်သူကိုသော်မှ စိတ်ကောင်းစေတနာ သက်ဝင်လာအောင် ပြုကျင့်တတ်မှု ဖြစ်၏။

အလောင်းတော်သည် [သူတပါးထံမှ] ချီးကျူးမှုကိုလည်း မလိုလား။ လပ်လာဘကိုလည်း မမြော်လင့်ပေ။ သူ၏ တခုတည်းသော စိတ်ဆန္ဒသည်ကား တပါးသူတို့ကို ဆင်းရဲခြင်းဒုက္ခများမှ ကယ်တင်ရန်ပင် ဖြစ်၏။ အလောင်းတော်၏ အနီးပတ်ဝန်းကျင်တွင် နေထိုင်ကြသော တောရိုင်းတိရစ္ဆာန်များသည် [အလောင်းတော်၏ မေတ္တာစိတ် ထင်ဟပ်မှုကြောင့်] ရန်ရှာတတ်ခြင်း ကင်းမဲ့လာကြသည်နှင့်အမျှ ချစ်ချင်စဖွယ် ဖြစ်လာကြ၏။

၂၄။ ယခုခေတ်ကာလမှာပင်လျှင် တိဘက်ပြည်ရှိ တောကျောင်းများတွင် နေထိုင်ကြသော ဗုဒ္ဓဘာသာရဟန်းတော်များ၏ အထံသို့ ကြမ်းတမ်းသော တောရိုင်းတိရစ္ဆာန်များပင်လျှင် စိတ်ဓာတ်သိမ်မွေ့သော ရဟန်းတော်များ၏ ကြင်နာတတ်မှု၊ ပြုစုညှော်ခံတတ်မှုတို့ကို ခံယူရန်အလို့ငှာ သွားရောက်လည်ပတ်တတ်၏။

ကျွန်ုပ်တို့သည် ရန်သူများကို လွှမ်းမိုးနိုင်ရန်အတွက် အကောင်းဆုံးသော လက်နက်ကား သူတို့ကို မေတ္တာ၊ ကရုဏာဖြင့် အောင်မြင်နိုင်အောင် ကြိုးပမ်းရန် ဖြစ်၏။ ချစ်ခြင်း၊ ကြင်နာခြင်းဟူသော စိတ်စေတနာ၊ ထောက်ထား စာနာတတ်သည့် အားရရှင်လန်းမှု စသည်တို့ကြောင့် သားရိုင်းတိရစ္ဆာန်များသော်မှ ယဉ်ကျေးလာနိုင်သည် မဟုတ်ပြီလော။ [လူသားတို့အတွက်သော်ကား အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း ဟူလို]

၂၅။ မိမိ၏ ဒေါသထွက်မှု၊ ရန်လိုတတ်မှုကို ချိုးနှိမ်ပြီး မိတ်ဆွေနှင့် ရန်သူတို့အတွက် ချင်ခင်ကြင်နာမှုကို အခကောင်းဆုံးဖြစ်အောင် ပြုစုပျိုးထောင်သူ၏ ရုပ်ရေရူပကာယနှင့် ဒေါသထွက်မှု၊ မုန်းတီးမှု၊ လက်စားချေမှု၊ မနေသာဆိုးမှုတို့ဖြင့် မကြာခနတောက်လောင်တတ်သူတို့၏ ရုပ်ရေရူပကာယတို့မှာ [ဂရုပြု အကဲခတ်တတ်သူတို့အဖို့] မတူကြသည်နှင့်အမျှ ခြားနားဘိ၏။

တဦးက ချစ်ခင်တတ်၏။ ဖော်ရွေမှုရှိ၏။ တယောက်က ခက်ထန်တတ်ပြီး ရက်စက်တတ်၏၊ ရှင်ရှင်ပျပျရှိပြီး ရောင့်ရဲတင်းတိမ်တတ်သူနှင့် ငြူစူတတ်ပြီး မရောင့်ရဲဘတ်သူတို့မှာ ရုပ်ရေချင်း ခြားနားဘိသကဲ့သို့ စိတ်ဓာတ်ချင်းမှာလဲ ကွဲပြားကြ၏။ သူတို့သည် တဦးတည်းသောမိဘမှ ပေါက်ဖွားလာကြပြီး တမျိုးတည်းသော အစာအာဟာရဖြင့် ကြီးထွားလာကာ တခုတည်းသော ပတ်ဝန်းကျင်မှာ နေထိုင်ကြသည့်တိုင်အောင် အဆိုပါအချက်အလက်တို့ကား ခြားနားကြမည်သာတည်း။

မှန်၏။ ခြားနားမှုမှာ အခေါင်းအသင်းများကြောင့် မကြာခဏ ဤသို့ ဖြစ်ဘတ်၏။ သို့သော် အမြဲတန်းတော့ မဟုတ်ပါပေ။ ဤသည်မှာ တစိတ်တဒေသအားဖြင့် အတိတ်ဘဝမှ အတွေ့

အကြုံများ ပြန်သည်ရှင်သန်လာမှုကြောင့် ဖြစ်၏။ တစိတ်တဒေသ အားဖြင့်သော်ကား [ယခု ပစ္စက္ခဘဝ] အပေါင်းအသင်းများ ကြောင့် ဖြစ်၏။

၂၆။ အင်အားသေးငယ်သောတိရစ္ဆာန်များကို အင်အားကြီး တိရစ္ဆာန်များက တိုက်ခိုက်လာတဲ့အခါ အင်အားငယ်တဲ့တိရစ္ဆာန် တို့က ကာကွယ်ရေးသက်နက်များကို တောင့်တလာကြ၏။ မြေ သတ္တဝါတို့သည် လူရက်စက်တို့၏ တိုက်ခိုက်မှု၊ ရန်ရှာမှုကို မကြာ ခဏ ခံရသောကြောင့် လူတို့ကို မုန်းတီးမှုသည် တဖြေးဖြေး ကြီးမားလာ၏။ အစွယ်အိမ်တွင်းရှိ အဆိပ်သည်လည်း သေနိုင် လောက်အောင် ပို၍ ပြင်းထန်လာ၏။

ကျွန်ုပ်တို့က သူတပါးကို ကြင်ကြင်နာနာ ဆက်ဆံပါလျှင် သူတပါးကလည်း ပို၍ ကြင်နာလာမည်။ ပို၍ ငြိမ်းအေးလာမည် သာ ဖြစ်ပါသည်။ ပုဇွန်များ၊ ဂဏန်းများ၊ ကနုကမာကောင် များမှာ မိမိတို့ကိုယ်ကို ဘေးအန္တရာယ်မှ ကာကွယ်ရန်အတွက် အကြေးခွံများ ရှိကြ၏။ ပင်လယ်တွင်းရှိ ကျောက်ဆောင်ပေါ်က အစိမ်းရောင် သို့မဟုတ် အနီရောင် ရေညှိတွေကြားမှာ နေတဲ့ အချို့သော ငါးတွေဟာ [ရေညှိရောင်နှင့်လျော်ညီစွာ] တချို့က နီလာကြပြီး တချို့ကျတော့ စိမ်းလာကြ၏။ သဲသောင်တွေ ကြားမှာ နေကြတာတွေကျတော့ သဲရောင်ပေါက်လာကြ၏။ သူတို့ကို ကာကွယ်ရန်အတွက် ဤအရောင်အဆင်းများသည် [သူတို့အဖို့ အမှန်တကယ်ပင်] လိုအပ်ပါသည်။ သို့သော် ရေ၏ ပြောင်းလဲမှုပေါ်မှာ မူတည်ပြီး ရေနေသတ္တဝါတို့၏ အရောင် အဆင်းသည်လည်း [ရေကြည်၊ ရေနောက်အားလျော်စွာ] တန်းတူ ရည်တူ ပြောင်းလဲကြတော့၏။

ရွှံ့နွံထူထပ်သော ရေအိုင်တွင်းရှိ နက်ညိုရောင်ငါးများသည် အကယ်၍ ထွက်ပေါက်တခုခု ရှိပါလျှင် ရေကြည်ရှိရာသို့ တခါတရံ ထွက်သွားမည်သာ ဖြစ်၏။ ယင်းသည့် နောက်တွင်ကား သူတို့၏ အရောင်အဆင်းသည် တဖြေးဖြေး ပြောင်းလဲလာ၏။ မဲညစ်ရာမှ ဖြူဖွေးလာမည်သာ ဖြစ်၏။ အရောင်အဆင်းသာလျှင် မဟုတ်သေး၊ ကိုယ်ခန္ဓာနှင့် စိတ်ဓာတ်ဆိုင်ရာ အခြား ဂုဏ်သတ္တိများလည်း ပတ်ဝန်းကျင်ဘေးအန္တရာယ်များနှင့် အောင်မြင်စွာ ယှဉ်ပြိုင်တိုက်ခိုက်နိုင်ရန်အလို့ငှာ ပြောင်းလဲကြ၏။ ဤဘေးအန္တရာယ်များကား သူတို့သိတာတွေသာ ဖြစ်၏။ သူတို့ မသိသော ဘေးအန္တရာယ်များလည်း အရေအတွက်များစွာရှိသေး၏။ သူတို့သည် နောက်ပေါက်ကလေးများကို အကျိုးမပြုနိုင်ခဲ့ပါပေ။

၂၇။ ထိုသို့ဖြစ်လေသောကြောင့် ကိုယ်ကာယနှင့် စိတ်ဓာတ် သို့မဟုတ် အမည်နာမနှင့် ပုံပန်းသဏ္ဌာန်နှစ်ခုစလုံး၏ အသွင်ပြောင်းမှုသည် ဘေးအန္တရာယ်ကို သိမြင်မှုများ၊ ပတ်ဝန်းကျင်အကြောင်းရင်း အချက်အလက်များအပေါ်မှာ မူတည်သည်သာ ဖြစ်၏။ ဤအရေးကိစ္စနှင့် ပတ်သက်၍ ဘဝရပ်တည်ရေးကို သိမြင်မှု အစာရေစာနှင့် နှစ်သက်ဖွယ်ရာစသည်တို့ တည်ရှိရေးကို သိမြင်မှုသည် အရေးပါအရာရောက်သော ကဏ္ဍ အဖြစ်ပါဝင်၏။

၂၈။ ကြောက်ရွံ့တတ်သည်နှင့် အတူ ဆင်ခြင်တုံတရားကင်းမဲ့သူတယောက်သည် မှောင်မိုက်နေသည့် ညခါကြီးတွင် တောလမ်းခရီးတခုအတိုင်း လမ်းလျှောက်သွားစဉ် ကြိုးစကလေးတပိုင်းကို လမ်းပေါ်မှာ တွေ့လိုက်ရသည်ဟု ဆိုကြပါစို့။ ယင်းသို့ဆိုလျှင် ထိုသူကြောက်သည် ထိုကြိုးစကလေးကို အဆိပ်ထန်သော မြွေတကောင်ဟူ၍ ထင်မှတ်ပေတော့မည်။ ထိတ်လန့်ခြင်းက

ကြောက်ရှိတွယ်ရာ လွှမ်းမိုးသွားမည်။ ဆံပင်များကလည်း ထိုးထိုးထောင်ထောင် ဖြစ်လာပေတော့မည်။ ကြောက်လွန်းအားကြီးသောကြောင့် တခါတခါတွင်ထ၍သေ်မှ ခုန်မိပေလိမ့်မည်။

ထို့နောက် ဒဏ်ရာတခုခုရလာလိမ့်မည်။ အကြောက်လွန်သောကြောင့် ဖျားချင် ဖျားလိမ့်ဦးမည်။သို့မဟုတ် စိတ်နောက်ချင် နောက်သွားနိုင်သေးသည်။ ဤတွင် ထိုသူ၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ကံအမှုလုပ်ငန်းအားလုံးသည် မသိနားမလည်မှု (အဝိဇ္ဇာ) ပေါ်တွင် မှုတည်နေ၏။ သူသည် အရာအားလုံးကို ပုံမှန်အတိုင်း (ယထာဘူတကျကျ) နားမလည်ခဲ့ပါပေ။ အမှန်မှာ တကယ်တန်းတွင် မဟုတ်မှန်သည့် မြွေဘည်းဟူသော အရာဝတ္ထုတခုကို အသိလွဲမှားမှုကြောင့် ဖွဲ့စည်းထားသော အရာတခုလုံး၏ ကြောက်ခမန်းလိလိပြိုကွဲပျက်စီးမှု ဖြစ်လာရ၏။

(၁) ထိုသူ၏ တွေ့မြင်ခြင်းအမှုအရာကို မသိမှု အဝိဇ္ဇာက (မြွေကြီးပါတဲ့ဟူ၍)အဆုံး အဖြတ်ပေး၏။
(၂) တွေ့မြင်မှု အမှုအရာပေါ်တွင် အရာဝတ္ထုကို စူးစမ်းသည့် နည်းစံနစ်က မှုတည်နေ၏။
(၃) အမည်နာမနှင့်အသွင်သဏ္ဍာန်၊ သို့မဟုတ် စိတ်ဓာတ်နှင့် ကိုယ်ကာယတို့၏ တည်ဆောက်မှုနှင့် ပြန်လည် တည်ဆောက်မှုသည် ဤမှားယွင်းသော စူးစမ်းမှုကြောင့် ဖြစ်ရ၏။

၂၉။ ငွေဒင်္ဂါးပြားတခုကို ရေကြည်ကန်တခုထဲသို့ ပစ်ချထားမည်ဆိုလျှင်တဦးတယောက်က ထိုဒင်္ဂါးပြားကို တွေ့ကောင်းတွေ့လိမ့်မည်။ ထိုအခါ သာမန်အရပ်သား တယောက်အနေဖြင့်

အမှန်တကယ်ပင် ဒဂ်ါးရှိတဲ့ နေရာကို သူတွေ့ပါသည်ဟူ၍ ထင်မှတ်ခဲ့သတည်း။ သို့သော် သူ၏ထင်မြင်ချက်သည် ရေ၏ ရောင်ပြန်ထင်ဟပ်မှုကြောင့် လွဲမှားသွားပါသည်။

၃၀။ မြေမျက်နှာပြင်ရှိ လေထုသည် စွတ်စိုထိုင်းမှိုင်းသော အခိုးအငွေ့တို့ဖြင့် ပြည့်နက်နေတဲ့ အချိန်မှာ ကျွန်ုပ်တို့က ခပ်လှမ်းလှမ်းရှိ အရာဝတ္ထုတခုကို မှန်ပြောင်းဖြင့် ကြည့်ရှုတဲ့ အခါဟိုင်းတွင် အလားတူမှားယွင်းမှု တခုကို ပြုမိကြတော့၏၊

အပူရှိန်ကြောင့်ပြန့်ကားရမှု ဒီဂရီကို မသိသော မြေတိုင်းစာရေးတယောက်သည် နေပူသည့်နေ့တနေ့တွင် မြေကွက်တခုကို တိုင်းကာ စစ်ဆေးပါလျှင် အမှားအယွင်း ခန့်မှန်းတွက်ချက်မှုကို ပြုကောင်း ပြုမိပေလိမ့်မည်။ ထိုသူပြုလုပ်ထားသော မြေကွက်သည်လည်း မှားယွင်းသော တွက်ချက်မှုအပေါ် အမှီပြုပြီး မသိနားမလည်မှုပေါ်တွင် မူတည်နေတော့၏။

၃၁။ အလားတူပင်လျှင် အမည်နာမနှင့် အသွင်သဏ္ဌာန်၏ အသစ်အသစ်ထပ်ဆင့်ဖြစ်ပေါ်မှုသည်အသိပေါ်တွင်အမှီပြုနေ၏။ ထိုအသိသည် ကံအမှုလုပ်ငန်းများ (ခန့်မှန်းတွက်ချက်မှုများ) ကြောင့် ဖြစ်လာရ၏။ ထိုကံအမှု လုပ်ငန်းများသည် မသိမှု အဝိဇ္ဇာပေါ်တွင် မူတည်နေ၏။

- က။ မသိနားမလည်မှု အဝိဇ္ဇာပေါ်တွင် ကံအမှုလုပ်ငန်း သင်္ခါရများ အမှီပြု၏။
- ခ။ ကံအမှုလုပ်ငန်းအပေါ်တွင် အသိဝိညာဏ်က အမှီပြု၏။
- ဂ။ အသိပေါ်တွင် အမည်နာမနှင့် အသွင်သဏ္ဌာန် နာမ်ရုပ်များအမှီပြုကြ၏။

## ဝိဘင်းအဋ္ဌကထာ မြန်မာပြန် (နာမ်ရုပ်၏အဖွင့်)

ဝိညာဏ်တည်းဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသော နာမ်ရုပ်တို့၏ အကျယ်တဝင့် အဖွင့်စကား ရပ်ဝယ်

(က) ဒေသနာ ဘေဒအားဖြင့်ရင်း၊

( ခ ) ဘဝစသည်တို့၌ ဖြစ်ပုံအားဖြင့်ရင်း၊

( ဂ ) ပေါင်းယူခြင်းအားဖြင့်ရင်း၊

(ဃ) အကြောင်း ပစ္စည်းတို့၏ နည်းနာနယအားဖြင့်ရင်း၊ အဆုံးအဖြတ်ကို သိရှိအပ်၏။

"ထိုတွင် ရုပ်ဟူသည်အဘယ်ဟာနည်း။ မဟာဘုတ် ၄ ပါးသည်ရင်း၊ မဟာဘုတ် ၄ ပါးကို အမှီပြု၍ ဖြစ်ပေါ်လာသော ဥပါဒါရုပ်သည်ရင်း၊ ရုပ်မည်၏" ဟူ၍ သုတ္တန်ပါဠိတော်၌ရင်း၊ ဤအဘိဓမ္မာပါဠိတော်၌ရင်း၊ "ရုပ်" ဟူသော ပုဒ်၏ မကွဲမပြား တသားတည်း တူညီသည့်ဒေသနာကို ဟောတော်မူ၏။ "နာမ်" ဟူသော ပုဒ်၏ ဒေသနာကိုသော်ကား အကွဲအပြားအားဖြင့် ဟောတော်မူ၏။

ထင်ရှားစေဦးအံ့၊ "ထိုတွင်နာမ်ဟူသည် အဘယ်ဟာနည်း။ ခံစားမှု၊ မှတ်သားမှု၊ စေ့ဆော်မှု၊ ထိတွေ့မှု၊ နှလုံးသွင်းမှုတို့သည် နာမ်မည်၏" ဟူ၍ [သံယုတ္တနိကာယ်၊ ပဌမအုပ်၊ ၂၄၅] သုတ္တန်ပါဠိတော်၌ ဟောတော်မူ၏။ ဤအဘိဓမ္မာပါဠိတော်၌လည်း

ခံစားမှုအပေါင်း ဝေဒနာက္ခန္ဓာ၊ မှတ်သားမှု အပေါင်း သညာက္ခန္ဓာ၊ ပြုမှုအပေါင်း သင်္ခါရက္ခန္ဓာသည် နာမ်မည်၏''ဟူ၍ ဟောတော်မူ၏။

ထိုသုတ္တန်တွင် စက္ခုဝိညာဏ်ဟူသော အကြောင်းကြောင့် အကြွင်းနာမ်တရားသည်လည်း ဖြစ်ပေါ်လာ၏။ စိတ်၏ ဖြစ်ဆဲ ဖြစ်သော ဌီခဏသည် နာမ်တရားတို့၏ အသက်ဟူ၍ အခြား တပါးသော ဝိညာဏ်၏ မှီရာအားဖြင့် မယူအပ်သောကြောင့် ထင်ရှား၏။ ၎င်းကို ပြလိုသည်ဖြစ်၍ စေတနာ၊ ဖဿ၊ မနသိကာရ အားဖြင့် သင်္ခါရက္ခန္ဓာကို ၃ ခုခွဲပြီး ခန္ဓာ ၂ ပါးနှင့်အတူ ဟောတော်မူ၏။

ဤအဘိဓမ္မာပိဋကရှိ ဝိညာဏပစ္စယာ နာမရူပံဟူသောပုဒ်၏ အဖွင့်မှာသော်ကား ထိုသုတ္တန်ပိဋကၥ် ဟောထားသည်ကိုၥ်း၊ မဟောရသေးသည်ကိုၥ်း၊ နာမ်တရားအားလုံးကို ပေါင်းယူလို သော ဗုဒ္ဓသည် ''ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ ဟူသော ခန္ဓာ ၃ ပါးတို့သည် [နာမ်တရား မည်ကြ၏]'' ဟူ၍ ဟောတော်မူ၏။

အသို့နည်း။ ဤခန္ဓာ ၃ ပါးတည်းသာ နာမ်အမည်ရကြ ပါသလား၊ ဝိညာဏက္ခန္ဓာကား နာမ်ဟူသောအမည်ကို မရပါ သလောဟူ၍ မေးသော်။

''ဝိညာဏက္ခန္ဓာသည် နာမ်အမည် မရသည်မဟုတ်၊ နာမ်အမည်ရ သည်သာတည်း။ သို့သော် ဝိညာဏ်ကိုလည်း နာမ်အဖြစ်ယူထားသော် အကြောင်းဖြစ်သော ဝိညာဏ်နှင့် အကျိုးဖြစ်သော ဝိညာဏ် ၂ ခုတို့ အတူတကွဖြစ်သွားရာ၏။ ထို့ကြောင့် [နာမ်ခန္ဓာ ၄ ပါး အနက်] ဝိညာဏက္ခန္ဓာကို အကြောင်း၏ နေရာမှာထားပြီး

အကြောင်းကြောင့် ဖြစ်လာသော နာမ်ကို [အကျိုးနေရာမှာ ထား၍] ပြခြင်းငှာ ခန္ဓာ ၃ ပါးတည်းကိုသာ ဟောတော်မူ၏" ဟူ၍ ဖြေဆိုရာ၏။

အစဦးစွာသော ဒေသနာဘေဒအားဖြင့် [သိအပ်သော] အဆုံးအဖြတ်ကို ဤသို့သိရှိအပ်၏။

နာမ်သည် အသညသတ်တည်းဟူသော သတ္တဝါနေရာတခုကို ချန်လှပ်၍ အလုံးစုံသော ဘဝယောနိ၊ ဂတိ၊ ဝိညာဏဋ္ဌိတိကြွင်း သတ္တဝါနေရာများ၌ ဖြစ်၏။ ရုပ်သည် ကာမ၊ ရူပဟူသော ဘဝ ၂ ခု၊ ယောနိ ၄ ခု၊ [ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ လူ၊ နတ်တည်းဟူသော လားရာ] ဂတိ ၅ ခု။ [နာနတ္တကာယ နေတ္တသညီ၊ နာနတ္တကာယ နာနတ္တသညီ၊ ဧကတ္တကာယ နာနတ္တသညီ၊ ဧကတ္တကာယ ဧကတ္တသညီ တည်းဟူသော] ရှေ့ပိုင်းဝိညာဏဋ္ဌိတိ ၄ ခု၊ သတ္တဝါနေရာ ၅ ခုတို့၌ ဖြစ်၏။

ယင်းသို့လျှင် ဤရုပ်နှင့် နာမ် ဖြစ်ပေါ်လာသော် နပုံး [ယောက်ျားမဟုတ်၊ မိန်းမဟုတ်သူ] ဖြစ်သော ဂဗ္ဘသေယျက သတ္တဝါ၊ [ကြက်ဘဲစသော] ဥပေါက်သတ္တဝါတို့၏ ပဋိသန္ဓေတည်နေသောအခါဝယ် ဝတ္ထုဒသက၊ ကာယဒသကအားဖြင့် ရုပ်တရားမှ တဘဝအတွက် အစဦးစွာဖြစ်သော သန္တတိ ရုပ်ကလာပ် ၂ ခု၊ နာမ်ခန္ဓာ ၃ခု တို့သည် အကြင်ကြောင့် အထင်အရှားဖြစ်လာကြ၏။ ထို့ကြောင့် ရုပ်နာမ်တို့၏ အကျယ်အားဖြင့်မူ ရူပရုပ်မှ ၂၀၊ နာမ်ခန္ဓာ ၃ ခုအားဖြင့် ၂၃ ပါးသော တရားဘို့ကို "[ပဋိသန္ဓေ] ဝိညာဏ်ဟူသော အကြောင်းကြောင့် ဖြစ်လာသော ရုပ်နာမ်သာတည်း"ဟု သိရှိအပ်၏။

“မယူရသေးသည်ကိုသာယူခြင်း အဂ္ဂဟိတဂ္ဂဟဏန်” အားဖြင့် သော်ကား အစစွာဖြစ်သော သန္တတိရုပ်ကလာပ်စည်း တခုမှ ရုပ် ၉ ခုတို့ကို နုတ်ပယ်ထားသော် [ဓာတ်ကြီး ၄+ဓာတ်ငယ် ၄+ ရုပ်ဇီဝိတိန္ဒြေ ၁+ဟဒယဝတ္ထု ၁+ကာယပသာဒ ၁=ရုပ် ၁၁၊ ဝေဒနာက္ခန္ဓာ ၁ + သညာက္ခန္ဓာ ၁ + သင်္ခါရက္ခန္ဓာ ၁=နာမ် ၃ တည်းဟူသော] ၁၄ ပါးသော တရားတို့ကို [နုပုံးနှင့် ဥပေါက်တို့ အတွက်] “ဝိညာဏ်ဟူသော အကြောင်းကြောင့် ဖြစ်လာရသော ရုပ်နာမ်သာတည်း”ဟု သိရှိအပ်၏။

ဣတ္ထိဘာဝ ပုမ္ဘာဝ ပါရှိသူတို့အတွက် ဘာဝဒသကကို ထည့်သော် [နုပုံးတို့ရသောရုပ် ၂၃ တွင် ဘာဝဒသက ၁၀ ထပ် ထည့်ခြင်းဖြင့်]၃၃ ပါးသော ရုပ် ဖြစ်လာ၏။ ထိုသူတို့အားလည်း မယူရသေးသည်ကိုသာ ယူခြင်းအားဖြင့် အစစွာသော သန္တတိ ရုပ်ကလာပ် ၂ စည်းမှ ရုပ် ၁၈ ခုကို နုတ်ပယ်ပစ်သော် [ရုပ် ၁၂+ နာမ် ၃=] ၁၅ ပါးသော တရားတို့ကို “ဝိညာဏ်ဟူသော အကြောင်းကြောင့် ဖြစ်လာရသော ရုပ်နာမ်သာတည်း”ဟု သိရှိ အပ်၏။

ဩပပါတိက သတ္တဝါတို့အနက် [ပဉ္စမ ဈာန်ဘုံသား] ဗြဟ္မာ စသူတို့ ပဋိသန္ဓေနေဆဲခဏဝယ် စက္ခုဒသက၊ သောတဒသက၊ ဝတ္ထုဒသက၊ ဇီဝိတနဝက ကလာပ်အားဖြင့် ရူပရုပ်မှ တဘဝ အတွက် အစစွာဖြစ်သော သန္တတိရုပ်ကလာပ် ၄ စည်း၊ နာမ်ခန္ဓာ ၃ ပါးတို့သည် အကြောင်းကြောင့် အထင်အရှား ဖြစ်လာကြ၏။ ထို့ကြောင့် ထိုရုပ်နာမ်တို့၏ အကျယ်အားဖြင့် ရူပရုပ်မှ ၃၉၊ နာမ်ခန္ဓာ ၃ ပါးအားဖြင့် ၄၂ ပါးသော သဘောတရားတို့ကို

"ဝိညာဏ်ဟူသော အကြောင်းကြောင့် ဖြစ်လာရသော ရုပ်နာမ် သာတည်း"ဟု သိရှိအပ်၏။

မယူရသေးသည်ကိုသာ ယူခြင်းအားဖြင့် အစစ္စာသော ရုပ်ကလာပ် ၃ စည်းမှ ရုပ် ၂၇ ပါးကို နုတ်ပစ်သော် ၁၅ ပါး ဖြစ်၏။ [ဇီဝိတနဝက ကလာပ် ရုပ်၉+စက္ခုပသာဒ ၁+သောတ ပသာဒ ၁+ဟဒယဝတ္ထု ၁+ နာမ်ခန္ဓာ ၃=၁၅။]

ကာမဘုံဝယ် [ပြဟ္မာဘုံသား သြပပါတိကများမှတပါး] ကြွင်းကျန်သော သြပပါတိကသတ္တဝါတို့အားဖြစ်စေ၊ခြင်စသော သံသေဒဇသတ္တဝါတို့အားဖြစ်စေ ဃာတဘာဝ ပုမ္ဘာဝလည်းပါ အာယတနလည်း အပြည့်အစုံရှိကြသော် ပဋိသန္ဓေနေဆဲခဏဝယ် ရူပရုပ်မှ တဘာဝအတွက် အစစ္စာဖြစ်သော ရုပ်ကလာပ် [စက္ခု ဒသက၊ သောတဒသက၊ဃာနဒသက၊ဇိဝှာဒသက၊ကာယဒသက (ဃာတဘာဝဒသက၊ ပုမ္ဘာဝဒသက) ဝတ္ထုဒသက] ၇စည်း၊ နာမ် ခန္ဓာ ၃ပါးတို့သည် အကြင့်ကြောင့် အထင်အရှားဖြစ်လာကြ၏။ ထို့ကြောင့် ထိုရုပ်နာမ်တို့၏ အကျယ်အားဖြင့် ရူပရုပ်မှ ၇၀၊ နာမ်ခန္ဓာ ၃ အားဖြင့် ၇၃ ပါးသော သဘောတရားတို့ကို "ဝိညာဏ်တည်းဟူသော အကြောင်းကြောင့် ဖြစ်လာရသော ရုပ်နာမ်သာတည်း"ဟု သိရှိအပ်၏။

မယူရသေးသည်ကိုသာ ယူခြင်းအားဖြင့် အစစ္စာသော ရုပ်ကလာပ် ၆ စည်းမှ ရုပ် ၅၄ ခုကို နုတ်ပယ်ပစ်သော် ၁၉ ပါး ဖြစ်၏။ [အဋ္ဌကလာပ်ရုပ် ၈+ရုပ်ဇီဝိတိန္ဒြေ ၁+ စက္ခုပသာဒ၁+ သောတပသာဒ ၁+ ဇိဝှာပသာဒ ၁+ ကာယပသာဒ ၁+(ဃာတ ဘာဝ ၁၊ သို့မဟုတ် ပုမ္ဘာဝ ၁) ဟဒယဝတ္ထု ၁ +နာမ်ခန္ဓာ ၃=၁၉] ဤသည်မှာအများဆုံးရရှိနိုင်သော ရုပ်တည်း။

အလျော့အနည်းအားဖြင့်သော် အစဉ္စာ ထိုထိုရုပ်ကလာပ် ချိတ်တွဲသူအား [ဥပမာ၊ ဝမ်းတွင်းပါ အကန်းအဖို့] ထိုထိုချိတ်တွဲသော [စက္ခုပသာဒစသည့်] ရုပ်၏ အစွမ်းဖြင့် နှုတ်ပယ်၍ နှုတ်ပယ်၍ [ယူပါလျှင်] အကျယ်အားဖြင့်သော်ရင်း၊ အကျဉ်းအားဖြင့်သော်ရင်း၊ "ဝိညာဏ်ကြောင့်ဖြစ်လာရ နာမ်ရုပ်ဟု ဆိုအပ်သည့် သဘောတရားတို့ကို သိရှိအပ်၏"

အရူပဘုံသားတို့ကား နာမ်ခန္ဓာ ၃ ပါးကိုသာရကြ၏။ [ရုပ်ကို လုံးဝမရ]

အသညသတ်ဘုံသားတို့ကား ရုပ် ၂၀ ခုမှ ဇီဝိတနဝက ကလာပ်ရုပ်[အဋ္ဌကလာပ်ရုပ် ၁+ ရုပ်ဇီဝိတိန္ဒြေ ၁=] ၉ ခုကိုသာ ရကြ၏။ [နာမ်ကို လုံးဝမရကြ]

ဤသည်မှာ ပဋိသန္ဓေတည်နေခါစ ထိုခဏ၌ ရုပ်နာမ်တို့ ဖြစ်ပုံတည်း။

ပဝတ္တိအခါမှာသော်ကား ရုပ်ဖြစ်နိုင်သောနေရာမှန်သမျှတွင် ပဋိသန္ဓေစိတ်၏ ဌီခဏ၌ ပဋိသန္ဓေစိတ်နှင့်အတူတကွ ဖြစ်သော အပူအအေးတည်းဟူသော ဥတုကြောင့် [ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာဟူသော] သုဒ္ဓဋ္ဌက ကလာပ်ရုပ်မှာ ထင်ရှားစွာ ဖြစ်လာ၏။

ပဋိသန္ဓေစိတ်ကား ရုပ်ကို ဖြစ်စေနိုင်စွမ်း မရှိပေ။ မှန်၏။ ကမ်းပါးပြတ်ထဲသို့ကျသွားသူသည် အခြားသူတဦးအား ကျေးဇူး မပြု [=အကူအညီမပေး]နိုင်သကဲ့သို့ပင်။ ထို့အတူ ထိုပဋိသန္ဓေ စိတ်သည်လည်း မှီရာဝတ္ထုအားနည်းနေသဖြင့် အင်အားမရှိသေး သည့်အတွက်ကြောင့် ရုပ်ကို ဖြစ်စေနိုင်စွမ်းမရှိခြင်း ဖြစ်ပါသည်။

ပဋိသန္ဓေစိတ်မှ နောက်ပိုင်း [ပဝတ္တိအခါ] မှာသော်ကား ပဌမဘဝင်မှ စတင်၍ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ် သုဒ္ဓဋ္ဌကကလာပ်၊ အသံဖြစ်ပေါ်လာချိန်တွင် ပဋိသန္ဓေမှ နောက်ပိုင်း၌ လာဖြစ်သော ဥတုကြောင့်ရှင်း၊ စိတ်ကြောင့်ရှင်း ဖြစ်လာသော သဒ္ဒနဝကကလာပ်ရုပ်။ ခ။

အကြွင် ဂန္ဓသေယျက [=ဝမ်းတိုက်ဖွား] သတ္တဝါတို့သည် ကဗဠီကာရာဟာရခေါ်အစားအစာကို အမျိုပြု၍[=စားသောက်၍] အသက်ရှင်ကြ၏။ ထိုသူတို့အား "ထိုသတ္တဝါငယ်၏ မိခင်သည် အကြွင် ထမင်းကို ဖြစ်စေ၊ အခဖျော်ယမကာကို ဖြစ်စေ၊ ခဲဘွယ်ဘောဇဉ်ကို ဖြစ်စေ စား၏။ ထိုထမင်း၊ အဖျော်ယမကာ၊ ဘောဇဉ်ဖြင့် မိခင်ဝမ်းဗိုက်တွင်းရှိ ထိုသူသည် မျှတနေ၏" ဟူ၍ [သဂါထာဝဂ္ဂ၊ နိဒါနသံယုတ်ပါဠိတော်၊ စာမျက်နှာ ၂၀၈ ၌] ဗုဒ္ဓ ဟောထားသောကြောင့် မိခင်ဖြစ်သူက အကြွင် အစာ အာဟာရကို မျိုချ၏။ ထိုမျိုချအပ်သော အာဟာရက သူငယ်၏ ခန္ဓာကိုယ်တွင်းသို့ ပျံ့နှံ့သွားသော်၊ ဩပပါတိက သတ္တဝါတို့အား မိမိခံတွင်းသို့ ပဌမဦးဆုံးရောက်လာသော တံတွေးကို မျိုချသော် အာဟာရကြောင့်ဖြစ်သော သုဒ္ဓဋ္ဌကကလာပ်။ ဂ။

ယင်းသို့လျှင် [အမှတ် ဂ-အရ] အာဟာရကြောင့်ဖြစ်သော သုဒ္ဓဋ္ဌကကလာပ်ရုပ် ၁ စည်း၊ [အမှတ် ခ-အရ] အလွန်ဆုံး ဥတုစိတ်ကြောင့်ဖြစ်သော နဝကကလာပ်ရုပ် ၂ စည်း၊ [၈+၉+၉ တို့၏] အစွမ်းအားဖြင့် ဤရုပ် ၂၆ ခု၊ ရှေ့စိတ္တက္ခဏ တချက် တချက်၌ ဖြစ်လာသော အဆိုပါ ကမ္မဇရုပ် ၇၀၊ ပေါင်း ရုပ် ၉၆ ခု၊ နာမက္ခန္ဓာ ၃ ပါး ဟူ၍ အကျဉ်းအားဖြင့် ၉၉ ခုသော

တရားတို့ကို "ဝိညာဏ်ကြောင့် ဖြစ်လာရသော နာမ်ရုပ်သာ တည်း" ဟု သိရှိအပ်၏။

[ဤတွင် အဋ္ဌကထာဆရာသည် အမှတ် 'က' အရ စိတ္တဇရုပ်၊ သုဒ္ဓဋ္ဌကကလာပ်ရုပ် ၈ ခုတို့ကို မသည့်ဘဲ ချန်ထားခဲ့၏။ မေ့ကျန် ရစ်ဟန်တူ၏။ မှန်၏။ အမှတ် 'ခ' အရ စိတ္တဇသဒ္ဒနဝကရုပ် ၉+ ဥတုဇသဒ္ဒနဝကရုပ် ၉ + အမှတ် 'ဂ' အရ အာဟာရဇသုဒ္ဓဋ္ဌက ၈=၂၆ ဟု ဆိုထားတော်မူ၏။ အကယ်၍ အမှတ် 'က' အရ စိတ္တဇသုဒ္ဓဋ္ဌကရုပ် ၈ ခုတို့ပါ ထည့်ပေါင်းသော် ၃၄ ဖြစ်လာ ပေမည်။ သို့ဖြစ်၍ စုစုပေါင်း ၉၉ ဖြစ်မည့်အစား ၁၀၇ ဖြစ်သွား ပါလိမ့်မည်။ ဤအချက်ကို မူလဋီကာဆရာရော၊ အနုဋီကာ ဆရာပါ မြင်တော်မူကြဟန်မတူ။ အကြောင်းမှာ ဤအချက်ကို ဖွင့်မပြတော့ဘဲ အခြားအချက်များကိုသာ ကျော်လွှားဖွင့်ပြတော် မူကြသောကြောင့် ဖြစ်၏။ ဤသည်ကို သုတေသီတို့က သုတေသန ပြုလိုသော် မူရင်း ပါဠိဘာသာဖြစ်သည့် 'သမ္မောဟဝိနောဒနီ အဋ္ဌကထာ' စာမျက်နှာ ၁၆၂၊ ပထမနှင့် ဒုတိယ စာပိုဒ်များကို စေ့စေ့စပ်စပ် လေ့လာကြည့်ရှုတော်မူကြပါကုန်။]

တနည်း အသံဟူသော သဒ္ဒရုပ်မှာ တခါတရံသာ ဖြစ်သော ကြောင့် အမြဲဘန်း မရှိ။ ထို့ကြောင့် [စိတ္တဇသဒ္ဒ+ဥတုဇသဒ္ဒ] ရုပ် ၂ ခုကို နုတ်ပယ်၍ ဤ ၉၇ ခုသော တရားတို့ကို ထိုက်သင့် သလို သတ္တဝါတို့အား 'ဝိညာဏ်ကြောင့်ဖြစ်သော နာမ်ရုပ်' ဟူ၍ သိအပ်၏။ မှန်၏၊ သတ္တဝါတို့က အိပ်ပျော်နေသည် ဖြစ်စေ၊ မေ့လျော့နေသည်ဖြစ်စေ၊ လှည့်လည်သွားလာနေသည် ဖြစ်စေ၊ စားနေကြသည်ဖြစ်စေ၊ သောက်နေကြသည်ဖြစ်စေ နေ့ရောညပါ အခါမလပ် ထိုနာမ်တရား၊ ရုပ်တရားတို့သည် ဝိညာဏ်ဟူသော

အကြောင်းကြောင့် ဖြစ်ပေါ်နေကြသည်သာပင်။ ထိုဝိညာဏ်က ကျေးဇူးပြုသည့်အဖြစ်ကိုတော့ နောက်ပိုင်းကျမှ ဖွင့်ပြပါတော့ မည်။

ဤ ၈၇ ခုသော ရုပ်တို့တွင် အကြင်ကမ္မဇရုပ် ဟူသည် ရှိ၏။ ထိုကမ္မဇရုပ်သည် ဘဝ၊ ယောနိ၊ ဂတိ၊ ဝိညာဏဋ္ဌိတိ၊ သတ္တဝါသ များ၌ ပဌမဦးဆုံး တည်ရှိဖြစ်ပေါ်လာသည်ကား မှန်၏။ သို့သော် [စိတ္တဇ၊ ဥတုဇ၊ အာဟာရဇရုပ် ဟူသော] တိဇရုပ်များက ထောက်ပံ့မထားချေသော် ရုပ်တည်နိုင်စွမ်းမရှိ။ တခါ ထိုကမ္မဇ ရုပ်များက ထောက်ပံ့မထားပါကလည်း တိဇရုပ်များ ရုပ်တည် နိုင်စွမ်း မရှိပါချေ။

ဥပမာသော်ကား သေပြင်းမုန်တိုင်း တိုက်ခတ်မှုဒဏ်ကို အကြီးအကျယ် ခံနေရသော်လည်း လေးဘက်လေးတန်မှ ချည် နှောင်ထားသော ကျူစည်းကဲ့သို့ရင်း၊ သမုဒ္ဒရာထဲတွင် လှိုင်း တံပိုးတို့ ရိုက်ခတ်မှုဒဏ်ကို ခံနေရသော်သည်း နေရာတခုခုမှာ ရုပ်တည်ရာရထားသော လှေပျက်ကြီးကဲ့သို့ရင်း၊ အချင်းချင်း အပြန်အလှန် ထောက်ပံ့နေကြသော ထိုစတုဇရုပ်တို့သည် မလဲ မပြို ရုပ်တည်နေကြပြီးလျှင် တနှစ်ပတ်လုံးဖြစ်စေ၊ ၂ နှစ်တိုင်တိုင် ဖြစ်စေ၊ (လ) အနှစ်တရာတိုင်တိုင် ဖြစ်စေ၊ အကြင်မျှလောက် သောကာလတိုင်အောင် ထိုသတ္တဝါတို့၏အသက်တန်း၊ သို့မဟုတ် ကံစွမ်းရှိနေသေး၏။ ထိုမျှလောက်သောကာလတိုင် ဖြစ်ပေါ်နေ ကြသည်သာတည်း။

ဘဝ စသည်၌ ရုပ်တို့၏ ဖြစ်ပျက်ပုံ အဆုံးအဖြတ်ကို ဤသို့ သိရှိအပ်၏။

ပေါင်းယှဉ်ခြင်းတွင်လည်း အရှေ့ဘဝ ပဝတ္တိအခါ၊ ပဋိသန္ဓေ အခါတို့မှာသော်ငြင်း၊ ပစ္စုပ္ပန်ဝေါကာရဘုံ ပဝတ္တိအခါမှာသော်ငြင်း၊ ဝိညာဏ်ကြောင့် [ဖြစ်လာသော] အကြင်နာမ်တရားသည်ငြင်း၊ အသညသတ်ဘုံ ပဝတ္တိ ပဋိသန္ဓေအခါတို့မှာသော်ငြင်း၊ ပစ္စဝေါ ကာရဘုံ ပဝတ္တိအခါမှာသော်ငြင်း၊ ဝိညာဏ်ကြောင့် [ဖြစ်လာ သော] အကြင်ရုပ်တရားသည်ငြင်း၊ ထို့ပြင် ပစ္စဝေါကာရဘုံ ပဝတ္တိအခါ၊ ပဋိသန္ဓေအခါတို့မှာ ဝိညာဏ်ကြောင့် [ဖြစ်လာ သော] အကြင်နာမ်ရုပ်သည်ငြင်း ရှိ၏။

ထိုအလုံးစုံသော နာမ်ကိုငြင်း၊ ရုပ်ကိုငြင်း၊ နာမ်ရုပ်ကိုငြင်း၊ "နာမ်ရုပ်"ဟူ၍ ယင်းသို့ တစိတ် သရုပ်တူ အကြင်းပြုသောနည်း ဖြင့် အကျဉ်းချုပ်လိုက်ပြီးလျှင် "ဝိညာဏ်ကြောင့် နာမ်ရုပ် ဖြစ် လာ၏"ဟု သိအပ်၏။

အသညသတ်အတွက် စောဒကတက်ဘွယ်

'အသညသတ်ဘုံတွင် ဝိညာဏ်မရှိသောကြောင့် မသင့်တန် ချေ'ဟု ဆိုလာငြားအံ့။ 'မသင့်သည် မဟုတ်။ သင့်၏။ ယုတ္တိတန်၏' ဟု ဖြေဆိုရာ၏။

ထင်ရှားစေအံ့။ နာမ်ရုပ်၏ အကြောင်းဖြစ်သော အကြင် ဝိညာဏ်သည် ရှိ၏။ ထိုဝိညာဏ်သည် ဝိပါက၊ အဝိပါက အပြား အားဖြင့် ၂ မျိုးရှိသည်ဟု သိအပ်၏။ ဤစကားရပ်သည်လည်း အသညသတ်ဘုံ၌ [ရှိသောရုပ်သည်] ကံဟူသော အကြောင်း ကြောင့် ဖြစ်လေရကား ပစ္စဝေါကာရဘုံမှာ ရှိခဲ့စဉ် ဖြစ်ခဲ့သော အဘိသင်္ခါရ ဝိညာဏ်အကြောင်းကြောင့် [အသညသတ်ဘုံမှာ ယခုအခါ] ရုပ်ဖြစ်လာ၏။ ထို့ပြင် ပစ္စဝေါကာရဘုံ ပဝတ္တိအခါ

တွင် ကုသိုလ်စသော စိတ်တို့၏ စိတ္တက္ခဏဝယ် ကံကြောင့်ဖြစ်သော ရုပ်သည် ရှိ၏။ ထို့ကြောင့် [ထိုစကားရပ်သည်] သင့်တန်မည်သာတည်း။

အကျဉ်းချုပ် ပေါင်းယူခြင်းအားဖြင့် အဆုံးအဖြတ်ကို ဤသို့ သိရှိအပ်၏။

(၁) ပဋိသန္ဓေအခါမှာဖြစ်စေ၊ ပဝတ္တိအခါ၌ဖြစ်စေ အကျိုးဝိပါက်ဟု ဆိုအပ်သည့် အကြင်နာမ်တရားဟူသည် ရှိ၏။ ရုပ်နှင့်ရောနေသည်ဖြစ်စေ၊ မရောသည်ဖြစ်စေ ထိုနာမ်တရားတည်းဟူသော အကျိုးတရားအား [အကြောင်းဖြစ်သည့်] ပဋိသန္ဓေဝိညာဏ်က ဖြစ်စေ၊ အခြား ဝိညာဏ်က ဖြစ်စေ သဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ အတ္ထိ၊ အဝိဂတ ဟူသော ၉ ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။ [ဆိုလိုသည်မှာ "ပဋိသန္ဓေ ဝိညာဏ်ကြောင့် ဖြစ်စေ၊ အခြားဝိညာဏ်ကြောင့်ဖြစ်စေ ရုပ်နှင့်ရောနေသော အကျိုးတရား နာမ်သဘာဝဓမ္မများလည်း ဖြစ်ပေါ်လာတတ်၏။ ရုပ်မပါ နာမ်ချည်းသက်သက်သာရှိသော အကျိုးတရားများလည်း ဖြစ်ပေါ်လာတတ်၏။ ဤအကျိုးတရားများကို ဖြစ်စေနိုင်စွမ်းရှိသော အကြောင်းတရား ပဋိသန္ဓေဝိညာဏ် သို့မဟုတ် အခြားဝိညာဏ်များ၌ သဟဇာတ၊ အညမညစသော ကြောင်းရှိစွမ်းရည် ၉ မျိုးစီရှိကြ၏" ဟူလို။]

(၂) [ပဋိသန္ဓေ ဝိညာဏ်ဟူသော အကြောင်းကြောင့်ဖြစ်စေ၊ အခြားဝိညာဏ်ဟူသော အကြောင်းကြောင့်ဖြစ်စေ] ပဋိသန္ဓေ တည်နေခါစ ထိုခဏဝယ် ဟဒယဝတ္ထုရုပ်သည် အကျိုးတရားအဖြစ်ဖြင့် ဖြစ်ပေါ်လာ၏။ ကြောင်းရှိစွမ်းရည်

သတ္တိများကား သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဟူသော ၉ ပစ္စယသတ္တိတို့ပင် ဖြစ်၏။ ဟဒယဝတ္ထုကို ချန်လှပ်၍ ကျန်ရှိသော အကျိုးတရား ရုပ်သဘာဝများ ဖြစ်ပေါ်လာရာဝယ် ကြောင်းရှိ စွမ်းရည်များကား ဤ ၉ ပစ္စယသတ္တိတို့တွင် အညမညကိုကြဉ်၍ ကျန် ၈ ပစ္စယတို့ပင် ဖြစ်၏။

(၃) ကုသိုလ်စိတ်ဝိညာဏ် တည်းဟူသော အကြောင်းကြောင့် အကျိုးတရား အသညသတ်ရုပ်များ ဖြစ်လာကြ၏။ အကျိုးတရား ပဉ္စဝေါကာရ ကမ္မဇရုပ်များလည်း ဖြစ်လာကြ၏။ ကြောင်းရှိ စွမ်းရည်ကား (သုတ္တန်ဒေသနာအားဖြင့်) ဥပနိဿယ ပစ္စယသတ္တိတခုသာတည်း။ [ပဋိသန္ဓေစိတ်၏ နောက်] ပဌမဘဝင်မှစ၍ ကြွင်းကျန်သည့် ဝိညာဏ် ဟူသမျှသော အကြောင်းတရားများကြောင့် အကျိုးတရား ထိုထိုရုပ်တရား၊ နာမ်တရားများ ဖြစ်ပေါ်လာရာဝယ် ထိုက်သင့်သမျှသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏ဟူ၍ သိရှိအပ်၏၊ ထိုနာမ်ရုပ်တို့၏ အကြောင်းပစ္စည်း နည်းနာနယကို အကျယ်ဘဝင့် ဖွင့်ပြရပါမူ ပဋ္ဌာန်းစကားလုံးကို ခွဲဖွင့်သင့်၏။ ထို့ကြောင့် ထိုအဖွင့်ကို [ဖွင့်ပြဘို့ရန်] အားမထုတ်တော့ပါပြီ။

[သူတော်ကောင်းတို့ အကျယ်သိလိုပါမူ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်ရိုက် "ပဋ္ဌာန်း အရကောက်" စာမျက်နှာ ၃၉ ရှိ ပစ္စာဇာတပစ္စည်း၏ 'တနည်းကား' ကို ကြည့်ရှုတော်မူကြပါကုန်]

ဝိညာဏ်ဟူသော အကြောင်းကြောင့် ပဋိသန္ဓေစိတ်နှင့်အတူဖြစ်သော အကျိုးတရား နာမ်တရားများ ဖြစ်လာသည်ကို ဘယ်သို့ သိနိုင်ပါမည်နည်း။ ထိုတွင် "ပဋိသန္ဓေနှင့်အတူဖြစ်သော

အကျိုးတရား နာမ်ရုပ်များသည် ဝိညာဏ်ဟူသော အကြောင်းကြောင့် ဖြစ်၏ဟူသော စကားရပ်ကို အဘယ်သို့ သိအပ်ပါသနည်း" ဟူ၍ မေးလာရာ၏။ "အထောက်အထား ပါဠိတော်ဟူသော အာဂမယုတ္တိအားဖြင့်ရင်း၊ သဘာဝယုတ္တိအားဖြင့်ရင်း သိရှိအပ်၏" ဟူ၍ ဖြေဆိုရာ၏။ မှန်၏၊ "စိတ္တာနုပရိဝတ္တိနော ဓမ္မာ=စိတ်သို့ အစဉ်လိုက်၍ ဖြစ်ကြသော သတ္တဝါလည်း မဟုတ်၊ ဇီဝလည်း မဟုတ်သော သဘောတရားတို့ဟူသည် အထင်အရှား ရှိကြ၏" စသည့် [အဘိဓမ္မာပိဋက၊ ဓမ္မသင်္ဂဏီ ပါဠိတော်၊ စာမျက်နှာ ၁၀ ၌] လာသောနည်းဖြင့် များသောအားဖြင့် ဝေဒနာတို့အား ဝိညာဏ်တို့၏ ကျေးဇူးပြုသည့်အဖြစ်သည် ပြီးစီးပြည့်စုံ၏။ [ဤသည်မှာ အာဂမယုတ္တိတည်း။] သဘာဝယုတ္တိအားဖြင့်သော်ကား "မျက်စေ့ဖြင့်လည်း တပ်အပ်သေချာမြင်ရ၊ စိတ်ကြောင့်လည်းဖြစ်သော [စိတ်ဆိုးသည့်အခါ စသည်၌] စိတ်ကြောင့် ဖြစ်လာတတ်သည့် ရုပ်ဖြင့် မမြင်ရသော ကမ္မဇရုပ်အားလည်း ဝိညာဏ်၏ ကျေးဇူးပြုသည့် အဖြစ်သည် ဤအရာတွင် အကြင့်ကြောင့် ပြီးစီး၏။ ထို့ကြောင့် ကမ္မဇရုပ်အားလည်း ဝိညာဏ်က ကျေးဇူးပြု၏" ဟူ၍ သိအပ်၏။ အကျဉ်း။

ခွဲဦးအံ့။ စိတ်ဓာတ် ကြည်လင်ရွှင်ပျသည်ရှိသော်၊ သို့မဟုတ် စိတ်မကြည်မလင် ဖြစ်နေသည်ရှိသော် ထိုစိတ်အားလျော်စွာ [ရွှင်လန်းသောမျက်နှာ၊ ရှုံ့သိုးသိုး မျက်နှာထားစသော] စိတ္တဇရုပ်များ ဖြစ်လာတတ်သည်ကို အထင်အရှား တွေ့ကြ၊ မြင်ကြရ၏။ ကြည်လင်သည့်စိတ်၊ မကြည်လင်သည့်စိတ်ကို မမြင်ရသော်လည်း မြင်ရသော စိတ္တဇရုပ်ဖြင့် မှန်းဆသိရှိနိုင်၏။ ထို့ကြောင့် ဤအရာတွင် မြင်အပ်သော စိတ္တဇရုပ်အားဖြင့် မမြင်အပ်သော

အကျိုး ပဋိသန္ဓေ ကမ္မဇရုပ်အားလည်း အကြောင်း ဝိညာဏ်က ကျေးဇူးပြုသည်ဟု သိရှိအပ်၏။ မှန်၏၊ စိတ္တဇရုပ်အား ဝိညာဏ်က ကျေးဇူးပြုသည့် အဖြစ်ကဲ့သို့ပင်။ ပဋိသန္ဓေတို့နှင့် အတူဖြစ်သော အကျိုးဘာရား ကမ္မဇရုပ်များအား အကြောင်းတရား ဝိညာဏ်က ကျေးဇူးပြုသည့် အဖြစ်သည် [ပဋ္ဌာန်းပါဠိတော်၊ စာမျက်နှာ ၁၉ နှင့် ၁၄၀ တို့၌] လာရှိ၏။ အကြောင်းပစ္စည်းတို့၏ ကျေးဇူးပြုပုံ ပဋ္ဌာန်းနည်းအားဖြင့် အဆုံးအဖြတ်ကို ယင်းသို့ သိရှိအပ်၏။

ဆက်ဦးအံ့။ ဤပဋိစ္စသမုပ္ပါဒဝိဘင်း၌ "ဝိညာဏ်ကြောင့် နာမ်ဖြစ်၏"ဟု ဟောတော်မူသော ဗုဒ္ဓသည် ညာဏ်ပညာဖြင့် စူးစမ်းလေ့ရှိသူ ပညာရှိတို့အား ပရမတ္ထအားဖြင့် နာမ်တရား၊ ရုပ်တရားမျှသာဖြစ်သော ဖြစ်ပေါ်နေပုံသည် [အသိညာဏ်တွင်] ထင်လာ၏။ သတ္တဝါဟူ၍ ထင်မလာ။ [မိန်းမ] ယောကျ်ားဟူ၍ အကြင့်ကြောင့် ထင်မလာ။ ထို့ကြောင့် သမဏသည်ရင်း၊ ဗြာဟ္မဏသည်ရင်း၊ နတ်သည်ရင်း၊ ဗြဟ္မာသည်ရင်း၊ ဤလောကထဲရှိ တဦးတယောက်သော သူသည်ရင်း ဟောကြားနိုင်စွမ်း မရှိသော၊ အတုမရှိ မြင့်မြတ်ဘိသော ဓမ္မစကြာ ဒေသနာတော်ကို ဟောကြားတော်မူခဲ့ပြီတည်း။

ဝိညာဏ်ကြောင့်ဖြစ်သော နာမ်ရုပ်ဟူသောပုဒ်၏ အကျယ်တဝင့် အဖွင့်စကားရပ် အပြီးသတ်သတည်း။

နာမရူပ ပစ္စယာ သဠာယတနံ
နာမ်ရုပ်ဟူသော အကြောင်းကြောင့်
အာယတနခြောက်ပါး သဠာယတနတရား ဖြစ်လာ၏

## ၀ိဘင်းပါဠိတော် မြန်မာပြန်

ထိုတွင် နာမ်ရုပ်ကြောင့် [ဖြစ်လာသော] အာယတန ခြောက်ပါး သဠာယတနတရားဟူသည် အဘယ်နည်း။

မျက်စေ့အကြည်ဓာတ်ဟူသော စက္ခာယတနသည်ရင်း၊ နား အကြည်ဓာတ်ဟူသော သောတာယတနသည်ရင်း၊ နှာခေါင်း အကြည်ဓာတ်ဟူသော ဃာနာယတနသည်ရင်း၊ လျှာအကြည် ဓာတ်ဟူသော ဇိဝှာယတနသည်ရင်း၊ ကိုယ်ကာယ အကြည်ဓာတ် ဟူသော ကာယာယတနသည်ရင်း၊ စိတ်တည်းဟူသော မနာ ယတနသည်ရင်း ရှိ၏။

ဤသည်ကို နာမ်ရုပ်ကြောင့် [ဖြစ်လာသော] အာယတန ခြောက်ပါး သဠာယတနတရားဟု ဆိုအပ်၏။

# အင်္ဂလိပ်ဘာသာ မြန်မာပြန်

၁။ မြေမျက်နှာပြင်ရှိ လေထုက ပူအိုက်လွန်းသောအခါ ကျွန်ုပ်တို့မှာ ချွေးထွက်စပြုလာကြ၏။ ဤနည်းဖြင့် ခန္ဓာကိုယ်တွင်းရှိ အညစ်အကြေးတို့ကို ယူပစ်ပြီး အပူဓာတ်ကလည်း အလိုအလျောက် လျော့နည်းလာ၏။ အခိုးအငွေ့အဖြစ်ဖြင့် ချွေးတို့၏ လွင့်ပျောက်မှုက အပူဓာတ်ကိုယူပစ်ပြီး အရေပြားကို အပူဓာတ်မှ ကာကွယ်ပေး၏။ အေးမြစေ၏။

၂။ စက္ခု ပသာဒရုပ်၊ သောတ ပသာဒရုပ်၊ ဃာန ပသာဒရုပ်၊ ဇိဝှာ ပသာဒရုပ်၊ ကာယ ပသာဒရုပ်နှင့် ဟဒယဝတ္ထုတို့မှာ ပြင်ပလောကမှ ထိခိုက်လာမှုကို ဖမ်းယူနိုင်စွမ်းသတ္တိ ရှိကြ၏။ ဥပမာ သော်ကား အရေပြားသည် ပူမှု၊ အေးမှုဟူသော အပူချိန်ကို အာရုံခံစားနိုင်သကဲ့သို့တည်း။ [အရေပြားသည် ကာယပသာဒရုပ်ပင် ဖြစ်၏။]

အဇ္ဈတ္တိက ပသာဒရုပ်တို့၏ စွမ်းရည်သည် လျှပ်စစ်စီးကြောင်းရှိ မဓာတ်(NEGATIVE)နှင့် တူ၍ ဗဟိဒ္ဓအာရုံများ၏ စွမ်းရည်တို့သည် ဖိုဓာတ် (POSSITIVE) နှင့် တူ၏။ အဇ္ဈတ္တိကပသာဒရုပ်များကို ရှင်သန်အောင် ပြုသောနည်းဖြင့် အမည်နာမနှင့် အသွင်သဏ္ဌာန်၊ ဝါ၊ နာမ်ရုပ်တို့က ထိုစွမ်းရည်များကို အသွင်ပြောင်းပစ်၏။ နောက် ဆိုင်ရာ ပြုဘွယ်များကို နည်းစံနစ်ကျကျ

ဆောင်ရွက်ကြ၏။ ထို့ကြောင့် ပသာဒရုပ်များ၏ ရှိနေနိုင်မှုသည် ရုပ်နှင့် နာမ်ဟူသော အမည်နာမနှင့် အသွင်သဏ္ဍာန်ပေါ်မှာ အမှီပြုရ၏။ နာမ်ရုပ်တို့၏ စွမ်းရည်သတ္တိများနှင့် အာရုံခံစား တတ်သော ပသာဒရုပ်တို့၏ စွမ်းရည်သတ္တိများသည် အပြန် အလှန် အကြောင်းပြုအပ် ကျေးဇူးပြုအပ်၏။ [တန်းတူရည်တူ အမှီအခိုပြုကြ၏ ဟူလို] ဥပမာသော်ကား အပူခာတ်သည် မီးပေါ်မှာ အမှီပြုသကဲ့သို့တည်း။

၃။ အကြင်နေရာ၌ သက်ရှိရုပ်ခန္ဓာသည် ရှိ၏။ ထိုနေရာ၌ အာရုံခံစားတတ်သော ပသာဒရုပ်၊ ဝါ၊ သိမှုအင်္ဂါတို့၏ စွမ်းရည် သတ္တိများ ရှိ၏။ ထိုခံစားမှုသည် ဘဝရေစီး၏ အရေးပါသော အကြောင်းရင်း အချက်တို့အနက် တခုအပါအဝင် ဖြစ်၏။ အချင်းချင်း အမှီပြုနေသော ဂျုံစီး [ကောက်လှိုင်း] နှစ်ခုအနက် တခုခုက လဲကျသွားတာနှင့် တပြိုင်နက် အခြားတခုသည်လည်း လဲကျသွားမည်ပင် ဖြစ်၏၊ ထို့အတူပင်လျှင် အမည်နာမနှင့် အသွင်သဏ္ဍာန် (ရုပ်နှင့် နာမ်) တို့သည် မိမိ၏ အသစ်အသစ် ဖြစ်ပွားမှုနှင့်ပတ်သက်၍ အသက်သွေးခဲဖြစ်သည်။ ဖြစ်စဉ်အတိုင်း ဆက်လက်သွားနေဘို့ရန် ကျဆုံးသည်နှင့် တပြိုင်နက်တည်း (ဆက်လက် မသွားနိုင်တော့သည်နှင့် တပြိုင်နက်တည်း) ပင်လျှင် သိမှုအင်္ဂါစုတို့သည် တည်ရှိနိုင်စွမ်း မရှိတော့ပေ။ ရုပ်စဲချုပ်ပျက် သွားတော့၏။

၄။ ဘဲဥ၊ ကြက်ဥစသော ဥများမှာ အာရုံခံစားမှု အင်္ဂါများ မရှိကြပါ။ သို့သော် ကြက်မကြီး၏ ဝပ်ထားခြင်းကို ခံယူရရှိ နေသမျှကာလပတ်လုံး ထိုဥများသည် တဖြေးဖြေးချင်း တိုးတက်

ဖြစ်ပေါ်လာကြ၏။ [အကောင်ငယ်ကလေးများ ပေါက်လာဘို့ရန် တဖြေးဖြေးနီးစပ်လာတော့သည် ဟူလို။] ထိုအချိန်ပိုင်းအထိ ထိုဥများသည် တိမ်ငုတ် ငြိမ်သက်နေကြ၏။

တိမ်ငုတ်နေသည် ဖြစ်စေ၊ တက်ကြွ လှုပ်ရှားနေသည်ဖြစ်စေ၊ သိမှုအင်္ဂါများသည် အမည်နာမနှင့် အသွင်သဏ္ဌာန်၊ ဝါ၊ ရုပ်နှင့် နာမ်တို့၏ ထင်ရှားနေမှုက အကြောင်းပြုအပ်၊ ကျေးဇူးပြုအပ်၏။ ဥပမာသော်ကား အဆောက်အဦတခု၏ တံစါးမကြီးများနှင့် ဝင်ပေါက်များသည် မိမိ၏ အရှည်အစားနှင့် အခြားဂုဏ်သတ္တိများပေါ်တွင် အမှီပြုနေသကဲ့သို့တည်း။

၅။ ကျွန်ုပ်တို့သည် သိမှုအင်္ဂါများ (ပသာဒရုပ်များ)ကို ထိန်းချုပ်နိုင်သမျှ၊ ယဉ်ကျေးအောင် ပြုနိုင်သမျှ ကာလပတ်လုံး ထိုသါးဘတ် ရက်စက်တတ်သူတို့၏ ကြားမှာသော်မှပင် ငြိမ်းအေး ချမ်းမြေ့စွာ နေနိုင်ကြမည်သာဖြစ်၏။ မိမိတို့၏ ချုပ်ပျက်သွားမှု၊ ထပ်မံဘည်ဆောက်နိုင်မှုအတိုင်း ရုပ်နှင့်နာမ်တို့ ဆက်လက်သွား နေသမျှကာလပတ်လုံး အာရုံခံစားမှု ပသာဒ ရုပ်အင်္ဂါတို့၏ စွမ်းရည်များသည် သေဆုံးချုပ်ပျက်သွားပြီးသည်နှင့် တပြိုင်နက် တည်း ပြန်လည် ရှင်သန်လာကြ၏။

၆။ ရောင့်ရဲမှုသန္တုဋ္ဌိ၊ ကြင်နာမှု ကရုဏာ၊ ဝေဘန်သိရှိမှု ပညာတို့က အကြင်မျှလောက်သော ကာလပတ်လုံး စိတ်ဓာတ်ကို မချုပ်ကိုင်နိုင်သေးအံ့၊ ယဉ်ကျေးစေမှု မပြုနိုင်သေးအံ့၊ ထိုမျှ လောက်သော ကာလတိုင် အာရုံတရားတို့က စိတ်ဓာတ်ကလေးကို သွေးဆောင်ကြဦးမည်သာတည်း။

"အိုရဟန်းတို့၊ အကြင်ရဟန်းသည် အာရုံခြောက်ပါးတို့၏ ဖြစ်ပေါ်လာမှု၊ ချုပ်ပျက်သွားမှု၊ သာယာမှု၊ ချို့တဲ့မှုနှင့် ထိုအာရုံတို့မှ တပ်မက်ခြင်း ကင်းမှုများကို တိတိကျကျသိရှိနားလည်၏။ ထိုရဟန်းသည် အရာခပ်သိမ်းကို သိသည်မည်၏" (ဗြဟ္မဇာလသုတ်၊ သီလက္ခန္ဓဝဂ္ဂ)

# ဝိဘင်းအဋ္ဌကထာ မြန်မာပြန် (သဠာယတနအဖွင့်)

နာမ်ရုပ်ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသော သဠာယတန၏ အကျယ်တဝင့် အဖွင့်စကားရပ်ဝယ် ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာဟူသော ခန္ဓာ ၃ ပါး အပေါင်းကို 'နာမ်တရား' ဟု သိအပ်၏။ ဘူတရုပ်၊ ဝတ္ထုရုပ်စသည်ကို 'ရုပ်တရား' ဟု သိအပ်၏။ 'နာမ်ရုပ်' ဟူ၍ တခုကြွင်းပြုထားသော ထိုနာမ်ရုပ်က ထိုကဲ့သို့ပင် တခုကြွင်းပြုထားအပ်သော ထို 'အာယတန ၆ ပါး= သဠာယတန' အား ကျေးဇူးပြု၏။

ခွဲဦးအံ့။ အကျိုးတရားဖြစ်သည့် အာယတန ၆ ပါး၏ အကြောင်းတရားဖြစ်သည့် နာမ်ရုပ်ဟူသည် ရှိ၏။ ထိုတွင် နာမ်ရုပ် ဟူသည် ဝေဒနာစသော ခန္ဓာ ၃ ပါးအပေါင်းတည်း။ မိမိသန္တာန်၌ အကျုံးဝင်သော အမြဲတန်းအားဖြင့် မဟာဘုတ် ၄ ပါး၊ ဝတ္ထုရုပ် ၆ ပါး၊ ရုပ်ဇီဝိတိန္ဒြေဟူသော ဘူတရုပ်၊ ဝတ္ထုရုပ်စသည် တို့ကိုမူ ရုပ်တရားဟု သိအပ်၏။ ယင်းသို့ သိသင့် သိထိုက်၏။ နာမ်တရား၊ ရုပ်တရား၊ နာမ်ရုပ်ကိုရင်း 'နာမ်ရုပ်' ဟု တခုကြွင်း ကောသိက်ပုံ [illegible] အကြောင်းအရာက 'မနာယတန=သဠာ ယတန' [illegible] 'အာယတန ၆ ပါး = သဠာယတန' ကိုရင်း၊ [မနာယတနသည် အာယတန ၆ ပါးတွင် ပါဝင်ပြီးဖြစ်သော

ကြောင့်] 'သဠာယတန'ဟု ကောသိက်ပြုထားသော အကြောင်းတရား အာယတန ၆ ပါးအား ကျေးဇူးပြု၏ဟု သိသင့်သိထိုက်၏။

အဘယ်ကြောင့်နည်း။ အကြင့်ကြောင့် အရူပဘုံဝယ် နာမ်သာလျှင် ဖြစ်သောအကြောင်းတရား ရှိ၏။ [ရုပ်ဖြစ်သောအကြောင်း မရှိဟူလို။] အကြောင်းဖြစ်သောထိုနာမ်တရားက [နာမ်ဖြစ်သည့်] 'မနာယတန=ဆဋ္ဌာယတန'အားသာလျှင် ကျေးဇူးပြု၏။ [ရုပ်ဖြစ်သည့်] အခြားအာယတနတို့အား ကျေးဇူးမပြု။ မှန်၏။ အဗျာကတဝါရဝယ် "နာမ်ကြောင့် မနာယတန ဖြစ်လာ၏" ဟု ဆိုလာအံ့၊ မှန်၏။ ဤဝါရတွင် ယူထားပြီးသား နာမ်တရားကိုသာလျှင် ထိုအဗျာကတဝါရတွင် ခွဲခြားဝေဘန်၍ ပြ၏ဟု သိအပ်၏။

ထိုတွင် 'အကြောင်းဖြစ်သော နာမ်က အကျိုးဖြစ်သော အာယတန ၆ပါးအား ကျေးဇူးပြု၏'ဟူသော ဖြစ်ရပ်ကို ဘယ့်အတွက်ကြောင့်သိရှိအပ်ပါသနည်းဟူ၍ အမေးစကားရှိလာရာ၏။ "နာမ်ဘရား ရုပ်တရားမရှိပါမူ [ထိုအာယတန ၆ပါးတို့] ဖြစ်မလာသောကြောင့် သိရှိအပ်၏" ဟူ၍ ဖြေဆိုရာ၏။

ထင်ရှားစေအံ့။ ထိုထိုနာမ်တရားဖြစ်စေ၊ ရုပ်တရားဖြစ်စေ ရှိပါမူ ထိုထိုအာယတန ၆ ပါးသည် ဖြစ်လာကြ၏။ နာမ်ရုပ်မရှိသော် အာယတန မရှိနိုင်ပါပြီ။ ထိုနာမ်ရုပ် ဖြစ်သည်ရှိသော် သဠာတန ဖြစ်ပေါ်လာသည့်အဖြစ်သည် ပစ္စည်းများ၏ နည်းနယဝယ် ထင်ရှားလာအံ့။ ထို့ကြောင့် ပဋိသန္ဓေအခါ၊ ပဝတ္တိအခါဝယ် အကြင်နာမ်ရုပ်သည် အကြင်အာယတန ၆ ပါးအား ကျေးဇူးပြု၏။ အကြင်အခြင်းအရာ [ပစ္စယသတ္တိ]ဖြင့် ကျေးဇူးပြု၏။ ထိုအခြင်းအရာ [ပစ္စယသတ္တိ]ဖြင့် ကြောင်းကျိုးမြော်မြင်

ပညာသည် သိရှိအပ်၏။ ထိုစကားရပ်၌ ဤပြဆိုအံ့သည်ကား အဓိပ္ပာယ်ဖော်ပြချက်တည်း။

ခွဲဦးအံ့။ အရူပဘုံဝယ် ပဋိသန္ဓေအခါ၊ ပဝတ္တိအခါတို့၌ နာမ်ကသာလျှင် ကျေးဇူးပြု၏။ ယင်းသို့ ကျေးဇူးလည်းပြုတတ်၊ အကြောင်းတရားလည်း ဖြစ်သော နာမ်တရားကြောင့် အကျိုးတရားမနာယတန ဖြစ်ပေါ်လာရာဝယ် အနည်းဆုံး ကြောင်းရှိစွမ်းရည် ၇ ခုဖြင့် ကျေးဇူးပြု၏။

ကျေးဇူးပြုပုံကား အဘယ်သို့နည်း။ ပဋိသန္ဓေအခါဝယ်၊ ရှေဦးအစ နာမ်ကြောင့် အကျိုးတရား မနာယတန ဖြစ်ပေါ်လာရာဝယ် ကြောင်းရှိစွမ်းရည်များကား အနည်းဆုံး သဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ ဝိပါက၊ အတ္ထိ၊ အဝိဂတဟူသော ပစ္စယသတ္တိ ၇ ခုပါရှိ၏။ ဤပဋိသန္ဓေနာမ်တို့အနက် အချို့နာမ်က ဟေတုပစ္စယသတ္တိဖြင့်၊ အချို့နာမ်က အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ယင်းသို့လျှင် အခြား ပစ္စယသတ္တိများဖြင့်လည်း ကျေးဇူးပြုသေး၏။ ထိုနာမ်၏ အစွမ်းဖြင့် အယုတ်အလျော့ အပို အလွန်ကို သိနားလည်အပ်၏။

ပဝတ္တိအခါတွင်လည်း ပြဆိုခဲ့သော နည်းအတိုင်းပင် ဝိပါက်က ကျေးဇူးပြု၏။ ဝိပါက်မှတပါး အခြားသော နာမ်သည်ကား အဆိုပါကြောင်းရှိစွမ်းရည်၇ခုအနက်ဝိပါကကိုနုတ်၍အနည်းဆုံး ၆ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ဤတွင်လည်း အချို့သော နာမ်သည် ဟေတုသတ္တိဖြင့်၊ အချို့နာမ်က အာဟာရသတ္တိဖြင့် ကျေးဇူးပြု၏။ ယင်းသို့လျှင် အခြားသော ပစ္စယသတ္တိဖြင့်လည်း ကျေးဇူးပြု၏။ ထိုနာမ်၏ အစွမ်းဖြင့် အယုတ်အလျော့ အပိုအလွန် ကို သိနားလည်အပ်၏။

အရူပဘုံမှတပါးပဉ္စဝေါကာရဘုံ ပဋိသန္ဓေအခါများမှာလည်း ဝိပါက်က မနာယတနအား ထိုအရူပနည်းတူပင်လျှင် ကျေးဇူးပြု၏။ ထို[ပဉ္စဝေါကာရပဋိသန္ဓေ] နာမ်သည် မနာယတနမှတပါး အခြားသော အဇ္ဈတ္တိကာယတန ၅ ပါးတို့အားလည်း ကျေးဇူးပြုသေး၏။ [ထိုအဇ္ဈတ္တိကာယတန ၅ ပါးကား စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှာယတန၊ ကာယာယတနတို့ပင်ဖြစ်၏။] ချဲ့ဦးအံ့။ အရူပဘုံမှတပါး ပဉ္စဝေါကာရဘုံများ၌လည်း ဟဒယဝတ္ထု၏ အဖော်သဟဲအဖြစ်ဖြင့် [ပါဝင်ရသော] ထိုဝိပါက်နာမ်အကြောင်းကြောင့် အရူပဘုံမှာ ကျေးဇူးပြုသည့်အတိုင်း အကျိုးတရား မနာယတနဖြစ်ပေါ်ရာဝယ် ပါရှိသော ကြောင်းရှိစွမ်းရည်ကား အနည်းဆုံး ပစ္စယသတ္တိ ၇ ခုဖြစ်၏။

မဟာဘုတ် ၄ ပါး၏ အဖော်သဟဲအဖြစ်ဖြင့် [ပါဝင်ရသော ထိုဝိပါက်နာမ်အကြောင်းကြောင့်ပင်]မနာယတနမှတပါးအခြား အဇ္ဈတ္တိကာယတန ၅ ပါး အကျိုးတရား ဖြစ်ပေါ်လာရာဝယ် ပါရှိသော စွမ်းရည်သတ္တိများကား သဟဇာတ၊ နိဿယ၊ ဝိပါက၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတဟူသော ၆ ပစ္စယသတ္တိတို့ ဖြစ်ကြ၏။ ဤတွင်လည်း အချို့နာမ်က ဟေတုသတ္တိဖြင့်၊ အချို့နာမ်က အာဟာရသတ္တိဖြင့် ကျေးဇူးပြုကြ၏။ ယင်းသို့လျှင် အခြားသော ပစ္စယသတ္တိများဖြင့်လည်း ကျေးဇူးပြုကြ၏။ ထိုနာမ်၏ အစွမ်းဖြင့် အယုတ်အလျော့အပိုအလွန်ကို သိရှိအပ်၏။

ပဉ္စဝေါကာရဘုံ ပဝတ္တိအခါ၌လည်း ပဋိသန္ဓေအခါက သို့ပင် ဝိပါက်နာမ်က ဝိပါက်မနာယတနအား ကျေးဇူးပြု၏။ ဝိပါက်မှတပါးသောနာမ်က ဝိပါက်မှတပါးသော မနာယတနအား ကြောင်းရှိစွမ်းရည် ၆ ခုဖြင့် ကျေးဇူးပြု၏။ ချဲ့ဦးအံ့၊ ပဉ္စဝေါ

ကာရဘုံ ပဝတ္တိအခါတွင် ပဋိသန္ဓေအခါကဲ့သို့ပင် ဝိပါက်နာမ် ဟူသောအကြောင်းကြောင့် ဝိပါက် မနာယဘန အကျိုးတရား ဖြစ်လာရာဝယ် ပါရှိသောကြောင်းရှိစွမ်းရည်တို့ကား ၇ ခုအနည်း ဆုံး ဖြစ်၏။

ဝိပါက်မှတပါးသော နာမ်အကြောင်းကြောင့် ဝိပါက်မဟုတ် သော မနာယတနအကျိုးတရား ဖြစ်လာရာဝယ် ပါရှိသော ကြောင်းရှိစွမ်းရည်များကား အဆိုပါပစ္စယသတ္တိ ၇ ခုတို့အနက် ဝိပါကကို နုတ်ပယ်၍ ကြွင်း ၆ ခုသည် အနည်းဆုံးဖြစ်၏။ ဤတွင် လည်း ဆိုခဲ့သည့်အတိုင်းပင် အယုတ်အလျော့ အပိုအလွန်ကို သိရှိအပ်၏။

ထိုပဝတ္တိအခါမှာပင်လျှင် မနာယဘနတပါး၊ အခြားအဇ္ဈတ္တိ ကာယတန ၅ ပါး အကျိုးတရားဖြစ်ပေါ်လာရာဝယ် ဝိပါက်နာမ် ဟူသော အကြောင်းတရား၌ ကြောင်းရှိစွမ်းရည် ၄ ခု ပါရှိ၏။ ဝိပါက်မဟုတ်သော နာမ်ကိုလည်း ထိုအတိုင်းပင် ပြဆိုအပ်၏။ ချဲ့ဦးအံ့။ ထိုပဝတ္တိအခါမှာပင်လျှင် စက္ခုပသာဒစသည်ကိုလည်းမှီ၊ ဟာဒယဝတ္ထုကိုလည်း မှီသော ဝိပါက်နာမ် အကြောင်းတရား ကြောင့် စက္ခာယတနစသည့် အဇ္ဈတ္တိကာယဘန ၅ ပါး အကျိုး တရားဖြစ်ပေါ်လာ၏။ ပစ္ဆာဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဟူသော ကြောင်းရှိ စွမ်းရည် ၄ ခုပါရှိ၏။

ဝိပါက်နည်းတူ ဝိပါက်မှတပါးသော နာမ်ကို ထို့အတူပင် ပြဆိုအပ်၏။ ထို့ကြောင့် ကုသိုလ်၊ အကုသိုလ် ကြိယာဖြစ်သည့် နာမ်ဟူသော အကြောင်းကြောင့် အကျိုးတရား အဇ္ဈတ္တိကာယ တနများ ဖြစ်လာရာဝယ် ကြောင်းရှိစွမ်းရည်မှာ ၄ ခုပင် ဖြစ်သည် ဟု သိအပ်၏။ ယင်းသို့လျှင် နာမ်တရားတခုတည်းကပင်လျှင်

ပဋိသန္ဓေအခါ၊ ပဝတ္တိအခါဝယ် အကြင်အကြင်အာယတနအား ကျေးဇူး၏။ အကြင်အခြင်းအရာ [ပစ္စယသတ္တိ] ဖြင့် ကျေးဇူးပြု၏။ ထိုအခြင်းအရာ [ပစ္စယသတ္တိ] ဖြင့် သိရှိအပ်၏။

ဤနိဒ္ဒေသဝယ် အရူပဘုံ၌ ရုပ်က တစုံတခုသော အာယတန အားသော်မှ ကျေးဇူးမပြု။ ပဉ္စဝေါကာရဘုံ ပဋိသန္ဓေအခါ ဝယ်၊ ရုပ် ၂၀ ခုတည်းမှ ဟဒယဝတ္ထုကြောင့် အကျိုးတရား မနာယတန ဖြစ်ပေါ်လာရာဝယ် ကြောင်းရှိစွမ်းရည် ၆ ခုပါရှိ၏။ ပဝတ္တိအခါ၊ ပဋိသန္ဓေအခါတို့တွင် မဟာဘုတ်တို့ကြောင့် စက္ခာ ယတနစသော အာယတန ၆ ပါး အကျိုးတရား ဖြစ်လာရာဝယ် ကြောင်းရှိစွမ်းရည် ၄ ခုပါရှိ၏။ ထင်ရှားစေဦးအံ့။ ပဋိသန္ဓေအခါ ရုပ် ၂၀ ခုထဲမှ ဟဒယဝတ္ထုဟူသော အကြောင်းကြောင့် အကျိုး တရား မနာယတန ဖြစ်ပေါ်လာရ၏။ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတဟူသော ကြောင်းရှိစွမ်းရည် ၆ ခု ပါရှိ၏။

သာမန်အားဖြင့် ပဝတ္တိအခါမှာ ဖြစ်စေ၊ ပဋိသန္ဓေအခါမှာ ဖြစ်စေ၊ မဟာဘုတ် ၄ ပါးတို့ကြောင့် အကျိုးတရား အကြင်အကြင် အာယတနများ ဖြစ်ပေါ်လာ၏။ ထိုထိုအကျိုးတရား အာယတန များဖြစ်ပေါ်ရာဝယ် သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ဟူသော ကြောင်းရှိ စွမ်းရည် ၄ ခုရှိ၏။ ဇီဝိတရုပ်ကြောင့် စက္ခာ ယတနစသော အာယတန ၅ ပါးအကျိုးတရား ဖြစ်လာရာဝယ် ပစ္စယသတ္တိ ၃ ခု ပါရှိ၏။ ပဝတ္တိအခါတွင် အာဟာရကြောင့်လည်း ထိုအာယတန ၅ ပါး အကျိုးတရား ဖြစ်လာရာဝယ် ပစ္စသတ္တိ ၃ ခု ပင် ပါရှိ၏။ ပဝတ္တိအခါတွင် ထိုစက္ခာယတန စသော အာယတန ၅ ပါးအကြောင်းတရားကြောင့် အကျိုးတရား မနာယတန

ဖြစ်ပေါ်လာရာဝယ် ပစ္စယသတ္တိ ၆ခု ပါရှိ၏။ ဝတ္ထုရုပ်ကြောင့်လည်း မနာယတနဖြစ်လာရာဝယ် ပစ္စယသတ္တိ ၅ ခုပါရှိ၏။

ခွဲဦးအံ့။ ပဝတ္တိအခါမှာ ဖြစ်စေ၊ ပဋိသန္ဓေအခါမှာ ဖြစ်စေ၊ ရုပ်ဇီဝိတကြောင့် ထိုစက္ခာယတနစသော အာယတန ၅ ပါး အကျိုးတရားဖြစ်ပေါ်လာဝယ် ဣန္ဒြိယ၊ အတ္ထိ၊ အဝိဂတဟူသော ကြောင်းရှိစွမ်းရည် ၃ ခုပါရှိ၏။

'အာဟာရကြောင့်လည်း' ဟူသည်ကား အာဟာရကြောင့် ထိုအာယတန၅ပါး အကျိုးတရား ဖြစ်လာရာဝယ် အာဟာရ၊ အတ္ထိ၊ အဝိဂတဟူသော ကြောင်းရှိစွမ်းရည် ၃ခု ပါရှိ၏။ဆက်ဦးအံ့။ အကြင်သတ္တဝါတို့သည် အစာအာဟာရကို မှီ၍ အသက်ရှင်ကြ၏။ ထိုအာဟာရသည် ထိုအစာအာဟာရဖြင့် အသက်ရှင်နေကြသော သတ္တဝါတို့အားသာလျှင် ကိုယ်ကာယ၌ အစာအာဟာရ ပြန့်နှံ့သည်ရှိသော် ကျေးဇူးပြု၏။ ဤသည်မှာလည်း ပဝတ္တိအခါမှာသာ ကျေးဇူးပြု၏။ ပဋိသန္ဓေအခါ ကျေးဇူးမပြု။

ထိုစက္ခာယတန စသော အာယတန ၅ပါးတို့ကြောင့် စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယဝိညာဏ် တည်းဟူသော အကျိုးတရား မနာယတနဖြစ်လာ၏။ နိဿယ၊ ပုရေဇာတ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတဟူသော ကြောင်းရှိစွမ်းရည် ၆ခုပါရှိ၏။ ဤသည်မှာလည်း ပဝတ္တိအခါမှာသာ ကျေးဇူးပြု၏။ ပဋိသန္ဓေအခါ ကျေးဇူးမပြု။

အထက်ပါ ဝိညာဏ်၅ပါးကို ချန်လှန်၍ ကျန်ရှိသော အကျိုးတရား မနာယတန ဖြစ်ပေါ်လာရာဝယ် ဟဒယဝတ္ထုရုပ်ဟူသော အကြောင်းတရား၌ နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတဟူသော ကြောင်းရှိစွမ်းရည် ၅ခုပါရှိ၏။ ဤသည်မှာလည်း

ပဝတ္တိအခါမှာသာ ကျေးဇူးပြု၏။ ပဋိသန္ဓေအခါ ကျေးဇူးမပြု။ ယင်းသို့လျှင် ပဋိသန္ဓေအခါမှာဖြစ်စေ၊ ပဝတ္တိအခါမှာဖြစ်စေ၊ [ရုပ်တခုတည်းသာဖြစ်သော အကြောင်းတရားကြောင့်] အကြင် အကြင် အာယတနတည်းဟူသော အကျိုးတရား ပေါ်လာ၏။ အကြင်အခြင်းအရာ [ပစ္စယသတ္တိ]ဖြင့် ကျေးဇူးပြု၏။ ထို အခြင်းအရာများဖြင့်လည်း [အကြောင်း အကျိုး ဆက်သွယ်ပုံကို] သိရှိအပ်၏။

အကြင်နာမ်ရုပ် ၂ပါးစုံက အကြင်အာယတနအား ကျေးဇူးပြု၏။ အကြင်အခြင်းအရာ [ပစ္စယသတ္တိ]ဖြင့် ကျေးဇူးပြု၏။ ထို အခြင်းအရာ[ပစ္စယသတ္တိ]အားဖြင့် ထိုနာမ်ရုပ်ကိုလည်း ပဝတ္တိ ပဋိသန္ဓေအခါဝယ် အကျယ်ဖော်ပြခြင်းဖြင့် သိရှိအပ်၏။ ထို ကျေးဇူးပြုသည့် အခြင်းအရာကား အဘယ်နည်းဟူမူ ပဉ္စဝေါကာရဘုံ၊ ပဋိသန္ဓေအခါဝယ် နာမက္ခန္ဓာ၃ပါးနှင့် ဟဒယဝတ္ထုရုပ်တည်းဟူသောနာမ်ရုပ်ကြောင့် အကျိုးတရား မနာယတန ဖြစ်ပေါ်လာရာတွင် သဟဇာတ၊ နိဿယ၊ ဝိပါက၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတဟူသော ကြောင်းရှိစွမ်းရည်တို့ ပါရှိကြ၏။ ဤသည်မှာ ဤအရာတွင် သိသာရုံမျှ ဖော်ပြချက်ဖြစ်၏။ ဆိုခဲ့ပြီးသောနည်းကို မှီးသော် အလုံးစုံကို သိရှိခြင်းငှာ စွမ်းနိုင်ကြပါပြီ။ ထို့ကြောင့် ဤတွင် အကျယ်ဝိတ္ထာရကို မပြတော့ပါပြီ။

နာမ်ရုပ်ကြောင့်ဖြစ်သော အာယတန ၆ပါး၏ အကျယ်တဝင့် အဖွင့်စကားရပ် အပြီးသတ်သတည်း။

## သဠာယတနပစ္စယာ ဖဿော

အာယတနခြောက်ပါး သဠာယတနတရားဟူသော
အကြောင်းကြောင့် ထိတွေ့မှု ဖဿ ဖြစ်လာ၏

## ဝိဘင်းပါဠိတော် မြန်မာပြန်

ထိုတွင် သဠာယတနကြောင့် [ဖြစ်လာသော] ထိတွေ့မှု ဖဿ ဟူသည် အဘယ်နည်း။

မျက်စေ့ အထိအတွေ့ဟူသော စက္ခုသမ္ဖဿသည်၎င်း၊ နား အထိအတွေ့ဟူသော သောတသမ္ဖဿသည်၎င်း၊ နှာခေါင်း အထိအတွေ့ ဟူသော ဃာနသမ္ဖဿသည်၎င်း၊ လျှာ အထိအတွေ့ဟူသော ဇိဝှာသမ္ဖဿသည်၎င်း၊ ကိုယ်ကာယ အထိအတွေ့ဟူသော ကာယသမ္ဖဿသည်၎င်း၊ စိတ် အထိအတွေ့ဟူသော မနောသမ္ဖဿသည်၎င်း၊ ရှိ၏။

ဤသည်ကို သဠာယတနကြောင့် [ဖြစ်လာသော] ထိတွေ့မှု ဖဿဟု ဆိုအပ်၏။

# အင်္ဂလိပ်ဘာသာ မြန်မာပြန်

၁။ ကျကျနန ပြင်ဆင်ထားပြီးသော သင်္ဘောခန်းငယ်တွင် သင့်တော်မည့်ခရီးသည်ကို လက်ခံဘို့ရန် အခန့်သင့်ဖြစ်နေဘိသို့၊ သိမှုအင်္ဂါ [=အဇ္ဈတ္တိကာယတန=အတွင်းအာယတန] ၆ပါးတို့သည် ပြင်ပအာရုံ [=ဗဟိဒ္ဓာယတန] ၆ပါးတို့၏ စွဲထင်လာမှုကို ထိတွေ့ရန်အတွက် အခန့်သင့်ဖြစ်နေ၏။

ထိုပသာဒရုပ် ဟူသော အဇ္ဈတ္တိကာယတနတို့နှင့် ဗဟိဒ္ဓာယတနတို့ ထိခိုက်ခြင်းအားဖြင့် သိမှုအင်္ဂါများဆီသို့ ရှေးရှုထင်လာသည့်အလျောက် ပြင်ပအာရုံခေါ် ဗဟိဒ္ဓာယတနတို့၏ စွဲထင်လာမှုသည် ဖြစ်ပေါ်လာ၏။

[(က) အဇ္ဈတ္တိကယတန ခြောက်ပါး

၁။ စက္ခာယတန = စက္ခုပသာဒခေါ် မျက်စေ့အကြည်ဓာတ်။ မျက်လုံးအတွင်း မျက်နက်ဝန်းအလယ် သူငယ်အိမ်တွင် ထိုမျက်စေ့အကြည့်ဓာတ်များ တည်ရှိ၏။

၂။ သောတာယတန = သောတပသာဒခေါ် နားအကြည်ဓာတ်။ နားပေါက်အတွင်း လက်စွပ်ကွင်း သဏ္ဌာန်ရှိ အသားဆိုင်တွင် တည်ရှိ၏။

၃။ ဃာနာယတန = ဃာနပသာဒခေါ် နှာခေါင်းအကြည်ခေတ်။ နှာခေါင်းအတွင်း ဆိတ်ခွာသဏ္ဍာန်ရှိ အသားဆိုင်တွင်တည်ရှိ၏။
၄။ ဇိဝှာယတန = ဇိဝှာပသာဒခေါ် လျှာ အကြည်ခေတ်။ လျှာ၏အလယ် ကြာပွင့်အဖတ်များနှင့် အလားတူသော အရပ်၌တည်ရှိ၏။
၅။ ကာယာယတန = ကာယပသာဒခေါ် ခန္ဓာကိုယ်အကြည်ခေတ်။ ခြေသည်း၊ လက်သည်းဖျား၊ ဆံပင်၊ မွေးညှင်းအဖျားနှင့် အသားမာ အရေခြောက်တို့မှတပါး တကိုယ်လုံး ပြန့်နှံ့လျက် ကာယပသာဒရုပ်များ တည်ရှိ၏။
၆။ မနာယတန = စိတ်= သိမှု မှန်သမျှ

(ခ) ဗဟိဒ္ဓာယတန ခြောက်ပါး

၁။ ရူပါယတန = ရူပါရုံခေါ် မျက်စေ့ဖြင့် မြင်နိုင်သော အဆင်းသဏ္ဍာန် မှန်သမျှ။
၂။ သဒ္ဒာယတန = သဒ္ဒာရုံခေါ် နားဖြင့်ကြားနိုင်သော အသံ မှန်သမျှ။
၃။ ဂန္ဓာယတန = ဂန္ဓာရုံခေါ် နှာခေါင်းဖြင့် နမ်း၊ ရှူနိုင်သောအနံ့ မှန်သမျှ။
၄။ ရသာယတန = ရသာရုံခေါ် လျှာဖြင့် လျက် (စား) နိုင်သောအရသာ မှန်သမျှ။

၅။ ဖောဋ္ဌဗ္ဗာယတန = ဖောဋ္ဌဗ္ဗာရုံခေါ် အထိအတွေ့မှန်သမျှ

၆။ ဓမ္မာယတန = ဓမ္မာရုံခေါ် စေတသိက် ၅၂၊ သုခုမရုပ် ၁၆၊ နိဗ္ဗာန်။ (အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့မှတပါး ကျန်သမျှ တရားစုကို ဓမ္မာရုံဟု အလွယ်စား မှတ်သားရာ၏။)

အတွင်း အာယတနခေါ် 'အခံခေတ်'နှင့် အပြင် အာယတနခေါ် 'အတိုက်ခေတ်'တို့ ထိခိုက်မှုကြောင့် 'အဖြစ်ခေတ်' ပေါ်လာပုံကို ယှဉ်တွဲ ဖော်ပြပါဦးမည်။

| | အခံခေတ် | အတိုက်ခေတ် | အဖြစ်ခေတ် |
|---|---|---|---|
| ၁။ | စက္ခာယတန | ရူပါယတန | စက္ခုသမ္ဖဿ = မျက်စေ့ အထိအတွေ့ |
| ၂။ | သောတာယတန | သဒ္ဒာယတန | သောတသမ္ဖဿ = နား အထိအတွေ့ |
| ၃။ | ဃာနာယတန | ဂန္ဓာယတန | ဃာနသမ္ဖဿ=နှာခေါင်း အထိအတွေ့ |
| ၄။ | ဇိဝှာယဘန | ရသာယတန | ဇိဝှာသမ္ဖဿ=လျှာ အထိအတွေ့ |
| ၅။ | ကာယာယတန | ဖောဋ္ဌဗ္ဗာယတန | ကာယသမ္ဖဿ = ကိုယ်ကာယ အထိအတွေ့ |
| ၆။ | မနာယဘန | ဓမ္မာယတန | မနောသမ္ဖဿ = စိတ် အထိအတွေ့ |

ဥပမာတခု ရှုကြပါစို့။ တယောက်သော လုလင်ပျို၏ ရှေ့မှောက်တူရူသို့ တဦးသော လှလှန်းဆွေ ရောက်ရှိလာရာ၏။ ယင်းသို့ဆိုလျှင် ထိုလုလင်၏ မျက်စိအကြည်ခေတ်သို့ လှလှန်းဆွေ၏ ရုပ်အသွင်က ထိခိုက်လာ၏။ ရင်ထဲတွင် နွေးကနဲ ခံစားလိုက်ရပြီး တပ်မက်သွား၏။ နောက် စွဲလန်းသွား၏။ ထပ်ကာထပ်ကာ တွေ့မြင်ချင်လာ၏။ မမြင်ရ မနေနိုင် ဖြစ်လာ၏ စသည် စသည်။ ဤတွင် မျက်စေ့တွင်းရှိ မြင်နိုင်စွမ်းသတ္တိဟူသော စက္ခုပသာဒသည် အခံခေတ် စက္ခာယတန၊ မြင်လာရသော ရုပ်အသွင်သည် အတိုက်ခေတ် ရူပါယတန၊ အခံခေတ်နှင့် အတိုက်ခေတ်တို့၏ ပေါင်းဆုံမှုကြောင့် ပေါ်လာသော ထိခတ္တေမှုသည် အဖြစ်ခေတ် စက္ခုသမ္ဖဿ။ ထိုနောက် အဖြစ်ခေတ်များဖြစ်ကြသော ရင်ထဲတွင် နွေးကနဲ ဖြစ်သွားမှုသည် ဖဿပစ္စယာ ဝေဒနာ၊ တပ်မက်မှုသည် ဝေဒနာပစ္စယာ တဏှာ၊ စွဲလန်းမှုသည် တဏှာပစ္စယာ ဥပါဒါနံ စသည်ဖြင့် (ဤပဋိစ္စသမုပ္ပါဒ် ဒေသနာအတိုင်း)အဖြစ်ခေတ်တို့ကား ဘဝသံသရာလည်ကာ ရှည်လျားထွေပြားတော့၏။

မြင်လွယ် ထင်လွယ်စေခြင်း အကျိုးငှာသာ အတန်ငယ် သြဠာရိကဖြစ်သော ဥပမာကို ပြလိုက်ရ၏။ ဤသည်ကို မှီး၍ အခြားသော ရူပါရုံများနှင့် စက္ခုပသာဒတို့ ထိတွေ့မှုကြောင့် စက္ခုသမ္ဖဿ ဖြစ်လာပုံ၊ သဒ္ဒါရုံနှင့် သောတပသာဒတို့ ထိခတ္တေမှုကြောင့် သောတသမ္ဖဿ စသည်နှင့် ဝေဒနာ၊ တဏှာ စသည်တို့ ဖြစ်ပေါ်လာပုံများကိုလည်း သိရှိနိုင်ပါပြီ။]

ကျွန်ုပ်တို့သည် မျက်မှန်စိမ်းတလက်ကို တပ်ပြီး ကြည့်ပါလျှင် ကျွန်ုပ်တို့အဖို့ အရာဝတ္ထုအားလုံးသည် အစိမ်းရောင်တွေချည်း ထင်လာရတော့၏။ မျက်မှန်အခုံး၊ မျက်မှန်အခွက် သို့မဟုတ်

မျက်နှာပြင်ညီညာသော မျက်မှန်များကို တပ်ဆင်ကြည့်ပါက လည်း မြင်တွေ့သမျှသော အရာဝတ္ထုအသွင်သဏ္ဌာန်တို့၏ ထိတွေ့ လာမှုသည် အနည်းအကျဉ်းတော့ဖြင့် ပြောင်းလဲသွားကြ၏။

[ဤသဘောတရားက ကျွန်ုပ်တို့အား သင်ကြားသည်မှာ "သင်တို့ဟာ သဘောတရားတခု၊ အယူအဆတခုကို သုံးသပ် ကြည့်တဲ့အခါ၊ ဝေဖန်ကြည့်တဲ့အခါတွေမှာ သင်တို့ လက်ခံထား နိုင်တဲ့ ဘာသာတရား၊ သို့မဟုတ် ဝါဒတခုကို ခေတ္တ မေ့ပစ် ထားပါ။ ခဏ ဘေးဖယ်ထားပါ။ ပြီးတော့ သင်တို့ရဲ့ ကိုယ်ပိုင် တွေးခေါ်မှု ဆင်ခြင်တုံတရားနဲ့ လွတ်လွတ်လပ်လပ်ကြီး ဆန်းစစ် ကြည့်လိုက်ပါ။

"ဒါမှသာလျှင် အမှား၊ သို့မဟုတ် အမှန်ဟာ ပုံမှန်သဘာဝ အတိုင်း ပေါ်လွင်လာနိုင်ပါလိမ့်မယ်။

"ဒါမှ မဟုတ်ဘဲနဲ့ သင်တို့လက်ခံထားနိုင်တဲ့ ဘာသာဝါဒနဲ့ သာ ညှိနှိုင်း ညှိနှိုင်းပြီးတော့သာ ကြည့်နေမယ်ဆိုရင် သင်ရဲ့ ဆင်ခြင်တုံဉာဏ်အား သတ္တိဟာ အစွမ်းပြနိုင်ခွင့် ရတော့မှာ မဟုတ်ဘူး။ ဉာဏ်အားသတ္တိရဲ့ကျက်စားရာ အဝှမ်းကိုလဲ သင့် အယူဝါဒရဲ့ နယ်ပယ်ထဲမှာသာနေဖို့ ဘောင်ခတ်ထားလိုက်တာနဲ့ တူပါတယ်။

"ဒီတော့ သင်ရဲ့အသိဉာဏ်ဟာ ဘာသာဝါဒတခုခုရဲ့အကျဉ်း သားအဖြစ် နေရပါတော့မယ်။ သူ မြင်ရတဲ့အတိုင်းကိုလဲ လွတ် လွတ်လပ်လပ် ပြောပြနိုင်တော့မယ် မဟုတ်ဘူး။ ဘောင်အတွင်း ကသာ ကြည့်ပြီးတော့ ပြောရတော့မယ်။ ပြီးတော့လဲ သူ့ရဲ့အရှင် သခင်ဖြစ်တဲ့ အယူဝါဒက သဘောတူ ခွင့်ပြုနိုင်တာလောက်သာ

ပြောပြနိုင်ပါလိမ့်မယ်။ သူ့ရဲ့သဘောထားအမှန်ကို မချွင်းမချန် ပြောနိုင်တော့မှာ မဟုတ်ပေဘူး။

"သည့်အတွက် သူ ပြောပြလို့ သင်တို့သိရသမျှ အမှား၊ သို့မဟုတ် အမှန်ရဲ့ နယ်ပယ်ဟာ ကျဉ်းမြောင်းနေပြီး မကျယ်ဝန်းတော့ဘူး။ မပြည့်စုံတော့ဘူး ဖြစ်နေပြီ။ ဒီလို ဘာ့ကြောင့် ဖြစ်ရသလဲဆိုရင် သင်တို့ လက်ခံယုံကြည်ထားတဲ့ ဘာသာဝါဒ ဆိုတဲ့ မျက်မှန်ကြီးကို ချွတ်မထားဘဲနဲ့ အဲဒီ မျက်မှန်ကြီးနဲ့ဘဲ တကားကားလုပ်နေကြတဲ့အတွက် ဖြစ်တယ်။

"ဒါကြောင့် သင်တို့ဟာ ဘယ်အရာကိုဘဲဖြစ်ဖြစ် ပုံမှန် သဘာဝအတိုင်း သိချင်ပါဘယ်၊ မြင်ချင်ပါတယ်ဆိုရင် သင်တို့ရဲ့ အစွဲအလန်း၊အယူဝါဒတွေနဲ့ နေရာတကာမှာ လိုက်လိုက်ပြီးတော့ တိုင်းတာကြည့်မနေပါနဲ့။ သင်တို့ရဲ့မျက်မှန်ကြီးတွေကို ချွတ်ထား လိုက်စမ်းပါ။ ပြီးတော့ သင်တို့ရဲ့ ကိုယ်ပိုင်ဉာဏ် မျက်စေ့နဲ့သာ လွတ်လွတ်လပ်လပ်ကြီး ကြည့်ရှုသုံးသပ် ဝေဖန်ကြစမ်းပါ။ သင် တို့ရဲ့ကိုယ်ပိုင်ဉာဏ်ဟာ မခေလှပါဘူး။ တကယ်တန်း သုံးကြည့် ရင် အစွမ်းထက်တာကို တွေ့ရပါလိမ့်မယ်။ အဲဒီ အခါမှာ အရာ အားလုံးဟာ ပုံမှန်သဘာဝအတိုင်း ပေါ်လာဘို့ ပိုပြီး သေချာ ဘယ်" ဟူ၏။]

၃။ နွားတို့၏ လျှာပေါ်တွင် မြက်ပင်သည် ချိုမြိန်လှ၏။ သို့သော် လူတို့၏ လျှာပေါ်တွင်ကား မချိုပါပေ။[ဇ၀ှာပသာဒနှင့် ရသာရုံ]

ပညာမဲ့သူ၏ နားသောတသို့ ချီးမွမ်းခြင်းစကားလုံးများက ထိတွေ့လာသောအခါ ထိုသူသည် များစွာပင် အကြိုက်တွေ့သွား မည်သာ ဖြစ်၏။ သို့သော် ပညာရှိ တယောက်ကိုသော်ကား

ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းတို့က ချောက်ချားနိုင်မည် မဟုတ်ပါပေ။ [သောတပသာဒနှင့် သဒ္ဒါရုံ] ပသာဒရုပ်များကြောင့်သာလျှင် ထိုပသာဒရုပ်တို့နှင့် ပြင်ပလောကတို့ ထိတွေ့မှု ဖဿ ဖြစ်ပေါ်တည်ရှိလာရ၏။

အကြင်နာတရားပါရှိသော ရိုးရိုးတန်းတန်း အပြုအမူကလေးတခုကသော်မှ စိတ်ရင်းစေတနာ ကောင်းသူ၏ နှလုံးသားကို နက်ရှိုင်းသော ကျေးဇူးတင်မှုအသိဖြင့် တွေ့ထိတတ်၊ စွဲထင်တတ်၏။ တပါးသူတို့၏ ဒုက္ခသုခများသည် ထောက်ထားတတ်၊ စာနာတတ်သော နှလုံးသားကို ကြင်နာမှု၊ သနားမှု အပြည့်ဖြင့် ထိခတွေ့လာတတ်၏။

သနားတတ်သော ခံစားမှု၏ တိုးပွားလာမှု အချိုးကျအလိုက် ထို ဒုက္ခ သုက္ခများသည် သူတဦး၏ နှလုံးသားကို ထိခိုက်နိုင်၏။ သူဘထူးမှာ အတိဒုက္ခ ကြီးစွာ ရောက်နေလင့်ကစား စိတ်နှလုံး ထိခိုက်ခြင်းအလျင်းမရှိဘဲ နေနိုင်လွန်းသူ အချို့လူများရှိကြသည့် နည်းတူ သနားခြင်းကရုဏာ ပြင်းပြစွာ ဖြစ်လာရကား အမြတ်တနိုး ထားရှိအပ်သော မိမိတို့၏ ဥစ္စာရတနာများကိုသော်မှ လက်လွှတ်ခံကာ ပေးကမ်းခြင်းအမှုပြုခြင်းအားဖြင့် မွေ့လျော်မှုကို ရယူတတ်သူများလည်း ရှိကြသည်သာပင်။

၄၊ "In the days of old on earth there lived
Six Teachers whom men flocked to hear.
No Flesh they ate for pity's sake,
Freed from the bonds of sense--desires,
No taste had they for fleshly lusts,
In Brahma - heaven they found rebirth.

Disciples too of thou there were.
Souls by the hundred not a few.
No flesh they ate for pity's sake.
Freed from the bonds of sense-desires,
No taste had they for fleshly lusts,
In Brama-heaven they found re-birth."

က။ ဟို ရှေးယခင်တုန်းက ဤကမ္ဘာမြေပြင်ဝယ် ဆရာကြီး ခြောက်ဦး နေထိုင်ခဲ့ကြဘူး၏၊ [သူတို့၏ အဆုံးအမသြဝါဒကို] နာယူရန်အတွက် လူအများအပြား စုရုံးသွားရောက်ကြ၏။

ခ။ ထို ဆရာကြီးများသည် သတ္တဝါတို့အား သနားကြသည့် အတွက် သားငါးကို မစားသောက်ကြပေ။ လောကီအာရုံ ကာမဂုဏ်များမှ ကင်းရှင်းကြ၏။ သားငါးနှင့် စပ်သည့် တပ်မက်ခြင်း အာသာရသတဏှာလည်း မရှိကြ။

ဂ။ ထိုဆရာကြီးများသည် [သေလွန်သည့်အခါ] ဗြဟ္မာ့ဘုံသို့ သွားရောက် ပဋိသန္ဓေ နေကြရ၏။ တပည့်သာဝကများလည်း ထိုနည်းတူစွာ ဗြဟ္မာတွေ ဖြစ်လာကြ၏။ ထိုကဲ့သို့သော လူများသည် နည်းပါးကြသည် မဟုတ်ပါ။ ရာပေါင်းများစွာ ရှိကြ၏။

[ကဗျာဆရာ၏အမည် မပါရှိလေ]

ဃ။ သံလိုက်ဓာတ်ကသာလျှင် သံကို ဆွဲငင်နိုင်စွမ်း ရှိ၏။ အလားတူပင်လျှင် ကြင်နာသော နှလုံးသား၏အရှင် သူတော်စင် လူသားတို့သာ သူတပါးက ဖော်ပြလာသည့် ကြင်နာမှုကို ခံစားတတ်၏။ [ရက်စက်သည့် နှလုံးသားက ကြင်နာသည့် သဘောထားကို (များသောအားဖြင့်) မခံစားတတ်ပါပြီ ဟူလို။]

ထိုသူတော်စင်တို့သည် အမုန်း ပွားတတ်သူတို့ကြားတွင် မုန်းတီးခြင်း မရှိ။ ပကတိ တည်ငြိမ်စွာ နေနိုင်ကြသည်ကား မဟုတ်သေး၊ သားရဲတိရစ္ဆာန်တို့၏ ပတ်ဝန်းကျင်မှာသော်မှ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ကြသေး၏။ အကြင်သူသည် ကိုယ်အမှုအရာဖြင့် (ခပြောဆိုပြုမူရာတွင် ထိပါးပုတ်ခတ်မှု မရှိဘဲ) သနားတတ်သော သဘောရှိသည်၊ သဘောထား ပြည့်ဝသည်။ ကြင်နာခြင်း၊ သနားခြင်း စာနာဝမ်းမြောက်ခြင်း စသည့် အာရုံခံစားမှု၊ သိတတ်နားလည်မှု၊ ရိပ်စားမှုသဘော ရှိသည်။ စိတ်ဓာတ်မှာလည်း အကြင်နာတရားဖြင့် ပြည့်ဝနေသည်ဖြစ်အံ့။ ထိုသူသည် မိမိပတ်ဝန်းကျင်တွင် ကြင်နာတတ်သော လောကလေးတခုကို ဖန်တီးတည်ထောင်မိပြီးသား ဖြစ်၏။ ထိုသူအား သဘာဝကြီးတခုလုံးက ကြင်နာ၏။ သူသည် မိတ်ဆွေရော၊ ရန်သူအပေါ်ပါ ကြီးစွာသော လွှမ်းမိုးမှု ရှိ၏။

၇။ ကြင်နာတတ်သူတို့ မွေးမြူအပ်သော တိရစ္ဆာန်ကလေးများသည်လည်း ယဉ်ကျေးလာကြမည်။ သိမ်မွေ့လာကြမည်သာ ဖြစ်၏။ ခွေးများသည် တခါတရံ လူတို့၏ အသက်၊ အခြားတိရစ္ဆာန်တို့၏ အသက်များကို ကယ်ဆယ်တတ်၏။ ဘုရားလောင်း နေထိုင်ရာ တောတွင်းရှိ တိရစ္ဆာန်များသည် အလောင်းတော်အား ချစ်ခင်ကြင်နာလာကြတုံ၏။ ထိုတောရိုင်းတိရစ္ဆာန်တို့၏ သန္တာန်ဝယ် ကြင်နာမှုကို ခံစားတတ်သော မသိမသာ ရှိနေသည့် အရည်အသွေးကလေးများသည် အလောင်းတော်၏ ကြင်နာမှု ကရုဏာ ဓာတ်သဘောကြောင့် နိုးကြားတက်ကြွလာတော့၏။ ထိုနိုးကြားလာမှုသည် တဖြည်းဖြည်း တိုးပွားလာတော့မည်သာ ဖြစ်သတည်း။

# ဝိဘင်းအဋ္ဌကထာ မြန်မာပြန် (ဖဿ၏ အဖွင့်)

အာယတနခြောက်ပါးကြောင့် ဖြစ်လာသော ဖဿ၏ အကျယ်တဝင့် အဖွင့်စကားရပ်ဝယ် အကျဉ်းအားဖြင့် ဖဿတို့သည် စက္ခုသမ္ဖဿ၊ သောတသမ္ဖဿ၊ ဃာနသမ္ဖဿ၊ ဇိဝှာသမ္ဖဿ၊ ကာယသမ္ဖဿ၊ မနောသမ္ဖဿ ဟူ၍ ၆ ပါးသာ ရှိကြ၏။ အကျယ်အားဖြင့်သော် ဝိညာဏ်ကဲ့သို့ပင် ဖဿတို့သည် ၃၂ ပါး ရှိကြ၏။ ချဲ့ဦးအံ့။ အကျဉ်းအားဖြင့် စက္ခုသမ္ဖဿ စသည့် ဖဿ ၆ ပါးသာ ပါဠိတော်၌ လာရှိ၏။ အကျယ်အားဖြင့်ကား ကုသလဝိပါက် စက္ခုသမ္ဖဿ စသည်က ၅ ပါး၊ အကုသလဝိပါက် စက္ခုသမ္ဖဿ စသည်က ၅ ပါး အားဖြင့် ၁၀ ပါး၊ ကြွင်း လောကီဝိပါက်နှင့် ယှဉ်သော ဖဿက ၂၂ ပါး၊ ယင်းသို့လျှင် အားလုံးသော ဖဿများသည် (ဆိုအပ်ခဲ့ပြီးသော သင်္ခါရကြောင့် ဖြစ်သည့် ဝိညာဏ်ကဲ့သို့ပင်) ၃၂ ပါး ရှိကြ၏။

ထိုဖဿ ၃၂ ပါး၏ အကြောင်းဖြစ်သည့် အကြင်အာယတနခြောက်ပါးဟူသည် ရှိ၏။ ထို 'အာယတန ခြောက်ပါး=သဠာယတန' ဟူသော ပုဒ်ဝယ် မနာယတနနှင့်တကွ စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှာယတန၊ ကာယာယတန ဟူသော အဇ္ဈတ္တိကာယတန ၅ ပါးကို 'အာယတန ခြောက်ပါး သဠာယတန' ဟူ၍ ပညာရှင်များ အလိုရှိကြ၏။ [ရူပါယတန၊

သဒ္ဒါယတန၊ ဂန္ဓာယတန၊ ရသာယတန၊ ဖောဋ္ဌဗ္ဗာယတန၊ ဓမ္မာယတန ဟူသော] ဗာဟိရာယတန ခြောက်ပါးတို့ဖြင့်လည်း "အာယတန ခြောက်ပါး=သဠာယတန" ဟူ၍ ပညာရှင်များ အလိုရှိကြသေး၏။ [ခေါ်ဝေါ်ကြသေး၏ ဟူလို။]

[အဇ္ဈတ္တိကာယတန=အတွင်း အာယတန ဝါ၊ အခံခတ် အာယတန၊ ဝါ၊ ကမ္မသဘာဝအာယတန။ ဗာဟိရာယတန= အပြင်အာယတန၊ ဝါ၊ အတိုက်ခတ်အာယတန၊ ဝါ၊ ကတ္တာ သဘာဝအာယတန ဟူလို။]

ထိုတွင် "ဤစကားသည် ဥပါဒိန္နကသန္တာန်၌ ဖြစ်သော စကားတည်း"ဟူ၍ တခုတည်းသော သန္တာန်မှာ အကျုံးဝင်သည်သာဖြစ်သောအကြောင်း ပစ္စည်းကိုရင်း၊ အကျိုးပစ္စယုပ္ပန်ကိုရင်း အကြင်ဆရာတို့က ပြဆိုကြ၏။ထိုဆရာတို့က"ဆဋ္ဌာယတန ပစ္စယာ ဖဿော=မနာယတနကြောင့် ဖဿ ဖြစ်၏" ဟူသော ပါဠိတော်ကို မှီးသောကြောင့် အရူပဘုံရှိ မနာယတနကိုလည်း အရူပဘုံမှတပါး အခြား ပဉ္စဝေါကာရဘုံများ၌ အကုန်အစင် ပေါင်းယူခြင်းဖြင့် "သဠာယတနသည်လည်း ဖဿအား ကျေးဇူး ပြု၏" ဟူ၍ တစိတ်တဒေသ သရုပ်တူ ကေသိက်ပြုပြီး မနာယတနနှင့်တကွသော စက္ခာယတန စသည့် အဇ္ဈတ္တိကာယတနကို "သဠာယတန=အာယတနခြောက်ပါး" ဟူ၍ [ပြဆိုခြင်းငှာ] အလိုရှိကြ၏။ မှန်၏။ ထို သဠာယတနသည် "မနာယတနလည်း၊ သဠာယတနလည်း၊ သဠာယတန" ဟူ၍ ခေါ်ဝေါ်နိုင်သည့် အခြေအနေသို့ ရောက်လာ၏။

အကြင်ဆရာတို့ကား အကျိုးပစ္စယုပ္ပန် တခုတည်းကိုသာ တခုတည်းသော သန္တာန်မှာ အကျုံးဝင်၏ ဟူ၍ ပြဆိုကြ၏။ ထိုဆရာ

တို့က အကြင်အာယတနသည် ဖဿအား ကျေးဇူးပြု၏။ ထိုဖဿအား ကျေးဇူးပြုသော အာယတနအကုန်အစင်ကို ပြဆိုလိုကြသည်ဖြစ်၍ ဗာဟိရာယတနကိုပါ ပေါင်းယူပြီး မနာယတနနှင့်တကွသော အဇ္ဈတ္တိကာယတနကို ဗဟိဒ္ဓာယတနတို့နှင့်အတူ 'သဠာယတန' ဟူ၍ [ပြဆိုခြင်းငှာ] လိုလားကြ၏၊ မှန်၏။ ထိုဗာဟိရာယတနသည်လည်း 'မနာယတနလည်း၊ သဠာယတနလည်း၊ သဠာယတန' ဟူ၍ ယင်းတို့ကို ကေသိက်ပြုပြီးပါက 'သဠာယတန' ဟူ၍သာ ခေါ်ဝေါ်နိုင်သည့် အခြေသို့ ရောက်လာ၏။

ဤတွင် ''အားလုံးသော အာယတနတို့ကြောင့် တခုသော ဖဿသည် မဖြစ်ပါသလော။ တခုတည်းသော အာယတနကြောင့် အားလုံးသော ဖဿများ မဖြစ်ပါသလော။ 'သဠာယတနပစ္စယာ ဖဿော=သဠာယတနကြောင့် ဖဿ ဖြစ်လာ၏' ဟူ၍ ဤဖဿကို တခုတည်းသာ ဆိုထား၏။ ထိုဖဿကို ဘယ်အတွက်ကြောင့် တခုတည်းသာ ဆိုထားပါသနည်း'' ယင်းသို့ စောဒကတက်လာရာ၏။ ယင်းသို့ စောဒကတက်လာရာဝယ် ဤပြဆိုအံ့သော စကားသည် အဖြေတည်း။

ထိုစောဒကဆရာ၏ စကား မှန်ပါ၏။ အားလုံးသော အာယတနကြောင့် တခုတည်းသော ဖဿ မဖြစ်ပါ။ သို့မဟုတ် တခုတည်းသော အာယတနကြောင့် အားလုံးသော ဖဿများ မဖြစ်ကြပါ၊ သို့သော် တပါးမကသော အယတနများကြောင့် တခုသော ဖဿ ဖြစ်လာ၏၊ ဥပမာ၊ စက္ခာယတန၊ ရူပါယတန၊ စက္ခုဝိညာဏ် တည်းဟူသော မနာယတန အကြွင်းယှဉ်ဆက်စေတသိက်များ ဟူသော ဓမ္မာယတန [ဤအာယတန ၄ ပါး]

တို့ကြောင့် တခုတည်းသော စက္ခုသမ္ဖဿ ဖြစ်လာ၏။ ဤနည်း အတိုင်းပင် ဖဿအားလုံးကို ထိုက်သင့်သလို ယှဉ်စပ်သင့်၏။ [နားလည်နိုင်လောက်ပြီ ဟူလို] ထို့ကြောင့်ပင် "အကျိုးဖဿ တခုသည် အကြောင်းအာယတန အများအပြားကြောင့် ဖြစ် လာ၏" ဟူ၍ ဤသဠာယတနပစ္စယာ ဖဿော ဟူသောပုဒ်၌ ဤဖဿကို ဧကဝစနနိဒ္ဒေသ အဖြစ်ဖြင့် ဗုဒ္ဓက ဟောတော်မူ၏။

'ဧကဝစနနိဒ္ဒေသ=ဧကဝုစ်ဖြင့် ညွှန်ပြချက်'ဟူသော စကားမှာ 'သဠာယတနပစ္စာ ဖဿော=အာယတန ခြောက်ပါးကြောင့် ဖဿ ဖြစ်လာ၏' ဟူသော ဤ ဧကဝုစ် ညွှန်ပြချက်ဖြင့် 'တပါး မကသော အာယတနများကြောင့် တခုသော ဖဿ ဖြစ်လာ၏' ဟူ၍ ဗုဒ္ဓ ညွှန်ပြတော်မူအပ်၏ ဟူ၍ ဆိုလို၏။

၅ ပါးသော အာယတနတို့က ၅ ပါးသော ဖဿတို့အား ၆ ပါးသော ပစ္စယတ္တိတို့ဖြင့် ကျေးဇူးပြုကြ၏။ တပါးသော ဝိပါက် မနာယနက တပါးမကသော ဝိပါက် မနောသမ္ဖဿအား ၉ ပါးသော ပစ္စယတတ္တိတို့ဖြင့် ကျေးဇူးပြုကြ၏။ ၆ ပါးသော ဗာဟိရာယတနတို့က ၆ ပါးသော ဖဿတို့အား သင့်သလို ကျေးဇူးပြုကြ၏။ ယင်းသို့ အကြောင်းပစ္စည်း၏ အဖြစ်၌ သိသာ ထင်ရှားအောင် ပြဆိုရာ၏။

အထက်ပါ စကားရပ်အတွက် အကျယ်ပြဆိုချက်ကား စက္ခာ ယတန စသော အာယတန ၅ ပါး အကြောင်းတရားတို့ကြောင့် စက္ခုသမ္ဖဿ စသော ဖဿ ၅ ပါး အကျိုးတရားများ ဖြစ်လာ ကြ၏။ နိဿယ၊ ပုရေဇာတ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဟူသော အကြောင်းရှိစွမ်းရည် ၆ ခု ပါရှိ၏။ ထို့နောင် တပါး သော ဝိပါက် မနာယတနကြောင့် အများအပြားသော အကျိုး

တရား ဝိပါက် မနောသမ္ဖဿများ ဖြစ်ပေါ်လာရာဝယ် သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဟူသော ကြောင်းရှိစွမ်းရည် ၉ ခု ပါရှိ၏။

ဗာဟိရာယတန ၆ ခုတို့အနက် ရူပါရုံခေါ် ရူပါယတနကြောင့် အကျိုးတရား စက္ခုသမ္ဖဿ ဖြစ်ပေါ်လာရာဝယ် အာရမ္မဏ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတဟူသော ကြောင်းရှိစွမ်းရည် ၄ ခု ပါရှိ၏။ သဒ္ဒါရုံခေါ် သဒ္ဒါယတန စသည်များကြောင့် အကျိုးတရား သောတသမ္ဖဿ စသည်များ ဖြစ်ပေါ်လာရာဝယ် အထက်ပါ ကြောင်းရှိစွမ်းရည် ၄ ခုတို့ပင် ပါရှိကြ၏။

ထိုရူပါရုံ စသည်တို့ကြောင့် ဖြစ်စေ၊ ဓမ္မာရုံကြောင့် ဖြစ်စေ၊ အကျိုးတရားဖြစ်သည့် မနောသမ္ဖဿ ဖြစ်လာ၏။ [ထိုသို့ဖြစ်လာရာဝယ် ရူပါရုံစသည်တို့က ပစ္စုပ္ပန်ဖြစ်သော်] အာရမ္မဏ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ ဟူသော ကြောင်းရှိစွမ်းရည် ၄ ခုပါရှိ၏။ [ရူပရုံ စသည့်တို့က အတိတ်၊ အနာဂတ်ဖြစ်သော်] အာရမ္မဏ ဟူသော ကြောင်းရှိစွမ်းရည်တခုသာ ပါရှိ၏။

ယင်းသို့လျှင် ဗာဟိရာယတန ၆ ခုတို့ကြောင့် အကျိုးတရား ဖြစ်သည့် ဝိပါက်သမ္ဖဿများ ဖြစ်ပေါ်လာရာဝယ် ကျေးဇူးပြုသည့်အဖြစ်ကို ကြောင်းကျိုးမြင်သိ ပညာရှိက သိသာထင်ရှားအောင် ပြဆိုရာ၏။

အာယတနခြောက်ပါးကြောင့်ဖြစ်လာသော ဖဿ၏ အကျယ်တဝင့် အဖွင့်စကားရပ် အပြီးသတ်သတည်း။

**ဖဿပစ္စယာ ဝေဒနာ**
**ထိတွေ့မှု ဖဿဟူသော အကြောင်းကြောင့်**
**ခံစားမှုဝေဒနာ ဖြစ်လာ၏**

## ဝိဘင်းပါဠိတော် မြန်မာပြန်

ထိုတွင် ထိတွေ့မှု ဖဿကြောင့် [ဖြစ်လာသော] ခံစားမှု ဝေဒနာ ဟူသည် အဘယ်နည်း။

မျက်စေ့ အထိအတွေ့ကြောင့် ဖြစ်လာသော ခံစားမှု (စက္ခုသမ္ဖဿဇာဝေဒနာ)သည်၎င်း၊ နားအထိအတွေ့ကြောင့် ဖြစ်လာသော ခံစားမှု(သောတသမ္ဖဿဇာဝေဒနာ)သည်၎င်း၊ နှာခေါင်းအထိအတွေ့ကြောင့် ဖြစ်လာသော ခံစားမှု (ဃာနသမ္ဖဿဇာဝေဒနာ)သည်၎င်း၊ လျှာ အထိအတွေ့ကြောင့် ဖြစ်လာသော ခံစားမှု(ဇိဝှါသမ္ဖဿဇာ ဝေဒနာ)သည်၎င်း၊ ကိုယ်ကာယ အထိအတွေ့ကြောင့်ဖြစ်လာသော ခံစားမှု(ကာယသမ္ဖဿဇာဝေဒနာ) သည်၎င်း၊ စိတ်အထိအတွေ့ကြောင့်ဖြစ်လာသော ခံစားမှု(မနောသမ္ဖဿဇာ ဝေဒနာ) သည်၎င်း ရှိ၏။

ဤသည်ကို ထိတွေ့မှု ဖဿကြောင့် [ဖြစ်လာသော] ခံစားမှု ဝေဒနာဟု ဆိုအပ်၏။

# အင်္ဂလိပ်ဘာသာ မြန်မာပြန်

၁။ မီးခြစ်ဆံနှင့် မီးခြစ်ကို ခြစ်လိုက်လျှင် မီးတောက်ပေါ်လာ၏။ မီးခြစ်ဘူးမှာလည်း မီးမရှိ။ မီးခြစ်ဆံမှာလည်း မီးမရှိပါ။ သို့သော် မီးခြစ်အိမ်နှင့် မီးခြစ်ဆံတို့ အချင်းချင်း ထိခိုက်မှုကြောင့် မီးတောက်ပေါ်လာရ၏၊ တုတ်တံနှင့် စည်မျက်နှာပြင်ကို တီးခတ်သော် စည်သံထွက်လာ၏။ တုတ်တံမှာလဲ အသံမရှိ။ စည်မျက်နှာပြင်မှာလဲ အသံမရှိပါပေ။ သို့သော် တုတ်တံနှင့် စည်မျက်နှာပြင်ဟူသော အရာဝတ္ထုနှစ်ခုတို့ ထိတွေ့လာမှုကြောင့် အသံထွက်လာ၏။ အလားတူပင်လျှင် မြင်အပ်သော အရာဝတ္ထု(ရူပါရုံ)နှင့် မျက်စေ့ (စက္ခုပသာဒ)တို့၏ အချင်းချင်း ထိတွေ့လာမှုကြောင့် တွေ့မြင်ခြင်း (=မြင်သိစိတ် စက္ခုဝိညာဏ်) ဖြစ်ပေါ်လာ၏။ အသံဟူသော သဒ္ဒါရုံနှင့် နားဟူသော သောတပသာဒတို့ အချင်းချင်း ထိခိုက်မှုကြောင့် ကြားခြင်းတည်းဟူသော ကြားသိစိတ် သောတဝိညာဏ် ဖြစ်လာ၏။ ထို့အတူပင်လျှင် ဂန္ဓာရုံနှင့် ဃာနပသာဒကြောင့် ဃာနဝိညာဏ်စိတ်၊ ရသာရုံနှင့် ဇိဝှါပသာဒကြောင့် ဇိဝှါဝိညာဏ်စိတ်၊ ဖောဋ္ဌဗ္ဗာရုံနှင့် ကာယပသာဒကြောင့် ကာယဝိညာဏ်စိတ် ဖြစ်ပေါ်လာရ၏၊ စိတ်၌သာ သိမြင်အပ်၊ တွေးခေါ်အပ်သော ဓမ္မာရုံကာ မနောဒွာရ၌ ထင်ဟပ်လာမှုကြောင့် မနောဝိညာဏဓာတ်ဟူသော စိတ်အသိ ဖြစ်ပေါ်လာရ၏။

၂။ ပြင်ပအာရုံတို့၏ စွဲထင်လာမှုက သိမှုအင်္ဂါ (ပသာဒရုပ်) တို့အပေါ် ကျရောက်လာသည့်အခါတွင် ဗဟိဒ္ဓ အင်အားစုတို့က သိမှုအင်္ဂါများ၏ စွမ်းရည်သတ္တိများကို တန်ပြန်ဆန့်ကျင်လာကြမည်သာ။ ဆန့်ကျင်ဘက်အင်အားစုတို့ ညီမျှနေကြလျှင် ဥပေက္ခာဝေဒနာ (အခကောင်းလည်းမဟုတ်၊ အဆိုးလည်း မဟုတ်) ဟုခေါ်၏။ တိုက်ခိုက်တတ်သော ထိုအင်အားစု နှစ်ခုတို့အနက်တခုက အခြား တခုထက် ပိုမိုအင်အားကြီးမားခဲ့ပါသော် ဒေါမနဿဝေဒနာ (မနှစ်မြို့ဘွယ် ခံစားမှု)ဟု မှတ်ယူအပ်၏။ ဤဒေါမနဿဝေဒနာသည်ပင် တဖြေးဖြေးချင်း လျော့ကျလာသည့်အခါ ယင်း ဝေဒနာကိုပင်လျှင် သောမနဿဝေဒနာ(နှစ်သက်ဘွယ် ခံစားမှု)ဟူ၍ ကျွန်ုပ်တို့က ထင်မှတ်လာ၏။ အကြောင်းသော်တမူကား စောစောပိုင်းက ဖြစ်ခဲ့ပုံနှင့် ယခုလောလောဆယ်ဖြစ်နေဆဲဘို့က ခြားနားကြလေသောကြောင့်တည်း။ (ဤတွင် အလျဉ်းသင့်သည်က တကြောင်း၊ ဆန်းစစ်တွေးခေါ်မှုတွင် ဝါသနာပါသော သုတေသီများအတွက် အသက်တန်းစား ဗုဒ္ဓအဘိဓမ္မာ၏အရသာ အလေးအပေါ်ကို မြည်းစမ်းကြည့်ခွင့် ရရှိစေလိုသည်က တကြောင်းကြောင့် ပဋ္ဌမကဏ္ဍ ပဋိစ္စသမုပ္ပာဒ်နည်းဖြင့် အမြွက်မျှ ဆန်းစစ်ပြခဲ့သော သဘောတရားကို ဤ၌ ပဋ္ဌာန်း(အဘိဓမ္မာ)နည်းဖြင့် သိသာရုံမျှ ဆန်းစစ် သုံးသပ်ပြပါဦးမည်။

"တဦးသော လုလင်ပျို၏ ရှေ့မှောက်သို့ တယောက်သော လုလွန်းဆွေသည် ရောက်ရှိလာ၏။ သို့အတွက် လုလင်သည် ဣဋ္ဌဖြစ်သော ရူပါရုံကို တွေ့မြင်လိုက်၏။ နောက် ရင်ထဲတွင် နွေးကနဲဖြစ်လာပြီး တပ်မက်စိတ်ဖြစ်လာ၏ စသည် စသည်" ဤတွင်

"တွေ့မြင်လိုက်၏" ဆိုသည်မှာ "စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်လာ၏"ဟု ဆိုလို၏။ သို့အတွက် ထိုစက္ခုဝိညာဏ်စိတ်ကို အကျိုးတရားတခုဟူ၍ သတ်မှတ်ကြပါစို့။ ပြီးလျှင် ထိုအကျိုး၏ အကြောင်းကို ရှာဖွေကြည့်ကြစို့။

A = စက္ခုပသာဒ

B = အလင်းရောင်

C = ရူပါရုံ

D = နှလုံးသွင်း မနသိကာရဟူသော အကြောင်းတရား ၄ ခုကြောင့်

X = စက္ခုဝိညာဏ်စိတ်ဟူသော အကျိုးတခုဖြစ်လာ၏။

[ A + B + C + D = X ]

ဤတွင် X ဟူသော အကျိုးတရား (စက္ခုဝိညာဏ်စိတ်) တခုဖြစ်ပေါ်လာရေးအတွက် မရှိမဖြစ်သော အကြောင်းတို့ကား A. B. C. D. တို့ပင် ဖြစ်၏။ ထိုအကြောင်းတရားတို့ စုပေါင်းညီညွတ်လာမှု (=ပစ္စယ သမဝါယ) ကြောင့် X ဟူသော အကျိုးတရားသည် ဖြစ်လာရ၏။ အကြောင်း ၄ ခုတို့အနက် တခုခုချို့တဲ့သော် အကျိုးတရားဖြစ်မလာနိုင်။ ဥပမာ A ဟူသော အကြောင်းတခုချို့တဲ့သော် (=စက္ခုပသာဒချို့တဲ့သော အကန်းဖြစ်အံ့) B သည်ဘယ်နည်းနှင့်မျှ ဖြစ်မလာနိုင်ပါပြီ။ ထိုအတူ B.C.D. တို့အနက် တခုခုက ချို့တဲ့လျှင်သည်း X ဖြစ်မလာနိုင်ပုံကို ဆန်းစစ်ကြည့်ပါလေ။

ဤဖြစ်ရပ်ကို ထောက်ဆသော် "အချင်းချင်းကွဲပြားခြားနားကြသောအကြောင်းတရားများက အညီအညွတ်ပေါင်းဆုံမိလာသောအခါ ယင်းတို့နှင့်လုံးဝ ခြားနားသော အကျိုးတရားတခု

(မည်သူ့အမိန့်ကိုမျှ နာခံရသည်မဟုတ်ပါဘဲ ဓမ္မနိယာမ ဥပဒေသအရ)ဖြစ်ပေါ်၍လာ၏”ဟူသော သဘောတရားမှန်ကန်ကြောင်းကို သတိမူမိရာ၏။

၎င်းတွင် (က) A ဟူသော အကြောင်းတခုချို့တဲ့သော် X ဟူသော အကျိုးဖြစ်မလာနိုင်။ A မရှိလျှင် X မဖြစ်။ X ဖြစ်လာဖို့အတွက် A သည် ကြီးစွာသောအထောက်အကူ ပေး၏။ ကျေးဇူးပြု၏။ ယင်းသို့ အထောက်အကူပေး၊ ကျေးဇူးပြုရာဝယ် A ၌ စွမ်းရည်သတ္တိများရှိ၏။ မိမိ၌ အရည်အချင်း စွမ်းရည်သတ္တိ မရှိသည်ဖြစ်အံ့၊ တပါးသူကို မကူညီနိုင်။ ရှိမှသာလျှင် ကူညီနိုင်ဘိသို့တည်း။

ထို့ကြောင့် A ၌ ရှိသော စွမ်းရည်သတ္တိတို့ကား နိဿယ၊ ပုရေဇာတ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတဟူသော ပစ္စယသတ္တိ ၆ ပါးတို့တည်း။ “နိဿယ” ဟူသည်မှာ “မှီရာဌာန”ဟူ၏။ A ဟူသော စက္ခုပသာဒခေါ် မျက်စေ့အကြည်ဓာတ် ရုပ်ဝတ္ထုသည် မှီရာ၊ တည်ရာ၊ ဝါ၊ အမှီခံသမားဖြစ်၏။ မှီသူကား X ဟူသော နာမ်တရားပင် ဖြစ်၏။ မှီသူ စက္ခုဝိညာဏ်ဟူသော နာမ်တရားသည် အမှီခံသူ စက္ခုပသာဒခေါ် ရုပ်ဝတ္ထုကို အမှီပြုရသည့်အတွက်ကြောင့်သာ ဖြစ်လာနိုင်၏။ ရုပ်ဝတ္ထုကို မမှီရသော် နာမ်တရား ဖြစ်မလာနိုင်။ ရုပ်ဝတ္ထုဖြစ်သည့် စက္ခုပသာဒကြောင့်သာ နာမ်ဖြစ်သည့် စက္ခုဝိညာဏ်ဖြစ်လာ၏။ စက္ခုပသာဒကား အကြောင်း ပစ္စယ။ စက္ခုဝိညာဏ်ကားအကျိုး ပစ္စယုပ္ပန်ဖြစ်၏။ ထို့ကြောင့် အကြောင်းပစ္စယသည် အကျိုး ပစ္စယုပ္ပန်အား နိဿယ မှီရာဟူသော ကြောင်းရှိစွမ်းရည်ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ အထောက်အကူပေး၏ ဟူလို။ ကြောင်း ပစ္စယသတ္တိတို့၏

အဓိပ္ပာယ်ကို မရေးတော့ပါ။ [နောက်ဆက်တွဲ၌ အကျယ်တဝင့် ရေးထား၏။]

(ခ) B ဟူသော အလင်းရောင်၌ ရှိသော စွမ်းရည်သတ္တိကား ပကတူပ နိဿယဟူသော ပစ္စယသတ္တိ ၁ပါးပင် ဖြစ်၏။ အာလောက ပညတ်က စက္ခုဝိညာဏ်အား ကျေးဇူးပြုသည်ကို ပဋ္ဌာန်း၌ တိုက်ရိုက်မတွေ့ရ။ သို့သော် ရသင့်သော ပစ္စယသတ္တိတို့ဟူ၍ ထင်၏။ "အာရမ္မဏ" ဟူသည်မှာ "အာရုံ" ဟူ၏။ ချိန်ရွယ်သည် တောင်ဝှေး၊ သို့မဟုတ် ကြိုးတန်းကို အထောက်အကူအဖြစ် ကိုင်စွဲ ရမှသာ လမ်းလျှောက်နိုင်၏။ ဤတွင် အာရုံသည် တောင်ဝှေး၊ ကြိုးတန်းနှင့်တူ၏။ စက္ခုဝိညာဏ်စိတ်စသော စိတ်စေတသိက် များသည် ချိန်ရွယ်သူနှင့်တူ၏။ သို့ဖြစ်၍ B ဟူသော အလင်းရောင် (အာလောက ပညတ်၊ မြင်ရုံ)ကို အထောက်အကူအဖြစ် ရရှိ၍ သာ X ဟူသော စက္ခုဝိညာဏ်စိတ် ဖြစ်လာနိုင်၏၊ အလင်းရောင် ရှိသောကြောင့်သာ စက္ခုဝိညာဏ်စိတ် ဖြစ်လာနိုင်၏။ အလင်း ရောင်သည် အကြောင်း ပစ္စယ။ စက္ခုဝိညာဏ်စိတ်သည် အကျိုး ပစ္စယုပ္ပန္နဖြစ်၏။ အကြောင်းက အကျိုးအား အထောက်အကူ ပေးကာ ကျေးဇူးပြုရာတွင် အကြောင်း၌ရှိသော စွမ်းရည်ကား အာရမ္မဏဟူ၏။

(ဂ) C ဟူသော ရူပါရုံက X ဟူသော စက္ခုဝိညာဏ်အား ကျေးဇူးပြုရာတွင် အကြောင်းဖြစ်သည့် ရူပါရုံ၌ ရှိသော စွမ်းရည် များကား အာရမ္မဏ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတတို့ပင် ဖြစ်၏။ ရူပါရုံက အကြောင်းတခုအဖြစ် ပါဝင်ရပုံမှာ ထင်ရှားလှ၏။ ဆန်းစစ်ကြည့်ပါလေ။

(ဃ) D ဟူသော နှလုံးသွင်း မနသိကာရက X အား ကျေးဇူးပြုရာတွင် ပါရှိသော ကြောင်းရှိ စွမ်းရည်များကား အနန္တရ၊ သမနန္တရ၊ အနန္တရရူပ နိဿယ၊ နတ္ထိ၊ ဝိဂတ ဟူသော ပစ္စယသတ္တိ ၅ ခုပင် ဖြစ်၏။

မနသိကာရ ဟူသည် ဝိထိပဋိပါဒက မနသိကရ၊ ဇဝနပဋိပါဒကမနသိကာရ၊ အာရမ္မဏ ပဋိပါဒကမနသိကာရဟူ၍ ၃ မျိုးရှိသည့်အနက်က ဤတွင် ဝိထိပဋိပါဒက မနသိကာရကို ယူပြီး ပဋ္ဌာန်း ပဥ္စဝါရ အနန္တရပစ္စည်း၏ အဗျာကတော အဗျာကတဿ ဗဒ၊ ကြိယာဝုဋ္ဌာနဿဟူသော အနုဝါရပါဠ် အနေထားပြီး ပစ္စည်းပိုင်ကို ပြထားပါသည်။

(င) X ဟူသော စက္ခုဝိညာဏ်စိတ်၏ နောက်တွင် ရှေ့နောက်စဉ်ကာ ဆက်လက်ဖြစ်ပေါ်လာသော စိတ်အစဉ်ကား

၁။ သမ္ပဋိစ္ဆိုင်း = ထင်လာသော ရူပါရုံကို (အိမ်သည်က ဧည့်သည်ကို လက်ခံသကဲ့သို့) လက်ခံတတ်သောစိတ်။

၂။ သန္တီရဏ = လက်ခံအပ်ပြီးသော အာရုံကို (ဘာပါလိမ့်ဟု) စူးစမ်းတတ်သည့်စိတ်။

၃။ ဝုဋ္ဌော = စူးစမ်းအပ်ပြီးသော အာရုံကို (ဣဋ္ဌရူပါရုံပါကလားဟူသော) ဆုံးဖြတ်သည့်စိတ်။

၄။ ဇောရကြိမ် = ဆုံးဖြတ်အပ်ပြီးသော အာရုံ၏ အရသာကိုသာ လျင်မြန်သော အဟုန်ဖြင့် ခံစားသာယာတတ်သည့် စိတ်များ။

၅။ တဒါရုံ ၂ကြိမ် = ဇောက ခံစားအပ်ပြီးသော အာရုံကို နောက်ယောင်ခံ အရသာ ယူတတ်သော စိတ်များ။

၆။ ဘဝင်များ = ဘာကိုမျှ မသိသောစိတ်များ။ [အိပ်ပျော်နေသည့်အခါ ဖြစ်လာသော စိတ်မျိုး]

(စ) X ဟူသော စက္ခုဝိညာဏ်သည် အကြောင်းတရားဖြစ်လာက မိမိ၏ အခြားမဲ့၌ အကျိုးတခုကိုဖြစ်စေ၏။ ၎င်းကား သမ္ပဋိစ္ဆိုင်းပင် ဖြစ်၏။ ဤတွင် စက္ခုဝိညာဏ်ဟူသော အကြောင်းတရား၌ အနန္တရ၊ သမနန္တရ၊ အနန္တရူပ နိဿယ၊ နတ္ထိ၊ ဝိဂတ ဟူသော စွမ်းရည်သတ္တိ ၅ ပါးရှိ၏။ ထို့အတူ သမ္ပဋိစ္ဆိုင်းကြောင့် သန္တီရဏ ဖြစ်လာ၏။ သန္တီရဏကြောင့် ဝုဋ္ဌောဖြစ်လာ၏။ ဝုဋ္ဌောကြောင့် ပဌမဇော ဖြစ်လာ၏။ ယင်းသို့ ဖြစ်လာရာတွင် အကြောင်းဖြစ်သော သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌောတို့၌ ရှိသော စွမ်းရည်များကား အနန္တရ၊ သမန္တရ၊ အနန္တရူပ နိဿယ၊ နတ္ထိ၊ ဝိဂတတို့ပင် ဖြစ်ကြ၏။ တဖန် ပဌမဇောကြောင့် ဒုတိယဇော၊ ဒုကြောင့်တ၊ တကြောင့်စ၊ စကြောင့်ပ၊ ပကြောင့်ဆ၊ ဆကြောင့် သတ္တမဇော ဖြစ်လာရာတွင်လည်း အကြောင်းများ၌ရှိသော စွမ်းရည်တို့ကား အထက်ပါ ၅ ပစ္စယသတ္တိအပြင် အသေဝန အပါအဝင် ၆ ပစ္စယသတ္တိ ဖြစ်ကြ၏။

တခါ သတ္တမဇောကြောင့် ပဌမတဒါရုံ၊ ပဌမဘဒါရုံကြောင့် ဒုတိယ တဒါရုံ ဖြစ်လာရာတွင် သတ္တမဇောနှင့် ပဌမတဒါရုံဟူသော အကြောင်းများ၌ ရှိသော စွမ်းရည်တို့ကား အနန္တရစသော အထက်ပါ ၅ ပစ္စယသတ္တိတို့ပင်ဖြစ်ကြ၏။

(ဆ) ဤတွင် ပဌမဈောဓမှ သတ္တမဈောအထိကား ရင်ထဲတွင် နွေးကနဲ၊ အေးကနဲဖြစ်လာပြီး တပ်မက်စိတ်များ ဖြစ်ပေါ်လာသည့် အခိုက်အတန့်ပင်ဖြစ်သည်ဟု ယူဆသင့်၏။ ယူဆထားပါသည်။ အကြောင်းမှာ ရင်ထဲတွင် နွေးကနဲ၊ အေးကနဲဖြစ်သွားရသည်မှာ အားကြီးသော ခံစားမှု သောမနဿဝေဒနာ၏ လက်ချက်ဖြစ်၏။ ထိုသောမနဿ ဝေဒနာမှာလဲ ဣဋ္ဌာရုံကြောင့် ဖြစ်လာရသော သဘာဝရှိ၏။ ဤသည်တို့မှာ ထင်ရှားသော သဘာဝ ဥပဒေသများ ဖြစ်၏။ တဖန် ထိုလုလင်ပျိုအတွက် ထိုမိန်းမပျိုသည် ဣဋ္ဌာရုံစစ်စစ်သာ ဖြစ်၏။ ဣဋ္ဌာရုံနှင့် ကြုံသော် သောမနဿဇောသာ စောရိုးမွေတာ ရှိ၏။ သောမနဿ စိတ္တုပ္ပာဒ် သာယာသောစိတ်ခေတ်၊ ဝမ်းမြောက်သောစိတ်ခေတ်များသာ အလှိုင်းတကြီး ဖြစ်လာမည်မှာ ထင်ရှား၏။ တွယ်တာတပ်မက်သွားမည်မှာလည်း (သာမန်ပုထုဇဉ် လူသားမျှသာဖြစ်သဖြင့်)သေချာ၏။ တပ်မက်သည့် သဘာဝပါသည်မှာ ထင်ရှားသောကြောင့် လောဘမူလစိတ်၊ ဝမ်းမြောက်သည့် သဘာဝပါသောကြောင့် သောမနဿသဟဂုတ်စိတ်၊ ထို့ကြောင့် လောဘမူ သောမနဿသဟဂုတ်စိတ် ၄ခုအနက် တခုခုသောစိတ်က ၇ကြိမ် တိုင်တိုင် ထပ်ဆင့်ဖြစ်နေသည့် အခိုက်အတန့်သည် ရင်ထဲမှာ နွေးကနဲ၊ အေးကနဲ ဖြစ်သွားသောအချိန် ဖြစ်ရမည်ဟု ယူဆထားပါသည်။ သည့်ထက်သည်သာ (ပို၍ သိစေလိုသည်နှင့်အမျှ) ရေးခွင့်ရှိသမျှ ရေးရသော် ဆုံးနိုင်အံ့ မထင်ပါပြီ။ သို့အတွက် ဤဘွင် ဤမျှလောက်နှင့်သာ ဗုဒ္ဓအဘိဓမ္မာ၏ အရသာကို သုတေသီတို့ မြည်းစမ်း ကြည့်နှင့်ပါဦး။

ဆက်ဦးအံ့။ ဤစကားဝိဉာဏ်၊ သမ္မာဒိဋ္ဌိစသော စိတ်အစဉ်တို့သည် ဗုဒ္ဓ၏ တည်ထွင်ချက်များပေလော။ မဟုတ်ပါပေ။အကြင်သို့သော အစဉ်အားဖြင့် စိတ်စသော ပရမတ္ထတို့သည် (စိတ္တနိယာမ စသည့် ဥပဒေသအတိုင်း)ရှေ့နောက်စဉ်ကာ ဖြစ်လာကြ၏။ ပြီး ချုပ်ပျောက်သွားကြ၏။ထို ဖြစ်စဉ်ပျက်စဉ်နှင့်တကွသော သဘာဝမှုတို့ကို ယထာဘူတကျကျ သိရှိရေးအတွက် ဗုဒ္ဓသည် ဘဝပေါင်း အသင်္ချေ ရှာကြံခဲ့၏။ ကြိုးစားခဲ့၏။ မျက်စေ့ကို ဖောက်ထုတ် ပေးလှူကာ ရင်းနှီးခဲ့ရ၏။ အသက်ကို ပေးလှူကာ ရင်းနှီးခဲ့ရသည်လည်း ရှိခဲ့၏။ နောက်ဆုံး ဘဝတွင်သော်မှ မည်သည့်လူသားမျှ မချိုးနိုင်သေးသော(ချိုးနိုင်မည်လည်း မထင်ရသော)အမြင့်ဆုံး ဝီရိယစံချိန်ဖြင့် ၆နှစ်တိုင်တိုင် ကြိုးစားခဲ့ရ၏။ ရှာကြံခဲ့ရ၏။ သည်တော့မှ တွေ့၏။ တွေ့ပြီးနောက် သူတပါးတို့အား ပြန်လည် ဟောကြားနိုင်ရေးအတွက် ၇ရက်ကျင်တိုင် ဤ"အဘိဓမ္မာ"ကို သုံးသပ်တော်မူရပြန်သေး၏။ ပြီးတော့မှသာ တင်ပြ ဟောကြားတော်မူခဲ့၏။ ထို ဟောကြားတော် မူချက်အတိုင်းသာ အရှင်မဟာကဿပစသော ရဟန္တာ မထေရ်မြတ်ကြီးများက မဖြည့်စွက်၊ မနုတ်ပယ်ဘဲ မှတ်တမ်းတင်ထားခဲ့ကြ၏။ ထို မှတ်တမ်းတင်ထားချက်များကို သင်ကြား လေ့လာကာ သဘောပေါက်ထားသည့်အတိုင်း ပြန်လည် ရေးပြနေခြင်းသာ ဖြစ်ပါသည်။ထို့ကြောင့်"ဗုဒ္ဓသည် တည်ထွင်သူ(INVENTOR) မဟုတ်။တွေ့ရှိထုတ်ဖော်သူ (DISCOVEROR) သာ ဖြစ်၏" ဟု ဆိုချင်ပါသည်။ ဆိုပါ၏။]

၃။ တခုသောဝေဒနာသည် အခြားတခုသော ဝေဒနာကို ခြင့်တွက်တတ်သူ ဖြစ်၏။ ဤ "ခြင့်တွက်မှု"ကို ပြုမည့် "င၊"

သို့မဟုတ် "လိပ်ပြာဝိဉာဏ်" ဟူသည် မရှိ။ သို့မဟုတ် ဝေဒနာကို ခံစားတတ်သူ (ဝေဒက) ဟူသည်လည်း မရှိပေ။ ရှိသည်မှာကား ခံစားမှုဟူသော ဝေဒနာသာတည်း။ ထိုခံစားမှုသည်ပင် "ခံစားသူ=ဝေဒက"ဖြစ်၏။ အကယ်၍ ဝေဒနာကို ခံစားမည့် အရာတခုခု ရှိခဲ့သည်ဖြစ်အံ့၊ ထိုအရာသာသည် ပြုန်းတီး၊ ပျက်စီးသွားမည်သာတည်း။ တခုသော ခံစားမှုသည် ချုပ်ပျက်မသွားမီ၊ ယင်းခံစားမှုသည်ပင်လျှင် အခြား ဝေဒနာတခုကို ခံစားသွား၏။ ဝေဒနာမှသည် ဝေဒကဖြစ်လာ၏။ ခံစားမှုတို့သည် တခုပြီး တခု ဖြစ်ပေါ်လာ၏။ နောက် ချုပ်ပျက်သွားကြ၏။ ထိုခံစားမှုတို့သည် တကယ်တန်းရှိသည့် အစစ်အမှန်များ မဟုတ်ကြ။ အိမ်မက်ပမာ မရေရာကြသည်သာ။ ယင်းတို့၏ ဖြားယောင်းမှုခံရသူသည် နှစ်သက်ဘွယ် အာရုံကို နှစ်သက် တပ်မက်၏။ တဏှာဖြစ်လာ၏။ မနှစ်သက်စရာကို ရှုံ့ချ မုန်းတီး၏။ ဒေါမနဿ ဖြစ်လာ၏။ ဒေါသထွက်လာ၏။ ဤသို့သောလူမျိုးကို ဧလောဘ၊ ဒေါသ၊ မောဟတို့က လွှမ်းမိုး ကြီးစိုး နိုင်ကြ၏။ အကြင်သူသည် တည်ကြည်၏။ ထိုသူသည် ခံစားမှုတို့ကြောင့် [အာရုံခံစားလိုမှုကြောင့်] တုန်လှုပ်ခြင်းမရှိ။ ပကတိ တည်ငြိမ်စွာ ရပ်တည်နိုင်၏။

ဤသို့သော ပုဂ္ဂိုလ်များကား ထာဝစဉ်ရှင်ပျ၏။ ကြင်နာတတ်၏။ သူတို့သည် ပစ္စက္ခ ဤဘဝမှာလည်း ပျော်ရွှင်ကြ၏။ တမလွန် နောင်ဘဝကျပြန်ဧဘာ့သည်း ချမ်းမြေ့ကြသည်တည်း။ အိပ်မက်ပမာ မရေရာလေသည့် ဤမည်သော ခံစားမှုတို့သည် ဖြစ်ပေါ်လာပြီးနောက် ချုပ်ငြိမ်း ကွယ်ပျောက်သွား၏ ဟူ၍

ကျွန်ုပ်တို့သည် မကြာခဏ ကြားသိရ၏။ သို့ရာတွင် နှစ်သက်ဘွယ်အာရုံ ကာမဂုဏ်တို့ကို "အကျိုးတရား တခုအဖြစ်ဖြင့်" နှစ်လို သာယာချင်ကြ၏။ ခံစားချင်ကြ၏။ ထို့ကြောင့် မသိမှု အဝိဇ္ဇာမှ လုံးဝ မလွတ်ကင်းနိုင်ကြသော ကျွန်ုပ်တို့တတွေသည် "အကြောင်းတရား"ကောင်းမှုကုသိုလ်များကို ပြုလုပ်ကြလေ၏။

# ဝိဘင်းအဋ္ဌကထာမြန်မာပြန် (ဝေဒနာ၏အဖွင့်)

ဖဿကြောင့် ဖြစ်လာသော ဝေဒနာ၏ အကျယ်တဝင့် အဖွင့် စကားရပ်ဝယ် စက္ခုသမ္ဖဿဇာဝေဒနာ စသည်ဖြင့် ပါဠိတော်မှာ ဒွာရအားဖြင့် စက္ခုသမ္ဖဿဇာ စသည့် ဝေဒနာ ၆ ပါးတို့ကိုသာ ဟောထားတော်မူ၏။ အပြားအားဖြင့်သော်ကား ထိုဝေဒနာတို့သည်(စိတ် ၈၉ နှင့် ယှဉ်သည့်အတွက်ကြောင့်) ၈၉ ခု ရှိ၏ဟု သိအပ်၏။ ထို ၈၉ ခုတို့ အနက် (ဝိပါကစိတ်နှင့် ယှဉ်သည့် အတွက်ကြောင့်) ၃၂ ပါးသော ဝေဒနာတို့ကိုသာ အလိုရှိအပ်၏ ဟူ၍ ဗုဒ္ဓ ဟောတော်မူ၏။ ထိုတွင် စက္ခုသမ္ဖဿ မျက်စေ့ အတွေ့ အထိ စသည်ကြောင့် စက္ခုသမ္ဖဿ ဇာဝေဒနာ မျက်စေ့ အတွေ့ကြောင့်ဖြစ်သော ခံစားမှု စသော အကျိုးတရားဝေဒနာ ၅ ပါး ဖြစ်လာ၏။ ထိုဝေဒနာ ၅ ပါးတို့သည် ၅ ဒွာရ၌ ဖြစ်၏။ စက္ခုပသာဒ စသည့်ဝတ္ထုကို မှီကြ၏။ ကြောင်းရှိစွမ်းရည်တို့ကား သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အာဟာရ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတဟူသော ၈ ပစ္စယသတ္တိတို့တည်း။

| ဝေဒနာ | ဖြစ်ရာဒွာရ | မှီရာဝတ္ထု |
|---|---|---|
| [စက္ခုသမ္ဖဿဇာဝေဒနာ | စက္ခုဒွာရ | စက္ခု ပသာဒ ဝါ စက္ခုဝတ္ထု |
| သောတ " | သောတဒွာရ | သောတ " " သောတ။ |
| ဃာန " | ဃာနဒွာရ | ဃာန " " ဃာန " |

ဇိဝှာသမ္ဖဿဇာဝေဒနာ ဇိဝှာဒွါရ ဇိဝှာပသာဒ ဝါ ဇိဝှာဝတ္ထု[
ကာယ ။ ကာယဒွါရ ကာယ ၊ ၊ ကာယ ၊]

ဒွါရ တခုတခုမှာလည်း ဖြစ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ တဒါရုံ အဖြစ်ဖြင့်လည်း ဖြစ်တတ်သော ကြွင်း ကာမာဝစရဝိပါက် ဝေဒနာတည်းဟူသော အကျိုးတရား၏ အကြောင်းတရားကား စက္ခုသမ္ဖဿ စသော ဖဿပင် ဖြစ်၏။ ကြောင်းရှိ စွမ်းရည်ကား ဥပနိဿယသတ္တိတခုသာတည်း။ အထက်ပါ ပဉ္စဒွါရနည်းတူ မနောဒွါရမှာလည်း ဖဿက ကျေးဇူးပြုသေး၏။

ခွဲဦးအံ့။ မနောဒွါရမှာလည်း တဒါရုံ၏ အဖြစ်ဖြင့် ဖြစ်ပေါ်လာသော ကာမာဝစရဝိပါက် တည်းဟူသော အကျိုးတရား၏ အကြောင်းတရားကား တက္ကဖြစ်ဘက် မနောသမ္ဖဿ စိတ်အထိအတွေ့ပင်ဖြစ်၏။ ကြောင်းရှိစွမ်းရည်ကား အထက်ပါ ၇ ပစ္စယပင် ဖြစ်၏။ ပဋိသန္ဓေ၊ ဘဝင်၊ စုတိအဖြစ်ဖြင့် ဖြစ်ပေါ်လာသော တေဘူမက ဝေဒနာတို့အားလည်း [ထိုမနောသမ္ဖဿကပင်လျှင်] ထို ၇ ပစ္စယသတ္တိဖြင့်ပင် ကျေးဇူးပြု၏။

မနောဒွါရမှာ တဒါရုံအဖြစ်ဖြင့် ဖြစ်လာသော အကြွင်း ကာမာဝစရဝေဒနာဟူသည် ရှိ၏။ ထိုကာမာဝစရ ဝေဒနာဟူသော အကျိုးဘရားတို့၏ အကြောင်းတရားကား မနောဒွါရရှိ အာဝဇ္ဇန်းစိတ်နှင့် ယှဉ်သော မနောသမ္ဖဿ သာတည်း။ အကြောင်းရှိ စွမ်းရည်ကား ဥပနိဿယတခုဘည်းသာ ဖြစ်၏။

ဖဿဟူသော အကြောင်းကြောင့်ဖြစ်လာသော ဝေဒနာ၏ အကျယ်တဝင့် အဖွင့်စကားရပ် အပြီးသတ်သတည်း။

ဝေဒနာပစ္စယာ တဏှာ
ခံစားမှုဝေဒနာဟူသော အကြောင်းကြောင့်
တပ်မက်မှု တဏှာ ဖြစ်လာ၏

## ဝိဘင်းပါဠိတော် မြန်မာပြန်

ထိုတွင် ခံစားမှုဝေဒနာကြောင့်[ဖြစ်လာသော]တပ်မက်မှု တဏှာ ဟူသည် အဘယ်နည်း။

ရူပါရုံ၌ တပ်မက်မှု(ရူပတဏှာ)သည်ရင်း၊သဒ္ဒါရုံ၌ တပ်မက်မှု (သဒ္ဒတဏှာ) သည်ရင်း၊ ဂန္ဓာရုံ၌ တပ်မက်မှု (ဂန္ဓတဏှာ) သည်ရင်း၊ ရသာရုံ၌ တပ်မက်မှု (ရသတဏှာ) သည်ရင်း၊ ဖောဋ္ဌဗ္ဗာရုံ၌ တပ်မက်မှု (ဖောဋ္ဌဗ္ဗတဏှာ)သည်ရင်း၊ ဓမ္မာရုံ၌ တပ်မက်မှု (ဓမ္မတဏှာ)သည်ရင်း ရှိ၏။

ဤသည်ကို ခံစားမှုဝေဒနာကြောင့်[ဖြစ်လာသော]တပ်မက်မှု တဏှာဟု ဆိုအပ်၏။

# အင်္ဂလိပ်ဘာသာ မြန်မာပြန်

၁။ ပညာ၏ စောင့်ကြပ်မှု ထိန်းသိမ်းမှုကို မခံရသော စိတ်ဓာတ်သည် အာရုံတရားကြောင့် တုန်လှုပ်၏။ ချောက်ချား၏။ ဤသို့ စိတ်ဓာတ်၏ တုန်လှုပ် ချောက်ချားလာမှုကို တဏှာဟု ဆိုအပ်၏။ ခံစားမှုတို့ဟူသည် အခိုက်အတန့်အားဖြင့် ဖြစ်ပေါ်လာမှုတွေသာ ဖြစ်၏။ မတည်မြဲခြင်း အနိစ္စ၊ ဆင်းရဲခြင်းဒုက္ခတို့၏ အကြောင်း ဖြစ်၏။ မခဖောက်မပြန်တတ်၊ မပြောင်းလဲတတ်သည့် သဘောတရားမှ ကင်းဘိ၏ ဟူ၍ ပညာရှိ ပုဂ္ဂိုလ် [တွေးခေါ်မြော်မြင်တတ်သူ] မှန်သမျှတို့ သိရှိနားလည်ကြ၏။ သည့်ပြင်လည်း 'ငါ' ဟူ၍ မရှိ။ 'ငါ့ဟာ'ဆိုတာရှာမရပါတကား ဟူ၍ (ယထာဘူတကျကျ) သိမြင်နားလည်ကြ၏။ ထိုသူတို့သည် [အာရုံတို့၏ ဖြားယောင်းလာမှုကြောင့်] ချောက်ချားခြင်း မရှိကြ။ ပကတိ အခိုင်အမာ ရပ်တည်နိုင်ကြ၏။ ပညာမဲ့သူတို့ကား စိတ်ကြိုက် အာရုံ ကာမဂုဏ်တို့ကို ဆည်းပူးရရှိရေးအတွက် ခုံမင် မက်မောကြ၏။ မနှစ်မြို့စရာတို့ကို သော်ကား ရှောင်ရှားကြ၏။

၂။ ခံစားမှုဝေဒနာတို့ကြောင့် တပ်မက်မှုတဏှာ ဖြစ်ပေါ်လာရ၏။

လူသားတို့သည် မသိမှု အဝိဇ္ဇာကြောင့် မကောင်းမှုကို စွဲလန်းတပ်မက်လှ၏။ ထို့ကြောင့် သူတို့သည် မနှစ်မြို့ဘွယ်

ခံစားမှုတို့ကိုသော်မှ တပ်မက်ကြ၏။ မှန်၏။ တခါတရံများတွင် သူတို့သည် အရက်သေရည်ကို အသောက်များလွန်းသည့်အခါ [ရေချိန်လွန်သွားသည့်အခါ] များတွင် အော့အံကြ၏။ ရီဝေ ထိုင်းမှိုင်းနေကြ၏။ ပြီး မအီမသာဖြစ်လာကြ၏။ ယင်းသို့ဖြစ်သည့် တိုင်အောင် သူတို့သည် အရက်သူရာကို [မသောက်ဘဲ နေသွားမည့်အစား] သည်ထက်သာ ပို၍သော်မှ တောင့်တလာကြ၏။ [အရက်ကလူကိုသောက်သွားပြီ ဟူသတတ်။]

ဝဲခြောက် စသော အရေပြားရောဂါသည်တို့သည် အနာရှိရာ နေရာကို လက်သဲဖြင့် မကြာခဏကုတ်ခြစ်တတ်၏။သွေးထွက်အောင်ပုံကြ၏။ နောက် နာကျင်လာ၏။ ယင်းသို့ ဖြစ်သည့် တိုင်အောင် သူတို့သည် ထပ်ကာတလဲလဲသာ ကုတ်ခြစ်ချင်ကြ၏။

၃။ အချို့ကုန်သည်ကြီးများသည် (ဝင်ငွေများများရရှိလိုမှုကြောင့် ဝိသမလောဘဇော အားကြီးလေသည့်အတွက်) မိမိတို့၏ ကုန်ပစ္စည်းဈေးနှုန်းများကို အဆမတန် မြှင့်တင်ထားတတ်၏။ ထိုစဉ်ကိုက်ဝယ် အခြားကုန်သည်တို့ကမူ အမြတ်အစွန်း အနည်းဆုံးဖြင့် တင်းတိမ်ကြ၏။သို့ဖြစ်၍ သူတို့သည် ဖောက်သည်များကို ပို၍သော်မှ ရတတ်၏။ ဝင်ငွေတိုးတက်လာ၏။ ကုန်သည်ကောင်းများသည် မိမိတို့၏ ဖောက်သည်များ၊ ဈေးနှုန်းစုံစမ်းလာသူ အကြည့်အရှုလာသူများကို တခုခုဝယ်ယူသည်ဖြစ်စေ၊ မဝယ်သည်ဖြစ်စေ၊ ယဉ်ကျေးခြေငံစွာ၊ ပျူငှာဖော်ရွေစွာ ဆက်ဆံတတ်၏။ တခါတရံများတွင် လဘက်ရည်၊ ကော်ဖီ၊ မုန့်ပဲသားရည်စာ စသည်တို့ဖြင့် သော်မှ ညှော်ခံလိုက်သေး၏။

ဆပ်ပြာ ထုတ်လုပ်သူများက ဆပ်ပြာ အမြောက်အမြားကို စာသင်ကျောင်းများတွင် အခမဲ့ပေးဝေတတ်၏။ ယင်းသို့ အကုန်

အာမခံထားသော ငွေက လုပ်ငန်း တိုးတက်ခြင်း ပိုမိုအောင်မြင်သော ကြော်ငြာခြင်းဟူသော အကျိုးတရားကို ပြန်လည်ယူဆောင်လာတတ်၏။ မိမိတို့၏ လယ်ယာ ကိုင်းမြေများကို မြေသြဇာ မစို့မပို့ကျွေးခြင်းဖြင့် ငွေကြေးကို ချွေတာလိုသူတို့၏ လယ်ယာများထက် မြေသြဇာ ရက်ရက်ရောရော ကျွေးသူတို့၏ လယ်ယာကိုင်းမြေများက အသီးအနှံပို၍ ထွက်နိုင်၏။

ဖော်ပြပါ ဥဒါဟရုဏ်များက ပြဆိုသည်မှာ လောကီရေးရာများမှာသော်မှ တပ်မက်ခြင်း တဏှာကို ချုပ်ကိုင်နိုင်သဖြင့် အောင်မြင်မှုများကို ရနိုင်ကြ၏။

[လောကုတ္တရာရေးရာတွင် ထိုတဏှာကို ချုပ်ကိုင်နိုင်အောင် ကြိုးပမ်း၍ချုပ်တည်း သည်းခံနိုင်ခဲ့ပါသော် အကျိုးတရား ရလာဒ်များကို ရနိုင်မည်ကား အဘယ်ဆိုဖွယ်ရာရှိတော့အံ့နည်း ဟူလို]

၄။ လူသားတို့ကို အကျဉ်းထောင်များသို့ ဦးဆောင်သွားတတ်သူကား တဏှာသာဖြစ်၏။ ယင်းသည့်တဏှာကြောင့်ပင်လျှင် လုယက်မှု၊ သတ်ဖြတ်မှုများ ဖြစ်လာရ၏။ တကိုယ်ကောင်းကြံမှု၊ တပ်မက်မှုတို့သည် လူသားတို့ကို စိတ်ဝမ်းကွဲစေတတ်၏။ လောဘကြီးသူတို့သည် အစားလွန်ကြသောကြောင့်၎င်း၊ ကျန်းမာရေးနှင့် မညီညွတ်သော အစားအစာကို စားသောက်တတ်သောကြောင့်၎င်း၊ ထုံးစံအတိုင်း မအီမသာဖြစ်တတ်၏။ လောဘ၏ လွှမ်းမိုးခြင်းကို ခံနေရသူ အချို့လူများသည် ငွေများကို မြှုပ်နှံထားတတ်၏။ အစားအသောက်များကို [မစားရက် သောက်တက်ဟုဘိသို့] သိမ်းထားတတ်၏။ တချိန်တည်းမှာပင် သူတို့သည် မသရေစာ စားသောက်နေရ၏။ ကျော်ကြားမှု၊ ဂုဏ်ပါဝါရှိမှု၊ အချီးမွမ်းခံလိုမှု၊ မျက်နှာသာရလိုမှု

များကို ရရှိရန် ကြိုးပမ်းကြလေသောကြောင့် ဥစ္စာနေချမ်းသာ ကြွယ်ဝသူများသော်မှ အလွန်အမင်းဆင်းရဲသွားတတ်၏၊ အပြုံ့ အမူအားဖြင့်သော်၎င်း၊ အရည်အသွေးအားဖြင့် သော်၎င်း၊ သူတပါးတို့ထက် မိမိက သာလွန်ဘတ်သိလိမ္မာကြောင်းကိုလည်း ထုတ်ဖော်တတ်၏။

မိမိတို့၏ စွမ်းရည်သတ္တိထူးကလေးများကို လှစ်ဟ ထုတ်ဖော်ခြင်း [မိမိကိုယ်ကို မိမိက တိုက်ရိုက်၊ သို့မဟုတ် မသိမသာ ကိုယ်ရည်သွေး ပြောဆိုမှု=အတ္တုက္ကံသန၊ သူတပါးကို နှိမ့်မှု= ပရဝမ္ဘန]အမူပြုလုပ်ကာ အမူအကျင့်အားဖြင့်ဖြစ်စေ၊ အရည် အသွေးအားဖြင့် ဖြစ်စေ၊ မိမိက သူတပါးထက် သာလွန်တတ်သိ ကြောင်းကို အကြင်သူတို့သည် ပြုလုပ်ကြ၏။ ထိုသူတို့သည် တကယ်တန်းတွင် မိမိတို့၏ ပညာဉာဏ် ကင်းမဲ့ကြသည့် အပြစ်ကို လောကကြီးသို့ ထုတ်ပြနေခြင်း၊ ဝန်ခံနေခြင်းသာ ဖြစ်တော့၏။

၅။ သာယာဘွယ်သော ခံစားမှုတို့ကို တပ်မက်ခြင်း ကာမ တဏှာ၊ ဘဝကို တပ်မက်မှု ဘဝတဏှာ၊ ဘဝပြတ်သည်ဟူသော အယူအဆကို တပ်မက်မှု ဝိဘဝတဏှာတို့သည် ကျွန်ုပ်တို့ကို အားနည်းလာအောင်၊စိုးရွံ့ထိပ်ပြာလာအောင်ပြုကြသည်သာပင်။ [ဤတဏှာသုံးပါး၏ တိကျသော အဓိပ္ပာယ်ကို အဌကထာ ကဏ္ဍတွင် မြင်ရပါမည်။]

မိမိ၏နိုင်ငံနှင့် အမျိုးသားရေးရာအတွက် လိုအင်ဆန္ဒများက စစ်သင်္ဘောကြီးများ၊ လက်နက်ကြီးများ စသည်တို့ ထုတ်လုပ် ရေးကို လိုအပ်စေ၏။ ဖြစ်ပေါ်စေ၏။ ဤသည်တို့က လူမျိုး အချင်းချင်းမယုံသင်္ကာမှုများ၊ သတ်ဖြတ်မှုများ၊ ဆင်းရဲနွမ်းပါး မှုများ၊ အခွန်အတုတ်ကြီးများ၊ လုပ်ခ တိုးမြှင့် တောင်းဆိုမှုများ၊

သပိတ်မှောက်ခြင်းများနှင့် မငြိမ်သက်မှုများကိုဖန်တီးကြမည်သာ ဖြစ်၏။

၆။ သံလိုက်ခေတ်၏ POLE ခေါ် ဝင်ရိုးစွန်းနှစ်ဘက်ကဲ့သို့ပင် မသိမှု အဝိဇ္ဇာမှာလည်း အစွန်းနှစ်ဘက် ရှိ၏။ ၎င်းတို့ကား တဏှာနှင့် ဒေါသတည်း။ တဏှာကို အကြွင်းမဲ့ ဖျက်ဆီးလိုက်သည့်အခါ အဝိဇ္ဇာသည်လည်း ပျက်စီးသွားရမည်သာပင်။ အဝိဇ္ဇာ မပါခဲ့သော် ဒေါသမရှိနိုင်ပြီတည်း။ သောက သဘာဝကို ပိုင်စွာသိနားလည်မှု၊ တဏှာရမ္မက်ဖြင့် တပ်မက်ခြင်းမှ ကင်းရှင်းမှု၊ ဒုက္ခတို့မှ လွတ်ကင်းရာ ပြည့်ဝ စစ်မှန်သော မွေလျော်ခြင်းကို အတွေ့အကြုံရှိမှု [သန္တိသုခနိဗ္ဗာနခေတ်ကို ကိုယ်တွေ့ကြုံရမှု]နှင့် ကျွန်ုပ်တို့၏ ကောင်းကျိုးချမ်းသာရေး၊ လူသားအားလုံး၏ ကောင်းစား ပျော်ရွှင်ရရေးအတွက် ပြုသင့်ရာရာကို ပြုကျင့်မှုတို့သည် လောဘ၊ ဒေါသ၊ မောဟတို့ကို အကုန်အစင် ဖျက်ဆီးပစ်၏။

၇။ လူတို့၏ အကြီးမြတ်ဆုံးဖြစ်သော နှစ်သက်ဘွယ်ရာတို့ အနက် တခုသော နှစ်သက်ဘွယ်ကား အသိမိတ်ဆွေ၊ သို့မဟုတ်၊ သူစိမ်းတရံစာတို့ကို လိုလေသေးမရှိ ပြုစုခြင်းပင် ဖြစ်၏။ ရက်ရက်ရောရော ပေးကမ်းခြင်းဖြင့် သူတပါးအဖို့ အတိဒုက္ခကြီးများမှ တအောင့်တခဏကလေး ဖြစ်စေ ခံသာရာရလာသည်ကို တွေ့ရမြင်ရသောအခါ ကျွန်ုပ်တို့မှာ ဝမ်းမြောက်ဝမ်းသာ လွန်စွာ ဖြစ်လာရသည် မဟုတ်ပါလော။ လိုလေသေးမရှိအောင် ပြုစုရေးတွင် အားရနှစ်သိမ့်မှုကို ရယူတတ်ခြင်းသည်လည်း တဏှာကို ချုပ်ကိုင်ရေးအတွက် နည်းတနည်းဖြစ်၏။ သို့သော် ကောင်းအောင် ပြုလိုသော စိတ်ဆန္ဒအလိုအားဖြင့် ကျွန်ုပ်တို့ တတွေ သန့်စင်ကြရ၏။

# ဝိဘင်းအဋ္ဌကထာ မြန်မာပြန် (တဏှာ၏အဖွင့်)

ဝေဒနာကြောင့် ဖြစ်လာသည့် တဏှာဟူသောပုဒ်၏ အကျယ်တဝင့် အဖွင့်စကားရပ်ဝယ် "သူဋ္ဌေးသား၊ ပုဏ္ဏားသား"ဟူ၍ ဘခင်[၏ထံ]မှ ရရှိသောနာမည်အားဖြင့် သားကို ညွှန်ပြဘိသကဲ့သို့ ဤရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာဟူ၍ အာရုံမှရရှိသော နာမည်များဖြင့် တဏှာ ၆ ပါးကို ညွှန်ပြအပ်၏။ ပြဆိုအပ်၏။ ထိုတဏှာတို့အနက် 'ရူပတဏှာ' ဟူသည် ရုပ်၌ဖြစ်သော တဏှာပင်တည်း။ ဤနည်းအတိုင်း ပုဒ်တို့၏အနက်ကို သိရှိအပ်၏။

[ရုပ်ကို တပ်မက်မှု၊ ဝါ၊ ရူပါရုံကို တပ်မက်သည် ရူပတဏှာ။

| | | | | |
|---|---|---|---|---|
| အသံ | 〃 | 〃 သဒ္ဒါရုံ | 〃 | သဒ္ဒတဏှာ။ |
| အနံ့ | 〃 | 〃 ဂန္ဓာရုံ | 〃 | ဂန္ဓတဏှာ။ |
| အရသာ | 〃 | 〃 ရသာရုံ | 〃 | ရသတဏှာ။ |
| အထိအတွေ့ | 〃 | 〃 ဖောဋ္ဌဗ္ဗာရုံ | 〃 | ဖောဋ္ဌဗ္ဗတဏှာ။ |
| သဘောတရား | 〃 | 〃 ဓမ္မာရုံ | 〃 | ဓမ္မတဏှာ။ |

ရုပ်အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့မှတပါး ကျန်ရှိသမျှသော တပ်မက်အရာကို တပ်မက်မှုသည် 'ဓမ္မတဏှာ' ပင် ဖြစ်သည်ဟု မှတ်သားရာ၏။]

ဆက်ဦးအံ့။ ထိုတဏှာ ၆ ပါးတို့အနက် တပါးပါးသော တဏှာသည် ဖြစ်ပေါ်ပုံအခြင်းအရာအားဖြင့် ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာဟူ၍ ၃ ပါးအပြား ရှိသည်ဟု သိအပ်၏။

က။ ချဲ့ဦးအံ့။ အကြင်အခါတွင် စက္ခုပသာဒသို့ ရှေးရှုထင်ရောက်လာသည့် ရူပါရုံတည်းဟူသော ကာမဂုဏ်ကို ရူပတဏှာက ပင်လျှင် သာယာတပ်မက်ခြင်းအားဖြင့် တပ်မက်လျက် ဖြစ်ပေါ်လာ၏။ ထိုအခါ ထို[ရူပါရုံကို တပ်မက်သော] ရူပတဏှာသည် 'ကာမတဏှာ'ဟူသောအမည် ရလာ၏။

ခ။ အကြင်အခါတွင် ထိုရူပါရုံကိုပင်လျှင် 'မြဲ၏၊ အမြဲတည်ရှိ၏'ဟူ၍ ဖြစ်ပေါ်လာသော သဿတဒိဋ္ဌိနှင့်အတူ ဖြစ်၏။ ထိုအခါ ထို[ရူပါရုံသည် အတည်အမြဲ ရှိ၏ဟု ယူဆသော] ရူပတဏှာသည်ပင် 'ဘဝတဏှာ' ဟူသောအမည် ရလာ၏။ မှန်၏။ 'သဿတဒိဋ္ဌိ=အမြဲရှိသည်ဟူသော အယူအဆ'နှင့်တကွဖြစ်သော တပ်မက်မှုကို 'ဘဝတဏှာ' ဟူ၍ ဆိုအပ်၏။

ဂ။ အကြင်အခါတွင်ကား ထိုရူပါရုံကိုပင်လျှင် ''ပြတ်စဲ၏၊ ပျောက်ပျက်၏'' ဟူ၍ ဖြစ်ပေါ်လာသော ဥစ္ဆေဒဒိဋ္ဌိနှင့်အတူ ဖြစ်၏။ ထိုအခါ ထို[ရူပါရုံသည် ပြတ်စဲ၊ ပျောက်ပျက်၏ဟု ယူဆသော] ရူပတဏှာသည်ပင် 'ဝိဘဝတဏှာ'ဟူသော အမည် ရလာ၏။ မှန်၏။ 'ဥစ္ဆေဒဒိဋ္ဌိ=ပြတ်စဲ၏ ဟူသော အယူအဆ' နှင့်တကွဖြစ်လာသော တပ်မက်မှုကို 'ဝိဘဝတဏှာ'ဟု ဆိုအပ်၏။ ထိုနည်းအတူ သဒ္ဒတဏှာ စသည်တို့၌လည်း ၃ ပါးစီတို့ပင်။ ထို့ကြောင့် တဏှာ [၆×၃=] ၁၈ ပါး ရှိ၏။ ထိုတဏှာတို့သည် အဇ္ဈတ္တရုပ် စသည်၌ ၁၈ ပါး၊ ဗဟိဒ္ဓ ၁၈ ပါးအားဖြင့် ၃၆ ပါး။

ဃင်းသို့လျှင် အတိတ် ၃၆၊ အနာဂတ် ၃၆၊ ပစ္စုပ္ပန် ၃၆ အားဖြင့် တဏှာအပြား ၁၀၈ ပါး ဖြစ်လာ၏။ ထိုတဏှာ ၁၀၈ ပါးကို အကျဉ်းချုပ်လိုက်သော် ရူပါရုံစသည်ကို အာရုံပြုသည့် အစွမ်းအားဖြင့် ၆ ပါး၊ သို့မဟုတ် ကာမတဏှာ စသည်အားဖြင့် တဏှာသည် ၃ ပါးတည်းသာ ရှိသည်ဟု သိအပ်၏။

လူတို့သည် သားကို ခင်တွယ်မှုကြောင့်၊ သားကို မြတ်နိုးမှုကြောင့် ကလေးထိန်းအား ကြီးစွာသော ပူဇော်သက္ကာရမှု [=များပြားသော ပေးကမ်းမှု]ကို ပြုကြဘိသို့ ဤလူသတ္တဝါတို့သည် ရူပါရုံကို အာရုံပြုသည့်အစွမ်းဖြင့် ဖြစ်လာသော ခံစားမှုဝေဒနာကို တပ်မက်ခြင်းကြောင့်၊ ခံစားမှုကို မြတ်နိုးခြင်းကြောင့် [ရူပါရုံတပ်မက်သူက]ပန်းချီသမားအား [သဒ္ဒါရုံဘပ်မက်သူက] စောင်းသမား၊ ဂီတသမားအား [ဂန္ဓာရုံဘပ်မက်သူက] ရေမွှေးသည်၊ နံ့သာသည်အား [ရသာရုံတပ်မက်သူက] စားဖိုသည်အား [ဖောဋ္ဌဗ္ဗာရုံ နှစ်သက်သူက] ယက်ကန်းသမားအား [အသက်ဟူသော ဓမ္မာရုံတပ်မက်သူက] အာယုဝဍ္ဍနဆေး ဖော်တတ်သူ ဆေးဆရာအား အကြင့်ကြောင့် ကြီးစွာသော ပူဇော်မှု၊ များပြားသော ပေးကမ်းမှုကို ပြုနေကြ၏။ ထို့ကြောင့် အလုံးစုံသော ခံစားမှု ဝေဒနာတို့ကြောင့် တပ်မက်မှု တဏှာဟူသော အကျိုးတရား ဖြစ်လာသည်ဟု သိရှိအပ်၏။ ဤနိဒ္ဒေသဝယ် အကျိုးဝိပါက်ဖြစ်သည့် သုခဝေဒနာတခုကိုသာ လိုအပ်၏။ ထို့ကြောင့် ထိုသုခဝေဒနာဟူသော အကြောင်းကြောင့် တဏှာဟူသော အကျိုးတရား ဖြစ်လာရာဝယ် ဥပနိဿယဟူသော ကြောင်းရှိစွမ်းရည် ပါရှိ၏။

တနည်း အကြောင်းကြောင့် ဒုက္ခရောက်သူက ချမ်းသာခြင်းကို တောင့်တ၏။ ချမ်းသာနေသူက ပို၍ ချမ်းသာချင်၏။ ဥပေက္ခာဝေဒနာကိုကား ငြိမ်သက်သည့်အတွက်ကြောင့် သုခဝေဒနာဟူ၍ပင် ဆိုအပ်၏။ ထို့ကြောင့် ထို ၃ ပါးသော ခံစားမှုဝေဒနာတို့က တပ်မက်မှုတဏှာအား ကျေးဇူးပြု၏။ အကြောင်းဖြစ်သော ခံစားမှုဝေဒနာ ရှိနေခြင်းကြောင့် အကျိုးဖြစ်သော တပ်မက်မှုတဏှာ မလွဲမသွေ ဖြစ်လာရသည်ဟု ဗုဒ္ဓ ဟောတော်မူခဲ့၏။

ခံစားမှုဝေဒနာကြောင့် ဖြစ်လာပြန်လျှင်လည်း အကြောင်းကြောင့် တဏှာသည် အနုသယဓာတ်သဘောနှင့် ကင်းသည်ဟူ၍ မရှိ။ ထို့ကြောင့် မဂ်တည်းဟူသော အကျင့်မြတ်ကို ကျင့်သုံးပြီး ပြီးပြဖြစ်သော ရဟန္တာအား ထိုတဏှာသည် မရှိပါလေပြီ။

ဝေဒနာကြောင့် ဖြစ်လာသော တဏှာ၏ အကျယ်တဝင့် အဖွင့်စကားရပ် အပြီးသတ်သတည်း။

တဏှာပစ္စယာ ဥပါဒါနံ
တပ်မက်မှု တဏှာဟူသော အကြောင်းကြောင့်
စွဲလန်းမှု ဥပါဒါန် ဖြစ်လာ၏

## ဝိဘင်းပါဠိတော် မြန်မာပြန်

ထိုတွင် တပ်မက်မှု တဏှာကြောင့် [ဖြစ်လာသော] စွဲလန်းမှု ဥပါဒါန်ဟူသည် အဘယ်နည်း။

ကာမဂုဏ်ကို စွဲလန်းမှု (ကာမုပါဒါန်)သည်၎င်း၊ အယူမှားကို စွဲလန်းမှု (ဒိဋ္ဌုပါဒါန်) သည်၎င်း၊ နွားစသည်တို့၏ အလေ့အကျင့်ကို စွဲလန်းမှု (သီလဗ္ဗတုပါဒါန်) သည်၎င်း၊ အတ္တရှိသည် ဟူသော အယူအဆ အစွဲအလန်း (အတ္တဝါဒုပါဒါန်)သည်၎င်း ရှိ၏။ ဤသည်ကို တပ်မက်မှု တဏှာကြောင့် [ဖြစ်လာသော] စွဲလန်းမှု ဥပါဒါန်ဟု ဆိုအပ်၏။

# အင်္ဂလိပ်ဘာသာ မြန်မာပြန်

၁။ ယမ်းစသော ပေါက်ကွဲတတ်သည့် အရာဝတ္ထု တခုခုကို မီးပုံကြီးတခုအနားမှာ ချထားလျှင်၊ မီးညွန့်မီးလျှံက ထိုအရာဝတ္ထုကို များမကြာမီအတွင်းမှာပင် စွဲဟပ်မိပြီး လောင်ကျွမ်းသွားမည်သာဖြစ်၏။ တဏှာသည်လည်း မီးနှင့်တမျှ တူညီလေသည်။ အကြင်နေရာ၌ တဏှာရှိ၏။ ထိုနေရာ၌ သည်းစွာစွဲလန်းမှု (=ဥပါဒါန်)ရှိသည်တည်း။

(က) လောကီအာရုံ ကာမဂုဏ်တို့ကို သည်းစွာစွဲလန်းမှု ကာမုပါဒါန်။

(ခ) မိမိ၏ အမှားထင်မြင်ခံယူချက်ကို သည်းစွာစွဲလန်းမှု ဒိဋ္ဌုပါဒါန်။

(ဂ) မိရိုးဖလာ ယုံကြည်ခြင်းများကို သည်းစွာစွဲလန်းမှု သီလဗ္ဗတုပါဒါန်။

(ဃ) အတ္တရှိ၏ဟူသော ယုံကြည်ခြင်းကို သည်းစွာစွဲလန်းမှု အတ္တဝါဒုပါဒါန် ဟူသော ဥပါဒါန်၄ပါး အကျိုးတရားတို့သည် ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာဟူသော တဏှာသုံးပါး အကြောင်းတို့ကြောင့် ဖြစ်ပေါ်လာရ၏။

၂။ အကြင်သူတို့သည် ထာဝရဘုရားသခင်ထံမှ ဦးစားပေးမှုကို တောင့်တကြ၏။ ထိုသူတို့တွင် အတ္တဝါဒုပါဒါန်နှင့် သီလဗ္ဗတုပါဒါန်ရှိကြ၏။ ဘဝတဏှာနှင့် အတ္တဝါဒုပါဒါန် နှစ်ပါးတို့သည်ကား အချင်းချင်း အပြန်အလှန် ပေါင်းဖက်နေကြ၏။ မိမိ၏သားကောင်ကို ရစ်ပတ်၍ ခွေနေသော မြွေဆိုးကဲ့သို့ပင် ဉာဏ်မျက်စေ့ကန်းသူတို့သည် သာယာဘွယ် အာရုံ ကာမဂုဏ်တို့ကို တဏှာရာဂဖြင့် သည်းစွာ စွဲလန်းကြ၏။

၃။ စွမ်းရည်ထက်မျက်ပြီး မမြင်ရသောစွမ်းအားစု(FORCE) တို့က နက္ခတ်တာရာ ကြယ်တာရာတို့ကို မိမိတို့ဆိုင်ရာ နက္ခတ်လမ်းကြောင်းတွင် လှည့်ပတ်နေကြအောင် ထားရှိကြ၏။ ပြုကြ၏။ ထိုစွမ်းအားစုတို့ကပင်လျှင် နက္ခတ်တာရာများကို နေနှင့်ယှဉ်တွဲနေအောင် ထားရှိကြ၏။ အလားတူပင်လျှင် ဥပါဒါန်တရားတို့က ကျွန်ုပ်တို့အား ဤမည်သော ဘဝထိုထိုကို သည်းစွာ စွဲလန်းနေကြအောင် တဘဝမှ တဘဝသို့ ဆက်ကာဆက်ကာ သံသရာလည်နေအောင် ထားရှိကြ၏။

[ဤတွင် ဘဝနှင့်နေသည် တူ၏။ လူသားနှင့် နက္ခတ်တာရာ ဥပါဒါန်နှင့် စွမ်းအားစုတို့ တူ၏ ဟူ၍ ဥပမေယျ၊ ဥပမာနအဖြစ် နှိုင်းယှဉ်ထားသည်ကို သတိပြုရာ၏။]

"Wher'er I roam, whatever realms to see,
My heart untravelled fondly turns to thee;
Still to my brother turns, with ceaseless pain,
And drags at each remove a lengthening chain."

Oliver Goldsmith.

(က) မည်သည့် နေရာသို့ပင် လှည့်လည် လှည့်လည်၊ မည်သည့် နိုင်ငံကိုပင် တွေ့ရ တွေ့ရ၊ ကျွန်ုပ်၏ စိတ်သည်ကား နှစ်သက်ခုံမင်စွာဖြင့် ခရီးသွားနေသည်ဟူ၍ မရှိ။ သင်တို့ထံ သို့သာ ပြန်လှည့်လာဘိ၏။

(ခ) ကျွန်ုပ်၏ ညီအစ်ကိုများထံသို့ အတောမသတ်သော နာကျည်းမှုဖြင့် ဦးလှည့်နေသေး၏။ တဖန်တုံ သူ့ဘက်၊ ကိုယ့်ဘက် သို့ဆွဲဆောင်ကြ၏။

(ဂ) [ထို့ကြောင့်] ရှည်လျားခိုင်မာဘိသော ဤသံယောဇဉ် နှောင်ကြိုးကိုပင် ပယ်ရှားပစ်ကြပါလော့။ ပယ်ရှားပစ်ကြပါစို့။

၄။ အကြင်မျှလောက်သော ကာလပတ်လုံး ကျွန်ုပ်တို့၏ သန္တာန်၌ အတ္တစွဲ ယုံကြည်မှုကို သည်းစွာစွဲလန်းသော အတ္တဝါဒ ပါဒါန်ရှိသေးအံ့။ ထိုမျှလောက်သော ကာလပတ်လုံး ကျွန်ုပ်တို့၏ တကိုယ်ကောင်းဆန်မှုသည် ကြီးထွားဦးမည်သာဖြစ်၏။ ကျွန်ုပ်တို့ အတွက် ဂုဏ်ပါဝါရှိမှု၊ အောင်မြင်ကျော်ကြားမှု၊ ဦးစားပေး ခံရမှုများကို မြှော်လင့်ကြ၏။ [အဘယ်ကြောင့်နည်း] ဤမျက်နှာ သာရမှုများကို ခံစားမည့် "ငါ" သို့မဟုတ် "အတ္တကောင်ကလေး" ရှိနေသည်ဟု ထင်မှတ်နေသည့်အတွက်ကြောင့်တည်း။

၅။ သားငါးတို့ကို သတ်ဖြတ်၍ ယင်းတို့၏ အသွေးအသားတို့ဖြင့် အကြင်သူတို့သည် မိမိကိုယ်ကိုပြုစုကြ မွေးမြူကြ၏။ ထိုသူတို့သည် မိမိတို့ကိုယ်ကို အသင်တကြီး အလေးဂရုပြုကြသည်နှင့်အမျှ "ဒီသတ္တဝါကလေးတွေရဲ့ အသွေးအသားနဲ့ ငါတို့တတွေ ဝဖိုင့်ဆူဖြိုးနေကြတာဖြစ်ပါကလား" ဟူ၍ [မစဉ်းစားမိဘဲ] ထိုထိုသနား စဖွယ် သားကောင်ငယ်ကလေးများ အပေါ်တွင်ကား အရေး

မထားလှန်း အထင်သေးလှန်းဘိ၏။ "ထိုထို သားကောင်ငယ်များ သည် မိမိတို့အသတ်အဖြတ်ခံရသည့်အခါ ဘယ့်ကလောက်များ ကြီးမားပြင်းထန်သည့် ကိုယ်၏နာကျင်မှု၊ စိတ်၏ ဆင်းရဲမှုကို ခံစားရပါသနည်း" ဤသို့စာနာထောက်ထားကြည့်ရန်ကား ဒုက္ခ ခံပြီး ထည့်လို့သော်မှ မစဉ်းစားကြပါပေ။ ကျွန်ုပ်တို့အတွက် ဖြစ်စေ၊ သူတပါးအတွက် ဖြစ်စေ၊ ထိုထို သားကောင်များ အသတ်အဖြတ်မခံရသည်ကို တွေ့မြင် ကြားသိရဘိမူ ဝမ်းမြောက် ဘွယ်ကောင်းလေစွ။

ငါစွဲ၊ အတ္တဝါဒုပါဒါန်သည် မေတ္တာ ကရုဏာတိုးပွားမှုကို ပိတ်ပင်တတ် ဟန့်တားတတ်၏။ တကိုယ်ကောင်းဆန်သော ရည်ရွယ်ချက်တခုခုဖြင့် ကန့်သတ်ထားခြင်း မခံရသည့်အခါ ဤမေတ္တာ၊ ကရုဏာဟူသော ဗြဟ္မစိုရ်တရားသည် ကြီးထွား လာ၏။ သဘောဆိုး မနောဆိုးမှ သို့မဟုတ် မုန်းတီးမှုမှ ကင်းမဲ့ လာ၏။ မိမိ၏ သန့်စင်ကြည်လင်မှုဖြင့် လောကကို အလင်းရောင် ပေးနိုင်မည်သာတည်း။

# ၀ိဘင်းအဋ္ဌကထာ မြန်မာပြန် (ဥပါဒါန်၏အဖွင့်)

တပ်မက်မှုတဏှာဟူသော အကြောင်းကြောင့် ဖြစ်လာသည့် သည်းစွာစွဲလန်းမှု ဥပါဒါန်၏ အကျယ်တဝင့် အဖွင့်စကား ရပ်ဝယ်

ဥပါဒါန်တို့ကား ၄ ပါးတို့တည်း။ ထိုဥပါဒါန် ၄ ပါးကို

(က) အနက် [အဓိပ္ပာယ်] ကို အသီးသီးဝေဘန်ခြင်း အားဖြင့်၎င်း၊

(ခ) ဓမ္မသင်္ခေပ၊ ဓမ္မဝိတ္ထာရအားဖြင့်၎င်း၊

(ဂ) အစဉ်အားဖြင့်၎င်း၊ ထင်ရှားစွာ ပြဆိုရာ၏။

ခွဲဦးအံ့။ ပါဠိတော်၌ ဥပါဒါန်ဟူသည် ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်ဟူ၍ ဤ ၄ ပါးလာရှိ၏။

က-၁။ ဤပြဆိုအံ့သည်ကား ထိုဥပါဒါန် ၄ ပါးတို့အတွက် အနက်ကို အသီးသီး ဝေဘန်ပြချက်တည်း။ [အကြင်သဘောတရားသည်] အာရုံတည်းဟူသော ကာမဂုဏ်ကို စွဲစွဲမြဲမြဲယူထားတတ်၏။ ထို့ကြောင့် [ထိုသဘောတရားသည်] 'ကာမုပါဒါန်' မည်၏။ အကြင်တပ်မက်မှုရာဂသည် ကာမလည်းဟုတ်၏။ ထိုကာမဟူသည် စွဲစွဲမြဲမြဲလည်း ယူထားတတ်၏။ ထို့ကြောင့်လည်း ထိုတပ်မက်မှု ရာဂသည် 'ကာမုပါဒါန်' မည်၏။ 'ဥပါဒါန်'

ဟူသည် အမြဲအစွဲယူမှုတည်း။ မှန်၏။ ဥပါဒါန်ဟူသော ပုဒ်ရှိ 'ဥပ' သဒ္ဒါသည် (ဥပါယာသ၊ ဥပကဋ္ဌစသည်တို့၌ ပါရှိသော 'ဥပ' သဒ္ဒါကဲ့သို့ပင်) စွဲမြဲခြင်း၊ မြဲမြံခြင်းအနက် ရှိ၏။

၂။ ထို့အတူ အယူအဆ ဒိဋ္ဌိလည်းဟုတ်၏။ ထိုအယူအဆသည်,စွဲလန်းမှုလည်း ဟုတ်၏။ ထို့ကြောင့် "ဒိဋ္ဌုပါဒါန်"မည်၏။ တနည်း အယူအဆကို စွဲလန်းသောကြောင့် 'ဒိဋ္ဌုပါဒါန်'။မှန်၏။ အတ္တသည်ရင်း၊ လောကသည်ရင်း မြဲ၏။ ဤသို့ စသည်တို့ဝယ် ရှေ့အယူအဆသည် နောက်အယူအကို စွဲလန်း၏။

၃။ ထို့အတူ အကြင်အယူမှားမှုသည် နွားတို့၏ အလေ့အကျင့်စသည်ကို စွဲလန်း၏။ ထို့ကြောင့် ထိုအယူမှားမှုသည် 'သီလဗ္ဗတုပါဒါန်'မည်၏။ တနည်း နွားတို့၏ အလေ့အကျင့်လည်း ဟုတ်၏။ ထိုအလေ့အကျင့်သည် စွဲလန်းမှုတခုလည်း ဟုတ်၏။ ထို့ကြောင့် 'သီလဗ္ဗတုပါဒါန်'မည်၏။ မှန်၏။ နွားတို့၏ အလေ့အကျင့်သည် စင်ကြယ်ပါပေ၏ဟု နှလုံးသွင်းခြင်းကြောင့် မိမိအလိုလိုပင် ဥပါဒါန်အမည် ရနေကြ၏။

၄။ ထို့အတူ အကြင်အယူအဆဖြင့် ပြောဆိုကြ၏။ ထိုအယူအဆသည် 'ဝါဒ'။ အကြင်အယူအဆဖြင့် စွဲလန်းကြ၏။ ထိုစွဲလန်းကြောင်း အယူအဆသည် 'ဥပါဒါန်'။ဘာကို ပြောဆိုကြ စွဲလန်းကြသလဲ။ အဖြေကား အတ္တကို။ မိမိအယူအဆကို စွဲလန်းမှုသည် 'အတ္တဝါဒုပါဒါန်'၊ တနည်း အကြင်အယူအဆဖြင့် မိမိ၏ အယူအဆကိုသာလျှင် 'အတ္တ'ဟူ၍ စွဲလန်းကြ၏။ ထိုအယူအဆသည် 'အတ္တဝါဒုပါဒါန်'တည်း။

ဤသည်မှာ အစပဌမ ထိုဥပါဒါန်တို့၏ အသုတ်ကို အသီးသီး ဝေဘန်ပြဆိုချက်တည်း။

(ခ) ကာမုပါဒါန်သည် "ထိုတွင် ကာမုပါဒါန်ဟူသည် အဘယ်နည်း။ ကာမဂုဏ် ၅ ပါးတို့၌ အကြင်လောဘသာလျှင် ဖြစ်သော အလိုဆန္ဒ၊ အကြင်လောဘသာလျှင် ဖြစ်သော တပ်မက်မှု၊ အကြင်လောဘသာလျှင် ဖြစ်သော နှစ်သက်မှု၊ အကြင်လောဘသာလျှင် ဖြစ်သော မက်မောမှု၊ အကြင်လောဘ သာလျှင် ဖြစ်သော စေးကပ်မှု၊အကြင်လောဘသာလျှင် ဖြစ်သော ပူပန်မှု၊ အကြင်လောဘသာလျှင် ဖြစ်သော တွေဝေမှု၊ အကြင် လောဘသာလျှင် ဖြစ်သော မျို၍ဆုံးဖြတ်မှုဟူသည်ရှိ၏။ ဤသည် ကို 'ကာမုပါဒါန်'ဟု ဆိုအပ်၏" ဟူ၍ [အဘိဓမ္မာပိဋက၊ ဓမ္မသင်္ဂဏီ ပါဠိတော်၌] လာရှိသောကြောင့် တဏှာ၏ သည်းစွာ စွဲလန်းမှုကို 'ကာမုပါဒါန်'ဟု ဆိုအပ်၏။ 'တဏှာ၏ သည်းစွာ စွဲလန်းမှု'ဟူသည်မှာ ရှေ့တဏှာကို အမှီပြုခြင်းဟူသော အကြောင်း ကြောင့် စွဲစွဲမြဲမြဲဖြစ်ပေါ်လာသော နောက်ထပ်တဏှာပင်တည်း။

အချို့ဆရာမြတ်တို့က မိန့်ဆိုကြသည်မှာ "မရသေးသည့် အာရုံကို တောင့်တမှုသည် 'တဏှာ'။ ဥပမာ အမှောင်ထဲတွင် သူခိုးက လက်ကို ဆန့်တန်းသကဲ့သို့ပင်။ ရလာသော အာရုံကို စွဲလန်းမှုသည် 'ဥပါဒါန်'။ ဥပမာ သူခိုးက ပစ္စည်းဥစ္စာကို ကိုင်ထားသကဲ့သို့တည်း။ ဆက်ဦးအံ့။ ထိုတဏှာနှင့် ဥပါဒါန် ဟူသော သဘောတရားတို့သည် အလိုနည်းခြင်း၊ ရောင့်ရဲ လွယ်ခြင်း တို့၏ ဆန့်ကျင်ဘက်များ ဖြစ်ကြ၏။ ထို့အတူ ရှာရ ဖွေရခြင်းဒုက္ခ၊ စောင့်ရှောက်ထိန်းသိမ်းရခြင်းဒုက္ခ တည်းဟူသော အကြောင်းရင်းမူလ ရှိကြသည်"ဟူ၏။ ကြွင်း ဥပါဒါန်သုံးပါး အပေါင်းကား အကျဉ်းချုပ်အားဖြင့် ဒိဋ္ဌိစေတသိက်မျှသာ ဖြစ်၏။

၁။ အကျယ်အားဖြင့်သော်ကား ရှေ့အခန်းတွင် [ရှိသော] ရူပါရုံ စသည်တို့၌ ပြခဲ့သည့် တဏှာအစစ် ၁၀၈ တို့၏ စွဲမြဲစွာ ယူခြင်းသည် 'ကာမုပါဒါန်'တည်း။

၂။ အကြောင်းတရား ၁၀ ခု ရှိသော "အယူမှားမှု=မိစ္ဆာဒိဋ္ဌိ' သည် 'ဒိဋ္ဌုပါဒါန်'တည်း။ ဗုဒ္ဓကိုယ်တိုင် မိန့်တော်မူခဲ့သည်မှာ "ထိုဥပါဒါန်တို့အနက် ဒိဋ္ဌုပါဒါန်ဟူသည် အဘယ်နည်း။ လှူဒါန်းမှု၏ အကျိုး မရှိ။ ပူဇော်မှု၏ အကျိုး မရှိ။ အရိုအသေပြုမှုဟူသော ဂါရဝမင်္ဂလာ၏ အကျိုး မရှိ။ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဝိပါက်ဟူသည် မရှိ။ ဤပစ္စုပ္ပန်လောကဟူသည် မရှိ။ တမလွန်လောကဟူသည် မရှိ။ မိခင်အား ရိုသေမှု၏ အကျိုး မရှိ။ ဘခင်အား ရိုသေမှု၏ အကျိုး မရှိ။ ဩပပါတိက ပဋိသန္ဓေနေသူ၊ စုတေသူ မရှိ။ လောကထဲမှာ ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ကြသော ရဟန်း၊ ပုဏ္ဏား မရှိ။ အကြင် ရဟန်း၊ ပုဏ္ဏားတို့သည် ဤပစ္စုပ္ပန်လောကကိုရင်း၊ တမလွန်လောကကိုရင်း ထူးခြားသောအသိဉာဏ်ဖြင့် ကိုယ်တိုင်ကိုယ်ကျ မျက်မှောက်ပြုပြီး ထူးထူးထွေထွေ သိကြ၏။ ယင်းသို့သော ရဟန်း၊ ပုဏ္ဏားဟူသည် မရှိ။ ယင်းသို့ သဘောရှိသော ဒိဋ္ဌိ၊ ဝါ၊ အယူအဆသည်၊ အကြင် ၆၂ ပါးသော ဒိဋ္ဌိတွင် အပါအဝင်ဖြစ်သော သဘောတရားသည်၊ အကြင် ဒိဋ္ဌိတည်းဟူသော တောအုပ်သည်၊ အကြင် ဒိဋ္ဌိတည်းဟူသော ခရီးခဲ ခရီးကြမ်းသည်၊ အကြင် မိစ္ဆာဒိဋ္ဌိတည်းဟူသော သဘောတရား၊ ဝါ၊ သမ္မာဒိဋ္ဌိ၏ ဆန့်ကျင်ဘက် မိစ္ဆာတည်းဟူသော သဘောတရားသည်၊ အကြင် မိစ္ဆာဒိဋ္ဌိတည်းဟူသော တုန်လှုပ်မှုသည်၊ အကြင် မိစ္ဆာဒိဋ္ဌိတည်းဟူသော တွယ်တာမှုသည်၊ အကြင် မိစ္ဆာဒိဋ္ဌိတည်းဟူသော မြဲမြဲစွာ

ယူတတ်သော သဘောတရားသည်၊ အကြင် ရပ်တည်၍ ယူစွဲသော တရားသည်၊ အကြင် နိစ္စ စသည်ဖြင့် အမှားအယွင်း သုံးသပ်သော သဘောတရားသည်၊ အကြင် ဖောက်ပြန်သော သုံးသပ်မှုသည်၊ အကြင် စက်ဆုပ်အပ်သော အပါယ် ၄ ပါး၏ လမ်းစဉ်သည်၊ အကြင် မဟုတ်မခွန်သော လမ်းစဉ်သည်၊ အကြင် ဖောက်ပြန်မှုသည်၊ အကြင် ရေဆိပ်နှင့်တူသော အကျိုးမဲ့တရားတို့၏ တည်ရာသည်၊ အကြင် ဖောက်ပြန်သောအားဖြင့် ရှာမှီး၍ ယူခြင်းသည် ရှိ၏။ ဤသည်ကို 'ဒိဋ္ဌုပါဒါန်'ဟု ဆိုအပ်၏'' ဟူ၏။ [မြှုပ်ထားသော ပေယျာလပါဠိများကိုပါ အပြည့်အစုံ လေ့လာနိုင်စေရန် ဓမ္မသင်္ဂဏီ ပါဠိတော်၊ ဥပါဒါနဂေါစ္ဆက စာမျက်နှာ ၂၄၁ မှ ထုတ်နုတ်၍ အပြည့်အစုံ ပြန်ဆိုထားပါသည်။]

၃။ နွား စသူတို့၏ အလေ့အကျင့်ဖြင့် ကိလေသာ စင်ကြယ်၏ ဟူသော သုံးသပ်မှုသည် 'သီလဗ္ဗတုပါဒါန်'မည်၏။ ဗုဒ္ဓကိုယ်တိုင် မိန့်တော်မူခဲ့သည်မှာ ''ထိုဥပါဒါန် ၄ ပါးအနက် သီလဗ္ဗတုပါဒါန် ဟူသည် အဘယ်နည်း။ 'ဤဗုဒ္ဓသာသနာမှ အပြင်အပ၌ရှိသော ရဟန်း၊ ပုဏ္ဏားတို့၏ အကျင့်ဖြင့် ကိလေသာ စင်ကြယ်၏၊ အလေ့အသာဖြင့် ကိလေသာ စင်ကြယ်၏။ အကျင့်သီလ အလေ့အထဖြင့် ကိလေသာ စင်ကြယ်၏' ဟူ၍ ယင်းသို့ သဘောရှိသော ဒိဋ္ဌိ၊ ဝါ၊ အယူအဆသည် (လ) အကြင် ဖောက်ပြန်သောအားဖြင့် ရှာမှီး၍ ယူခြင်းသည် ရှိ၏၊ ဤသည်ကို 'သီလဗ္ဗတုပါဒါန်'ဟု ဆိုအပ်၏'' ဟူ၏။

၄။ အကြောင်းရင်း ၂၀ မျှ ရှိသော သက္ကာယဒိဋ္ဌိသည် ''အတ္တဝါဒုပါဒါန်''မည်၏။ ဗုဒ္ဓကိုယ်တိုင် မိန့်တော်မူခဲ့သည်မှာ ''ထိုဥပါဒါန် ၄ ပါးအနက် အတ္တဝါဒုပါဒါန် ဟူသည် အဘယ်

နည်း။ ဤလောကကြီးထဲမှာ သင်ကြားလေ့လာမှုဟူသော အာဂမ၊ မဂ်ဖိုလ်တည်းဟူသော အဓိဂမ မရှိခြင်းကြောင့် အကြားအမြင် နည်းသော ပုထုဇဉ်၊ ကိလေသာတို့မှ သန့်စင်သူ အရိယာများကို ဆွေးဆွေးနွေးနွေး ဖူးမြင်လေ့မရှိသော ပုထုဇဉ်၊ အရိယာဓမ္မတို့ကို မကျွမ်းကျင်သော ပုထုဇဉ်၊ အရိယာဓမ္မ၌ သံဝရဝိနယ၊ မဟာန ဝိနယ မရှိသော ပုထုဇဉ်၊ သူတော်စင်များကို ဆွေးနွေးဖူးမြင်လေ့ မရှိသော ပုထုဇဉ်၊ သူတော်ကောင်းတရားကို မကျွမ်းကျင်သော ပုထုဇဉ်၊ သူတော်ကောင်းတရား၌ သံဝရဝိနယ၊ မဟာနဝိနယ မရှိသော ပုထုဇဉ်သည် ရုပ်တရားကို အတ္တဟူ၍ ထပ်တလဲလဲ ရှုမြင်၏။ နာမ်တည်းဟူသော အတ္တကို ရုပ်ရှိသည်ဟု ထပ်တလဲလဲ ရှုမြင်၏။ နာမ်တည်းဟူသော အတ္တကို ရုပ်၌ ထပ်တလဲလဲ ရှုမြင်၏။ ခံစားမှုဝေဒနာကို၊ မှတ်သားမှု သညာကို၊ ပြုမှုသင်္ခါရကို၊ သိမှု ဝိညာဏ်ကို အတ္တဟူ၍ ထပ်တလဲလဲ ရှုမြင်၏။ (လ) နာမ် တည်းဟူသော အတ္တကို သိမှုဝိညာဏ်၌ ထပ်တလဲလဲ ရှုမြင်၏။ ယင်းသို့သော ဒိဋ္ဌိသည်၊ ဝါ၊ အယူအဆသည်၊ (လ) အကြင် ဖောက်ပြန်သောအားဖြင့် ရှာမှီး၍ ယူခြင်းသည် ရှိသည်။ ဤသည်ကို 'အတ္တဝါဒုပါဒါန်'ဟု ဆိုအပ်၏''ဟူ၏။

[ဤ ဘာသာပြန်ဆိုချက်များမှာ နိဿယအတိုင်း မဟုတ်ပါ။ အဋ္ဌသာလိနီအဋ္ဌကထာကိုကြည့်၍ ပြန်ဆိုထားခြင်း ဖြစ်ပါသည်။ ဤသည်နှင့် ပတ်သက်၍ အဋ္ဌသာလိနီ ဖွင့်ဆိုချက်များမှာ မှတ်သားလေ့လာဘွယ် ကောင်းလှ၏။ သို့သော် ထည့်သွင်း ဖော်ပြရန် အခြေကြောင်းမညီညွတ်လှသေးသဖြင့် လျစ်လျူရှုထားရ ပါတော့သည်။]

ဤသည်မှာ ဓမ္မသင်္ဂဏီ ဓမ္မဝိတ္ထာရတည်း။

(ဂ) 'အစဉ်အားဖြင့်' ဟူသော စကားရပ်တွင် ဖြစ်စဉ်၊ ပယ်စဉ်၊ ဟောစဉ်ဟူသ၍ အစဉ် ၃ မျိုး ရှိ၏။

ထိုတွင် အစမထင် သံသရာတခွင်မှာ ကျင်လည်ရသော သတ္တဝါအား 'ဤကိလေသာသည် ပဌမဆုံး ဖြစ်၏' ဟူသော ဖြစ်စဉ်မရှိသောကြောင့် ကိလေသာတို့၏ ဖြစ်စဉ်ကို မုချအားဖြင့် မဆိုင်ပေ။ သို့သော် ပရိယာယ်အားဖြင့်မူ တခုသောဘဝ၌ ငါဟူသော အစွဲအလန်း ပြဌာန်းခြင်းရှိသော သဿတဒိဋ္ဌိ၊ ဥစ္ဆေဒ ဒိဋ္ဌိ၌ နှလုံးသွင်းမှုသည် အများအားဖြင့် ဖြစ်ပေါ်လာ၏။ [အတ္တ ဝါဒုပါဒါန်က တဘဝအတွက် ပဌမဦးစွာ ဖြစ်လာတတ်သည် ဟူလို။]

ထို့နောက် "ဒိဋ္ဌကိုယ် အတ္တဘောကြီးဟာ၊ ဝါ၊ ဒီအတ္တဟာ အမြဲရှိတယ်" ဟူသော အယူအဆရှိသူအား အတ္တဘော၏[ကိလေ သာအညစ်အကြေးများ] ဖြူစင်ခြင်းငှာ 'သီလဗ္ဗတုပါဒါန်' ဖြစ် လာ၏။ "ဒီအတ္တဟာ ပြတ်စဲသွားတာဘဲ" ဟူသော အယူအဆ ရှိသော တမလွန်ဘဝကို ငဲ့ကွက်ခြင်းမရှိသူအား 'ကာမုပါဒါန်' ဖြစ်လာ၏။

ဤပြဆိုချက်အတိုင်း အတ္တဝါဒုပါဒါန်က ပဌမ ဖြစ်လာ၏။ ထို့နောက်မှ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ ကာမုပါဒါန်တို့ ဖြစ် လာကြ၏။

ဤသည်မှာ တဘဝအတွက် ဥပါဒါန်တို့၏ ဖြစ်စဉ်တည်း။

ဆက်ဦးအံ့။ ဤ ၄ ပါးတို့အနက် ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ ကာမုပါဒါန် ၃ ပါးတို့ကို ပဌမဦးဆုံး ပယ်သတ်အပ်ကုန်၏။ အကြောင်းမှာ [ထိုဥပါဒါန် ၃ ပါးကို] သောတာပတ္တိမဂ်က ပယ် သတ်အပ်သည့်အတွက်ကြောင့်တည်း။ ထို့နောက်မှသာ ကာမု

ပါဒါန်ကို ပယ်သတ်အပ်၏။ အကြောင်းမှာ [ထိုကာမုပါဒါန်ကို] အရဟတ္တမဂ်က ပယ်အပ်သည့်အတွက်ကြောင့်တည်း။

ဤသည်မှာ ထိုဥပါဒါန် ပယ်စဉ်တည်း။

အရာကျယ်သည့် အဖြစ်ကြောင့်ရင်း၊ ထင်ရှားသည့်အတွက် ကြောင့်ရင်း ကာမုပါဒါန်ကို ဦးဆုံးဟော၏။ ထင်ရှားစေအံ့။ ယှဉ်ရာစိတ် ၈ ခုရှိနေသည့်အတွက်ကြောင့် ထိုကာမုပါဒါန်သည် အရာကျယ်၏။ ယှဉ်ရာစိတ် ၄ ခုရှိသည့်အတွက်ကြောင့် ကြွင်း ဥပါဒါန် ၃ ပါးတို့သည် အရာမကျယ်ကြချေ။ ဆက်ဦးအံ့။ ကာမဂုဏ် ၅ ပါး အာရုံတရား၌ မွေ့လျော်သူ သတ္တဝါအပေါင်း၌ ကာမုပါဒါန်သည် ထင်ရှား၏။ အကြွင်းတို့ကား မထင်ရှားကြ ပါချေ။

ကာမုပါဒါန်ရှိလာသူသည် ဝတ္ထုကာမတို့ကို ရယူခြင်းငှာ မိုက်မဲသူတို့ ကြံဆအပ်သည့် မြင်ဘူး၊ ကြားဘူးသည့် အစွမ်းဖြင့် ဖြစ်သော ကောတုဟလမင်္ဂလာ စသည်၌ အလေ့အလာများ၏။ သဿတဒိဋ္ဌိသော်ကား မဖြစ်။ ထို့ကြောင့် ကာမုပါဒါန်၏ အခြားမဲ့တွင် ဒိဋ္ဌုပါဒါန်ကို ဟော၏။ ထိုဥပါဒါန်ကို ခွဲဝေ သော် သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်ဟူ၍ နှစ်ပါး ပြားထွက် လာ၏။ ထိုနှစ်ပါးတွင် နွားတို့၏ အပြုအမူကို ဖြစ်စေ၊ ခွေးတို့၏ အပြုအမူကိုဖြစ်စေ တွေ့မြင်ရ၍လည်း သိအပ်၊ သိနိုင်သောကြောင့် ဩဠာရိက ဖြစ်၏။ ပေါ်လွင်၏။ ထို့ကြောင့် သီလဗ္ဗတုပါဒါန်ကို ဦးစွာဟော၏။ အတ္တဝါဒုပါဒါန်ကား သုခုမ ဖြစ်၏။ မပေါ်လွင်။ ထို့ကြောင့် နောက်ဆုံးမှာ ဟောထား၏။

ဤသည်မှာ ထိုဥပါဒါန်တို့၏ ဟောစဉ်တည်း။

ဆက်ဦးအံ့။ ယင်းသို့ ဟောထားအပ်သော ဥပါဒါန် ၄ ပါး အပေါင်း၌ ရှေ့ဆုံးဖြစ်သည့် အကျိုးကာမုပါဒါန် ဖြစ်လာရာဝယ် အကြောင်းကာမတဏှာ၌ ဥပနိဿယဟူသော ကြောင်းရှိစွမ်းရည် တခုသာ ပါရှိ၏။ ကာမတဏှာက တပ်မက်အပ်ပြီး ဖြစ်သည့် အာရုံတို့၌ ကာမုပါဒါန်သည် ဖြစ်ပေါ်လာသောကြောင့်တည်း။

အကြွင်း ဥပါဒါန် ၃ ပါးတို့ ဖြစ်ပေါ်လာရာဝယ် [အကြောင်း ဖြစ်သော ကာမတဏှာ၌] သဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဟေတု ဟူသော ကြောင်းရှိစွမ်းရည် ၇ ခု ပါရှိ၏။ တနည်း ဥပနိဿယနှင့်အတူ [ထို ၇ ပစ္စယသတ္တိတို့ အပါအဝင်] ကြောင်းရှိစွမ်းရည် ၈ ခု ပါရှိ၏။ ဆက်ဦးအံ့။ အကြင်အခါ၌ ကာမတဏှာက ဥပနိဿယသတ္တိဖြင့် ကျေးဇူး ပြု၏။ ထိုအခါ၌ [ကာမတဏှာနှင့် ကြွင်းဥပါဒါန် ၃ ပါးတို့] အတူတကွ မဖြစ်ကြပေ။

တဏှာဟူသောအကြောင်းကြောင့် ဖြစ်လာသည့် ဥပါဒါန်၏ အကျယ်တဝင့် အဖွင့်စကားရပ် အပြီးသတ်သသည်း။

ဥပါဒါနပစ္စယာ ဘဝေါ
စွဲလန်းမှု ဥပါဒါန်ဟူသော အကြောင်းကြောင့်
ပြုမှု-ကမ္မဘဝ၊ ဖြစ်မှု-ဥပပတ္တိဘဝ ဖြစ်လာ၏

## ဝိဘင်းပါဠိတော် မြန်မာပြန်

ထိုတွင် စွဲလန်းမှု ဥပါဒါန်ဟူသော အကြောင်းကြောင့် [ဖြစ်လာသော] ဘဝဟူသည် အဘယ်နည်း။

ကမ္မဘဝ ဟူသည် ရှိ၏။ ဥပပတ္တိဘဝ ဟူသည် ရှိ၏။ [ယင်းသို့လျှင်] ဘဝသည် ၂ ပါးအပြားဖြင့် [ရှိ၏]

ထိုတွင် ကမ္မဘဝဟူသည် အဘယ်နည်း။

ပုညာဘိသင်္ခါရသည်၎င်း၊ အပုညာဘိသင်္ခါရသည်၎င်း၊ အာနေဉ္ဇာဘိသင်္ခါရသည်၎င်း ရှိ၏။ ဤသည်ကို ကမ္မဘဝဟု ဆိုအပ်၏။ အလုံးစုံသောဘဝသို့ ရောက်ရှိစေတတ်သောကံသည်လည်း ကမ္မဘဝ မည်၏။

ထိုတွင် ဥပပတ္တိဘဝဟူသည် အဘယ်နည်း။

ကာမဘဝသည်၎င်း၊ ရူပဘဝသည်၎င်း၊ အရူပဘဝသည်၎င်း၊ သညီဘဝသည်၎င်း၊ အသညီဘဝသည်၎င်း၊ နေဝသညီနာသညီ

ဘဝသည်ရင်း၊ ကေဝေါကာရဘဝသည်ရင်း၊ စတုဝေါကာရဘဝသည်ရင်း၊ ပဉ္စဝေါကာရဘဝသည်ရင်း ရှိ၏။ ဤသည်ကို ဥပပတ္တိဘဝဟု ဆိုအပ်၏။

ဤသည်ကို စွဲလန်းမှု ဥပါဒါန်ဟူသော အကြောင်းကြောင့် [ဖြစ်လာသော] ဘဝဟု ဆိုအပ်၏။

# အင်္ဂလိပ်ဘာသာ မြန်မာပြန်

၁။ သတ္တုအိုး ပြုလုပ်သူများဖြစ်သည့် မစ္စတာစမစ်တို့ တတွေ သည် ကြေးဝါ၊ သို့မဟုတ် အခြားသတ္တုတမျိုးမျိုးကို လုံခွက်ထဲ သို့ ထည့်ပြီး အရည်ကျိုကြ၏။ နောက် သင့်တော်သည့်ပုံစံခွက်ထဲ သို့ သွန်းထည့်ကြ၏။အရည်ကျိုထားပြီးသော သတ္တု၏စီးကြောင်း သည် ပုံစံခွက်တွင်းရှိ သွားရာလမ်းကြောင်းအတိုင်း အရှိန်ဖြင့် စီးကျသွား၏။ ထို့အတူပင်လျှင် ရပ်တည်နိုင်ရန် ကြိုးပမ်းမှု လှုပ်ရှားမှုသည် ဘဝဟူ၍ ဖြစ်နိုင်မည့်နေရာ အဘယ်ဌာနမှာ မဆို ပုံစံခွက်တည်းဟူသော သင့်တော်မည့်လေ၊ သင့်တော်မည့် အစာအာဟာရ စသည်တို့ဆီသို့ မိမိစီးရာလမ်းကြောင်းကို ပြုလုပ် ကြ၏။

ရပ်တည်နိုင်ဘို့ရန် သို့မဟုတ် ဖြစ်ပေါ်တည်ရှိရန် ကြိုးပမ်းမှု ကို ပါဠိဘာသာစကားဖြင့် "အကြောင်းတရား ကမ္မဘာဝ" ဟူ၍ ခေါ်၏။ တိရစ္ဆာန်လောက၊ လူသားတို့ မမြင်နိုင်သော [နာနာဘာဝ ဝိနာဘာဝ] ဝိညာဏ်လောက၊ နတ်လောက၊ ရုပ်ရှိ ရူပဗြဟ္မာလောက၊ ရုပ်ကြွပ်မဲ့ အရူပဗြဟ္မာလောကကြီးတွေ ဖြစ်နေ အောင် ပြုလုပ်နိုင်သော သင့်တော် လျောက်ပတ်သည့် ဘဝ၏ အထောက်အပံ့ အခြေအနေတွေကို "အကျိုးတရား ဥပပတ္တိဘဝ များ" ဟု ခေါ်ရ၏။

၂။ မိုးသား တိမ်တိုက်တွင်းရှိ ရေမှုံကလေးများနှင့် ထိုရေမှုံပေါ်ရှိ နေရောင်ခြည်တို့ကြောင့် 'သက်တန့်'ဟူ၍ ဖြစ်ပေါ်လာရ၏။ ထို့အတူပင် ကမ္ဘာ၀၊ ဥပပတ္တိ ဘ၀နှစ်ပါး ပါ၀င်သည့် 'ဘ၀'ဟူသည်မှာ တကျာအကြောင်းရင်း ခံထားသော ဥပါဒါန် လေးပါးကြောင့် ဖြစ်ပေါ်လာရ၏။ "သက်ရှိဘ၀ LIFE" ဟူသည်မှာ ရပ်တည် ရှင်သန်နိုင်ရေးအတွက် ကိုးပမ်းချက်များနှင့် ဥပါဒါန်တို့က မကွဲမပြားအောင် စုစည်းထားသော (ဘ၀၏ အထောက်အပံ့ အခြေအနေများဟူသော ပေါင်းစပ်မှု နှစ်ခု၏) အကျိုးတရား ဖြစ်၏။

၃။ သတ္တ၀ါတဦးဦး၏ မွေးဖွားလာမှုသည် "အိုမင်းရင့်ရော်မှု ဇရာ၊ ဖျားနာမှု ဗျာဓိ၊ သေဆုံးမှု မရဏတို့၏ အညွန့်းခံသားကောင် ဖြစ်ဘို့ရန်အတွက် သက်သက်ဖြစ်ပေါ်လာရခြင်းပါတကား" ဟူ၍ အကြောင်းရင်းခံ အချက်မှန်ကို ပြည့်ပြည့်၀၀ သိရှိမထားသူတို့သည် အသက်ရှင်နေနိုင်ခြင်းကို တပ်မက်ကြ၏။ လူ့စိတ်က သွေးဆောင်တတ်သော သတ္တိထူး၊ သို့မဟုတ် "ပြင်းပြသော မသေချင်သည့်စိတ်ဆန္ဒ" တည်းဟူသော 'မီး'ကို စွဲညှိပေးသည့် သတ္တိထူးတို့၏ ပိုင်ရှင်ဖြစ်သည့် အာရုံငါးပါးကို သာယာနှစ်သက်လှ၏။ သို့ဖြစ်လေရကား ထိုသူတို့၏ ပြုပြုသမျှ ကံအမှုသခါရတို့သည် ကျမည်သော ဘ၀တိုက်ပွဲကြီးအတွက် ကိုတင်ပြင်ဆင်မှုဟူသော လမ်းကြောင်းသို့သာ ဦးတည်နေတော့၏။

၄။ လူ့ခန္ဓာရှိ မော်လီကျူးသည် (အခြား အရာ၀တ္ထုတို့၏ မော်လီကျူးကဲ့သို့ပင် အချိန်နှင့်အမျှ နေ့ရောညပါ အဆက်မပြတ် ဒ စပ်တည်ဆောက်လာပြီး မတည်ဆောက်ဘဲ ရှိနေပြန်၏။ တခါ ဖြန့်းတီးသွားပြီးလျှင် ပြုပြင်လာပြန်၏။ တည်ရှိ

ဖြစ်ပေါ်လာသည့် အရာဝတ္ထု တခုခု၏ မည်သည့်အနုမြူ (PARTICLE)မျှ တစက္ကန့်၏ ထောင်ပုံတပုံခန့်သော်မှ ပျောက်ပျက် မသွားတဲ့ တည်တန့်နိုင်ခြင်း မရှိပါပေ။ အလျင်အမြန်ရောက်လာပြီး အလျင်အမြန်ပင် ပျောက်သွား၏။ အရာဝတ္ထုတိုင်းသည် တခဏသာ တည်သည့် အနိစ္စဓမ္မတို့သာတည်း။

ရုပ်နာမ်နှစ်ပါးတို့၏ ဖြစ်ခြင်း ပျက်ခြင်းကိုပင်လျှင် ဘဝ (EXISTENCE)ဟု ဆိုအပ်၏။ ကျွန်ုပ်တို့သည် တကြိမ်တခါ ပျက်စီး ကျဆုံးသွားသည့်အခါ ထပ်မံဖြစ်ပေါ် တိုးတက်လာဘို့ရန် ကြိုးပမ်းကြပြန်၏။ အဘယ်ကြောင့်နည်း။ ကျွန်ုပ်တို့သည် ဘဝကို အစွဲအလန်းကြီးကြသည်။"ပြင်းပြသော မသေချင်သည့် စိတ်ဆန္ဒ" တည်းဟူသော "မီး"ကို ညှိပေးတတ်သည့် အာရုံငါးပါးကို အစွဲကြီးကြသည် ဖြစ်သောကြောင့်တည်း။ ဤဖြစ်စဉ်သည် ဥပါဒါန်လေးပါးကြောင့် ဖြစ်လာရကား ဆက်လက်သွားနေဦးမည်သာတည်း။

၅။ သစ်၊ ဆဲလျူလို့၊ ကော်၊ ကစီရည်၊ အဆီ၊ သကြားဓာတ်နှင့် အခြား ကာဘိုဟိုဒြိတ်ဓာတ် အမျိုးမျိုးကို ထုတ်လုပ်ရန်အတွက် သစ်ပင်တို့သည် နေ့အခါတွင် ပတ်ပန်းကျင် လေထုမှ ကာဗွန်ဒိုင် အောက်ဆိုက်ဓာတ်ကို စုတ်ယူထား၏။ သက်ရှိလောက၏ ထုတ်လုပ်ချက် အကြွင်းစားဘို့မှ ရရှိသော ကာဗွန်ဒိုင် အောက်ဆိုက်ဓာတ်ကို ပတ်ဝန်းကျင် လေထုက နေ့ရောညပါပင် စုတ်ယူထား၏၊ ဤနည်းဖြင့် အချိန်နှင့်အမျှ ကျွန်ုပ်တို့ ကိုယ်ခန္ဓာမှ စွန့်လွှတ် ထုတ်ပစ်လိုက်သော ရုပ်သေများကို မြန်မြန်ဆန်ဆန်ပင် ထုတ်ပယ်ပစ်၏။

မမြင်နိုင်သော မြူ၊ ဝါ မော်လီကျူးတို့သည် မတည်ဆောက်ဘဲ ထားခြင်းခံရ ပြန်လည် တည်ဆောက်ခြင်း ခံရလေသောကြောင့်ရင်း၊ လူသားတို့သည် မွေးဖွားလာကြ၏။ နောက်သေဆုံးသွားသည် ဖြစ်သောကြောင့်ရင်း၊ လူမျိုးတမျိုး [တန်ခိုးအာဏာ] ထွန်းတောက် မြင့်တက်လာ၏။ နောက် ကျဆုံးသိမ်ငယ် သွားကြသောကြောင့်ရင်း၊ သေဆုံးခြင်း၊ ရှင်သန်ခြင်းဟူသော ဤဒုက္ခ ဘုံဘဝတွင် အဘယ်မည်သော ပျော်ရွှင်ချမ်းမြေ့ဘွယ် သုခများ ရှိပါအံ့နည်း။ ဘဝသည် ဖျားနာခြင်း၊ အိုမင်းခြင်း၊ သေခြင်းတရားတို့၏ ခြိမ်းခြောက်ခြင်းကို အချိန်နှင့်အမျှခံနေရဘိ၏။ အမှန်တွင် ဘဝဟူသည် ကြီးစွာသော ဒုက္ခပင်လယ်ကြီးပါ တကား။ "လောကီအာရုံ ကာမဂုဏ်တို့ကား အချည်းနှီးအလဟဿသာတည်း" ဟူ၍ အမှန်အကန် သိရှိ ရိပ်မိလာသော



လျှင် ဥပါဒါန်တရား အစွဲအလန်းများမှ လွတ်မြောက်ရေးကို အောင်မြင်နိုင်မည်ဖြစ်၏။

၆။ တဖက်ပါ ရေးဆွဲ ဖော်ပြထားချက်တွင် ABCDE သည် အကန့်အသတ် မရှိသောမျဉ်း ဖြစ်၏။ OF နှင့် FD တို့ကြောင့် D ဟူသောအမှတ် ဖြစ်ပေါ်လာရ၏။ ထို OF နှင့် FD တို့ မပါရှိဘဲ D သည် မတည်ရှိနိုင်ပေ။ ABCDE ဟူသော အကန့်သတ်မဲ့မျဉ်း အပါအဝင် အမှတ်အသား အားလုံးသည်လည်း ဤနည်းအတိုင်းပင် ဖြစ်၏။ အလားတူလျှင် ဘဝရေစီး၏ ခဏတိုင်း ခဏတိုင်းသည် ဥပါဒါန်ကြောင့်သာ ဖြစ်လာရ၏။ တိုင်ငုတ်တွင် ချည်ထားအပ်သော နွားနှင့်တူသည်တည်း။ အကြင်မျှလောက်သော ကာလပတ်လုံး ဥပါဒါန်တရား ရှိနေအံ့။ ထိုမျှလောက်သော ကာလတိုင်တိုင် ဤဖြစ်စဉ် နိယာမသည် ဆက်လက် နေဦးမည်သာတည်း။

၇။ ဥပမာတခု ရှုကြဦးစို့။ သမင်၊ ဒရယ် အမြောက်အမြား နေထိုင်ရာ တောအုပ်ကြီးတခု၏ အနီးတွင် တယောက်သော မုဆိုးသည် တခုသောမြက်ခင်းပြင်ကို စိုက်ပျိုးပြုစုထားရာ၏။ ထို သမင်၊ ဒရယ်တို့အနက် "ဤ မြက်ခင်းပြင်ကား ထောင်ချောက် တခုသာဖြစ်၏" ဟူ၍ အမှန်အကန် ရိပ်မိသိရှိသော သမင်၊ ဒရယ် တို့ကား တောနက်ထဲသို့ ပြေးဝင်သွားမည်သာဖြစ်၏။ သို့သော် ဤအဖြစ်မှန်ကို နားလည်ခြင်း၊ သဘောပေါက်ခြင်းမရှိဘဲ သန်စွမ်းနုပျိုလှသော ဤမြက်ခင်းပြင်ကို ခွဲခွာ ရှောင်လွှဲဘို့ရန် မဖြစ်နိုင်အောင် ရှိနေသည့် သမင်၊ဒရယ်တို့ကား လွန်စွာတပ်မက်နေကြ၏။ ကြီးစွာစွဲလန်းနေကြ၏။ ထို့ကြောင့် သူတို့သည် မကြာမီပင် မုဆိုး၏ဖမ်းဆီးခြင်းကိုခံကြရမည်ကား သေချာနေတော့၏။

ဤနည်းအတူပင် ကျွန်ုပ်တို့ကား သားကောင်ငယ်၊ ဘဝကား မြက်ခင်းပြင်၊ မုဆိုးကား အိုခြင်း၊ နာခြင်း စသည့် ဘေးဒုက္ခတို့သာ ဖြစ်ဘိ၏။

၀။ ၁။ ကျောက်မီးသွေး၏ လောင်ကျွမ်း ပေါက်ကွဲမှုသည် ထိုကျောက်မီးသွေး၏ မမြင်နိုင်သော မြူ၊ ဝါ မော်လီကျူးတို့ကို ပြိုကွဲစေ၏။

၂။ ထိုနောက် အနုမြူခတ်ကို တပေါင်းတည်း ဖွဲ့စည်းထားသော စွမ်းအားစုများကို ထုတ်လွှတ်၏။

၃။ ထိုအင်အားစုတို့သည် အပူခတ်သို့ ပြောင်းလဲသွားလျက် ရေကို တွန်းကန် ပွကားစေပြီးလျှင် ရေနွေးငွေ့အဖြစ်သို့ ပြောင်းလဲ ပစ်၏။

၄။ ရေနွေးငွေ့၏ မမြင်နိုင်သော မြူ(မော်လီကျူး)တို့သည် ရိုးရိုးရေ၏ မော်လီကျူးတို့ထက် ပိုမိုရှဲ ကွဲကွာကြသည် ဖြစ်ရကား မီးရထားခေါင်းတွဲရှိ အင်ဂျင်၏ မောင်းတန်သည် တွန်းထုတ်ခြင်း ခံရ၏၊ ဤ တွန်းထုတ်ခြင်း ခံရမှုဖြင့် မီးရထား၊ သင်္ဘောတို့၏ လှုပ်ရှား သွားလာသော စွမ်းအားစုများ ဖြစ်ပေါ်လာရတော့၏။ ဤသည်က ပြဆိုသည်မှာ ကျောက်မီးသွေး ပြိုကွဲမှုမှ ထုတ်လွှတ်အပ်သော စွမ်းအားစုများသည် မီးရထားကြီးကို လှုပ်ရှား ပြေးသွားအောင် ပြုနိုင်သည်ဟူ၏။

ထို့အတူပင်လျှင်

ပ။ ကျွန်ုပ်တို့၏ သင်္ခါရမှု ပြုပြုသမျှတို့သည် ရုပ်ပိုင်းဖြစ်စေ၊ နာမ်ပိုင်းဖြစ်စေ၊ အလိုအလျောက် [အသင်္ခါရိက] ဖြစ်စေ၊ တိုက်တွန်းနှိုးဆော်မှု [=သင်္ခါရိက] ဖြစ်စေ၊ ခန္ဓာကိုယ်ရှိ ကြွက်သွားများ၏ တင်းမာမှု လျော့လာမှုကြောင့်သာဖြစ်လာရ၏။

ဒ။ ကြွက်သားကို တင်းစေ၊ လျော့စေသော အကြောအချင်တို့၏ အားအရှိန်သည် ဥကျောက်မှလာ၏။

တ။ ရုပ်ခန္ဓာ၏ တခဏသာ ကြာသော ပြိုကွဲမှုက ထုတ်လွှတ်အပ်သည့် စွမ်းအားစုတို့သည် ဥကျောက်၏ အားအရှိန်အဖြစ်သို့ ပြောင်းလဲသွား၏။ ထို့နောက် ကိုယ်ခန္ဓာတခုလုံး၏ ပြုပြုသမျှ သင်္ခါရမှုများကို ချုပ်ကိုင်ထားတော့၏။ ထို့ကြောင့် ရုပ်ပိုင်း နာမ်ပိုင်း ဆိုင်ရာပြုသမျှ သင်္ခါရများ၏ လှုပ်ရှားမှုအတွင်းရှိ ထူထောင်သူကား ရုပ်ခန္ဓာ၏ တခဏမျှကြာသည့် ပြိုကွဲမှုမှ ထုတ်လွှတ်လိုက်သော စွမ်းအားစုတို့၏ ဂုဏ်ရည်တူ သဘောတရား(CO-ORDINATION) ပင်ဖြစ်၏။ [ဂုဏ်ရည်တူ သဘောတရားသည်ပင် ထူထောင်သူ ဖြစ်၏ ဟူလို။] သို့သော် ဤအခြင်းအရာ အချက်အလက်များသည် ကျွန်ုပ်တို့၏ နေ့စဉ်သုံး ဝေါဟာရများတွင် မိမိ၏ သဘာဝကို ထုတ်ဖော်ခြင်းခံရဘို့ရန် တကယ်ပင် သိပ္ပံနည်းကျလှ၏။ ထို့ကြောင့် "ငါလမ်းရှောက်တယ်။ ငါအိပ်တယ်။ ငါထိုင်တယ်။ငါရပ်နေတယ်" ဟူ၍ ကျွန်ုပ်တို့ ပြောဆိုကြ၏။ အမှန်တကယ်သော်ကား မပြောင်းမလဲ အမှန်ရှိသည့် 'ငါ'ကဲ့သို့သော အရာဟူသည်မှာ မရှိပါပေ။

အက္ခရာသင်္ချာနည်းဖြင့် ပြဿနာများကို တွက်ချက်ဖြေရှင်းရာ၌ 'မသိကိန်း' တခုကို ကိုယ်စားပြု၍ 'X' ကို အသုံးပြုရိုးရှိကြ၏။ ထို 'X' သည် ယင်းပြဿနာကို လွယ်ကူလာအောင်၊ ရိုးရိုးစဉ်းစဉ်းကလေး ဖြစ်လာအောင် ပြုလုပ်ပေး၏။ ထို့အတူပင် စကားပြောရာတွင် လွယ်ကူစေရန် 'ငါ'ကို အသုံးပြုရာ၏။ သို့သော် အမှန်တကယ်တွင် 'ငါ' ဟူသည်ကား မရှိပါချေ။ ရုပ်ခန္ဓာ၏ တခဏမျှကြာသည့် ပိုက်ကွဲမှုမှ ထုတ်လွှတ်လိုက်သော စွမ်းအားစုတို့၏ ဂုဏ်ရည်တူ သဘောတရားသည်ပင် ကောင်းမှု မကောင်းမှု ပြုသူ အစစ်ကေန်ဖြစ်၏။

၄။ စိတ်ကူးယဉ်သက်သက်မျှဖြစ်သည့် 'ငါ' ဖြင့်အလှည့်စားခံရသောအခါ ကျွန်ုပ်တို့သည် 'ငါ'၏ ကြေးကျွန်ပီသစွာ လွန်စွာ တကိုယ်ကောင်းဆန်လာရကား ရူးသွပ်ခမန်း လိုက်စားနေကြသော ကာမဂုဏ်အာရုံများ၊ အချည်းအနှီးသော ဂုဏ်ပါဝါများ၊ မြှောက်စားမှုများ၊ လပ်လာဘများဖြင့် 'ငါ' တည်းဟူသော အကောင်ကို အမွှမ်းတင်ချယ်လှယ်ထားရန် ကျွန်ုပ်တို့သည် အစဉ်အမြဲကြိုးပမ်းနေကြ၏။

အကယ်၍ "ငါကောင်၊ ဝါ၊ အတ္တကောင်၊ ဝါ၊ ဝိဉာဏ်ကောင်"ဟူသည် တကယ်တန်းရှိသည်ဖြစ်အံ့။ ထိုအတ္တ ကောင်ကလေးသည် မိမိနှင့်ဆိုင်ရာ ပြုဘွယ်များကို ပြီးမြောက်စေရမည်။ ဖြည့်စွမ်းပေးရမည်သာတည်း။ အကြောင်းသော်ကား ပြုဘွယ်ကိစ္စတခုခုကို မဆောင်ရွက်နိုင်သည့် အရာဝတ္ထုတခုကမှ မတည်ရှိနိုင်သောကြောင့်တည်း။ [မည်သည့်အရာမဆို မိမိဆိုင်ရာ ကိစ္စကို ပြုရသည်ချည်းဖြစ်၏ ဟူလို။] အကယ်၍ ငါကောင်ကလေးမှာ ပြုဘွယ်ကိစ္စရှိသည်ဖြစ်အံ့။ ယင်းသည့် ငါကောင်ကလေးသည်

ဝတ်စားဆင်ယင်တတ်သူ၊ ငိုကြွေးတတ်သူ ပျောက်ပြယ်လွှင့်ပါး-
တတ်သူဖြစ်ရပါမည်။

တွေးခေါ်မြော်မြင်ချက် မှန်သမျှ အနှောင်အဖွဲ့ ကင်းကင်းထားလျက် အရေးပါသော ပြဿနာကို စူးယှသော အသိဉာဏ်ဖြင့် ဆင်ခြင် ဆန်းစစ်ကြည့်သောအခါ ငါဟူသော ပုဂ္ဂိုလ်၏ရပ်တည်ရာမရှိသည်ကို သိရှိလာမည်သာဖြစ်၏။

ဤနည်းဖြင့် အတ္တရှိသည်ဟု ယုံကြည်စွဲလန်းခြင်း၊ဝါ၊ အတ္တဝါဒုပါဒါန်မှ လွန်မြောက်လေပြီးသော စိတ်ဓာတ်သည် ထိုထိုဘဝတို့မှ လွတ်ကင်းရာ၊ ပြည့်ဝစစ်မှန်သည့် သုခတည်းဟူသော နိဗ္ဗာန်ကို အပြည့်အဝ သိရှိရေး၊ ဝါ၊ မျက်မှောက်ပြုနိုင်ရေးအတွက် ကျင့်စဉ်လမ်းကြောင်း ပြုလုပ်နိုင်တော့သည်သာတည်း။

"Happy his solitude who, glad at heart,
Hath learnt the norm and doth the vision see
Happy is that beniginity towards,
The world which on no creature worketh harm
Happy the freedom from all lust,th'as-cent.
Past and beyond the needs of sense desires.
He who doth crush the great "I am" conceit:
This, even this is happiness supreme,
This happiness by happiness is won,
Unending happiness is this alone,
The three fold wisdom hath he made his own.
This, even this, is happiness supreme."

(အမည်မသိ ကဗျာဆရာ)

၁၀-က။ အကြင်သူသည် တကိုယ်ရေ တကာယ ဧကစာရဘာဝ ဖြင့် မွေ့လျော်၏၊ နှလုံးသားတွင် ရွှင်လန်း၏။ သဘာဝဓမ္မများကို လေ့လာ၏။ မိမိ၏ ဉာဏ်မျက်စေ့ကို [စူးယှစွာ] မြင်နိုင်စွမ်းရှိအောင် ပြု၏။ ထိုသူအဖို့ အကျိုးတရားကား မည်သည့်သတ္တဝါမှ ထိပါးသမှု မပြုတတ်သော ဤလောကကြီးသည် ပျော်ရွှင်ဘွယ်ရာသာ ဖြစ်၏။ ခပ်သိမ်းသော တပ်မက်ခြင်းမှ လွတ်ကင်းရသည်ကို ပျော်၏။

ခ။ ဤတိုးတက်ရေးလမ်းစဉ်ကား [အဆင့်အတန်းအားဖြင့်] ကာမဂုဏ်အလို ရမ္မက်တို့မှ လွန်မြောက်ခဲ့ပေပြီ။ ငါရှိတယ် ဟူသော ကြီးစွာအထင်ရောက်မှုကို ကျိုးပဲ့ကျေမွအောင် ပြု၏။ ဤသည်ပင်လျှင် မြတ်သော ချမ်းသာခြင်း [အခကြောင်းရင်းစင်စစ်] ဧကန် ဖြစ်၏။

ဂ။ ဤမြတ်သောနိဗ္ဗာန်ချမ်းသာကို ဤဧကစာရသုခဖြင့်သာ ရရှိနိုင်၏။ အနန္တသုခဟူသည်ကား ဤသန္တိသုခသာတည်း။ မဂ်ဖိုလ်နိဗ္ဗာန်ဘည်းဟူသော၊ အရိယာတို့သာ သိနိုင်သော တရားသုံးပါးကို မိမိ၏ အောင်မြင်မှု အထွဋ်သရဖူအဖြစ် ထားရှိ၏။ ဤသည်သာလျှင် အတုမဲ့သော ချမ်းသာ အတုလသုခအစစ် ဧကန် ဖြစ်သည်ဘည်း။

# ဝိဘင်းအဋ္ဌကထာ မြန်မာပြန် (ဘဝ၏အဖွင့်)

ဥပါဒါန်ဟူသော အကြောင်းကြောင့် ဖြစ်လာသည့် ဘဝဟူသော ပုဒ်၏ အကျယ်တဝင့် အဖွင့်စကားရပ်ဝယ်

က။ အနက် [အဓိပ္ပာယ်]အားဖြင့်ရင်း၊

ခ။ ဓမ္မအားဖြင့်ရင်း၊

ဂ။ အကျိုးရှိပုံအားဖြင့်ရင်း၊

ဃ။ အပြား အကျယ်ကို ပေါင်းယူခြင်းအားဖြင့်ရင်း၊

င။ အကြင်ဥပါဒါန်သည် အကြင်ဘဝအား ကျေးဇူးပြု၏။ ထိုသို့ ကျေးဇူးပြုပုံအားဖြင့်ရင်း၊ အဆုံးအဖြတ် ဝိနိစ္ဆယကို သိရှိအပ်၏။

က။ အကြင်သဘောတရားသည် ဖြစ်တတ်၏။ ထို့ကြောင့် ထို[ဖြစ်တတ်သော] သဘောတရားသည် ဘဝမည်၏။ 'ဒုဝိဓေန' ဟူသည်မှာ 'နှစ်ပါးသော အခြင်းရာတို့က ဖြစ်ပေါ်စေအပ်၏'ဟု ဆိုလိုသည်။ တနည်း ဒုဝိဓေနဟူသော ပုဒ်သည် ပဉ္စမ အနက်မှာကရိဏ်းဝိဘတ်သက်ထား၏။ ထို့ကြောင့် နှစ်ပါးအပြားရှိ၏ဟု ဆိုလို၏။ 'ရှိ၏'ဟူသည်မှာ အထင်အရှား ရှိ၏။ ကံသည်ပင် ဘဝတည်း။ ထို့ကြောင့်'ကမ္မဘဝ ကံသည်ပင်ဘဝ' ကံကြောင့် ဖြစ်လာသော ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်သည်ပင်ဘဝတည်း။

ထို့ကြောင့် 'ဥပပတ္တိဘဝ=ကံကြောင့် ဖြစ်လာသော ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်သည်ပင် ဘဝ'

ဆက်ဦးအံ့။ ဤဘဝ နှစ်မျိုးတွင် 'ဥပပတ္တိဘဝ' ဟူသည်မှာ ဖြစ်ပေါ်လာတတ်သောကြောင့် ဘဝဟူ၏။ ချမ်းသာခြင်း၏ အကြောင်းဖြစ်သောကြောင့် 'သုခေါ ဗုဒ္ဓာနမုပ္ပာဒေါ=မြတ်စွာဘုရားတို့၏ ပွင့်လာခြင်းသည် ချမ်းသာ၏'ဟူ၍ ဆိုသကဲ့သို့ ထို့အတူ ဖြစ်ပေါ်လာခြင်း၏ အကြောင်းဖြစ်သောကြောင့် ဖလူပစာအားဖြင့် ကံကို ဘဝဟု ဆိုအပ်၏။ 'ထိုတွင် ကမ္မဘဝ ဟူသည် အဘယ်နည်း'ဟူသည်မှာ 'ထိုဘဝနှစ်ခုတို့အနက် အကြင်ဘဝကို ကမ္မဘဝဟု ဆိုထားအပ်ပြီ။ ထိုကမ္မဘဝဟူသည် အဘယ်နည်း'ဟူ၍ ဆိုလို၏။

'အလုံးစုံ' ဟူသည်မှာ 'အကြွင်းမဲ့' တည်း။ 'ဘဝသို့ ရောက်ရှိတတ်သောကြောင့်ငင်း၊ ဘဝသို့ ရောက်ရှိစေတတ်သောကြောင့်ငင်း၊ 'ဘဝဂါမိ'ဟူ၏။ 'ဘဝဂါမိ'ဟူသော စကားဖြင့် လောကုတ္တရာကံကိုပယ်၏။ မှန်၏။ ဤစကားစုသည် [လောကီတည်းဟူသော] ဝဋ်နှင့် ပတ်သက်သော စကားသာတည်း။ ထိုလောကုတ္တရာကံကားမူကား ဝဋ်မှ ကင်းသည်ကို အမှီပြု၏။ အကြင်ကောင်းမှု မကောင်းမှုကို ပြုအပ်၏။ ထို့ကြောင့် ထိုပြုအပ်သော ကောင်းမှု မကောင်းမှုသည် ကံမည်၏။

ကာမဘဝ စသည်တို့တွင် ကာမဟု ဆိုအပ်သော ဘဝတည်း။ [ထို့ကြောင့်] 'ကာမဘာဝ=ကာမဟုဆိုအပ်သော ဘဝ'။ ရူပဘဝ စသည်တို့၌လည်း သည်နည်းအတိုင်းပင်။ သညာရှိသူတို့၏ ဘဝသည် 'သညာဘဝ'။ တနည်း ဤ ဥပပတ္တိဘဝ၌ သညာရှိ၏။ ထို့ကြောင့် ထိုသညာရှိသော ဥပပတ္တိ ဘဝသည် 'သညာဘဝ'

မည်၏။ ပြောင်းပြန်အားဖြင့်မူ 'အသညာဘဝ' မည်၏။ [အသညာဘဝ = သညာမရှိသူတို့၏ ဘဝ ဟူလို။]

ရုန့်ရင်းသော၊ ဝါ၊ အကြမ်းစားဖြစ်သော သညာမရှိသည့် အတွက်ကြောင့်ရင်း၊ သိမ်မွေ့သောသညာ ရှိသည့် အတွက် ကြောင့်ရင်း၊ ထိုဥပပတ္တိဘဝ၌ ရုန့်ရင်းသော သညာကား မရှိ။ သိမ်မွေ့သော သညာသော်ကား မရှိမဟုတ်၊ ရှိ၏။ ထို့ကြောင့် 'နေဝသညာ နာသညာဘဝ = ရုန့်ရင်းသော သညာမရှိတဲ့ သိမ့်မွေ့သောသညာ ရှိသည့်ဘဝ' မည်၏။

တခုသော ရူပက္ခန္ဓာဖြင့် ရောပြွမ်းသော ဘဝသည် 'ဧကဝေါကာရဘဝ' မည်၏။ တနည်း ထိုဘဝအား တခုသော ရူပက္ခန္ဓာသည် ရှိ၏။ ထို့ကြောင့် ထိုဘဝသည် 'ဧကဝေါကာရ ဘဝ' မည်၏။ စတုဝေါကာရဘဝ၊ ပဉ္စဝေါကာရဘဝတို့၌လည်း သည်နည်းအတိုင်းပင်တည်း။ 'ဤသည်ကို ဥပပတ္တိ ဘဝ ဟု ဆိုအပ်၏' ဟူသည်မှာ 'ဤ ၉ ပါးစလုံးကိုလည်း ဥပပတ္တိဘဝ မည်၏ဟု ဆိုအပ်၏' ဟု ဆိုလိုသည်။

ဤ၌ ယင်းသို့လျှင် အနက်အဓိပ္ပာယ်အားဖြင့် အဆုံးအဖြတ် ဝိနိစ္ဆယကို သိရှိအပ်၏။

ခ။ ဤတွင် ပုညာဘိသင်္ခါရသည် သဘောအားဖြင့် ပဉ္စဝေါကာရ ကုသိုလ်စေတနာ ၁၃ ပါးတည်း။ အပုညာဘိသင်္ခါရကား အကုသိုလ်စေတနာ ၁၂ ပါးတည်း။ အာနေဉ္ဇာဘိသင်္ခါရကား အရူပကုသိုလ်စေတနာ ၄ ပါးတည်း။ 'သမ္ဗန္ဓိ ဘဝဂါမိကမ္မံ' ဟူသော စကားဖြင့် အလုံးစုံသော ထိုစေတနာ တို့ကို ပေါင်းယူအပ်၏။ တနည်း စေတနာနှင့် ယှဉ်ဘက်ဖြစ်သည့်

ကံတည်းဟူသော စုတိပဋိသန္ဓေသို့ ရောက်ကြောင်းတရားတို့ကို ပေါင်းယူအပ်ကုန်၏။

'ကာမဘဝ' ဟူသည် ဥပါဒါနက္ခန္ဓာ ၅ ပါးတို့တည်း။ 'ရူပဘဝ' လည်း ထို့အတူ ခန္ဓာ ၅ ပါးပင်။ 'အရူပဘဝ' ဟူသည် ဥပါဒါနက္ခန္ဓာ ၄ ပါးတို့တည်း။ 'သညာဘဝ' ဟူသည်မှာ ဥပါဒါနက္ခန္ဓာ ၄ ပါး၊ ၅ ပါးတို့တည်း။ 'အသညာဘဝ' ဟူသည် ဥပါဒါနက္ခန္ဓာ ၁ ပါးသာတည်း။ 'နေဝသညာနာသညာဘဝ' ဟူသည် ဥပါဒါနက္ခန္ဓာ ၄ ပါးတို့တည်း။ 'ဧကဝေါကာရဘဝ စသည်' ဟူသည်မှာ ဥပါဒါနက္ခန္ဓာ ၁ ပါး၊ ၄ ပါး၊ ၅ ပါးတို့ ပင်တည်း။

ဤသို့ ယင်းသို့လျှင် သဘောအားဖြင့် အဆုံးအဖြတ်ကို သိရှိအပ်၏။

၈။ ဘဝနိဒ္ဒေသမှာကဲ့သို့ သင်္ခါရနိဒ္ဒေသမှာလည်း ပုညာဘိသင်္ခါရ စသည်တို့ကိုပင် ဆိုထားအပ်သည်ကား မှန်၏။ သို့သော် ရှေ့သင်္ခါရ နိဒ္ဒေသကို အတိတ်ကံ၏ အစွမ်းဖြင့် လက်ရှိဘဝ၏ ပဋိသန္ဓေအား ပုညာဘိသင်္ခါရ စသည်တို့က ကျေးဇူးပြုသည့် အဖြစ်ကို ဆိုအပ်၏။ ဤ [ဘဝနိဒ္ဒေသရှိ] ဘဝတို့ကား ပစ္စုပ္ပန် ကံ၏ အစွမ်းဖြင့် အနာဂတ်ပဋိသန္ဓေအား ကျေးဇူးပြုသည့် အဖြစ်ကို ဆိုအပ်၏။ ထို့ကြောင့် ထပ်မံ၍ ဆိုပြန်ခြင်းသည် အကျိုး ရှိသည်သာတည်း။

တနည်း၊ ရှေ့သင်္ခါရနိဒ္ဒေသဝယ် 'ထိုတွင် ပုညာဘိသင်္ခါရ ဟူသည် အဘယ်နည်း။ ကာမာဝစရဖြစ်သော ကုသိုလ်စေတနာ တည်း' စသည်ဖြင့် စေတနာကိုသာလျှင် သင်္ခါရဟု ဆိုအပ်၏။ ဤဘဝနိဒ္ဒေသ၌ကား 'သဗ္ဗမ္ပိ ဘဝဂါမိကမ္မံ' ဟူ၍ ဟောထား

သောကြောင့် စေတနာ၏ ယှဉ်ဘက်တရားတို့ကိုလည်း [ကမ္မ ဘဝ ဟု] ဆိုအပ်၏။ ဆက်ဦးအံ့။ ရှေ့ [သင်္ခါရနိဒ္ဒေသ] ၌ ဝိညာဏ်အား ကျေးဇူးပြုသော ကံကိုသာလျှင် သင်္ခါရဟု ဆိုအပ်၏။ ဤ[ဘဝနိဒ္ဒေသ]တွင်ကား ဘဝကို ဖြစ်စေတတ်သော ကံကိုလည်း သင်္ခါရဟု ဆို၏။

များစွာဆိုသဖြင့် ဘယ်အကျိုး ရှိသနည်း။ ယင်းသို့ မေးအံ့။ 'အဝိဇ္ဇာပစ္စယာ သင်္ခါရာ'ဟူသော နေရာဝယ် ပုညာဘိသင်္ခါရ စသော ကုသိုလ်၊ အကုသိုလ်တို့ကိုသာ ဆိုအပ်ကုန်၏။ 'ဥပါဒါန ပစ္စယာ ဘဝေါ' ဟူသော အရာ၌ကား [စေတနာဟူသော ကမ္မဘဝမျှသာ မဟုတ်သေး] ဥပပတ္တိဘဝကိုပါ ပေါင်းယူအပ် သောကြောင့် ကုသိုလ်၊ အကုသိုလ် [အပြင်] အဗျာကတ တရား ကိုလည်း ပြဆိုအပ်ကုန်၏။ ထို့ကြောင့် အားလုံးသော အခြင်း အရာအားဖြင့်လည်း [ဥပါဒါနပစ္စယာ ဘဝေါ ဟူသောစကားကို] ထပ်၍ ဆိုခြင်းသည် အကျိုးရှိသည်သာတည်း။

ဤ၌ ယင်းသို့လျှင် အကျိုးရှိပုံအားဖြင့် အဆုံးအဖြတ်ကို သိရှိအပ်၏။

ဃ။ ဥပါဒါန်ဟူသော အကြောင်းတရားကြောင့် ဖြစ်လာ သည့် ဘဝ၏ အပြားအားဖြင့်ရင်း အကျဉ်းချုပ် ပေါင်းယူခြင်း အားဖြင့် [သိအပ်သော အဆုံးအဖြတ် ဝိနိစ္ဆယမှာ အောက်ပါ အတိုင်း ဖြစ်၏။]

ချဲ့ဦးအံ့။ ကာမုပါဒါန်ဟူသောအကြောင်းကြောင့် ကာမဘုံ၌ ဖြစ်စေတတ်သော အကြင်ကံကို ပြုအပ်၏။ ထိုပြုအပ်သောကံ [=ကောင်းမှု၊ မကောင်းမှု] သည် 'ကမ္မဘဝ' မည်၏။ ထိုကံ

ကြောင့်ဖြစ်လာသောခန္ဓာတို့ကား 'ဥပပတ္တိဘဝ'မည်၏။ ရူပဘဝ၊ အရူပဘဝတို့လည်း ဤနည်းအတူပင်။

ယင်းသို့လျှင် ကာမုပါဒါန်ဟူသောအကြောင်းကြောင့် ၂ ပါးသော ကာမဘဝ၊ ထို[ကမ္မဘဝ၊ ဥပပတ္တိဘဝဘဝ ဟူသော]ဘဝ ၂ ခုတွင် အကျုံးဝင်သော သညာဘဝ၊ ပဉ္စဝေါကာရဘဝ၊ ၂ ပါးသော ရူပဘဝ၊ ထိုရူပဘဝတွင် အကျုံးဝင်သော သညာဘဝ၊ အသညာဘဝ၊ ဧကဝေါကာရဘဝ၊ ပဉ္စဝေါကာရဘဝ၊ ၂ ပါးသော အရူပဘဝ၊ ထိုအရူပဘဝ၌ အကျုံးဝင်သော သညာဘဝ၊ နေဝသညာနာသညာဘဝ၊ စတုဝေါကာရဘဝ။ ယင်းသို့ အကျုံးဝင်သောဘဝတို့နှင့်တကွ ခြောက်ပါးသောဘဝတို့ ဖြစ်ပေါ်လာကြ၏။ [၆ ပါးသော ဘဝဟူသည်ကား ကမ္မဘဝ၊ ဥပပတ္တိဘဝအားဖြင့် ကာမဘဝ ၂ ပါး။ ထို့အတူ ရူပဘဝ ၂ ပါး၊ အရူပဘဝ ၂ ပါးတို့ပင် ဖြစ်၏။ အကြွင်း သညာဘဝ စသည်တို့ကား ထိုဘဝ ၆ ခု၌ ထိုက်သလိုပါဝင်ပြီး ဖြစ်သောကြောင့် သီးခြား မယူတော့ပြီ။]

ကာမုပါဒါန်ဟူသော အကြောင်းကြောင့် အကျုံးဝင်သော ဘဝတို့နှင့်တကွ ဘဝ ၆ ပါး ဖြစ်လာသကဲ့သို့ ကြွင်း ဥပါဒါန်တို့ကြောင့်လည်း ထို့အတူ [ဘဝ ၆ ပါးစီ] ပင်တည်း။

ယင်းသို့လျှင် ဥပါဒါန်ဟူသော အကြောင်းကြောင့် 'အကွဲအပြားအားဖြင့်' အကျုံးဝင်သော ဘဝတို့နှင့်တကွ ဘဝပေါင်း [၄×၆=] ၂၄ ပါးတည်း။

ကမ္မဘဝကိုရင်း၊ ဥပပတ္တိကိုရင်း၊ တခုတည်းပြု၍ ကာမုပါဒါန်ဟူသော အကြောင်းကြောင့် အကျုံးဝင်သော ဘဝတို့နှင့်တကွ 'ကာမဘဝ'တခု၊ ထို့အတူ ရူပဘဝ၊ အရူပဘဝဟူ၍ ဘဝ ၃ ခု

ဖြစ်လာ၏။ ကာမုပါဒါန်မှ ကြွင်းသော ဥပါဒါန်တို့ကြောင့်လည်း ထို့အတူ ၃ ဘဝစီတို့ပင်။ ထို့ကြောင့် ယင်းသို့လျှင် ဥပါဒါန် ဟူသောအကြောင်းကြောင့်'အကျဉ်းချုပ်ပေါင်းယူခြင်းအားဖြင့်' အကျုံးဝင်သော ဘဝတို့နှင့်တကွ ၁၂ ပါးသောဘဝတို့ ဖြစ်လာ ကြ၏။

တနည်း သာမန်အားဖြင့် ဥပါဒါန်ဟူသောအကြောင်းကြောင့် [ဖြစ်လာသော] ကာမဘုံသို့ ရောက်ကြောင်းဖြစ်သည့် ကံသည် 'ကမ္မဘဝ' သာတည်း။ ထိုကံကြောင့် ဖြစ်လာသော ခန္ဓာသည် 'ဥပပတ္တိဘဝ'ဖြစ်၏။ ရူပဘဝ၊ အရူပဘဝတို့လည်း ထို့အတူပင်။ ယင်းသို့လျှင် ဥပါဒါန်ဟူသော အကြောင်းကြောင့် အကျုံးဝင် သော ဘဝတို့နှင့်တကွ ကာမဘဝ ၂ ပါး၊ ရူပဘဝ ၂ ပါး၊ အရူပ ဘဝ ၂ ပါးဟူ၍ အခြား ပရိယာယ်ဖြင့် 'အကျဉ်းချုပ် ပေါင်းယူ ခြင်းအားဖြင့်' ဘဝ ၆ ပါး ဖြစ်လာ၏။

တနည်းသော်ကား ကမ္မဘဝ၊ ဥပပတ္တိဘဝ စသည့် အကွဲ အပြားသို့ မချဉ်းကပ်ဘဲ အကျုံးဝင်သော ဘဝတို့နှင့်တကွ ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝဟူ၍ ဘဝ ၃ ပါး ဖြစ်လာ၏။ ကာမဘဝစသော အကွဲအပြားသို့မူလည်း မချဉ်းကပ်ဘဲ ကမ္မဘဝ၊ ဥပပတ္တိဘဝအားဖြင့် ဘဝ ၂ ပါး ဖြစ်လာ၏။ ကမ္မဘဝ၊ ဥပပတ္တိ ဘဝဟူသော အကွဲအပြားသို့ပင် မချဉ်းကပ်တော့ဘဲ 'ဥပါဒါန ပစ္စယာ ဘဝေါ=ဥပါဒါန်ကြောင့် ဘဝ ဖြစ်လာ၏' ဟူ၍ ဘဝ အစွမ်းအားဖြင့် တခုတည်းသောဘဝ ဖြစ်လာ၏။

ဤသို့ ယင်းသို့လျှင် ဥပါဒါန်ကြောင့်ဖြစ်သော ဘဝ၏ အကွဲ အပြားနှင့် အကျဉ်းပေါင်းယူခြင်းအားဖြင့်လည်း အဆုံးအဖြတ် ဝိနိစ္ဆယကို သိရှိအပ်၏။

၆။ ဤဥပါဒါန် ၄ပါးတို့အနက် အဘယ်ဥပါဒါန်က အဘယ် ဘ၀အား ကျေးဇူးပြုသနည်း။ တခုခုသော ဥပါဒါန်က တခုခု သော ဘ၀အား ကျေးဇူးပြုသည်ပင်။ မှန်၏။ ပုထုဇဉ်လူသား ဟူသည်မှာ အရူးနှင့်တမူတူသည်တည်း။ ထိုလူသားသည် 'ဒီအမှု ဟာ သင့်တော်တယ်။ ဒီအမှုကတော့ မသင့်တော်ဘူး'ဟူ၍ မစူး စမ်းပါဘဲနှင့် အမှတ်မပြု တခုခုသော ဥပါဒါန်၏ အစွမ်းဖြင့် တခုခုသောဘ၀ကို တောင့်တပြီး တခုခုသော ကောင်းမှု မကောင်းမှုကို ပြုတတ်သည်သာပင်။ထို့ကြောင့် အချို့ဆရာတို့က 'သီလဗ္ဗတုပါဒါန်ကြောင့် ရူပဘ၀၊ အရူပဘ၀တို့ မဖြစ်နိုင်ကြ' ဟူ၍ အကြင်စကားကို ဆိုကြ၏။ ထိုစကားကို မနာယူအပ်ပေ။ 'အားလုံးသော ဥပါဒါန်ကြောင့် အားလုံးသောဘ၀ ဖြစ်၏' ဟူ၍သာ ယူအပ်၏။

ဤလောကကြီးမှာ အချို့သူက တဆင့်စကားကြားသည့် အစွမ်းဖြင့် ဖြစ်စေ၊ တွေ့ဘူး မြင်ဘူးသည်တို့ အစဉ်အောက်မေ့ သဖြင့် ဖြစ်စေ၊ 'ဤကာမဂုဏ်တို့ ဆိုသည်မှာ လူ့လောကမှာ ဖြစ်စေ၊ မင်းမျိုးမဟာသာလမျိုးမှာ ဖြစ်စေ၊ကာမာဝစရနတ်ပြည် ခြောက်ထပ်မှာဖြစ်စေ ပြည့်စုံကြ၏'ဟူ၍ ကြံစည်ပြီးလျှင် ထိုကာမ ဂုဏ်တို့ကို ရရှိနိုင်ခြင်းငှာ မသူတော်တို့ တရားကို ကြားနာရခြင်း စသည်တို့က လှည့်စားအပ်လေသည့်အတွက် 'ဤကံကြောင့် ဤကာမဂုဏ်များ ပြည့်စုံကြ၏'ဟု အထင်ရှိလျက် [ကာမဂုဏ်ကို သည်းစွာ စွဲလန်းမှု] ကာမုပါဒါန်ကြောင့် ကာယဒုစရိုက် စသည် တို့ကို ပြုတတ်၏။ ထိုဒုစရိုက်များဖြင့် [ထိုသူ၏ စိတ်အစဉ်မှာ] ပြည့်နှက်နေသောကြောင့် ထိုသူသည် [ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တည်းဟူသော]အပါယ်သို့ ကျရောက်သွားတော့၏။

မျက်မှောက် ကာမဂုဏ်တို့ကိုလည်း လိုချင်သည့် အတွက်ကြောင့်၊ ရပြီးသား ကာမဂုဏ်များကိုလည်း စောင့်ရှောက်ရသည့် အတွက်ကြောင့် ကာယဒုစရိုက်စသည်ကို ပြုမိမှားတော့၏။ ဒုစရိုက်များနှင့် ပြည့်နှက်နေသောကြောင့် ထိုသူသည် အပါယ် ကျရတော့၏။ ထိုအပါယ်ဘုံမှာ ထိုသတ္တဝါ ပဋိသန္ဓေနေရခြင်း အကြောင်းရင်း အကုသိုလ်ကံသည် 'ကမ္မဘဝ'၊ ကံကြောင့် ဖြစ်သော ခန္ဓာများသည် 'ဥပပတ္တိဘဝ' မည်၏။ သညာဘဝ၊ ပဉ္စဝေါကာရ ဘဝများကား ထိုကမ္မဘဝ၊ ဥပပတ္တိတို့၌ အကျုံး ဝင်၏။

အခြားတယောက်ကား သူတော်ကောင်းတရားကို ကြားနာရခြင်းစသည်တို့ကြောင့် ပွားစေအပ်သော ဉာဏ်ရှိသည်ဖြစ်၍ 'ဤမည်သော ကံတရားကြောင့် ကာမဂုဏ်များ ပြည့်စုံကြ၏'ဟူ၍ အထင်ရှိလျက် ကာမုပါဒါန်ကြောင့် ကာယသုစရိုက်တို့ကို ပြုလုပ်၏။ ထိုသူသည် သုစရိုက်တရားနှင့် ပြည့်ဝနေသည့်အတွက် ကြောင့် နတ်ပြည်မှာ ဖြစ်စေ၊ လူ့ပြည်မှာ ဖြစ်စေ၊ ဖြစ်ရ၏။ ထိုလူ့ပြည်၊ နတ်ပြည်မှာ ပဋိသန္ဓေနေရခြင်း အကြောင်းရင်း ကုသိုလ်ကံသည် 'ကမ္မဘဝ'၊ ကံကြောင့်ဖြစ်လာသော ခန္ဓာများက 'ဥပပတ္တိဘဝ' မည်၏။ သညာဘဝ၊ ပဉ္စဝေါကာရဘဝတို့ကား ထိုကမ္မဘဝ၊ ဥပပတ္တိဘဝတို့တွင် အကျုံးဝင်၏။ ယင်းသို့လျှင် ကာမုပါဒါန်သည် အကွဲအပြားနှင့်တကွ အကျုံးဝင်သော ဘဝ နှင့်တကွသော ကာမဘဝအား ကျေးဇူးပြု၏။

အခြားတယောက်ကား 'ရူပဘုံ၊ အရူပဘုံတို့မှာ ထိုကာမဘုံ ထက် ကာမဂုဏ်များ ပို၍ ပြည့်စုံကြ၏' ယင်းသို့ကြားသိရသည့် အတွက်ဖြစ်စေ၊ ကြံဆ၍ဖြစ်စေ၊ ကာမုပါဒါန်ကြောင့်ပင် ရူပ

သမာပတ်၊ အရူပသမာပတ်များ ဖြစ်ပေါ်လာအောင် ပွားစီး၍ သမာပတ်၏ အစွမ်းဖြင့် ရူပဗြဟ္မာလောက၌ ဖြစ်ရ၏။ ထိုဗြဟ္မာ့ပြည်၌ ထိုသတ္တဝါ၏ ပဋိသန္ဓေနေရခြင်းအကြောင်းရင်းဖြစ်သည့် ကုသိုလ်ကံသည် 'ကမ္မဘဝ'၊ ကံကြောင့် ဖြစ်လာသော ခန္ဓာတို့ကား 'ဥပပတ္တိဘဝ'မည်၏။ သညာဘဝ၊ အသညာဘဝ၊ နေဝသညာနာသညာဘဝ၊ ဧကဝေါကာရဘဝ၊ စတုဝေါကာရဘဝ၊ ပဉ္စဝေါကာရဘဝတို့ကား ထိုကမ္မဘဝ၊ ဥပပတ္တိဘဝ၌ပင် အကျုံးဝင်ကြ၏။

ယင်းသို့လျှင် ကာမုပါဒါန်သည် အကွဲအပြားနှင့်တကွ အကျုံးဝင်သော ဘဝနှင့်လည်းတကွ ဖြစ်သော ရူပဘဝ၊ အရူပဘဝတို့အား ကျေးဇူးပြု၏၊

အခြားသူတယောက်သည် 'ဤအတ္တဘောမည်သည် ကာမသုဂတိဘုံမှာ ဖြစ်စေ၊ ရူပ၊ အရူပဘုံတို့အနက် တဘုံဘုံမှာ ဖြစ်စေ၊ ပြတ်စဲသွားပါက ကောင်းကောင်းကြီး ပြတ်တော့၏' ယင်းသို့သော ဥစ္ဆေဒဒိဋ္ဌိ အယူကိုအစွဲပြုပြီး ထိုသို့သောဘုံသို့ ရောက်ရှိကြောင်း ကံကို ပြုတော့၏။ ထိုသူ၏ ပြုအပ်သောကံသည် 'ကမ္မဘဝ'၊ ကံကြောင့် ဖြစ်လာသော ခန္ဓာတို့ကား 'ဥပပတ္တိဘဝ' မည်၏။ သညာဘဝ စသည်တို့ကား ထိုကမ္မဘဝ၊ ဥပပတ္တိဘဝ၌ပင် အကျုံးဝင်၏။

ယင်းသို့လျှင် ဒိဋ္ဌုပါဒါန်သည် အကွဲအပြားနှင့်တကွ အကျုံးဝင်သော ဘဝနှင့်လည်းတကွ ဖြစ်သော ကာမ၊ ရူပ၊ အရူပ သုံးဘဝတို့အား ကျေးဇူးပြု၏။

အခြားသူတယောက်သည် 'ဤအတ္တဘောမည်သည် ကာမသုဂတိဘုံမှာ ဖြစ်စေ၊ ရူပဘုံ၊ အရူပဘုံတို့အနက် တဘုံဘုံမှာ

ဖြစ်စေ၊ ချမ်းချမ်းသာသာ ရှိ၏။ ပူပန်ခြင်း ကင်း၏' ဤသို့သော အတ္တဝါဒုပါဒါန်ကြောင့် ထိုဘုံသို့ ရောက်ကြောင်းကံကို ပြု၏။ ထိုသူ၏ ပြုအပ်သော ကံသည် 'ကမ္မဘဝ' ကံကြောင့်ဖြစ်လာသော ခန္ဓာတို့ကား 'ဥပပတ္တိဘဝ' မည်၏။ သညာဘဝတို့သည်ကား ထိုကမ္မဘဝ၊ ဥပပတ္တိဘဝတို့၌ပင် အကျုံးဝင်၏။

ယင်းသို့လျှင် အတ္တဝါဒုပါဒါန်သည် အကွဲ့အပြားနှင့်တကွ အကျုံးဝင်ဘဝတို့နှင့်လည်း တကွသော ဘဝ ၃ ခုတို့အား ကျေးဇူး ပြု၏။

အခြားသူတယောက်ကား 'ဤမည်သော ဂေါသီလ၊ ဂေါဝတ [=နွားတို့၏ အလေ့၊ နွားတို့ အကျင့်]သည် ကာမသုဂတိဘုံမှာ ဖြစ်စေ၊ ရူပ၊ အရူပဘုံတို့အနက် တဘုံဘုံမှာ ဖြစ်စေ ဖြည့်ကျင့်သူအား သုခဝေဒနာ၏ ပြည့်စုံခြင်းသို့ ရောက်၏' ဤသို့သော သီလဗ္ဗတုပါဒါန်၏ အစွမ်းဖြင့် ထိုဘုံသို့ ရောက်ရှိကြောင်းကံကို ပြု၏။ ထိုသူ၏ ပြုအပ်သော ကံသည် 'ကမ္မဘဝ'၊ ကံကြောင့် ဖြစ်လာသော ခန္ဓာတို့ကား 'ဥပပတ္တိဘဝ'မည်၏။ သညာဘဝ စသည်တို့ကား ထိုကမ္မဘဝ၊ ဥပပတ္တိဘဝ တို့မှာပင် အကျုံး ဝင်၏။

ယင်းသို့လျှင် သီလဗ္ဗတုပါဒါန်သည် အကွဲ့အပြားနှင့်တကွ အကျုံးဝင် ဘဝတို့နှင့်လည်း တကွသော ဘဝ ၃ ခုတို့အား ကျေးဇူးပြု၏ ။

ဤ၌ ယင်းသို့လျှင် အကြွင်းဥပါဒန်သည် အကြွင်းဘဝအား ကျေးဇူးပြု၏၊ ထိုကျေးဇူးပြုပုံကို [ဤပြဆိုချက်အတိုင်း] သိရှိအပ်၏၊

ဤဥပါဒါန် ၄ ပါးတို့တွင် အဘယ်ဥပါဒါန်က အဘယ်ဘဝအား အဘယ်ပစ္စယသတ္တိများဖြင့် ကျေးဇူးပြုသနည်းဟူ၍ မေးလာခဲ့သော် [အဖြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။]

ဥပါဒါန်သည် ရူပဘဝ၊ အရူပဘဝတို့အား ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။ ထိုဥပါဒါန်သည် ကာမဘဝအား သဟဇာတစသည့် ပစ္စယသတ္တိဖြင့်လည်း ကျေးဇူးပြု၏။ ဤသို့သိရှိအပ်၏။ [ဤသည်မှာ အကျဉ်း] ချဲ့ဦးအံ့။ ရူပဘဝ၊ အရူပဘဝတို့အားရင်း၊ ကာမဘဝတွင် အကျုံးဝင်သော ကမ္မဘဝ၌ [ရှိသော] ကုသိုလ်ကံအားသာလျှင်ရင်း၊ ဥပပတ္တိဘဝအားရင်း၊ ဤဥပါဒါန်တရား ၄ ပါးက တခုတည်းသော ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

ကာမဘဝ၌ မိမိနှင့်ယှဉ်ဘက် အကုသိုလ်တည်းဟူသော ကမ္မဘဝအား သဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဟေတုပစ္စည်း အပြားရှိကုန်သော သဟဇာတပစ္စယသတ္တိ စသည်တို့ဖြင့် ကျေးဇူး ပြု၏။ မိမိ[ဥပါဒါန်]နှင့် မယှဉ်သော အကုသိုလ်ကံအားသော်ကား ဥပနိဿယသတ္တိဖြင့်ပင် ကျေးဇူးပြု၏။

ဥပါဒါန်ကြောင့်ဖြစ်သော ဘဝ၏ အကျယ်တာင့် အဖွင့်စကားရပ် အပြီးသပ်သတည်း။

ဘဝပစ္စယာ ဇာတိ

ဘဝဟူသောအကြောင်းကြောင့်

ပဋိသန္ဓေနေမှုဇာတိ ဖြစ်လာ၏

# ဝိဘင်းပါဠိတော် မြန်မာပြန်

ထိုတွင် ဘဝဟူသော အကြောင်းကြောင့် [ဖြစ်လာသော] ဇာတိ ဟူသည် အဘယ်နည်း။

ထိုထိုသတ္တဝါတို့၏၊ ထိုထိုသတ္တဝါ အပေါင်း၌ အကြင် ပဋိသန္ဓေ ယူနေဆဲသည်၊ အကြင် ပြည့်စုံစွာ ဖြစ်ခြင်းသည်၊ အကြင် အမိဝမ်းသို့ သက်ရောက်သကဲ့သို့ ဖြစ်ခြင်းသည်၊ အကြင် အသစ် ဖြစ်ခြင်းသည်၊ အကြင် ခန္ဓာတို့ကို ရရှိလာခြင်းသည်၊ အကြင် အာယတနတို့ကို ရရှိလာခြင်းသည် ရှိ၏။

ဤသည်ကို ဘဝဟူသော အကြောင်းကြောင့် [ဖြစ်လာသော] ဇာတိဟု ဆိုအပ်၏။

# အင်္ဂလိပ်ဘာသာ မြန်မာပြန်

၁။ စာမျက်နှာ(၃၁၀)ရှိ ရေးဆွဲဖော်ပြချက်ပုံစံတွင် A.B.C.D.E. ဟူသော လိုင်းသည် $X^{12}-6X+9=Y$ ဟူသော ညီမျှခြင်းကို ဖြေဆိုနေသော အခြေအနေတခုတွင် တည်ရှိသည့် အမှတ်တို့ဖြင့် ပေါင်းစပ်ပါဝင်နေ၏။ အလားတူပင်လျှင် ဘဝ(EXISTENCE) ဟူသည်ကား အမှိုပြုတတ်သော အထူးထူးအထွေထွေ ပြောင်းလဲမှု၏ သံကြိုးကွင်းဆက်ဟူသော ပဋိစ္စသမုပ္ပာဒ်ကြောင့်(အလားတူ ရပ်တည်မှု အဖြစ်သို့ ရောက်ရှိလာသည့် အပြုအမူ(ACT)ပေါ်တွင် အမှီပြုလျက်) ဖြစ်ပေါ်လာသော သေခြင်းတရားများ၊ ပဋိသန္ဓေ နေရခြင်းများဖြင့် ပေါင်းစပ်ထားမှုသာ ဖြစ်၏။ အကြင်မျှ လောက်သော ကာလပတ်လုံး သတ္တဝါတဦးသည် ဘဝတို့၏ လက်အောက်ခံ ဖြစ်နေသေးအံ့၊ ထိုမျှလောက်သော ကာလ တိုင်တိုင် ထိုသတ္တဝါသည် အခြေအနေတခုမှ တခုသို့ ပြောင်းလဲ နေရမည်သာ။ ဘဝ၏ တခုသော အသွင်သဏ္ဍာန်က ရှိရင်း အတိုင်း ရပ်ဘည်ဘို့ရန် ကျဆုံးသွားသည့်အခါ [ထောက်တည်ရာ မရ ပျက်စီးသွားသော အခါ]၎င်းသည် အခြေအနေသစ်တခုသို့ ပြောင်းလဲရမည်သာ ဖြစ်၏။ ဘဝ၏ ဤမည်သော ထပ်မံ ရှင်သန် ဖြစ်ပေါ်လာမှုကိုပင် ပဋိသန္ဓေနေခြင်း (BIRTH)ဟု ဆိုအပ်၏။

၂။ [အသက်ပါ စကားရပ်အတွက် ပေါ်လွင်စေရန် ဥပမာ တခု ရှုကြပါစို့။]

သစ်သားသည် မြေကြီးထဲတွင် နက်စွာ မြှုပ်ထားခြင်းခံရပြီး နောက် အပူဒဏ်၊ ဖိနှိပ်မှုဒဏ်ကို ခံရသည့်အခါ ထိုသစ်သား သည် ဆေးမြွေခြင်းသို့ ပြောင်းလဲရောက်ရှိသွားမည်သာ ဖြစ်၏။

တခါ ထိုသစ်ဆေးသည် သစ်ဆေးအတိုင်း ရပ်တည်နိုင်ခြင်း မရှိသောအခါ အညိုရောင် ကျောက်မီးသွေးအဖြစ်သို့ ရောက်ရှိ သွား၏။ ထို့နောက် အနက်ရောင် ကျောက်မီးသွေး အဖြစ်သို့ စသည် စသည်။ ထို့အဘူပင်လျှင် သက်ရှိဘဝ (LIFE) ဟူသည် ဆက်ကာဆက်ကာ သွားနေရသော ထပ်မံ ရှင်သန်လာမှုတခုကို ဖြတ်သန်းနေရသည်။ ရင်ဆိုင်နေရသည်သာ ဖြစ်၏။ [ထို့ကြောင့်] ထိုထိုဘဝတို့မှာ 'အစ' ဟူ၍ မရှိနိုင်ပါပြီ။ [လေခေတ်တွင် တခု အပါအဝင်ဖြစ်သည့်] အောက်ဆီဂျင် ခေတ်ငွေ့သည် မီးမလောင် သည့်ခေတ် ဖြစ်၏။ သို့သော် ထိုခေတ်သည် ကန့်ခေတ် အခိုး အငွေ့ထဲတွင်[ရောက်ရှိသွားပါမူ]လောင်ကျွမ်းနိုင်၏။ ဤသည်က ပြဆိုသည်မှာ 'ထိုအောက်ဆီဂျင်ခေတ်၏ လောင်ကျွမ်းနိုင်မှု၊ မလောင်ကျွမ်းနိုင်မှုသည် တခုတည်း သီးခြား တည်ရှိနိုင်သော သတ္တိမဟုတ်' ဟူ၏။ ထိုခေတ်သည် အခြား ခေတ်တခုပေါ်တွင် ဂုဏ်ရည်တူ အဆင့်အားဖြင့် အမှီပြုနေ၏။ ပတ်ဝန်းကျင်လေထု ပြောင်းလဲသွားသောအခါ ထိုအောက်ဆီဂျင်ခေတ်လည်း ပြောင်း လဲသွား၏။ အခြားအရာများကဲ့သို့ပင် ယင်းသည့် အောက်ဆီဂျင် ခေတ်သည် ဆက်သွယ်တတ်၏။

ပန်းတပွင့်၏ ပွင့်ချပ်လွှာ အဝါရောင်သည် တစိတ်တဒေသအားဖြင့် နေရောင်ခြည်ကြောင့် ဖြစ်လာရ၏။ တစိတ်တဒေသအားဖြင့်မူ ပွင့်ချပ်လွှာတွင် အမှန်ရှိနေသည့်သတ္တိကြောင့် ဖြစ်၏။ နေရောင်ခြည်၏ အဝါရောင်မှတပါး ကျန် အရောင်အဆင်းအားလုံးကို ထိုသတ္တိက စုတ်ယူသွား၏၊ အဝါရောင်ကိုမူကား လက်သင့်မခံပေ။ အရာဝတ္ထုမှန်သမျှသည် [ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော] အကြောင်းတရားတို့ကြောင့် ဖြစ်လာကြ၍ အမြဲခိုင်မဲ့ ရပ်တည်ချက်ဟူ၍ မရှိလေရကား [ထိုထိုသင်္ခါရ ခမ္မ=] အရာဝတ္ထု မှန်သမျှတို့မှာ မူရင်းဖြစ်သည့် စဘင်ချက် [=သံသရာ၏အစ] ဟူ၍ မရှိပါလေပြီ။

[အရာဝတ္ထု၊ သို့မဟုတ် သတ္တဝါ] အသီးသီးတို့၏ ဖြစ်ပေါ်မွေးဖွားလာမှု ဟူသည်မှာ အမြဲပြုအပ်သည့် အခြားသော အကြောင်းအရာအချို့၏ ပြောင်းလဲမှုကြောင့် ထောက်တည်ရာဘဝ၏ အသစ်တဖန် ထပ်မံရှင်သန်လာမှုပင် ဖြစ်၏။

နိဗ္ဗာန်၌ ပဋိသန္ဓေနေရခြင်း၊ ထပ်မံပေါက်ဖွားရခြင်း(RE-BIRTH)မရှိပေ။ အခြား မည်သည့်အရာဝတ္ထု တခုခုကိုသော်မှ အမှီအခို မပြုသည့်အတွက်ကြောင့်တည်း။ နိဗ္ဗာန်သည် တသီးတခြား ရပ်တည်၏၊ [မမှားယွင်းနိုင်သည့် အဆုံးသတ်] အမှန်တရား ဖြစ်၏။

နိဗ္ဗာန်သည် မည်သည့်အကြောင်းတရားမျှ မပြုပြင်အပ်သော အသင်္ခတတရား ဖြစ်၏။ [နိဗ္ဗာန်မှတပါး] အခြားအရာတို့သည်ကား အသွင်သဏ္ဌာန်တခုမှ တခုသို့ ပြောင်းလဲတတ်၏။

“ခန္ဓာကိုယ်တည်းဟူသော အိမ်ကို တည်ဆောက်တတ်သော လက်သမားအား ရှာဖွေလျက် အသက်ရှင်ရခြင်း၊ သေရခြင်း တည်းဟူသော ဤဘဝသံသရာကြီးထဲတွင် ငါဘုရားသည် ဘဝ များစွာ ကျင်လည်ခဲ့ရလေပြီ။ ထပ်ကာထပ်ကာ ပဋိသန္ဓေနေရ ခြင်းသည်ကား အဆင်းရဲကြီး ဆင်းရဲလေစွတကား” ဓမ္မပဒ။

# ဝိဘင်းအဋ္ဌကထာ မြန်မာပြန် (ဇာတိ၏အဖွင့်)

ဘဝဟူသောအကြောင်းကြောင့် ဖြစ်လာသည့်ဇာတိ [=ပဋိသန္ဓေနေရခြင်း] ဟူသော အကျိုးတရား၏ အကျယ်တဝင့် အဖွင့်စကားရပ် စသည်တို့အနက် 'ဇာတိ' စသည်တို့၏အဆုံးအဖြတ်ကို 'သစ္စဝိဘင်း'၌ ပြဆိုအပ်သည့်နည်းဖြင့်ပင် သိရှိအပ်၏။

အထူးကား 'ဘဝ'ဟူသောပုဒ်၏အရတွင် [ဥပပတ္တိဘဝမပါ] ကမ္မဘဝ [=ကုသိုလ်ကံ၊ အကုသိုလ်ကံ] တခုတည်းကိုသာ အလိုရှိအပ်၏။ မှန်၏။ ထိုကမ္မဘဝသည်သာ ဇာတိအား ကျေးဇူးပြု၏။ ဥပပတ္တိဘဝက ဇာတိအား ကျေးဇူးမပြုပေ။ ကမ္မဘဝတည်းဟူသော အကြောင်းတရားသည် [အကျိုးတရားဖြစ်သော ဇာတိအား] နာနာက္ခဏိကကမ္မ၊ ဥပနိဿယဟူသော ကြောင်းရှိစွမ်းရည် နှစ်ခုဖြင့် ကျေးဇူးပြု၏။

ထိုစကားရပ်တွင် စောဒကတက်စရာ ရှိလာသည်မှာ 'ကုသိုလ်ကံ၊ အကုသိုလ်ကံဘည်းဟူသော ကမ္မဘဝက ပဋိသန္ဓေနေရခြင်းဟူသော ဇာတိအား ကျေးဇူးပြု၏ ဆိုသည့် အကြောင်းခြင်းရာကို ဘယ်နည်းဘယ်ပုံဖြင့် သိရှိအပ်ပါသနည်း' ဟူ၍ မေးလှာအံ့။ ပြင်ပ ဗာဟိရအကြောင်းတရားများ ညီညွတ်သော်လည်း ယုတ်ညံ့ခြင်း၊ မြင့်မြတ်ခြင်း၊ ရုပ်လှခြင်း၊ အကြည့်တန်ခြင်း စသည့်

ထူးခြားချက်များကို ရှုမြင်ရသောကြောင့် သိရှိအပ် သိရှိနိုင်၏’ [ဟူ၍ အကျဉ်းချုပ် ဖြေဆိုရာ၏။]

ခွဲခြမ်းဦးအံ့။ ပြင်ပဗာဟိရဖြစ်သည့် အမိအဖ သုတ်သွေး၊ အစာ အာဟာရ စသော အကြောင်းများ ညီညွတ်နေသော်လည်း သတ္တဝါအတွဲပေါင်း တရာတို့တွင် အယုတ်၊ အမြတ် စသည့် ထူးခြားချက်သည် ထင်ရှား၏။ ထိုအယုတ်၊ အမြတ် စသည့် ထူးခြားချက် [အကျိုးတရားသည်] အကြောင်းတရား မရှိသည် မဟုတ်။ ရှိသည်သာ။ အဘယ်ကြောင့်ဟူမူ ဘယ်အခါမဆို သတ္တဝါမှန်သမျှအား [အကြောင်းမရှိဘဲ] မဖြစ်သောကြောင့် တည်း။ [ကောင်းမှု၊ မကောင်းမှုဟူသော] ကမ္မဘဝမှတပါး အခြားအကြောင်း မရှိ။ အကြောင်းသော်ကား ထိုကမ္မဘဝကို ဖြစ်စေနိုင်စွမ်းသော သတ္တဝါတို့၏ အဇ္ဈတ္တသန္တာန်ဝယ် ကမ္မဘဝ [=ကောင်းမှု၊ မကောင်းမှု] မှတပါး ယုတ်ညံ့ခြင်း၊ မြင့်မြတ်ခြင်း စသည်တို့၏ အခြားအကြောင်း မရှိသောကြောင့်တည်း။ ထို့ကြောင့် ကမ္မဘဝဟူသောအကြောင်း ရှိခဲ့သည်သာတည်း။

မှန်၏။ ကောင်းသောအပြုအမူ၊ မကောင်းသောအပြုအမူ တည်းဟူသော ကံတရားသည် သတ္တဝါတို့၏ ယုတ်ညံ့သည့်အဖြစ်၊ မြင့်မြတ်သည့်အဖြစ် စသည်တို့၏ အကြောင်းထူးတခု ဖြစ်၏။ ထို့ကြောင့်‘ကမ္မံ သတ္တေ ဝိဘဇ္ဇတိ၊ ယဒိဒံ ဟီန ပဏီတဘာဝါယ= အယုတ်၊ အမြတ် ဖြစ်ခြင်းငှာ အကြင်ကံသည် ရှိ၏။ ထိုကံသည် သတ္တဝါတို့ကို ဝေဘန်၏’ ဟူ၍ [မဇ္ဈိမနိကာယ်၊ တတိယအုပ်၊ စာမျက်နှာ ၂၄၄ စူဠကမ္မဝိဘင်္ဂသုတ်တွင်] ဗုဒ္ဓဟောဘော်မူခဲ့၏။ ထို့ကြောင့် ‘ကမ္မဘဝသည် ပဋိသန္ဓေနေခြင်း ဇာတိအား

ကျေးဇူးပြု၏’ဟူသော အကြောင်းကို သိရှိအပ်၏။ [ဤသည်မှာ ဖြေဆိုချက် အကျယ်တည်း။]

ဆက်ဦးအံ့။ ပဋိသန္ဓေနေခြင်း[မွေးဖွားလာရခြင်း]မရှိသော် အိုခြင်း၊ သေခြင်းသည် အကြင့်ကြောင့် မရှိပါပြီ။ ထို့ကြောင့် သောကစသည်တို့လည်း မရှိနိုင်ကြပြီတည်း။ ဇာတိဟူသော ပဋိသန္ဓေနေခြင်း ရှိလာသော်တမူကား-အိုခြင်း၊ သေခြင်း ဖြစ်လာတော့၏။ အိုခြင်း၊ သေခြင်း၊ ဆင်းရဲခြင်း သဘာဝ၏ အနှိပ်စက်ခံ လူဗာလအား အိုခြင်း၊ သေခြင်းနှင့် စပ်နွယ်သော သောကစသည်တို့လည်း ဖြစ်လာကြ၏။ ထိုအိုခြင်း၊ သေခြင်းမှ တပါး ဉာတိဗျသန [ဆွေမျိုးတို့၏ပျက်စီးခြင်း]စသည်နှင့် ထိတွေ့သူအား ဇရာမရဏာနှင့် မစပ်နွယ်သော သောက စသည်တို့လည်း ဖြစ်လာကြ၏။

ထို့ကြောင့် “ဤဇာတိတည်းဟူသော ပဋိသန္ဓေ နေရခြင်းသည် အိုခြင်း၊ သေခြင်း ဇရာ၊ မရဏာအားရင်း၊ သောကစသည်တို့အားရင်း ကျေးဇူးပြု၏” ဟူ၍ သိရှိအပ်၏။ ထိုဇာတိသည် [ဇရာမရဏာ စသည့် အကျိုးတရားအား] တခုတည်းသော ဥပနိဿယစွမ်း သတ္တိဖြင့် ကျေးဇူးပြု၏။

ဘဝကြောင့် ဖြစ်လာသည့် ဇာတိ စသည်တို့၏ အကျယ် တဝင့် အဖွင့်စကားရပ် အပြီးသတ်သတည်း။

[ပဋိစ္စသမုပ္ပါဒ ဝိဘင်းတွင် “ဇာတိစသည်တို့၏ အဆုံး အဖြတ်ကို သစ္စဝိဘင်း၌ ပြဆိုအပ်သည့် နည်းဖြင့်ပင် သိရှိအပ်၏”ဟု ဆိုကာ ယင်းတို့၏ အဖွင့်ကို မပြဘဲထား၏။ တခါ ယင်းတို့၏ အနက်အဓိပ္ပာယ်မှာလည်း ပဋိစ္စသမုပ္ပါဒ် လေ့လာသူတို့အတွက် အမှန်တကယ် သိရှိသင့်၏။ ထို့ကြောင့် လေ့လာသူ

သုတေသီတို့အဖို့ အစုံအလင် လေ့လာနိုင်ရန် 'သစ္စဝိဘင်း၊ ဒုက္ခသစ္စနိဒ္ဒေသ၊ သုတ္တန္တဘာဇနီယ' မှ ထုတ်နုတ်ကာ အကုန်အစဉ် ထည့်သွင်း ပြန်ဆိုပေးပါမည်]

ဤဇာတိသဒ္ဒါမှာ အနက်များစွာရှိ၏။ ထို့ကြောင့်ပင်လျှင်

၁။ "ဧကမ္ပိ ဇာတိဒွေပိဇာတိယော=တဘဝတည်းကို၎င်း၊ နှစ်ဘဝကိုသော်၎င်း" ဟူသော စကားရပ်ဝယ် [ဇာတိသဒ္ဒါ၏ အနက်ကား] 'ဘဝ'ဟူ၍လာရှိ၏။

၂။ အတ္ထိဝိသာခေ နိဂဏ္ဌာနာမသမဏဇာတိကာ=ကျောင်းအမကြီး ဝိသာခါ နိဂဏ္ဌာအမည်ရှိသော ရဟန်းအပေါင်းဟူသည် ရှိ၏" ဟူသော စကားရပ်ဝယ် [ဇာတိသဒ္ဒါ၏ အနက်ကား] 'အပေါင်း'ဟူ၏။

၃။ "တိရိယာနာမတိဏဇာတိ နာဘိယာ ဥဂ္ဂန္တွာ နဘံ အာဟစ္စ ဌိတာ အဟောသိ=တိရိယ မည်သော နေဇာမြက်သည် ချက်မှတက်၍ ကောင်းကင်ကို ထိစွဲပြီး တည်၏" ဟူသော စကားရပ်ဝယ် [ဇာတိသဒ္ဒါအနက်ကား] 'နာမပညတ်' ဟူ၏။

၄။ "ဇာတိဒွီဟိခန္ဓေဟိသင်္ဂဟိတာ=ဇာတိကို ခန္ဓာနှစ်ပါးတို့ဖြင့် ရေတွက်အပ်၏"ဟူသော စကားရပ်ဝယ်[ဇာတိသဒ္ဒါ၏ အနက်ကား]'သင်္ခတတရား၏ သဘော'ဟူ၏။

၅။ "ယံ ဘိက္ခဝေ မာတုကုစ္ဆိမှိ ပဌမံစိတ္တံ ဥပ္ပန္နံ၊ ပဌမံ ဝိညာဏံ ပါတုဘူတံ တဒုပါဒါယ သာဝဿ ဇာတိ= ရဟန်းတို့၊ အမိဝမ်းထဲမှာ ရှေးဦးစွာသော အကြင် ပဋိသန္ဓေစိတ်သည်ဖြစ်လာ၏။ အကြင် ပဋိသန္ဓေဝိညာဏ်သည် အထင်အရှားဖြစ်လာ၏။ ထိုပဋိသန္ဓေစိတ်ကို အစွဲပြုပြီး ထိုသူ၏ ပဋိသန္ဓေသည်ပင်

ဖြစ်လာ၏” ဟူသောစကားရပ်ဝယ် [ဇာတိသဒ္ဒါ၏ အနက်ကား] ‘ပဋိသန္ဓေ’ ဟူ၏။

၆။ သမ္ပတိဇာတော အာနန္ဒ ဗောဓိသတ္တော=ညီတော် အာနန္ဒာ မယ်တော်ဝမ်းမှ မွေးခါစ ဘုရားအလောင်းတော်သည်”ဟူသော စကားရပ်ဝယ် [ဇာတိသဒ္ဒါ၏ အနက်ကား] ‘အမိဝမ်းမှ မွေးဖွားခြင်း’ ဟူ၏။

၇။ “အနုပကုဋ္ဌော ဇာတိဝါဒေန= အမျိုးကို ထိပါး၍ ဆိုသဖြင့် မကဲ့ရဲ့သင့်”ဟူသော စကားရပ်ဝယ် [ဇာတိသဒ္ဒါ၏ အနက်ကား] ‘အမျိုး’ ဟူ၏။

၈။ “ယတောဟံ ဘဂိနိ အရိယာယ ဇာတိယာ ဇာတော= ညီမငယ်၊ ငါသည် အကြင်အခါမှစ၍ မြင့်မြတ်သော ဇာတ်၌ ဖြစ်လေပြီ”ဟူသော စကားရပ်ဝယ် [ဇာတိသဒ္ဒါ၏အနက်ကား] ‘ပါတိမောက္ခသံဝရသီလ’ဟူ၏။

[ဘဝပစ္စယာဇာတိဟူသော]ဤအရာတွင်သော်ကား ဝိကာရရုပ်တို့နှင့်အတူ [တဘဝအတွက်] ပဌမဦးဆုံး ဖြစ်ပေါ်လာသော ခန္ဓာတို့၌ [ဇာတိသဒ္ဒါ၏ အနက်သည်] ဖြစ်၏။ ထို့ကြောင့် ဖြစ်တုန်း ဖြစ်ဆဲ၏အစွမ်းဖြင့် ဇာတိမည်၏။ ဤဇာတိနိဒ္ဒေသ၌ ‘ဇာတိ’ဟူသော ဤပုဒ်သည် ဥပသာရပုဒ်မပါသော နာမ်ပုဒ် သန့်သန့်ဖြစ်၏။ ကောင်းစွာဖြစ်နေတုန်း၊ ဖြစ်နေဆဲ၏ အစွမ်းဖြင့် ‘သဉ္ဇာတိ’မည်၏။ အမိဝမ်းထဲသို့ သက်ဝင်ဘိသို့ ဖြစ်သည့်အစွမ်းဖြင့် ‘ဩက္ကန္တိ’မည်၏။

တနည်း၊ ‘ပဋိသန္ဓေယူနေဆဲ’ဟူသော အနက်သဘောကြောင့် ‘ဇာတိ’မည်၏။ ထိုဇာတိဟူသောပုဒ်သည် [တဘဝအတွက်

ရထိုက်သော] စက္ခုစသည့် အာယတနများ မပြည့်စုံသေးသည့် အစွမ်းဖြင့် သင့်တန်၏။ 'အာယတနများ ပြည့်ပြည့်စုံစုံ ဖြစ်ခြင်း' ဟူသော အနက်သဘောအားဖြင့် 'သဠာတိ' မည်၏။ 'အမိဝမ်းသို့ သက်ဝင်ဘိသို့ ဖြစ်ခြင်း'ဟူသော အနက်သဘောကြောင့် 'ဩက္ကန္တိ'မည်၏။ ထိုဩက္ကန္တိဟူသော ပုဒ်သည် အဏ္ဍဇ၊ ဇလာဗုဇ သတ္တဝါတို့၏ အစွမ်းဖြင့်၊ ဝါ အဏ္ဍဇ ဇလာဗုဇ သတ္တဝါတို့အဘွက် သင့်တန်၏။ မှန်၏။ ထိုအဏ္ဍဇ၊ ဇလာဗုဇ [ဥပေါက်၊ ဝမ်းဘွား] သတ္တဝါတို့သည် ဥခွံဟူသော အိမ်သားအိမ်သို့ သက်ဆင်းတတ်ကြ၏၊ သက်ဆင်းကြသော်လည်း [တကယ်တန်း ဝင်သွားကြသည် မဟုတ်သော်လဲ] ဝင်သွားကြသကဲ့သို့ပင် ပဋိသန္ဓေ ယူကြ၏။ 'ခန္ဓာကိုယ် အထင်အရှားဖြစ်ခြင်း'ဟူသော အနက်သဘောဖြင့် 'အဘိနိဗ္ဗတ္တိ' မည်၏။ ထိုအဘိနိဗ္ဗတ္တိဟူသော ပုဒ်သည် သံသေဒဇ ဩပပါတိကသတ္တဝါတို့အတွက် သင့်ဘန်၏။ မှန်၏။ ထိုသံသေဒဇ ဩပပါတိက သတ္တဝါတို့သည် [ခန္ဓာကိုယ်] ထင်ထင်ရှားရှားကြီး ဖြစ်လာကြ၏။

ဤသည်ကား ပညတ်စကားဖြစ်၏။ ယခုအခါကား ပရမတ်စကားဖြစ်၏။ ခဲ့ဦးအံ့။ ပရမတ်အားဖြင့်ဆိုသော် ခန္ဓာတို့သာ အထင်အရှား ဖြစ်လာကြ၏။သတ္တဝါတို့ အထင်အရှားဖြစ်လာကြသည်မဟုတ်။ ဆက်ဦးအံ့၊ ထိုပရမတ်စကားတွင် 'ခန္ဓာနံ=ခန္ဓာတို့အား' ဟူသော စကားဖြင့် ဧက ဝေါကာရဘုံတွင် ခန္ဓာတပါးကိုသာ ယူရခြင်း၊ စတုဝေါကာရဘုံတွင် ခန္ဓာ၄ပါးကိုယူရခြင်း၊ ပဉ္စဝေါကာရဘုံတွင် ခန္ဓာငါးပါးကို ယူရခြင်းကို သိရှိအပ်၏။ 'ပါတုဘာဝေါ= အသင်အရှား ဖြစ်လာသည်' ဟူသည်မှာ

'ဖြစ်ပေါ်လာခြင်း' ပင်တည်း။ 'အာယတနာခံ = အာယတနတို့ အား' ဟူသော စကားရပ်၌ ဆိုဆိုဘုံများမှာဖြစ်သော အာယတနတို့၏ အစွမ်းဖြင့် ရောက်ခြင်းကို သိရှိအပ်၏။

'ပဋိလာဘော = ရရှိလာ၏' ဟူသည်မှာ 'အစဉ်၌ အထင်အရှားဖြစ်ခြင်း' သာတည်း။ မှန်၏။ အထင်အရှား ဖြစ်လာကြမည့်သာ ရရှိကြသည်မည်၏။ 'အယံဝုစ္စတိဇာတိ= ဤသည်ကို ဇာတိဟု ဆိုအပ်၏' ဟူသည်မှာ 'ဤကား ဇာတိမည်၏' ဟူ၍ ဆိုအပ်၏။

ထိုဇာတိသည် ထိုထိုဘဝ၌ ငှမဦးဆုံးဖြစ်ခြင်း 'လက္ခဏာ' ရှိ၏။ ဝန်ခံသကဲ့သို့ ဖြစ်ခြင်း 'ကိစ္စ' ရှိ၏။ အတိတ်ဘဝမှနေ၍ ဤဘဝသို့ ပေါ်လာသော 'အခြင်းအရာ' ရှိ၏။ တနည်း၊ အကျိုး၏ အစွမ်းအားဖြင့် ဒုက္ခအစု၏ အဆန်းတကြယ်ဖြစ်ခြင်း'အကျိုး' ရှိ၏။ ယခုအခါ 'ဇာတိ၏ ဆင်းရဲခြင်း အနက်သဘောကို သိရှိအပ်၏' ဟူသည်မှာ ဤဇာတိသည် ကိုယ်တိုင်သော်ကား မဆင်းရဲပါပေ။ သို့သော် ဒုက္ခဝေဒနာ ဖြစ်ပေါ်လာခြင်း အကြောင်းရင်းဖြစ်သောကြောင့် 'ဆင်းရဲ၏' ဟု ဆိုအပ်၏။

'ဤဇာတိသည် အဘယ်ဒုက္ခ၏ အကြောင်းရင်း ဖြစ်သနည်း' ဟူ၍ မေးလာသော် ဗာလသုတ်၊ ပဏ္ဍိတသုတ် စသည်တို့၌ ဗုဒ္ဓကလည်း ဥပမာအားဖြင့် ဟော ပြအပ်သော အကြင်အပါယ်ဒုက္ခဟူသည် ရှိ၏။ သုဂတိဘုံဖြစ်သည့် လူပြည်မှာလည်း မိခင်ဝမ်း၌ကိန်းအောင်းရခြင်း အကြော င်းရင်းရှိသည့် ဆင်းရဲခြင်း စသည်တို့ပြ းသော အကြင်ဒုက္ခ ဟူသည် ည်း ရှိ၏၊ ထိုထိုဒုက္ခအားလုံး၏ အကြောင်းရင်းကား ဤဇာတိ င်ဖြစ်၏။

'ထိုဘွင် ဤပြဆိုအံ့သ ည်း မိခင်ဝမ်းတိုက်တွင် ကိန်းအောင်းရခြင်းစသည့် အ ောင်းရင်းရှိသော ဒုက္ခတည်း'

ချဲ့ဦးအံ့။ ဤသတ္တဝါသည် မိခင်ဝမ်းတိုက်တွင် ဖြစ်လာရသည် ရှိသော် ကြာညို၊ ကြာဒုမ္မာ၊ ကြာပုဏ္ဍရိတ် စသည်တို့၌ ဖြစ်လာရသည်မဟုတ်။ စင်စစ်သော်ကား အစာသစ်၏အောက်၊ အစာဟောင်း၏ အထက်၊ ဝမ်းပြင်၊ ကျောကုန်းတို့၏ အလယ်တွင် အလွန်လည်းကျဉ်းမြောင်း၊ အလွန်လည်း မိုက်မှောင်၊ အထူးထူး အထွေထွေသော အပုပ်နံ့တို့ဖြင့်လည်း ပုပ်ဟောင်၊ မစင်မကြယ်နှင့် အလွန်ဆိုးဝါးသော အနံ့တို့၏ နေရာဌာနလည်းဖြစ်၊ အလွန့်အလွန်လည်း ရွံစရာကောင်းသည့် ဝမ်းဗိုက်ဒေသတွင် ငါးပုပ်၊ ထမင်းသိုး၊ တံစီးအိုး စသည်၌ ရှိသော ပိုးလောက်ပမာ ဖြစ်ရရှာ၏။ ထိုသတ္တဝါသည် ထိုနေရာတွင် ဖြစ်နေရလျက် ဆယ်လစေ့ရောက်သည့်အခါ မိခင်ဝမ်း၌ ဖြစ်လာသော အပူခာတ်ဖြင့် မုန့်လုံးကိုပြုတ်သကဲ့သို့ အပြုတ်ခံရသည်ဖြစ်၍၊မုန့်ညက်ခဲပမာ ရေနွေးအဖြော ခံရသည်ဖြစ်၍ ကွေးခြင်း ဆန့်ခြင်း စသည် မရှိဘဲ အလွန်ပြင်းပြသော ဒုက္ခကြီးကို ခံစားရဘိ၏။ 'ဤသည်မှာ မိခင်ဝမ်းတိုက်တွင် ကိန်းအောင်းရခြင်း အကြောင်းရင်းရှိသော ဒုက္ခသာတည်း'

ထိုသတ္တဝါသည် မိခင်၏ ရုတ်တရက် ခြေချော်ခြင်း၊ လမ်းရှောက်သွားခြင်း၊ ထိုင်ခြင်း၊ ထခြင်း၊ လှည့်ပတ်ခြင်း စသည့် အခါတို့တွင် အရက်မူးသမား၏ လက်ထဲတွင်ရှိသော ဆိတ်ငယ်ကဲ့သို့ အဟိမ္ဗာယ်ဆရာ၏ လက်ထဲရောက်နေရသော မြွေငယ်ပမာ ရှေ့ရှုဆွဲငင်ခြင်း၊ ထိုထိုဤဤ ဆွဲငင်ခြင်း၊ အောက်သို့လှုပ်ခြင်း၊ ထိုသိုဤဤ လှုပ်ရှားခြင်း စသည့် ပယောဂကြောင့် အလွန်ပြင်းထန်သော ဒုက္ခကြီးကို ခံစားရရှာ၏။ မိခင်က ရေအေးသောက်ချလိုက်သည့်အခါတွင် ချမ်းအေးလှသော ငရဲ၌ ဖြစ်နေရ

ဘိသိက်ပူသော ယာဂုထမင်းစသည်ကို မျိုချသောအခါတွင် မီးခဲတို့ဖြင့် ကြဲချခြင်းခံနေသည့်ပမာ အငန်အချဉ်စသည်ကို မျိုချသည့်အခါတွင် လှံဖြင့် ထိုး၍ ဆားအနယ်ခံရခြင်း စသည့်အဖြစ်သို့ရောက်နေရသည့်နှယ်စပ်၍နာကျင်သော ဒုက္ခကြီးကို ခံစားနေရရှာ၏။ ဤသည်မှာ ကိုယ်ဝန်ဆောင်ခြင်း အကြောင်းရင်းရှိသော ဒုက္ခတည်း။

မိခင်က ကိုယ်ဝန်ပျက်ကျလေသော် မိတ်ဆွေသင်္ဂဟ ခင်မင်ရင်းနှီးသူတို့ကလည်း မြင်တွေ့ရန် မထိုက်တန်သော ဒုက္ခဖြစ်ရာဌာနဝယ် ဖြတ်တောက်ခြင်း၊ ခွဲစိတ်ခြင်း စသည်တို့ကြောင့် အကြင်ဒုက္ခကြီးကို ခံစားရသေး၏။ ဤသည်မှာ ကိုယ်ဝန်ပျက်ကျခြင်း အကြောင်းရင်းရှိသော ဒုက္ခတည်း။

မွေးဖွားအံ့သော မိခင်၏ ကမ္မဇလေတို့ကြောင့် ခြားနေ့ပတ်လည်ကာ ချောက်ကြီးထဲသို့ ကျသွားရသည့်ပမာ အလွန်ကြောက်စရာကောင်းသော ယောနိမဂ်သို့ ချအပ်သော သတ္တဝါတို့အား၊ အလွန်ကျဉ်းသော ယောနိမဂ်ဝမှ ဆွဲအထုတ်ခံရသော သတ္တဝါအား သံကောက်ကွင်းဖြင့် အဆွဲခံရသော ဆင်ပြောင်ကြီးအား ဆင်းရဲခြင်းကြီးစွာ ဖြစ်ရသကဲ့သို့၊ တောင်ကြီးတို့ဖြင့် မွနှ်မွနှ် ညက်ညက်အကြိတ်ခံရသော သတ္တဝါအား ကြီးစွာသော ဆင်းရဲခြင်းဖြစ်နေသကဲ့သို့၊ အကြင်ဒုက္ခဝေဒနာကြီးသည် ဖြစ်ပေါ်လာ၏။ ဤသည်မှာ မွေးဖွားရခြင်း အကြောင်းရင်းရှိသော ဒုက္ခတည်း။

အသားနုတက်စ အနာနှင့် တူသည့် ခန္ဓာကိုယ်နုးညံ့သော သတ္တဝါငယ်ကလေး၏ လက်ကိုကိုင်ခြင်း၊ ရေချိုးပေးခြင်း၊

ဆေးကြောခြင်း၊အဝတ်ပုဆိုးဖြင့် သုတ်ပေးခြင်း စသည်ကို ပြုလုပ်ကြသည့်အခါတို့တွင် အပ်သွားနှင့် ထိုးဆွခြင်း၊ သင်ခုန်းသွားဖြင့် ခွဲစိတ်ခြင်းနှင့် တူသော ဒုက္ခကြီး ဖြစ်ပေါ်လာ၏။ ဤသည်မှာ အပြင်သို့ထွက်လာခြင်း အကြောင်းရင်းရှိသော ဒုက္ခတည်း။

ထို့နောက် ပဝတ္တိအခါတွင် ကိုယ့်ကိုယ်ကိုပြန်၍ သတ်သော သူအားရင်း၊ အဝတ်မဝတ်သောတိတ္ထိတို့ အကျင့်ဖြင့် ပြင်းပြင်း ထန်ထန်ပူလောင်စေခြင်း၊ ထပ်တလဲလဲပူလောင်စေခြင်းကို လုလ္လ ပြုသူအားရင်း၊ ဒေါသထွက်သဖြင့် ထမင်းမစားဘဲ နေသူအား ရင်း၊ သေဆွဲသူ [ကြိုးဆွဲချသေသူ]အားရင်း အကြင်ကြီးစွာသော ဒုက္ခသည် ဖြစ်လာ၏။ ဤဖြစ်လာသော ဒုက္ခမှာ မိမိလုလ္လ ပယောဂဟူသော အကြောင်းရှိသည့် ဒုက္ခတည်း။

သူတပါး၏ သတ်ဖြတ်ခြင်း၊ နှောင်ဖွဲ့ခြင်း စသည်တို့ကို ခံစား ရသူအား အကြင် ဆင်းရဲခြင်းသည် ဖြစ်၏။ ဤဆင်းရဲခြင်းမှာ သူတပါး လုလ္လပယောဂဟူသော အကြောင်းရင်းရှိသည့် ဒုက္ခ တည်း။

ယင်းသို့ ပြဆိုအပ်ပြီးသော ဒုက္ခမှန်သမျှ၏ အကြောင်းရင်း ကား ဤမည်သော ဇာတိ (=ပဋိသန္ဓေနေရခြင်း၊ မွေးဖွားလာ ရခြင်း)သာလျှင် ဖြစ်၏။ ထို့ကြောင့် ဖော်ပြအပ်သော စကား ရပ်ကို ရှေးဆရာမြတ်တို့အဆို အမိန့်ပြုခဲ့ကြ၏။

"သတ္တဝါသည် ငရဲတို္ဌ အကယ်၍ ပဋိသန္ဓေမနေရသည် ဖြစ်အံ့။ မနေရသော် မီးလောင်ခြင်းစသည့် မခံမရပ်နိုင်သော ဒုက္ခဟူသည် အဘယ်မှာလျှင် ရပ်တည်ရာ ရနိုင်အံ့နည်း။ အကြင့်

ကြောင့် မရနိုင်ရာ။ ထို့ကြောင့် မြတ်စွာဘုရားသည် ဤဒုက္ခသစ္စနိဒ္ဒေသဝယ် ဇာတိကို ဒုက္ခဟူ၍ ဟောတော်မူခဲ့လေပြီ။

"တိရစ္ဆာန်တို့ကို ကြိမ်လုံး၊ ဒုတ်၊ ဒါးတို့ဖြင့် ရိုက်နှက် ခုတ်ဖြတ်ခြင်း စသည်ကြောင့် များစွာသော အကြင်ဒုက္ခသည် ဖြစ်၏။ ထိုဒုက္ခသည် အကယ်၍ ထိုတိရစ္ဆာန်အမျိုးဇာတ်၌ မဖြစ်ရသော် အဘယ်မှာရှိနိုင်အံ့နည်း။ အကြင့်ကြောင့် မရှိနိုင်လေရာ၊ ထို့ကြောင့် ဇာတိကို ဒုက္ခဟူ၍ ဟောဘော်မူခဲ့လေပြီ။

"ပြိတ္တာတို့ (ဘ၀)၌ ငတ်မွတ်ခြင်းဒုက္ခ၊ နေပူလေပူစသည်ကြောင့်ဖြစ်သော အထူးထူးအထွေထွေသော အကြင်ဒုက္ခသည် ထိုပြိတ္တာအမျိုးဇာတ်၌ မဖြစ်သူအား အကြင့်ကြောင့် မရှိပါပြီ။ ထို့ကြောင့် ဇာတိကို ဒုက္ခဟူ၍ ဗုဒ္ဓဟောတော်မူခဲ့လေပြီ။

"လွန်စွာလည်း မိုက်မှောင်၊ သည်းမခံနိုင်အောင်လည်း ချမ်းအေးလှသော လောကန္တရိတ်ငရဲ၌ရင်း၊ အသူရာတို့၌ရင်း၊ အကြင်ဒုက္ခသည် ရှိ၏။ ထိုဒုက္ခသည်ထိုလောကန္တရိတ်ငရဲ အသုရာမျိုးတို့၌ အကယ်၍ ပဋိသန္ဓေနေရခြင်း ဇာတိသည် မရှိအံ့။ အကြင့်ကြောင့် မရှိနိုင်လေရာ။ ထို့ကြောင့် ဤဇာတိကား ဒုက္ခသာတည်းဟုဗုဒ္ဓဟောတော်မူခဲ့လေပြီ၊

"မစင်ပုပ်ငရဲ၊ ဝါ၊ ဘင်ပုပ်ငရဲနှင့်တူသည့် အမိဝမ်းဗိုက်ထဲမှာ နေရသော သတ္တဝါသည် အမိဝမ်းမှ အပြင်သို့ ရောက်လာ၏။ အမိဝမ်း၌ နေရခြင်း၊ အပြင်သို့ထွက်လာရခြင်းကြောင့် ဖြစ်လာသည့် အလွန်တရာပြင်းထန်သော အကြင်ဒုက္ခသည်ရှိ၏။ ပဋိသန္ဓေနေရခြင်း မရှိသော် ဤဒုက္ခလည်း မရှိပါပြီ၊ ထို့ကြောင့် ဤဇာတိကား ဒုက္ခသာတည်းဟု ဗုဒ္ဓဟောတော်မူခဲ့လေပြီ။

"စကားများစွာ ဆိုသဖြင့် အကျိုးမထူးပါလေပြီ။ ဤလောက တွင် ဘယ်နေရာမဆို အမှတ်မပြု တခုခုသော အကြင်ဆင်းရဲမှု ဒုက္ခသည် ရှိ၏။ ဤအလုံးစုံသော ဆင်းရဲမှုဒုက္ခသည် ရံခါဇာတိမှ ကင်းလွတ်သော် အကြင့်ကြောင့် မရှိသည်သာ။ ထို့ကြောင့် ခပ်သိမ်းသော တရားတို့၏ ရှေဦးစွာ ဤဇာတိကို ဒုက္ခဟူ၍ ဗုဒ္ဓဟောတော်မူခဲ့လေပြီတည်း"

ဇာတိ၏အကျယ်တဝင့် အဖွင့်စကားရပ်အပြီးသတ်သတည်း။

## ကောဒသမကဏ္ဍ

* ဇာတိပစ္စယာ ဇရာမရဏံ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ။

* ပဋိသန္ဓေနေမှု ဇာတိဟူသော အကြောင်းကြောင့် အိုမင်းရင့်ရော်ခြင်း ဇရာ၊ သေခြင်း မရဏ၊ စိုးရိမ်ခြင်း သောက၊ ငိုကြွေးခြင်း ပရိဒေဝ၊ ကိုယ်ဆင်းရဲခြင်း ဒုက္ခ၊ စိတ်ဆင်းရဲခြင်း ဒေါမနဿ၊ ပြင်းစွာပူပန်ခြင်း ဥပါယာသတို့ ဖြစ်လာကြ၏။

* ON BIRTH DEPEND OLD AGE, DISEASE, DEATH ETC.

ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတို့၏ အဖွင့်။

## ဇာတိပစ္စယာ ဇရာ မရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ

ပဋိသန္ဓေနေမှု ဇာတိဟူသော အကြောင်းကြောင့် အိုမင်း ရင့်ရော်ခြင်း ဇရာ၊ သေခြင်း မရဏ၊ စိုးရိမ်ခြင်း သောက၊ ငိုကြွေးခြင်း ပရိဒေဝ၊ ကိုယ်ဆင်းရဲခြင်း ဒုက္ခ၊ စိတ်ဆင်းရဲခြင်း ဒေါမနဿ၊ ပြင်းစွာပူပန်ခြင်း ဥပါယာသတို့ ဖြစ်လာကြ၏။

## ဝိဘင်းပါဠိတော် မြန်မာပြန်

ထိုတွင် ဇာတိဟူသော အကြောင်းကြောင့် [ဖြစ်လာသော] ဇရာ မရဏဟူသည် အဘယ်နည်း၊

ရင့်ရော်မှု ဇရာဟူသည် ရှိ၏။ သေမှု မရဏဟူသည် ရှိ၏။ ထိုတွင် ရင့်ရော်မှု ဇရာဟူသည် အဘယ်နည်း။

ထိုထိုသတ္တဝါတို့၏၊ ထိုထိုသတ္တဝါအပေါင်း၌ အကြင် အိုမင်း ရင့်ရော်မှုသည်၊ အကြင်ရင့်ရော်သော အခြင်းအရာသည်၊ အကြင် သွားကျိုး၊ ခြေသည်း၊ လက်သည်းတို့၏ ကျိုးသည့် အဖြစ်သည်၊ အကြင် ဆံပင်၊ မွေးညှင်းတို့ ဖြူသည့်အဖြစ်သည်၊ အကြင် အရေတွန့်သည့် အဖြစ်သည်၊ အကြင် အသက်[အရွယ်] ဆုတ်ယုတ်လာခြင်းသည် ရှိ၏။ ဤသည်ကို ရင့်ရော်မှု ဇရာဟု ဆိုအပ်၏။

ထိုတွင် သေခြင်း မရဏဟူသည် အဘယ်နည်း။

ထိုထိုသတ္တဝါတို့၏၊ ထိုထိုသတ္တဝါအပေါင်းမှ အကြင် စုတေ ရွေ့လျောခြင်းသည်၊ အကြင် စုတေ ရွေ့လျောသည့် အဖြစ်သည်၊ အကြင် ပျက်စီးခြင်းသည်၊ အကြင် ကွယ်ပျောက်ခြင်းသည်၊ အကြင် သေမင်းဟုဆိုအပ်သော သေခြင်းသည်၊ အကြင် ကုန်ဆုံးအောင် ပြုခြင်းသည်၊ အကြင် အသက်ဇီဝိန်ပြတ်စဲခြင်းသည် ရှိ၏။ ဤသည်ကို သေခြင်းမရဏဟု ဆိုအပ်၏။

ဤသည်ကို ဇာတိဟူသော အကြောင်းကြောင့် [ဖြစ်လာသော] ဇရာမရဏဟု ဆိုအပ်၏။

# အင်္ဂလိပ်ဘာသာ မြန်မာပြန်

၁၊ "Oluxury! thou curst by Heaven's decree,
How ill--exchanged are things like these for thee!
How do thy potions, with insidious joy,
Diffuse their pleasures only to destroy !
Kingdoms by thee, to sickly greatness grown,
Boast of a florid Vigour not their own:
At every draught more large and large they grow,
A bloated mass of rank, Unwieldly woe;
Till, Sapped their strength, and every part unsound,
Down, down they sink, and spread a suin round"

Oliver Goldsmith (The Deserted Village)

၁။ အိုဘယ့် သုခချမ်းသာ၊ သင့်ကို ကောင်းကင်ဘုံ(ထာဝရဘုရားသခင်)က ကျိန်ဆဲဘိ၏။ ရှိရှိသမျှအရာဝတ္ထုမှန်သမျှတို့သည် အကောင်းမှ အဆိုး၊ အဆိုးမှ အကောင်း တပြောင်းပြန်ပြန် မကောင်းသဖြင့် ပြောင်းလဲကြယောင်တကား။ အနှီအရာဝတ္ထုတို့

နည်းတူ အသင်တမူ သုခချမ်းသာအတွက်လည်း မကောင်းသဖြင့် ပြောင်းလဲလှချေပြီ။ မကောင်းကြံတတ်သည့် ပျော်ပါးမှုနှင့်အတူ ဖြစ်သော အသင်မျက်လှည့်ဆရာ၏ ရေမန်းဖြင့် ပျက်စီးရန် အတွက် သက်သက်မျှဖြစ်သော နှစ်သက်စရာများ အပေါ်သို့ ပက်ဖြန်းလေသည်တကား။ ကြီးမားသော ချူချာမှုတို့ ကြီးထွား လာလျက်ရှိသော အသင့် နိုင်ငံတော်များသည်ကား မိမိတို့ ကိုယ်ပိုင်မဟုတ်သေလသည့် အမွှမ်းတင် အင်အားစုတို့ဖြင့် ဝါကြွား ကြဘိ၏။ ဝန်ထုပ်တိုင်းမှာ အမင်္ဂလာတည်းဟူသော လေးလံပြီး ရောင်အမ်းပွရောင်းသည့် အတန်းအစား ဂုဏ်ရည် ဒုဒယ်တို့သည် ပိုမိုကြီးမားရှ ကြီးမားရှသာ ကြီးထွားလာခဲ့ကြ၏။ သူတို့၏ ခွန်အားဗလတို့သည် ကုန်ခန်းခဲ့ပြီ။ ကိုယ်အင်္ဂါတိုင်းသည်လည်း ချိနဲ့ဆွံ့အသာပေပြီ။ အောက်သို့ အောက်သို့ တိုင်အောင်သာ နစ်မြုပ်သွားပေပြီ။ နောက် [မျက်စေ့ကမှိုင်း၊ နားကထိုင်းပြီး] အဖျက်အဆီးတို့ ဝိုင်းရံလျက်သာ ပြန့်ကြဲအန္တပျက်ပြားအံ့ယောင် တကား။

၂။ အိုမင်းရင့်ရော်မှု၊ သေဆုံးမှုတို့၏ အကြောင်းရင်းကား ပေါက်ဖွားလာမှု မှန်သမျှသာဖြစ်၏။ ထိုဒုက္ခများသို့ ရှေးရှုချီတက် နေသမျှကာလပတ်လုံး အဘယ်မည်သော ချမ်းသာသုခများ ရှိနိုင်ပါမည်နည်း။ သက်ရှိ သတ္တဝါမှန်သမျှ၏ ရုပ်ခန္ဓာသည်ကား အနာရောဂါတို့ [ဖြစ်ပေါ်လာရေး] အတွက် သင့်လျော်သည့် မြေလွှာပင်ဖြစ်၏၊ ထိုခန္ဓာကြီးသည် ကြောက်မက်စဖွယ် ရောဂါ မျိုးစေ့အသွယ်သွယ်တို့၏ ပေါက်ဖွားရာ မြေပြင်သာ ဖြစ်၏။ ဆေးရုံများသို့ သွားရောက်ကြည့်ရှုခြင်းဖြင့် ဤမှန်ကန်ချက်များ ကို ခုရော နောင်ပါ သိရှိသာနိုင်၏၊ သတ္တဝါတဦးတွင် ပါရှိသည့်

ဖောက်ပြန်မှု ရူပက္ခန္ဓာ၊ ခံစားမှု ဝေဒနာက္ခန္ဓာ၊ မှတ်သားမှု သညာက္ခန္ဓာ၊ ပြုမှု သင်္ခါရက္ခန္ဓာ၊ သိမှု ဝိညာဏက္ခန္ဓာတို့သည်ကား ဆင်းရဲခြင်း အစုအပုံဖြစ်သည်မှတပါး အခြားဘာကမှ မဟုတ်ပါလေပြီ။

၃။ လက်ရှိအတန်းထက်ပို၍ မြင့်သည့်အတန်းကို ရရှိလာသော ကျောင်းသားတဦးသည် ထိုအခြေအနေတွင် မွေ့လျော်၏။ "နှစ်သက်ဘွယ်ပါတကား"ဟု ထင်မှတ်တတ်၏။ သို့သော် ထိုအဆင့်အတန်းကို ငြီးငွေ့လာသည့်အခါ၊ သို့မဟုတ် ပိုမိုမြင့်မားသည့် တိုးတက်မှုကို မျှော်လင့်လာသည့်အခါတွင်ကား သူသည် မိမိမွေ့လျော်ခဲ့သော လက်ရှိ အခြေအနေကိုပင် ဒုက္ခကြီးတခုဟူ၍ ထင်မှတ်လာပြန်၏။

၄။ အကြင်သူသည် "နှစ်သက်ဖွယ်အာရုံ ကာမဂုဏ်ဟူသမျှတို့ကား (တဦးတယောက်၏ ထိကိုင်ခြင်းခံရသည့်အခါ ပွင့်ချပ်လွှာများ ကြွေကျတတ်သည့် ဘိန်းပန်းပွင့်ပမာ) မကြာမြင့်မီပင် ညှိုးရော် နွမ်းလျသွားမည်ပါတကား" ဟူ၍ အမှန်အကန် အပြည့်အဝ သိရှိလာအံ့။ ထိုသူသည် ထိပါးပုတ်ခတ်မှု၊ နာကြင်မှုများမှ ကင်းဝေးမည်သာတည်း။

၅။ "PLEASURES ARE LIKE POPPIES SPREAD.
WE SIZE THE FLOWER ITS BLOOM IS SHED.
OR LIKE THE SNOW FLAKE ON THE RIVER.
ONE MOMENT SEEN, THEN LOST FOR EVER"

ROBERT BURNS

လောကီအာရုံ ကာမဂုဏ်တို့သည်ကား ပွင့်ကားနေသည့် ဘိန်းပန်းပွင့်နှင့်တမူတူညီဘိ၏။ ကျွန်ုပ်တို့က ထိုဘိန်းပန်းပွင့်ကို

သွား၍ ထိကိုင်လိုက်မည်ဆိုလျှင် ယင်း၏ ပွင့်ချပ်လွှာတို့မှာ ကြွေကျကုန်မည်သာတည်း။ သို့မဟုတ် လောကီအာရုံ ကာမဂုဏ်တို့သည် မြစ်ရေပြင်ပေါ်ရှိ ဆီးနှင်းခဲကလေး [ရေမြှုပ်] တို့နှင့် မခြား အလားတူဘိ၏။ ထိုဆီးနှင်းခဲကလေးတို့ကို တကြိမ်သာလျှင် တွေ့မြင်နိုင်၏။ နောက် အမြဲတန်း ပျောက်ဆုံးပျက်စီးသွားကြသည်သာတည်း။

# ဝိဘင်းအဋ္ဌကထာ မြန်မာပြန် (ဇရာအဖွင့်)

ဇရာ၏ အကျယ်တဝင့် အဖွင့်စကားရပ်ဝယ် 'ဇရာ' ဟူသော ပုဒ်သည် ဇရာ၏ သဘာဝကို ဖော်ပြသောပုဒ်ဖြစ်၏။ "ဇီရဏတာ=ရင့်ရော်သည့် အဖြစ်သည်" ဟူသည် အခြင်းအရာကို ညွှန်ပြချက်တည်း။ 'ခဏ္ဍိစ္စ=ကျိုးသည့်အဖြစ်' စသော သုံးပဒတို့သည် အချိန်ကာလ ကုန်လွန်လာမှုကြောင့် ပြုအပ်သည့်ကိစ္စကို ညွှန်ကြ၏။ 'အာယုနော သံဟာနိ၊ ဣန္ဒြိယာနံ ပရိပါကော=အသက်ဆုတ်ယုတ်လာခြင်း၊ စက္ခုစသော ဣန္ဒြေတို့ရင့်ကျက်လာခြင်း' ဟူသော နောက်ပုဒ် ၂ ပုဒ်တို့သည် ပကတိ ဇရာကို ညွှန်ပြကြ၏။

ချုံဦးအံ့။ 'ဇရာ' ဟူသောပုဒ်ဖြင့် ဇရာကို သဘာဝအားဖြင့် ပြဆိုထား၏၊ ယင်းသို့ ပြသောကြောင့် 'ဇရာ' ဟူသော ပုဒ်သည် ထိုဇရာ၏ သဘောကိုပြသော သီးသန့်ပုဒ်ဖြစ်၏။ 'ဇီရဏတာ' ဟူသောပုဒ်သည် အခြင်းအရာအားဖြင့် ဇရာကို ပြဆို၏။ ထို့ကြောင့် 'ဇီရဏတာ' ဟူသောပုဒ်သည် ထိုဇရာ၏ အခြင်းအရာကို ပြသောပုဒ် ဖြစ်၏။

'ခဏ္ဍိစ္စံ' ဟူသောပုဒ်ဖြင့် အချိန်ကာလ ကုန်လွန်လာမှုကြောင့် သွား၊ ခြေသဲ၊ လက်သဲတို့၏ ကျိုးသည့်အဖြစ်ကို ပြုခြင်းကိစ္စအားဖြင့် ဤဇရာကို ပြ၏။ 'ဝါလိစ္စံ' ဟူသောပုဒ်ဖြင့် ဆံပင်၊ မွေးညှင်းတို့၏ ဖြူလာအောင် ပြုခြင်းကိစ္စအားဖြင့် ဤဇရာကို

ပြ၏။ 'ဝလိတ္တခတာ'ဟူသောပုဒ်ဖြင့် အသားကို ရေ့ရဲရဲဖြစ်လာ
အောင်၊ အရေကို တွန့်လာအောင် ပြုခြင်းကိစ္စအားဖြင့် ဤဇရာ
ကို ပြ၏။ ထိုကြောင့် 'ခဏ္ဍိစ္စ'စသော ဤသုံးပုဒ်သည် အချိန်
ကာလ ကုန်လွန်လာမှုကြောင့် ဖြစ်ပေါ်လာသော ပြုဘွယ်ကိစ္စ
တို့ကို ညွှန်ပြ၏။ ထိုသုံးပုဒ်တို့ဖြင့် ဤဖောက်ပြန်ပုံ အခြင်းအရာကို
ပြသည့်အစွမ်းဖြင့် ထင်ရှားစွာ ဖြစ်ကြ၏။ ထို့ကြောင့် ထင်ရှား
သော ဇရာကို ပြ၏။

ရေ၏ဥင်း၊ လေ၏ဥင်း၊ မြက်သစ်ရွက်စသည်တို့၏ ပျက်သည့်
အဖြစ်၊ ထက်ဝန်းကျင် ပျက်သည့်အဖြစ်ကြောင့်ဥင်း၊ မီး၏ဥင်း၊
လောင်ကျွမ်းသည့် အဖြစ်ကြောင့်ဥင်း၊ သွားရာလမ်းခရီးသည်
ထင်ရှား၏။ ထိုသွားရာလမ်းခရီးသည် ရေစသည်တို့ မဟုတ်ကြ
သကဲ့သို့ ထို့အတူပင် ဇရာ၏ သွား စသည်တို့၌ ကျိုးသည့်အဖြစ်
စသည်တို့၏ အစွမ်းဖြင့် သွားရာလမ်းခရီးသည် ထင်ရှား၏။
မျက်စေ့ကို ဖွင့်၍လည်း ယူအပ်၏။ ဇရာကို မယူအပ်။ သွားကျိုး
သည့်အဖြစ် စသည်လည်း ဇရာမမည်။ မှန်၏။ ဇရာကို စက္ခု
ဝိညာဏ်စိတ်ဖြင့် သိအပ်သည် မဟုတ်။ [ဤအပိုဒ်၏ဆိုလိုချက်မှာ
မရှင်းလှပါ။]

'အာယုနော သံဟာနိ၊ ဣန္ဒြိယာနံ ပရိပါကော = အသက်
[အရွယ်] ဆုတ်ယုတ်လာခြင်း၊ စက္ခုစသော ဣန္ဒြေတို့ ရင့်ရော်
လာခြင်း' ဟူသော ဤနှစ်ပုဒ်တို့ဖြင့် အချိန်ကာလ ကုန်လွန်လာ
ခြင်းကြောင့်ပင်လျှင် အလွန်ထင်ရှားသော အသက် ဆုတ်ယုတ်
လာခြင်း၊ စက္ခုစသော ဣန္ဒြေတို့ ရင့်ရော်လာခြင်းဟုဆိုအပ်သော
သဘောအားဖြင့် ဇရာကို ပြ၏။ ထို့ကြောင့် ဤနောက်ပုဒ်
၂ ခုတို့သည် ပကတိနိဒ္ဒေသ [=သဘောကို ညွှန်ပြချက်များ]

ဖြစ်၏။ ထို ၂ ပုဒ်တို့အနက် အိမ်မင်းသည့်အရှယ်သို့ ရောက်ရှိလာသူ၏ အသက်ဟူသော ဇီဝိတိန္ဒြေသည် အကြင့်ကြောင့် ယုတ်လျော့လာ၏။ ထို့ကြောင့် ဇရာကို အသက်ဆုတ်ယုတ်လာခြင်းဟူ ဖလူပစာ [အကြောင်းကို ခေါ်ရမည့်အစား အကျိုးကို ခေါ်ဝေါ်ခြင်း] အားဖြင့် ဆိုအပ်၏။ ငယ်ရွယ်စဉ်ကဆိုလျှင် အလွန်သိမ်မွေ့သည့်အာရုံကိုသော်မှ အလွယ်တကူ ရယူနိုင်စွမ်းလည်း ရှိကြ၊ အလွန်လည်း ကြည်လင်ကြသော စက္ခုစသော ဣန္ဒြေတို့သည် အိုမင်းသည့်အရွယ်သို့ ရောက်လာသူတို့အဖို့ ရင့်ရော်လာကြသည့်အတွက် နွှောင့်ယှက်လာကြသည်ဖြစ်၍ မသန့်ရှင်းကြ။ မကြည်လင်ကြတော့ပေ။ ပေါ်လွင်ထင်ရှားသော အာရုံကိုသော်မှလည်း မရယူနိုင်ကြတော့ပေ။ ထို့ကြောင့် 'ဣန္ဒြေတို့ ရင့်ရော်လာခြင်း' ဟူ၍ ဖလူပစာအားဖြင့်ပင် ဆိုအပ်၏။

ယင်းသို့ ညွှန်ပြအပ်သည့် ထိုဇရာအားလုံးသည်လည်း 'ပါကဋဇရာ=ထင်ရှားသောဇရာ၊ ပဋိစ္ဆန္နဇရာ-ကွယ်ဝှက်သောဇရာ' ဟူ၍ ၂ မျိုး ၂ စား ကွဲပြား၏။ ယင်း ၂ မျိုးတို့အနက် သွားစသည့်တို့ ကျိုးခြင်း စသည်ကို မြင်ရ တွေ့ရသောကြောင့် ရုပ်တရားတို့မှာ ဖြစ်ပေါ်တတ်သောဇရာသည် ပါကဋဇရာ=ထင်ရှားသောဇရာ၊ ထင်ရှားသော ရင့်ရော်မှု' မည်၏။ နာမ်တရားတို့၌ကား ယင်းသို့သော ဖောက်ပြန်ချက်ကို မမြင်ရ၊ မတွေ့ရသောကြောင့် 'ပဋိစ္ဆန္နဇရာ=ကွယ်ဝှက်သော ရင့်ရော်မှု'မည်၏။

ထိုရုပ်တရားတို့၌ အကြင်သွားကျိုးခြင်း စသည့် အဖြစ်သည် ရှိ၏။ ထိုသွားကျိုးခြင်း စသည့်အဖြစ်သည် သွားစသည်တို့ကို သိလွယ်သည့်အတွက်ကြောင့် 'အဆင်းဝဏ္ဏ' သာလျှင်တည်း။ ထိုသွားကျိုးခြင်း စသည်ကိုလည်း မျက်စေ့ဖြင့် တွေ့မြင်ရပြီးလျှင်

မနောဒွာရဟူသော စိတ်ဖြင့် ကြံစည်၍ 'ဒီသွားတွေဟာ ဇရာတရားရဲ့ အချိုးအဖွဲ့ကို ခံနေကြရတာဘဲ'ဟူ၍ ရင့်ရော်မှု ဇရာကို သိရှိရာ၏။ ဥပမာ၊ ရေရှိရာအရပ်မှာ ဆောက်ထားသော တံတား စသည်ကို ကြည့်၍ တံတားအောက်တွင် ရေရှိသည်ကို သိရှိနိုင် သကဲ့သို့တည်း။

တဖန်'အဝိစိဇရာ=အကြားမရှိသောဇရာ၊သဝိစိဇရာ=အကြား ရှိသောဇရာ'ဟူ၍ ယင်းသို့လည်း ဇရာသည် ၂မျိုး ၂စားကွဲပြား ပြန်သေး၏။ ထိုတွင် ပတ္တမြား၊ ရွှေ၊ ငွေ၊ သန္တာ၊ နေ၊ လ စသည် တို့၏ အကြား အကြား၌ ဖြစ်တတ်သော ရင့်ရော်ဆွေးမြေ့မှု ဇရာကို သိနိုင်ခဲဘိသို့ရင်း၊ သက်ရှိသတ္တဝါတို့၏ မန္ဒဒသက [=၁၀နှစ်သားအထိ]အရွယ်၌ ဖြစ်တတ်သော ဇရာကို သိနိုင်ခဲဘိ သို့ရင်း၊သက်မဲ့အရာဝတ္ထုတို့၏ အပွင့်အညွန့်စသည်တို့၌ ဖြစ်တတ် သော ဇရာကို သိနိုင်ခဲဘိသို့ရင်း၊ အကြင်ဇရာ၏ အကြား အကြား၌ အရောင်အဆင်းထူး စသည်ကို သိနိုင်ခဲသည့်အတွက် ကြောင့် ထိုဇရာသည် 'အဝိစိဇရာ=အကြားမရှိသော ဇရာ' မည်၏။

ထို့မှတပါး အခြားသော အဆိုပါ အရာဝတ္ထုတို့အကြား အကြား၌ အရောင်အဆင်းထူး စသည်ကို သိလွယ်သည့်အတွက် ကြောင့် ထိုဇရာသည် 'သဝိစိဇရာ=အကြားရှိသော ဇရာ'မည်၏။ ထိုသဝိစိဇရာ၊ အဝိစိဇရာ ၂ မျိုးတို့အနက် သဝိစိဇရာကို သက်ရှိ ဥပါဒိန္နက၊ သက်မဲ့ အနုပါဒိန္နကနှင့် ပတ်သက်၍ ဤသို့ပြဆို အပ်၏။

အဘယ်သို့ သိအပ်သနည်းဟူမူ ကလေးသူငယ်တို့အား ပဌမ ဦးဆုံး နို့သွားများ ပေါက်လာ၏။ ၎င်းတို့ကား မခိုင်မြဲကြပေ။

ထိုနို့ သွား၊ ဝါ၊ ယော်သွားများ ကျိုးသွားကြသော် သွားသစ်များ ထပ်ပေါက်လာကြ၏။ ထိုသွားတို့သည် ပဌမတွင် ဖြူကြ၏။ သို့သော် ရင့်ရော်မှု ဇရာတည်းဟူသောလေဖြင့် တိုက်ခတ်ခြင်း ခံလာရသည့်အခါ မဲ၍ လာကြ၏။ ဆံပင်တို့သည် ပဌမတွင် နီသည် လည်း ရှိကြ၏။ ဖြူသည်လည်း ရှိကြ၏။ မဲနက်သည်လည်း ရှိကြ၏။ အရေ၊ အသားတို့ကား နီမြန်းကြ၏။ ကြီးထွား၍လာသူတို့၌ ဖြူသူတို့အား ဖြူသည့်အဖြစ်၊ မဲသူတို့အား မဲသည့်အဖြစ်သည် ထင်ပေါ်လာ၏။ ဇရာတည်းဟူသော လေဖြင့် တိုက်ခတ်ခြင်း ခံလာရသည့်အခါ အရေတွန့်လာတော့၏။ [ဤသည်မှာ သက်ရှိ ဥပါဒိန္နကအတွက် သဝိစိဇရာ၏ သဘောဖြစ်၏]

ကောက်စပါး အားလုံးသည် စိုက်ပျိုးစ အခါတွင် ဖြူ၏။ ထိုနောက် ညိုလာကြ၏။ ဇရာတည်းဟူသောလေဖြင့် တိုက်ခတ် ခြင်း ခံရသည့်အခါ ဖြော့တော့တော့ ဖြစ်လာကြ၏။ အရွက်၊ အညွန့်ဖြင့်လည်း ပြဆိုခြင်းငှာ သင့်တော်သည်ပင်။ [ဤသည်မှာ သက်မဲ့ အနုပါဒိန္နကအတွက် သဝိစိဇရာ၏ သဘောဖြစ်၏။]

ဤသည်ကို ဇရာဟု ဆိုအပ်၏။

ထိုဇရာသည် ခန္ဓာ ၅ ပါးတို့၏ ရင့်ကျက်ခြင်း လက္ခဏာရှိ၏။ သေခြင်းသို့ ရှေ့ရှုဆောင်ခြင်းကိစ္စ ရှိ၏။ အရွယ်ကို ဖျက်ဆီးခြင်း လျှင် အခြင်းအရာ ရှိ၏။ ဇရာ၏ ဆင်းရဲခြင်းအနက်သဘောကို သိအပ်၏ဟူသော စကားရပ်ဝယ် ဇရာသည် ကိုယ်တိုင်သော်ကား ဒုက္ခမဟုတ်ပါပေ။ သို့သော် ဒုက္ခ၏ အကြောင်းရင်း ဖြစ်သဖြင့် ဒုက္ခဟူ၍ ဆိုအပ်၏။ အဘယ်ဒုက္ခ၏ အကြောင်းရင်း ဖြစ်လေ သနည်း။ ကိုယ်ကာယ ဆင်းရဲခြင်း၏ရင်း၊ စိတ်ဆင်းရဲ ခြင်း၏ရင်း၊ အကြောင်းရင်းဖြစ်သည်တည်း။

ခွဲဦးအံ့။ အိုမင်းလာသူ၏ အတ္တဘောသည် လှည်းအိုကြီးပမာ အင်အားနည်းပါးလာ၏။ မတ်တတ်ရပ်ခြင်းငှာ ဖြစ်စေ၊ လမ်းသွားခြင်းငှာ ဖြစ်စေ၊ ထိုင်ခြင်းငှာဖြစ်စေ၊ ကိုးပမ်းသူအား ကြီးစွာသော ကာယိကဒုက္ခဖြစ်၏။ [ကာယိကဒုက္ခ ဖြစ်ပုံ] ရှေးယခင်များကလို သားသမီးများက မိမိစကားကို မှတ်မသား အရေးမထား လာပြန်သော် စိတ်ဆင်းရဲရပြန်၏။ [ဤသည်မှာ စေတသိကဒုက္ခ ဖြစ်ပုံ] ယင်းသို့လျှင် ဤဒုက္ခ ၂မျိုး၏ အကြောင်းရင်း ဖြစ်သဖြင့် ဇရာကို ဒုက္ခဟူ၍ သိရှိအပ်၏။

တနည်း၊ ကိုယ်လက်အင်္ဂါတို့လျော့ကျလာသည့်အတွက်ကြောင့်ရင်း၊ စက္ခုစသော ဣန္ဒြေတို့ ဖောက်ပြန်လာသည့် အတွက်ကြောင့်ရင်း၊ အရွယ်ကျလာပြီ ဖြစ်သည့် အတွက်ကြောင့်ရင်း၊ ခွန်အားဗလ ဆုတ်ယုတ်လာသည့် အတွက်ကြောင့်ရင်း၊ သတိစသည်တို့ ချို့ယွင်းပျက်ပြားသည့်အတွက်ကြောင့်ရင်း၊ သားသမီးများက မကြည်ဖြူလာပြီ ဖြစ်သည့်အတွက်ကြောင့်ရင်း၊ သူငယ်ပြန်လာပြီ ဖြစ်သည့်အတွက်ကြောင့်ရင်း၊ တဦးတယောက်သော သတ္တဝါသည် ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှုသို့ ရောက်လာရတော့၏။ ဤအလုံးစုံသော ဆင်းရဲခြင်းအကျိုးတရားသည် အကြင်ကြောင့် ဇရာဟူသောအကြောင်းရှိ၏။ ထို့ကြောင့် ဇရာကို ဒုက္ခဟူ၍ သိရှိနားလည်အပ်၏။

ဇရာ၏ အကျယ်တဝင်အဖွင့်စကားရပ် အပြီးသတ်သတည်း။

# ဝိဘင်းအဋ္ဌကထာ မြန်မာပြန် (မရဏာအဖွင့်)

'မရဏာ' ဟူသောပုဒ်၏ အကျယ်တဝင့် အဖွင့်စကားရပ်ဝယ် ထင်ရှား ရှိနေသည့် ဘဝမှ ရွေ့လျောသွားသည့်အတွက် 'စုတိ' မည်၏။ စုတိ ဟူသော ယင်းစကားသည် ခန္ဓာ ၁ ပါး၊ ခန္ဓာ ၄ ပါး၊ ခန္ဓာ ၅ ပါးဟု ဆိုအပ်သည့် စုတိ၏ သာမညအမည် ဖြစ်၏။ 'စဝနတာ=ရွေ့လျောသည့်အဖြစ်' ဟူသော ဘာဝပစ္စည်းနှင့် ယှဉ်သော သဒ္ဒါဖြင့် သေခြင်းတရား၏လက္ခဏာကို ပြ၏။ 'ဘေဒေါ=ပျက်စီးခြင်း' ဟူသော စကားဖြင့် စုတိခန္ဓာတို့၏ ဘင်ခဏ ဖြစ်ခြင်းကို ပြ၏။ 'အန္တရဓာနံ=ကွယ်ပျောက်ခြင်း' ဟူသည်မှာ ပျက်စီးသွားပြီ ဖြစ်သော ထောပတ်၏ ရပ်တည်ရာသည်မရှိ သကဲ့သို့ ပြိုကွဲပျက်စီးသွားပြီဖြစ်သော ခန္ဓာများ၏ တခုခုသော ပရိယာယ်ဖြင့် ရပ်တည်ရာမရှိပုံကို ပြ၏။ 'မစ္စုမရဏံ' ဟူသည်မှာ 'မစ္စုဟု ဆိုအပ်သော သေခြင်း' ဟူ၏။ 'ကာလကိရိယာ' ဟူသည်မှာ 'လက်ရှိဘဝ၏ ကုန်ဆုံးခြင်း' ဟူ၏။ လက်ရှိဘဝ၏ အဆုံးကိုဝါ၊ လက်ရှိဘဝသက်တန်းကုန်ဆုံးအောင် ပြုခြင်းသည် 'ကာလကိရိယ' မည်၏။ ဤမျှသော စကားစဉ်ဖြင့် 'သေခြင်းမရဏာ' ကို ပညတ်အားဖြင့် ပြဆိုအပ်၏။

ယခုအခါတွင် 'သေခြင်း မရဏာ' ကို ပရမတ်အားဖြင့် ပြခြင်းငှာ 'ခန္ဓာနံဘေဒေါ=ခန္ဓာတို့၏ ပြိုကွဲပျက်စီးခြင်း' စသည့် စကား

စုကို မိန့်ဆိုပြီ။ မှန်၏။ ပရမတ္ထအားဖြင့်မူကား ခန္ဓာ ၅ ပါး ရုပ်တရား နာမ်တရားတို့သာလျှင် ပျက်စီးကြ၏။ တစုံတယောက် သော သတ္တဝါမည်သည်ကား မသေ။ သို့သော် ခန္ဓာ ၅ပါးတို့ ပြိုကွဲပျက်စီးသွားသော် သတ္တဝါသေ၏။ ပြိုကွဲသော် 'သေပြီ' ဟူသော ဝေါဟာရဖြစ်လာ၏။ ဆက်ဦးအံ့။ ဤ ၃ ပုဒ်တို့အနက် စတုဝေါကာရ၊ ပဉ္စဝေါကာရဘုံတို့၏ အစွမ်းအားဖြင့် 'ခန္ဓာနံ ဘေဒေါ=ခန္ဓာတို့၏ ပျက်စီးခြင်းကို[သေခြင်းဟူ၍]သိရှိနားလည် အပ်၏။ ဧကဝေါကာရဘုံ၏ အစွမ်းအားဖြင့် 'ကဠေဝရဿ နိက္ခေပေါ=အသောင်းကောင်ကို ပစ်ချခြင်း'ကို [သေခြင်းဟူ၍] သိရှိနားလည်အပ်၏။

တနည်း စတုဝေါကာရဘုံ၏ အစွမ်းဖြင့် 'ခန္ဓာတို့၏ ပျက်စီး ခြင်း'ဟု သိရှိအပ်၏၊ အကြင် ဧကဝေါကာရ၊ ပဉ္စဝေါကာရဘုံ တို့၏အစွမ်းဖြင့် 'အသောင်းကောင်ကို ပစ်ချခြင်း'ဟု သိရှိအပ်၏။ မှန်၏။ [ဧကဝေါကာရ၊ ပဉ္စဝေါကာရ တည်းဟူသော] ဘဝ နှစ်ပါး၌ ရူပကာယဟုဆိုအပ်သည့် အလောင်းကောင် ဖြစ်သင့် ရှိသင့်သောကြောင့်တည်း။

တနည်း စတုမဟာရာဇ်ဘုံ စသည်တို့၌ ခန္ဓာတို့သာ ပျက်စီး ကြ၏၊ တစုံတခုသောအရာကိုမျှ အကြင့်ကြောင့် မပစ်ချကြ။ ထို့ကြောင့် ထိုစတုမဟာရာဇ်ဘုံသား စသူတို့၏အစွမ်းအားဖြင့် 'ခန္ဓာတို့၏ ပျက်စီးခြင်း' ကို [သေသည်ဟု] သိရှိအပ်၏။ လူ့ဘုံ စသည်တို့၌ကား 'အလောင်းကောင်ပစ်ချခြင်း'ကို [သေသည်ဟု] သိရှိအပ်၏။

ဆက်ဦးအံ့။ ဤမရဏနိဒ္ဒေသဝယ် အလောင်းကောင်ကို ပစ်ချခြင်းကြောင့် သေခြင်းကို 'အလောင်းကောင်ပစ်ချခြင်း'ဟု

ဆိုအပ်၏။ [နိယာမအမှာစကား။ စတုမဟာရာဇ်ဘုံ စသည်တို့၌ ဖြစ်ကုန်သော သတ္တဝါတို့သည် ဥပပတ်ပဋိသန္ဓေယူခြင်းကြောင့် စုတေလျှင် အကောင်မရှိပြီ။ ပျောက်သည်သာတည်း။ ငရဲ၌လည်း ဤအတူလျှင်တည်း။ လူ၊ တိရစ္ဆာန်တို့ကား သံသေဒဇ၊ ဇလာဗုဇ၊ အဏ္ဍဇ ပဋိသန္ဓေ ယူခြင်းကြောင့် စုတေလျှင် အကောင် မပျောက်၊ ရှိရစ်သတည်း။]

'ဇီဝိတိန္ဒြိယဿ ဥပစ္ဆေဒေါ=အသက်ဇီဝိန် ပြတ်စဲခြင်း' ဟူသော စကားဖြင့် 'သက်ရှိ ဣန္ဒြိယဗဒ္ဓသတ္တဝါအားသာလျှင် သေခြင်းမည်သည် ရှိ၏။ သက်မဲ့ အနိန္ဒြိယဗဒ္ဓသတ္တဝါအား သေခြင်းမည်သည် မရှိ' ဟူ၍ ပြ၏။ 'ကောက်ပင် သေတယ်။ စပါးပင်သေတယ်။ သစ်ပင်သေဘယ်' ယင်းသို့သော စကားသည် ဝေါဟာရမျှသာ ဖြစ်၏။ အဓိပ္ပာယ်အားဖြင့်မူကား ဤသို့သော စကားလုံးများသည် ကောက်ပင်စသည်တို့၏ ကုန်ခန်းပျက်စီးခြင်းကိုသာလျှင် ဖော်ပြကြ၏။ 'ဣဒံ ဝုစ္စတိ မရဏံ=ဤသည်ကို သေခြင်းဟု ဆိုအပ်၏' ဟူသည်မှာ 'ဤပြဆိုချက် အားလုံးကို သေခြင်းဟူ၍ ခေါ်ဆိုအပ်၏' ဟု ဆိုလို၏။

မရဏနိဒ္ဒေသတွင် အခြားတနည်းကို ပြပါဦးအံ့။ 'ခဏိက မရဏ = တခဏသေခြင်း၊ သမ္မုတိမရဏ = ပညတ်သေခြင်း၊ သမုစ္ဆေဒမရဏ = အဆုံးသတ်သေခြင်း' ဟူသော ဤကွဲပြား ခြားနားချက်ကို သိရှိအပ်၏။ နားလည်အပ်၏။ ထိုတွင် 'ခဏိက မရဏ' ဟူသည် ပဝတ္တိအခါ [အသက်ရှင်ဆဲကာလ] တွင် နာမ်တရား၊ ရုပ်တရားတို့၏ ချုပ်ပျက်ခြင်းပင် ဖြစ်၏။ 'မောင်တိဿ သေသွားပြီ။ ကိုဖုသ သေသွားပြီ' ဤသို့သော သေခြင်းသည် 'သမ္မုတိမရဏ' ဖြစ်၏။

ထပ်မံ၍ ပဋိသန္ဓေ မနေတော့ပြီဖြစ်သောဘုရား၊ရဟန္တာတို့၏ သေခြင်းကား 'သမုစ္ဆေဒမရဏ'ဖြစ်၏။ ဤတွင်ကား 'သမ္မုတိ· မရဏ'ကို အလိုရှိအပ်၏။ 'ဇာတိက္ခယ မရဏ=ဇာတိကုန်၍ သေခြင်း၊ ဥပက္ကမ မရဏ=လုလ္လပယောဂကြောင့် သေခြင်း၊ သရသ မရဏ=မိမိတို့ကိစ္စ ပြီးဆုံး၍ သေခြင်း၊ အာယုက္ခယ မရဏ=အသက်တန်းကုန်၍ သေခြင်း၊ ပုညက္ခယမရဏ=ကံစွမ်း, ကုန်၍ သေခြင်း' ဤသေခြင်း ၅ မျိုးသည်လည်း ထိုသမ္မုတိ မရဏ၏ [တမျိုးတဖုံခေါ်ဝေါ်ထားသော] အမည်နာမသာလျှင် ဖြစ်၏။

[နိဿယ အမှာစကား။ အသက်အပိုင်းအခြား၊ ကောင်းမှုကံ၊ ဤ ၂ ပါးရှိသေးလျက် မိမိ၏လုလ္လ၊ သူတပါး၏ လုလ္လကြောင့် ဥပစ္ဆေဒကကံ၏ အစွမ်းဖြင့် သေခြင်းသည် 'ဥပက္ကမ မရဏ' မည်၏။ အသက်အပိုင်းအခြား၊ ကောင်းမှုကံကုန်ခြင်းကြောင့် သေခြင်းသည် 'သရသ မရဏ' မည်၏။ ကာလရှည်စွာ ခံစားရအံ့သော ကောင်းမှုရှိလျက် အသက်အပိုင်းအခြားကုန်၍ သေခြင်းသည် 'အာယုက္ခယမရဏ'မည်၏။ ထိုထိုသော လူပြည်၊ နတ်ပြည်တို့၌ အသက်အပိုင်းအခြား ရှိသေးလျက် အားနည်းသော ကောင်းမှုကံဖြင့် လူအဖြစ်၊ နတ်အဖြစ်ကို ရသောသူ၏ ကောင်းမှုကံကုန်ခြင်းကြောင့် သေရခြင်းသည် 'ပုညက္ခယမရဏ'မည်၏။]

ထိုစုတိဟူသော သေခြင်းဘရားသည် လက်ရှိဘဝမှ ရွေလျောသွားခြင်း 'လက္ခဏာ' ရှိ၏။ ကွေကွင်းရခြင်း 'ကိစ္စ'ရှိ၏။ ပျက်စီးခြင်း'အခြင်းအရာ'ရှိ၏။ 'မရဏ၏ ဆင်းရဲခြင်း အနက်သဘောကို သိရှိနားလည်အပ်၏'ဟူသော စကားချပ်တွင် ဤသေခြင်းတရား, အားလုံးသည် ကိုယ်တိုင်သော်ကား မဆင်းရဲကြ။သို့သော် ဆင်းရဲ

ခြင်း၏အကြောင်းရင်း ဖြစ်သောကြောင့် 'ဒုက္ခ'ဟူ၍ ဆိုအပ်၏။ မှန်၏။ သေခြင်းလျှင် နောက်ဆုံးရှိသော ကာယိကဝေဒနာ အနာရောဂါသည် လေဆန်ဘက်သို့ဆောင်ယူအပ်သည့် တံပြောင် ပြောင်တောက်နေသော မီးရှူးကဲ့သို့ ခန္ဓာကိုယ်ကို လောင်မြိုက်ကြ၏။ [ဤကား ကာယိကဒုက္ခ ဟူလို] ငရဲနိမိတ် စသည်တို့ ထင်လာသည့်အခါ ကြီးစွာသော စိတ်ဆင်းရဲမှု ဖြစ်လာ၏။ [မာနသိကဒုက္ခ ဟူလို]

ယင်းသို့လျှင် ဤဒုက္ခ ၂ မျိုး၏ အကြောင်းရင်းဖြစ်သည့်အတွက် သေခြင်းကို ဒုက္ခဟူ၍ သိရှိနားလည်အပ်၏။

တနည်း၊ မကောင်းမှုကံ စသည့်အာရုံကို ရှုမြင်ရသော မကောင်းသည့်အကျင့် ရှိသူအားရင်း၊ ချစ်အပ်သည့်အရာနှင့် ကွေကွင်းမှုကို သည်းမခံနိုင်သော ကောင်းသည့်အကျင့်ရှိသူအားရင်း၊ သေအံ့မူးမူး ဖြစ်နေသူအားရင်း၊ အကြင်စိတ်ဆင်းရဲမှု မာနသိကဒုက္ခ ဖြစ်လာ၏။ သာမန်အားဖြင့် ရောဂါဒဏ် အနှိပ်စက်ခံရသည့် အားလုံးသောသတ္တဝါတို့အား အစပ်၊ အဖွဲ့တို့ကို ဖြတ်တောက်ခြင်းကြောင့် ဖြစ်သော၊ သည်းခံခြင်းငှာလည်း မတတ်နိုင်၊ ကုသခြင်းငှာလည်း မတတ်နိုင်သော အကြင်ကိုယ်၏ ဆင်းရဲမှု ကာယိကဒုက္ခသည် ဖြစ်လာ၏။ ယင်း ဒုက္ခအပေါင်း၏ အကြောင်းရင်းကား အကြင့်ကြောင့် သေခြင်းတရားသာလျှင်တည်း။ ထို့ကြောင့် သေခြင်းကို ဒုက္ခဟူ၍ ဗုဒ္ဓက ဟောတော်မူ၏။

တနည်း၊ ဤဇာတိ၊ ဇရာ၊ မရဏတို့ ဆိုသည်မှာ သတ္တဝါတို့ကို သတ်ဖြတ်တတ်သော ရန်သူများကဲ့သို့ အခွင့်ကောင်းကိုသာ ကြည့်လျက် နေကြ၏။ ချဲ့ဦးအံ့။ ဥပမာသော်ကား တဦးသော ယောကျ်ား၏ ၃ ယောက်သောရန်သူတို့သည် အခွင့်ကောင်းကို

ရှာလျက်သော နေကြလေသော် တယောက်သောရန်သူက 'ငါက ဒီတောရဲ့ ဂုဏ်ပုဒ်ကို ချီးကျူးပြောဆိုပြီးတော့ ဒီကောင့်ကို ခေါ်ပြီး အဲဒီတောထဲကို သွားမယ်။ ဒီကိစ္စမှာ ငါ့အတွက် အခက်အခဲ မရှိပါဘူး'ဟူ၍ ဆိုရာ၏။ ဒုတိယတယောက်က 'ဒီကောင့်ကို မင်းက ခေါ်ပြီးလာတဲ့အခါမှာ ငါက ရိုက်နှက်ထုထောင်းပြီး ခွန်အားဗလ ကုန်ခန်းအောင်လုပ်မယ်။ ဒီကိစ္စအတွက် ငါ့မှာ အခက်အခဲ မရှိဘူး'ဟူ၍ ဆိုရာ၏။ တတိယတယောက်က 'မင်းက ရိုက်နှက်ထုထောင်းပြီး၊ အားနဲ့အောင်လုပ်ပြီးတဲ့ အခါမှာ အင်မတန်ထက်တဲ့ သံလျက်ဓားနဲ့ ဦးခေါင်းကို ဖြတ်လိုက်ဖို့ ဆိုတာကတော့ ငါ့တာဝန်ဘဲ ထားပါတော့ကွာ'ဟူ၍ ထိုရန်သူတို့သည် ပြောဆိုတိုင်ပင်ကြပြီး တိုင်ပင်ထားကြသည့်အတိုင်း ပြုလုပ်ကြရာ၏။ ပြုလုပ်ကြသည်ဟု ဆိုကြပါစို့။

ထိုဥပမာတွင် တော၏ ဂုဏ်ပုဒ်ကို ချီးမွမ်းပြောဆို၍ ထိုသူကို ခေါ်ယူသွားပြီးလျှင် ပဌမ ရန်သူက တောထဲသို့ သွားခြင်းကဲ့သို့ အပေါင်းအသင်း၊ ဆွေးမျိုးသားချင်း အသိုင်းအဝန်းမှ ဆွဲထုတ်၍ တခုခုသော ဘုံဌာန၌ ဖြစ်စေခြင်းသည် ဇာတိဟူသော ပဋိသန္ဓေနေခြင်း၏ အလုပ် ဖြစ်၏။ ဒုတိယ ရန်သူက ထုထောင်းပြီး အားနည်းအောင် ပြုဘိသို့ ဖြစ်ပေါ်လာသော ခန္ဓာများ၌ ကျရောက်၍ အခြားသူနှင့် ဆက်စပ်သည့်အဖြစ်၊ သေရာညောင်စောင်း၌ လဲလျောင်းရသည့် အဖြစ်ကို ပြုလုပ်ခြင်းကား ဇရာဟူသော ရင့်ရော်အိုမင်းမှု၏ အလုပ် ဖြစ်၏။ တတိယရန်သူက အလွန်ထက်စွာသော သံလျက်ဓားဖြင့် ဦးခေါင်းကို ဖြတ်လိုက်သည့်ပမာ အသက်ကုန်ခြင်းသို့ ရောက်ရှိစေခြင်းသည် မရဏဟူသော သေခြင်း၏ အလုပ် ဖြစ်၏။

အခြားတနည်း။ ဤဇာတိ၊ ဇရာ၊ မရဏတို့အတွက် အခြားတနည်းကို ပြဆိုလိုက်ပါဦးမည်၊

'ဇာတိဒုက္ခ=ပဋိသန္ဓေ နေရခြင်း ဆင်းရဲ' ဟူသည် အပြစ်အန္တရာယ်လည်း ရှိ၊ ကျယ်လည်း ကျယ်ဝန်းဘိသော ခရီးကြမ်း၊ ခရီးခဲထဲသို့ ဝင်ရောက်သွားရသည်နှင့် တူ၏ ဟူ၍ မှတ်သားအပ်၏။ 'ဇရာဒုက္ခ=အိုခြင်းဆင်းရဲ' ဟူသည် ထိုခရီးကြမ်းကြီးထဲတွင် ထမင်း၊ ဟင်း၊ အခဖျော်ယမကာများ ကင်းပြတ်နေရသည်နှင့် တူ၏ ဟူ၍ မှတ်သားအပ်၏။ 'မရဏဒုက္ခ=သေခြင်းဆင်းရဲ' ဟူသည် အစာရေစာ ပြတ်လပ်နေသဖြင့် အင်အားနည်းနေပြီလည်း ဖြစ်၊ ဟိုဟိုသည်သည် စောင်းငဲ့သည့်ပတ်နိုင်သော လုလ္လမှုလည်း ကင်းနေပြီဖြစ်သော ထိုသူအား သားရဲတိရစ္ဆာန် စသည်တို့က ပျက်စီးခြင်းသို့ ရောက်ရှိစေသည်နှင့် တူ၏ ဟူ၍ မှတ်သားအပ်၊ နားလည်အပ်၏။

မရဏ၏ အကျယ်တဝင့်အဖွင့်စကားရပ် အပြီးသတ်သတည်း။

# ဝိဘင်းပါဠိတော် မြန်မာပြန်

ထိုတွင် စိုးရိမ်မှု သောကဟူသည် အဘယ်နည်း။

အဆွေအမျိုး ပျက်စီးခြင်းနှင့် ထိတွေ့သူအား ဖြစ်စေ၊ စည်းစိမ်ချမ်းသာ ပျက်စီးခြင်းနှင့် ထိတွေ့သူအား ဖြစ်စေ၊ အနာရောဂါတည်းဟူသော ပျက်စီးခြင်းနှင့် ထိတွေ့သူအား ဖြစ်စေ၊ အကျင့်သီလ ပျက်စီးခြင်းနှင့် ထိတွေ့သူအား ဖြစ်စေ၊ အယူမှန်ကို ဖျက်ဆီးလျက် ဖြစ်လာသော အယူမှားမှုသာ ဖြစ်သည့် ပျက်စီးခြင်းနှင့် ထိတွေ့မှုအား ဖြစ်စေ၊ တစုံတခုသော ပျက်စီးခြင်းနှင့် ပြည့်စုံသူအား ဖြစ်စေ၊ တစုံတခုသော ဒုက္ခဖြစ်ကြောင်းနှင့် ထိခတွေ့သူအား ဖြစ်စေ၊ အကြင် စိုးရိမ်ခြင်းသည်၊ အကြင် စိုးရိမ်သည့် အဖြစ်သည်၊ အကြင်[စိတ်]အတွင်း၌ စိုးရိမ်ခြင်းသည်၊ အကြင်[စိတ်] အတွင်း၌ အဖက်ဖက်မှ စိုးရိမ်ခြင်းသည်၊ အကြင် စိတ်ကို ပူပန်စေတတ်သော အခြင်းအရာသည်၊ အကြင် သောကတည်းဟူသော မျှားသည် ရှိ၏။

ဤသည်ကို သောကဟူ၍ ဆိုအပ်၏။

# ဝိဘင်းအဋ္ဌကထာ မြန်မာပြန် (သောကအဖွင့်)

သောက၏ အကျယ်တဝင့် အဖွင့်စကားရပ်ဝယ် ရေ၊ မီး၊ မင်း၊ ခိုးသူ စသော အကြင်ဘေးသည် အကျိုးစီးပွားကို ဖျက်ဆီးတတ်၏။ ထို့ကြောင့် ထိုရေ၊ မီး စသော ဘေးသည် “ဗျသနတရား” ဟူသောအမည် ရ၏။ “ဖျက်ဆီးတတ်၏” ဟူသည်မှာ ပျက်စီးစေတတ်၏၊ ပျက်စီးအောင် ပြုတတ်၏ဟု ဆိုလို၏။ “ဉာတိဗျသန” ဟူသည်မှာ “ဆွေမျိုးတို့၏ ပျက်စီးခြင်း” ပင်တည်း။ သူခိုး၊ ခါးပြဘေး၊ ရောဂါဝေဒနာဘေး စသည်တို့ကြောင့် ဆွေမျိုးများ၏ ကုန်ခန်းသွားခြင်း၊ ပျက်စီးသွားခြင်းဟု ဆိုလို၏၊ ‘ထိုဉာတိဗျသနနှင့် ထိတွေ့သူအား’ ဟူသည်မှာ ထိုဉာတိဗျသန၏ နှိပ်စက်ခြင်း ခံနေရသူ၊ အလွှမ်းမိုးခံနေရသူအားဟု ဆိုလို၏။ ကြွင်းသောပုဒ်များ၏ အဖွင့်လည်း ဤနည်းအတိုင်းပင်တည်း။

ဤပြဆိုအပ်သည်ကား အထူးတည်း။ စည်းစိမ်တို့ကို ဖျက်ဆီးခြင်းသည် ဘောဂဗျသနတည်း။ ရေ၊ မီး၊ မင်း၊ ခိုးသူ၊ ခါးပြ စသည်တို့ကြောင့် စည်းစိမ်ဥစ္စာများ ကုန်ခန်းခြင်း၊ ပျက်စီးခြင်းဟု ဆိုလို၏။ ရောဂဗျသန ဟူသည် အနာရောဂါပင်တည်း။ မှန်၏။ အနာရောဂါသည် ကျန်းမာရေးကို ဖျက်ဆီးတတ်၏။ ထို့ကြောင့် အနာရောဂါသည် ဗျသနတရား၊ ဝါ၊ အဖျက်တရား ဖြစ်၏။

သီလဗ္ဗတုပါဒါန ဟူသည် သီလ [ကောင်းသောအကျင့်]ကို ဖျက်ဆီးခြင်းတည်း။ ဤသီလဗ္ဗတုပါဒါနဟူသည်မှာ ဒုဿီလ[အကျင့်စာရိတ္တ ဖျက်ဆီးခြင်း]၏ အမည်နာမပင် ဖြစ်၏။ "ဒိဋ္ဌိဗ္ဗတုပါဒါနဟူသည်မှာ အမြင်မှန်[အယူမှန်၊ ယထာဘူတကျသော ခံယူချက်] သမ္မာဒိဋ္ဌိကို ဖျက်ဆီးလျက် ဖြစ်ပေါ်လာသော အယူအဆသာလျှင် ဖြစ်၏။

ဆက်ဦးအံ့။ ဤဗ္ဗတုပါဒါနတရား ၅ပါးတို့အနက် ရှေ့၂ပါးသည် [ပညတ်မျှသာ ဖြစ်သောကြောင့်] အနိပ္ဖန္နတို့တည်း။ နောက်ပိုင်း ၃ ပါးသည် [ပရမတ် ဖြစ်သောကြောင့်] နိပ္ဖန္နတို့တည်း။ လက္ခဏာရေး ၃ ပါးတို့၏ အနှိပ်အစက်ခံများ ဖြစ်ကြ၏။ တဖန် ရှေ့ ၃ ပါးတို့ကား ကောင်းမှုကုသိုလ်လည်း မဟုတ်၊ မကောင်းမှု အကုသိုလ်လည်း မဟုတ်ကြ။ သီလဗ္ဗတုပါဒါန၊ ဒိဋ္ဌိဗ္ဗတုပါဒါနတို့ကား မကောင်းမှု အကုသိုလ်သာတည်း။

"တပါးပါးဖြင့်" ဟူသည်မှာ "ပြဆိုအပ်ပြီးသော ပျက်စီးခြင်း ဗ္ဗတုပါဒါနတရားတို့ အနက် တခုခုဖြင့်၊ သို့မဟုတ် မပြဆိုအပ်သေးသော မိတ်ဆွေများ၊ ရန်သူများ၏ ဖျက်ဆီးခြင်းတို့အနက် တခုခုဖြင့်" ဟူ၏။ "ပြည့်စုံသူအား" ဟူသည်မှာ "မလွတ်ကင်းနိုင်သူ၊ ကြုံတွေ့ရသူအား" ဟူ၏။ "တစုံတခုသော ဒုက္ခတရားနှင့်" ဟူသည်မှာ "တစုံတခုသော သောက၊ ဒုက္ခ ဖြစ်ပေါ်လာရခြင်း အကြောင်းရင်းနှင့်" ဟူ၏။ သောကဟူသည်မှာ စိုးရိမ်ခြင်း၏ အစွမ်းအားဖြင့် သောကမည်၏။ ဤသောကဟူသော ပုဒ်သည် ထိုအကြောင်းတရားများကြောင့် ဖြစ်ပေါ်လာသော သောက၏ သဘာဝဖြစ်သော သီးခြားပုဒ် ဖြစ်၏။ 'သောစနာ' ဟူသည်မှာ စိုးရိမ်ခြင်း ဟူသော အခြင်းအရာတည်း။

'သောစိတ္တ'ဟူသည်မှာ စိုးရိမ်သည့်အဖြစ်တည်း။ 'အန္တော သောကော'ဟူသည်မှာ ရင်တွင်း၌[ဖြစ်နေသော]စိုးရိမ်မှုတည်း။ 'အန္တောပရိသောကော' ဟူသည်မှာ''ပရိဟူသော ဥပသာရပုဒ် ဖြင့် ပွားထားသောပုဒ် ဖြစ်၏။ မှန်၏။ထိုစိုးရိမ်မှုဟူသည် ရင်ထဲ တွင် ခြောက်ကပ်စေဘိသကဲ့သို့၊ ရင်ခေါင်းတခုလုံး ခြောက်ကပ် စေဘိသကဲ့သို့ ဖြစ်လာတတ်၏။ထို့ကြောင့် အန္တောသောကော၊ အန္တောပရိသောကော=ရင်တွင်း၌ ဖြစ်သော စိုးရိမ်မှု၊ရင်တွင်း၌ အဘက်ဘက်မှ စိုးရိမ်မှု''ဟူ၍ ဆိုအပ်၏။

စိတ်၏ပူပန်မှုဟူသည်မှာ စိတ်ကို ပူပန်စေတတ်သော အခြင်း အရာပင်ဖြစ်၏။ မှန်၏။ သောကဖြစ်လာသော် မီးကဲ့သို့စိတ်ကို ပူပန်စေ၏၊ ပူလောင်အောင်ပြု၏။ 'ငါ့စိတ်တွေက ပူလှပါတယ်။ ဘာတခုကမှ စဉ်းစားလို့ မပေါ်တော့ဘူး'ဟူ၍ ပြောဆိုလာရ အောင်ပြုတတ်၏။

ဆင်းရဲခြင်းနှင့် ယှဉ်နေသော စိတ်သည် ဆင်းရဲသောစိတ်၊ မချမ်းသာသောစိတ်၊ ထိုစိတ်၏ အဖြစ် [အခြေအနေ] သည် ဒေါမနဿ ဖြစ်၏။ အစဉ်သဖြင့် ဝင်ရောက်တတ်သော အနက် [သဘောတရား] ကြောင့် သောကသည်ပင် မျှားသာတည်း။ ထို့ကြောင့် သောကသလ္လ=သောကမျှား ဟူ၏။ ဤပြဆိုအပ် ပြီးသည်ကို သောကဟု ဆိုအပ်၏။

ဤ သောကသည် အနက်အဓိပ္ပာယ် အားဖြင့် ဒေါမနဿ ဝေဒနာသာလျှင် ဖြစ်၏။ သို့ဖြစ်လင့်ကစား ထိုသောကသည် အတွင်း၌ ပူလောင်ခြင်းလက္ခဏာ ရှိ၏။ စိတ်ကို ပူပန်စေတတ် ခြင်း ကိစ္စ ရှိ၏။ အစဉ်သဖြင့် ပူလောင်တတ်ခြင်း ပါတကားဟု [အသိဉာဏ်အား] ရှေးရှုထင်လာတတ်၏။ 'သောက၏ဆင်းရဲခြင်း

အနက်သဘောကို သိအပ်၏’ ဟူသော ဤစကားရပ်တွင် ဤသောကသည် သဘာဝဒုက္ခ ဖြစ်သည့်အတွက်ကြောင့်ရင်း၊ ဒုက္ခ၏အကြောင်း ဖြစ်သောကြောင့်ရင်း၊ ဒုက္ခဟူ၍ ဆိုအပ်၏။

အဘယ်ဒုက္ခ၏ အကြောင်း ဖြစ်သနည်း။ ကာယိကဒုက္ခ၏ အကြောင်းလည်း ဟုတ်၏။ ဇောစိတ်ခဏတွင် ဒေါမနဿဒုက္ခ၏ အကြောင်းလည်းဟူ၏။ မှန်၏။ သောကအရှိန်ကြောင့် နှလုံးသားတွင် အိုင်းအနာပေါက်လာ၍ ရင့်မှည့်ပြီးလျှင် ပေါက်ကွဲတော့၏။ သို့မဟုတ် ပါးစပ်ထဲမှ သွေးနက်ကြီးများ ထွက်လာ၏။ ကြီးစွာသော ကာယိကဒုက္ခ ဖြစ်လာ၏။ “ငါ့ဆွေမျိုးတွေ ဒီအထိဘဲ ပျက်စီး ကုန်ပြီကော။ ငါ့စည်းစိမ်ဥစ္စာတွေ ဒါလောက် ပျက်စီးကုန်ပြီဘဲ” စသည်ဖြင့် ကြံစည် တွေးတောသူအား ကြီးစွာသော ဒေါမနဿ ဖြစ်လာ၏။ ယင်းသို့လျှင် ဤဒုက္ခ နှစ်မျိုး၏အကြောင်း ဖြစ်ခဲ့လေသောကြောင့် ဤမည်သော သောကကို ဒုက္ခဟူ၍ သိရှိနားလည်အပ်၏။

တနည်း၊ သောကသည် သတ္တဝါတို့၏ နှလုံးသားဝယ် မြားကဲ့သို့ ထိုးကျင့်တတ်၊ နှိပ်စက်တတ်၏။ တစေ့းသွားကို မီးထဲ ထဲ့၍ ဖုတ်သကဲ့သို့ ပြင်းပြစွာ ပူလောင်တတ်ပြန်သေး၏။ သုံးပါးပြားသော နာခြင်း၊ ရင့်ရော် အိုမင်းခြင်း၊ သေခြင်းဒုက္ခကိုလည်း အကြင့်ကြောင့် ဖြစ်စေတတ်၏။ ထို့ကြောင့် သောကကို ဒုက္ခဟူ၍ ဆိုအပ်၏။

သောက၏ အကျယ်ဘဝင့် အဖွင့်စကားရပ် အပြီးသတ်သတည်း။

ထိုတွင် ပရိဒေဝဟူသည် အဘယ်နည်း။

အဆွေအမျိုးပျက်စီးခြင်းနှင့် ထိတွေ့သူအား ဖြစ်စေ၊စည်းစိမ်
ချမ်းသာ ပျက်စီးခြင်းနှင့် ထိတွေ့သူအားဖြစ်စေ၊ အနာရောဂါ
တည်းဟူသော ပျက်စီးခြင်းနှင့် ထိတွေ့သူအားဖြစ်စေ၊ အကျင့်
သီလ ပျက်စီးခြင်းနှင့် ထိတွေ့သူအားဖြစ်စေ၊ အယူမှန်ကို
ဖျက်ဆီးလျက် ဖြစ်လာသော အယူမှားမှုသာဖြစ်သည့် ပျက်စီး
ခြင်းနှင့် ထိတွေ့သူအားဖြစ်စေ၊ တစုံတခုသော ပျက်စီးခြင်း
နှင့် ပြည့်စုံသူအား ဖြစ်စေ၊ တစုံတခုသော ဒုက္ခဖြစ်ကြောင်းနှင့်
ထိတွေ့သူများအားဖြစ်စေ၊ အကြင်ရည်ညွှန်း၍ ငိုကြွေးကြောင်း
အသံသည်၊ အကြင်ထိုထိုဂုဏ်ပုဒ်ကို ထုတ်ဖော်၍ ထုတ်ဖော်၍
ငိုကြွေးကြောင်း အသံသည်၊ အကြင်ရည်ညွှန်း၍ ငိုကြွေးခြင်း
အခြင်းအရာသည်၊ အကြင်ထိုထိုဂုဏ်ပုဒ်ကို ထုတ်ဖော်၍၊ ထုတ်
ထုတ်ဖော်၍ ငိုကြွေးခြင်း အခြင်းအရာသည်၊ အကြင်ရည်ညွှန်း၍
ငိုကြွေးသည့်အဖြစ်သည်၊ အကြင်ထိုထိုဂုဏ်ပုဒ်ကို ထုတ်ဖော်၍
ထုတ်ဖော်၍ ငိုကြွေးသည့်အဖြစ်သည်၊ အကြင်စကားသည်၊
အကြင်အကျိုးမဲ့စကားသည်၊ အကြင်ဖောက်ပြန်သော ဆိုမြည်
တမ်းခြင်းစကားသည်၊ အကြင်ထပ်တလဲလဲ ဆိုမြည်ယောင်ယမ်း

ခြင်းသည်၊ အကြင်ထပ်တလဲလဲ ဆိုမြည်ယောင်ယမ်းသော အခြင်းအရာသည်၊ အကြင်ထပ်တလဲလဲ ဆိုမြည်ယောင်ယမ်းသည့် အဖြစ်သည် ရှိ၏။

ဤသည်ကို ပရိဒေဝဟု ဆိုအပ်၏။

ပရိဒေဝနိဒ္ဒေသဝယ် အကြင်အသံဖြင့် "ငါ့သားကလေး၊ ငါ့သမီးကလေး"ဟု ရည်ညွှန်း၍ ရည်ညွှန်း၍ တမ်းတကြ၏။ ငိုကြွေးကြ၏။ ထို့ကြောင့် ထိုတမ်းတကြောင်း ငိုကြွေးကြောင်း အသံသည်၊ ဝါ မြည်တမ်း ငိုကြွေးသံသည် 'အာဒေဝ' မည်၏။ အကြင်အသံဖြင့် ထိုထိုဂုဏ်ပုဒ်ကို ထုတ်ဖော်၍ ချီးကျူး၍ တမ်းတကြ၏။ ထို့ကြောင့် ထိုအသံသည် 'ပရိဒေဝ'မည်၏။

ထို့နောင် "အာဒေဝနာ၊ ပရိဒေဝနာ၊ အာဒေဝိတတ္တံ၊ ပရိဒေဝိတတ္တံ=အကြင်ရည်ညွှန်း၍ငိုကြွေးခြင်းအခြင်းအရာသည်၊ အကြင်ဂုဏ်ပုဒ်ကို ထုတ်ဖော်၍ ထုတ်ဖော်၍ ငိုကြွေးခြင်း အခြင်းအရာသည်၊ အကြင်ရည်ညွှန်း၍ ငိုကြွေးသည့်အဖြစ်သည်၊အကြင်ဂုဏ်ပုဒ်ကို ထုတ်ဖော်၍ ထုတ်ဖော်၍ ငိုကြွေးသည့်အဖြစ်သည်" ဟူသော ၂ပုဒ်၂ပုဒ်တို့ကိုကား ရှေ့ပုဒ် ၂ခု၏ အခြင်းအရာကို ညွှန်ပြခြင်းအားဖြင့် ဟောကြားလား၏။

'ဝါစာ' ဟူသည်မှာ စကားတည်း။ 'ပလာပ' ဟူသည်မှာ အချည်းအနှီး အကျိုးမဲ့ဖြစ်သော စကားဘည်း။ 'ဝိပ္ပလာပ' ဟူသည်မှာ တဝက်တပျက် ဆိုမည်ခြင်း၊ အလွဲလွဲအချော်ချော် ဆိုခြင်း၏ အစွမ်းအားဖြင့် ဖောက်ပြန်သော စကားတည်း။ 'လာလပ္ပ' ဟူသည်မှာ ထပ်တလဲလဲ ပြောဆို မြည်တမ်းခြင်း

တည်း။ 'လာလပ္ပနာ' ဟူသည်မှာ ထပ်တလဲလဲ ပြောဆိုမှု အခြင်းအရာတည်း။ 'လာဠပ္ပိတတ္တ' ဟူသည်မှာ ဆိုမြည်ယောင်ယမ်းသူ၏·အဖြစ်၊ ဝါ အခြေအနေတည်း။ ဤ ပြဆိုအပ်ပြီးသည်ကို ပရိဒေဝဟု ဆိုအပ်၏။

ထို ပရိဒေဝသည် ဆိုမြည်တမ်းတခြင်း 'လက္ခဏာ' ရှိ၏။ ဂုဏ်ကျေးဇူး အပြစ်အနာများကို ထုတ်ဖော်ရေရွတ်ခြင်း 'ကိစ္စ' ရှိ၏။ စိတ် တွေဝေ ထိုင်းမှိုင်းခြင်းပါ တကားဟု ဥပဋ္ဌာန်အား ရှေးရှုထင်တတ်၏။ 'ပရိဒေဝ၏ ဆင်းရဲခြင်း အနက်သဘောကို သိအပ်၏' ဟူသော စကားရပ်တွင် ဤ ပရိဒေဝသည်လည်း ကိုယ်တိုင်သော်ကား ဆင်းရဲသည်မဟုတ်ပါ။ သို့သော် ကာယိက ဒုက္ခ၊ စေတသိက ဒုက္ခတို့၏ အကြောင်းရင်းဖြစ်သည့် အတွက်ကြောင့် ဒုက္ခဟူ၍ ဟောကြားအပ်၏။

မှန်၏။ ငိုကြွေးသူသည် မိမိကိုယ်ကို လက်သီးများဖြင့် ထုထောင်းတတ်၊ ရိုက်နှက်တတ်၏။ လက်နှစ်ဘက်တို့ဖြင့် ရင်အုံကို ထုရိုက်တတ်၏၊ ဖိကြိတ်တတ်၏။ ဥက္ခောင်းနှင့် နံရိုက်ဆောင့်တတ်၏။ ထို့ကြောင့် ထိုသူအား ကြီးစွာသော ကာယိကဒုက္ခ ဖြစ်လာရ၏။ "ဒါလောက်ရှိတဲ့ ငါ့ဆွေမျိုးတွေတော့ ကုန်ဆုံးကြပါပြီ။ ပျက်စီးကြပါပြီ။ ချုပ်ပျက်ကြပါပြီ" စသည်တို့ကို တွေးတောတတ်ကြ၏။ ထို့ကြောင့် ထိုသူတို့အား ကြီးစွာသော စိတ်ဆင်းရဲမှု ဒေါမနဿ ဖြစ်လာ၏။ ယင်းသို့လျှင် ဤနှစ်ပါးသော ဒုက္ခတို့၏ အကြောင်းရင်းဖြစ်သောကြောင့် ပရိဒေဝကို ဒုက္ခဟူ၍ ခေါ်ဆိုအပ်၏။

တနည်း၊ သောကများချက်ဖြင့် ထိုကျင့်နှိပ်စက်ခြင်းခံရသည့် အတွက် ငိုကြွေးနေသူသည် လည်ချောင်း၊ နှုတ်ခမ်း၊ အာခေါင်

များ ခြောက်ကပ်လာသော၊ မနိုင့် တနိုင် အောင့်အည်း သည်းခံ ထားရသော၊ အလွန်ပြင်းထန်သော ဆင်းရဲခြင်းဒုက္ခသို့ အကြင့် ကြောင့် ရောက်ရှိတတ်၏။ ထို့ကြောင့် ပရိဒေဝကို ဒုက္ခဟူ၍ ဘုရားရှင်ကဟောကြားတော်မူ၏။

ပရိဒေဝ၏ အကျယ်တဝင့် အဖွင့်စကားရပ် အပြီးသတ် သတည်း။

## ဝိဘင်းပါဠိတော် မြန်မာပြန်

ထိုတွင် ဒုက္ခဟူသည် အဘယ်နည်း။

အကြင် ကာယိကဖြစ်သော မသာယာဘွယ်သည်၊ အကြင် ကာယိကဖြစ်သော ဆင်းရဲခြင်းသည်၊ အကြင်ကိုယ်ကာယ အထိအတွေ့ကြောင့်ဖြစ်သော မသာယာဘွယ်ဖြစ်သည့်ခံစားအပ်သော ဆင်းရဲခြင်းသည်၊ အကြင်ကိုယ်ကာယ အထိအတွေ့ကြောင့် ဖြစ်သော မသာယာဘွယ် ဖြစ်သည့် ဆင်းရဲသော ခံစားမှုသည် ရှိ၏။

ဤသည်ကို ဒုက္ခဟု ဆိုအပ်၏။

ထိုတွင် ဒေါမနဿဟူသည် အဘယ်နည်း။

အကြင်စေတသိကဖြစ်သော မသာယာဘွယ်သည်၊ အကြင် စေတသိကဖြစ်သော ဆင်းရဲခြင်းသည်၊ အကြင်စိတ် အထိအတွေ့ကြောင့်ဖြစ်သော မသာယာဘွယ် ဖြစ်သည့် ခံစားအပ်သော ဆင်းရဲခြင်းသည်၊ အကြင် စိတ်အထိအတွေ့ကြောင့် ဖြစ်သော မသာယာဘွယ် ဖြစ်သည့် ဆင်းရဲသော ခံစားမှုသည် ရှိ၏။

ဤသည်ကို ဒေါမနဿဟု ဆိုအပ်၏။

# ဝိဘင်းအဋ္ဌကထာ မြန်မာပြန်
# (ဒုက္ခ၊ ဒေါမနဿတို့၏အဖွင့်)

ဒုက္ခ၊ ဒေါမနဿတို့၏ အကျယ်တဝင့် အဖွင့်စကားရပ်တို့ကား ဓမ္မသင်္ဂဟအဋ္ဌကထာဝယ် ဖွင့်ဆိုအပ်ပြီး ဖြစ်သည့် အတွက် ထင်ရှားကြသည်သာ။ လက္ခဏာစသည်တို့ကိုလည်း ထို၌ ဖွင့်ဆို အပ်ပြီး ဖြစ်သည်သာ။

[အကြင်ခံစားမှုသည် တကွဖြစ်ဘက် တရားတို့ကိုရင်း၊ မှီရာ ဖြစ်သော ကိုယ်ကာယကိုရင်း၊ ဆင်းရဲစေတတ်၏၊ မချမ်းမသာ ဖြစ်အောင် ပြုတတ်၏၊ ထို့ကြောင့် ထိုခံစားမှုကို 'ဒုက္ခ' ဟူ၍ ဆိုအပ်၏။ (အဋ္ဌသာလိနီ အဋ္ဌကထာ၊ စာမျက်နှာ ၉၅)

မတင့်တယ်သောစိတ်သည်၊ ဝါ၊ ယုတ်ညံ့သော ခံစားခြင်း ရှိသည့်အတွက်ကြောင့်စက်ဆုပ်အပ်ဆသောစိတ်သည်'ဒုမ္မန'မည်၏။ ဒုမ္မန၏ အဖြစ်သည်၊ ဝါ၊ မတင့်တယ်သော၊ စက်ဆုပ်အပ်သော စိတ်၏ အဖြစ်သည် 'ဒေါမနဿ'ဖြစ်၏။ ဒေါမနဿသည် အနိဋ္ဌာရုံကို ခံစားခြင်း လက္ခဏာ ရှိ၏။ ဟူးဟူးငြားငြား [ထိုထိုဤဤ]သော အခြင်းအရာအားဖြင့် အနိဋ္ဌာရုံ ဖြစ်သည့် အဖို့အစုကို သုံးဆောင်ခြင်းကိစ္စ ရှိ၏၊ စိတ်မှာ မှီတွယ်နေတဲ့ အနာပါဘကားဟု [တွေးခေါ် သုံးသပ်လေ့ရှိသူ၏] ဉာဏ်အား

ရှေ့ရှုထင်လာ၏။ အမှန်တကယ်ပင် ဟာဒယဝတ္ထု တည်းဟူသော နိုးကပ်သည့် အကြောင်းရှိ၏။ (အဋ္ဌသာလိနီ အဋ္ဌကထာ၊ စာမျက်နှာ ၃၄၃)

ဓမ္မသင်္ဂဟ အဋ္ဌကထာဟူသည်မှာ အဋ္ဌသာလိနီအဋ္ဌကထာပင် ဖြစ်၏။]

'ဒုက္ခ၏ ဆင်းရဲခြင်း အနက်သဘောကို သိအပ်၏။ ဒေါမနဿ၏ ဆင်းရဲခြင်း အနက်သဘောကို သိအပ်၏' ဟူသော ဤစကားရပ်တွင် နှစ်ပါးစလုံးသည် ကိုယ်တိုင်က ဒုက္ခဖြစ်သည့် အတွက်ကြောင့်ရင်း၊ ကာယိဒုက္ခ၊ စေတသိကဒုက္ခတို့၏ အကြောင်းရင်းဖြစ်သည့်အတွက်ကြောင့်ရင်း၊ ဒုက္ခဟူ၍ ဆိုအပ်၏။ ချုဦးအုံ။ လက်၊ ခြေ၊ နားရွက်၊ နှာခေါင်းများ ပြတ်သဖြင့် ဒုက္ခရောက်နေသူသည် အားကိုးရာမဲ့ ဇရပ်တန်ဆောင်းဝယ် ထွေးခံကို ရှေ့မှာချထားပြီး လဲလျောင်းနေစဉ် အနာတို့မှ ပိုးလောက်များက ထွက်လာကြသော် ကြီးစွာသော ကာယိက ဒုက္ခ ဖြစ်လာ၏။

သစ်လွင် တောက်ပြောင်သည်နှင့်အမျှ ကောင်းပေ့ဆိုသည့် အဝတ်တန်ဆာများ ဝတ်ဆင်လျက် နက္ခတ်သဘင်[ပျော်ပွဲ ရှင်ပွဲ] သို့သွားရောက်ပျော်မြူးကြသူအပေါင်းကို တွေ့ရသော် ကြီးစွာ သော စိတ်မချမ်းသာမှု ဒေါမနဿ ဝေဒနာ ဖြစ်လာရ၏။ ယင်းသို့လျှင် ဒုက္ခသည် ဒုက္ခ ၂ ပါးတို့၏ အကြောင်းရင်း ဖြစ်ကြောင်းကို သိရှိအပ်၏။

တနည်း၊ စိတ်၌ဖြစ်သော ဒုက္ခသည်ကိုယ်၌ ဖြစ်သော ဒုက္ခကို အကြင့်ကြောင့် လွန်လွန်မင်းမင်း နှိပ်စက်ဘတ်၏။ ဖြစ်ပေါ်စေ တတ်၏။ ထို့ကြောင့် ဒုက္ခဟူ၍ အထူးအားဖြင့်ဗုဒ္ဓဟောတော်မူ၏။

စိတ်ဆင်းရဲမှု နှိပ်စက်အပ်သူတို့သည် ဆံပင်တို့ကို ဖြန့်ကြဲ၍ ရင်ဘတ်စည်တီး ပြုတတ်ကြ၏။ ရှေ့ရှုလူးလှိမ့်၏။ ထိုထိုဤဤ လူးလှိမ့်၏။ ချောက်ထဲသို့ ခုန်ချသေကြ၏။ ဒါးဖြင့် ထိုးသတ်သေကြ၏။ အဆိပ်သောက်သေကြ၏။ ကြိုးဆွဲချသေကြ၏။ မီးထဲသို့ ခုန်ချသေကြ၏။ ထိုထိုဖောက်ပြန်သော အကြံအစည်ကို ထိုထို အခြင်းအရာဖြင့် စိတ်ပူပန်သောက ရောက်သူတို့သည် စိတ်ဓာတ် ပူလောင်လျက် ရှိကြသည့်အတွက် ကြံမိကြံရာ ကြံစည်ကြ၏။ ယင်းသို့လျှင် ဒေါမနဿသည် ဒုက္ခ ၂ ပါး၏ အကြောင်းကို သိရှိအပ်၏။

တနည်း၊ ဒေါမနဿသည် အကြင့်ကြောင့် စိတ်ဓာတ်ကိုလည်း နှိပ်စက်၏၊ ကိုယ်ကာယကိုလည်း ညှဉ်းပန်း၏။ ထို့ကြောင့် ဒေါမနဿကို ဒုက္ခဟူ၍ ဗုဒ္ဓဟောတော်မူ၏။

ဒုက္ခ ဒေါမနဿတို့၏ အကျယ်တဝင့် အဖွင့်စကားရပ် အပြီးသတ်သတည်း။

# ဝိဘင်းပါဠိတော် မြန်မာပြန်

ထိုတွင် ဥပါယာသဟူသည် အဘယ်နည်း။

အဆွေအမျိုးပျက်စီးခြင်းနှင့် ထိတွေ့သူအားဖြစ်စေ၊ စည်းစိမ်ချမ်းသာပျက်စီးခြင်းနှင့် ထိတွေ့သူအားဖြစ်စေ၊ အနာရောဂါ တည်းဟူသော ပျက်စီးခြင်းနှင့် ထိတွေ့သူအားဖြစ်စေ၊ အကျင့်သီလပျက်စီးခြင်းနှင့် ထိတွေ့သူအားဖြစ်စေ၊ အယူမှန်ကို ဖျက်ဆီးလျက် ဖြစ်လာသော အယူမှားမှုသာဖြစ်သည့် ပျက်စီးခြင်းနှင့် ထိတွေ့သူအားဖြစ်စေ၊ တစုံတခုသော ပျက်စီးခြင်းနှင့် ပြည့်စုံသူအား ဖြစ်စေ၊ တစုံတခုသော ဒုက္ခဖြစ်ကြောင်းနှင့် ထိတွေ့သူအား ဖြစ်စေ၊ အကြင်စိတ်ပင်ပန်းခြင်းသည်၊ အကြင်လွန်စွာ စိတ်ပင်ပန်းခြင်းသည်၊ အကြင်စိတ်ပင်ပန်းခြင်းရှိသူ၏ အဖြစ်သည် အကြင်လွန်စွာ စိတ်ပင်ပန်းခြင်းရှိသူ၏ အဖြစ်သည် ရှိ၏။

ဤသည်ကို ဥပါယာသဟု ဆိုအပ်၏။

## ၀ိတင်းအဋ္ဌကထာမြန်မာပြန် (ဥပါယာသ၏အဖွင့်)

ဥပါယာသ၏ အကျယ်တဝင့် အဖွင့်စကားရပ်ဝယ် စိတ်ပင်းပန်းခြင်းဟူသော အနက်သဘောကြောင့် 'အာယာသ'ဟူ၏။ ထိုအာယာသဟူသည့် အမည်မှာ တွန့်ဆုတ်သော အခြင်းအရာ၊ အလွန်တွန့်ဆုတ်သော အခြင်းအရာအားဖြင့် ဖြစ်ပေါ်လာသည့် စိတ်ပင်ပန်းမှု၏အမည် ဖြစ်၏။ အားကြီးသော စိတ်ပင်ပန်းမှုသည် 'ဥပါယာသ'ဟူ၏။ စိတ်ခတ်ပင်ပန်းခြင်း ရှိနေကြ၏ အဖြစ်သည် 'အာယာသိတတ္တ'ဟူ၏။ အားကြီးသော စိတ်ပင်ပန်းခြင်း ရှိနေသူ၏ အဖြစ်သည် 'ဥပါယာသိတတ္တ'ဟူ၏။

ဤသည်ကို 'ဥပါယာသ'မည်၏ဟု ဆိုအပ်၏။

ထိုဥပါယာသသည် ဖောက်ပြန်သော အားဖြင့် စိတ်၏ ငြိုကပ်ခြင်းလက္ခဏာ ရှိ၏၊ ငြီးငြူခြင်းကိစ္စ ရှိ၏။ စိတ်ပင်ပန်းရခြင်းပါတကားဟု ဉာဏ်အား ရှေ့ရှုထင်လာ၏။

ဥပါယာသ၏ ဆင်းရဲခြင်း အနက်သဘောကို သိရှိအပ်၏ ဟူသော စကားရပ်တွင် ဥပါယာသသည် ကိုယ်တိုင်သော်ကား ဒုက္ခမဟုတ်။ သို့သော် ဒုက္ခနှစ်မျိုး၏ အကြောင်းရင်း ဖြစ်သည့် အစွမ်းဖြင့် ဆင်းရဲခြင်းဒုက္ခ ဟူ၍ ဆိုအပ်၏။

ချဉ်းအုံ့၊ ပြည့်ရှင်မင်းက အမျက်တော်ရှသဖြင့် စည်းစိမ်ဥစ္စာကို လုယက်ဖျက်ဆီး၍ သားသမီး၊ ညီအစ်ကိုများ အသတ်

အဖြတ် ခံရသူ၊ ပြည်နှင်ဒဏ် ခတ်ခြင်း၊ သတ်ဖြတ်ခြင်းမှ ကြောက်လန့်၍ တောထဲသို့ ဝင်ရောက် ပုန်းကွယ်နေရသူ စသည်ဖြင့် အကြီးအကျယ် ဒုက္ခရောက်နေသူတို့အား ဆင်းဆင်း ရဲရဲ ရပ်တည်ရသဖြင့်၊ ဆင်းဆင်းရဲရဲ အိပ်စက်ရသဖြင့်၊ ဆင်း ဆင်းရဲရဲ ထိုင်ရသဖြင့် ကြီးစွာသော ကာယိကဒုက္ခ ဖြစ်လာ၏။

"ငါတို့ရဲ့ ဆွေမျိုးတွေဟာ ဒါလောက် ပျက်စီးသွားကြပြီဘဲ။ ငါတို့ရဲ့ စည်းစိမ်တွေဟာ ဒီအထိ ပျက်စီးကုန်ပြီ" စသည်ဖြင့် ကြံစီ တွေးတောသူအား ကြီးစွာသော စိတ်မချမ်းသာမှု ဒေါမနဿ ဖြစ်လာ၏။

ယင်းသို့လျှင် ဤဒုက္ခ ၂ ပါး၏ အကြောင်းရင်းဖြစ်သောကြောင့် ဥပါယာသကို ဆင်းရဲခြင်း ဒုက္ခဟူ၍ သိရှိနားလည်အပ်၏။

တနည်းကား စိတ်ကို ပူပန်စေခြင်းကြောင့်၎င်း၊ ကိုယ် ကာယကို ပင်ပန်းစေခြင်းကြောင့်၎င်း၊ အတိုင်းအဆမရှိသော အကြွင် ဒုက္ခသည် ဖြစ်လာ၏။ ထိုဒုက္ခကို အကြွင်းကြောင့် ဥပါ ယာသက ဖြစ်လာစေ၏။ ထို့ကြောင့် ထိုဥပါယာသကို ဒုက္ခ ဟူ၍ ဆိုအပ်၏။

ဆက်ဦးအံ့။ ယင်းသုံးပါးတို့အနက် မီးပျိုး၊ မီးညှိကြောင့် ဒယ်အိုးအတွင်းမှာပင် ဆီကျက်နေခြင်းသည် သောကနှင့် တူ၏။ မီးပြင်းကြောင့် ကျက်နေသော ဆီများ ဒယ်အိုးအပြင်ဘက် လျှံထွက်ခြင်းသည် ပရိဒေဝနှင့် တူ၏။ အပြင်သို့ ဝေမကျဘဲ ကြွင်းကျန်နေသော ဆီ၊ မလျှံထွက်နိုင်ဘဲ ကျန်နေသော ဆီသည် အိုးအတွင်းနှာပင်လျှင် ကုန်ခန်း ခြောက်ကပ်သည့် တိုင်အောင် ကျက်နေခြင်းသည် ဥပါယာသနှင့် တူ၏။ ယင်းသို့ သိရှိအပ်၏။

[ဤစကားရပ်အထိမှုသော အဖွင့်အပြတ်ကိုကား သစ္စာဝိဘင်းမှ ထုတ်နုတ်ပြန်ဆိုထားချက်များ ဖြစ်၏။ အချို့ အဖွင့်များမှာ သဒ္ဒါရေးအဖွင့်များ ဖြစ်နေသဖြင့် သာမန် စာရှုသူတို့အတွက် စိမ်း၍ နေကောင်းနေမည်။ 'ကြောင်'၍ နေကောင်းနေမည် ထင်ရ၏။ သို့သော် မူရင်းအတိုင်းပင် သိရှိစေလိုသဖြင့် မချွင်း မချန် ထည့်သွင်းပြန်ဆိုလိုက်ရ ပါသည်။]

# အင်္ဂလိပ်ဘာသာ မြန်မာပြန်

ဆင်းရဲခြင်းဒုက္ခကို အကုန်အစင် သိမြင်မှုနှင့် ယုံကြည်အားထားမှုသည် ယှဉ်တကျ ဖြစ်၏။

၁။ (၁) ယုံကြည်မှုသဒ္ဒါဖြင့် [သံသရာဝဲသြဃ တည်းဟူသော] ရေအလျဉ်ကို ကူးမြောက်နိုင်၏။

(၂) မမေ့မလျော့ မခေပါ့တန်မှု အပ္ပမာဒဖြင့် ဘဝပင်လယ်ကို ကူးမြောက်နိုင်၏။

(၃) ကြိုးပမ်းမှုဝီရိယဖြင့် ဒုက္ခကို အောင်မြင်နိုင်၏။

(၄) တဦးဘယောက်သောသူသည် ပိုင်းခြားသိမြင်မှုပညာဖြင့် [အကုသိုလ်မှု ကိလေသာ အစုစုတို့မှ] သန့်ရှင်းစင်ကြယ်နိုင်၏။

၂။ မီးလျှံထဲသို့ ပြေးဝင်သွားသော ပိုးဖလံကောင်များသည် မီး၏ အန္တရာယ် ကြီးမားလှပုံကို မသိ၊ နားမလည်ကြပေ။ ခြေထောက်ကလေးများ လောင်ကျွမ်းသွားသည့် တိုင်အောင် ပြေးဝင်ဦးမည်သာ။ အကြင်ငါးသည် မိမိ၏ အဖော်များ ငါးများ ချိတ်တွင်ရှိ ငါးစာကို စားမြိုမိသည့်အတွက် သေသည့်တိုင်အောင် ဒုက္ခရောက်သွားသည့်အဖြစ်ကို တွေ့မြင်လင့်ကစား ထိုငါးသည် "ငါးစာသည် ဘယ်အထိများ အန္တရာယ် ကြီးမားပါသနည်း" ဟူသည်ကို မသိနားမလည်ရှာပါချေ။ အလားတူပင်လျှင် ကျွန်ုပ်

တို့သည် ဒုက္ခရောက်နေသူတွေကို တွေ့နေရ၏။ ကိုယ်တိုင်လည်း ကြောက်မက်ဘွယ် အန္တရာယ်ဘေး ရောဂါ အသွယ်သွယ်ကို တကယ်ပင် ခံစားဘူးကြ၏။ ဒုဏ်ရာအနာတရ ဖြစ်ကြဘူး၏။ ယင်းသို့ ဖြစ်သည့်တိုင်အောင် ကျွန်ုပ်တို့သည် ဒုက္ခကို ဒုက္ခမှန်း မသိကြ၊ နားမလည်ကြပါပေ။ [သိနားလည်အောင်လည်း မဆင်ခြင် မစဉ်းစားမိကြပါပေ။]

၃။ သုခအသွင်ဆောင်ထားသည့် စင်စစ်တွင် ဒုက္ခအစစ်ကေန်ဖြစ်သည့် နှစ်သက်စရာ ကာမဂုဏ်တို့၏ ကျွန်ပြုသားခြင်းကို ကျွန်ုပ်တို့တတွေ ခံနေကြရ၏။ သောက၏ သဘာဝအမှန်ကို နှိုက်နှိုက်ချွတ်ချွတ် သိရှိထားသူတို့သည်သာ စိတ်ညစ်မှု၊ သောကရောက်မှုတို့ ဖြစ်လာတော့မည် မဟုတ်ပေ။ သို့သော် "ဗုဒ္ဓ၏ ချိုမြိန်သော၊ ကောင်းမြတ်သော၊ သင်ကြားချက်များသည် ဘယ့်ကလောက်များ မှန်ကန်လိုက်ပါသလဲ" ဆိုသည်ကို ခံစားရမည်။ သိရှိလာရမည်သာ ဖြစ်၏။ သူတို့သည် ဗုဒ္ဓ၊ ဗုဒ္ဓဓမ္မ၊ ဗုဒ္ဓသာဝက (ဗုဒ္ဓ၏ တပည့်) တို့၌ ယုံကြည်မှုသဒ္ဓါ အပြည့်အဝရှိကြတော့မည်သာတည်း။ ယင်းကဲ့သို့သော အားထားချက်၊ ယုံကြည်ချက်သည် မိရိုးဖလာ အယူဝါဒသက်သက်ပေါ်တွင်သာ အမှီပြုသည် မဟုတ်။ သိမြင်မှုအခပေါ်တွင်လည်း တည်ရှိနေသည်တည်း။

ယုံကြည်အားထားမှုနှင့် ဝမ်းမြောက်မှုသည် ယှဉ်ဘက်ဖြစ်၏။

၁။ ယုံကြည်မှုမှ ချို့တဲ့ခြင်းသည် ကြီးလေးသောဝန် ဖြစ်၏။ ထိုအယုံအကြည် ကင်းမှုသည် တဦးတယောက်သော သူကို သံသယများ လွန်အောင် ပြုတတ်၏။ သို့သော် မိရိုးဖလာ ယုံကြည်မှုသက်သက်ပေါ်မှာ အခြေခံထားသော ယုံကြည်မှုကား

သာ၍သော်မှ ဆိုသေး၏။ ယင်းသည် ယုံကြည်မှုမျိုးကား အန္တရာယ် သင့်ရောက်ဘွယ်ရာ (အဆိုး များဘွယ်ရာ)ရှိ၏။ သိမှုပေါ်တွင် အခြေခံထားသော ယုံကြည်ချက်သည်သာ ပေါ့ပါး တက်ကြွမှု၊ ဝမ်းမြောက်မှုကို ဖြစ်စေနိုင်၏။ အချို့သူများက ဗုဒ္ဓဘာသာသည် အသိခက်သော ဘာသာ၊ ငြီးငွေ့ဘွယ်ဘာသာ ဖြစ်သည်ဟု တွေးထင်တတ်၏။ အမှန်မှာ ဤသို့ မဟုတ်ပါပေ။

အကြောင်းသော်တမူကား ဗုဒ္ဓဘာသာသည် ဗုဒ္ဓဝါဒီတို့ကို ရုပ်အသွင်ကြည်လင်၍ စိတ်အစဉ် ရွှင်လန်းအောင် ပြုမည်သာ ဖြစ်၏၊ [မှန်၏]ဘုရားအလောင်းတော်၏ဘဝဖြစ်စဉ် ဇာတ်တော်များကို ဖတ်ရှုသည့်အခါ စိတ်ရှည် ဖွဲ့သန်မှု၊ ချုပ်တီးသီးခံမှု (ခန္တီပါရမီ)ကို ဖြည့်စွမ်းရေးအတွက် ဖြည့်ကျင့်ပုံ၊ ပြုစုပျိုးထောင်ခဲ့ပုံများကို နာခံမှတ်သားမိကြ၏။ ဤနာခံမှတ်သားမှုတို့က ဘေးအန္တရာယ်ကြီးများ၏ အလယ်တွင်သော်မှ အပြုံးမပျက်လေအောင် ကူညီမည်။ သူတထူးတို့၏အကျိုးကို ဆောင်ရသော ကိစ္စများတွင် ရွှင်လန်းမှု ရယူနိုင်အောင် ကူညီ ညွှန်ပြမည်သာ ဖြစ်၏။ [ထို့ကြောင့် ဗုဒ္ဓဘာသာသည် ငြီးငွေ့ဘွယ်ဘာသာ၊ အသိခက်သောဘာသာဖြစ်၏ ဆိုသည်မှာ မမှန်ဟုလို။]

၂။ ငါတို့သည် ဗုဒ္ဓရှင်တော်မြတ်၌ အားထားမှု၊ ယုံကြည်ကိုးကွယ်မှု ရှိခဲ့ပါလျှင် "နှစ်သက်မှု၊ တွယ်တာမှု၊ တောင့်တမှု၊ တပ်မက်မှု၊ စွဲလန်းမှုတဏှာ မရှိခဲ့ပါသော် ဒုက္ခဟူသည် မရှိနိုင်ပါပြီ။ ထိုရှင်တော်ဗုဒ္ဓ၏ သင်ကြားချက်ဖြစ်သည့် မဂ္ဂင်ရှစ်ပါး အကျင့်တရားကို လိုက်နာကျင့်သုံးခဲ့သော် ထိုတဏှာမှ လွတ်ကင်းလွန်မြောက်မည်ကား အမှန်တရားဖြစ်၏" ဟူ၍ သိရှိလာကြမည်၊ နားလည်လာကြမည်သာ ဖြစ်၏၊ ဒုက္ခတို့မှ လွတ်ကင်းသည့်

အခါ နိဗ္ဗာန်တည်းဟူသော ထာဝရသုခကို ငါတို့သည် အောင် ပန်းအဖြစ် ဆွတ်လှမ်းနိုင်လေပြီ။

ဤသင်ကြားချက်၏ မှန်ကန်မှုတွင် ရောင့်ရဲမှု သန္တုဋ္ဌိ၊ ဝမ်း မြောက်မှု သောမနဿတို့သည် ယုံကြည်အားထားမှု သဒ္ဓါနှင့် ယှဉ်တွဲလျက်ရှိလေသည်။

ဝမ်းမြောက်မှုနှင့် အားရရွှင်လန်းမှုသည် ယှဉ်ဘက်ဖြစ်၏။

၁ (က) မိမိတို့၏ရန်သူများ အတိဒုက္ခရောက်နေသည်ကိုတွေ့မြင် ရသည့်အခါ၊ ကြားသိရသည့်အခါ အချို့သူများသည် အားရနှစ်သက်ကြ၏။ ယင်းသည်ကား 'ရက်စက်သော နှစ်သက်မှု'သာ ဖြစ်၏။

(ခ) လာဘ်လာဘ ပေါများမှု၊ မြောက်စားခြင်းခံရမှု၊ ဂုဏ်ပါဝါရှိမှု၊ အချီးမွမ်းခံရမှုများသည် 'တကိုယ် ကောင်းဆန်သည့် နှစ်သက်မှု'ကို ဖြစ်ပေါ်စေ၏။

(ဂ) မိမိစိတ်ဓာတ်ကိုယဉ်ကျေးသိမ်မွေ့လာအောင်၊စင်ကြယ် သန့်ရှင်းလာအောင် ကြိုးပမ်းသူသည် မိမိ၏ စိတ်အညစ် အကြေးများ (ညစ်ပတ်ချင်စိတ်များ)ကို တဖြေးဖြေး နှိပ်ကွပ်လာနိုင်ကြောင်းကို တွေ့မြင်လာရလိမ့်မည်။ နောက် ဝမ်းမြောက်မိသည်သာ ဖြစ်၏။

သူတပါးတို့ကို အတိဒုက္ခများမှ သက်သာရာ ရလာအောင်၊ ချမ်းသာရာ ရလာအောင် ကြံဆောင်ကြိုးပမ်းမှု၊ သူတပါးတို့၏ ပျော်ရွှင်မှုကို တိုးပွားလာအောင် ကြိုးပမ်းမှုတို့သည်သာလျှင် 'ကြီးမြတ်သောနှစ်သက်ခြင်းပီတိ'၏ အကြောင်းရင်းဖြစ်၏။

၂။ ဗုဒ္ဓလောင်းလျာသည် မိမိအား ထိပါးပုတ်ခတ်မှု အကြိမ် ကြိမ်လွန်ကျူးထားသည့် ရန်သူရင်း စင်စစ်၏ အသက်ကိုသော်မှ

ကယ်တင်ရန်အတွက် မိမိ၏အသက်ကို ပေးလှူသည့်အခါတွင် လွန်စွာ အားရနှစ်သက်မှု ပီတိကို အမှန်တကယ်ပင် ခံစားခဲ့ရ၏။ မြင့်မြတ်သော နှစ်သက်မှုသည် ကျိုးကြောင်းဆင်ခြင်မှု ဝီမံသ၊ စူးစမ်းသုံးသပ်မှု ဓမ္မဝိစယတို့နှင့် တခါတရံ တွဲဘက် ဖြစ်၏။ သို့သော် ဆင်းရဲခြင်းအမှန်–ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏အကြောင်း ရင်းခံ–သမုဒယသစ္စာ၊ ဆင်းရဲခြင်းဒုက္ခ ချုပ်ငြိမ်းရာ–နိရောဓ သစ္စာ၊ နိရောဓသစ္စာသို့ရောက်ကြောင်း လမ်းကောင်းကျင့်စဉ် မဂ္ဂင်ရှစ်ပါး–မဂ္ဂသစ္စာများကို အကုန်အစဉ် အထင်အရှား သိမြင် လာသည့်အခါမှာကား ဝီမံသ၊ ဓမ္မဝိစယတို့ကို ငါတို့သည် လွန် မြောက်သွားကြ၏။ လောကီနယ်ရှိ "မြတ်သောနှစ်သက်မှု" သည် အချိန်တိုကလေးမျှသာ တည်ရှိနိုင်၏။ လောကုတ္တရာနယ်ရှိ "မြတ်သောနှစ်သက်မှု" မှာမူ လောကီရေးရာများကြောင့် တုန် လှုပ်ခြင်း၊ ရွေ့ရှားခြင်း မရှိ။ ပကတိ တည်ငြိမ်လေပြီတည်း။

အားရရွှင်လန်းမှုနှင့် တည်ငြိမ်မှုသည် ယှဉ်ဘက်ဖြစ်၏။

၁။ လေသည် ပင်လယ်ပြင်ကို မငြိမ်မသက် ထကြွလှုပ်ရှား လာအောင် ပြုဘိသို့ လောဘ၊ ဒေါသ၊ မောဟ ဟူသော ကိလေသာတို့သည် စိတ်ဓာတ်ကို သိမ်မွေ့ရာမှ ကြမ်းကြုတ်လာ အောင် ပြုတတ်၏။ စိတ်ဓာတ်သာလျှင် မဟုတ်သေး။ ရုပ်ရေ သွင်ပြင်လည်း တခါတရံ ဖျက်ဆီးခြင်း ခံရ၏။

ဒေါသကြောင့် မျက်နှာက နီလာ၏။ မျက်စေ့က အရောင် တောက်လာ၏။ နောက် တကိုယ်လုံး တုန်တုန်ရီရီ ဖြစ်လာ တော့၏။ ဤသို့သော ပုဂ္ဂိုလ်တွင် ရုပ်ဓာတ်ငြိမ်းအေးမှု-ကာယ ပဿဒ္ဓိ၊ စိတ်ဓာတ်ငြိမ်းအေးမှု–စိတ္တပဿဒ္ဓိတို့ မရှိနိုင်ပါပြီ။

တကိုယ်ကောင်းဆန်သော နှစ်သက်မှုသည် မအိမသာဖြစ် အောင် ပြုတတ်၏။ သို့သော် မြတ်သော နှစ်သက်မှုကား ရုပ် အသွင်ရော၊ စိတ်အစဉ်ကိုပါ ငြိမ်သက်လာအောင်၊ ချမ်းမြေ့လာ အောင် ပြု၏။ တောရိပ်တောင်ရိပ်များ ခြံရံလျက်ရှိသည့် ကြည်လင် မြေသော ကန်အတွင်းရှိ ရေကဲ့သို့တမူ တူညီ၏။

မြတ်သော နှစ်သက်မှုနှင့်ယှဉ်သော ငြိမ်းအေးမှုသည် တခါ တရံ ခေတ္တခဏသာ တည်၏။ သို့သော် ကိလေသာမှ လွတ်ကင်း သည့်ရဟန္တာသူတော်စင်တို့၏ ရုပ်ရေသွင်ပြင်၊စိတ်အစဉ်အားဖြင့် ငြိမ်းအေးမှုကိုကား [မည်သည့်အရာကမှ] မလှုပ်ရှားနိုင်ပေ။ ဤ ငြိမ်းအေးခြင်းမျိုးကား တည်ငြိမ်မှု ရှိ၏။ ဖြောင့်လည်းဖြောင့် မတ်၏။

စိတ်အစဉ်ရော၊ ရုပ်အသွင်ပါ ငြိမ်းအေးသူတို့ကား သတ် ဖြတ်မှု၊ ခိုးဝှက်မှု၊ မဒိန်းမှု၊ လိမ်သည်မှု၊ ဂုံးတိုက်မှု၊ ယုတ်ကြမ်းစွာ ပြောဆိုမှု၊ အဓိပ္ပာယ်မဲ့စကား ပြောဆိုမှု၊ သူတပါးစည်းစိမ်ကို မတရားလိုချင်မှု၊ ရန်ငြိုးထားမှုနှင့် အယူမှားမှုဟူသော ဒုစရိုက် ဆယ်ပါး မကောင်းမှုချားကို မလွန်ကျူးကြောပေ။

တည်ငြိမ်မှုနှင့် စိတ်ချမ်းသာမှုသည် ယှဉ်ဘက်ဖြစ်၏။

၁။ င ကို၏စိတ်အစဉ်သည် အနားယူသည့်အခါ မျက်စေ့နှင့် တကွ ကိုယ်အင်္ဂါ၊ အစိတ်အပိုင်းမှန်သမျှကို မည်သည့်အရာကမှ မဆေပန်း၊ နွမ်းနယ် အောင် မပြုနိုင်သည့် [illegible] ချိန်တခု ဖြစ်၏ ပျော်ရွှင်မှုနှင့် ကျန်းမာမှုကို ရရှိအောင်မြှင့်ရန် အကောင်း ဆုံးနည်းလမ်းမှ ကား စိတ်နှင့် ကိုယ်ပါ ငြိမ်းအေးမှုပင် ဖြစ်၏။ စိတ်သောကချွား၊ အနှောက်အယှက်များဖြင့် မောပန်းနွမ်းနယ်

နေသည့်တိုင်အောင် အကြင်အခါ၌ ငြိမ်းအေးမှုရှိအံ့။ ငြိမ်းအေး-အောင်ပြုအံ့။ ထိုအခါ၌ ပျော်ရွှင်မှု၊ သက်သာရာရမှု ရှိနိုင်၏။

ကောင်းသောအမှုတို့ကိုသာ ပြုသူတို့သည် ပစ္စက္ခဘဝရော၊ အနာဂတ်ဘဝပါ ပျော်ရွှင်ကြ၏။ သူတို့သည် မိမိကောင်းမှု၊ သူတပါးကောင်းမှုများကို စဉ်းစားဆင်ခြင်သည့်အခါ ဝမ်းသာကြရ၏။ လောကီပျော်ရွှင်မှုကား တခဏသာတည်း။ တကယ့်အမှန်တရား မဟုတ်သေးပေ။ လောကုတ္တရာပျော်ရွှင်မှုကား မြင့်မြတ်၏။ သိမ်လဲသိမ်မွေ့၏။

ရဟန္တာ (လောဘ၊ ဒေါသ၊ မောဟတို့မှ လွတ်ကင်းသူ) တို့သည် မိမိတို့၏ ဘဝခရီးစဉ် တလျှောက်လုံး ပြည့်ဝသော လောကုတ္တရာပျော်ရွှင်မှုကို သာယာနိုင်ကြ၏၊ ခံစားနိုင်ကြ၏။

''အမုန်းပွားသူကြားတွင် ငါတို့သည် အမုန်းမရှိဘဲ အမှန်ပင် ပျော်ရွှင်စွာ နေကြ၏။ မုန်းတီးတတ်သူတို့အလယ်တွင် ငါတို့သည် မုန်းတီးခြင်းမှ လွတ်ကင်းလျက် နေနိုင်ကြ၏'' ဓမ္မပဒ။

စိတ်ချမ်းသာမှုနှင့် မှန်ကန်သောတည်ကြည်မှု (သမ္မာသမာဓိ) သည် ယှဉ်ဘက်ဖြစ်၏။

၁။ ဒီဂရီ ၁၀၀ ရှိ ထောင့်တွင် ဆန့်ကျင်ဘက်အင်အား နှစ်ခုတို့ ပြုမူနေကြလျှင် ၎င်းတို့သည် တခုကိုတခု ဆန့်ကျင်ကြသည် ဖြစ်ရကား နှစ်ခုစလုံးပင် အားနည်းလာကြ၏။ ထောင့်စွန်း ၂ ခုသည် တဖြေးဖြေးချင်း တိုးတက်လာသည့်အခါ အနည်းငယ် အနည်းငယ် ငြိမ်သက်လာကြပြီး ၎စည်းကည်ငြိမ်လာ၏။ ထို အင်အားနှစ်ခုတို့သည် ဒီဂရီ ၃၆၀ ထောင့်စွန်းသို့ ရောက်လာသည့်အခါ [အချင်းချင်း] ခုခံမှု မရှိတော့ပေ။ တခုကိုတခု မဆန့်

ကျင်တော့ပေ။ အင်အားနှစ်ခုလုံးသည် ပြည့်ပြည့်ဝဝကြီး ရင်းနှီးလာကြပြီး ငြိမ်းအေးနေတော့၏။

ထိုအတူပင်လျှင် ကိုယ်ရောစိတ်ပါ ပျော်ရွှင်မှုရှိလာသည့်အခါ စိတ်ဓာတ်ဆိုင်ရာ အင်အားစုအားလုံးသည် အေးမြလာကြ၏။ တည်ငြိမ်လာကြ၏။ ၎င်းတို့သည် တခုတည်းသောလမ်းကြောင်းသို့သာ ရှေးရှုညွှန်ပြနေ၏။ ရရှိမှု–လာဘ၊ မရမှု–အလာဘ၊ ချီးမွမ်းမှု–ပသံသာ၊ ကဲ့ရဲ့မှု–နိန္ဒာ၊ ချမ်းသာမှု–သုခ၊ ဆင်းရဲမှု-ဒုက္ခ ဟူသော လောကဓံ ရှစ်ပါးတို့ကြောင့် ချောက်ချားခြင်း၊တုန်လှုပ်ခြင်း မရှိတော့ပေ။ [ထိုအကောင်းအဆိုး နှစ်ပါးစလုံးတွင် ခြားနားခြင်း မရှိ] တူညီလျက်သာရှိကြ၏။

၂။ လေ၏တိုက်ခတ်မှုကြောင့် ဝါဂွမ်းများသည် ဟိုသည် အနှံ့ပြန့်ကြဲကြ၏။သို့သော် ထိုဝါဂွမ်းများကို ချည်ကျစ်လိုက်သည့် အခါ၊ အဝတ်အထည် ယက်လုပ်လိုက်သောအခါ ကြီးမားခိုင်ခန့်သော အင်အားတို့ကို ရရှိလာကြ၏။ ထိုအတူပင်လျှင် စိတ်ဓာတ်အင်အားကြီးမှုကို သမ္မာသမာဓိ ကျင့်စဉ်ဖြင့် ရယူနိုင်၏။

မှုတ်နေအောင်လည်နေသော ဂျင်သည် လေ၏ပွတ်တိုက်မှုကြောင့် တဖြေးဖြေး ငြိမ်ကျသွားသည့် ဥပမာကို နှလုံးမူ၍ သမ္မာသမာဓိနှင့် ယှဉ်သည့် အသိဉာဏ်၏ အရှိန်အဝါဖြင့် စိတ်ဓာတ်၏ ငြိမ်သက်အေးမြမှုကို အောင်မြင် ရရှိကြအောင် ကြိုးစားကြပါစို့။

သမ္မာသမာဓိနှင့် အရာဝတ္ထုများကို ယထာဘူတကျကျ(ပုံမှန်သဘာဝအတိုင်း)သိမြင်နားလည်မှုသည် ယှဉ်ဘက်ဖြစ်၏။

ရှိန်တို့ဖြင့် နောက်ကျုနေသော ရေကန်အတွင်းရှိ ငါးများနှင့် အပင်ငယ်ကလေးများကို ပြတ်သားထင်ရှားစွာ တွေ့မြင်နိုင်မည်

မဟုတ်ပါပေ။ ထို့အတူပင်လျှင် ငါတို့၏ စိတ်ဓာတ်ကို ကိလေသာ ဟူသော စိတ်ဓာတ်အညစ်အကြေးတို့၏ နှောက်ယှက်ခြင်း၊ ချောက်ချားခြင်းကို ခံရသည့်အခါ အရာခပ်သိမ်းကို ပုံမှန်အတိုင်း ယထာဘူတကျကျ မသိရှိကြတော့ပေ။ ကန်အတွင်းရှိရေများ၊ ငြိမ်သက်ကြည်လင်နေသည့်အခါငါးများ၊ အပင်ငယ်များ၊ သဲများကို ထင်ရှားစွာ တွေ့မြင်နိုင်သကဲ့သို့ ကြည်လင်သန့်စင်၍ ဖြောင့်မှန်သော စိတ်ဓာတ်အတွက် မိမိသဘာဝမှန်ကို ဖုံးကွယ်ထားနိုင်သည့် အရာမရှိပေ။

[သမထ၊ ဝိပဿနာ၊ ဘာဝနာဟူသော လက်တွေ့ကျင့်စဉ်က] သင်္ခါရဓမ္မတို့၏ မတည်မြဲတဲ့အဖြစ်၊ ဆင်းရဲတဲ့အဖြစ်၊ သတ္တဇီဝမဟုတ်တဲ့ အဖြစ်မှန်ကို တည်ကြည်သော စိတ်အား လှစ်ဟပြကြား၏၊ အရာခပ်သိမ်းသည် ပေါ်ပေါက်လာပြီး ပျောက်ကွယ်သွား၏။ မည်သည့်အရာမျှ အမှန်တကယ်မဟုတ်ပေ။ အရာခပ်သိမ်းသည် အမြဲနှင့်အမျှ ဖောက်ပြန်ပျက်၏။ နောက်ထပ်မံ ပေါက်ဖွားပေ၏ ဟူသည်မှာ မှန်ကန်ချက်တခုဖြစ်၏။ မတည်မြဲသည့်အရာ၊ ဖောက်ပြန်သော အရာဟူသမျှသည် သောကဝန်ထုပ်ကြီး ဖြစ်သော မြင်သူ၏ ဒုက္ခတို့နှင့် ပြည့်နှက်နေ၏ ဟူသည်မှာလည်း မှန်ကန်ချက်တခုဖြစ်ပေ၏။

“အရာခပ်သိမ်းသည် ငါ မဟုတ်၊ အစိုးမရ၊ အနှစ်သာရမရှိ” ဟူသော အကြောင်းအရာနှင့် ပတ်သက်၍ မှန်ကန်စွာ သိရှိလာကြသည်နှင့် တပြိုင်နက် အတ်လို့ခေါ်သော ငါ့ကိုယ်ကောင်းဆန်မှုများသည် လွင့်ပျောက်သွားရမည် ဖြစ်တော့သည်။ အဆောတလျင် ပျက်စီး၍ ဒုက္ခများ ပြည့်နှက်နေသောအရာတွင် ‘ငါ သို့မဟုတ်၊ ငါ့ဟာ” ဟူသော အရာဝတ္ထုတခုရှိ၏ ဟူသည်မှာ မဖြစ်နိုင်စကောင်းပါပေ။

အရာဝတ္ထုများကို အမှန်တကယ်ရှိကြသည့်အတိုင်း (ယထာဘူတကျကျ) သိရှိသောဉာဏ်နှင့် စက်ဆုပ်ရွံရှာမှုသည် ယှဉ်ဘက်ဖြစ်၏။

စိတ်ဓာတ် တည်ကြည်မှု သမာဓိရအောင် မပြုသူတို့သည် မိမိအား ထိပါးဘတ်သည့် အရာဝတ္ထုများကိုပင် တွယ်ကပ်ထားတတ်၏။ ထိုသူတို့အဖို့ နေ့သည်ည၊ ညကား နေ့တည်း။ အကောင်းသည်အဆိုး၊ အဆိုးသည်ကား အကောင်းဘည်း။

ငါးစာ၏ သဘာဝမှန်ကို မသိသော ငါးသည် ထိုငါးစာကို ငြင်းပယ်မှုဖြင့် ဆက်ဆံမည်မဟုတ်။ မီးပုံ၏အနီး၊ သို့မဟုတ် ခြေတကောင်၏အနီး ချထားသည့် ကလေးငယ်သည် မိမိ၏လက်ကို မီးထဲသို့ ထိုးထဲ့ရန်ငှင်း၊ မြွေကို ကိုင်ရန်အတွက်ငှင်း၊ ကြောက်ရွံ့မည် မဟုတ်ပေ။ အကြောင်းသော်ကား ထိုကလေးငယ်သည် ''ဒါတွေဟာသိပ်ကြောက်စရာကောင်းတယ်။ အန္တရာယ်သိပ်များတယ်'' ဟူ၍ မသိနားမလည်ရှာသောကြောင့်တည်း။ သို့သော် လူလားမြောက်လာသည့် အခါတွင်ကား သူသည် မီးကိုသော်လည်း ထိတို့မည်မဟုတ်၊ မြွေကိုသော်လည်း ကိုင်ကြည့်မည်မဟုတ်၊ အန္တရာယ်များ၍ ထိပါးဘတ်သည့် အခြားတစုံတခုကိုလည်း ကိုင်တွယ်ကြည့်မည် မဟုတ်ချေ။ အကြောင်းသော်ကား ''ဒါတွေဟာ ဘာတွေလဲ'' ဟူသည်ကို ကောင်းကောင်းကြီးသိနားလည်ဘတ်ပြီ၊ အသိဉာဏ်က ဟိုးဘက်လာခဲ့ပြီ။ အနှုတ်အသားတွေလဲ ပြတ်သားလာခဲ့ပြီ ဖြစ်သောကြောင့်တည်း။

ထိုနည်းအတူပင်လျှင် အရာဝတ္ထုတို့၏ ပုံမှန် သဘာဝကို သိရှိပြီး သူသည် အစစ်အမှန်လည်း မဟုတ်။ နာသည်း နာကြည်း

စေတတ်သည့်အရာအားလုံးကို ငြင်းပယ်မှုဖြင့်သာ ဆက်ဆံတော့မည်သာ။ ပျောက်ပျက်တတ်ပြီး ဒုက္ခတို့နှင့် ပြည့်နှက်နေသော အရာခပ်သိမ်းအား ငြင်းပယ်နိုင်ခြင်းကို အောင်မြင်ရရှိခြင်းသည်ကား ဆုလာဘ်တပါးပင်ဖြစ်၏။ သက်ရှိသတ္တဝါ မှန်သမျှသည် သိရှိသူတို့အတွက် ညီရင်းအစ်ကို မောင်ရင်းနှမတွေချည်း ဖြစ်ကြ၏။ သူတို့သည် တကိုယ်ကောင်းဆန်မှု၊ ဖုံ့ထားမှုကို ငြင်းပယ်၏။ နောက် စည်းလုံးညီညွတ်မှုကို အောင်မြင်လေတော့၏။

စက်ဆုပ်ရွံရှာမှုနှင့် ဆန္ဒရမ္မက်နည်းပါးခြင်းသည် ယှဉ်ဘက်ဖြစ်၏။

ကျွန်ုပ်တို့သည် တပ်မက်ခဲ့သော အရာဝတ္ထုတခုခုကို ငြင်းပယ်မှုဖြင့် မဆက်ဆံ၊ လက်မခံ။ ငြင်းဆန်ထားသော အရာဝတ္ထုကိုလဲ မလိုလားကြတော့ပေ။ အကြင်အရာ၌သာနှင့် အသိဉာဏ် အခြေခံထားသော ငြင်းပယ်မှုရှိအံ့၊ ထိုအရာ၌ မက်မောမှု စိတ်ဇောသည် မရှိ။

"ပြည့်ဝကုန်လုံစွာ နိုးကြားပြီးသော အရိယာသာဝကသည် အလိုဆန္ဒ ငှန်သမျှကို ဖျက်သိမ်းခြင်း၌သာ နှစ်လို၏။ ထိုအရိယာသာဝကသည် နတ်စည်းစိမ်ကိုသော်မှ မရောင့်ရဲနိုင်ခြင်းတရားဟု သိမြင်၏" ဓမ္မပဒ။

ငါတို့၏ အကျင့်စာရိတ္တများကာ တိုးတက်လာလေလေ၊ အားနည်းချက်တွေ၊ ကိလေသာတွေကို အောင်မြင်မှု ရှိလေလေ၊ ချစ်လှယ်၊ မုန်းလှယ်မှု ကင်းမဲ့ခြင်း၌ မွေလျော်လေ ဖြစ်လာကြ၏။ မိမိတို့၏ ရမ္မက်အာသာပေါ်တွင် ဆရာတဆူဖြစ်၍ ကြီးပမ်းသမှု မပြုသူတို့သည် မိမိတို့ခန္ဓာကိုယ်ကို ပြုစုရန် ပျိုးထောင်ရန်အတွက်

ထက် အရသာ၊ အနံ့ အသက်၊ အဆင်းအရောင်ကို သာယာ တပ်မက်စွာ ဇိမ်ခံလိုကြသည့်အတွက်ကြောင့် အစာအာဟာရ များကို လိုအပ်သည်ထက်ပို၍ စားသောက်ကြ၏။

မိမိတို့၏ ချစ်လွယ်၊ မုန်းလွယ်မှု [စိတ်ထက်မှု] အပေါ်တွင် ဆရာတဆူပြုမူနိုင်သည့် နည်းလမ်းဖြစ်တဲ့ မဂ္ဂင်ရှစ်ပါးဟူသော လမ်းစဉ်အတိုင်းသွားနေသူသည် မိမိနှင့် သင့်လျော်သည့် အစာ အာဟာရကို ရွေးချယ်ရန်အတွက် စားစရာတို့၏ အရသာ၊အနံ့ အသက်၊ အရောင်အဆင်းတို့မှာ လမ်းညွှန်သဖွယ် ဖြစ်သည်ကို သိရှိကြ၏။ သို့သော် ထိုအရသာများကိုကား မတပ်မက်ကြပေ။

သူတို့သည် မိမိတို့၏ ဆာလောင်မွတ်သိပ်မှုကို ပယ်ဖျောက်ရန် အတွက်၊ မိမိတို့ကိုယ်ခန္ဓာကို ပြုစုရန်အတွက်၊ အနာရောဂါများ မဖြစ်ပေါ်လာရန်အတွက် သက်သက်သာလျှင် စားသုံးကြ၏။

ဆန္ဒရမ္မက်နည်းပါးမှုနှင့်တကွ ကျေးကျွန်ဘဝမှ လွတ်မြောက်မှုသည် ယှဉ်ဘက် ဖြစ်၏။

၁။ ဆင်ရိုင်းများကို ကျုံးထဲသို့ ထောင်သွင်းပြီး တုတ်ခိုင် ကြီးမားသော ကြိုးကြီးများဖြင့် ချည်နှောင်ထားကြ၏။ထိုနောက် ခွန်အားဗလ ချိနဲ့ကုန်ခန်းလာပြီး အညံ့ခံ အလျော့ပေးလာကြ သည့်တိုင်အောင် အကြင်နာမဲ့ ညှဉ်းဆဲကြရ၏။ သို့သော် ဖြစ်တောင့်ဖြစ်ခဲ ကြုံဘူးတတ်သည်မှာ အချို့သော ဆင်ကြီး များသည် [ရိုက်နှက်ညှဉ်းပန်းသည့်အခါ] ငြိမ်ခံနေကြပြီး[လူတို့ မညှဉ်းဘဲထားလိုက်သည့်အခါကျမှ] ကြီးမားသော အင်အားဖြင့် ချည်နှောင်ထားသော ကြိုးများကို တချက်ထဲနှင့် ဆွဲဖြတ်ပစ်လိုက် ၏။ နောက် လူသူ အရောက်အပေါက်နဲသော တောတွင်းသို့ ရှေးရှု ထွက်ပြေးခြင်းဖြင့် မိမိတို့၏ လွတ်မြောက်ရေးကို ရရှိစွာ

ပြု၏။ ပြီးလျှင် ကြီးမားရိပ်ငြိမ်သည့် တောစိုးသစ်ပင်များ ခြံရံလျက်ရှိသော တောလမ်းခရီးတွင် မိမိတို့လွတ်လပ်မှုကို ပြန်လည်ခံစားကြရ၏။ ထို့အတူပင်လျှင် ကျွန်ုပ်တို့ကို ဒုက္ခကြီးများနှင့် ယှဉ်တွဲကာ ချည်နှောင်ထားသည့် တဏှာရမ္မက် တည်းဟူသော သံယောဇဉ် နှောင်ကြိုးများကို တည်ဘည်ငြိမ်ငြိမ်နှင့် စိတ်ရှေ့ရှေ့ထားပြီး ထက်မြက်သော စိတ်ဓာတ် အင်အားဖြင့် ဖြတ်တောက်ပစ်လျှင် အနှောင်အဖွဲ့မှ လုံးဝ လွတ်မြောက်သည့် ချမ်းမြေ့သာယာမှု၊ လွတ်လပ်မှုကို အောင်မြင်ကြရမည်သာ။

၂။ သရက်ပင်၌ တွယ်ကပ်နေသော အညာတံကို ဖဲ့မပစ်ဘဲနှင့် သရက်သီးတတ်ကို ဆွတ်ခူးချင်သည်၊ စားသုံးချင်သည်မှာ ဘော့ မဖြစ်နိုင်စကောင်းပေ။ အညာတံကို ချိုးဖဲ့လိုက်ခြင်းဖြင့်သာ သရက်သီး၏ ချိုမြိန်သည့် အရသာကို ခံစားနိုင်မည်ဖြစ်၏။

ထို့အတူပင်လျှင် တဏှာရမ္မက်ကို ချိုးဖျက်လိုက်ခြင်းဖြင့် အနှောင်အဖွဲ့မှ လွတ်ကင်းသည့် ချိုမြိန်သောအရသာကို ကျွန်ုပ်တို့ ခံစားနိုင်မည်သာ။ ထို့ကြောင့် ချစ်ခြင်း၊ မုန်းခြင်းမှ (ထွက်မြောက်အောင် ကြိုးပမ်းခြင်းဖြင့်) လွတ်ကင်းခဲ့ပါလျှင် အနှောင်အဖွဲ့မှ လုံးဝလွတ်ကင်းမှုကို တည်ထောင်မိပြီးဖြစ်၏။

[illegible] ကျေးကျွန်ဘဝမှ လွတ်မြောက်မှုနှင့် ယစ်မူးစေတတ်သော သာယာ ([illegible] ဝေဒနာများ)ကို ဖျက်ဆီးကြောင်း အသိဉာဏ်သည် ယူဆောင်လာတတ်ပြီ၏။

၃။ [illegible] ပြကွက်တွင် ဟောင်သော မြက်ကိုသော်မှ ပေါက်ရောက်ခွင့် မပေးဘဲ အချိန်ကြာမြင့်စွာ ကျကျနန ကြီးရှင်းသင်းထားပြီး သန့်သန့်ရှင်းရှင်း ထားသည့်တိုင်အောင် မပြုမပြင်ဘဲ လျစ်လျူရှုထားလိုက်သည့်အခါ မိုးရာသီရောက်လာ

သည်နှင့် တပြိုင်နက်တည်း မြက်ပင်၊ ပေါင်းပင်များသည် စတင်၍ ပေါက်လာကြမည်သာတည်း။ မြက်ပင်၊ ပေါင်းပင်တို့၏ မျိုးစေ့များ အမြစ်များသည် မြေလွှာအောက်တွင် ကွယ်ယှက်နေကြသည်ဟူသော အချက်ကို ဤဖြစ်ရပ်က ပြဆို၏။

အလားတူပင်လျှင် အပြုအမူ၊ အပြောအဆို၊ အတွေးအခေါ်အားဖြင့် အလွန်လည်း တော်ကြ၏။ ရည်ရည်မွန်မွန်လည်း ရှိကြ၏။ စိတ်ကောင်း နှလုံးကောင်းလည်း ရှိကြ၏။ ဤသို့သော ပုထုဇဉ် လူသာမန်များအဖို့ မဒတာ်မတရား ဆက်ဆံမှုကို ဆက်ကာဆက်ကာ တွေ့ကြုံရပါသော် မိမိတို့၏ စိတ်ရှေတတ်မှုများ၊ ခံနိုင်ရည်စွမ်းသတ္တိများ ပျောက်ဆုံးကြပြီးလျှင် အမျက်ဒေါသ ထွက်ပေါ်လာကြ၏။ အခြား သာမန်လူများကဲ့သို့ပင် သူတို့သည် လောဘ၊ ဒေါသ၊ မောဟတို့၏ ကျေးကျွန်ဘဝမှ မလွတ်ကင်းနိုင် ကြသေးသဖြင့် မိမိတို့၏ စိတ်ရှေတတ်မှုများကို အဆုံးခံကြရ၏။

ကွယ်ဝှက် တိမ်ငုပ်နေသော မကောင်းမှုတို့၏ အကြောင်းရင်း မူလ [အနုသယဓာတ်] ကြောင့်သာလျှင် ဤ အားနဲချက် [ပရိယုဋ္ဌာန ဝိတိက္ကမကိလေသာ] တို့သည် ဖြစ်ပေါ်လာရကုန်၏။ ဤသည်တို့ကို ယစ်သူရာ (အာသဝတရား) တို့ဟု ခေါ်ဆိုအပ်၏။ ဤယစ်သူရာ အာသဝတို့မှာ ၃ပါးရှိ၏။ ကျွန်ုပ်တို့ လွန်ကျူးကြသော မကောင်းမှု မှန်သမျှတို့သည် ဤယစ်သူရာတို့ကြောင့်သာ ဖြစ်ရာ၏။ [အမှန်မှာ အာသဝ ၄ပါးရှိ၏။] ကာမတဏှာ ဟူသော ယစ်သူရာ (ကာမာသဝ)၊ အသက်ရှင်လိုမှု ဟူသော ယစ်သူရာ (ဘဝါသဝ)၊ မသိမှုသော ယစ်သူရာ (အဝိဇ္ဇာသဝ) ဟူ၍ သုံးမျိုးရှိ၏။

၂။ အရွက်များသည် အမြစ်ကို အမှီပြုရ၏။ အမြစ်သည်လဲ အရွက်ကို ပြန်လည်အမှီပြုရ၏။ ထို့အတူပင်လျှင် မကောင်းသော အတွေးအခေါ် (မိစ္ဆာသက်ပ္ပ) မှန်သမျှတို့၏ ယစ်သူရာများ၊ သို့မဟုတ် မသိမသာရှိနေသည့် အနုသယ ဗီဇများသည် မသိမှုကို အမှီပြု၏။ ထိုမသိမှုကလည်း ထိုအနုသယဗီဇကို ပြန်၍ အမှီပြုနေ၏။

မြက်ပင် သစ်ပင်တပင်၏ အရွက်များကို အချိန်အတော်ကြာအောင် ဆက်ကာဆက်ကာသာ ခူးပစ်၍ချည်း နေလျှင် ခံနိုင်ရည်စွမ်းဟူသော တန်ခိုးသတ္တိများ၊ အားအင်များသည် တဖြေးဖြေး လျော့သွားပြီး ကုန်ခန်းသွားမည်သာ။ ထို့နောက် ဆက်လက် ရှင်သန်ရေးအတွက် တိုက်ခိုက်မှုသည်လည်း ပျောက်ဆုံးသွားမည်သာ။ အမြစ်ဟူသော အရွက်ထုတ်လုပ်ရေး သမားလည်း နောက်ဆုံး၌ သေသွားမည်သာဖြစ်၏။ ထို့အတူပင်လျှင် မလျော့သော ဝိရိယ၊ မရမနေ တပေပေနိုင်သော ဥဿဟာ တို့ဖြင့် လောဘ၊ ဒေါသ၊ မောဟတို့ကို ဆက်ကာ ဆက်ကာသာ ချုပ်တည်းတို့ရန် စတင် ကြိုးပမ်းသောအခါ ယစ်သူရာ အာသဝ တို့၏ ပင်မသေးကြောသည် ပျက်စီးသွားမည်သာ။

လောဘ၊ ဒေါသ၊ မောဟတို့၏ အနှောင်အဖွဲ့မှ လွတ်ကင်းလာသောအခါ အာသဝတရားတို့ ပျက်စီးသွားသောကြောင့် တောက်ပ၍ ပြတ်သားသော အသိဉာဏ်၏ အလင်းရောင်သည် ရောင်ခြည် သန်းလာတော့မည်သာတည်း။ အာသဝတရားတို့ မရှိခဲ့သော် လောဘ၊ ဒေါသ၊ မောဟတို့သည် မရှိနိုင်ပြီတည်း။ ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂတို့၏ တည်ရှိရေးနှင့် ပတ်သက်သော အသိဉာဏ် ဗဟုသုတ လိုအပ်မှုသည်ပင်လျှင် အရာဝတ္ထုတို့နှင့်

ပတ်သက်၍ မှားယွင်းသော ကောက်ချက်ချမှုကို ပေးတတ်သည့် အဝိဇ္ဇာ (မသိမှု)ပင် ဖြစ်၏။

အာသဝများကို ဖျက်ဆီးကြောင်းဖြစ်သည့် အသိဉာဏ်နှင့် အာသဝများကို အကြွင်းမဲ့ ဖျက်ဆီးမှုသည် ယှဉ်ဘက် ဖြစ်၏။

၁။ လူတယောက်၏ ကိုယ်ခန္ဓာထဲသို့ ဆူးငြောင့်တချောင်း နက်စွာ စူးဝင်သွားသည်ဟု ဆိုကြပါစို့။ ယင်းသို့ ဖြစ်လျှင် ဆူးရှိသည့်နေရာကို ခွဲစိတ်ဆရာက သေချာစွာ ရှာဖွေတွေ့ရှိနိုင်၏။ နောက် ဆူးကို ချက်ချင်းနုတ်ပစ်နိုင်၏။ ထိုသူသည် ကြီးစွာသော ခံသာရာရမှု ပျော်ရွှင်မှုကို ကေန် ရရှိမည်သာတည်း။ ထို့အတူပင်လျှင် ယစ်သူရာ အာသဝတရားတို့ကို ဖျက်ဆီးကြောင်း ဖြစ်သည့် အသိဉာဏ်က ပြတ်ပြတ်သားသား ပေါ်လာသည်နှင့် တပြိုင်နက် အာသဝတရားတို့သည် အကြွင်းမဲ့ ပျက်စီးကုန်၏။

၂။ "ပိုင်းခြားသိမှုဖြင့် အောင်မြင်ရမည့်ဒုက္ခရောက်ကြောင်း တရားများ ရှိကြ၏။ အချို့ကိုတော့ ချုပ်တည်းမှုဖြင့် အောင်မြင်ရမည်"

"ဂရုစိုက်မှုကို ကျင့်သုံးခြင်းဖြင့် အချို့သော ဒုက္ခ ရောက်ကြောင်းများကို အောင်ပွဲခံရမည်။ အချို့ကိုတော့ စိတ်ရှည် လက်ရှည် ချုပ်တည်းသီးခံခြင်းဖြင့် အောင်နိုင်ရမည်။ အချို့သော ဒုက္ခရောက်ကြောင်းများကို ရှောင်ကြဉ်မှုဖြင့် ရှင်းသင်းပစ်ရမည့် ဒုက္ခရောက်ကြောင်းများ ရှိသေး၏" မဇ္ဈိမနိကာယ။

"အကြင်တရား၌ လောကီပျော်ရွှင်မှု၊ ချစ်ခင်တွယ်တာမှု ရှိအံ့၊ ထို့ပြင် အဘွဲ့အတွဲအားဖြင့် အငှားချထားခြင်း ခံရသည့် (ငှားရမ်းလုပ်ကိုင်အပ်သည့်) အဝိဇ္ဇာ၏ မှောင်ရိပ်သည် ရှိအံ့။ ထိုနေရာ၌ အရာအားလုံးကို ပယ်သတ်ပစ်လိုက်ပါ။ သေမင်း၏

## ပြည့်ဝကိုလုံသောသုခ နိဗ္ဗာန

၁။ (၁) အကြောင်းအရာ၌ အာသဝမှ လွတ်မြောက်ခြင်းရှိအံ့၊ ထိုအရပ်၌ အဝိဇ္ဇာမှ လွတ်မြောက်ခြင်းရှိ၏။

| | | | | |
|---|---|---|---|---|
| (၂) | 〃 | အဝိဇ္ဇာမှ 〃 | 〃 | သင်္ခါရမှ 〃 |
| (၃) | 〃 | သင်္ခါရမှ 〃 | 〃 | ဝိညာဏ်မှ 〃 |
| (၄) | 〃 | ဝိညာဏ်မှ 〃 | 〃 | နာမ်၊ရုပ်မှ 〃 |
| (၅) | 〃 | နာမ်၊ရုပ်မှ 〃 | 〃 | သိမှုအင်္ဂါ ၆ပါးမှ 〃 |
| (၆) | 〃 | သိမှုအင်္ဂါ ၆ပါးမှ 〃 | 〃 | ဖဿမှ 〃 |
| (၇) | 〃 | ဖဿမှ 〃 | 〃 | ဝေဒနာမှ 〃 |
| (၈) | 〃 | ဝေဒနာမှ 〃 | 〃 | တဏှာမှ 〃 |
| (၉) | 〃 | တဏှာမှ 〃 | 〃 | ဥပါဒါန် 〃 |

(၁၀) အကြောင်းအရာ၌ ဥပါဒါန်မှ လွတ်မြောက်ခြင်းရှိအံ့၊ ထိုအရပ်၌ ဘဝမှ လွတ်မြောက်ခြင်းရှိ၏။

| | | | | |
|---|---|---|---|---|
| (၁၁) | 〃 | ဘဝမှ 〃 | 〃 | ဇာတိမှ 〃 |
| (၁၂) | 〃 | ဇာတိမှ 〃 | 〃 | ဗျာဓိ၊ဇရာ၊မရဏမှ 〃 |
| (၁၃) | 〃 | ဗျာဓိ၊ဇရာ၊မရဏမှ။ | 〃 | နိဗ္ဗာန်တည်းဟူသော ပြည့်ဝကိုလုံသည့် ပျော်ရွှင်မှုရှိ၏။ |

တန်ခိုးအာဏာတည်းဟူသော စစ်သည်တော်များကို အောင်ပွဲခံရင်း ငါသည် အဆိပ်အတောက်ရှိသော သစ်မြစ်၊ သစ်ဥများ (အာသဝများ)ကို ဆေးကြောသုတ်သင်လျက် နေထိုင်၏''

ထေရီဂါထာ

၂။ အလွန်ကြည်လင်တောက်ပသော ကောင်းကင်ပြင်ဝယ် အလွန်လှပြီး ပြတ်သားစွာ ပေါ်လာသည့် သက်တန့်ရောင်ဟူသည်ကား အလွန်သေးငယ်သော ရေမှုံ ရေမွှားကလေးများကို ဖြတ်သန်းသွားသည့် အလင်းရောင်၏ ချောက်ချားမှုသာဖြစ်၏။ ဂီတ၌ ကြီးစွာသော စွမ်းရည်တန်ခိုး ရှိ၏။ လူသားတို့ကို [ဂီတရေယဉ်ကြောဝယ် နစ်မြောနေအောင်]ပြုစားနိုင်၏။ယင်းသို့ဖြစ်သည့်တိုင်အောင် ယင်း ဂီတဟူသည်ကား စည်းကိုက်ဝါးကိုက်ဖြစ်အောင် စံနစ်တကျ တီးမှုတ်အပ်သော လေလှိုင်း၏ တုန်ခါမှုသာ ဖြစ်သည်မှတပါး အခြားဘာကမှ မဟုတ်ပါပြီ။ သရက်သီးသို့မဟုတ် အရသာရှိသော အခြား အစားအစာ တခုခုကို စားသောက်ကြသည့်အခါ ချိုမြိန်သော အရသာကို ကျွန်ုပ်တို့ခံစားကြရ၏။ ဤချိုမြိန်သော အရသာဟူသည် အချင်းချင်း [အင်အားသတ္တိချင်း] ချိန်ခွင်လျှာညီမျှနေသော လျှာအတွင်းရှိ အာရုံကြောတို့၏ ချောက်ချားမှုမျှသာ ဖြစ်ချေ၏။ အစာအာဟာရက လျှာနှင့် သွားရောက်ထိသောအခါ ချိုမြိန် ကောင်းမြတ်သော အရသာကို ကျွန်ုပ်တို့တတွေ ခံစားမိကြ၏။ ခံစားမှုအာရုံမှန်သမျှသည် ချိန်ခွင်လျှာ ညီမျှနေသော အာရုံကြောတို့၏ ချောက်ချားမှုကြောင့်ဖြစ်သော တုန်ခါမှုများသာ ဖြစ်၏။

[လေထုအထက်ရှိ]အီသာ(ETHER)ခေတ်၏ချောကာချားမှု၊ တုန်ခါမှု(VIBRATION)များသည်ပင်လျှင်အရောင်အဆင်းများ ဖြစ်၏။

ထို့အတူ အတွေးအခေါ်တို့ဟူသည် နာမ်တရားတို့၏ တုန်ခါမှုများပင် ဖြစ်၏။

ဤနည်းအတူပင်လျှင် ကမ္ဘာလောကအတွင်းရှိ အရာအားလုံးသည် မရပ်မနား [လှုပ်ရှား]မှုများသာ ဖြစ်၏။ ဤမရပ်မနားမှုမှတပါး အခြား ဘာမျှ မဟုတ်လေပြီတကားဟု ကျွန်ုပ်တို့တတွေ နားလည်နိုင်ကြပါပြီ။

နိဗ္ဗာန်သည် ကိုလုံပြည့်ဝသော ရပ်နားမှု ဖြစ်၏။ အရာခပ်သိမ်းသည် အချည်းနှီးတွေသာ၊ ဗလာတွေသာ ဖြစ်၏။ နိဗ္ဗာန်သည်သာလျှင် တခုတည်းသော အစစ်အမှန် ဖြစ်၏။

၃။ ရထား ၂ စင်းသည် တချိန်တည်းမှာပင် ယှဉ်လျက်ရှိသော ရထားလမ်း ၂ ခုပေါ်တွင် စက်အားညီမျှစွာ ပြိုင်ပြေးနေလျှင် အခြားတဘက်ရှိ ရထားတွဲတခုတည်းကို ကြည့်နေသော ဤဘက်ရထားရှိ ခရီးသည်သည် ရထား ၂ စင်းစလုံး မပြေးမသွား၊ မလှုပ်ရှားဘဲ ငြိမ်နေကြသည်ဟု ထင်မှတ်ကောင်း ထင်မှတ်ပေလိမ့်မည်။

ထို့အတူပင်လျှင် ကျွန်ုပ်တို့ အဖို့အရာတွင် ငြိမ်သက်နေကြသည်ဟု ထင်မှတ်ရသော အရာမှန်သမျှသည် အလွန်သွက်လက်လျင်မြန်စွာ တုန်ခါနေကြသည့် သေးငယ်သော ပရမာနုမြူတို့၏ ဖက်စပ်ပါဝင်နေမှု အပေါင်းအစုသာ ဖြစ်၏။

နိဗ္ဗာန်ကို ချန်လှပ်၍ ကျန်သမျှအရာသည် ပြည့်ဝကိုလုံစွာ တည်ငြိမ်မှု တခုကမှ မရှိကြ။ စကြာဝဠာ လောကခေတ် တခုလုံး

သည် အပြောကျယ်စွာသော စစ်မြေပြင်သာ ဖြစ်၏။ အရာဌာန တိုင်း၌ တိုက်ခိုက်နေကြ၏။

ရင့်ရော်အိုမင်းမှုကို ဆန့်ကျင်ဘက်ပြု၍ အချည်းနှီး လုပ်ရှား ကြိုးပမ်းနေမှုကိုပင် ဘဝ (EXISTENCE) ဟု ဆိုအပ်၏။

တခုသော လူမျိုးကြီးက အခြားလူမျိုးကြီးတရပ်ကို ဆန့်ကျင် နေ၏။ လူရိုင်းတစုက အခြား လူရိုင်းတစုကို တိုက်ခိုက်နေ၏။ ကလိုရိုပလပ်စ် CHLOROPLAST က အလင်းရောင်ကို ဆန့်ကျင် ၏။ ဖြူသော ကော်ပတ်ဆဲ CORPUSCLE များက ကြောက်မက် စရာကောင်းသော ရောဂါပိုးတို့၏ ဝိဇကို ဆန့်ကျင်၏။ မမြင် နိုင်တဲ့မှု (မော်လီကျူး) တခုက အခြားတခုကို ဆန့်ကျင်၏။ အနုမြူ (ATOM) တခုက တခုကို ဆန့်ကျင်၏။ အီလက်ထရွန် တခုက တခုကို ဆန့်ကျင်နေ၏။

တိုက်ပွဲဖြစ်ရာအရပ်နှင့် စာလျှင်တော့ စိတ်၏တည်ငြိမ်မှုက ပိုပါသေး၏။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ စသည်တို့သည် တန်ပြန်တတ်သော အခံအင်အားစု၊ တိုက်ခိုက်လာတတ်သော အတိုက်အင်အားစုတို့၏ အကျိုးတရားစုတို့ပင် ဖြစ်၏။

အထက်ပါ စစ်ပွဲကြီးများ ရှိနေခြင်းကပင်လျှင် တကယ်တန်း ပြည့်ဝစစ်မှန်သောငြိမ်းချမ်းရေး၏အခြေအနေဟူသည် အမှန်ပင် ရှိ၏ဟူ၍ သက်သေခံနေ၏။ ၎င်းကား အဘယ်နည်းဟူမူ နိဗ္ဗာန် ဟုခေါ်ကြသော သဘောတရားပင် ဖြစ်၏။ [အပူရှိသော် အအေး ရှိ၏ဟူဘိသို့ မရပ်မနား တိုက်ခိုက်မှုသဘောတရား ရှိချေသော် ရပ်နားမှု၊ တည်ငြိမ်မှု၊ ငြိမ်းအေးမှု သန္တိသုခ ရှိ၏ဟူ၍ အပြန် ဗျတိရေကအားဖြင့် ယူဆနိုင် သိမြင်နိုင်၏ ဟူလို]

အကြင်မျှလောက်သော ကာလပတ်လုံး လှုပ်ရှားမှု၊ မတည်ငြိမ်မှုများကို မတည်ငြိမ်မှုဖြင့်၎င်း၊ စစ်ကို စစ်ဖြင့်၎င်း အဆုံးအဖြတ်ပေးအံ့။ ဖြေရှင်းအံ့။ ထိုမျှလောက်သော ကာလပတ်လုံး ကျွန်ုပ်တို့သည် ပြည့်ဝသော ငြိမ်းချမ်းရေး၊ ထာဝရတည်သော ငြိမ်းချမ်းရေး၊ ဝါ၊ နိဗ္ဗာန်ကို သိရှိလာကြဦးမည် မဟုတ်ပါပေ။

ကျွန်ုပ်တို့သည် အောက်ဆီဂျင်ဓာတ်ကိုရှုသွင်းပြီး ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်၊ ရေခိုးရေငွေ့နှင့် အပူဓာတ်ကို ရှုထုတ်ပစ်၏။ ဥပမာ၊ တောက်လောင်နေသော ဖယောင်းတိုင်တတိုင်၏ ပြုမူချက်နှင့်တူ၏။

အပင်များနှင့် သက်ရှိသတ္တဝါများသည် တောက်လောင်မှု၏ ဖြစ်ရပ်များ ဖြစ်၏။ ထို့ကြောင့် လောင်ကျွမ်းပေါက်ကွဲမှုကိုပင် ဘဝဟု ဆိုအပ်၏။

အပင်များ၏ စိမ်းသော အပိုင်းတို့သည် [နေ့အခါတွင်] အောက်ဆီဂျင်ဓာတ် [လောင်ကျွမ်းပေါက်ကွဲမှု၏ အထောက်အကူ]ကို ကာဗွန်ဓာတ်နှင့် ပေါင်းစပ်၍ယူထား၏။ ညအခါတွင်ကား အောက်ဆီဂျင်ဓာတ်တခုကိုသာယူ၏။ ကာဗွန်ဓာတ်ကို မယူ။

ကြာပင်များနှင့် ရေထဲရှိ အပင်များမှာ အမြစ်ထိပ်ဖျားပိုင်းသို့ အောက်ဆီဂျင်ဓာတ်ကို ယူဆောင်ရန်အတွက် အမြစ်များ၌ အခေါင်းပေါက်ကလေးများရှိ၏။ ရေထဲတွင် နစ်မြုပ်နေသော အပင်များသည် (ငါးများကဲ့သို့) ရေထဲရှိ အောက်ဆီဂျင်ဓာတ်ကို ပျက်ပြယ်စေလျက်ယူထား၏။

ဤနည်းဖြင့် ကမ္ဘာလောကအတွင်းရှိ သက်ရှိဝတ္ထုမှန်သမျှသည် အောက်ဆီဂျင်ဓာတ်ကို ရှုရှိုက်ကြ ရယူကြ၏။ ဤဓာတ်ငွေ့၏

ပြုတ္တယ်ကိစ္စကား သောင်ကျွမ်းပေါက်ကွဲမှုကို အထောက်အကူပြုရန်ပင် ဖြစ်၏။ ရာဂမီး၊ ဒေါသမီး၊ မောဟမီးတို့သည် စိတ်ခါတ်ကို ဆက်ကာဆက်ကာသာ သောင်မြိုက်၏။

နိဗ္ဗာန်သည်ကား မီးခပ်သိမ်းတို့၏ ကင်းငြိမ်းရာ အစစ်ကေန်ဖြစ်၏။[မီးခပ်သိမ်း၏ ကင်းငြိမ်းမှုကိုပင် နိဗ္ဗာန်ဟုဆိုသည် ဟူလို]

၄။ အရာဝတ္ထုအားလုံးသည် ဝတ်ဆင်ဘို့ရန်နှင့် စုတ်ပြတ်ဘို့ရန် ဖြစ်သည့် အပြုခံသားကောင်များဖြစ်၏။အရာဝတ္ထုတိုင်း၏ တိုးတက်လာမှု၊ သို့မဟုတ် ကြီးထွားလာမှုကို ကြီးမားသော အင်အားစုတခုခုက ကြန့်ကြာအောင်ပြုထား၏။

သက်ရှိသက်မဲ့ ၂ မျိုးစလုံးသည် အပြုခံသမား၊ သဘာဝတရားကား အပြုသမားဖြစ်၏၊ အကြင်မျှလောက်သော ကာလပတ်လုံး ဤအပြုခံသခ်ာတမ္မသည်ရှိနေသေးအံ့။ ထိုမျှလောက်သော ကာလပတ်လုံး မည်သည့် ပျော်ရှင်မှုကမှ မရှိနိုင်ပေ။ [ထို့ကြောင့် "သဗ္ဗေသင်္ခါရာ ဒုက္ခာ=အပြုခံသင်္ခါရတရားမှန်သမျှ ဒုက္ခတို့ချည်းသာ"ဟု ဟောတော်မူသည် ဟူလို။]

နိဗ္ဗာန်သည် ကန့်သတ်မှု မပြုအပ်သောတရား၊ မပြောင်းလဲနိုင်သောတရားဖြစ်၏။မပြုအပ်သောတရား၊ ဝါ၊ အသင်္ခတမ္မဖြစ်၏။ ထာဝရ လွတ်လပ်ရေးလဲဖြစ်၏။ သင့်တော်သော စွတ်စိုထိုင်းမှိုင်းမှုနှင့် အသီးအနှံ့ စိုက်ပျိုးရေးအတွက် လိုအပ်သော အခြားအထောက်အကူများ ပြည့်စုံသော လယ်မြေတွင် ကောက်စပါးသည် ကောင်းစွာ ပေါက်ရောက်နိုင်၏။ အလားတူပင်လျှင် လိုအပ်ချက် အခြေအနေများ လျော်ကန်သင့်မြတ်စွာ [ပြည့်စုံသော] နေရာတခုခုတွင် ရောဂါပိုးမွှားများသည် ကောင်းစွာ ရှင်သန်နိုင်၏။

ကျွန်ုပ်တို့၏ ခန္ဓာကိုယ်သည် တလံမျှသာ အတိုင်းအတာ ရှိသော်လည်း ကြောက်မက်ဘွယ်ကောင်းသော ထိုကဲ့သို့သော ရောဂါပိုးများအတွက် သင့်တော်သော မြေလွှာတခု ကောင်း ကောင်းကြီးဖြစ်နိုင်၏။ ဇာတိ၊ ဇရာ၊ မရဏတို့၏ အပြုခံ အညှဉ်းခံ ဖြစ်ကြသည့် ရူပက္ခန္ဓာ ရုပ်ဝတ္ထုအစု၊ ဝေဒနာက္ခန္ဓာ ခံစားမှုအစု၊ သညာက္ခန္ဓာ မှတ်သားမှုအစု၊ သင်္ခါရက္ခန္ဓာ ပြုမှုအစု၊ ဝိညာဏက္ခန္ဓာ သိမှုအစုတို့၌ ဒုက္ခများ ပြည့်နှက်လျက်ရှိ၏။ ထိုထိုဒုက္ခတို့မှ လွတ်မြောက်မှုသည် နိဗ္ဗာန်။ နိဗ္ဗာန်သည် ထိုထို ဒုက္ခတို့မှ လွတ်မြောက်မှု ဖြစ်၏။

ဤသည်မှာ [ဗုဒ္ဓဝါဒီတို့သည်] အဆိုးကို ရှုကြည့်တတ်သူ (PASSIMISTISTS) များဖြစ်၏ဟု အချို့သူများအတွက် အခံ ထွက်ကြမည်ဖြစ်သော်လည်း အရာဝတ္ထုတို့ကို ပုံမှန်သဘာဝအတိုင်း သိရှိရန် အသိဉာဏ် ရှာမှီးသူတို့အတွက်သော်ကား ကြီးစွာသော မွေလျော်ဘွယ်တခုဖြစ်၏။

[ဥပမာသော်ကား] အနာရောဂါဆိုင်ရာ ပညာသည်၊ ဝါ၊ ဆေးပညာရှင်များသည် ယခုအထိ မသိအပ်သေးသော ရောဂါ များ၏ လက္ခဏာတို့နှင့် အကြောင်းရင်းတို့ကို လေ့လာစူးစမ်း သည့်အခါ [ထိုသို့လေ့လာ စူးစမ်း စမ်းသပ်ရာမှ ရောဂါ၏ ဇစ်မြစ် ကို] တွေ့ရှိ ထုတ်ဖော်လာနိုင်သည့်အခါများတွင် ကြီးစွာသော နှစ်လိုအားရမှုကို ခံစားကြရ၏။

ဘက်တီးရီးယား ဗေဒသမား၊ ပါရာဇစ်ဗေဒသမားတို့သည် အဆိုးကို ရှုတတ်သူများ မဟုတ်ကြပေ။ သူတို့အားလုံး အသိဉာဏ် ရှာဖွေနေကြသူများသာ ဖြစ်ကြ၏။ ထို့ကြောင့် သစ္စာတရား

အလို့ငှာ အသိဉာဏ်ရှာဖွေသူတို့ကား သစ္စာ ၄ ပါးတို့ကို သိရှိရခြင်းအတွက် ပျော်ရွှင်ကြမည်သာတည်း။

တရံရောအခါက ဆင်းရဲနွမ်းပါးသော အဖိုးအိုတယောက်သည် မိမိ၏ ယော်စဉ်က ဘဝကို ပြန်လည် စဉ်းစားလျက် ရှိ၏။ တချိန်သောအခါက သူသည် လမ်းမကြီးအတိုင်း လမ်းလျှောက်နေစဉ် ကျောင်းနေဘက် သူငယ်ချင်း တယောက်က သူ့ထံသို့ ရွှေရှုလျက် လှည်းတစီးကို မောင်းနှင်လာ၏။ လှည်းဖြတ်သွားစဉ် လှည်းပေါ်ရှိ သူငယ်တယောက်က သူ့ကိုနှင်တံတပြာဖြင့် တအားရိုက်သွား၏။ ဤသည်မှာ နောက်ပြောင်လို၍ ရိုက်သွားခြင်းဖြစ်တန်ရာသော်လည်း အဖိုးအိုအဖို့ နာကြင်မှုဒဏ်ကိုအတော်ကလေး ခံလိုက်ရ၏။

ယခုအချိန်တွင် သူသည်[ဤအဖြစ်အပျက်ကို ပြန်လည်တွေးမိသည့်အတွက်] အခြားတနည်းဖြင့် လက်စားချေမှု ပြုလိုစိတ်ရှိ၏။ ထို့နောက် အဖိုးအိုသည် ပေးပို့သူ၏ လိပ်စာကို ဖော်ပြမထားဘဲ အလွန်အဖိုးတန်သော လက်ဆောင်ပစ္စည်းတခုကို ထိုသူငယ်ချင်းထံသို့ ပေးပို့ရန် မိတ်ဆွေတယောက်ကို ခိုင်းစေလိုက်၏။

"ဤအဖိုးအိုသည် အလွန်ရူးသွပ်သူသော်လည်း ဖြစ်ရမည်။ သို့မဟုတ် အလွန်ဆိုးဝါးမိုက်မဲသူသော်လည်း ဖြစ်ရမည်"ဟု အချို့သော သူတို့က တွေးထင်တန်ရာ၏။ သို့သော် ဤအပြုအမူမျိုးဖြင့် လက်စားချေတတ်သူအချို့ရှိ၏။

စစ်မြေပြင်တွင် အောင်ပွဲရ သူရဲကောင်းကြီးများ များစွာရှိကြ၏။ သို့သော် မိမိတို့နှလုံးသားအပေါ်တွင်ကား ဆရာကျနိုင်ဘို့အတွက် [ဗိုလ်ကျနိုင်ဘို့အတွက်] လံ့ဒလာက်အောင် ရဲရင့်သူ၊ တည်ကြည်သူမှာမူ နည်းပါးလှချေသည်တကား။

ဤအဖိုးအိုကြီးသည်ကား ဝမ်းမြောက်ခြင်း ပီတိအဟုန်ဖြင့် ရင်များသော်မှ ခုန်လျက်ရှိရာက အောက်ပါဥဒါန်းစကားများကို ကြူးရင့်ခဲ့၏။

၁။ သတ်ဖြတ်ခြင်း၊ ရက်စက်ခြင်းစသည်တို့မှ လွတ်ကင်းသည့် ငြိမ်းချမ်းရေးတည်ရှိပါစေ၊

၂။ အဝိဇ္ဇာမှ ကင်းလွတ်မှု၊ အသိပညာ၏ ပြည့်ဝမှုများ ရှိကြပါစေ။

၃။ အဝိဇ္ဇာကြောင့်ဖြစ်သော သင်္ခါရမှုများမှ ကင်းလွတ်မှု ရှိကြပါစေ။

၄။ (လ)ဇာတိကြောင့်ဖြစ်သော ဇရာမရဏတို့မှ ကင်းလွတ်ကြပါစေ။

၅။ သတ္တဝါမှန်သမျှတို့အတွက် ပြည့်ဝသော၊ ထာဝရတည်ကြည်သော ငြိမ်းချမ်းရေးတည်ရှိပါစေသတည်း။

## ပဋိစ္စသမုပ္ပာဒ်နှင့်ပတ်သက်သောအခြားသိဘွယ်များ

ဝေမေဘာဿ စသည်တို့၏ အနက်အဓိပ္ပာယ်ကို ဥဒ္ဒေသဝါရတွင် ပြဆိုအပ်သည့်နည်းဖြင့်ပင် သိရှိအပ်၏။ သင်္ဂတိ စသည်တို့ကား သမုဒယသဒ္ဒါ၏ ပရိယာယ် ဝေဝုစ်တို့သာတည်း။ ဤပဋိစ္စသမုပ္ပာဒ်တွင် အင်္ဂါ ၁၂ ပါးရှိသည့်အနက် သောက စသည်တို့ကို အကြွင့်ကြောင့် အဆုံး၌ ဆိုထား၏။ ထို့ကြောင့် 'အဝိဇ္ဇာပစ္စယာ သင်္ခါရာ'ဟူ၍ အကြွင်အဝိဇ္ဇာကို ယင်းသို့လျှင် ဤဘဝစက်ဝိုင်း၏ အစ၌ ဆိုထား၏။ ထို့ကြောင့် ထိုအဝိဇ္ဇာသည် သောက စသည်တို့ကြောင့် [ဖြစ်လာရခြင်းကိစ္စ] ပြီး၏။ ဤဘဝစက်ဝိုင်းကား အစဟူ၍ မရှိ။ ပြုသူ၊ ခံစားသူမရှိ။ ဆဲ့နှစ်ပါးသော သုညတမှ ဆိတ်သုဉ်း၏။ မပြတ်မလပ် ဆက်စပ်လျက် ဖြစ်နေ၏ဟူ၍ သိရှိအပ်၏။

က။ ဘယ်နည်း ဘယ်ပုံဖြင့် သောက စသည်တို့ကြောင့် အဝိဇ္ဇာသည် [ဖြစ်ပေါ်လာခြင်းကိစ္စ]ပြီးပါသနည်း။

ခ။ ဘယ်နည်း ဘယ်ပုံဖြင့် ဤ ဘဝစက်ဝိုင်းမှာ အစမရှိပါသနည်း။

ဂ။ ဘယ်နည်း ဘယ်ပုံဖြင့် ပြုသူ၊ ခံစားသူမရှိပါသနည်း။

ဃ။ ဘယ်နည်း ဘယ်ပုံဖြင့် ဆဲ့နှစ်ပါးသော ဆိတ်သုဉ်းခြင်းမှ ဆိတ်သုဉ်းပါသနည်း။

ယင်းသို့ မေးမြန်း ဆန်းစစ် လာခဲ့ချေသော် [**အောက်ပါ** အတိုင်း ဖြေကြားအပ်ပါသည်။]

က။ သည်နည်း သည်ပုံအားဖြင့် သောကစသည်တို့ကြောင့် အဝိဇ္ဇာသည် [ဖြစ်ပေါ်လာခြင်းကိစ္စ] ပြီးပါသည်။ ချဲ့ဦးအံ့။ ဤ၌ စိုးရိမ်မှု သောက၊ ကိုယ်ဆင်းရဲမှု ဒုက္ခ၊ စိတ်ဆင်းရဲမှု ဒေါမနဿ၊ ပြင်းစွာပူပန်မှု ဥပါယာသတို့သည် မသိမှု အဝိဇ္ဇာနှင့် မခွဲတမ်း ယှဉ်ကြ၏။ ငိုကြွေးခြင်း ပရိဒေဝ မည်သည်မှာ တွေဝေသူအား ဖြစ်ဘတ်၏။ ထို့ကြောင့် စိုးရိမ်မှု သောက စသည်တို့ [ဖြစ်ပေါ်လာခြင်းကိစ္စ] ပြီးချေသော် မသိမှု အဝိဇ္ဇာ သည်လည်း [ဖြစ်ပေါ်လာခြင်းကိစ္စ] ပြီးစီးသည်သာတည်း။

တနည်း၊ "အာသဝ ဖြစ်ပေါ်လာမှုကြောင့် အဝိဇ္ဇာ ဖြစ်လာ၏" ဟူ၍ ဗုဒ္ဓက မိန့်ခဲ့၏။ ဆက်ဦးအံ့ ။ အာသဝ ဖြစ်ပေါ်လာ သောကြောင့် ထိုသောက စသည်တို့ ဖြစ်လာကြ၏။

အသို့နည်းဟူမူ အရာဝတ္ထုကို တင်မက်မှု ဝတ္ထုကာမနှင့် ကင်းကွာမိသော် သောကတည်းဟူသော "ကာမာသဝ" ဖြစ်လာ၏။ [ဤသဘောတရား မှန်ကန်ကြောင်း] ဗုဒ္ဓ မိန့်ဆို ချက်မှာ "ကာမဂုဏ်ကို တပ်မက်သော အလိုဆန္ဒဖြစ်ပေါ် လာသည့် ထိုသတ္တဝါအား ထိုကာမဂုဏ်တို့သည် အကယ်၍ ဆုတ်ယုတ်သွားကြသည် ဖြစ်အံ့၊ မြားချက်မှန်သူကဲ့သို့ သောက ဒဏ်ကြောင့် နာကျင်ရတော့သည်" ဟူ၏။

[ခုဒ္ဒကနိကာယ်၊ ပဉ္စမအုပ်၊ စာမျက်နှာ ၃၉၉]

ဗုဒ္ဓ မိန့်ဆိုချက် ရှိသေးသည်မှာ "ကာမဂုဏ်ကြောင့် စိုးရိမ်မှု သောက ဖြစ်လာရသည်" ဟူ၏။

ဒိဋ္ဌာသဝ ဖြစ်လာမှုကြောင့် ထိုသောက စသည်တို့ အားလုံးသည် ဖြစ်လာကြ၏။ "ရုပ်ဒြပ်သည် ငါ၊ [ဤရုပ်သည်] ငါ၏ ရုပ်ဟူ၍ ထကြွလာသော အယူအဆ ဖောက်ပြန်မှု၌ တည်သူအား ထိုရုပ်သည် ပင်ကိုယ်သဘာဝကို စွန့်၏။ အခြား တပါးသော အခြင်းအရာဖြင့် ဖြစ်လာ၏။ ရုပ်၏ ပင်ကိုယ်သဘာဝ စွန့်မှု၊ အခြားတပါးသော အခြင်းအရာဖြင့် ဖြစ်လာမှုကြောင့် ထိုသူအား သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတို့ ဖြစ်လာကြ၏"ဟူသော [သံယုတ္တနိကာယ်၊ ဒုတိယအုပ် စာမျက်နှာ ၃ ရှိ] ဗုဒ္ဓ၏ စကားတော်သည် သက်သေခံသာဓကပင်ဖြစ်၏။

ဆက်ဦးအံ့။ ဒိဋ္ဌာသဝ ဖြစ်လာသည့်အတွက် [သောက စသည်တို့] ဖြစ်လာသည့် နည်းတူ ဘဝါသဝ ဖြစ်လာသည့် အတွက်ကြောင့်လည်း [သောကစသည်တို့ ဖြစ်လာကြ၏။]

[ဤသဘောတရား မှန်ကန်ကြောင်း] ဗုဒ္ဓ မိန့်ဆိုချက်မှာ "ရဟန်းတို့၊ အကြင် နတ်ပြဟ္မာတို့သည် အသက်ရှည်ကြ၏။ ရုပ်အဆင်း တင့်တယ်လှပကြ၏။ ချမ်းသာမှုသာ များကြ၏။ မြင့်မြတ်သော ဗိမာန်များမှာ အကြာကြီး ခံစားဘည်ရှိကြ၏၊ ထိုသူတို့သည် တထာဂတ၏ တရားဓမ္မ ဟောကြားပြသမှုကို ကြားနာရပြီးသည့်နောက် အများအားဖြင့် ကြောက်ရွံ့လာကြ၏။ ထိတ်လန့်ကြ၏။ နှလုံးတုန် ရင်ခုန် ဖြစ်လာကြ၏"ဟူ၏။ [သံယုတ္တ နိကာယ်၊ ဒုတိယအုပ် ၇၀ နှင့် အင်္ဂုတ္တရနိကာယ်၊ ပဉ္စမအုပ်၊ စာမျက်နှာ ၃၄၂]

ဥပမာ [နတ်ပန်း ညှိုးလာခြင်း၊ အဝတ်တန်ဆာ ညစ်နွမ်း လာခြင်း၊ လက်ကတီးကြားမှ ချွေးထွက်လာခြင်း၊ ရုပ်အဆင်း ပျက်ပြားလာခြင်း၊ နတ်ဗိမာန်တွင် နေရသည်မှာ မပျော်မရွှင်

ဖြစ်လာခြင်း ဟူသော]နိမိတ် ၅ ပါးကို တွေ့မြင်ရ၍ သေဘေး၏ အချောက်အလှန့် ခံနေရသော နတ်တို့အား တုန်လှုပ်မှု ဖြစ်လာသကဲ့သို့တည်း။

သင်္ခါရ ဖြစ်လာသည့်အတွက် သောက စသည်တို့ ဖြစ်လာသည့် နည်းတူ အဝိဇ္ဇာသစ ဖြစ်လာသည့်အတွက်ကြောင့်လည်း ထိုသောကတို့ဖြစ်လာကြ၏၊ [ဤသဘောတရားမှန်ကန်ကြောင်း] ဗုဒ္ဓ မိန့်ဆိုချက်မှာ "ရဟန်းတို့၊ ထိုမိုက်မဲသူသည် မျက်မှောက်ပစ္စက္ခတ၀မှာပင်လျှင် [မသော်မလျော်သော စကားသံကို ကြားရခြင်း၊ ကိုယ်ကြမ္မာဆိုး ထင်မြင်လာခြင်း၊ သေခါနီးတွင် မကောင်းမှုကံတို့ ရှေ့ရှုထင်လာခြင်း ဟူသော] ၃ မျိုး ပြားသည့် ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှုကို ခံစားရ၏" ဟူ၏။

[မဇ္ဈိမနိကာယ်၊ တတိယအုပ်၊ စာမျက်နှာ ၂၀၂]

ယင်းသို့လျှင် အာသဝတို့ ဖြစ်ပေါ်လာသည့်အတွက် ထိုသောက စသည်တို့က အကြွင်းကြောင့် ဖြစ်လာကြ၏။ ယို့ကြောင့် ထိုသောကတို့[ဖြစ်လာခြင်းကိစ္စ]ပြီးသော်အကြောင်း ရှိလျှင် အကျိုးဖြစ်လာခြင်းကြောင့် အဝိဇ္ဇာသည်လည်း[ဖြစ်ပေါ်လာရခြင်းကိစ္စ] ပြီးစီးတော့သည်သာ။

ဤဘွင် ယင်းသို့လျှင် "[သည်နည်း သည်ပုံအားဖြင့်]သောက စသည်တို့ကြောင့် အဝိဇ္ဇာသည် [ဖြစ်လာရခြင်းကိစ္စ] ပြီးစီး၏" ဟူ၍ သိရှိအပ်သည် အပ်၏။

ခ။ သည်နည်း သည်ပုံအားဖြင့် ဤဘဝစက်ဝိုင်းသည် အစဟူ၍ မရှိပြီ။ အကြွင်းကြောင့်ကား ယင်းသို့ အကြောင်းရှိလျှင် အကျိုးဖြစ်လာခြင်းကြောင့် အဝိဇ္ဇာသည် [ဖြစ်လာခြင်းကိစ္စ] ပြီးစီးသော် အဝိဇ္ဇာကြောင့် သင်္ခါရတို့ ဖြစ်လာကြပြန်၏။

သင်္ခါရတို့ကြောင့် ဝိညာဏ် ဖြစ်လာ၏။ ယင်းသို့လျှင် အကြောင်း အရပ်ရပ် အကျိုးအဆက်ဆက်၏ ဆုံးခန်းတိုင်ခြင်းသည် မရှိပါ လေပြီ။ ထို့ကြောင့် "အကြောင်း အရပ်ရပ် အကျိုး အဆက် ဆက်နှင့် ဆက်စပ်သည့် အစွမ်းအားဖြင့် ဖြစ်ပေါ်လာသော၊ အင်္ဂါ ၁၂ ရပ်ရှိသော ဘဝစက်ဝိုင်းသည် အစဟူ၍ မရှိပါပြီ" ဟူ၍ ပြီးစီးချက် ရှိလာ၏။

အဝိဇ္ဇာသည် [သံသရာ၏] အစအဦး မဟုတ်။ သံသရာ ကျင်လည်ရခြင်း၏ ပဓာနတရားသာ။ 'ဘဝစက်ဝိုင်းသည် အစဟူ၍ မရှိပါပြီ'ဟု ယင်းသို့ ဆိုထားသော် အဝိဇ္ဇာပစ္စယာ သင်္ခါရာ ဟူသော အစအဦး၏ အဖြစ်ကို [အဝိဇ္ဇာကို အစဦးဆုံးထားကာ] ဆိုထားခြင်းသည် ဆန့်ကျင်၏ ဟူ၍ ဆိုလာပါလျှင် ဤစကား ရပ်သည် အစအဦး၏ အဖြစ်ကိုဆိုထားခြင်း မဟုတ်။ ထိုစကား ရပ်သည် 'ပြဋ္ဌာန်းသော တရား=ပဓာနဓမ္မ'ကိုသာ ဆိုထားခြင်း ဖြစ်၏။ မှန်၏။ ဝဋ်သုံးပါးတို့၏ ပဓာနဓမ္မကား 'အဝိဇ္ဇာ'ပင် ဖြစ်၏။

ခွဲဦးအံ့။ မသိမှု အဝိဇ္ဇာကို ကိုင်စွဲထားသဖြင့် အကြွင်း ကိလေသာဝဋ်သည်ရင်း၊ ကမ္မဝဋ်၊ ဝိပါကဝဋ်သည်ရင်း မိုက်မဲ သူကို ရစ်ပတ်ဖွဲ့နှောင်ထားတော့၏။ ဥပမာ၊ မြွေ၏ ဥက္ကောင်းကို ကိုင်ထားသဖြင့် ကျန်သမျှ တကိုယ်လုံးက လက်မောင်းကို ရစ်ပတ် ဖွဲ့နှောင်ထားသည်နှင့် တူ၏။ သို့သော် အဝိဇ္ဇာကို အကြွင်းမဲ့ ပယ်ဖြတ်လိုက်ပါက ထိုကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်တို့မှ လွတ်မြောက်သွားတော့၏။ ဥပမာ၊ မြွေ၏ဥက္ကောင်းကို ဖြတ်သစ် လိုက်သော် လက်မောင်းကို ရစ်ပတ်နှောင်ဖွဲ့မှု ခံနေရခြင်းမှ လွတ်ကင်းသည့် ပမာတည်း။ [ဤသည်နှင့်ပတ်သက်၍] ဗုဒ္ဓ၏

မိန့်ကြားချက်ကား "အဝိဇ္ဇာ၏ပင်လျှင် အကြွင်းမဲ့ တပ်မက်ခြင်း ကင်းလျက် ချုပ်ငြိမ်းခြင်းကြောင့် သင်္ခါရ ချုပ်ငြိမ်း၏" စသည် တည်း။ ယင်းသို့လျှင် အကြွင်းသဘောတရားကို ကိုင်စွဲသွားသူ အား ရစ်ပတ်ဖွဲ့နှောင်ထား၏။ လွတ်ပစ်သူအား လွတ်ကင်း၏။ ထိုသဘောတရား၏ ပဓာနအဖြစ် [ပြဋ္ဌာန်းသည့်အခြေအနေ] ကိုသာ ပြဆိုခြင်း ဖြစ်၏။ အစ ပဌမ ဖြစ်သည်ဟု ပြဆိုခြင်း မဟုတ်ပါချေ။ ထို့ကြောင့် 'ဤဘဝစက်ဝိုင်းသည် အစဟူ၍ မရှိပါပြီ'ဟူသော စကားကို [ဤနည်း ဤပုံဖြင့်] ဤသို့ သိရှိ အပ်၏။

ဂ။ သည်နည်းသည်ပုံဖြင့် ပြုသူ၊ ခံစားသူ မရှိပါပြီ။ ထိုဘဝ စက်ဝိုင်းသည် အကြွင့်ကြောင့် အဝိဇ္ဇာစသော အကြောင်းတရား တို့ကြောင့် အကျိုးတရား သင်္ခါရစသည်များ၏ ဖြစ်ပေါ်လာခြင်း မျှသာ ဖြစ်၏။ ထို့ကြောင့် [သဘာဝဓမ္မကို ယထာဘူတကျကျ] မသိမှု အဝိဇ္ဇာစသော အကြောင်းတရားတို့မှတပါး အခြားသော၊ 'ဗြဟ္မာသည် မြတ်သောဗြဟ္မာကြီး ဖြစ်၏။ ချီးမွမ်းအပ်၏။ စီရင် တတ်၏။ ဖန်ဆင်းတတ်၏'ဟူ၍ ကြံဆအပ်သော၊ ဗြဟ္မာ အစရှိ သော 'သံသရာကို ပြုလုပ်တတ်သူ'မှ ကင်း၏။

'ငါ၏ခန္ဓာကိုယ်သည် စကားပြောတတ်၏။ အာရုံခံစား တတ်၏' စသည်ဖြင့် ကြံဆအပ်သော၊ အတ္တကောင်ဖြစ်သော၊ သုခ၊ ဒုက္ခဝေဒနာကို 'ခံစားတတ်သူ'မှ ကင်း၏။

ထို့ကြောင့် 'ပြုသူ၊ ခံစားသူမှ ကင်း၏'ဟူသော စကားကို [ဤနည်း ဤပုံအားဖြင့်] ဤသို့ သိရှိအပ်၏။

ဃ။ သည်နည်း သည်ပုံအားဖြင့် ၁၂ ပါးသော ဆိတ်သုဉ်း ခြင်းမှ ဆိတ်သုဉ်းဘိ၏။ အကြွင့်ကြောင့် ဤဘဝစက်ဝိုင်းတွင်

အဝိဇ္ဇာသည် ဖြစ်ပေါ်လာခြင်း၊ ပျောက်ပျက်သွားခြင်း သဘာဝ ရှိသည့်အတွက်ကြောင့် 'တည်မြဲမှု-နိစ္စသဘာဝ'မှ ဆိတ်သုဉ်း၏။ စိတ်ခါတ် ညစ်ညမ်းစေတတ်သော ကိလေသာနှင့်ယှဉ်သည့် အတွက်ကြောင့်ရင်း၊ ကိလေသာ၏အာရုံဖြစ်သည့်အတွက်ကြောင့် ရင်း 'တင့်တယ်မှု-သုဘ သဘာဝ'မှ ဆိတ်သုဉ်း၏။ ဖြစ်ပျက် တို့၏ အနှိပ်စက်ခံ ဖြစ်သည့်အတွက်ကြောင့် 'ချမ်းသာမှု-သုခ သဘာဝ'မှ ဆိတ်သုဉ်း၏။ အကြောင်းတရားနှင့် စပ်သွယ်၍ ဖြစ်သည့်အတွက်ကြောင့် 'မိမိအလိုဆန္ဒသို့ လိုက်၍ဖြစ်တတ်သော အတ္တသဘာဝ'မှလည်း ဆိတ်သုဉ်း၏။ သင်္ခါရစသော အင်္ဂါများ လည်း ထို့အတူပင်။

တနည်း [သဘာဝမွေကို ယထာဘူတကျကျ] မသိမှု-အဝိဇ္ဇာ သည် အတ္တမဟုတ်။ မိမိ၏အတ္တ မဟုတ်။ မိမိ၌ မရှိ။ မိမိအလို ဆန္ဒသို့ မလိုက်လျောတတ်။ သင်္ခါရစသော အင်္ဂါများလည်း ထို့အတူပင်။

[ဤသည်မှာ'အဝိဇ္ဇာ'ဟူသောအင်္ဂါတခုအတွက် ဆိတ်သုဉ်းပုံ ဖြစ်၏။ အင်္ဂါများက ၁၂ ခုရှိသည့်အတွက် ဆိတ်သုဉ်းမှု ၁၂ ခု ဖြစ်လာ၏။ ထို့ကြောင့် '၁၂ ပါးသော ဆိတ်သုဉ်းခြင်း'ဟု ဆိုထား၏။ အင်္ဂါ ၁၂ ခုတို့မှာ အဝိဇ္ဇာ+သင်္ခါရ+ဝိညာဏ်+ နာမ်ရုပ် + သဠာယတန + ဖဿ + ဝေဒနာ+တဏှာ+ဥပါဒါန်+ ဘဝ+ဇာတိ+ဇရာ မရဏ စသည်=၁၂]

ထို့ကြောင့် 'ဤဘဝစက်ဝိုင်းသည် ၁၂ ပါးသော ဆိတ်သုဉ်း ခြင်းဖြင့် ဆိတ်သုဉ်းဘိ၏' ဟူ၍ [သည်နည်း သည်ပုံအားဖြင့်] သိရှိအပ်၏။

ဆက်ဦးအံ့။ ယင်းသို့ သိရှိပြီးလျှင် တဖန်သော်

က။ အဝိဇ္ဇာနှင့်တဏှာသည် ထိုဘဝစက်ဝိုင်း၏ အကြောင်းရင်းမူလ ဖြစ်၏။

ခ။ အတိတ် စသော ကာလသုံးပါး ရှိ၏။ [အတိတ်ကာလ] အင်္ဂါ ၂ ခု၊ [ပစ္စုပ္ပန်ကာလ] အင်္ဂါ ၈ ခု၊ [အနာဂတ်ကာလ] အင်္ဂါ ၂ ခုရှိ၏။

ပြဆိုအံ့သောနည်းဖြင့် ထိုမူလ စသည်တို့၌ သရုပ်သကောင်အားဖြင့် အင်္ဂါရပ်များကို သိရှိအပ်ကုန်၏။

အဝိဇ္ဇာနှင့်တဏှာဟူသော တရားနှစ်ပါးသည် ထိုဘဝစက်ဝိုင်း၏ အကြောင်းရင်းမူလ တရားဟု သိနားလည်အပ်၏။

[အတိတ်တည်းဟူသော]ရှေးအဖို့မှသည် ပစ္စုပ္ပန်အကျိုးတရားဆီသို့ ရှေးရှုဆောင်လာတတ်သောကြောင့် အဝိဇ္ဇာအရင်းခံမူလရှိသော၊ ဝေဒနာအဆုံးရှိသော [ရှေ့ပိုင်းဘဝစက်ဝိုင်းခြမ်းတခု]၊ [ပစ္စုပ္ပန်အကြောင်းတရားနှင့်] အနာဂတ်အဖို့တစု [=အနာဂတ်အကျိုးတရား]ကို တစပ်တည်းကဲ့သို့ စပ်တတ်သောကြောင့် တဏှာအရင်းခံမူလရှိသော၊ဇရာမရဏအဆုံးရှိသော[နောက်ပိုင်းဘဝစက်ဝိုင်းခြမ်းတခု]ဟူ၍ 'မူလ ၂ ခု' [စက်ဝိုင်း ၂ ခြမ်း]ရှိ၏။ ထို ၂ ခုတို့အနက် ရှေ့အဝိဇ္ဇာမူလကို ဒိဋ္ဌိစရိုက်၏ အစွမ်းဖြင့် ဟောထား၏။ နောက်ပိုင်းတဏှာမူလကို တဏှာစရိုက်၏ အစွမ်းအားဖြင့် ဟောထား၏။

အဘယ်ကြောင့်ဟူမူ ဒိဋ္ဌိစရိုက်ရှိသူ[=အယူအဆဖောက်ပြန်မှုအားကြီးသူ]တို့အား မသိမှု အဝိဇ္ဇာသည် သံသရာ၌ ဦးစီးသာတည်း။ တဏှာစရိုက်ရှိသူ [=တပ်မက်မှုအားကြီးသူ]တို့အား တပ်မက်မှုတဏှာသည် သံသရာ၌ ဦးစီးခေါင်းဆောင်သာတည်း။

တနည်း၊ [သေသည့်နောက်မှာ ဘာကမှမရှိတော့ပါဟူသော အယူအဆလွဲမှားမှု] ဥစ္ဆေဒ ဒိဋ္ဌိကို ပယ်အံ့သောငှာ ရှေ့အဝိဇ္ဇာမူလကို ဟောတော်မူ၏။ အကြောင်းမှာ အကျိုးတရား ဖြစ်လာခြင်းကြောင့် အကြောင်းတရားတို့ မပြတ်စဲခြင်းကို ပြဆိုသည့်အတွက်ကြောင့်တည်း။ [အကျိုးတရား ဖြစ်လာရခြင်းသည် အကြောင်းတရားရှိနှင့်ခဲ့သည်ကို ပြဆိုသောကြောင့်ပင် ဟူလို] [အတ္တကောင်ကလေးသည် တဘဝမှ တဘဝသို့ ဆက်လက်နေ၏ ဟူသော အယူအဆလွဲမှားမှု] သဿတဒိဋ္ဌိကို ပယ်အံ့သောငှာ နောက်တဏှာမူလကို ဟောတော်မူ၏။ အကြောင်းမှာ ဖြစ်ပေါ်လာသမျှတို့၏ ရင့်ကျက်အိုမင်းမှု၊ ပျက်စီး သေဆုံးမှုကို ပြဆိုသည့်အတွက်ကြောင့်တည်း။

တနည်း၊ ဂဗ္ဘသေယျက သတ္တဝါတို့၏ အစွမ်းအားဖြင့် ရှေ့အဝိဇ္ဇာမူလကို ဟောထားတော်မူ၏။ အကြောင်းမှာ[အဝိဇ္ဇာပြီး သင်္ခါရ၊ သင်္ခါရပြီး ဝိညာဏ်စသည်ဖြင့်]အစဉ်လိုက် ဖြစ်ပေါ်လာခြင်းကို ပြဆိုသောကြောင့်တည်း။ ဩပပါတိက သတ္တဝါတို့၏ အစွမ်းအားဖြင့် နောက်တဏှာမူလကို ဟောထားတော်မူ၏။ အကြောင်းမှာ [ရသင့်ရထိုက်သော ရုပ်တရား နာမ်တရားတို့] အတူတကွဖြစ်ခြင်းကို ပြဆိုသည့်အတွက်ကြောင့်တည်း။

ထိုဘဝစက်ဝိုင်းမှာ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟူ၍ ကာလ ၃ ပါးရှိ၏။ ၎င်းတို့အနက် ပါဠိတော်၌ သရုပ်သကောင်ဖြင့် လာသည့်အတိုင်း အဝိဇ္ဇာ သင်္ခါရဟူသော ဤအင်္ဂါ ၂ ခုတို့သည် အတိတ်ကာလတို့တည်း။

ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝဟူသော ဤအင်္ဂါ ၈ ခုတို့သည် ပစ္စုပ္ပန် ကာလတို့ တည်း။

ဇာတိ၊ ဇရာမရဏဟူသော ဤသင်္ဂါ ၂ ခုတို့ကား အနာဂတ် ကာလတို့တည်း။ ယင်းသို့ သိနားလည်အပ်၏။

တဖန်သော်

က။ ထိုဘဝစက်ဝိုင်း၌ အကြောင်းတရား၊ အကျိုးတရား၊ အကြောင်းတရားပြဋ္ဌာန်းသော အစပ် ၃ စပ်ရှိ၏။

ခ။ အလွှာ ၄ လွှာရှိ၏။

ဂ။ ခြင်းရာ ၂၀ ရှိ၏။

ဃ။ ဝဋ် ၃ ပါးရှိ၏။

[ထိုဝဋ်သုံးပါးရှိသော ဘဝစက်ဝိုင်းသည်] အမြဲမပြတ် ဒလစပ် လည်ဘိ၏။

ထိုတွင်

က။ အစပ် ၃ စပ်ဟူသည်မှာ

၁။ အဝိဇ္ဇာ သင်္ခါရတို့နှင့် ပဋိသန္ဓေ ဝိညာဏ်အကြားရှိ အစပ်တစပ် ကား [အတိတ်] အကြောင်းနှင့် [ပစ္စုပ္ပန်] အကျိုး စပ်သည် မည်၏။

၂။ ဝေဒနာနှင့် တဏှာအကြားရှိ အစပ်တစပ်ကား [ပစ္စုပ္ပန်] အကျိုးနှင့် [ပစ္စုပ္ပန်]အကြောင်း စပ်သည် မည်၏။

၃။ ဘဝနှင့်ဇာတိအကြားရှိ အစပ်တစပ်ကား [ပစ္စုပ္ပန်] အကြောင်းနှင့် [အနာဂတ်] အကျိုး စပ်သည် မည်၏။

ယင်းသို့လျှင် အကြောင်း၊ အကျိုး၊ အကြောင်းပြဋ္ဌာန်းသော အစပ် ၃ စပ်ဟု သိနားလည်အပ်၏။

ခ။ အလွှာ ၄ လွှာဟူသည်မှာ

အစပ်တို့၏ အစ အဆုံးကို ပိုင်းခြားသတ်မှတ်လိုက်သော် ထိုဘဝ စက်ဝိုင်းအား အလွှာ ၄ လွှာရှိလာ၏။ ၎င်းတို့မှာ

၁။ အဝိဇ္ဇာ သင်္ခါရသည် အတိတ်အကြောင်း ပဌမ အလွှာ။

၂။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတို့သည် ပစ္စုပ္ပန် အကျိုး ဒုတိယအလွှာ။

၃။ တဏှာ၊ ဥပါဒါန်၊ ဘဝတို့သည် ပစ္စုပ္ပန်အကြောင်း တတိယအလွှာ။

၄။ ဇာတိ၊ ဇရာမရဏသည် အနာဂတ်အကျိုး စတုတ္ထ အလွှာ။

ယင်းသို့လျှင် ဤဘဝစက်ဝိုင်းသည် အလွှာ ၄ လွှာရှိ၏ဟု သိရှိနားလည်အပ်၏။

ဂ။ ခြင်းရာ ၂၀ ဟူသည်မှာ

အတိတ်အကြောင်း ၅ ပါး၊ ပစ္စုပ္ပန်အကျိုး ၅ပါး၊ ပစ္စုပ္ပန် အကြောင်း ၅ ပါး၊ အနာဂတ်အကျိုး ၅ ပါးဟူသော ဤအခြင်း အရာ ၂၀ တို့ဖြင့် 'ခြင်းရာ ၂၀'တည်းဟု သိရှိနားလည်အပ်၏။ ထိုတွင်

၁။ 'အတိတ်အကြောင်း ၅ ပါး'ဟူသော စကားရပ်ဝယ် မသိမှု အဝိဇ္ဇာနှင့် ပြုမှုသင်္ခါရ နှစ်ပါးကို ဆိုထားခဲ့ပြီး ဖြစ်၏။ အကြင့်ကြောင့်ပညာမဲ့သူ [=အဝိဇ္ဇာဖုံးလွှမ်းထားသူ]သည် အာရုံ ကို တပ်မက်၏။ ဝါ၊ တဏှာဖြစ်လာ၏။ တပ်မက်သူ [=တဏှာ

ရှိသူ]သည် အာရုံကို သည်းစွာစွဲလန်း၏၊ ဝါ၊ ဥပါဒါန်ဖြစ်လာ၏။ ထိုပညာမဲ့သူအား အာရုံကိုသည်းစွာ စွဲလန်းသောကြောင့် [တစုံတခုကို ပြုမှုဟူသော] ကမ္မဘဝဖြစ်လာ၏။ ထို့ကြောင့် [အတိတ်အကြောင်းတရားအတွက် အဝိဇ္ဇာနှင့် သင်္ခါရတို့ သာမကဘဲ] တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝတို့ကိုလည်း ယူအပ်ကုန်၏။ ထို့ကြောင့် "ရှေးဘဝရှိ ပြုမှု ကမ္မဘဝ၌ တွေဝေမှု မောဟသည် အဝိဇ္ဇာ၊ ရှေးဦးစွာ အားထုတ်မှုသည် သင်္ခါရ၊ နှစ်သက်မှုသည် တဏှာ၊ သည်းစွာ စွဲလန်းမှုသည် ဥပါဒါန်၊ အရာဝတ္ထုကို စွန့်လွှတ်သည့်အခါ ဖြစ်လာသော စေတနာသည် ကမ္မဘဝ၊ ရှေးဘဝရှိ ကမ္မဘဝ၌ [ပါဝင်သော] ဤသဘောတရား ၅ ပါးတို့သည် ဤပစ္စုပ္ပန်ဘဝရှိ ပဋိသန္ဓေ [=လူသား သတ္တဝါ စသည်ဖြင့် မွေးဖွားလာရခြင်း]၏ အကြောင်းရင်းတို့တည်း" ဟူ၍ [ခုဒ္ဒကနိကာယ်၊ ပဋိသမ္ဘိဒါမဂ္ဂ ပါဠိတော်၊ စာမျက်နှာ ၅၀ တွင်] ဟောတော်မူခဲ့၏။

ထိုပါဠိတော်တွင် 'ရှေးဘဝရှိ ပြုမှု ကမ္မဘဝ' ဟူသည်မှာ 'အတိတ်ဘဝ၌ [တစုံတခုပြုလုပ်မှု] ကမ္မဘဝကိုပြုသည်ရှိသော်' ဟု ဆိုလို၏။ 'တွေဝေခြင်း မောဟသည် အဝိဇ္ဇာ' ဟူသည်မှာ ထိုကမ္မဘဝ [=တစုံတခုပြုလုပ်မှု]ကို ပြုသည့်အခါ ဆင်းရဲခြင်းအမှန်ဟူသော ဒုက္ခသစ္စာ စသည်တို့၌ [ဒုက္ခကို ဒုက္ခမှန်းမသိသော] အကြောင်တွေဝေမှု မောဟသည် ပါရှိ၏။ အကြောင်မောဟဖြင့် တွေဝေနေသူသည် ဘဝသို့ လားရောက်စေတတ်သော ကံအမှုကို ပြု၏။ ထိုသို့သော တွေဝေခြင်း သဘောတရားသည် အဝိဇ္ဇာ မည်၏။

'ရှေးဦးစွာ အားထုတ်မှုသည် သင်္ခါရ'ဟူသည်ကား ဘဝသို့ လားရောက် စေတတ်သော ထိုကံအမှု ပြုသူအား အကြောင် ရှေ့စေတနာတို့သည် ရှိကြ၏။ [ထိုရှေ့စေတနာတို့သည် သင်္ခါရတို့ တည်း။] ဥပမာ အလှူအတန်း ပြုလုပ်အံ့ဟု စိတ်စေတနာဖြစ်လာ ပြီးနောက် တလတိုင်တိုင်ဖြစ်စေ၊ တနှစ်တိုင်တိုင်ဖြစ်စေ၊ လှူဘွယ် ဝတ္ထုများကို စီစဉ်နေသူအား ဖြစ်ပေါ်နေသော ရှေ့စေတနာ များကို 'သင်္ခါရ'ဟု ဆိုအပ်၏။ အလှူခံ၏လက်ထဲသို့ အလှူဝတ္ထု ကို ပေးအပ်လိုက်သူအား ဖြစ်ပေါ်လာသည့် လက်ငင်းစေတနာ ကို 'ကမ္မဘဝ'ဟု ဆိုအပ်၏။ တနည်း၊ အာဝဇ္ဇန်းတချက်ရှိသော ရှေ့ဇောစိတ် ၆ခုရှိစေတနာသည် 'သင်္ခါရ' မည်၏။ သတ္တမဇော ရှိ စေတနာသည် 'ကမ္မဘဝ' မည်၏။ တနည်း၊ အမှတ်မပြု တခုခု သော စေ့ဆော်မှု စေတနာသည်'ကမ္မဘဝ'၊ ထိုစေတနာနှင့်တကွ ဖြစ်သော်ဖြစ်ဘက် တရားတို့ကား 'သင်္ခါရ' မည်၏။

[ကမ္မဘဝနှင့် သင်္ခါရသည် ပြုမှုချင်းတူ၏။ သို့သော် မတူ ကွဲပြား ခြားနားချက်လည်း ရှိသေး၏ဟု သတိပြုမိကြပါလိမ့် မည်။]

'နှစ်သက်မှုသည် တဏှာ'ဟူသည်မှာ ကောင်းမှုကံ မကောင်း မှုကံကို ပြုလုပ်သောထိုသူအား အကျိုးတရားဖြစ်သော ဖြစ်လတ္တံ့ ဥပပတ္တိဘဝ၌ အကြင်လိုလားမှုသည် ရှိ၏၊ အကြင် တောင့်တမှု သည် ရှိ၏။ ထိုလိုလားမှု၊ တောင့်တမှုသည် တဏှာသာတည်း။

'သည်းစွာ စွဲလန်းမှုသည် ဥပါဒါန်' ဟူသည်မှာ'ဤကောင်းမှု ကို ပြုပြီးလျှင် ဤမည်သော ဘုံဌာနမှာ ကာမဂုဏ် စည်းစိမ်တွေ ကို မှီဝဲခံစားအံ့၊ ဖြစ်အံ့'ဟသည်ဖြင့် ဖြစ်ပေါ်လာသော၊ ဘဝ၏ တကြောင်းဖြစ်သော အကြင်အာရုံကို [ကာမုပါဒါန်သဘောဖြင့်]

စွဲလန်းခြင်းသည် ရှိ၏။ အကြင်အာရုံကို [ကြွင်းဥပါဒါန် သုံးပါး သဘောအားဖြင့်] လွဲမှားစွာ သုံးသပ်ခြင်းသည်ရှိ၏။ ဤစွဲလန်းခြင်း၊ အမှားသုံးသပ်ခြင်းသည် ဥပါဒါန်သာတည်း။

'အရာဝတ္ထုကို စွန့်လွှတ်သည့်အခါ ဖြစ်လာသော စေတနာသည် ကမ္မဘဝ'ဟူသည်မှာ အားထုတ်မှု၏ အဆုံး၌ ပြုဆိုအပ်သော စေတနာသည် ကမ္မဘဝသာတည်း။

ဤသို့သော အနက်အဓိပ္ပာယ်ကို သိရှိနားလည်အပ်၏။

၂။ 'ပစ္စုပ္ပန်အကျိုး ၅ ပါး'ဟူသည်မှာ ပါဠိတော်၌ လာရှိပြီးဖြစ်သော ဝိညာဏ်အစ ဝေဒနာ အဆုံးရှိသော အကျိုးတရား ၅ပါး အပေါင်းတည်း။ ထို့ကြောင့် "ပစ္စုပ္ပန်ဘဝရှိ ပဋိသန္ဓေသည် ဝိညာဏ်၊ မိခင်လောင်း၏ ဝမ်းထဲသို့ သက်ဝင်သကဲ့သို့ ဖြစ်ခြင်းသည် နာမ်ရုပ်၊ အကြည်ဓာတ်သည် အာယတန၊ ထိတွေ့မှုသည် ဖဿ၊ ခံစားမှုသည်ဝေဒနာ၊ ဤပစ္စုပ္ပန် ဥပပတ္တိဘဝမှာ ဖြစ်ပေါ်လာကြသည့် ဤတရား ၅ပါးသည် ရှေးဘဝ၌ ပြုအပ်သော ကံတရားအား ကျေးဇူးပြုကြ၏" ဟူ၍ [ခုဒ္ဒကနိကာယ်၊ ပဋိသမ္ဘိဒါ မဂ္ဂပါဠိတော်၊ စာမျက်နှာ၅၀တွင်] ဟောတော်မူခဲ့၏။

[အကျိုးတရားဖြစ်ပေါ်လာခြင်းကြောင့် အကြောင်းတရား၏ မပြတ်မလပ်ဖြစ်ခြင်းကို သိအပ်၏။ သိနိုင်၏ဟု နှလုံးပြုကာ "ဤတရား ၅ပါးတို့သည် ရှေးဘဝ၌ ပြုအပ်သော ကံတရားအား ကျေးဇူးပြုကြ၏"ဟူသော စကားကို ဆို၏။]

ထိုပါဠိတော်တွင် 'ပဋိသန္ဓေသည် ဝိညာဏ်' ဟူသည်မှာ အကြင်စိတ်သည် ဘဝဟောင်းနှင့် ဘဝသစ်ကို ဆက်စပ်ပေးခြင်း အစွမ်းအားဖြင့် ဖြစ်ပေါ် လာတတ်သည့် အတွက်ကြောင့်

‘ပဋိသန္ဓေ’ဟု ဆိုအပ်၏။ ထိုပဋိသန္ဓေစိတ်သည် ဝိညာဏ်သာတည်း။

‘မိခင်လောင်း၏ ဝမ်းထဲသို့ သက်ဝင်ဘိသကဲ့သို့ ဖြစ်ခြင်းသည် နာမ်ရုပ်’ဟူသည်မှာ အမိဝမ်းတည်းဟူသော တိုက်ခန်းထဲသို့ နာမ်တရား၊ရုပ်တရားတို့က ဝင်လာဘိသကဲ့သို့သော ဖြစ်ခြင်းဟူသည် ရှိ၏။ ဤသို့ ဖြစ်တတ်သောတရားသည် နာမ်ရုပ်မည်၏။

‘အကြည်ဓာတ်သည် အာယတန’ဟူသော ဤစကားရပ်သည် စက္ခာယတနတည်းဟူသော အကြည်ဓာတ်စသည့် အာယတန ၅ပါး၏ အစွမ်းဖြင့် ပြဆိုအပ်သောစကား ဖြစ်၏။

‘ထိတွေ့မှုသည် ဖဿ’ ဟူသည်မှာ အကြင် သဘောတရားသည် အာရုံကိုထိတွေ့လျက် ဖြစ်ပေါ်လာ၏။ထိုသို့သော သဘောတရားသည် ဖဿဖြစ်၏။

‘ခံစားမှုသည် ဝေဒနာ’ဟူသည်မှာ ပဋိသန္ဓေ ဝိညာဏ်နှင့်ဖြစ်စေ၊ အာယတနခြောက်ပါးလျှင် အကြောင်းရင်းရှိသော ဖဿနှင့်ဖြစ်စေ အတူတကွ ဖြစ်ပေါ်လာသော အကြင်အကျိုးတရားဖြစ်သည့် ခံစားမှုသည် ရှိ၏။ ထိုခံစားမှုသည် ဝေဒနာဖြစ်၏။

ဤသို့သော အနက်အဓိပ္ပာယ်ကို သိရှိ နားလည်အပ်၏။

၃။ ‘ပစ္စုပ္ပန်အကြောင်း ၅ပါး’ဟူသည်မှာ ပါဠိတော်၌ လာရှိပြီး ဖြစ်သော တဏှာ စသည်တို့ဟူသည် တဏှာ၊ဥပါဒါန်၊ ကမ္မဘဝတို့တည်း။ ကမ္မဘဝကို ယူလိုက်သော် ရှေ့အဖို့ဖြစ်သော သင်္ခါရတို့ကိုရင်း၊ ထို ကမ္မဘဝနှင့်ယှဉ်သော သင်္ခါရတို့ကိုရင်း ယူအပ်ပြီးသား ဖြစ်ကြ၏။ ဆက်ဦးအံ့။ တဏှာ၊ ဥပါဒါန်တို့ကို [ပစ္စုပ္ပန်အကြောင်းတရားအဖြစ်ဖြင့်] ယူလိုက်သဖြင့် ထိုတဏှာ၊

ဥပါဒါန်နှင့် ယှဉ်ဘက်အဝိဇ္ဇာကို ယူအပ်၏။ သို့မဟုတ် အကြွင်းအဝိဇ္ဇာဖြင့် တွေဝေသည်ဖြစ်၍ ကံအမှုကိုပြု၏၊ ထိုအဝိဇ္ဇာကို ယူအပ်ပြီး ဖြစ်သည်သာ။

ယင်းသို့လျှင်[ပစ္စုပ္ပန်အကြောင်းတရားသည် အဝိဇ္ဇာ၊သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝဟူ၍] ၅ ပါး ဖြစ်၏။ ထို့ကြောင့် "တွေဝေခြင်းသည် မောဟ၊ ရှေးအဖို့ အားထုတ်မှုသည် သင်္ခါရ၊ နှစ်သက်မှုသည် တဏှာ၊ စွဲလန်းမှုသည် ဥပါဒန်၊ စေ့ဆော်မှု စေတနာသည် ကမ္မဘဝ၊ ပစ္စုပ္ပန်ဘဝရှိ ဤအကြောင်း ၅ ပါး တို့သည် ဤဘဝတွင် အာယတန ရင့်ကျက်ပြီး ဖြစ်သည့် အတွက်ကြောင့် အနာဂတ်ဘဝ ပဋိသန္ဓေအား ကျေးဇူးပြုကြ၏" ဟူ၍ [ပဋိသမ္ဘိဒါမဂ္ဂ၊ စာမျက်နှာ ၅၀ တွင်] ဟောတော်မူခဲ့၏။

ထိုပါဠိတော်တွင် 'ဤဘဝတွင် အာယတန ရင့်ကျက်ပြီး ဖြစ်သည့်အတွက်ကြောင့်' ဟူသည်မှာ စက္ခာယတန စသည့် အာယတန ရင့်ကျက်ပြီး ဖြစ်သူအား ကံမှုကို ပြုသည့်အခါတွင် [ပါရှိသော] ပြင်းစွာ တွေဝေမှုကို ပြဆို၏၊ အကြွင်းများကား ပေါ်လွင်ထင်ရှားသည်သာပင်။

[အာယတန ရင့်ကျက်ပြီးသော လူကြီးများ သာလျှင် [ယေဘုယျအားဖြင့်] အနာဂတ်ပဋိသန္ဓေကျိုးကို ပေးနိုင်သော ကောင်းမှု၊ မကောင်းမှုကံ တခုခုကို ပြုလုပ်နိုင်စွမ်း ရှိကြ၏။ အာယတန မရင့်ကျက်သေးသည့် ကလေးသူငယ်တို့ကား (များသောအားဖြင့်) အနာဂတ်ပဋိသန္ဓေကျိုးကို ဖြစ်စေနိုင်သော ကောင်းမှု၊ မကောင်းမှုကံ တခုခုကို ပြုနိုင်စွမ်း မရှိဘတ်ကြပေ။ ဤသည်ကိုရည်ညွှန်းပြီး 'အာယတနရင့်ကျက်ပြီးသူအား' ဟူသော စကားကို ဆိုထား၏၊]

၄။ 'အနာဂတ်အကျိုး ၅ ပါး' ဟူသည်မှာ ဝိညာဏ်စသည့် ၅ ပါးတို့တည်း။ ဇာတိသဒ္ဒါအားဖြင့် ထို ၅ ပါးတို့ကို ပြဆိုအပ်၏။ ဇရာ၊ မရဏကား ထိုဝိညာဏ်စသည့် ၅ ပါးတို့၏ ရင့်ကျက်မှု ပျက်စီးမှုသာတည်း။ ထို့ကြောင့် "အနာဂတ်ဘဝရှိ ပဋိသန္ဓေသည် ဝိညာဏ် မိခင်လောင်း၏ ဝမ်းဗိုက်ထဲသို့ ဝင်လာဘိသကဲ့သို့သော ဖြစ်ခြင်းသည် နာမ်ရုပ်၊ အကြည်ဓာတ်သည် အာယတန၊ ထိတွေ့မှုသည် ဖဿ၊ ခံစားမှုသည် ဝေဒနာ၊ ဖြစ်လတ့်သော ဥပပတ္တိ ဘဝ၌ ဤတရား ၅ ပါးတို့သည် လက်ရှိပစ္စုပ္ပန်ဘဝမှာ ပြုအပ်သောကံအား ကျေးဇူးပြုကြ၏" ဟူ၍ [ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၊ စာမျက်နှာ ၅၁ တွင်] ဟောတော်မူ၏။

ဤသို့ ပြဆိုခဲ့သည့်အတိုင်းပင် ဤဘဝစက်ဝိုင်းတွင် ခြင်းရာ ၂၀ ရှိ၏။

ထိုဘဝစက်ဝိုင်း၌ အတိတ်ဘဝရှိ ကံဘည်းဟူသော အဆောက်အဦ ၅ ခု၊ ပစ္စုပ္ပန်ဘဝရှိ အကျိုးတရား ၅ ခု၊ ပစ္စုပ္ပန်ဘဝရှိ ကံတည်းဟူသော အဆောက်အဦ ၅ ခု၊ အနာဂတ်ဘဝရှိ အကျိုးတရား ၅ခု၊ယင်းသို့လျှင် သဘောတရား ၁၀ခုက ကံ[အကြောင်း] တရား၊ သဘောတရား ၁၀ ခုက ဝိပါက် [အကျိုး]တရား၊ ဤသို့လျှင် ဘဝစက်ဝိုင်းဟု ဆိုအပ်သော အားလုံးသော ပဋိစ္စသမုပ္ပါဒ်တရားသည် ကံတရားလည်း မည်၏၊ ကံ၏ အကျိုးတရားလည်း မည်၏။ ထို့အတူ အရာဌာန ၂ ခုတွင် ကံသည် ကမ္မသခေၤပ မည်၏၊ အရာဌာန ၂ ခုတွင် အကျိုးတရားသည် ဝိပါက သင်္ခေပ မည်၏။ ဤသို့လျှင် ဘဝစက်ဝိုင်းသည် ကမ္မသခေၤပသည်း မည်၏၊ ဝိပါက သခေၤပသည်း မည်၏။

အရာဌာန ၂ ခုတွင် ကံသည် ကမ္မဝဋ်မည်၏။ အရာဌာန ၂ ခုတွင် အကျိုးတရားသည် ဝိပါကဝဋ်မည်၏။ ဤသို့လျှင် ထိုဘဝစက်ဝိုင်းသည် ကမ္မဝဋ်လည်း မည်၏။ ဝိပါကဝဋ်လည်း မည်၏။ ထို့အတူ အရာဌာန ၂ ခုတွင် ကံသည် ကမ္မဘဝမည်၏။ အရာဌာန ၂ ခုတွင် အကျိုးတရားသည် ဝိပါကဘဝ မည်၏။ ဤသို့လျှင် ထိုဘဝစက်ဝိုင်းသည် ကမ္မဘဝလည်း မည်၏။ ဝိပါကဘဝလည်း မည်၏။ အရာဌာန ၂ ခုတွင် ကံသည် ကမ္မပဝတ္တ မည်၏။ အရာဌာန ၂ ခုတွင် အကျိုးတရားသည် ဝိပါကပဝတ္တ မည်၏။ ဤသို့လျှင် ထိုဘဝစက်ဝိုင်းသည် ကမ္မပဝတ္တလည်း မည်၏။ ဝိပါကပဝတ္တလည်း မည်၏။ ထို့အတူ အရာဌာန ၂ ခုတွင် ကံသည် ကမ္မသန္တတိ မည်၏။ အရာဌာန ၂ ခုတွင် အကျိုးတရားသည် ဝိပါကသန္တတိ မည်၏။ ဤသို့လျှင် ထိုဘဝစက်ဝိုင်းသည် ကမ္မသန္တတိလည်း မည်၏။ ဝိပါကသန္တတိလည်း မည်၏။

အရာဌာန ၂ ခုတွင် ကံသည် ကိရိယာမည်၏။ အရာဌာန ၂ ခုတွင် အကျိုးတရားသည် ကိရိယာ၏ အကျိုးဖလ မည်၏။ ဤသို့လျှင် ထိုဘဝစက်ဝိုင်းသည် ကိရိယာလည်း မည်၏။ ကိရိယာ၏ အကျိုး ဖလလည်း မည်၏။

[ဤတွင် 'ဘာကြောင့် ကံသည် ကိရိယာမည်သနည်း။ ကမ္မသန္တတိ မည်သနည်း' စသည်ဖြင့် စာရှုသူတို့အနက် အချို့သော သုတေသီတို့က သိရှိလိုကြမည် ထင်၏။ ထို့အတူ စာရေးသူလည်း သိချင်၏။ ကွဲကွဲပြားပြား သိလို၏။ ထို့ကြောင့် ဋီကာကို လှန်ကြည့်၏၊ သို့သော် ဋီကာကလည်း ဘာကမှ ဖွင့်မပြ၊ နိဿယကလည်း ထူးထူးထွေထွေ မမှာ။ စာရေးသူကသည်း ဝိုးတဝါး

မျှသာ အဓိပ္ပာယ် ပေါက်၏။ ထို့ကြောင့် 'ဒါကြောင့် ကံသည် ကိရိယာ မည်၏'စသည်ဖြင့် အကြောင်းပြ ဟိတ်ပါဌ်ကို ထည့်သွင်း ပေးလိုသော်လည်း မထည့်နိုင်ခြင်း ဖြစ်ရပါသည်။]

ယင်းသို့ ပြဆိုအပ်သည့် အတိုင်း အကြောင်းတရားကြောင့် ဖြစ်လာသော ဤဘဝစက်ဝိုင်းသည် အကြောင်းတရား ရှိ၏၊ ဆင်းရဲ၏။ အမြဲမရှိ၊ ကြာမြင့်စွာ မတည်။ အလျင်အမြန် ဖြစ်ခြင်း၊ ပျက်ခြင်း သဘောရှိ၏။ အမြဲမတည်၊ အကြောင်းတရားတို့ကြောင့် အကျိုးတရားများ ဖြစ်လာကြ၏။ ဤဘဝစက်ဝိုင်းတွင် အတ္တ [မိမိ]လည်း မရှိ။ ပရ [သူတပါး]လည်း မရှိ။ အကျိုးနှင့် မဆက်ဆံသောအကြောင်း၊ အကျိုးနှင့်ဆက်ဆံသော အကြောင်း ဖြစ်ကြသည့် သဘောတရားတို့က သဘောတရားများကို ဖြစ်လာ စေကြ၏။ အကြောင်းတရားတို့ ချုပ်ငြိမ်းခြင်းငှာ အကျိုးတရား ကိုလည်း ဗုဒ္ဓက ဟောတော်မူ၏၊ အကြောင်းတရားများ ချုပ်ငြိမ်း ကြလေသော် အကျိုးအရာ ဝဋ်ဆင်းရဲသည် ကင်းပြတ်လေ တော့၏။ မလည်တော့ပါပြီ။ ဤသို့လျှင် ဒုက္ခကို ကုန်ဆုံးအောင် ပြုကျင့်ခြင်းငှာ ဤဗုဒ္ဓ သာသနာတော်၌ ပြဟ္မစရိယ [အကျင့် မြတ်] သည် အထင်အရှား ရှိ၏။

သတ္တဝါကို မရအပ်။ သတ္တဝါကို မရအပ်သော် ဥစ္ဆေဒ ဝါဒလည်း မရှိ။ သဿတဝါဒလည်း မရှိပါပေပြီ၊

ဃ။ ဝဋ်သုံးပါးရှိ၏၊ [ထိုဝဋ်သုံးပါးရှိသော ဘဝစက်ဝိုင်း သည်] အမြဲမပြတ် ဒလစပ် လည်ဘိ၏။

ဤစကားရပ်တွင်

၁။ သင်္ခါရနှင့် ကမ္မဘဝသည် ကမ္မဝဋ်။

၂။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တို့သည် ကိလေသာဝဋ်။

၃။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတို့သည် ဝိပါကဝဋ်။

ဤသုံးပါးသောဝဋ်တို့ဖြင့် ဝဋ်သုံးပါးရှိသော ဘဝစက်ဝိုင်းသည် အကြွင်းမဲ့လောက်သော ကာလပတ်လုံး 'အကြောင်းတရားကို မဂ်က မပယ်အပ်သေးသောကြောင့်' အကန့်အသတ်မရှိ ထပ်ကာတလဲလဲ တပြောင်းပြန်ပြန် လှည့်ပတ်နေသည့်အတွက် လည်နေဦးမည်သာ ဖြစ်သည်တည်းဟု သိရှိနားလည်အပ်၏။

ပြဆိုအပ်ပြီးသည့်အတိုင်း အမြဲမပြတ် ဒလစပ် လည်နေသော ထိုဘဝစက်ဝိုင်းကို

၁။ သစ္စာတို့၏ အမှန်အစ အားဖြင့်ရင်း၊
၂။ နှစ်ပါးသော ကိစ္စအားဖြင့်ရင်း၊
၃။ ပယ်မြစ်ခြင်းအားဖြင့်ရင်း၊
၄။ ဥပမာတို့ဖြင့်ရင်း၊
၅။ နက်ရှိုင်းပုံ နက်ရှိုင်းနည်း ဂမ္ဘီရအားဖြင့်ရင်း၊
၆။ နည်း နယအားဖြင့်ရင်း၊ ထိုက်သင့်သလို သိရှိအပ်၏။

ထိုတွင်

၁။ **သစ္စာတို့၏ အမှန်အစ**

အကြွင့်ကြောင့် ကုသိုလ်ကံ၊ အကုသိုလ်ကံကို သာမန်အားဖြင့် 'သမုဒယသစ္စ' ဟူ၍ သစ္စဝိဘင်း၌ ဟောဆိုထား၏။ ထို့ကြောင့် 'အဝိဇ္ဇာသမုဒယာ သင်္ခါရာ' ဟူ၍ အဝိဇ္ဇာကြောင့် ဖြစ်သာသည့် သင်္ခါရသည် ဒုတိယသစ္စာဟူသော အမှန်အစ [=သမုဒသစ္စာဟူသော ဖြစ်ကြောင်းရင်း] ဒုတိယသစ္စာ၊ ဝါ၊ သမုဒယသစ္စာ

တရား ဖြစ်၏။ သင်္ခါရတို့ကြောင့် ဖြစ်လာသော စက္ခုဝိညာဏ် စသည့် လောကီ ဝိပါက် ဝိညာဏ်သည် သမုဒယသစ္စာဟူသော ဖြစ်ကြောင်းရင်းရှိသည့် ပဌမသစ္စာ၊ ဝါ၊ ဒုက္ခသစ္စာတရားဖြစ်၏။ ဝိညာဏ်တို့ကြောင့် ဖြစ်လာကြသည့် နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ အကျိုး ဝေဒနာတို့သည် ဒုက္ခသစ္စာဟူသော ဖြစ်ကြောင်း ရင်းရှိသည့် ဒုက္ခသစ္စာတရား ဖြစ်၏။ ဝေဒနာကြောင့် ဖြစ်လာ သော တဏှာသည် ဒုက္ခသစ္စာဟူသော အကြောင်းရင်းရှိသည့် သမုဒယသစ္စာတရား ဖြစ်၏။ တဏှာကြောင့် ဖြစ်လာသော ဥပါဒါန်သည် သမုဒယသစ္စာဟူသော အကြောင်းရင်းရှိသည့် သမုဒယသစ္စာတရား ဖြစ်၏။ ဥပါဒါန်ကြောင့် ဖြစ်လာသော ဥပပတ္တိဘဝ၊ ကမ္မဘဝသည် သမုဒယသစ္စာဟူသော ဖြစ်ကြောင်း ရင်းရှိသည့် ဒုက္ခသစ္စာ၊ သမုဒယသစ္စာတရား ဖြစ်၏။ ဘဝကြောင့် ဖြစ်လာသော ဇာတိသည် သမုဒယသစ္စာဟူသော ဖြစ်ကြောင်း ရင်းရှိသည့် ဒုက္ခသစ္စာ ဖြစ်၏။ ဇာတိကြောင့်ဖြစ်လာသော ဇရာ၊ မရဏသည် ဒုက္ခဟူသော ဖြစ်ကြောင်းရင်းရှိသည့် ဒုက္ခသစ္စာ ဖြစ်၏။

ဤသို့လျှင် ဘဝစက်ဝိုင်းကို 'သစ္စာတို့၏ အမွန်အစအားဖြင့်' ပဌမဦးစွာ ထိုက်သင့်သလို သိရှိအပ်၏။

၂။ နှစ်ပါးသောကိစ္စ

အကြင့်ကြောင့် ဤဘဝစက်ဝိုင်းတွင် အဝိဇ္ဇာသည် အာရုံတို့၌ ဝါ၊ စက္ခုဝတ္ထုစသော ဝတ္ထုတို့၌ သတ္တဝါတို့ကို တွေဝေစေ တတ်၏။ မိုက်မဲစေတတ်၏။ [ဤသည်မှာ တကိစ္စ] သင်္ခါရတို့အား ထင်ရှားဖြစ်ပေါ်လာခြင်းငှာလည်း ကျေးဇူးပြုတတ်၏။ [တကိစ္စ၊

ယင်းသို့ ၂ ကိစ္စရှိ၏။ သင်္ခါရ စသည်တို့လည်း ထို့အတူ ၂ ကိစ္စစီ ရှိကြသည်ကို ခွဲခြား၍ သိရှိရာ၏။] ထို့အတူ သင်္ခါရတို့သည် ပြုအပ်သောတရားများကို၊ ဝါ၊ အပြုခံတရားများကို ပြုကြ၏။ ဝိညာဏ်အားလည်း ကျေးဇူးပြု၏။ ဝိညာဏ်သည် အာရုံကိုလည်း သိတတ်၏။ နာမ်ရုပ်အားလည်း ကျေးဇူးပြု၏။ နာမ်ရုပ်သည် အချင်းချင်းလည်း ထောက်ပံ့စေတတ်၊ ခိုင်ခန့်စေတတ်၏။ [အာယတနခြောက်ပါး] သဠာယတနအားလည်း ကျေးဇူးပြု၏။ သဠာယတန [အာယတန ခြောက်ပါး] တို့သည် မိမိတို့၏ အရာ ဌာနဌ်လည်း ဖြစ်တတ်၏။ ဖဿအားလည်း ကျေးဇူးပြု၏။ ဖဿသည် အာရုံကိုလည်း ထိတွေ့တတ်၏။ ဝေဒနာအားလည်း ကျေးဇူးပြု၏။ ဝေဒနာသည် အာရုံ၏အရသာကိုလည်း ခံစား၏။ တဏှာအားလည်း ကျေးဇူးပြု၏။ တဏှာသည် တပ်မက်အပ် [တပ်မက်စဖွယ်] သော တရားတို့ကို တပ်မက်၏။ ဥပါဒါန်အား လည်း ကျေးဇူးပြု၏။ ဥပါဒါန်သည် စွဲလန်းအပ် [စွဲလန်းစဖွယ်] သော တရားတို့ကို စွဲလန်း၏။ ဘဝ [အပြုကမ္မဘဝ၊အဖြစ် ဥပပတ္တိ ဘဝ] အားလည်း ကျေးဇူးပြု၏။ ဘဝသည် အထူးထူးအထွေထွေ သော လားရာဂတိတို့၌ [ပစ်] ထည့်တတ်၏။ ဖရိုဖရဲကြဲတတ်၏။ ဇာတိအားလည်း ကျေးဇူးပြု၏။ ဇာတိသည် ခန္ဓာတို့ကိုလည်း ဖြစ်စေတတ်၏။ ထိုခန္ဓာတို့ အသစ်ထပ်ဖြစ်သည့် အဖြစ်ဖြင့် ဖြစ်သောကြောင့် ဇရာ၊ မရဏအားလည်း ကျေးဇူးပြု၏။ ဇရာ၊ မရဏသည် ခန္ဓာတို့၏ ရင့်ကျက်ခြင်း၊ ပြိုကွဲခြင်းသဘောကိုလည်း ဆောင်ယူတတ်၏။ ပဋိသန္ဓေသစ် [ဘဝသစ်] ဖြစ်ခြင်းငှာလည်း ကျေးဇူးပြု၏။ အကြောင်းမှာ သောက စသည်တို့သည် အဝိဇ္ဇာ၊ သင်္ခါရ စသည်တို့၏အကြောင်း ဖြစ်သောကြောင့်တည်း။

[မရဏ ဟူသော စုတိသည် ဘဝသစ်ဟူသော ပဋိသန္ဓေအား (အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ နတ္ထိ၊ ဝိဂတ ဟူသော ကြောင်းရှိစွမ်းရည်တို့ဖြင့်) ကျေးဇူးပြု၏။ ယင်းသို့ ကျေးဇူးပြုပါသော်လည်း မိမိချည်းသာ မပြု။ သောဝက စသည်တို့ကြောင့် ပြီးသော အဝိဇ္ဇာ၊ သင်္ခါရတို့နှင့်အတူ ကျေးဇူးပြု၏ ဟူလို။]

ထို့ကြောင့် ပုဒ်အားလုံး၌ ဖြစ်ခြင်းဟုဆိုအပ်သော ကိစ္စအားဖြင့် ဤဘဝစက်ဝိုင်းကို ထိုက်သင့်သလို သိရှိအပ်၏။

၃၊ ပယ်ခြင်း၊ တားမြစ်ခြင်း

ဤဘဝစက်ဝိုင်း၌ အကြင့်ကြောင့် အဝိဇ္ဇာပစ္စယာ သင်္ခါရာ' ဟူသော စကားသည် 'ပြုတတ်သူ ရှိ၏' ဟူသော အယူအဆ အတွေးအမြင်ကို ပယ်မြစ်၏။ [ထိုအယူအဆကို လက်ခံထားမိသော် ပယ်ပစ်၏။ စွန့်ပစ်၏။ လက်မခံရသေးသော် 'လက်မခံကြနှင့်'ဟု တားဆီး၏။ ပိတ်ပင်၏။ ညွန်ပြ၏။] 'သင်္ခါရပစ္စယာ ဝိညာဏံ' ဟူသောစကားသည်'အတ္တကောင်ကလေးက[တဘဝမှ တဘဝသို့] ပြောင်းရွှေ့တတ်၏' ဟူသော အယူအဆ အတွေး အမြင်ကို ပယ်မြစ်၏။ 'ဝိညာဏပစ္စယာ နာမရူပံ'ဟူသောစကားသည် အတ္တဟု ကြံဆအပ်သောအရာဝတ္ထု၏ ပြိုကွဲချက်ကို ပြသော ကြောင့် တခဲနက် ဖြစ်၏ဟူသော 'ဃနသညာ'ကို ပယ်မြစ်၏။

'နာမရူပပစ္စယာသဠာယတနံ'စသော စကားရပ်သည် အတ္တ၊ ဝါ ငါသည် မြင်၏။ [ကြား၏။ ရှူရှိုက်၏။ လျက်၏။ စား၏။ ထိ၏။] သိ၏။ တွေ့ထိ၏။ ခံစား၏။ တပ်မက်၏။ စွဲလန်း၏။ အသင်အရှား ဖြစ်၏။ ပဋိသန္ဓေအားဖြင့် ဖြစ်၏။ ရင့်ရော်၏၊ အိုမင်း၏။ သေ၏' ဟူ၍ အစရှိသည့် အယူအဆ အတွေးအမြင်ကို ပယ်မြစ်၏။

ထို့ကြောင့် မိစ္ဆာဒဿန [=အယူအဆ အတွေးအမြင်မှား] ကို ပယ်မြစ်၏ဟူ၍ ထိုဘဝစက်ဝိုင်းကို ပယ်မြစ်ခြင်း အားဖြင့်လည်း ထိုက်သင့်သလို သိရှိအပ်၏။

၄၊ ဥပမာ

ဤဘဝစက်ဝိုင်း၌ [ပါရှိသော] အဝိဇ္ဇာသည် မိမိ၏လက္ခဏာ [=ပုဂ္ဂလိက လက္ခဏာ၊] သာမညလက္ခဏာ[=သံဃိက လက္ခဏာ၊ ဘုံလက္ခဏာ] တို့၏ အစွမ်းဖြင့် သဘာဝဓမ္မများကို အကြင့်ကြောင့် မမြင်တတ်၊ ထိုသို့ မမြင်တတ်သောကြောင့် မျက်စေ့ကန်းသူနှင့်တူ၏။ အဝိဇ္ဇာကြောင့် ဖြစ်လာသော သင်္ခါရသည် အကန်း၏ ခြေချော်ခြင်းနှင့် တူ၏။ သင်္ခါရကြောင့် ဖြစ်လာသော ဝိညာဏ်သည် ခြေချော်သွားသော အကန်း၏ လဲကျခြင်းနှင့် တူ၏။ ဝိညာဏ်ကြောင့် ဖြစ်လာသော နာမ်ရုပ်သည် လဲကျသူအား အိုင်းအနာပေါက်လာခြင်း[ဒဏ်ရာရလာခြင်း]နှင့်တူ၏။ နာမ်ရုပ်ကြောင့်ဖြစ်လာသော အာယတနခြောက်ပါးသည် အနာ၏ ပြည်မှည့်လာခြင်းနှင့် တူ၏။ အာယတနခြောက်ပါးကြောင့် ဖြစ်လာသော ဖဿသည် အနာကို ထိမိခိုက်မိသည်နှင့် တူ၏။ ဖဿကြောင့် ဖြစ်လာသော ဝေဒနာသည် ထိခိုက်မိသည့်အတွက် နာကျင်မှုဒုက္ခနှင့် တူ၏။ ဝေဒနာကြောင့် ဖြစ်လာသော တဏှာသည် အနာကို ဆေးကုသလိုမှုနှင့် တူ၏။ တဏှာကြောင့် ဖြစ်လာသော ဥပါဒါန်သည် ဆေးကုသလိုသဖြင့် မသင့်တော်တာကို စွဲလန်းခြင်းနှင့် တူ၏။ ဥပါဒါန်ကြောင့် ဖြစ်လာသော ဘဝသည် မသင့်တော်တာကို စွဲလန်းမိ၍ မသင့်သည်ကို လိမ်းကျံမိခြင်းနှင့် တူ၏။ ဘဝကြောင့် ဖြစ်လာသော ဇာတိသည် အနာ

ဖောက်ပြန်၍ အထင်အရှား ဖြစ်လာသည်နှင့်တူ၏။ ဇာတိကြောင့် ဖြစ်လာသော ဇရာမရဏသည် အနာဖောက်ပြန်၍ ဒဏ်ရာအထူး ထပ်ဖြစ်လာသည်နှင့် တူ၏။

တနည်း၊ အကြင့်ကြောင့် ဤဘဝစက်ဝိုင်း၌ [ပါရှိသော] အဝိဇ္ဇာသည် ဒုက္ခသစ္စာ စသည်ကို မသိသည့်အပြင် အကျင့်မှားကို ကျင့်သုံးမိသည့်အဖြစ်ကြောင့် သင်္ခါရတို့ကို နှိပ်စက်၏။ ဥပမာ၊ တိမ်သလ္လာသည် မျက်စေ့များကို နှိပ်စက်သကဲ့သို့တည်း။ ထိုအဝိဇ္ဇာ၏ အနှိပ်စက်ခံ မိုက်မဲသူသည် ဘဝသစ်ကိုဖြစ်စေတတ်သော သင်္ခါရများဖြင့် မိမိကိုယ်ကို ရစ်ပတ်ထား၏။ ဥပမာ၊ အအိမ်ကိုပြုသော ပိုးကောင်သည် မိမိကိုယ်ကို အအိမ်အရစ်တို့ဖြင့် ရစ်ပတ်ထားသကဲ့သို့တည်း။ သင်္ခါရတို့က ခြံရံ၍ ယူလာအပ်သော ပဋိသန္ဓေ ဝိညာဏ်သည် လားရာဂတိတို့၌ ထောက်တည်ရာရ၏။ ဥပမာ၊ မှူးကြီးမတ်ရာ သေနာပတိတို့က ခြံရံ၍[စောင့်ရှောက်ပြီး] ယူလာအပ်သော မင်းသားသည် မင်းအဖြစ်မှာ ရပ်တည်ရာရသကဲ့သို့တည်း။ ပဋိသန္ဓေ၏ အာရုံဖြစ်သော ကံစသည့်အာရုံကို အာရုံပြုခြင်းကြောင့်၊ သို့မဟုတ် မိမိ၏ ယှဉ်ဘက် ဝိတက်က ကြံဆအပ်သောကြောင့် ဝိညာဏ်သည် ပဋိသန္ဓေအခါ၌ အများအပြားသော နာမ်ရုပ်ကို ဖြစ်စေ၏။ ဥပမာ၊ မျက်လှည့်သမားသည် မျက်လှည့်ပြဘိသကဲ့သို့တည်း။ နာမ်ရုပ်၌ ရပ်တည်ရာရလာသော အာယတန ခြောက်ပါး သဠာယတနတရားသည် ကြီးထွားလာ၏။ ပွားများလာ၏။ ပြန့်ပြောလာ၏။ ဥပမာ၊ မြေကောင်း မြေသန့်၌ ဝေါက်ရောက်သော ချုံပုတ်သည် ကြီးပွားပြန့်ပြောလာဘိသကဲ့သို့တည်း။

**အာယတနအချင်းချင်း** [အတွင်းအာယတနနှင့် အပြင်အာယတနတို့] ထိတွေ့လာမှုကြောင့် ဖဿ ဖြစ်လာ၏။ ဥပမာ၊ ပွတ်တံနှင့်ပွတ်ခုံ ထိုးမိ ကြိတ်မိကြသောကြောင့်[=မီးချစ်ကြောက်နှင့် မီးချစ်ဘီးတို့ တိုက်မှုကြောင့်] မီးတောက် လာသကဲ့သို့တည်း။ ဖဿနှင့် ထိတွေ့သူအား ခံစားမှုဝေဒနာဖြစ်လာ၏။ ဥပမာ၊ မီးနှင့်ထိတွေ့သူအား ပူလောင်လာသကဲ့သို့တည်း။ အာရုံခံစားသူအား တပ်မက်မှုတဏှာဖြစ်လာ၏။ ဥပမာ၊ ဆားငံရေသောက်မိသူအား ရေငတ်လာဘိသကဲ့သို့တည်း။ [ဤစကားရပ်ကို ထောက်ရှုသော် တဏှာ၊ ဥပါဒါန်တည်းဟူသော တပ်မက်ခြင်း၊ စွဲလန်းခြင်းစသည်တို့၏ အပြစ်ကို မြင်၍ ထိုအပြစ်တို့ကို ကြောက်လန့်ရွံ့ရှန်းသိပါက ရှောင်ရှားလိုပါက ထိုထိုအာရုံများကို မခံစားရ၊ မလိုက်စားရ ဟူသောသဘောတရားကို မှတ်သား ကျင့်သုံးကြရာ၏။]

အာရုံကို တပ်မက်သူအား ဘဝတို့၌ တောင့်တခြင်းကို ပြု၏။ ဥပမာ၊ ရေငတ်သူသည် ရေကို တောင့်တလာဘိသကဲ့သို့တည်း။ ထိုထိုဘဝ၌ တောင့်တခြင်းသည် ထိုသူ့အဖို့ ဥပါဒါန်ဖြစ်လာစေ၏။ ထိုဥပါဒါန်ဖြင့် ဘဝကို စွဲလန်းလာ၏။ ဥပမာ၊ ငါးစာကို တပ်မက်ခြင်းကြောင့် ငါးများချိတ်ကို ငါးစာဟု ထင်မှတ်စွဲလန်းကာ မျိုချမိသော ငါးကဲ့သို့တည်း။

ဘဝဖြစ်လာသော် ဇာတိရှိလာ၏။ ဥပမာ၊ မျိုးစေ့ရှိသော် အညွန့်ထွက်လာသကဲ့သို့တည်း။ ဇာတိရှိလာသူ [=ပဋိသန္ဓေနေလာသူ၊ မွေးဖွားလာသူ]အား ဇရာမရဏသည် အမှန်တကယ် ပင် ဖြစ်လာတော့၏။ ဥပမာ၊ ပေါက်လာသော သစ်ပင်သည် [အချိန်တန်လျှင်]လဲကျဘိသကဲ့သို့တည်း။

ထို့ကြောင့် ပြဆိုခဲ့ပြီးသည့်အတိုင်း ဤဘဝစက်ဝိုင်းကို ထိုက်သည့်အားလျော်စွာ ဥပမာတို့ဖြင့် သိရှိအပ်၏။

၅။ နက်ရှိုင်းပုံ နက်ရှိုင်းနည်း ဂမ္ဘီရနယ

ဗုဒ္ဓသည် အကျိုးအားဖြင့် နက်ရှိုင်းပုံ၊ အကြောင်းအားဖြင့် နက်ရှိုင်းပုံ ဟောကြားခြင်း ဒေသနာအားဖြင့် နက်ရှိုင်းပုံ၊ ထိုးထွင်းသိရှိရေးအားဖြင့် နက်ရှိုင်းပုံကို ရည်ညွှန်းပြီး "ညီတော် အာနန္ဒာ၊ ဤပဋိစ္စသမုပ္ပါဒ်သည် နက်လည်း နက်ရှိုင်းစွာ၏။ နက်ရှိုင်း သဃောင်လည်းရှိ တကယ်တွင်လည်း နက်ရှိုင်း ပါဘိ၏" ဟူ၍ [သုတ္တန်ပိဋက၊ ဒီဃနိကာယ်၊ ဒုတိယအုပ်၊ စာမျက်နှာ ၄၇၊ သုတ္တန်ပိဋက၊ သံယုတ္တနိကာယ်၊ ပဌမအုပ် စာမျက်နှာ ၃၁၈ တို့၌] အကြွင်းကြောင့် ဟောတော်မူ၏။ ထိုကြောင့် နက်ရှိုင်းပုံ နက်ရှိုင်းနည်းအားဖြင့် ဤဘဝစက်ဝိုင်းကို ထိုက်သည့် အားလျော်စွာ သိရှိအပ်၏။

၁။ အကျိုးအားဖြင့် နက်ရှိုင်းပုံ အတ္ထဂမ္ဘီရ

အကြွင်းကြောင့် ထိုနက်ရှိုင်းပုံ ၄ မျိုးအနက် ဇာတိကြောင့် ဇရာ၊ မရဏသည် မဖြစ်သည်မဟုတ်၊ ဖြစ်ကိုဖြစ်၏၊ ဇာတိကို ကြဉ်ဖယ်ထားပြီး အခြားတပါးသော အကြောင်းကြောင့် မဖြစ်။ ဤသို့သောအားဖြင့် ဇာတိကြောင့် မပြတ်ဖြစ်၏။ ယင်းသို့ ဇာတိကြောင့် မပြတ်ဖြစ်ခြင်းသဘောတရားကို [တကယ်တန်း တွေးခေါ် သုံးသပ်လာလျှင်] ထိုးထွင်း သိရှိရေး မလွယ်ကူသည့်အတွက် ကြောင့်၊ ဇာတိကြောင့် ဇရာမရဏ၏ ကောင်းစွာဖြစ်ခြင်းအနက် သဘော [အကြောင်းတရားရှိနေသော်] အကျိုး၏မပြတ်ဖြစ်ခြင်း အနက် သဘောသည် နက်ရှိုင်းဘိ၏။

ထို့အတူ ဘ၀ကြောင့် ဇာတိ၏ ကောင်းစွာဖြစ်ခြင်း အနက်သဘော၊ အကျိုး၏ မပြတ်ဖြစ်ခြင်း အနက်သဘောသည် နက်ရှိုင်းဘိ၏။ (လ) အဝိဇ္ဇာကြောင့် သင်္ခါရတို့၏ ကောင်းစွာ ဖြစ်ခြင်း အနက်သဘော၊ အကျိုး၏ မပြတ် ဖြစ်ခြင်းအနက် သဘောသည် နက်ရှိုင်းဘိ၏။ ထို့ကြောင့် 'ဤဘ၀စက်ဝိုင်းသည် အကျိုးအားဖြင့် နက်ရှိုင်းခြင်း အတ္ထဂမ္ဘီရဖြစ်၏' ဟူသော ဤစကားရပ်သည် ဤတွင် အကျိုးအားဖြင့် နက်ရှိုင်းသည့် အဖြစ်တည်း။

မှန်၏။ အကြောင်း၏ အကျိုးကို 'အတ္ထ' ဟု ဆိုအပ်၏။ ထို့ကြောင့် "ဟေတုဖလေဉာဏံ အတ္ထပဋိသမ္ဘိဒါ=အကြောင်း၏ အကျိုး၌၊ ဝါ၊ အကျိုးကို သိသောဉာဏ်သည် အတ္ထပဋိသမ္ဘိဒါတည်း" ဟူ၍ [အဘိဓမ္မာပိဋက၊ ဝိဘင်းပါဠိတော်၊ စာမျက်နှာ ၃၀၇ ၌] ဗုဒ္ဓဟောတော်မူ၏။

၂။ အကြောင်းအားဖြင့် နက်ရှိုင်းပုံ ဓမ္မဂမ္ဘီရ

အကြင်အခြင်းအရာအားဖြင့်ရင်း၊ အကြင် အခိုက်အတန့်အားဖြင့်ရင်း၊ အဝိဇ္ဇာသည် ထိုထိုသင်္ခါရတို့အား ကျေးဇူးပြု၏။ ထိုအခြင်းရာကို ထိုးထွင်း သိရှိရေး မလွယ်ကူသည့်အတွက်ကြောင့် သင်္ခါရတို့အား အဝိဇ္ဇာ၏ ကျေးဇူးပြုခြင်းအနက် သဘောသည် နက်ရှိုင်းဘိ၏။

ထို့အတူ ဝိဉာဏ်အား သင်္ခါရတို့၏ ကျေးဇူးပြုခြင်း အနက်သဘောသည် နက်ရှိုင်းဘိ၏။ (လ) ဇရာမရဏအား ဇာတိ၏ ကျေးဇူးပြုခြင်း အနက်သဘောသည် နက်ရှိုင်းဘိ၏။ ထို့ကြောင့် 'ဤဘ၀စက်ဝိုင်းသည် အကြောင်းအားဖြင့် နက်ရှိုင်းခြင်း ဓမ္မဂမ္ဘီရဖြစ်၏' ဟူသော စကားရပ်သည် ဤတွင် အကြောင်းအားဖြင့် နက်ရှိုင်းသည့် အဖြစ်တည်း။

မှန်၏။ အကြောင်းတရား၏ အမည်ကား 'ဓမ္မ'တည်း။ ထို့ကြောင့် 'ဟေတုမှိဉာဏံ ဓမ္မပဋိသမ္ဘိဒါ=အကြောင်းတရားကို သိသော ဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါတည်း'ဟူ၍ [အဘိဓမ္မပိဋက ဝိဘင်းပါဠိတော်၊ စာမျက်နှာ ၃၀၇] ဗုဒ္ဓ ဟောတော်မူ၏။

၃။ ဟောကြားခြင်းဒေသနာအားဖြင့် နက်ရှိုင်းပုံ
ဒေသနာဂမ္ဘီရ

အကြင့်ကြောင့် ထိုဘဝ စက်ဝိုင်းကို ထိုထိုအကြောင်းဖြင့် ထိုထိုအခြင်းအရာဖြင့် ဟောကြားအပ်သည့် အတွက်ကြောင့် ဟောကြားခြင်း ဒေသနာအားဖြင့်လည်း နက်ရှိုင်းဘိ၏။ သဗ္ဗညုတဉာဏ်တော်မှတပါး အခြားသော ဉာဏ်သည် ထိုဘဝ စက်ဝိုင်းတွင် ထောက်တည်ရာမရနိုင်ပါပြီ။

မှန်၏။ထို့ကြောင့်ပင်လျှင် ဗုဒ္ဓသည်အချို့သုတ္တန်၌အနုလောမ အားဖြင့် ဟောတော်မူ၏။ အချို့သုတ္တန်၌ ပဋိလောမအားဖြင့် ဟောတော်မူ၏။ အချို့သုတ္တန်၌ အနုပဋိလောမအားဖြင့် ဟော တော်မူ၏။ အချို့သုတ္တန်၌ အလယ်ဗဟိုမှ စတင်၍ အနုလောမ အားဖြင့်၎င်း၊ ပဋိလောမအားဖြင့်၎င်း ဟောတော်မူ၏။ အချို့ သုတ္တန်၌ အစပ် ၃ စပ်၊ အလွှာ ၄ လွှာပြု၍ ဟောတော်မူ၏။ အချို့သုတ္တန်၌အစပ် ၂ စပ်၊ အလွှာ ၃ လွှာပြု၍ ဟောတော်မူ၏။ အချို့သုတ်၌ အစပ်တစပ်၊ အလွှာ ၂ လွှာပြု၍ ဟောတော်မူ၏။

ထို့ကြောင့် ဤဘဝစက်ဝိုင်းကုံ သည်ဟောကြားခြင်း ဒေသနာအားဖြင့်လည်း နက်ရှိုင်းစွာ၏။

၄။ ထိုးထွင်းသိရှိရေးအားဖြင့် နက်ရှိုင်းပုံ ပဋိဝေဓဂမ္ဘီရ

ဤဘဝစက်ဝိုင်း၌ အဝိဇ္ဇာစသည်တို့၏ အကြင်သဘောတရား သည် ရှိ၏။ အကြင် ထိုးထွင်းမှုဖြင့် အဝိဇ္ဇာစသည့် သဘောတရား တို့ကို မိမိလက္ခဏာ[ပုဂ္ဂလိက လက္ခဏာ] အားဖြင့် ထိုးထွင်း သိရှိ အပ်ကုန်၏။ ထိုသဘောတရားကို အသိဉာဏ်ဖြင့် သက်ဝင် သိရှိ ခြင်းငှာ ခက်ခဲလေသည့်အတွက် အကြင့်ကြောင့် နက်ရှိုင်း၏။ ထို့ကြောင့် ဤဘဝစက်ဝိုင်းသည် ပဋိဝေဓဂမ္ဘီရ ဖြစ်၏။ ဝါ၊ ထိုးထွင်းသိရှိနိုင်ခဲ၏။

ထို့ကြောင့်ပင်လျှင် ဤဘဝစက်ဝိုင်း၌ အဝိဇ္ဇာ၏ [သဘာဝ ဓမ္မကို ယထာဘူတကျကျ]မသိခြင်း၊ [သဘာဝဓမ္မကို]မမြင်ခြင်း၊ သစ္စာတရားကို ထိုးထွင်း၍ မသိခြင်းဟူသော အနက်သဘော တရားသည် နက်ရှိုင်းဘိ၏။

သင်္ခါရတို့၏ အရာဝတ္ထုကို စွန့်လွှတ်ဆဲခဏ၌ အားထုတ်ခြင်း၊ ရှေးအဖို့ အားထုတ်ခြင်း၊ ရာဂနှင့်တကွ ဖြစ်ခြင်း၊ ရာဂမှ ကင်းကွာ ခြင်းဟူသော အနက်သဘောတရားသည် နက်ရှိုင်းဘိ၏။

ဝိညာဏ်၏ အတ္တသဘာဝမှ ဆိတ်သုဉ်းခြင်း၊ လုံ့လပြုတတ်မှု ကင်းခြင်း၊ ဘဝတပါးသို့ မပြောင်းရွှေ့ခြင်း၊ ရှေ့နောက်ဘဝကို တစပ်တည်း ဖြစ်အောင် ဆက်စပ်ပေးခြင်းအားဖြင့် ထင်ရှား ဖြစ်ခြင်းဟူသော အနက်သဘောတရားသည် နက်ရှိုင်းဘိ၏။

နာမ်ရုပ်၏ စိတ်နှင့်အတူဖြစ်ခြင်း၊[နာမ်သည် ရုပ်နှင့်၊ ရုပ်သည် နာမ်နှင့်] တကွဲတပြားစီ ဖြစ်ခြင်း၊[နာမ်အချင်းချင်း] မကွေမကွာ ဖြစ်ခြင်း၊ [အနက်သို့] ညွတ်တတ်ခြင်း၊ ဖောက်ပြန်ခြင်းဟူသော အနက်သဘောတရားသည် နက်ရှိုင်းဘိ၏။

သဋ္ဌာယတန၏ အစိုးရခြင်း၊ အဇ္ဇန်တလဲလဲဖြစ်ခြင်း၊ ဒွာရ [အဖြစ်ဖြင့်]ဖြစ်ခြင်း၊ လယ်ယာနှင့်တူခြင်း၊ အာရုံအာရမ္မဏိက ဖြစ်ခြင်းဟူသော အနက်သဘောတရားသည် နက်ရှိုင်းဘိ၏။

ဖဿ၏ ထိတွေ့ခြင်း၊ ထိပါးခြင်း၊ ပေါင်းစုခြင်း၊ စည်းဝေး ခြင်း ဟူသော အနက်သဘောတရားသည် နက်ရှိုင်းဘိ၏။

ဝေဒနာ၏ အာရုံ၏ အရသာကို ခံစားခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်း၊လျစ်လျူရှုခြင်း၊ အသက်ဇီဝမဟုတ်ခြင်း၊အာရုံခံစား ခြင်း ဟူသော အနက်သဘောတရားသည် နက်ရှိုင်းဘိ၏။

တဏှာ၏ အာရုံကို တပ်မက်ခြင်း၊ အလွန်ပြင်းစွာ တပ်မက် ခြင်း၊ နွယ်ပင်နှင့်တူသောတဏှာ၊ မြစ်နှင့်တူသောတဏှာ၊ သမုဒ္ဒရာ နှင့်တူသောတဏှာ၊ ပြည့်ဝခဲခြင်းဟူသော အနက်သဘောတရား သည် နက်ရှိုင်းဘိ၏။

ဥပါဒါန်၏ စွဲလန်းခြင်း၊ ကာမုပါဒါန်အားဖြင့် [အာရုံကို] စွဲစွဲမြဲမြဲယူထားခြင်း၊ အကြွင်း ဥပါဒါန်တို့ဖြင့် [သဘာဝမမှုကို] မသင့်မတင့်နှလုံးသွင်းခြင်း၊ သုံးသပ်ခြင်း၊ [ထိုအစွဲအလန်းမှ] လွန်မြောက် နိုင်ခဲခြင်းဟူသော အနက် သဘောတရားသည် နက်ရှိုင်းဘိ၏။

ဘဝ၏ ရှေ့အဖို့ အားထုတ်ခြင်း၊ အရာဝတ္ထုကို စွန့်လွှတ်ဆဲ ခဏမှာ အားထုတ်ခြင်း၊ ယောနိ၊ ဂတိ၊ ဝိညာဏဋ္ဌိတိတို့၌ ပစ်ချတတ်ခြင်း ဟူသော အနက်သဘောတရားသည် နက်ရှိုင်း ဘိ၏။

ဇာတိ၏ ခန္ဓာတို့ ဖြစ်ဆဲဟူသောအနက်၊ အာယတနတို့ ပြည့်ဝစွာဖြစ်ခြင်း၊ အမိဝမ်း၌ သက်ဝင်ဘိသကဲ့သို့ ဖြစ်ခြင်း၊

ထင်ရှားစွာ ဖြစ်ခြင်းဟူသော အနက်သဘောတရားသည် နက်ရှိုင်းဘိ၏။

ဇရာမရဏ၏ ကုန်ခန်းခြင်း၊ ပျက်စီးခြင်း၊ ပြိုကွဲခြင်း၊ ပကတိသဘောကို စွန့်ခြင်း၊ ဝါ၊ ဖောက်ပြန်ခြင်းဟူသော အနက်သဘောတရားသည် နက်ရှိုင်းဘိ၏။

ဤသည်မှာ ဤဘဝစက်ဝိုင်း၌ ထိုးထွင်းသိရှိရေးအားဖြင့် နက်ရှိုင်းခြင်း ပဋိဝေဓဂမ္ဘီရတည်း။

၆၊ နယ ၄ မျိုး

ဤဘဝစက်ဝိုင်းတွင် အကြင့်ကြောင့် ဧကတ္တနယ၊ နာနတ္တနယ၊ အဗျာပါရနယ၊ ဧဝံဓမ္မတာနယဟူ၍ နယ ၄ မျိုးရှိ၏။ ထို့ကြောင့် နယဘေဒအားဖြင့်လည်း ထိုဘဝစက်ဝိုင်းကို ထိုက်သည့်အားလျော်စွာ သိရှိအပ်၏။

ထိုဘဝစက်ဝိုင်း၌ 'အဝိဇ္ဇာကြောင့် သင်္ခါရတို့ ဖြစ်လာကြ၏။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်လာ၏' ယင်းသို့ စသည်ဖြင့် မျိုးစေ့၏ အညွန့်ထွက်လာခြင်း စသည့်အဖြစ်ကြောင့် သစ်ပင်အဖြစ်သို့ ရောက်ရှိလာဘိသကဲ့သို့ အစဉ်မပြတ် ဖြစ်ခြင်းသည် 'ဧကတ္တနယ' မည်၏။ ထိုဧကတ္တနည်းကို 'အသင့်အမှန်အကန်အားဖြင့်' ရှုမြင်သူသည် အကြောင်းအကျိုး ဆက်စပ်ခြင်းဖြင့် ဖြစ်ပေါ်လာသော ဖြစ်စဉ်၏ မပြတ်မစဲ ဖြစ်ခြင်းကို သိမြင်မှုကြောင့် 'ဉစ္ဆေဒဒိဋ္ဌိ' အယူကို ပယ်၏။

မသင့်မတင့် အမှားအယွင်းအားဖြင့် ရှုမြင်သူသည် အကြောင်းအကျိုး ဆက်စပ်ခြင်းကြောင့် ဖြစ်ပေါ်လာသော အစဉ်၏ မပြတ်ဖြစ်ခြင်းကို တူညီသည့်အဖြစ်ဖြင့် ယူခြင်းကြောင့် 'သဿတဒိဋ္ဌိအယူ'ကို စွဲလန်း၏။

အဝိဇ္ဇာ စသည်တို့၏ လက္ခဏာကို မိမိ မိမိသဘောလက္ခဏာ အလျောက် ပိုင်းခြားသတ်မှတ်ခြင်းသည် 'နာနတ္တနယ' မည်၏။ ထိုထိုနာနတ္တနယကို အသင့်အမှန်အကန်အားဖြင့် ရှုမြင်သူသည် အသစ်အသစ်တို့၏ ဖြစ်ပေါ်လာခြင်းကို မြင်သိသောကြောင့် 'သဿတဒိဋ္ဌိ'ကို ပယ်၏။ မသင့်မတင့် အမှားအယွင်းအားဖြင့် ရှုမြင်သူသည် တဦးတည်းသော သတ္တဝါ၏သန္တာန်၌ ဖြစ်သော တရားကို ကွဲပြားသော သတ္တဝါ၏သန္တာန်၌ ဖြစ်ဘိသကဲ့သို့ ထူးခြားကွဲပြားသောအားဖြင့် ယူဆသောကြောင့် 'ဥစ္ဆေဒဒိဋ္ဌိ' အယူကို စွဲလန်း၏။

'သင်္ခါရကို ငါက ဖြစ်စေအပ်၏' ဟူသော အဝိဇ္ဇာ၏ လုလ္လဗျာပါရ၊ 'ဝိညာဏ်ကို ငါက ဖြစ်စေအပ်၏'ဟူသော သင်္ခါရ စသည်တို့၏ လုလ္လဗျာပါရမရှိခြင်းသည် 'အဗျာပါရနယ'မည်၏။ ထိုအဗျာပါရနယကို အသင့်အမှန်အကန်အားဖြင့် ရှုမြင်သူသည် ပြုသူမရှိခြင်းကိုထိုးထွင်းသိရှိလေသောကြောင့် 'အတ္တဒိဋ္ဌိ'အယူကို ပယ်၏။

မသင့်မတင့် အမှားအယွင်းအားဖြင့် ရှုမြင်သူသည် ဗျာပါရ မရှိသော်လဲ အဝိဇ္ဇာတို့၏ သဘာဝကို မှတ်သားခြင်းဖြင့်ပြီးသော အကြောင်းအကြောင်း၏အဖြစ်သည် ရှိ၏။ ထိုအကြောင်း၏အဖြစ်ကို မယူခြင်းကြောင့် 'အကိရိယဒိဋ္ဌိ'အယူကို စွဲလန်း၏။

နို့ ရည် စသည်တို့ကြောင့် နို့ ခမ်း [နို့ ချဉ်] ဖြစ်လာဘိသကဲ့သို့ အဝိဇ္ဇာစသည့် အကြောင်းတရားတို့ကြောင့် သင်္ခါရတို့ ဖြစ်ပေါ် လာခြင်းသာလျှင် ဖြစ်၏၊ သင်္ခါရတို့မှတပါး အခြားသောတရား တို့၏ ဖြစ်ပေါ်လာခြင်း မဟုတ်။ ဤသည်မှာ 'ဧဝံ ဓမ္မတာနယ' ဖြစ်၏။ ထိုဧဝံဓမ္မတာနယကို အသင့်အမှန်အကန်အားဖြင့် ရှုမြင်

သူသည် အကြောင်းတရားအားလျော်စွာ အကျိုးတရားတို့ကို ထိုးထွင်းသိမြင်သောကြောင့် 'အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ' အယူကို ပယ်၏။

မသင့်မတင့် အမှားအယွင်းအားဖြင့် ရှုမြင်သူသည် အကြောင်းအားလျော်စွာ အကျိုးဖြစ်လာခြင်းကို မယူပါဘဲ အမှတ်မပြု တခုခုသောအကြောင်းကြောင့် အမှတ်မပြု တခုခုသောအကျိုးတရား မဖြစ်ဟု ယူဆခြင်းကြောင့် 'အဟေတုကဒိဋ္ဌိ၊ နိယတဒိဋ္ဌိ'အယူကို စွဲလန်း၏။ ဤသို့လျှင် ဤဘဝစက်ဝိုင်းကို သတ္တဝါတို့၏ အမှန်အစအားဖြင့်ရင်း၊ ၂ ပါးသောကိစ္စအားဖြင့်ရင်း၊ ပယ်မြစ်ခြင်းအားဖြင့်ရင်း၊ ဥပမာတို့ဖြင့်ရင်း၊ နက်ရှိုင်းပုံ နက်ရှိုင်းနည်း ဂမ္ဘီရအားဖြင့်ရင်း၊ နည်းနယအားဖြင့်ရင်း ထိုက်သည့်အားလျော်စွာ သိရှိနားလည်အပ်၏။

မှန်၏။ ဤဘဝစက်ဝိုင်းသည် နက်ရှိုင်းသည့်အတွက်ကြောင့် ဉာဏ်ဖြင့် ထောက်တည်ရာရခြင်းငှာ ခဲယဉ်းစွာ၏။ အထူးထူးသောနည်းဖြင့် ယူခြင်းကြောင့် လွန်မြောက်ခြင်းငှာ ခဲယဉ်းစွာ၏။ [ထို့ကြောင့်] သမာဓိဘည်းဟူသော ကျောက်ဖျာထက်တွင် [ရပ်တည်လျက်] ကောင်းစွာသွေးထားအပ်သော အရဟတ္တမဂ် ဉာဏ် သံလျက်ဖြင့် ဘဝစက်ဝိုင်းကို မဖောက်ခွဲပါဘဲနှင့် [မဖြတ်ပိုင်းပါဘဲနှင့်] မိုးကြိုးစက်ကဲ့သို့ အမြဲနှိပ်စက်တတ်သော သံသာရဘေးဒုက္ခကို အိပ်မက်ထူးထဲမှာသော်မှ လွန်မြောက်နိုင်သူ တဦးတယောက်မျှ မရှိပါလေပြီ။

''ညီတော်အာနန္ဒာ၊ ဤပဋိစ္စသမုပ္ပာဒ်သည် နက်ရှိုင်းလှစွာ၏။ နက်ရှိုင်းသော သွင်ပြင်သည်လည်း ရှိ၏။ အာနန္ဒာ၊ ထိုပဋိစ္စသမုပ္ပာဒ်ကို လျော်စွာ မသိခြင်းကြောင့်၊ ထိုးသိုးထွင်းထွင်း

မသိခြင်းကြောင့် ဤကဲ့သို့လျှင် သတ္တဝါအပေါင်းသည် ချည်ထွေးကဲ့သို့ ဖြစ်၏။ စာသိုက်ကဲ့သို့ ဖြစ်၏။ ဖြူဆံမြက်ကဲ့သို့ ဖြစ်၏။ မကောင်းသူတို့ လားရောက်ရာလည်း ဖြစ်၊ ပျက်စီးသော အင်္ဂါကြီးငယ်ရှိသည်ဖြစ်၍ ကျရောက်ရာလည်းဖြစ်သော အပါယ်ဘေးကိုရင်း၊ သံသရာကိုရင်း မလွန်မြောက်နိုင်ပါပြီ" ဟူ၍ [သုတ္တန္တပိဋက၊ သံယုတ္တနိကာယ်၊ ပဌမအုပ်၊ စာမျက်နှာ ၃၁၈။ ဒီဃနိကာယ်၊ ဒုတိယအုပ်၊ စာမျက်နှာ ၄၇ တို့၌] ဗုဒ္ဓ ကိုယ်တော်တိုင်ကလည်း ဟောတော်မူခဲ့၏။

ထိုသို့ဖြစ်လေသောကြောင့် ဤဗုဒ္ဓသာသနာ၌ ပဋိစ္စသမုပ္ပာဒ်မှတပါး အခြား ပုံဘွယ်ကိစ္စများကို ကြဉ်ဖယ်ထားပြီး မိမိအတွက်ဖြစ်စေ၊ သူတပါးအတွက်ဖြစ်စေ အကျိုးစီးပွားအလို့ငှာ၊ချမ်းသာသုခအလို့ငှာ ပြုကျင့်သော [ပစ္စုပ္ပန်အကျိုးစီးပွား၊ သံသရာအကျိုးစီးပွားကို ထောက်ထားမြော်မြင် တွေးခေါ်ရှင်] ပညာရှိတို့သည် နက်ရှိုင်းစွာသော ပဋိစ္စသမုပ္ပာဒတရား၌ အကြင်အခြင်းအရာဖြင့် ဉာဏ်၏ထောက်တည်ရာကို ရရှိရာ၏။ ထိုအခြင်းအရာဖြင့် သတိတရား အခါခပ်သိမ်းထားလျက် လုလ္လပြုရာသတည်း။

သုတ္တန္တ ဘာဇနိယ ပြီးပါပြီ။

# ဝေါဟာရတို့၏ အဓိပ္ပာယ်

ပဋ္ဌာန်းသုံး ဝေါဟာရအားဖြင့် အကြောင်းတရားကို 'ပစ္စည်း'ဟု ခေါ်၏။ ထို့ကြောင့်''ပစ္စည်းဟူသည်မှာ အကြောင်းတရားတည်း။ အကြောင်းတရားဟူသော မြန်မာ့ဝေါဟာရစစ်စစ်သည် 'ပစ္စည်း' ဟူသော ပါဠိပျက်ဝေါဟာရ၊ 'ပစ္စယ'ဟူသော ပါဠိစစ်ဝေါဟာရ တို့နှင့် အဓိပ္ပာယ်တူ၏။ အင်္ဂလိပ် ဘာသာအားဖြင့်မူ (CAUSE) ခေါ်စ်ဟူသော စကားလုံး၏ အဓိပ္ပာယ်နှင့်တူညီ၏''ဟု မှတ်သား အပ်၏။

ဘာကိုအကြောင်းဟု ခေါ်သလဲ။ အဖြေမှာ ''ပတိစ္စဖလံ အယတိ ဧတသ္မာတိပစ္စယော=ဤသဘောတရားကြောင့် အကျိုး တရား (=ပစ္စယုပ္ပန်)သည် အစွဲပြု၍ ဖြစ်ပေါ်တည်ရှိလာရ၏။ ထို့ကြောင့် ထိုသဘောတရားသည် 'အကြောင်း၊ပစ္စည်း'ဟူသော အမည်ရ၏'' ဤဝိဂ္ဂြိုဟ်ဝစနတ်အရ အကြင်သဘောတရားတခုခု အရာဝတ္ထုတခုခုသည် ဖြစ်ပေါ်လာအံ့၊ တည်ရှိလာအံ့။ ထိုဖြစ်ပေါ် တည်ရှိလာသော သဘောတရား အရာဝတ္ထုတခုခုကို မဖြစ် ဖြစ်လာအောင်၊ မရှိ ရှိလာအောင် ဖြစ်ပေါ်စေတတ် တည်ရှိ စေတတ်သော သဘောတရားကို 'အကြောင်းတရား'ဟု ခေါ်ပါ သည်။

'ပြယုဂ်= ယခုအခါတွင် အသင်စာရှုသူသည် စာကြည့်နေ၏။ ဤတွင် စာမကြည့် ကြည့်ဖြစ်အောင် ပြုပေးတတ်သော သဘော

တရားတခုခု [ဆိုကြပါစို့ (FORCE) ဖိုစ်ဟူသော အင်အားစု]ကို တွေ့ရပါလိမ့်မည်။ တွေ့ရသော ထိုသဘောတရား တခုခုကို 'အကြောင်း'ဟု ဆိုရ၏။ ယင်းသည်ကား အဓိကအားဖြင့် 'စာကြည့်ချင်စိတ်'ပင် ဖြစ်၏။ ထို့ကြောင့် 'စာကြည့်ချင်စိတ် ရှိနေသောကြောင့် စာကြည့်၏'ဟု ဆိုသော် ကြောင်းကျိုးစက်စပ်သော စကားတရပ်ဟု မှန်ကန်စွာ ဆိုနိုင်၏။

တဖန် အကြောင်းတရားဟူသည်မှာ'ဘာကြောင့်လဲ' ဟူသော မေးခွန်း၏'ဒါကြောင့်ဘဲ'ဟူသော အဖြေဖြစ်၏။ဝါ၊ဒါကြောင့်ဘဲ ဟူသော အဖြေအတွက် အရကောက်ပြစရာ သဘောတရားတခုခု လက်ညှိုး ထိုးပြစရာ အရာဝတ္ထုတခုခုသည် 'အကြောင်းတရား' ဖြစ်၏။

ဥပမာ၊ ရှေ့နားက ထုတ်ဆောင်ပြခဲ့သော ပြယုဂ်တွင် 'ဘာကြောင့် စာကြည့်သလဲ'ဟု မေးသော် 'စာကြည့်ချင်လို့၊ ဝါ၊ စာကြည့်ချင်စိတ်ပေါ်လာသောကြောင့် စာကြည့်၏'ဟူသော အဖြေထွက်လာ၏။ ထွက်လာသော အဖြေသည် 'စာကြည့်ချင်သော စိတ်ဆန္ဒ၊ ဝါ၊ ဆန္ဒပြင်းသန်းသောစိတ်'ကို ကိုယ်စားပြုနေ၏။ လက်ညှိုးထိုးပြနေ၏။ အရကောက်ကို ဖော်ပြနေ၏။ ထို့ကြောင့် 'ဒါကြောင့်' ဟူသော စကားလုံးသည်၊ ဝါ၊ ထိုစကားလုံး၏ ကိုယ်စားပြုရာဖြစ်သော သဘောတရားတခု၊ အရာဝတ္ထုတခုခုသည် အကြောင်းတရား ဖြစ်၏ ဟု မှတ်သားအပ်၏။

ဘယ်အနားမှာ အကြောင်းတရားရှိသလဲ။ အဖြေမှာ အကျိုးတရား၏ နောက်နားမှာ ဝါ၊ အတိတ်မှာ ရှိနေ၏။ သို့ဖြစ်၍ အကျိုးသည် လောလောဆယ် ပစ္စုပ္ပန်တွင် ရှိနေသော်၊

ဖြစ်နေသော် အကြောင်းသည် နီးကပ်သော အတိတ်တွင်ဖြစ်စေ၊ ဝေးသော အတိတ်တွင် ဖြစ်စေ ရှိနေ၏။

ဥပမာ၊အထက်ပါပြယုဂ်တွင် စာဖတ်နေခြင်းသည် ပစ္စုပ္ပန်တွင် ဖြစ်နေ၏။ အကြောင်းဖြစ်သော စာဖတ်ချင်စိတ်ကား အတိတ်နားတွင် ဖြစ်ခဲ့၏။ ရှိခဲ့၏။ ဤသည်မှာ ယေဘုယျစကားဖြစ်၏။ အတိတ်ကာလတွင် အကြောင်းတရားရှိသည့် နည်းတူ ပစ္စုပ္ပန်ကာလ၊ အနာဂတ်ကာလတို့တွင်လည်း အကြောင်းတရားများ ရှိနေသေး၏။ [သဟဇာတ၊ ပုရေဇာတ၊ ပစ္ဆာဇာတတို့၏ အဓိပ္ပာယ် ရှင်းပြချက်များတွင် ထင်ရှားလာပါမည်။]

တဖန် အကျိုးတရားသည် အချိန်ကာလ လွန်လာသည်နှင့် တပြိုင်နက် အကြောင်းတရားအဖြစ်သို့ ပြောင်းလဲသွားသည်ကိုလည်း သိရှိရာ၏။ ဝါ၊ လက်ရှိအချိန်ကာလသည် လောလောဆယ်တွင် ပစ္စုပ္ပန်ကာလ ဖြစ်နေ၏။ တချိန်တုန်းကသော် အနာဂတ် ဖြစ်နေခဲ့၏။ နောက်တချိန်တွင်ကား အတိတ်ဖြစ်သွားဦးမည်ကို သိရှိရာသကဲ့သို့တည်း။

ထို့ကြောင့် အကြောင်းတရားဟူသည် သဘောတရားတခုခု၊ အရာဝတ္ထုတခုခု ဖြစ်ရှိလာအောင် ပြုဆောင်ပေးတတ်သော သဘောတရားတခုခု၊ အရာဝတ္ထုတခုခုပင် ဖြစ်၏။ ဖြစ်လာရခြင်း၊ ရှိလာရခြင်း၏ လက်သည်တရားခံ ဖြစ်၏။ သားသမီးနှင့်တူသော ဖြစ်ရှိလာခြင်း၏ မိခင်ဖြစ်၏။ အကျိုးတရား၏ ရှေ့နားမှာဖြစ်စေ၊ နောက်နားမှာ ဖြစ်စေ၊ ပူးတွဲလျက်ဖြစ်စေ ရှိနေ၏။ လက်ရှိအကျိုးတရား၏ အသွင်ပြောင်းလဲသွားပြီဖြစ်သော သို့မဟုတ် အသွင်ပြောင်းလာမည်ဖြစ်သော 'စွမ်းအား (FORCE) တခု' ဖြစ်၏။ ယင်းသို့ သိမှတ်နားလည်အပ်ပါသည်။

ပဋ္ဌာန်းသုံးစကားဖြင့် အကျိုးတရားကို ပစ္စယုပ္ပန်ဟု ခေါ်၏။ ထို့ကြောင့် "ပစ္စယုပ္ပန်ဟူသည်မှာ အကျိုးတရားတည်း။ အကျိုးတရားဟူသော မြန်မာ့ဝေါဟာရ စစ်စစ်နှင့် ပစ္စယုပ္ပန်ဟူသော ပါဠိပျက်ဝေါဟာရ၊ ပစ္စယုပ္ပန္နဟူသော ပါဠိစစ် ဝေါဟာရတို့မှာ အဓိပ္ပာယ်တူ၏။ အင်္ဂလိပ်ဘာသာအားဖြင့်မူ (EFFECT) အဲဖက်ထ်ဟူသော ဝေါဟာရနှင့် အဓိပ္ပာယ်တူညီ၏"ဟု မှတ်သားအပ်၏။

ဘာကို အကျိုးဟုခေါ်သလဲ။ အဖြေမှာ "ပစ္စယတော ဥပ္ပန္နံ ပစ္စယုပ္ပန္နံ=အကြောင်းတရားကြောင့် ဖြစ်ပေါ်လာသော သဘောတရားသည် 'အကျိုး၊ ပစ္စယုပ္ပန်' ဟူသော အမည်ရ၏" ဤဝိဂ္ဂြိုဟ်ဝစနတ်အရ အကြောင်းတရားကြောင့် ဖြစ်လာရသော၊ တည်ရှိလာရသော အကြင်သဘောတရားတခု၊ အရာဝတ္ထု တခုခုဟူသည် ရှိ၏။ထိုဖြစ်ရှိလာရသော သဘောတရား အရာဝတ္ထုကို 'အကျိုးတရား'ဟု ခေါ်ပါသည်။

ပြယုဂ်။ စာရှုသူ၏ မျက်မှောက်ရှိ စာလုံးကလေးများသည် အကျိုးတခုပင်ဖြစ်၏။ ယင်းတို့၏ အကြောင်းတရားကား 'စာရေးချင်သောဆန္ဒနှင့် သိစေလိုသော စေတနာ'တို့ပင် ဖြစ်ကြ၏။ မှန်၏။ ရေးချင်သောဆန္ဒနှင့် သိစေလိုသောစေတနာတို့ အညီအညွတ် ပေါင်းဆုံလာမိသောအခါ (=အကြောင်းညီညွတ်လာသောအခါ=ပစ္စယသာမဂ္ဂီ ဖြစ်လာသောအခါ) တွင် ဤမည်သော စာလုံးကလေးများ ဖြစ်လာရ၏။ စာရေးချင်သောဆန္ဒတခုတည်းသာရှိ၍ သိစေချင်သော စေတနာ (ထက်သန်စွာ) မရှိသော်၊ သို့မဟုတ် စေတနာသာရှိ၍ ဆန္ဒမရှိသော် အခါက အကြောင်းတရားနှစ်ခုတို့ အညီအညွတ် ပေါင်းဆုံမှုပစ္စယသာမဂ္ဂီ

ဖြစ်မလာသောကြောင့် အကျိုးတရားဖြစ်မည့် ဤစာလုံးကလေး များသည် ဖြစ်ပေါ်၍ မလာနိုင်ပါပြီ။

ထို့ကြောင့် လိုအပ်သော အကြောင်းတရားများ ပေါင်းဆုံ ညီညွတ်လာသော် မဖြစ်လျှင် မနေရ မလွဲမသွေ ဖြစ်လာရသော သဘောတရားတခုခု အရာဝတ္ထုတခုခုကို အကျိုးတရားဟု ခေါ် ပါသည်။

တဖန်၊ အဆိုပါ အကြောင်းတရားတို့အနက် တခုခုက ချို့တဲ့ သော် (မညီညွတ်သော်၊ ပစ္စယသာမဂ္ဂီဖြစ်မလာသော်)ဤစာလုံး ကလေးများကို အသင်စာရှုသူသည် ဖတ်ရှုရမည်၊ တွေ့မြင်ရမည် မဟုတ်ပါပြီ။ ထို့ကြောင့် (အထူးသဖြင့် စာပေတည်းဟူသော) အကျိုးတရားဟူသည်မှာ မမြင်ရသော နာမ်ပိုင်းဆိုင်ရာ စွမ်းအား စု၊ မြင်ရသော ရုပ်ပိုင်းဆိုင်ရာ စွမ်းအားစုများ အညီအညွတ် စုစည်းပေါင်းဆုံမိလာသောအခါ ဖြစ်ပေါ်လာရသော ရုပ်ဝတ္ထု တခုပင်ဖြစ်၏။ ထို့အတူ ရုပ်ပိုင်း၊နာမ်ပိုင်းဆိုင်ရာ စွမ်းအားစု များ စံနစ်တကျ တညီတညွတ် ဆုံစည်းလာသောမှအခါ ဖြစ်လာ ရသော နာမ်သဘာဝ တခုခုကို အကျိုးတရားဟု ဆိုအပ်၏။ ဤသို့သော အဓိပ္ပာယ်လည်း သက်ရောက်လာပါသည်။

ဘယ်အနားမှာ အကျိုးတရားရှိသလဲ။ အဖြေ။ အကြောင်း တရား၏ ရှေ့နားမှာဖြစ်စေ၊ နောက်နားမှာဖြစ်စေ၊ အကြောင်း နှင့် ပူးဘွဲ့လျက် ဖြစ်စေ ရှိနေပါသည်။ ဤစကား၏ အဓိပ္ပာယ်မှာ လည်း ပဋ္ဌာနဇာတစသည်တို့၏ အဓိပ္ပာယ်ရှင်းခန်းတွင် ထင်ရှား လာပါလိမ့်မည်။

ထို့ကြောင့် အကျိုးတရားဟူသည်မှာ အကြောင်းတရားတို့ အညီအညွတ် ဆုံစည်းလာမိသော် မလွဲမသွေ ဖြစ်လာရသော

သဘောတရားတခုခု၊ အရာဝတ္ထု တခုခုပင်ဖြစ်၏။ မံသစက္ခုဖြင့် မမြင်နိုင်ကောင်းသော ဉာဏစက္ခု=(ဉာဏ်မျက်စေ့) ဖြင့်သာ မြင်နိုင်သော နာမ်သဘာဝတခုခုပင်ဖြစ်၏။ မံသစက္ခုဖြင့်လည်း မြင်နိုင်ကောင်းသော ရုပ်ဝတ္ထု တခုခုပင် ဖြစ်၏။ယင်းသို့ သိမှတ်နားလည်အပ်ပါသည်။

[စာရေးသူ ကြည့်ရှုလေ့လာဘူးသမျှသော စာပေကျမ်းဂန်တို့၌ ပစ္စယဟူသော ပုဒ်၊ ပစ္စယုပ္ပန္န ဟူသော ပုဒ် ၂ ခုတို့၏ အဓိပ္ပာယ်များကို ဝိဂ္ဂြိုဟ်ဝစနတ္ထနှင့်တကွ ဖွင့်ဖော်၍ ပြကြ၏။ သို့သော် 'ပစ္စယသတ္တိ'ဟူသော ဤပုဒ်၏အဓိပ္ပာယ်ကိုသော်ငှင်း၊ ဝိဂ္ဂြိုဟ်တို့ကိုသော်ငှင်း တသီးတခြား ဖွင့်ပြထားသည်ကို မတွေ့ရပါ။ တစိုးတစိမျှသော အဓိပ္ပာယ်၊ သဲလွန်စမျှသော အဖွင့်ကိုသာ တွေ့မိပါသည်။ ဤသည်မှာ ထိုပုဒ်၏အဓိပ္ပာယ်ကို လွယ်ကူသည်ဟု သဘောထားတော်မူကြသောကြောင့်ငှင်း၊ ဖွင့်ပြဘို့ရန် သတိမရတော်မူသောကြောင့်ငှင်း ဖြစ်တန်ရာ၏ဟု ထင်မြင်ရပါသည်။ ယင်းသို့ ဖြစ်ရကား ဤပုဒ်၏ အဓိပ္ပာယ်ကိုလည်း စာရှုသူတို့အား သိရှိစေလိုသော စာရေးသူအဖို့ မိမိသဘောကျ ဆိုထားသော ဝိဂ္ဂြိုဟ်နှင့် သဘောပေါက်ထားသော အဓိပ္ပာယ်ကိုသာရေးသားတင်ပြရပါတော့မည်။ သို့ဖြစ်၍ 'ပစ္စယသတ္တိ' ဟူသော ပုဒ်၏ အဓိပ္ပာယ်မှာ စာရေးသူ၏ အတ္တနောမတိ၊ အနုဗုဒ္ဓိမျှသာ ဖြစ်ပါချေသည်။]

"ပစ္စယသတ္တိ" ဟူသည်မှာ 'ကြောင်းစွမ်းရည်' ဖြစ်၏။ အကျိုးတရားကို ဖြစ်စေနိုင်စွမ်းသည့် အကြောင်းတရား၌ ရှိသော အစွမ်းသတ္တိ အရည်အသွေး"ဟု ဆိုလို၏။ 'ပစ္စယသတ္တိ' ဟူသော ပါဠိစစ်ဝေါဟာရသည် 'ကြောင်းရှိစွမ်းရည်' ဟူသော မြန်မာ

ဝေါဟာရစစ်စစ်နှင့် အဓိပ္ပာယ်တူ၏။ အင်္ဂလိပ် ဘာသာတွင် အကြောင်းနှင့် အကျိုးတို့အတွက် CAUSE AND EFFECT ဟူသော သီးသန့်စကားလုံးတို့ကို တွေ့ရသော်လည်း ကြောင်းရှိ စွမ်းရည်အတွက် သီးသန့်ဝေါဟာရကို မတွေ့ရပါ။ သုံးစွဲကြ စတမ်းရှိပါသော် ABILITY OF CAUSE ဟု သုံးစွဲရမည်ဟု ထင်ပါသည်။

ဘာကို ကြောင်းရှိစွမ်းရည်ဟု ခေါ်သလဲ။ အဖြေ။ "ပစ္စယာနံ သတ္တိ ပစ္စယသတ္တိ = အကြောင်းတရားတို့၏ စွမ်းရည်သည် 'ကြောင်းရှိစွမ်းရည်' ဟူသောအမည် ရ၏" ဤဆဒ္ဒီတပ္ပုရိသ် သမာသ်ဝိဂ္ဂဟ်အရ အကြောင်းတရား တခုခု၌ အကြင်စွမ်းရည် သတ္တိဟူသည် အမှန်တကယ် ရှိ၏။ ထိုစွမ်းရည်သတ္တိကို 'ကြောင်းရှိ စွမ်းရည်'ဟု ခေါ်ပါသည်။

အဘယ်မှာ ကြောင်းရှိစွမ်းရည်ရှိသလဲ။ အဖြေ။ အကြောင်း တရားမှာရှိ၏။ မှန်၏။ 'အိမ်ရှိလူ'ဟူသော စကားဖြင့် 'အိမ်ထဲ တွင်ရှိသောလူ'ဟူသော အဓိပ္ပာယ်ပေါ်လွင်လာသကဲ့သို့ ထို့အတူ 'ကြောင်းရှိစွမ်းရည်'ဟူသော သဒ္ဒါဖြင့် 'အကြောင်းတရားတွင် ရှိသော အစွမ်းသတ္တိ အရည်အသွေး'ဟူသော အနက်အဓိပ္ပာယ် ကို ဖော်ပြပါသည်။

ဆက်ဦးအံ့။ အကျိုးကိုဖြစ်စေနိုင်သော အကြောင်းတရားတွင် အစွမ်းသတ္တိ အရည်အသွေးဟူသည် ရှိသည်သာ။ ရှိသော်သာလျှင် အကျိုးကို ဖြစ်စေနိုင်မည်ဖြစ်၏။ မရှိသော်တမူ အကျိုးကို မဖြစ် စေနိုင်ပ'ပြီ။

ထင်ရှားစေပါဦးမည်။ အကျိုးတရားဖြစ်သော ဤစာလုံး ကလေးများ၏ အကြောင်းမှာ 'စာရေးချင်သောဆန္ဒ၊ သိစေလို

သော စေတနာ’ဟူသော အဓိကကျသည့် အကြောင်းနှစ်ရပ်ရှိခဲ့ကြောင်း နောက်နားတွင် ဖော်ပြခဲ့ပြီးဖြစ်၏။ ထိုဆန္ဒနှင့်စေတနာဟူသော အကြောင်းနှစ်ခုသည် ယခုမှ ပေါင်းဆုံညီညွတ်လာသည် မဟုတ်ပါ။ (အလျဉ်းသင့်သဖြင့် ဖြောင့်ချက်တခု အနေနှင့် ဆိုရပါသော်) လွန်ခဲ့သော ၁၀နှစ်ခန့်ကာလကပင် ရှိခဲ့၏။ ပေါင်းဆုံညီညွတ်ခဲ့၏။ သို့သော် ဆန္ဒနှင့် စေတနာသာ ရှိ၏။ ရေးနိုင်စွမ်းသတ္တိ အရည်အသွေးကား မရှိခဲ့သေး။ ဒါကိုကိုယ့်ဟာကိုယ် သိခဲ့၏။ သိသောကြောင့် ဆန္ဒကို ချုးနှိမ်ထားရ၏။ စေတနာကို ချေးသိပ်ထားရ၏။ ‘မင်းကိုယ်မင်း အရည်အချင်း ဖြည့်ပေးအုံး။ အရည်အချင်းရှိမှသာ ‘မင်းသက်ရောက်စေချင်တဲ့ အကျိုးဟာ သက်ရောက်လာနိုင်မယ်’ဟူ၍ ဖြောင်းဖျခဲ့ရ၏။ ပြီး ကိုယ့်အတိုင်းအတာနှင့်ကိုယ် ကြိုးစားခဲ့၏။ ဖြည့်ခဲ့၏။ မပေါ့မလျော့မိအောင် အထူးသတိပြုခဲ့၏။ သို့ဖြင့် အချိန်ကလည်း တနှစ်တနှစ်နှင့် ကုန်လွန်လာ၏။ အရွယ်ကလည်း လူငယ်ဟူသော အဆင့်မှ မသိမသာ မြင့်တက်လာ၏။ သခ်ါရဓမ္မ အနိစ္စသဘာဝကိုလည်း ရံခါရံခါ နှလုံးသွင်းမိ၏။

သည်တော့ ‘မိမိ၏ကြိုးပမ်းမှုသည် မိမိတယောက်အတွက်သာ မဖြစ်စေရ’ဟူသော ခံယူ ကျင့်သုံးချက်ဖြင့် ဗုဒ္ဓဝါဒရေးရာတွင် စိတ်ဝင်စားသူတို့အား မိမိ၏အသိဉာဏ်ကလေးဖြင့် ကျေးဇူးပြုလိုသော ဆန္ဒကိုလည်း ချုးနှိမ်၍ သိပ်မရတော့။ ရှက်ကြမ်းရေကြိုတော့ ဖြစ်နိုင်ပါလိမ့်မည်ဟု စေတနာကလည်း မြှောက်ပေး၏။ အပေါင်းအသင်းများကလည်း တိုက်တွန်း၏။ ရောင်းရင်းများကလည်း အားပေး၏။ ဒီတော့ ဤစာလုံးကလေးများသည် စာရှုသူ၏ ရှေ့မှောက်သို့ ရောက်လာရပြီဖြစ်၏။

သို့ဖြစ်၍ ဤစာလုံးကလေးများသည် မိမိကိုယ်မိမိ အရည်အချင်းပြည့်’ဟူသော ယုံကြည်ချက်မှ ပေါ်ထွက်လာသည်ကား မဟုတ်ရိုးအမှန်ပါ။ သို့သော် လွန်ခဲ့သော ၁၀နှစ်အချိန်က ရှိခဲ့သော ဆန္ဒ၊ စေတနာနှင့် ယခုလက်ရှိ ဆန္ဒ၊ စေတနာတို့ကား အရည်အသွေးချင်း မတူတတ်ပါလေပြီ။ နိမ့်ရာမှသည် အနည်းငယ်ဖြစ်စေ မြင့်တက်လာပါပြီ။ နုရာမှသည် စဉ်းငယ်ဖြစ်စေ ရင့်ကျက်လာပါပြီ။ မရှိရာမှသည် အတန်အသင့်ဖြစ်စေ ရှိလာပြီဟု အကဲခတ်မိပါသည်။ သို့အတွက် ဆန္ဒနှင့်စေတနာ တည်းဟူသော ဤအကြောင်းရင်း ၂ခု၌ ထိုက်သင့်သမျှသော အရည်အသွေးတို့ ရှိကြပါပြီဟု ဆိုကြပါစို့။ အရည်အသွေးရှိလာသော ဆန္ဒနှင့် စေတနာတည်းဟူသော အကြောင်းတရား၂ခု ပေါင်းဆုံလာပြန်သောအခါ ဤမည်သော စာလုံးကလေးများသည် အကျိုးတရားအဖြစ်ဖြင့် ဖြစ်ပေါ်လာကြရ၏။

ထို့ကြောင့် အကြောင်းတရား၌ အရည်အသွေး အစွမ်းသတ္တိမရှိသော် အကျိုးတရား ဖြစ်မလာနိုင်။ ရှိသော်သာလျှင် ဖြစ်လာနိုင်၏။ ဖြစ်လာသော အကျိုး၏ အကြောင်းတရား၌ စွမ်းရည်သတ္တိဟူသည်မှာ အမှန်ပင် ရှိ၏။ ရှိနေသော ထိုစွမ်းရည်သတ္တိကို ‘ကြောင်းရှိ စွမ်းရည်’ဟု သိရှိနားလည်အပ်ပါသည်။ [အကြောင်းတရားတခု၌ စွမ်းရည်သတ္တိ တခုသာမက နှစ်ခုသုံးခုစသည်ရှိပုံမှာ ရှေ့အခန်းများတွင် ထင်ရှားလာပါလိမ့်မည်။]

ဆိုချင်ပါသေးသည်။ ‘ကြောင်းရှိ စွမ်းရည် ပစ္စယသတ္တိ’ ဟူသော ဤဝေါဟာရသည် ဗုဒ္ဓအဘိဓမ္မာထဲမှာသာ ရှိပါသည်။ မှန်၏။ ယခင်က ‘အဘိဓမ္မာ’ဟူ၍ရင်း၊ ‘သဘာဝတ္တဗေဒ’ ဟူ၍ရင်း ပြန်ဆိုထားကြပြီး ယခုအခါ ‘ဒဿနိကဗေဒ’ဟု ပြန်ဆိုကြ

သော (PHYLOSOPHY) ဖီလော်ဆိုဖီတွင် (COUSE AND EFFECT) အကြောင်းနှင့်အကျိုး = ပစ္စယနှင့် ပစ္စယုပ္ပန္န သာရှိသည်ကိုတွေ့ရပါသည်။ 'ကြောင်းရှိစွမ်းရည်=ပစ္စယသတ္တိ' ဟူသော အသုံးအနှုန်း ဝေါဟာရကို မတွေ့ရပါ။ ထို့ကြောင့် စာရေးသူသဘောပေါက်ထားသမျှသော အဓိပ္ပာယ်ဖြင့် သုံးစွဲရသော် ABILITY OF CAUSE ဟု သုံးစွဲသင့်ကြောင်း ဆိုခဲ့ရပါသည်။

အဆိုပါ ဒဿနိက ဗေဒနည်းတူပင် ဗုဒ္ဓ၏ မဟာကရုဏာပြဋ္ဌာန်း၍ ဟောကြားထားသော ဝိနယပိဋက။ မဟာကရုဏာနှင့်မဟာပညာတို့အညီအမျှ ပြဋ္ဌာန်း၍ ဟောကြားထားသော သုတ္တန္တပိဋကတို့တွင် ပစ္စယသတ္တိဟူသော ဝေါဟာရကို မတွေ့ရပါ။ မဟာကရုဏာကို မငဲ့တော့ဘဲ မဟာပညာတပါးတည်းသာ လွတ်လွတ်လပ်လပ်ပြဋ္ဌာန်းကာ ဟောကြားထားသော အဘိဓမ္မာပိဋကတွင်သာ ဤပစ္စယသတ္တိဟူသော ဝေါဟာရကို တွေ့ရ၏။ သို့ဖြစ်သည့်တိုင် အောက်ပိုင်း ၆ ကျမ်းတွင် မတွေ့ရသေးဘဲ အထက်ဆုံး သတ္တမမြောက်ကျမ်း ပဋ္ဌာန်းကျမ်းမှသာ ဤဝေါဟာရကို တွေ့ရပါသည်။ ထို့ကြောင့် တွေးခေါ်မြော်မြင်ရေး ရှုဒေါင့်မှကြည့်သော် 'ပစ္စယသတ္တိ' ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်မှာ အဘယ်မျှ နက်ရှိုင်းပြီး ဘယ်အထိ အနုစိတ်ကျသည်ကို ခန့်မှန်းနိုင်ကြပါလိမ့်မည်။

စာရေးသူအနေအားဖြင့်မူ အကြင်အခါ၌ အကြင်တွေးခေါ်ရှင်ပညာရှိကြီးများသည် (ဗဟိဒ္ဓရေးရာမဆိုလို)အဇ္ဈတ္တိက ရေးရာ ရုပ်နာမ်သဘာဝဓမ္မကို အပြည့်အဝအကုန်အစင် သိရှိလာကြသည်ဖြစ်အံ့၊ ထိုအခါ၌ ထိုအတွေးအခေါ်ရှင် ပညာရှိကြီးတို့သည် ဗုဒ္ဓ၏အဘိဓမ္မာကို လက်မခံလို၍ မရနိုင်တော့ပြီ ဖြစ်ကြောင်းကို

ရင်ဆိုင်လာရမည့်အပြင် သုံးစွဲကြမည့် ဝေါဟာရသဒ္ဒါအားဖြင့် ကွဲပြားကြမည် ဖြစ်သော်လည်း အနက်အဓိပ္ပာယ် အရကောက် အားဖြင့်မူ ဗုဒ္ဓက ထုတ်ပြခဲ့သောတရားကိုယ် သဘာဝတို့မှတပါး အခြားထုတ်နုတ် ဖော်ပြစရာ မကျန်ရှိတော့ဘဲ ထိုတရားကိုယ် သဘာဝဓမ္မများကိုသာလျှင် မိမိတို့နားလည်သော ဝေါဟာရဖြင့် အမည်တပ်ကာ ဖော်ပြလာကြမည် ဖြစ်ကြောင်းကို ကောင်း ကောင်းကြီး ယုံကြည်လျက်ရှိထားပါသတည်း။

# ပစ္စယသတ္တိတို၏ အဓိပ္ပာယ်

၁။ ဟေတု ပစ္စယသတ္တိ = ရင်းမြစ် မူလဟူသော ကြောင်းရှု စွမ်းရည်

"ဟိနောတိ ပတိဋ္ဌာတိ ဧတ္ထာတိ ဟေတု = ၎င်းသဘာဝတရား၌ အကျိုးပစ္စယုပ္ပန်တို့ ရပ်တည်ရ၏။ ထိုကြောင့် ထိုသဘာဝတရားသည် 'ဟေတု ရင်းမြစ်မူလ'မည်၏။ အထက်ပါ ဝိဂ္ဂိုဟ်အရ 'ဟေတု = ဟိတ် = ရင်းမြစ်မူလ'ဟူသည်မှာ 'အကျိုးတရားတို့ ရပ်တည်ရာဌာန' ဟူ၏။ ထိုတည်ရာဌာနသည် ရပ်တည်လာသူ အကျိုးတရားတို့အား ရပ်တည်နိုင်ခွင့်ပေးသောအားဖြင့် ကျေးဇူးပြုတတ် [=မဖြစ် ဖြစ်လာအောင် မရှိ ရှိလာအောင် ပြုတတ်] သောကြောင့် 'အကြောင်းပစ္စယ'လည်း ဖြစ်၏။

ထင်ရှားစေအံ့။ သစ်ပင်တပင်၏ အသီးအပွင့် အရွက်အလက် အခက် ပင်စည်သည် သစ်မြစ်ပေါ်မှာ ရပ်တည်နေ၏။ယင်းပင်စည် စသည်တို့၏ မယိုင်မလဲ ခိုင်မြဲတည်တန့်နေခြင်း၊ ဖွံ့ဖြိုးကြီးထွား လာခြင်း၊ စည်ပင် ပြန့်ပွားလာခြင်း စသည်တို့မှာ သစ်မြစ်ရှိနေ သောကြောင့်သာ ဖြစ်၏။ သစ်မြစ်မရှိသော် ခိုင်မြဲတည်တန့်ခြင်း စသည် မရှိနိုင်၊ မဖြစ်နိုင်ပါပြီ။ သစ်မြစ်၏ စွမ်းအားသတ္တိက ကောင်းလျှင် ကောင်းသလို ကြန့်ခိုင်စွာ တည်တန့်နိုင်၏။ ထို့ကြောင့် သစ်မြစ်သည် ပင်စည်စသည်တို့အား ကျေးဇူးချား၏။

ကျေးဇူးပြု၏။ သစ်မြစ်သည် အကြောင်းပစ္စယ၊ ပင်စည်စသည်တို့ကား အကျိုး ပစ္စယုပ္ပန္န။ အကြောင်းသစ်မြစ်၌ ပင်စည်တို့အားတည်တန့်စေနိုင်စွမ်းသတ္တိကား ကြောင်းရှိစွမ်းရည် ပစ္စယသတ္တိ။ ယင်းသို့ မှတ်သားအပ်၏။

ထို့အတူ အကုသလဟေတု(=မကောင်းမှုတို့၏ ရင်းမြစ်မူလ) တို့ကား လိုချင်တပ်မက်မှု လောဘ၊ ခက်ထန်ကြမ်းတမ်းမှု ဒေါသ၊ တွေဝေမှု မောဟတို့တည်း။ ကုသလဟေတု (=ကောင်းမှုတို့၏ ရင်းမြစ်မူလ)တို့ကား မလိုချင် မတပ်မက်မှု အလောဘ၊ မခက်ထန်မကြမ်းတမ်းမှု အဒေါသ၊ မတွေဝေမှု အမောဟတို့တည်း။ မကောင်းမှုတို့၏ ရင်းမြစ်မူလကား ၃ ခု၊ ကောင်းမှုတို့၏ ရင်းမြစ်မူလတို့ကား ၃ ခု။ ယင်းသို့လျှင် ရင်းမြစ်မူလ (ဟေတုဟိတ်) တရားတို့ကား ၆ ခုရှိ၏။

ထင်ရှားစေပါအံ့။ မိမိတို့၏စိတ်အစဉ်ဝယ် 'လောဘတည်းဟူသော လိုချင်တပ်မက်မှု'က အမြစ်တွယ်လာပြီဆိုလျှင်၊ လိုချင်တာကို မရလျှင် မနေနိုင်ဖြစ်လာသော စိတ်အစဉ်၊ တခုခုကို တပ်မက်လာလျှင် မမြင်ရ မနေနိုင်သော စိတ်အစဉ်၊ ဣန္ဒြေမရ တလှုပ်လှုပ်ဘရှုရှု ဖြစ်လာသော ရုပ်အသွင်တို့ ဖြစ်လာကြရ၏။ ထိုစိတ်အစဉ်နှင့် ရုပ်အသွင်တို့သည် လောဘတည်းဟူသော အမြစ်တွယ်မလာလျှင် မဖြစ်၊ တွယ်လာသောကြောင့်သာ ဖြစ်လာရ၏။ ရှိလာရ၏။ ထို့ကြောင့် လောဘသည် အကြောင်း ပစ္စယမည်၊ ထက်သန်တက်ကြွလာသော စိတ်အစဉ်၊ ရုပ်အသွင်တို့ကား အကျိုး ပစ္စယုပ္ပန္နမည်၊ အကျိုးကို ဖြစ်လာစေနိုင်စွမ်းရှိသော လောဘ၏ စွမ်းရည်ကား ကြောင်းရှိစွမ်းရည် ပစ္စယသတ္တိ။ လောဘသည် သစ်မြစ်၊ စိတ်အစဉ် ရုပ်အသွင်တို့ကား ပင်စည်

စသည်တို့။ လောဘရှိ စွမ်းရည်ကား သစ်မြစ်ရှိ စွမ်းရည်နှင့် အသီးသီး တူကြ၏။

မလိုချင် မတပ်မက်မှု အလောဘဖြစ်လာသည့်အခါ ဖြစ်ပေါ်လာသော စိတ်အစဉ်၊ ရုပ်အသွင်တို့ကား လောဘဖြစ်သည့်အခါနှင့် ဆန့်ကျင်ဘက်ဖြစ်ပုံကို သိရှိနိုင်ပါသည်။ ဒေါသအမြစ်တွယ်လာသောအခါ ခက်ထန်သော စိတ်အစဉ်၊ ကြမ်းကြမ်းတန်းတန်း ဂမူးရှူးထိုးနှင့် နီရဲသာသော အသားအရေ မျက်နှာသွင်ပြင်၊ ဒေါသဖြစ်လာသောအခါ ပျော့ပြောင်းသောစိတ်အစဉ်၊ သိမ်မွေ့သော ရုပ်အသွင်တို့ ဖြစ်လာကြသည်ကိုလည်း ဆန်းစစ်ကြည့်နိုင်ပါသည်။ မိမိတို့ စိတ်အစဉ်မှာ 'တွေဝေမှု ဖုံးလွှမ်းမှု မောဟ' ဖြစ်လာသောအခါ သဘာဝဓမ္မများကို ယထာဘူတကျကျ မမြင်နိုင်ဘဲ တလွဲတချော် မြင်တတ်သော စိတ်အစဉ်၊ မှားသည်၊ မှန်သည်ဟု ယတိပြတ် မဆုံးဖြတ်နိုင်ဘဲ ဟိုယောင်ယောင် ဒီယောင်ယောင်နှင့် တွေဝေနေသော စိတ်အစဉ်၊ မရှင်မပျ နမူနထိုင်း ဖြစ်နေသော ရုပ်အသွင်တို့ ဖြစ်လာကြ၏။

အမောဟဟူသည်မှာ မတွေဝေ၊ မဖုံးလွှမ်းမှုပင် ဖြစ်၏။ ထိုအမောဟကို ပညာ၊ ဉာဏ်၊ ဓမ္မဝိစယ စသည်ဟု ခေါ်သေး၏။ ထို့ကြောင့် ထိုပညာဉာဏ် စသည်တို့မှာ တရားကိုယ်အားဖြင့် အမောဟပင် ဖြစ်၏။ မိမိတို့ စိတ်အစဉ်ဝယ် အမောဟတည်းဟူသော အမြစ်မူလတွယ်လာသောအခါ တွေးခေါ်သုံးသပ်မှု ပြုသူအား သဘာဝဓမ္မများကို ယထာဘူတကျကျ မြင်လာတတ်သော စိတ်အစဉ်၊ မှားသည် မှန်သည်ဟု တထစ်ချ ဆုံးဖြတ်တတ်သော စိတ်အစဉ် (ကုသလမူလဖြစ်သည့်အားလျော်စွာ) ချမ်းမြေ့ကြည်လင်သော ရုပ်အသွင်တို့ ဖြစ်လာကြ၏။

မှန်၏။ ဥဇ္ဈောက်ကလည်း ကြည်လင်၊ နှလုံးသားကလည်း ချမ်းမြေ့၊ တပ်မက်မှု၊ ဒေါသထွက်မှု စသည်ကလည်း မရှိဘဲ ဖြစ်နေသည့်အခါ အမောဟ၏ သဘာဝမှာ ပေါ်လွင်လာ၏။ ထိုအခါမျိုးတွင် အကြောင်းအရာတခုခုကို ပြောပြ ပို့ချပေးသူအား ဖြစ်တတ်သည်မှာ ပြောစကား စကားလုံးများက စီကာစဉ်ကာ ပေါ်လာတတ်၏။ ဒီစကားတခွန်း အပြီးမှာ နောက်စကားတခွန်းကို ပြောဘို့ အခန့်သင့် ဖြစ်နေတတ်၏။ တခုခုကို စီကုံးရေးသားနေသူအားလည်း ဖြစ်တတ်သည်မှာ အကြောင်းအကျိုးနှင့်အညီ ယုတ္တိဘန်တန် ရေးစရာများမှာ သိပ်ပြီးတွေးတောမနေရတော့ဘဲ အလိုအလျောက် လိုလိုပင် ပေါ်လာတတ်၏။ ဒီတဝါကျအပြီးမှာ နောက်တဝါကျကို ဆက်ရေးဘို့ အရံသင့် ဖြစ်နေတတ်၏။

ထိုအမောဟ အားကြီးသည့် အခိုက်အတန့်တွင် စေခိုင်းခြင်း ခံရသောလက်မှာ ညောင်း၍သော်မှ လာတတ်၏။ ဤသည်မှာ အမောဟဟူသော ရင်းမြစ်မူလ၏ စွမ်းရည် (အမောဟဟေတုသတ္တိ) ရှိကြောင်း ဖော်ပြတတ်သော ရုပ်နာမ် သဘာဝမွတို့၏ ဖြစ်ပေါ်လာတတ်ပုံတည်း။ ထို၏ဆန့်ကျင်ဘက် တွေဝေမှု မောဟ ဖြစ်လာသောအခါ ဒါပြောရ ကောင်းနိုးနိုး၊ ဟိုဟာရေးရ ကောင်းနိုးနိုးနှင့် မပြတ်မသား တွေတွေဝေဝေ ဖြစ်လာတတ်သော စိတ်အစဉ်၊ မကြည်လင်သော မျက်နှာသွင်ပြင်တို့မှာ ဖြစ်လာကြသည်သာ။

ဤမျှသော ဖော်ပြချက်ကို ခွဲထွင်သုံးသပ်ပါသော် လောဘစသော နာမ်တရားရင်းမြစ်မူလ ၆ ပါးက နာမ်တရားအားသော်ငြင်း၊ ရုပ်တရားအားသော်ငြင်း အမှန်တကယ်ပင် ကျေးဇူးပြုတတ်

သော အကြောင်းစွမ်းရည်သတ္တိဟူသည် ရှိ၏။ ထိုစွမ်းရည်သတ္တိကို 'ဟေတုပစ္စယသတ္တိ=ရင်းမြစ်မူလဟူသော ကြောင်းရှိစွမ်းရည်'ဟု သိရှိနားလည်အပ်၏။

၂။ အာရမ္မဏပစ္စယသတ္တိ=အာရုံဟူသော ကြောင်းရှိစွမ်းရည်

''စိတ္တ စေတသိကာနိ အာဂန္တွာ ရမန္တိ ဧတ္ထာတိ အာရမ္မဏံ= ဤသဘာဝတရား၌ စိတ်၊ စေတသိက်တို့ လာရောက်၍ မွေ့လျော်ကြ၏။ ထို့ကြောင့် စိတ်၊ စေတသိက်တို့ မွေ့လျော်ရာဖြစ်သော ထိုသဘာဝတရားသည် အာရုံမည်၏။ စိတ္တ စေတသိကေဟိ အာလမ္ဗီယတိ ဂယှတီတိ အာလမ္ဗဏံ = အကြင်သဘာဝတရားကို စိတ်၊ စေတသိက်တို့က ကိုင်စွဲအပ်၏။ ထို့ကြောင့် စိတ်၊ စေတသိက်တို့ ကိုင်စွဲအပ်သော ထိုသဘာဝတရားသည် အာရုံဟူသော အမည်ရ၏''

အထက်ပါ ဝိဂ္ဂဟ် ၂ ခုအနက် ပဌမဝိဂ္ဂဟ် ဆိုလိုချက်မှာ 'အာရုံ'ဟူသည်မှာ 'စိတ်၊ စေတသိက်တို့ မွေ့လျော်ရာ ကျက်စားရာဖြစ်သော သဘာဝမေ့'ဟူ၏။ ဤသည်ကို ထင်ရှားစိမ့်သောငှာ သာယာသောပန်းဥယျာဉ်ကြီးဖြင့် ဥပမာပြုကြ၏။ ထင်ရှားစေအံ့။ လူတို့သည် ပန်းဥယျာဉ်သို့လာရောက်ကြပြီး မွေ့လျော်တတ်သော သဘာဝရှိကြ၏။ ဤတွင် ပန်းဥယျာဉ်ကြီးသည် အာရုံ အကြောင်း ပစ္စယဓမ္မ၊ လူတို့သည် အာရမ္မဏိက အကျိုးပစ္စယုပ္ပန္နဓမ္မ၊ ဥယျာဉ်၏ မွေ့လျော်ဘွယ် ဂုဏ်သတ္တိသည် ကြောင်းရှိစွမ်းရည် အာရမ္မဏ ပစ္စယသတ္တိ။ ဤသို့ တူညီကြ၏။

ဒုတိယ ဝိဂ္ဂဟ်၏ ဆိုလိုချက်မှာ 'အာရုံ' ဟူသည်မှာ 'စိတ်၊ စေတသိက် တို့ဖြစ် ပေါ်လာနိုင်ရန် ကိုင်စွဲအပ် အားပြုအပ် သော

သဘာဝမျှ' ဟူ၏။ ဥပမာ၊ မစွမ်းမသန်သူ၊ အိုမင်းသူတို့သည် ကြိုတန်း သို့မဟုတ် တောင်ဝှေးကို ကိုင်စွဲရ အားပြုရပါမှသာ ရပ်တည်နိုင်ကြ၏။ လမ်းလျှောက်နိုင်ကြ၏။ တောင်ဝှေး ကြိုးတန်းကို မကိုင်ရ အားမပြုရသော် မရပ်နိုင်ကြ၊ လမ်းမလျှောက်နိုင်ကြပေ။ ထို့အတူ အာရုံဘခုခုကို အာရုံပြုရပါမှ အားပြုရပါမှသာ စိတ် စေသိက်တို့ ဖြစ်လာနိုင်ကြ၏။ မည်သည့် အာရုံကိုမျှ အာရုံ မပြုရသော် မည်သည့် စိတ်၊ စေတသိက်တို့မျှ မဖြစ်နိုင်ကြပေ။ ထို့ကြောင့် မိမိတို့၏ ဖြစ်လာသမျှ ရှိနေသမျှသော စိတ်စေတသိက် အစဉ်သည် တခုခုသော အာရုံကို (အမှန်တကယ်ပင်) အာရုံ ပြုနေ၏။

မယုံလျှင် ဆန်းစစ်ကြည့်စမ်းပါ။ ဥပမာ၊ ယခုအခါတွင် အသင် သုတေသီ၏ စိတ်အစဉ်သည် ဖြစ်နေ၏၊ ရှိနေ၏၊ 'ထိုဖြစ်နေ ရှိနေသော စိတ်အစဉ်သည် ရူပါရုံကို အာရုံပြုနေ၏' ဟူ၍ တထစ်ချဆိုလိုက်ပါရစေ။ အကြောင်းမှာ အသင်ကြည့်ရှုနေသော စာရွက် စာလုံးကလေးများသည် ရူပါရုံ စင်စစ် ဖြစ်နေသော ကြောင့်တည်း။

ဤတွင် ရူပါရုံသည် အကြောင်းပစ္စယမျှ၊ စိတ်၊ စေတသိက် အစဉ်သည် အကျိုးပစ္စယုပ္ပန္နမျှ၊ ရူပါရုံရှိ သတ္တိသည် ကြောင်းရှိ စွမ်းရည် အာရမ္မဏပစ္စယသတ္တိ၊ ယင်းသို့ သိမှတ်အပ်၏။ ယင်းသို့ ဆိုလျှင် အသင်သုဘေသီက 'ဒီစာကို ကြည့်မနေပေမဲ့ စိတ်အစဉ်က ရှိနေသားဘဲ၊ ဖြစ်နေသားဘဲ' ဟု ဆိုကောင်းဆိုလိမ့်မည်။ ကောင်းပြီ" စာမကြည့်ပေမဲ့ အသင့်စိတ်က ရှိနေ ဖြစ်နေပါလျှင် ထိုရှိနေသောစိတ်သည် (နားဖြင့် ကြားသိရာ အသံတခုခု=) သဒ္ဒာရုံကို ဖြစ်စေ၊ (နှာခေါင်းဖြင့် ရှူရှိုက်၍ နံသိရာ အနံ့တခုခု) ဂန္ဓာရုံကို

ဖြစ်စေ၊ (လျှာဖြင့်လျက်၍ စား၍ သိစရာ အရသာတခုခု) ရသာရုံကို ဖြစ်စေ၊ (ကိုယ်ဖြင့် ထိတွေ့၍ သိစရာတခုခု=) ဖောဋ္ဌဗ္ဗာရုံကို ဖြစ်စေ အာရုံပြုနေရမည်၊ သိနေရမည် ဖြစ်၏။ ဒါတွေအထဲကလဲ တခုခုကိုမှ အာရုံမပြုဘူးဟု ဆိုလျှင် (စိတ်ထဲကသာလျှင် တွေးတောကြံဆ၍ သိစရာရာတခုခု=) ဓမ္မာရုံကို ဖြစ်စေ အာရုံပြုနေရမည်၊ သိနေရမည် ဖြစ်၏။ 'ဤဓမ္မာရုံဆိုတာကိုလည်း သိမနေပါ' ဟုဆိုလျှင် အသင်သည် အိပ်ပိုက်နေ၍သော်၎င်း၊ အိပ်ပျော်နေ၍သော်၎င်း ဖြစ်ရပါမည်။ မှန်၏။ အိပ်ပိုက်နေသူ၊ အိပ်ပျော်နေသူအား ဖြစ်နေသော ဘဝင်စိတ်အစဉ်သည် အခိုက်အတန့်အားဖြင့် အာရုံ ၆ ပါးတို့ ချုပ်နေကြ၏။ [ထိုဘဝင်စိတ်အစဉ်သည်သော်မှ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တို့အနက် တခုခုကို အာရုံပြု၏ဟု ဗုဒ္ဓအဘိဓမ္မာက ဆို၏။ ဤဘဝင်စိတ်ကို UNCONCIOUS MIND မသိစိတ်ဟု စိတ္တဗေဒတွင် အသုံးပြု၏]

ဆက်ဦးအံ့။ ဖြစ်နေသမျှ ရှိနေသမျှသော စိတ်အစဉ်(=ပီတိ) သည် တခုခုကို အာရုံပြုနေ၏။ အာရုံပြုစရာမရှိသော်၊ ပေါ်မလာသော် ဝိထိစိတ်အစဉ်မဖြစ်။ အာရုံတို့ ချုပ်နေ၏။ အိပ်ပျော် နေရမည်။ သို့မဟုတ် အိပ်ပိုက်နေရမည်ဖြစ်၏။ သို့ဖြစ်၍ အိပ်မပျော်နိုင်ခြင်း၊ မျက်စေ့ကြောင်နေခြင်းမှာ အာရုံတို့က မချုပ်ငြိမ်းနိုင်ကြဘဲ တခုပြီးတခု ပေါ်လာသောကြောင့် ဖြစ်၏။ ဝါ၊အတွေးအာရုံတွေက အမြင်မပြတ်နိုင်အောင် တခုပြီးတခုပေါ်လာသောကြောင့် အိပ်မပျော်ခြင်း၊ မျက်စေ့ကြောင်ခြင်းများ ဖြစ်လာရ၏။ [အိပ်မပျော်နိုင်ခြင်းမှာ အတွေးအာရုံများ မချုပ်နိုင်သောကြောင့် ဖြစ်ရ၏ ဟူသည်မှာ ယေဘုယျစကား ဖြစ်ပါသည်။ အပွကစကားအနည်းအကျဉ်းအားဖြင့်မူ ကျန်းမာရေး ချို့တဲ့သောကြောင့်

လည်း ဖြစ်တတ်ပါသည်။] အတွေးအာရုံတွေက ပေါ်မလာတော့ ပါမူ ဝိထိစိတ်အစဉ်မှာ ပြတ်သွားတော့၏။ ဘဝင်စိတ်အစဉ် ဖြစ်လာ၏။ ဘဝင်စိတ်အစဉ်တို့သာ ဆက်တိုက် ဆက်တိုက် ဖြစ်လာသော် အိပ်ပျော်သွားတော့၏။ ထို့ကြောင့် အိပ်ပျော် နေသည့်အခါတွင် ဘဝင်စိတ်အစဉ်တို့သာ ဖြစ်နေကြ၏ ဟူ၍ ဆိုရ၏။

ထို့ကြောင့် အာရုံ ၆ ပါးသည် အကြောင်းပစ္စယဓမ္မ။ စိတ် စေတသိက် အစဉ်သည် အကျိုး ပစ္စယုပ္ပန္နဓမ္မ။ အာရုံခြောက်ပါးရှိ စွမ်းအားသတ္တိသည် ကြောင်းရှိ စွမ်းရည် ပစ္စယသတ္တိ။ ယင်းသို့ သိမှတ်နားလည်အပ်၏။

၃၊ အဓိပတိပစ္စယသတ္တိ = အကြီးအချုပ်ဟူသော ကြောင်းရှိ စွမ်းရည်

"အဓိနံ ပတိ အဓိပတိ = အကြင်သဘာဝသည် မိမိနှင့် စပ်၍ ဖြစ်လာသမျှတို့ အကြီးအချုပ်ဖြစ်၏။ ထို့ကြောင့် ထိုသဘာဝ ဓမ္မသည် အဓိပတိ၊ ဝါ၊ အကြီးအချုပ် ဟူသောအမည် ရ၏" ဤဝိဂ္ဂဟ်ဝစနတ်အရ 'အဓိပတိ'ဟူသည်မှာ'အကြီးအချုပ်'ဟူ၏။ ထိုအဓိပတိသည် အာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိဟူ၍ ၂ မျိုးရှိ၏။ ထိုတွင်

၁။ အာရမ္မဏာဓိပတိ။ အာရမ္မဏ+အဓိပတိ=အာရုံလည်း ဖြစ်ခြင်း+အကြီးအချုပ်လည်း ဖြစ်ခြင်း။ ဤအင်္ဂါ ၂ ရပ်နှင့် ပြည့်စုံသော သဘာဝဓမ္မတို့ကား လွန်ခဲ့သော အခန်းတွင် ပြဆို ခဲ့သည့်အာရုံ ၆ ပါးပင် ဖြစ်၏။ သို့သော် လွန်ကဲ ထူးမြတ်သော အာရုံများကို ယူရမည်။ သာမန် အာရုံများကို မယူရ။ [ဤတွင်

လူများစု နားလည်သဘောပေါက်ရေးကို ဦးတည်ချက် ထားပါသဖြင့် အများသုံး ဝေါဟာရများမှသာ ထုတ်နုတ်၍ ပစ္စည်းပစ္စယုပ္ပန်ထိုက်သော တရားများကို ဖြစ်နိုင်သမျှ ဖော်ပြထားပါသည်။ 'အလေးပြုအပ်သော၊ ဇွဥ္ဈဖြစ်သော' စသည်ဖြင့် ပြဆိုရန်မဖြစ်နိုင်ပါ။ မဖြစ်နိုင်၍ မပြဘဲထားသည်ကို အပြစ်တခုဟု ရှုမိကြမည်မထင်ပါ။]

ခွဲဦးအံ့။ ရူပါရုံသည် သာမန်ရူပါရုံ ထူးကဲသော ရူပါရုံဟု ၂ မျိုးရှိ၏။ သာမန်ရူပါရုံ၌ အာရမ္မဏ ပစ္စယသတ္တိသာ ရှိ၏။ အာရမ္မဏာ ဓိပတိ ပစ္စယသတ္တိ မရှိပါချေ။ စိတ်စေတသိက်တို့ကို ဖြစ်စေနိုင်စွမ်း သာမန်သတ္တိသာ ရှိ၏။ ထိုစိတ်စေတသိက်တို့ကို လွှမ်းမိုးချုပ်ကိုင်နိုင်စွမ်း အကြီးအချုပ်သတ္တိမရှိဟူ၍ ဆိုလိုပါသည်။ ထူးကဲသော ရူပါရုံ၊ အလွန်လှသော ရူပါရုံတို့၌မူ အာရမ္မဏပစ္စယသတ္တိရှိသည့်အပြင် အာရမ္မဏာဓိပတိပစ္စယသတ္တိလည်းရှိ၏။ ဆိုလိုသည်မှာ 'စိတ်စေတသိက်တို့ကို ဖြစ်စေနိုင်စွမ်းသတ္တိရှိသည့်အပြင် ယင်းတို့ကို ချုပ်ကိုင်လွှမ်းမိုးနိုင်စွမ်း သတ္တိလည်း ရှိ၏'ဟူ၏။

ထင်ရှားစေဦးအံ့။ သာမန်အားဖြင့် တွေးတောငေးမောနေရာမှ ထူးထူးကဲကဲလှပသော ရူပါရုံတခုက မိမိ၏မျက်မှောက်တူရူသို့ ရောက်လာသည်။ ဝါ၊ မိမိ၏ စက္ခုပသာဒသို့ ဇွဥ္ဈဖြစ်သော ရူပါရုံက ရောက်ရှိလာသည်ဟု ဆိုကြပါစို့။ ထိုအခါ တွေးတောငေးမောနေသည့် (မနောဒွာရိက) စိတ်အစဉ်သည် သာမန်ဖြစ်ပေါ်နေရာမှ ရပ်ချည်းချုပ်ပျက်သွား၏။ ပျောက်ကွယ်သွား၏။ နောက် (စက္ခုဒွာရိက) စိတ်အသစ်တခုဖြစ်လာ၏။ ဖြစ်ရသော စက္ခုဒွာရစိတ်အစဉ်သည် 'ဘာသူကြောင့်တုန်း'ဟု မေးသော်

အခြေမှာ 'ထင်လာသော ရူပါရုံကြောင့်'ဟူ၏၊ ထိုစိတ်အစဉ်သစ်သည် စောစောက စိတ်အစဉ်နှင့်မတူ တမူခြားကာ တက်တက်ကြွကြွ ရှင်ရှင်သန်သန် ဖြစ်နေ၏။ ထိုရူပါရုံမှခွာ၍ မရအောင်ဖြစ်နေ၏။ ခွာ၍မရအောင် ဖြစ်ရသည်မှာ ထိုရူပါရုံ(ပစ္စယဓမ္မ)၌ ရှိသော ထူးကဲသောဆွဲအား (လွှမ်းမိုးချုပ်ကိုင်နိုင်စွမ်း=အာရမ္မဏာဓိပတိသတ္တိ)ရှိနေသောကြောင့်တည်း။

တနည်းအားဖြင့်သော်'အဓိပတိ'ဟူသည်မှာ 'ကျေးကျွန်တို့၏ အရှင်သခင်'ဟု အဓိပ္ပာယ် ဖွင့်ရလျှင်လည်း မှန်ကန်ရာ၏။ အကြောင်းမှာ 'အဓိ'သဒ္ဒါသည် ကျေးကျွန်၊ 'ပတိ' သဒ္ဒါသည် 'အရှင်သခင်'ဟူသော အနက်ကို ဟောနိုင်သောကြောင့်တည်း။ ထိုကြောင့် ဤ၌ ဖြစ်လာသော စိတ်စေတသိက်အစဉ်သည် ကျေးကျွန် အကျိုး ပစ္စယုပ္ပန္နဓမ္မ၊ ထူးကဲသော ရူပါရုံသည် အရှင်သခင် အကြီးအချုပ် အကြောင်းပစ္စယဓမ္မ။ ရူပါရုံရှိ ထူးကဲသော ဆွဲအားသတ္တိကား တန်ခိုးအာဏာ ကြောင်းရှိစွမ်းရည် ပစ္စယသတ္တိ။ ဤသို့လည်း မှတ်သားအပ်မှတ်သားနိုင်သည်သာ။ ထို့အတူ သာမန်ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံတို့၌ အာရမ္မဏသာ ရှိ၏။ ထူးကဲသော သဒ္ဒါရုံ စသည်တို့၌မူ အာရမ္မဏသတ္တိအပြင် အာရမ္မဏာဓိပတိသတ္တိလည်းရှိသည်ကို သိမှတ်နားလည်နိုင်လောက်ပေပြီ။

၂။ သဟဇာတာဓိပတိ။ သဟဇာတ+အဓိပတိ=အတူတကွလည်း ဖြစ်ခြင်း+အကြီးအချုပ်လည်း ဖြစ်ခြင်း။ ဤအင်္ဂါ ၂ ရပ်နှင့် ပြည့်စုံသော တရားတို့ကား ဆန္ဒ၊ စိတ်၊ ဝီရိယ၊ ပညာတို့တည်း။ ဤတရား ၄ ခုသာ သဟဇာတာဓိပတိသတ္တိ ရှိကြ၏။ အခြားတို့ကား မရှိကြ။ မရှိကြပုံကို ဤတွင် မဆွေးနွေးတော့ပါပြီ။

ဤသဟဇာတာဓိပတိ၏ သဘာဝကို စကြာမင်း၊ ပြည့်ရှင်မင်း တို့ဖြင့် ဥပမာ ပြ၏။ ထိုစကြာမင်းတို့သည် ယခုအခါ မရှိကြ တော့ပြီ။ ယင်းတို့၏ တန်ခိုးအာဏာများလည်း အဘယ်သို့ ရှိကြ သည်ကို အတိအကျ မသိနိုင်ပါပြီ။ သို့ဖြစ်၍ စာရေးသူတို့ သိရှိ ရသော ဖြစ်ရပ်တို့ဖြင့်သာ ဥပမာ ပြုကြပါစို့။ ထို့ကြောင့် 'သဟဇာတာဓိပတိသည် ကျောင်းဆိုင်ဘုန်းတော်ကြီး၊ သို့မဟုတ် ကျောင်းအုပ်ဆရာကြီးနှင့် တူ၏'ဟု ဥပမာ ပြုပါမည်။

ချဲ့ဦးအံ့။ ကျောင်းအုပ်ဆရာကြီးသည် မိမိကျောင်းရှိ ကျောင်း ဆရာများနှင့်တကွ ကျောင်းသူ ကျောင်းသားတို့ အပေါ်တွင် မိမိသဘောကျ လွှမ်းမိုးချုပ်ကိုင်နိုင်စွမ်း ရှိ၏၊ အရှင်သခင်ပင် ဖြစ်၏။ ထို့အတူ ဆန္ဒာဓိပတိ= (ထူးကဲသော လိုအင်ဆန္ဒ) သည် မိမိနှင့်တကွ ဖြစ်ဖက် (နာမ်ရုပ်) သဘာဝများအပေါ် လွှမ်းမိုးနိုင်စွမ်း ရှိ၏။ ကျောင်းအုပ်ဆရာကြီး၏ သဘောကျ လက်အောက်ကျောင်းဆရာ၊ ကျောင်းသူ ကျောင်းသားများ လိုက်နာကြရသည်သို့ ဆန္ဒာဓိပတိအလိုကျ စိတ်အားသတ္တိက ထက်သန်လာရ၏။ ဝီရိယက ကြိုးစားလာရ၏။ ပညာက တွေးခေါ် သုံးသပ်ပေးရ၏။ (တခါတရံတွင်) ကျောင်းအုပ်ဆရာကြီးက လမ်းမှားနေ၍ လက်အောက်ကျောင်းဆရာများက ကန့်ကွက် ဆန့်ကျင်၍ မရသည့်အခါ ရေလိုက် ငါးလိုက် ပြုနေကြရသကဲ့သို့ နှလုံးသား၏ လွန်ကဲသောဆန္ဒက လမ်းလွဲနေသည့်အခါ ဥက္ကောက်၏ပညာက ကန့်ကွက်ငြင်းဆို၍ မရသဖြင့် ပညာ တရားကသော်မှ (လူမိုက်အားပေး သဘောမျိုးဖြင့်) ခွင့်လွှတ် နိုင်စရာ အမှားများဖြစ်အောင် ဆင်ခြေဆင်လက်တွေပေးကာ ဆန္ဒအလိုသို့ လိုက်လျောတတ်သည်ကို ကြုံဘူးကြပါလိမ့်မည်။

[ဤစကားရပ်ဖြင့် အဓိပတိတို့မည်သည်မှာ တချိန်တည်းတွင် ၂ ပါးဖြစ်ရိုးထုံးစံ မရှိ။ တပါးတည်း တခုတည်းကသာ အဓိပတိ ဖြစ်ရိုးရှိသည်ကို သဘောပေါက်နိုင်၏။]

ယင်းသို့လျှင် ဆန္ဒလွန်ကဲလာသည့်အခါ (အလိုဆန္ဒက အကြောင်းပစ္စယအဖြစ်ဖြင့် တကယ်တန်း အဓိပတိပစ္စည်းတပ်လာသည့်အခါ) ဖြစ်ဖော်ဖြစ်ဘက်စိတ် ဝီရိယ၊ ပညာတို့နှင့်အတူ အခြားရုပ်နာမ်သဘာဝများက ဆန္ဒ၏ကျေးကျွန်သဘွယ် ဆန္ဒ၏အလိုသို့ လိုက်ရ၏။ ဆန္ဒ၏အမိန့်ကို နာခံ၏။ ဆန္ဒက အရှင်သခင်ဖြစ်နေ၏။ ဆန္ဒက အဓိပတိ ဖြစ်နေ၏။

ဤတွင် ဆန္ဒသည် အကြောင်းပစ္စယဓမ္မ၊ ဖြစ်ဖော်ဖြစ်ဘက်တို့ကား အကျိုး ပစ္စယုပ္ပန္နဓမ္မ၊ ဆန္ဒ၏ လွှမ်းမိုးဆွဲဆောင်နိုင်စွမ်းသတ္တိကား ကြောင်းရှိစွမ်းရည် ဆန္ဒာဓိပတိ ပစ္စယသတ္တိဟူ၍ မှတ်သားအပ်၏။ ထို့အတူပင် စိတ်အားသတ္တိက သိပ်ပြီးထက်သန်သည့်အခါ၊ ဝီရိယ လွန်ကဲသည့်အခါ၊ ဉာဏ်ပညာလွန်ကဲသည့်အခါတို့တွင် စိတ်အားသတ္တိ စသည်၏ နောက်သို့ ဆန္ဒစသည်တို့က လိုက်လျောရကြောင်းကို ·(သတိပြု၍ ကြည့်ရှုလေ့လာသော်) အမှန်တကယ်ပင် သဟဇာတာဓိပတိသတ္တိ ရှိသည်ကို ကောင်းကောင်းကြီး သဘောပေါက်နိုင်ကြပါသည်။

၄၊ ၅။ အနန္တရ သမနန္တရ ပစ္စယသတ္တိ=အခြားမဲ့၊ လွန်စွာအခြားမဲ့ဖြစ်သော ကြောင်းရှိစွမ်းရည်

“‘ပစ္စယုပ္ပန္နေန သဟ နတ္ထိ အနန္တရံ ဧတဿ ပစ္စယဿာတိ အနန္တရပစ္စယော သောယေဝ သမနန္တရပစ္စယော=ဤအကြောင်းပစ္စည်းအား အကျိုး ပစ္စယုပ္ပန်နှင့် တကွ အကြားသည် မရှိ။

ထို့ကြောင့် မိမိနှင့် မိမိအကျိုး၏ အကြားတွင် (တစုံတခု) ခြားကွယ်မှု မရှိသော ထိုအကြောင်း ပစ္စည်းသည် အနန္တရ ပစ္စည်း မည်၏။ ထိုအနန္တရပစ္စည်းသည်ပင်လျှင် သမနန္တရပစ္စည်း တည်း'' ဤဝစနတ္ထအရ 'အနန္တရ သမနန္တရ'ဟူသည်မှာ 'အကြောင်းဖြစ်သော မိမိနှင့်အကျိုးဖြစ်သောမိမိ ပစ္စယုပ္ပန်တို့၏ ကြားတွင် တစုံတရာခြားကွယ်မှု မရှိသော အကြောင်း သဘာဝ တရား'ဟူ၏။

ဤအနန္တရနှင့် သမနန္တရ ပစ္စယသတ္တိ ၂ ခုတို့သည် အနက် အဓိပ္ပာယ် ပင်ကိုယ်သဘာဝ၈မ္မ အရကောက်ချင်း တူညီကြ၏။ မတူဟု ယူဆကြသော ဆရာမြတ်များ ရှိသေး၏။သို့သော် တူသည် ဟု ယူဆကြသော ဆရာမြတ်များ၏ ယူဆချက်၊ အကြောင်း ပြချက်များသည် ခိုင်လုံ၏၊ ယုတ္တိဘန်၏။ ထိုအယူအဆများအရ အနန္တရနှင့် သမနန္တရတို့သည် အနက်အဓိပ္ပာယ်ချင်း တူညီကြ သော ပရိယာယ်သဒ္ဒါ စကားလှယ်ဝေါဟာရများသာဖြစ်ကြ၏။ မှန်၏။ အကြင်သူသည် 'အနန္တရ'ဟု ဟောကြားလျှင် ဆိုလိုချက် အဓိပ္ပာယ်ပေါက်သွား၏။ ထိုသူအား ရည်ညွှန်း၍ 'အနန္တရ'ဟု ဗုဒ္ဓက ဟောတော်မူခဲ့၏။ အကြင်သူသည်ကား 'အနန္တရ'ဟု ဟောသော် အဓိပ္ပာယ်ကို နားမလည်၊ သဘောမပေါက်။ 'သမနန္တရ'ဟု ဟောမှသာ နားလည်၏။ သဘောပေါက်၏။ ထိုသူအတွက် ရည်ညွှန်းချက်ဖြင့် 'သမနန္တရ'ဟု ဟောတော်မူ၏။ ဥပမာ၊ ရှေးနားက ဝါကျတွင် 'ပရိယာယ်သဒ္ဒါ'ဟု ရေးခဲ့၏။ တဖန် 'စကားလှယ်ဝေါဟာရများသာ'ဟု ရေးပါမှ သဘော ပေါက်သွားမည့် စာရှုသူတို့အတွက် ရည်ညွှန်းလျက် 'စကားလှယ် ဝေါဟာရများသာ'ဟု ထပ်မံ၍ ရေးရပြန်သကဲ့သို့တည်း။

ဤပစ္စယသတ္တိ ၂ ခု၏ အဓိပ္ပာယ်မှာ လွန်စွာ သိမ်မွေ့လှ၏ သိမ်မွေ့သော အဓိပ္ပာယ်ကို ထင်ရှားစေခြင်းငှာ ဖော်ပြထားကြသော ဥပမာကို မတွေ့ရပါ။ သို့သော် စာရေးသူ အနေအားဖြင့်မူ ဥပမာဖြင့် ရှင်းပြချင်၏။ သို့ဖြစ်၍ မိမိဘာသာ ကြံဆ သုံးသပ်သဘောကျ လက်ခံထားသော ဥပမာဖြင့်သာ ပြရပါတော့မည်။ သဘာဝကျ မကျကိုမူ စာရှုသူ သုတေသီတို့ကသာ ဆင်ခြင်သုံးသပ်ကြပါလေ။ ထို့ကြောင့် 'အနန္တရ သမနန္တရတို့သည် နာရီ၏ စက္ကန့်လက်တန်နှင့်တူညီကြသည်' ဟူ၏။

ချဲ့ဦးအံ့။ အနန္တရ သမနန္တရ သတ္တိရှိသော တရားတို့ကား ချုပ်ပျက်သွားကြသော ရှေးရှေးစိတ်စေတသိက်မှန်သမျှတို့တည်း။ ရှေးရှေးဖြစ်သော စိတ်စေတသိက် အဟောင်းတို့ ချုပ်ပျက်သွားသည့်အတွက်ကြောင့်သာ နောက်နောက်သော စိတ်စေတသိက် အသစ်တို့ဖြစ်လာကြရ၏။ ပြယုဂ်။ စုတိစိတ် ချုပ်ပျက် သွားသည့် အတွက်ကြောင့်သာ ပဋိသန္ဓေစိတ် ဖြစ်လာရ၏။

ယင်းသည်နှင့် ဆန့်ကျင်ဘက်အားဖြင့်မူ ချုပ်ပျက်သွားသော ရှေးစိတ်တွင် အနန္တရ သမနန္တရသတ္တိ မရှိကြ။ မရှိသောကြောင့် စိတ်သစ်တို့ဖြစ်ပေါ်၍ မလာကြတော့ပေ။ ထိုစိတ်ကား ဘုရားနှင့် ရဟန္တာတို့၏ စုတိစိတ်ပင် ဖြစ်၏။ မှန်၏။ ဘုရား၊ ရဟန္တာတို့၏ စုတိစိတ်သည် ပဋိသန္ဓေစိတ်ကို ဖြစ်စေနိုင်စွမ်းမရှိကြ။ ပဋိသန္ဓေ စိတ်သစ်ထပ်မံ၍ ဖြစ်မလာတော့ပြီ ဖြစ်သောကြောင့် ဘဝသစ် ဟူသည် မရှိတော့ပါပြီ။ သံသရာပြတ်သွားလေပြီ။ ထို့ကြောင့် 'နတ္ထိ ဒါနိ ပုနဗ္ဘဝေါ=ယခုအခါ ငါ့အား ဘဝသစ်မရှိပါလေပြီ' စသည်ဖြင့် ဝမ်းပန်းတသာ ဥဒါန်းကျူးရင့်တော်မူကြ၏။

ထင်ရှားစေအံ့။ အသင့်ရှေ့တွင်ရှိသော နာရီဒိုင်ခွက်အတွင်းရှိ စက္ကန့်တန်ကို သေသေချာချာကြည့်ပါ။ စူးစူးစိုက်စိုက်ကြည့်ပါ။ ကြည့်သော် မြင်လာရ၊ သိလာရမည်မှာ ဒက်ဒက်ဒက်နှင့် အသံကို ကြားရမည်။ တချက်ပြီး တချက် ရွေ့သွားသည်ကို မြင်လာရမည်။ ပဌမတချက် ရွေ့သွား၏။ ပြီး ဒုတိယ တချက် ရွေ့သွားပြန်၏။ နောက် တတိယတချက် ထပ်ရွေ့သွားပြန်၏ စသည် စသည်။

ဤတွင် ဤဖြစ်စဉ်က အသင့်အား ပြောကြားနေသော စကားလုံးများ၏ အဓိပ္ပာယ်ကို နားလည်အောင် ကြိုးစားပါလေ။ နားလည်လာပါလျှင် ပဌမတချက် ရွေ့သွား၍ ပြီးမှသာ ဒုတိယ တချက် ရွေ့သွားနိုင်၏။ ပဌမတချက် ရွေ့သွား၍ မပြီးသေးမီ (= ဖြစ်လာ၍ ချုပ်ပျက်မသွားသေးမီ = ချုပ်ပျက်မသွားသေးသော်)ဒုတိယအချက်သည် ရွေ့မလာနိုင်၊ဖြစ်မလာနိုင်ပေ။ ဒုတိယ အချက် ရွေ့လာသော် ပဌမ အချက်သည် ရွေ့သွားပြီးပြီ၊ ချုပ်ပျက်သွားပြီ ဖြစ်၏။ ပဌမအချက် ရွေ့သွား ချုပ်ပျက်သွားပြီ ဖြစ်သောကြောင့်သာ ဒုတိယအချက်သည် ရွေ့လာနိုင်ခြင်း၊ဖြစ်လာနိုင်ခြင်း ဖြစ်၏။ ဒုတိယ အချက် ရွေ့လာနိုင်ခြင်း၊ ဖြစ်လာနိုင်ခြင်းမှာ ပဌမအချက် ရွေ့ရှားမှုပြီးဆုံးသွားသောကြောင့်(ဖြစ်လာမှုပြီးဆုံးသွားသောကြောင့် = ချုပ်ပျက်သွားသောကြောင့်)ပင် ဖြစ်၏။ ချုပ်ပျက်သွားသော ပဌမအချက်တွင် ဒုတိယအချက်ကို ရွေ့သွားစေ ဖြစ်ပေါ်စေနိုင်စွမ်းသတ္တိ ရှိ၏၊ ရှိသောသတ္တိကို အနန္တရသမနန္တရသတ္တိဟု ခေါ်ရ၏။ ထိုသတ္တိသည် ပဌမအချက်တွင်ရှိ၏။ ပဌမအချက်သည် အဟောင်း၊ ဒုတိယအချက်သည် အသစ်၊ အဟောင်းချုပ်ပျက်သွားသောကြောင့်သာ အသစ်ဖြစ်လာရ၏။

ချုပ်ပျက်သွားကြသော ရှေးရှေးစိတ်ဟောင်း မှန်သမျှတွင် အနန္တရ သမနန္တရသတ္တိရှိ၏။ ရှိသောကြောင့်သာ ဖြစ်ဖြစ်လာကြသော နောက်နောက်စိတ်သစ်တို့ကို ဖြစ်စေနိုင်စွမ်းရှိ၏။ မရှိသော်တမူ နောက်စိတ်သစ်ကို ဖြစ်စေနိုင်စွမ်း မရှိပါပြီ။ ထို့ကြောင့် အကျိုးဖြစ်သော နောက်စိတ်အသစ်ကို ဖြစ်စေနိုင်စွမ်းရှိသော ချုပ်ပျက်မှု၊ မရှိသော ချုပ်ပျက်မှုဟူ၍ ၂မျိုး ၂စား ရှိ၏။

ထင်ရှားစေဦးအံ့။ ဒက် ဒက် ဒက်နှင့်သွားနေသောထိုစက္ကန့်လက်တန်သည် တချိန်ချိန်တွင် (သံပတ် ကုန်သွားသောအခါ) မုချ ရပ်တန့်သွားမည်သာ ဖြစ်၏။ ရပ်သွားသော ထိုနောက်ဆုံးပိတ် အချက်ကို 'ခ'အချက်၊ ထို၏ ရှေ့နားကအချက်ကို 'က' အချက်ဟု ခေါ်ကြပါစို့။က အချက် ချုပ်ပျက်စဉ်က ခ ဟူသော အချက်သစ်တချက်ကို ဖြစ်စေနိုင်စွမ်းသတ္တိ ရှိနေသေး၏။သို့သော် ခ အချက် ချုပ်ပျက်သွားသော အခါတွင်မူ ဂ ဟု ဆိုရမည့် အချက်သစ်ကို ဖြစ်စေနိုင်စွမ်း မရှိတော့ပါပြီ။ ထို့ကြောင့် က ၏ ချုပ်ပျက်ခြင်းကား သတ္တိရှိသော ချုပ်ပျက်ခြင်း၊ ခ ၏ ချုပ်ပျက်ခြင်းကား သတ္တိမရှိသော ချုပ်ပျက်ခြင်းဟု သိရှိအပ်၏။ တဖန် က ၏ ချုပ်ပျက်ခြင်းကား အသစ်ကို ဖြစ်စေနိုင်စွမ်းရှိသော ချုပ်ပျက်ခြင်း ဖြစ်၏၊ သာမန် ပုထုဇဉ် လူသားတို့နှင့်တကွ သောတာပန် သကဒါဂါမ် အနာဂါမ် အရိယာတို့၏ စုတိစိတ်နှင့်တူ၏။ ခ ၏ ချုပ်ပျက်ခြင်းကား အသစ်ကို ဖြစ်စေနိုင်စွမ်း မရှိသော ချုပ်ပျက်ခြင်း ဖြစ်၏။ဘုရားနှင့် ရဟန္တာတို့၏ စုတိစိတ်နှင့် 'တူ၏။ ယင်းသို့ မှတ်သားအပ်၏။

ထို့ကြောင့် 'အဟောင်းတို့ ချုပ်ပျက်လေသမျှ အသစ်တို့ ဖြစ်ပေါ်လာရ၏'ဟူသည်တွင် ဗုဒ္ဓအဘိဓမ္မာ ရှုဒေါင့်မှကြည့်သော်

ချုပ်ပျက်သွားကြသော အဟောင်းတို့တွင် အသစ်ကို ဖြစ်စေနိုင်စွမ်းသတ္တိ ရှိ၏။ ရှိသောသတ္တိကို အနန္တရ သမနန္တရ ပစ္စယသတ္တိဟု ခေါ်ဆိုအပ်၏။

၆။ သဟဇာတပစ္စယသတ္တိ=တကွဖြစ်ဘက်ဟူသော ကြောင်းရှိစွမ်းရည်

"ပစ္စယုပ္ပန္နေန သဟဇာယတီတိ သဟဇာတော = အကြောင်းသဘာဝဓမ္မသည် အကျိုးတရားနှင့် အတူတကွဖြစ်၏။ ထို့ကြောင့် အကျိုးတရားနှင့် အတူတကွဖြစ်သော ထိုသဘာဝဓမ္မသည် သဟဇာတမည်၏" ဤဝစနတ္ထအရ 'သဟဇာတ' ဟူသည်မှာ 'အကျိုးတရားနှင့် အတူတကွ တချိန်တည်းဖြစ်သော အကြောင်းသဘာဝဓမ္မ' ဟူ၏။ ဤသည်ကို ထင်ရှားစေခြင်းငှာ ဆီမီးဖြင့် ဥပမာပေးကြ၏။

ချွဲဦးအံ့။ ဆီမီးသည် တောက်လာသည်နှင့် တပြိုင်နက် အမှောင် ကွယ်ပျောက်သွားခြင်းဟူသော အကျိုးတရား၊ အလင်းရောင် ပေါ်လာခြင်းဟူသော အကျိုးတရား၊ ဤ အကျိုးတရားနှစ်ခုတို့သည် တချိန်တည်း ဖြစ်ပေါ်လာကြ၏။ အမှောင် ကွယ်ပျောက်မှု၊ အလင်းရောင်ပေါ်လာမှုသည် အကြောင်းမဲ့မဟုတ်၊ အကြောင်းရှိ၏။ ယင်းသည်ကား ဆီးမီးတည်း။ ထို့အတူ စိတ်စေတသိက်အားလုံးနှင့် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဟူသော ဓာတ်ကြီး၄ခု မဟာဘုတ်ရုပ်ဝတ္ထုတို့သည် သဟဇာတသတ္တိရှိကြ၏။ ရှိကြသော ထိုစွမ်းရည်များဖြင့် မိမိနှင့် အတူဖြစ်ဘော် ဖြစ်ဖက်တို့အား ချုပ်ငြိမ်း ကွယ်ပျောက် မသွားရအောင်၊ တည်တန့်ခိုင်မြဲနေအောင် ကျေးဇူးပြုကြ၏။

ပြယုဂ်။ ယခုအခါ အသင်သူတော်သီသည် စာကြည့်နေသဖြင့် စက္ခုဝိညာဏ် (မြင်သိစိတ်) ဖြစ်နေ၏။ ထိုစိတ်ကို ဝိညာဏက္ခန္ဓာဟု ခေါ်၏။ ထိုခန္ဓာနှင့်အတူ ခံစားမှု ဝေဒနာက္ခန္ဓာ၊ မှတ်သားမှု သညာက္ခန္ဓာ၊ စေ့ဆော်ခြင်း၊ တည်ကြည်ခြင်း စသည့် ပြုမှု သင်္ခါရက္ခန္ဓာဟူသော စေတသိက်ခန္ဓာ ၃ ပါးတို့လည်း ဖြစ်နေကြ၏။ ရှိနေကြ၏။

ယင်းသို့လျှင် နာမ်ခန္ဓာ ၄ ပါးတို့သည် တပြိုင်နက် ဖြစ်နေကြ၏။ အတူတကွ ဖြစ်နေ၏။ တသီးတခြား ဖြစ်နေကြသည်မဟုတ်။ တသီးတခြားမဖြစ်ဘဲ အတူတကွ (သဟဇာတ) ဖြစ်နေကြသော ထိုနာမ်ခန္ဓာတို့တွင် 'သဟဇာတ ပစ္စယသတ္တိ တကွဖြစ်ဘက် ဟူသော ကြောင်းရှိစွမ်းရည်'သည် ကိုယ်စီကိုယ်င ရှိနေကြ၏။ ရှိနေကြသော စွမ်းရည်ဖြင့် အချင်းချင်း အပြန်အလှန် ကျေးဇူး ပြုနေကြ၏။ တခုကတခုကို ဖြစ်ပေါ် တည်တန့်စေကြ၏။

မှန်၏၊ ဝိညာဏက္ခန္ဓာဟူသော သိမှုဖြစ်ပေါ်လာ၍သာ ခံစား မှတ်သား ပြုမှုဟူသော ကြွင်းနာမက္ခန္ဓာတို့ ဖြစ်လာနိုင်ကြ၏။ သိမှု ဖြစ်မလာသော် ခံစားမှု စသည်တို့ ဖြစ်မလာနိုင်ကြပြီ။ ထို့အတူ ထိတွေ့မှုစသော ပြုမှု သင်္ခါရက္ခန္ဓာ ဖြစ်မလာသော် သိမှုစသည်တို့ ဖြစ်မလာနိုင်ကြပြီ။ ထိတွေ့မှုစသည့် သင်္ခါရက္ခန္ဓာ ဖြစ်လာ၍သာ သိမှုစသည်တို့ ဖြစ်လာနိုင်ကြ၏။

သို့ဖြစ်၍ သိမှု၏ ဖြစ်လာခြင်းသည် ခံစားမှု စသည်တို့၏ ဖြစ်လာရခြင်း အကြောင်းရင်းဖြစ်၏။ ဖြစ်လာရသော ထိုခံစား မှု စသည်တို့သည် အကြောင်းဖြစ်သော သိမှုနှင့် တသီးတခြား ဖြစ်လာသည်မဟုတ်၊ အတူတကွဖြစ်လာကြ၏။ အကြောင်းဖြစ် သော သိမှုသည်လည်း အကျိုးနှင့်အတူတကွ ဖြစ်နေ၏။

ထို့ကြောင့် အကျိုးနှင့်တကွဖြစ်သော အကြောင်းသည် သဟဇာတပစ္စယ၊ ထိုအကြောင်းရှိ စွမ်းရည်ကား သဟဇာတ ပစ္စယသတ္တိဟူ၍ မှတ်သားအပ်၏။

၇။ အညမည ပစ္စယသတ္တိ = အချင်းချင်းဟူသော ကြောင်းရှိ စွမ်းရည်

"အညမညံ ဥပ္ပာဒနုပတ္ထမ္ဘနဘာဝေန ပစ္စယော ဓမ္မော အညမညပစ္စယော=ဖြစ်ပေါ်စေခြင်း ထောက်ပံ့ခြင်း၊ အဖြစ်ဖြင့် အချင်းချင်း (=တခုကတခု)အား ကျေးဇူးပြုတတ်သော တရား သည် အညမညပစ္စည်းမည်၏" ဤ ဝစနတ္ထအရ 'အညမည' ဟူသည်မှာ 'တခုကတခုကို မဖြစ် ဖြစ်လာအောင်၊ ဖြစ်လာလျှင် လည်း တည်တန့်ခိုင်မြဲအောင် ကျေးဇူးပြုတတ်သော အကြောင်း တရား'ဟူ၏။ ဤသဘောတရားကို ထင်ရှားအောင် သုံးချောင်း ထောက် ဒုတ်ဖြင့် ဥပမာပြကြ၏။

ချဉ်းအံ့။ ဒုတ်တချောင်းကို'က'ဟု အမည်ပေးပြီး၊ နောက် တချောင်းကို 'ခ'၊ အခြားတချောင်းကို 'ဂ'ဟု အမည်ပေးကြ ပါစို့။ ထို က၊ခ၊ဂ ဟူသော ဒုတ်သုံးချောင်းကို ထိပ်ချင်းဆိုင် ၍ ထောင်ထားလျှင် မည်သည့်ဒုတ်မျှ လဲမကျပေ။ သုံးချောင်း စလုံး ထောင်နေကြ၏၊ ဤသည်ကို တွေ့ဘူးကြမည်သာ။

ဤတွင် က ဟူသော ဒုတ်ချောင်း လဲမကျဘဲ ထောင်နေခြင်း သည် ခ နှင့် ဂ ဟူသော ဒုတ်နှစ်ချောင်း ရှိနေသောကြောင့် ဖြစ်၏။ ထို့အတူ ခ လဲမကျခြင်းမှာ က နှင့် ဂ တို့ ရှိနေသော ကြောင့်ပင်။ ဂ လဲမကျခြင်းမှာလဲ က၊ ခတို့ကြောင့်ပင် ဖြစ်၏။

တချောင်းက တချောင်းကို ထောင်နေအောင် အချင်းချင်း အပြန်အလှန် ကျေးဇူးပြုနေကြ၏။

သို့ဖြစ်၍ တချိန်တည်းမှာပင် 'က'သည် အကျိုးတရားဖြစ်နေ၏။ မိမိ၏ လဲမကျဘဲ ထောင်နေခြင်းမှာ ခ၊ ဂတို့ ရှိနေသောကြောင့် ဖြစ်၏။ အကျိုးတရား ဖြစ်သည့်နည်းတူ အကြောင်းတရားလည်း ဖြစ်နေ၏။ အကြောင်းမှာ ခ၊ ဂတို့ကို လဲကျမသွားအောင် ကျေးဇူးပြုနိုင်စွမ်း ရှိသောကြောင့်ပင်။ ရှိနေသော ကျေးဇူးပြုနိုင်စွမ်း သတ္တိသည် 'အညမညပစ္စယသတ္တိ'ပင် ဖြစ်၏။ ထိုသတ္တိသည် ခ၊ ဂတို့၌လည်း ရှိ၏။

ထို့အတူ နောက်နားက သဟဇာတပစ္စယသတ္တိတွင် ပြခဲ့သော ဝိညာဏက္ခန္ဓာကို 'က'၊ ခံစားမှု ဝေဒနာက္ခန္ဓာကို 'ခ'၊ မှတ်သားမှု သညာက္ခန္ဓာကို 'ဂ'၊ ပြုမှု သင်္ခါရက္ခန္ဓာကို 'ဃ'ဟု အမည်ပေးပြီး လေ့လာကြည့်ပါသော် က၊ခ၊ဂ၊ဃတည်းဟူသော နာမ်ခန္ဓာ ၄ပါးတို့၌ သဟဇာတပစ္စယသတ္တိ ရှိကြသည့်နည်းတူ အညမည ပစ္စယသတ္တိလည်း ရှိသည်ကို သဘောပေါက်လာနိုင်၏။

ဆက်ဦးအံ့။ ဤ၌ သဟဇာတနှင့် အညမညတို့၏ သတ္တိချင်း တူညီနေကြသည်ကို သတိပြုမိကြပါလိမ့်မည်။ မှန်၏။ တူသည်လည်း ရှိ၏။ ထူးသည်လည်းရှိ၏။ တူသည်မှာ နာမ်ကနာမ်အား ကျေးဇူးပြုရာဝယ် 'ကျေးဇူးပြုသော နာမ်၌ သဟဇာတသတ္တိ အပြင် အညမညသတ္တိရှိ၏။ ထူးသည်မှာ နာမ်ကရုပ်အား ကျေးဇူးပြုရာဝယ် ကျေးဇူးပြုသောနာမ်၌ သဟဇာတသတ္တိသာ ရှိ၏။ အညမညသတ္တိ မရှိတော့ပေ။ သို့ဖြစ်၍ အညမညသတ္တိ၏

နယ်မှာ ကျဉ်း၏။ သဟဇာတ၏နယ်မှာ ကျယ်၏။ ယင်းသို့ အကျဉ်းချုပ်အားဖြင့် မှတ်သားအပ်၏။

ဂ။ နိဿယပစ္စယသတ္တိ = မှီရာ တည်ရာ ဟူသော ကြောင်းရှိ စွမ်းရည်

"စိတ္တစေတသိကေဟိ နိဿီယတီတိ နိဿယော = အကြင် သဘာဝဓမ္မကို စိတ် စေတသိက်တို့က အမှီပြုအပ်၏။ ထို့ကြောင့် စိတ် စေတသိက်တို့ မှီအပ် တည်အပ်သော ထိုသဘာဝ ဓမ္မသည် နိဿယမည်၏" ဤဝစနတ္ထအရ 'နိဿယ' ဟူသည်မှာ 'စိတ် စေတသိက်တို့ မှီအပ် တည်အပ်သော အကြောင်းဘရား' ဟူ၏။ ထို နိဿယသည် သဟဇာတနိဿယ၊ ပုရေဇာတ နိဿယဟူ၍ ၂မျိုးရှိ၏။ ထိုတွင် သဟဇာတနိဿယကို ပန်းချီ ပိတ်ကားနှင့် တူသည်ဟုဆိုကြ၏။ ပုရေဇာတနိဿယကို မြေကြီးနှင့် နှိုင်းယှဉ်ကြ၏။

၁။ သဟဇာတနိဿယ=သဟဇာတ+နိဿယ=တကွလည်း ဖြစ်ခြင်း+မှီရာလည်း ဖြစ်ခြင်း။ ဤ အင်္ဂါနှစ်ရပ်နှင့်ပြည့်စုံသော သဘာဝတရားသည် သဟဇာတနိဿယပစ္စည်း ထိုက်သောတရား ဖြစ်၏။ ၎င်းတို့ကား သဟဇာတခန်းတွင် ပြခဲ့သော သဟဇာတ သတ္တိရှိသော စိတ်စေတသိက်အားလုံးနှင့် ပထဝီစသော ဓာတ်ကြီး ၄ ခုပင် ဖြစ်၏။ဤတရားတို့၌ သဟဇာတသတ္တိရှိကြ၏။ ထို့အတူ သဟဇာတနိဿယသတ္တိလည်းရှိ၏။ မှန်၏။ သဟဇာတတွင် ပြခဲ့ သော နာမ်ခန္ဓာ ၄ပါးသည် အတူတကွ ဖြစ်သောကြောင့် 'သဟဇာတ'၊ တခုကတခုကို မှီနေသော သဘာဝရှိသောကြောင့် လည်း 'နိဿယ'။ယင်းသို့ သဟဇာတလည်းဖြစ်၊ နိဿယလည်း

ဖြစ်သောကြောင့်ထိုတရားတို့သည် သဟဇာတနိဿယသတ္တိ ရှိ၏ဟု ဆိုရ၏။

ဆက်ဦးအံ့။ ကျေးဇူးပြုသူက နာမ်၊ ကျေးဇူးပြုခြင်း ခံယူသူကလည်း နာမ်ဖြစ်နေသည့်အခါ သဟဇာတသတ္တိ၊ သဟဇာတနိဿယသတ္တိ၊ အညမညသတ္တိဟူသော ကြောင်းရှိစွမ်းရည် ၃ ခု ပါရှိ၏။ သို့သော် ကျေးဇူးပြုသူက နာမ်၊ ကျေးဇူးပြုခြင်းခံယူရသူက ရုပ်ဖြစ်နေသည့်အခါ အညမညသတ္တိ မရှိတော့ပေ။ သဟဇာတနှင့် သဟဇာတနိဿယသတ္တိ ၂ ခုသာ ရှိတော့၏။

ထို့ကြောင့် သဟဇာတသတ္တိ ရှိသမျှသောတရားတို့၌ သဟဇာတနိဿယသတ္တိ ရှိ၏။ သို့သော် အညမညသတ္တိကား ရှိချင်ရှိမည်။ မရှိချင် မရှိဘဲ နေသည်ဟု မှတ်သားအပ်၏။ သဟဇာတနိဿယ၏ အဓိပ္ပာယ်ကို ဤမျှသာ ရှင်းပြပါမည်။ သည့်ထက်ပို၍ရှင်းသော် စာရှုသူတို့ နားမယဉ်သေးသော ဝေါဟာရများကို သုံးစွဲလာရမည်ဖြစ်သောကြောင့် မရှင်းဘဲနှင့် ရှုပ်သွားမည်ကို မလိုသားသောကြောင့်တည်း။

၂။ ပုရေဇာတနိဿယ=ပုရေဇာတ+နိဿယ=အကျိုးတရား မဖြစ်မီ ရှေးဦးစွာ ဖြစ်နှင့်ခြင်း+မှီရာလည်း ဖြစ်ခြင်း။ ဤအင်္ဂါ ၂ ရပ်နှင့် ညီညွတ်သော ရုပ်ဝတ္ထု၊ ရုပ်သဘာဝတို့သည် ပုရေဇာတနိဿယသတ္တိ ရှိကြ၏။ ၎င်းတို့ကား စက္ခုဝတ္ထု=မျက်စေ့အကြည်ဓာတ်တည်းဟူသော မှီရာရုပ်ဝတ္ထု၊ သောတဝတ္ထု=နားအကြည်ဓာတ်ဘည်းဟူသောမှီရာရုပ်ဝတ္ထု၊ဃာနဝတ္ထု=နှာခေါင်းအကြည်ဓာတ်တည်းဟူသော မှီရာရုပ်ဝတ္ထု၊ ဇိဝှာဝတ္ထု=လျှာအကြည်ဓာတ်ဘည်းဟူသော မှီရာရုပ်ဝတ္ထု၊ ကာယဝတ္ထု=ခန္ဓာကိုယ်အကြည်ဓာတ်ဘည်းဟူသော မှီရာရုပ်ဝတ္ထု၊ ဟဒယဝတ္ထု=

နှလုံးသားတည်းဟူသော မှီရာရုပ်ဝတ္ထု။ ဤရုပ်ဝတ္ထု ၆ ခုတို့၌ ပုရေဇာတနိဿယသတ္တိ ရှိကြ၏။

ချဲ့ဦးအံ့။ အသိစိတ်တခုဖြစ်သော စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်လာရေးတွင် စက္ခုပသာဒ၊ အလင်းရောင်၊ ရူပါရုံ၊ နှလုံးသွင်းမှုဟူသော အဓိကအကြောင်း ၄ ခုရှိသည်ကို ပြဆိုခဲ့ပြီး ဖြစ်၏။ ထို ၄ ခုအနက် စက္ခုပသာဒခေါ် မျက်စေ့အကြည်ဓာတ်ပါဝင်၏။ ပါဝင်နေသော ထိုစက္ခုပသာဒကိုပင် စက္ခုဝတ္ထုဟု ခေါ်၏။ စက္ခုဝိညာဏ်၏ တည်ရာဖြစ်သောကြောင့်တည်း။ ထိုရူပါရုံနှင့် စက္ခုဝတ္ထုစသည်တို့ ဆုံစည်းဖြစ်ပေါ်ချိန်နှင့် စက္ခုဝိညာဏ်စိတ်၏ ဖြစ်ပေါ်လာချိန်ကို နှိုင်းယှဉ်ကြည့်ပါ။ ကြည့်သော် ရူပါရုံနှင့် စက္ခုပသာဒတို့က ဦးစွာ ဖြစ်နှင့်နေ၏။ ဝါ၊ ပုရေဇာတ ဖြစ်နေ၏။ ရူပါရုံနှင့် စက္ခုပသာဒတို့ ဆုံစည်း ဖြစ်ပေါ်လာကြပြီးမှ စက္ခုဝိညာဏ်စိတ်က နောက်မှ ဖြစ်လာရ၏။ ဝါ၊ ပစ္ဆာဇာတ ဖြစ်နေ၏။ [ဤသဘောတရားနှစ်ခုကို မှတ်သားထားပါ။ လာမည့် ပုရေဇာတ၊ ပစ္ဆာဇာတတို့၏ အခန်းတွင် အသုံးဝင်လာပါဦးမည်။] ယင်းသို့လျှင် စက္ခုပသာဒက ရှေ၊ စက္ခုဝိညာဏ်က နောက်၊ အကျိုးဖြစ်သော စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်မလာမီ အကြောင်းဖြစ်သော စက္ခုပသာဒက ဖြစ်နှင့်နေ၏။ ထို့ကြောင့် စက္ခုပသာဒသည် ပုရေဇာတ ဖြစ်နေ၏။

တဖန် ထိုစက္ခုပသာဒဟူသော ရုပ်ဝတ္ထုသည် စက္ခုဝိညာဏ်ဟူသော စိတ်နာမ်၏မှီရာ ဖြစ်နေ၏။ ထို့ကြောင့် စက္ခုပသာဒသည် နိဿယ ဖြစ်နေပြန်၏။

ထို့ကြောင့် စက္ခုပသာဒတည်းဟူသော စက္ခုဝတ္ထုသည် ပုရေဇာတလည်းဖြစ်၊ နိဿယလည်း ဖြစ်၏။ ဝါ၊ ပုရေဇာတ

နိဿယ ဖြစ်၏။ ဤသည်ကိုပင်လျှင် ပုရေဇာတနိဿယသတ္တိ ရှိ၏ဟု ဆိုရ၏။

ထို့အတူ သောတဝိညာဏ်၏မှီရာ သောတဝတ္ထု၊ ဃာန ဝိညာဏ်၏မှီရာ ဃာနဝတ္ထု၊ ဇိဝှာဝိညာဏ်၏မှီရာ ဇိဝှာဝတ္ထု၊ ကာယဝိညာဏ်၏မှီရာ ကာယဝတ္ထု၊ မနောဝိညာဏ်၏မှီရာ ဟဒယဝတ္ထုတို့၏ ပုရေဇာတနိဿယ ဖြစ်ပုံကိုလည်း စက္ခုဝတ္ထု နည်းတူ ချဲ့ထွင် သိရှိရာ၏။ သိရှိနိုင်လောက်ပါပြီ။

၉။ ဥပနိဿယပစ္စယသတ္တိ=အားကြီးသောအကြောင်းဟူသော ကြောင်းရှိစွမ်းရည်

"ဘုသော နိဿယော ဥပနိဿယော = အားကြီးသော အကြောင်းသည် ဥပနိဿယမည်၏" ဤဝစနတ္ထအရ 'ဥပနိဿယ' ဟူသည်မှာ အားကြီးသော၊အရေးပါသော၊မပါလျှင်မပြီး အရေး ကြီးသောအကြောင်း' ဟူ၏။ ထိုဥပနိဿယသည် အာရမ္မဏူပ နိဿယ၊ အနန္တရူပနိဿယ၊ ပကတူပနိဿယဟု ၃ မျိုးရှိ၏။ ထိုတွင်

၁။ အာရမ္မဏူပနိဿယ = အာရမ္မဏ + ဥပနိဿယ = အာရုံ လည်းဖြစ်ခြင်း+အားကြီးသောအကြောင်းလည်း ဖြစ်ခြင်း။ ဤ အင်္ဂါ ၂ ရပ်နှင့်ပြည့်စုံသောတရားသည် အာရမ္မဏူပနိဿယပင် ဖြစ်၏။ ယင်းသည်ကား အဓိပတိခန်းတွင် ပြခဲ့သော အဓိပတိ ၂ မျိုးအနက် အာရမ္မဏာဓိပတိသတ္တိရှိသော ထူးကဲသည့်အာရုံ ၆ မှု တရားစုပင် ဖြစ်၏။ အာရမ္မဏာဓိပတိသတ္တိကိုပင်လျှင် အာရမ္မဏူပနိဿယသတ္တိဟု ဆိုနိုင်၏။ထိုသတ္တိ ၂ ခုသည် အချင်း ချင်း တူကြ၏။ မှန်၏။ ပဋ္ဌာန်းကျမ်းအရ ပစ္စည်းပြိုင်ကို ပြရာတွင်

အာရမ္မဏာဓိပတိလိုက်နိုင်သမျှ အာရမ္မဏူပနိဿယ လိုက်နိုင်၏။ ထို့ကြောင့် တူကြ၏ဟူ၍သာ မှတ်သားရာ၏။ မတူပုံကလေးကို လည်း မှတ်သားချင်ပါသေးသည်ဟု ဆိုလျှင် "ယင်းသို့လျှင် 'အလေးအမြတ် ပြုအပ်ကာမျှ'ဟူသော အနက်သဘောအားဖြင့် အာရမ္မဏာဓိပတိ၊ 'အားကြီးသောအကြောင်း' ဟူသော အနက် သဘောအားဖြင့် အရမ္မဏူပနိဿယ။ ဤသို့လျှင် ယင်းပစ္စယ သတ္တိ ၂ ခု၏ ခြားနားချက်ကို မှတ်သားအပ်၏"ဟူသော ပဌာန်း အဋ္ဌကထာ၏ အဆိုအမိန့်ကို မှတ်သားရာ၏။

၂။ အနန္တရူပနိဿယ=အနန္တရ+ဥပနိဿယ=အခြားမဲ့လည်း ဖြစ်ခြင်း + အားကြီးသောအကြောင်းလည်း ဖြစ်ခြင်း။ ဤအင်္ဂါ ၂ ရပ်နှင့်ပြည့်စုံသော တရားကား အနန္တရူပနိဿယပင် ဖြစ်၏။ ယင်းသည်ကား အနန္တရသတ္တိရှိသော စိတ်စေတသိက်မှန်သမျှပင် ဖြစ်၏။ မှန်၏။ အကြင် စိတ် စေတသိက်၌ အနန္တရသတ္တိ ရှိအံ့။ ထိုစိတ် စေတသိက်၌ အနန္တရူပနိဿယသတ္တိ ရှိ၏။ ဤသည်ကို ပစ္စည်းပြိုင် ဆိုဘူးသူမှန်သမျှ သိကြ၏။ သို့သော် "ယင်းသို့လျှင် မိမိ မိမိ၏အခြားမဲ့တွင် သင့်တော်သောစိတ် ဖြစ်ခြင်း၏ အစွမ်း ဖြင့် အနန္တရ၊ အားကြီးသောအကြောင်း၏အစွမ်းဖြင့် အနန္တရူပ နိဿယ။ ယင်းသို့လျှင် ဤပစ္စည်း ၂ ခု၏ ခြားနားကွဲလွဲချက်ကို မှတ်သားအပ်၏"ဟူသော ပဌာန်းအဋ္ဌကထာ၏ အဆိုအမိန့်ကို ရှု၍"ဘာဘဲဖြစ်ဖြစ် သိကာရိပ်ကာကလေးတော့ ထူးပါသေး တယ်"ဟု ဆိုချင်က ဆိုနိုင်ပါလိမ့်မည်။

၃။ ပကတူပနိဿယ။ "ပကတော ဥပနိဿယော ပကတူပ နိဿယော=ကောင်းစွာပြုအပ် မှီဝဲအပ်သော အားကြီးသော အကြောင်းသည် ပကတူပနိဿယ မည်၏။ ပကတိယော၀

ဥပနိဿယော ပကတူပနိဿယော= (အာရမ္မဏ၊ အနန္တရတို့၏ သဘာဝနှင့် မရောနှော) ပင်ကိုယ် သဘာဝအားဖြင့်သာလျှင် ဖြစ်သော အားကြီးသည့် အကြောင်းသည် ပကတူပနိဿယ မည်၏" ဤဝစနတ္ထအရ 'ပကတူပ နိဿယ' ဟူသည်မှာ ကောင်းစွာပြုအပ် မှီဝဲအပ်သော၊ဝါ၊ ပင်ကိုယ်သဘာဝဖြစ်သည့် အားကြီးသောအကြောင်း' ဟူ၏။

ချဲ့ဦးအံ့။ ပဋ္ဌာန်းရှိ ပကတူပ နိဿယ၏ ပစ္စည်း ပစ္စယုပ္ပန်ကို ထဲထဲနဲနဲ စူးစမ်းလေ့လာသောအခါ အခြားပစ္စယသတ္တိများ၏ ပစ္စည်းပစ္စယုပ္ပန်နှင့်မတူသည်ကို တွေ့ရ၏။ မှန်၏။ အာရမ္မဏ စသည်တို့၏ ပစ္စည်း ပစ္စယုပ္ပန်များမှာ မထင်ရှားကြ။ လူတိုင်း မသိနိုင်ကြ။ သို့သော် ပကတူပ နိဿယ၏ ပစ္စည်း ပစ္စယုပ္ပန် များမှာ ထင်ရှား၏။လူတိုင်းသိနိုင် မြင်နိုင်၏။ ပြယုဂ်။ "ဒါနံဒတွာ တံပစ္စဝေက္ခတိ= အလှူပေးပြီးနောက် ထိုအလှူကို [ပြန်လည်၍] ဆင်ခြင်သုံးသပ်၏" ဤအာရမ္မဏ ပစ္စယသတ္တိ၏ ပစ္စည်း ပစ္စယုပ္ပန် ဖြစ်သော 'ကိုယ့်အလှူကို ကိုယ်ပြန်ပြီး ဆင်ခြင်မှုသည်'ကိုယ့်ဟာ ကိုယ်သာသိ၏၊ သူတပါးက မသိနိုင်ကြ၊ သိနိုင်အောင်မပေါ်လွင် မထင်ရှားပါ။

သို့သော် 'သဒ္ဓံ ဥပနိဿာယ ဒါနံဒေတိ = သဒ္ဓါတရားကို အကြောင်းပြုပြီး အလှူပေး၏။ ပညံ ဥပနိဿာယ မာနံဇပ္ပေတိ= အတတ်ပညာကို အကြောင်းပြုပြီး မာနတက်၏' ဤသို့စသည်ဖြင့် ပကတူပ နိဿယ၏ ပစ္စည်းပစ္စယုပ္ပန်ဖြစ်သော 'သဒ္ဓါတရားရှိမှု၊ အလှူပေးမှု၊ ပညာတတ်မြောက်မှု၊ မာနတက်မှု' စသည်များမှာ အခြားလူများကပင် သိနိုင် မြင်နိုင်ကြ၏။ သဒ္ဓါတရားကောင်းသူ မာနကြီးသူ စသည်ဖြင့် လူတိုင်းက ပြောစမှတ် ဆိုစမှတ်ပြုလောက်

အောင် ပေါ်လွင်သိသာ၏။ ထင်ရှားကြ၏၊ အားကြီးကြ၏။ အကျိုးတရားက အားကြီးသည်နှင့်အမျှ အကြောင်းတရားက လည်း ထင်ရှားအားကြီးကြ၏။ ထို့ကြောင့် သာမန်မဟုတ်သော၊ အားကြီးသော စိတ်စေတသိက်ရုပ်များသာလျှင် ပကတူပနိဿယ ပစ္စယသတ္တိရှိကြ၏။ ထိုသတ္တိရှိကြသော စိတ်စေတသိက်ရုပ်များ သည် သာမန်မဟုတ်ကြ။ အားကြီးကြသည်မှာ သဘာဝကျ၏။

တဖန်၊ မကောင်းမှုဘက်ကကြည့်လျှင် အဝီစိကျိုးကပ်မည့်အမှု ကြီးများဖြစ်သော အမိသတ်မှု၊အဖသတ်မှုစသည်များ၊ကောင်းမှု ဘက်ကကြည့်ပြန်လျှင်လည်း မဂ်ပေါက် ဖိုလ်ဝင် နိဗ္ဗာန်မြင်နိုင် သော သမထ ဝိပဿနာ အားထုတ်မှုစသည်များမှာ ပကတူပ နိဿယ၏ ပစ္စည်း ပစ္စယုပ္ပန်များ ဖြစ်နေကြ၏။ သို့ဖြစ်၍လည်း ပကတူပနိဿယသတ္တိရှိသော စိတ် စေတသိက် ရုပ်များသည် သာမန် မဟုတ်ကြဘဲ အားကြီးကြ၏။

ထို့ကြောင့် သဒ္ဓါတရားရှိ၍ အလှူပေးခြင်း၊ ပညာတတ်၍ မာနကြီးခြင်း၊ လိုချင်၍ ခိုးယူခြင်း စသည်တို့တွင် သဒ္ဓါတရားရှိမှု ပညာတတ်မှု လိုချင်မှုသည် အကြောင်း ပကတူပ နိဿယပစ္စယ။ အလှူပေးခြင်း၊ မာနကြီးခြင်း၊ ခိုးယူခြင်းသည် အကျိုး ပစ္စယုပ္ပန္န။ အကျိုးကို ဖြစ်စေနိုင်သော သတ္တိသည် ကြောင်းရှိစွမ်းရည် ပကတူပနိဿယ ပစ္စယသတ္တိဟူ၍ မှတ်သားအပ်၏။

### ၁၀။ ပုရေဇာတပစ္စယသတ္တိ = ရှေးဦးစွာဖြစ်နှင့်ခြင်းဟူသော ကြောင်းရှိစွမ်းရည်

“ပစ္စယုပ္ပန္နတော ပုရေ ဇာယိတ္တာတိ ပုရေဇာတော=အကြောင် သဘာဝဓမ္မသည် အကျိုးတရားတို့ ဖြစ်မလာမီ ဖြစ်နှင့် ပြီးပြီ။

ထို့ကြောင့် ထိုသဘာဝဓမ္မသည် ပုရေဇာတမည်၏’’ ဤဝစနတ္ထ အရ ‘ပုရေဇာတ’ဟူသည်မှာ ‘အကျိုးတရားတို့ မဖြစ်မီ ဖြစ်နှင့်ပြီ ဟူသောအကြောင်း’ ဟူ၏။ ထိုပုရေဇာတသည် အာရမ္မဏ ပုရေဇာတ၊ ဝတ္ထု ပုရေဇာတဟူ၍ ၂မျိုးရှိ၏။ ထိုတွင်

၁။ အာရမ္မဏပုရေဇာတ=အာရမ္မဏ + ပုရေဇာတ=အာရုံလည်း ဖြစ်ခြင်း + အကျိုးတရားတို့ထက်လည်း စောစွာဖြစ်နှင့်ခြင်း။ ဤအင်္ဂါ ၂ ရပ်နှင့် ပြည့်စုံသော တရားတို့ကား အာရမ္မဏခန်းတွင် ပြခဲ့သော ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့ပင် ဖြစ်ကြ၏။ ထိုအာရုံများတွင် အာရမ္မဏ ပုရေဇာတသတ္တိ ရှိကြ၏။

ခွဲဦးအံ့။ (အာရမ္မဏပစ္စယသတ္တိတွင် ဆွေးနွေးဘင်ပြခဲ့သည့်အတိုင်း)ရူပါရုံသည် စိတ်စေတသိက်တို့၏ မွေ့လျော်ရာ အားပြုရာဖြစ်သောကြောင့် အာရုံလည်းဖြစ်၏။ (ပုရေဇာတနိဿယတွင် တင်ပြခဲ့သည့်အတိုင်း) အကျိုးဖြစ်သော စက္ခုဝိညာဏ်စိတ် ဖြစ်မလာမီ ထိုရူပါရုံသည် ဖြစ်နှင့်နေသောကြောင့် ပုရေဇာတလည်း ဖြစ်၏။သို့ဖြင့်၍ ရူပါရုံသည် ‘အာရမ္မဏပုရေဇာတ’ဖြစ်၏။ အာရမ္မဏပုရေဇာတဖြစ်သော ထိုရူပါရုံကြောင့်ပင် စက္ခုဝိညာဏ်စိတ်ဖြစ်လာရ၏။ ထို့ကြောင့် ဖြစ်လာသော စက္ခုဝိညာဏ်စိတ်သည် အကျိုးပစ္စယုပ္ပန္နဓမ္မ။ ရူပါရုံကား အကြောင်း ပစ္စယဓမ္မ။ အကြောင်းဖြစ်သော ရူပါရုံ၌ ရှိသော သတ္တိကား ကြောင်းရှိစွမ်းရည် အာရမ္မဏ ပုရေဇာတပစ္စယသတ္တိ။ ယင်းသို့ မှတ်သားအပ်၏။

အကြွင်းတို့ကိုလည်း ဤနည်းအတိုင်း ဆန်းစစ်ကြည့်ရာ၏။ ထို့ကြောင့် ရူပါရုံဟူသော အကြောင်းတခုတည်းကပင်လျှင်

အာရမ္မဏ၊ အာရမ္မဏ ပုရေဇာတသတ္တိ ရှိကြသည့်အပြင် အကယ်၍ ထူးကဲသော ရူပါရုံဖြစ်လျှင် အာရမ္မဏာဓိပတိ၊ အာရမ္မဏူပ နိဿယသတ္တိ တည်းဟူသော 'ပစ္စယသတ္တိ' ၄ ခု ရှိသည်ကို သိသာနိုင်၏။

၂။ ဝတ္ထုပုရေဇာတ=ဝတ္ထု+ပုရေဇာတ=အကျိုးဖြစ်သော စိတ်စေတသိက်တို့၏ တည်ရာလည်း ဖြစ်ခြင်း+အကျိုးမဖြစ်မီ ဖြစ်နှင့်ခြင်း။ ဤအင်္ဂါ ၂ ရပ်နှင့် ပြည့်စုံသောတရားတို့ကား (နိဿယတွင် ပြခဲ့သည့်အတိုင်း) စက္ခုဝတ္ထု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ ဟဒယဝတ္ထုဟူသော ဝတ္ထုရုပ် ၆ ခုပင် ဖြစ်ကြ၏။ ထိုဝတ္ထုရုပ်များတွင် ရှိသော ပုရေဇာတကား ဝတ္ထုပုရေဇာတ ပစ္စယသတ္တိ ဖြစ်၏။

ခွဲခြားအံ့။ နိဿယခန်းရှိ ဝတ္ထုပုရေဇာတနိဿယတွင် ဆွေးနွေး တင်ပြခဲ့သည့်အတိုင်း စက္ခုဝတ္ထုတည်းဟူသော မျက်စေ့အကြည် ဓာတ်တွင် ဝတ္ထုသတ္တိရှိ၏။ အကြောင်းမှာ စက္ခုဝိညာဏ်စိတ်နှင့် တကွ စေတသိက် ၇ ခုတို့၏မှီရာ တည်ရာဖြစ်သောကြောင့်တည်း။ ထို့ပြင် ပုရေဇာတသတ္တိလည်း ရှိ၏။ အကြောင်းမှာ အကျိုး ဖြစ်သော စက္ခုဝိညာဏ်စိတ်နှင့် စေတသိက်တို့ဖြစ်မလာမီ ဖြစ်နှင့် သောကြောင့်တည်း။ ထို့ကြောင့် စက္ခုဝတ္ထုတွင် ဝတ္ထုပုရေဇာတ သတ္တိရှိ၏။ သောတဝတ္ထုစသည်တို့ကိုလည်း ထို့အတူ ဆန်းစစ် ကြည့်ပါလေ။

ထို့ကြောင့် ယခုဆွေးနွေးတင်ပြခဲ့သည့်စကားရပ်တိုင်အောင် ဆိုသော် စက္ခုဝတ္ထုတွင် ပုရေဇာတနိဿယသတ္တိနှင့် ဝတ္ထုတို့ ရှိကြသည်ကို သဘောပေါက်နိုင်ပါပြီ။

## ၁၁။ ပစ္ဆာဇာတပစ္စယသတ္တိ = နောက်မှ ဖြစ်ခြင်းဟူသော ကြောင်းကျိုးစွမ်းရည်

“ပစ္ဆာဇာယတိတိ ပစ္ဆာဇာတော=အကြင်သဘာဝဓမ္မသည် (ပစ္စယုပ္ပန်တို့ ဖြစ်လာပြီးမှ) နောက်ကာလ၌ ဖြစ်လာ၏။ ထို့ကြောင့် ထိုသဘာဝဓမ္မသည် ပစ္ဆာဇာတမည်၏” ဤဝစနတ္ထအရ ‘ပစ္ဆာဇာတ’ ဟူသည်မှာ ‘နောက်မှ ဖြစ်လာသောတရား’ ဟူ၏။ ဤသဘောတရားကို ထင်လွယ် မြင်လွယ် စေခြင်းငှာ အဋ္ဌကထာဆရာတို့က လင်းတငယ်များဖြင့် ဥပမာပေးကြ၏။ လင်းတငယ်များသည် မိဘများဖြစ်သော လင်းတကြီးများ အစာရှာသွားရာမှ ပြန်လာတိုင်း မိမိတို့အတွက် စားစရာ ပါလာမည်ဟူသော မျှော်လင့်ချက် (ရသာတဏှာနှင့်ယှဉ်သော စေတနာ)က မိမိတို့ဖာသာ အစာရှာစားနိုင်သည့် အချိန်ရောက်လာသည့်တိုင်အောင် ခန္ဓာကိုယ်အား ကျေးဇူးပြု၏ ဟူသတတ်။

စာရေးသူအနေအားဖြင့်မူ ဤဥပမာကို မဆွေးနွေးတော့ဘဲ သဘောတရားသက်သက်ကိုသာ နားလည်နိုင်အောင် (ကြိုးစား ပြီး) ဆွေးနွေးတင်ပြသွားပါမည်။

ခွဲခြမ်းချက်။ ပုရေဇာတနိဿယ၌ ပြဆိုခဲ့သည့်အတိုင်း စက္ခုပသာဒသည် ဦးစွာဖြစ်ပေါ် (ဥပါဒ်) နေနှင့်၏။ ပြီးမှ စက္ခုဝိညာဏ်စိတ်နှင့် စေတသိက်တို့က နောက်မှဖြစ်ပေါ် (ဥပါဒ်) လာကြ၏။ ဝါ၊ စက္ခုပသာဒက ပုရေဇာတဖြစ်၏။ စက္ခုဝိညာဏ်က ပစ္ဆာဇာတဖြစ်၏။ စက္ခုပသာဒ၏ ဖြစ်ပေါ်လာခြင်းကား ရှေး၊ စက္ခုဝိညာဏ်စိတ် ဖြစ်လာခြင်းကား နောက်၊ စက္ခုပသာဒ ဖြစ်လာ၍ ပျက်မသွားမီ ဌီအခိုက်အတန့် (=ဖြစ်ခြင်းနှင့် ပျက်ခြင်းတို့၏ကြားကာလ)တွင် ရှိနေစဉ် စက္ခုဝိညာဏ်စိတ် ဖြစ်လာ၏။

ဥပါဒ်လာ၏။ထို့ကြောင့် ဖြစ်ခြင်းနှင့် ပျက်ခြင်းတို့၏ ကြားကာလ ဖြစ်သည့်ဋ္ဌိ(တည်ဆဲ)အခိုက်အတန့်ဘွင် စက္ခုပသာဒက ရောက်ရှိနေ၏။ ဤအခိုက်တွင် စက္ခုဝိညာဏ်စိတ်က ဖြစ်လာ၏၊ ဖြစ်လာသော စက္ခုဝိညာဏ်၏ ဥပါဒ်ခဏနှင့် ဖြစ်နှင့်သော စက္ခုပသာဒ၏ဋ္ဌိခဏသည် အချိန်ကာလချင်းတူနေ၏။ တချိန်တည်းရှိနေ၏။ ဥပမာ၊ အသင်သုဘေသီ၏ စာဖတ်ခြင်းနှင့် ထိုင်နေခြင်းသည် တချိန်တည်း ဖြစ်နေသကဲ့သို့ပင်။

တချိန်တည်း ရှိနေကြပြီဖြစ်သော သဘာဝတရား ၂ ခုတို့အနက် တခုက အကျိုး၊ တခုက အကြောင်း။ အကျိုးကား စက္ခုပသာဒရုပ်၊ အကြောင်းကား စက္ခုဝိညာဏ်စိတ်။ စက္ခုပသာဒသည် ဖြစ်ပေါ်လာပြီး ဋ္ဌိခဏသို့ ရောက်နေသော ကေဇကာယ၊ ကမ္မဇရုပ်၊ စက္ခုဝိညာဏ်ကား ဖြစ်ခိုက် ဥပါဒ်ခဏသို့ ရောက်နေသော စိတ်စေတသိက်။ အကျိုးဖြစ်သော ဇကဇကာယ စက္ခုပသာဒသည် ဖြစ်ပေါ်လာပြီး ပြုံးကနဲ ပျက်စီးမသွားသည်မှာ အကြောင်းမဲ့သက်သက်မဟုတ်။ အကြောင်းရှိ၏။အကြောင်းကား ဖြစ်လာသော၊ ရှိလာသော စက္ခုဝိညာဏ်စိတ်နှင့် စေတသိက်တို့ပင်တည်း။

ကမ္မဇရုပ်၊ စက္ခုပသာဒ တည်တန့်နေအောင် စက္ခုဝိညာဏ်စိတ်ကထောက်ပံ့သား၏။ သို့ဖြစ်၍ 'စက္ခုဝိညာဏ်စိတ်က စက္ခုပသာဒရုပ်အား ကျေးဇူးပြုသည်' ဟုဆိုရာ၌ စက္ခုပသာဒ မဖြစ်ဖြစ်လာအောင် ကျေးဇူးပြုနိုင်ခြင်း မဟုတ်။ ဖြစ်လာသော စက္ခုပသာဒ တည်တန့်နေအောင်သာလျှင် ထောက်ပံ့ထားခြင်းအားဖြင့် ကျေးဇူးပြုနိုင်၏။ ထို့ကြောင့် ပစ္ဆာဇာတသည်ဖြစ်

စေနိုင်စွမ်း (=ဇနကသတ္တိ)မရှိ၊ ထောက်ပံ့နိုင်စွမ်း (ဥပထမ္ဘက သတ္တိ) သာရှိ၏ ဟူ၍ အဋ္ဌကထာက ပြဆိုထားခြင်း ဖြစ်ပါသည်။

ယင်းသို့လျှင် ပစ္ဆာဇာတသတ္တိ ရှိကြသော စိတ်စေတသိက်တို့က ဖြစ်လာသောရုပ်တရားတို့ ရုတ္တရက် ပျက်စီးချုပ်ပျက်မသွားအောင် ထောက်ပံ့ထားကြောင်းကို ဖော်ပြပါ သဘောတရား သက်သက် ဆွေးနွေးချက်ဖြင့် အတန်အသင့်နားလည်နိုင်ပါသည်။

သဘောတရား သက်သက် ဆွေးနွေးချက်ကို ထင်ရှားသော ဖြစ်ရပ်များဖြင့် ဆက်လက်တင်ပြပါဦးမည်။ အကြင်တဦး တယောက်သောသူသည် သေအံ့မူးမူး ဖြစ်နေ၏။ သို့သော် မသေခင်ကလေးတွင် အလွန်အလွန် တွေ့ချင်မြင်ချင် ဖြစ်နေသူ တယောက်ကိုလဲ မြှော်လင့်နေ၏။ မှာခဲ့ချင်တာကလေးတွေ ရှိနေ၏။ ထိုသူသည် ရုတ်တရက် မသေသေးဘဲ ဖုတ်လှိုက်ဖုတ်လှိုက်နှင့် အသက်ရှင်နေသေး၏။ ထို့နောက် မြှော်လင့်နေသူ ရောက်လာ၏။ တွေ့ရ၏။ မှာစရာများကို မှာကြားပြောဆို၍ ပြီးသွား၏။ ပြီးသွားသည်နှင့်တပြိုင်နက် အရုပ်ကြိုးပြတ် အသက်ထွက်သွား၏။ ဤဖြစ်ရပ်မျိုးကို မကြာခဏ တွေ့ဘူး ကြုံဘူးကြပါလိမ့်မည်။

ဤဖြစ်ရပ်မျိုးတွင် မသေသေးသည်မှာ (=တဘဝအတွက် ရုပ်ရောစိတ်ပါ အပြီးတိုင် ချုပ်ပျက်မသွားသေးသည်မှာ)တွေ့ချင် စိတ် ထက်သန်အားကြီးနေသောကြောင့်ပင် ဖြစ်၏။ ထက်သန်အားကြီးနေသောစိတ်က ထောက်ပံ့ထားသဖြင့် (=စိတ်ဆောင်နေသဖြင့်) ရုပ်ခန္ဓာကြီးသည် အပြီးတိုင်မချုပ်သေးဘဲ ဆက်လက် တည်တန့်နေရ၏။ တည်တန့်နေရသော ရုပ်ခန္ဓာကြီးကို စိတ်ဓာတ်က ထောက်ပံ့ထား၏။ ထောက်ပံ့ထားသော စိတ်နှင့်

စေတသိက်တို့တွင် ပစ္စာဇာတသတ္တိ အပြည့်အဝရှိနေကြောင်း သိသာ၏။

ထို့အတူ ဒုတိယကမ္ဘာစစ်တွင် အလွန်ထင်ရှားသော ဂျာမန်စစ်ဗိုလ်ချုပ် ရှူးမဲသည် မဟာမိတ်တို့၏ ပုံးဒဏ်ကို ခံရ၏။ ဆေးရုံတက်ရ၏။ ဥဏှောက်အကြော ပြတ်သွား၏။ ထို့ကြောင့် 'သေပြီ'ဟု ဆရာဝန်များက မှတ်ချက်ချသွား၏။ သို့သော် ဆရာဝန်များ မျက်လုံးပြူးသွားကြ၏။ အကြောင်းမှာ ရှူးမဲ မသေဘဲ အသက်ပြန်ရှင်လာသောကြောင့်တည်း။

တဖန် ချက်ကိုစလိုဗက်ကီးယားပြည်၏ အာဇာနည် သူရဲကောင်းဖြစ်သူ ဂျူလီယက်ဖူးချစ်သည် ဖက်ဆစ်တို့ အုပ်စိုးစဉ် မျိုးချစ်လုပ်ငန်းများကို လျှို့ဝှက်စွာလုပ်နေ၏။ နောက် အဖမ်းခံရ၏။ ထောင်ထဲရောက်သွား၏။ ဖက်ဆစ်တို့က နည်းမျိုးစုံဖြင့် ညှဉ်းကြ၏။ ကြာသော် ညှဉ်းဆဲမှုဒဏ်ကို ဖူးချစ် မခံနိုင်တော့ပါပြီ။ လဲကျသွားတော့၏။ 'သေပြီ'ဟုဆိုပြီး ဖက်ဆစ်များက ပစ်ထားလိုက်၏။ 'အသက်မရှိတော့ပြီ'ဟု ဆရာဝန်များကလည်း တညီတညွတ်တည်း အစီရင်ခံကြ၏။နောက်များမကြာမီ ဆရာဝန်များနှင့်တကွ ဖက်ဆစ်တို့ပါ အံ့အားသင့်သွားကြ၏။ အကြောင်းမှာ ဖူးချစ် အသက်ပြန်ရှင်လာသောကြောင့်ပင်တည်း။

ဤဖြစ်ရပ်တို့က ပြဆိုသည်မှာ "ပစ္စာဇာတသတ္တိရှိသော စိတ်ခာတ်စွမ်းအားတို့က အပြည့်အဝ ထောက်ပံ့ထားသောရုပ်တို့မည်သည် အလွယ်တကူနှင့် ချုပ်ပျက်သေဆုံး၍ မသွားကြ၊ ဆက်လက် ရှင်သန်နိုင်ကြသည်"ဟူ၏။ ထို့ကြောင့် ချုပ်ပျက်မသွားကြသေးသော ရုပ်ခန္ဓာကို ထောက်ပံ့ထားသော စိတ်

စေတသိက်တို့တွင် ပစ္ဆာဇာတသတ္တိရှိကြောင်း သဘောပေါက်နိုင်ကြပါလိမ့်မည်။

၁၂။ အာသေဝနပစ္စယသတ္တိ=ထပ်တလဲလဲပြုခြင်း၊ ဖြစ်စေခြင်း ဟူသော ကြောင်းရှိစွမ်းရည်

"အာပုနပ္ပုနံ သေဝနံ ကရဏံ ပဝတ္တနံ အာသေဝနံ=ထပ်တလဲလဲ မှီဝဲခြင်း ပြုခြင်း ဖြစ်စေခြင်းသည် အာသေဝန မည်၏" ဤဝစနတ္ထအရ "အာသေဝန" ဟူသည်မှာ 'ထပ်တလဲလဲပြုခြင်း' ဟူ၏။ ဤသည်ကို ထင်ရှားစိမ့်သောငှာ စာပေကျမ်းဂန် လေ့လာမှုဖြင့် ဥပမာ ပြကြ၏။

ခွဲဦးအံ့။ ပညာရပ်တခုခုကို သင်ကြားသည့်အခါ အစပဌမတွင် ခက်ခဲတတ်၏။ သို့သော် နောက်တဖြေးဖြေး လွယ်ကူလာတတ်၏။ ဤသည်ကို ပညာရပ်တခုခု သင်ကြားဘူးသူ မှန်သမျှ တွေ့ကြုံတတ်သည်ပင်။ ဤတွင် နောက်ပိုင်း သင်ရကြားရ လွယ်ကူလာသည်မှာ အကြောင်းမဲ့မဟုတ်၊ အကြောင်းမရှိသည် မဟုတ်၊ ရှိ၏။ ရှိသော အကြောင်းကား ရှေ့ပိုင်း သင်ကြားမှုပင် ဖြစ်၏။ ထို ရှေ့ပိုင်း သင်ကြားမှုဟူသော အကြောင်းတရား၌ ထပ်ကာထပ်ကာ လေ့လာခြင်းဟူသော သဘောတရား ရှိ၏။ ထိုသဘောတရားကို အာသေဝနသတ္တိဟု ဆိုရ၏။

တဖန် စာကြည့်ကြသည့်အခါ စာပိုဒ်တပိုဒ် သို့မဟုတ် ဝါကျတကြောင်းသည် အခြားတကြောင်းထက်ပို၍ ခက်၏။ ခက်သော ထိုဝါကျကို ပဌမတခေါက် ဖတ်၏။ ဆိုလိုချက်ကို သဘောမပေါက်။ နောက် ဒုတိယတခေါက် ထပ်ဖတ်၏။ သဘောပေါက်လာ၏။ နောက် တတိယ၊ စတုတ္ထ စသည်ဖြင့် ထပ်၍ထပ်၍ ဖတ်

သော အခေါက်များတွင် ပို၍ပို၍ သဘောပေါက်လာ၏။ ဤသည်ကိုလည်း စာရှုသူသူတေသီတို့ မကြာခဏ ကြုံရတတ်သော ဖြစ်ရပ်တခု ဖြစ်ရပါမည်။

ဤသို့ ကြုံရသည်တွင် ပဌမ ဖတ်ခြင်းသည် 'ဖတ်ခြင်း'ပင် ဖြစ်၏။ ဒုတိယ၊ တတိယဖတ်ခြင်းသည်လည်း 'ဖတ်ခြင်း'ပင်ဖြစ်၏။ ပဌမဖတ်ခြင်း၌လည်း စူးစိုက်မှု (သမာဓိ)ပါ၏။ ဒုတိယ၊ တတိယစသည် ဖတ်ခြင်းတို့၌လည်း သမာဓိ ပါရှိသည်သာပင်။ ဖတ်တာချင်းတူပါလျက်၊ သမာဓိပါရှိတာချင်းတူပါလျက် ပဌမ အခေါက်ဖတ်ခြင်းတွင် နားမလည်ဘဲ ဒုတိယစသည် ဖတ်ခြင်း ကျမှသာ နားလည်လာရသည်မှာ အကြောင်းမဲ့သက်သက်မဟုတ် အကြောင်းရှိ၏။ရှိသောအကြောင်းကား ပဌမတခေါက် ဖတ်ထားခြင်းပင် ဖြစ်၏။

ပဌာန်းဆန့်ဆန် ရေးသော် ပဌမဖတ်ခြင်းသည် 'ဖတ်ခြင်းမျှသာ'ဖြစ်၏။ 'ထပ်ဖတ်ခြင်း'ဟု မဆိုသာ၊ ဝါ အာသေဝနသတ္တိ မရှိသေး။ ဒုတိယဖတ်ခြင်း စသည်ကို 'ထပ်ဖတ်ခြင်း'ဟု ဆိုနိုင်လာ၏။ ထပ်တလဲလဲပြုခြင်းဟု ဆိုနိုင်လာ၏။ ဝါ အာသေဝနသတ္တိ ရလာ၏။ အာသေဝနသတ္တိမရှိသော တရားထက် အာသေဝနသတ္တိရှိသော တရားက ပို၍အစွမ်းသက်၏။ ထက်ချက်သော စိတ်ဓာတ်၊ ထက်မျက်သော အသိဉာဏ်တို့အား သာမန်အဆီးအတားသည် အခုအခံပြု၍ မနေနိုင်။ ရှုပ်ထွေးသောတရားသည် ရှင်းလာရ၏။ ခက်ခဲသော အရာသည် လွယ်ကူလာရ၏။ ထို့ကြောင့် အာသေဝနသတ္တိ မရသေးသော ပဌမတခေါက်ဖတ်ခြင်းတွင် ရှုပ်နေ ခက်နေသော သဘောတရားသည် အာသေ

ဝနသတ္တိရလာသော ဒုတိယအခေါက် ဖတ်ခြင်းတွင် ရုပ်နှေး ခက်နေနိုင်စွမ်း မရှိတော့။ ရှင်းလာ လွယ်ရခြင်း ဖြစ်ပါသည်။

ဆက်ဦးအံ့။ 'ထပ်တလဲလဲပြုခြင်း တည်းဟူသော အာသေဝနဂုဏ်' ဟူသည်မှာ 'တကြိမ်တခါမျှသာ ပြုခြင်းမဟုတ်ဘဲ ၂ကြိမ် ၃ကြိမ်စသည် ပြုခြင်း' ဆိုသည်ကို နားလည်ပြီး ဖြစ်၏။ ယင်းသို့ အကြိမ်ကြိမ် အပြုခံရသော အရာမှာ အခြားတခုမဟုတ်။ ပဌမ အကြိမ်ပြုထားသော အရာပင် ဖြစ်၏။ ထို့ကြောင့် အရာဝတ္ထု တခုကို ပဌမအကြိမ်ပြုခြင်း၊ သဘောတရားတခုက ပဌမအကြိမ် ဖြစ်ခြင်းတို့ဖြင့် တကြိမ်တည်းသာ အပြုခံရသော အရာဝတ္ထုတခု နှင့် တကြိမ်တည်းသာ ဖြစ်လာသော သဘောတရားတို့၌ အာသေဝနသတ္တိ မရှိကြပါ။ ၂ကြိမ် ၃ကြိမ်စသည်ဖြင့် အပြုခံရသော အရာဝတ္ထုနှင့် ၂ကြိမ်၃ကြိမ်စသည်ဖြင့် ဖြစ်လာသော သဘော တရားတို့၌သာ အာသေဝနသတ္တိ ရှိကြ၏။ အာသေဝနသတ္တိ ရှိသော အရာတို့သာလျှင် အကျိုးကို ဖြစ်စေနိုင်စွမ်း ရှိကြ၏။

တဖန် ဝိပါက်စိတ်တို့အနက် တခုခုသော ဝိပါက်စိတ်သည် တကြိမ်တည်းသာ ဖြစ်ရိုးထုံးစံ ရှိကြ၏။ ၂ကြိမ် ၃ကြိမ် စသည် မဖြစ်။ မဖြစ်သောကြောင့် အာသေဝနသတ္တိ မရှိ။ မရှိသောကြောင့် အကျိုးပေးနိုင်စွမ်း မရှိကြပေ။

ယင်းသည်နှင့် ဆန့်ကျင်ဘက်အားဖြင့် ကုသိုလ် အကုသိုလ် စိတ်တို့အနက် တခုခုသောစိတ်သည် တကြိမ်မက ၂ကြိမ်၃ကြိမ် စသည်ဖြင့် အများဆုံး ၇ကြိမ် ထပ်ဖြစ်၏။ ထပ်ဖြစ်သောကြောင့် အာသေဝနသတ္တိ ရှိ၏။ ရှိသောကြောင့် အကျိုးပေးနိုင်ကြ၏။ မကောင်းမှု (=အကုသိုလ်) က မကောင်းသော အကျိုး

(=အကုသလဝိပါက်)ကို ဖြစ်စေ၏။ ကောင်းမှု (=ကုသိုလ်)က ကောင်းသောအကျိုး (=ကုသလဝိပါက်)ကို ဖြစ်စေ၏။

ကြိယာစိတ်တို့ကား ကုသိုလ်၊ အကုသိုလ်တို့နည်းတူ ၇ကြိမ် အထိ ထပ်၍ ဖြစ်ကြ၏။ အာသေဝနသတ္တိလည်း ရှိကြ၏။ သို့သော် အကျိုးမပေးကြပေ။အကျိုးမပေးနိုင်သည်မှာ ထိုစိတ်တို့ သည် ဘုရား၊ရဟန္တာတို့၏ စိတ်များ ဖြစ်သည့်အားလျော်စွာ အနုသယဓာတ် ကင်းနေပြီ ဖြစ်၏။ အနုသယ ကင်းနေပြီဖြစ် သောကြောင့် အာသေဝနသတ္တိ ရှိသော်လည်း အကျိုးမပေးနိုင် တော့ပေ။ အာသေဝနသတ္တိ ရှိခြင်းဟူသော အကြောင်းကရှိနေ သော်လည်း အနုသယဓာတ် တည်းဟူသော အကြောင်းက မရှိ တော့ပြီ ဖြစ်သောကြောင့် (ပစ္စယသာမဂ္ဂီဖြစ်မှု၊ အကြောင်း ညီညွတ်မှု ချို့တဲ့သောကြောင့်) အကျိုးမပေးခြင်း ဖြစ်သည်ဟု မှတ်သားအပ်၏။

ဆက်ဦးအံ့။ 'အကျိုးမပေး' ဟူသော စကားမှာလည်း ပဋိသန္ဓေကျိုးပေးမှု မပေးမှုကို ရည်ညွှန်းသော စကား ဖြစ်၏။ ပဝတ္တိအကျိုးကို မဆိုလို။ ပဝတ္တိကျိုးကား ပေးသည်သာတည်းဟု မှတ်သားအပ်၏။

## ၁၃။ ကမ္မပစ္စယသတ္တိ=ပြုခြင်းဟူသော ကြောင်းရှိစွမ်းရည်

"ကရဏံကမ္မံ=ပြုလုပ်ခြင်းသည် ပြုခြင်းမည်၏" ဤဝစနတ္ထ အရ 'ကမ္မ'ဟူသည်မှာ 'ပြုခြင်း'ဟူ၏။တဖန် ပြုခြင်းဟူသည်မှာ 'စေတနာ'ပင် ဖြစ်၏။ ထိုစေတနာသည် စိတ်ဟူ၍ ဖြစ်လာလျှင် အမြဲတန်း ပါရသော စေတသိက် ၇ခုတို့အနက် တခုသော စေတသိက်ဖြစ်၏။ စိတ်ဟူ၍ ဖြစ်လာလျှင် 'စေတနာ'စေတသိက်

အမြဲပါ၏။ ပါလာသော စေတနာကိုပင် 'ပြုခြင်း'ဟု ဆို၏။ ထိုပြုခြင်းကို 'ကမ္မ'ဟုခေါ်၏။ ထိုကမ္မသည် အကြောင်း (ပစ္စယ) တခုဖြစ်၏။ အကြောင်းဖြစ်သော ကမ္မ၏ စွမ်းရည်သတ္တိကို 'ကမ္မပစ္စယသတ္တိ'ဟူ၍ မှတ်သားနိုင်ပါဦး။ ဤသည်မှာ အကျဉ်း။

ချဲ့ဦးအံ့။ 'စေတေတိအတ္တနာ သမ္ပယုတ္တဓမ္မေ အာရမ္မဏေ အဘိသန္ဒဟတိ၊ သင်္ခတာဘိသင်္ခါရဏေ ဝါ ဗျာပါရမာပဇ္ဇတီတိ စေတနာ=အကြင်သဘာဝဓမ္မသည် မိမိနှင့် ယှဉ်ဘော်ယှဉ်ဘက် (ဖြစ်ဘက်) တရားတို့ကို အာရုံ၌ ဖြစ်စေတတ်၏။ တနည်း။ ပြုအပ်သော အမှုကို ပြုရာ၌ ကြောင့်ကြဗျာပါရ စိုက်ခြင်း (=လွန်ကဲသော အားထုတ်ခြင်း)သို့ ရောက်ရှိ၏။ ထို့ကြောင့် ထိုသဘာဝဓမ္မသည် 'စေတနာ' မည်၏"

ဤဝိဂ္ဂဟ်ကို ကြည့်လျှင် "ဘဲ့အတွက်ကြောင့် 'ပြုခြင်း ကမ္မ'၏ အရ 'စေတနာ' စေဘသိက်ကို အရကောက်ထားပါ သနည်း။ ကောက်ချက် ချထားပါသနည်း" ဟူသော မေးစရာ မေးခွန်းအဖြေမှာ ပေါ်လွင်လာ၏။

ရှင်းပြပါဦးမည်။ လုပ်ငန်းတခု ပြီးမြောက်ရေးတွင် အဓိက တာဝန်ရှိသူမှာ 'တာဝန်ခံ' ပုဂ္ဂိုလ်ပင် ဖြစ်၏။ ထိုတာဝန်ခံကို ဦးကကြီး ဟူ၍ ခေါ်ကြပါစို့။ လုပ်ငန်းမပြီးသေးလျှင် ဦးကကြီး၏ တာဝန် မကုန်ဆုံးသေး။ ဦးကကြီး၏တာဝန် ပြီးဆုံးလျှင် လုပ်ငန်းပြီး၏။ ပြီးမြောက်သွားသော လုပ်ငန်းကို လက်ညှိုးထိုးပြီး 'ဒါ ဘယ်သူလုပ်သလဲ'ဟု မေးသော် ဦးကကြီးကို ညွှန်ပြရပေလိမ့်မည်။ ထို့ကြောင့် 'ဤအလုပ်ကိုပြုလုပ်သူသည် ဦးကကြီး၊ ဦးကကြီးသည် ပြုလုပ်မှု' ဟူသော အဓိပ္ပာယ် သက်ရောက်၏။

ဦးကကြီး၏ တာဝန်မှာ မိမိ၏ သီးသန့်တာဝန်ကိုလည်း ကျေပြွန်ရ၏။ အခြားသူများကိုလည်း မိမိတို့သက်ဆိုင်ရာ တာဝန် ကျေပြွန်အောင် ဂရုစိုက်ရ၏။ နှိုးဆော် တိုက်တွန်းရ၏။ ကြောင့်ကြ ဗျာပါရ အားကြီးရ၏။ ထို့ကြောင့် အခြားလုပ်သားများ ရှိကြသော်လည်း ဤလုပ်ငန်းကို ပြီးမြောက်အောင် ပြုလုပ်သူ ကား ဦးကကြီး။ ဦးကကြီးသည် ပြုလုပ်သူ ဖြစ်သည် ဟူ၍ လောကတွင် သုံးစွဲရိုးထုံးစံ ရှိကြ၏။

ထို့အတူ ဖြစ်လာသမျှသော စိတ်တခုခုတွင် စေတသိက် အများပင် ပါရှိ၏။ ပါရှိသော စေတသိက်တို့အနက်'စေတနာ' စေတသိက်သည် (ဦးကကြီးနည်းတူ)တာဝန်ခံဖြစ်၏။ တိုက်တွန်း နှိုးဆော်တတ်၏။ သို့ဖြစ်၍ 'စေတနာသည် စေ့ဆော် တိုက်တွန်း ခြင်း လက္ခဏာ ရှိ၏' ဟူ၍ အဋ္ဌကထာ ဋီကာတို့က ပြဆိုကြ၏။ ထို့ကြောင့် 'ပြုလုပ်သူသည် ဦးကကြီး ဖြစ်၏'ဟူ၍ ဆိုရသကဲ့သို့ အမှုတခုခုကို ပြုလုပ်သူသည် ဝါ ပြုလုပ်ခြင်းသည်'စေတနာ'ပင် ဖြစ်၏ဟူ၍ ဆိုရတော့၏။ ထို့ကြောင့်"ပြုလုပ်ခြင်းဟူသော ကမ္မ (ကံ)၏အရ စေတနာ စေတသိက်ကိုပင် ကောက်ရပါသည်။ ဝါ ကံဟူသည်မှာ 'စေတနာ'ပင် ဖြစ်၏"ဟူ၍ မှတ်သားအပ်၏။

ထို ကမ္မ(ကံ)သည် သဟဇာတကမ္မ၊ နာနာက္ခဏိက ကမ္မဟူ၍ ၂မျိုး ရှိ၏။ ထို့တွင်

၁။ သဟဇာတကမ္မ= သဟဇာတ+ကမ္မ= အတူတကွလည်း ဖြစ်ခြင်း+ကံဟူသော စေတနာလည်း ဖြစ်ခြင်း။ ထို့ကြောင့် 'သဟဇာတကမ္မ'ဟူသည်မှာ "မိမိ၏ အကျိုးတရားနှင့် အတူ တကွ တပြိုင်နက်တည်းဖြစ်သောစေတနာ ဖြစ်သည်" ဟူ၍ မှတ်သားအပ်၏။ စိတ်မှန်သမျှတွင် စေတနာစေတသိက်ပါရှိလေ

ရကား 'စိတ်' ဟူ၍ ဖြစ်လာလျှင် 'သဟဇာတကမ္မသတ္တိ' ရရှိနိုင်သည်ဟု မှတ်သားအပ်၏။

၂။ နာနာက္ခဏိက ကမ္မ = နာနာက္ခဏိက + ကမ္မ= တသီးတခြား ဖြစ်သော ခဏ၌ + ရှိသော စေတနာ။ ထို့ကြောင့် 'နာနာက္ခဏိက' ဟူသည်မှာ 'မိမိ၏ အကျိုးတရား ဖြစ်ရာခဏ (ဖြစ်ချိန်)ကား တခု၊ မိမိဖြစ်ရာခဏ ဖြစ်ချိန်ကား တခု၊ ယင်းသို့လျှင် အကျိုးတရားနှင့် တချိန်တည်း အတူတကွမဖြစ်ဘဲ တခဏစီ (တချိန်စီ) တသီးတခြားဖြစ်သော စေတနာ'ဟု မှတ်သားအပ်၏။

ချဉ်းအုံ။ သဟဇာတကမ္မသတ္တိသည် စိတ်မှန်သမျှတွင် ရှိ၏။ သို့သော် နာနာက္ခဏိကကမ္မသတ္တိကား စိတ်မှန်သမျှတွင် မရှိ။ ကုသိုလ်စိတ်နှင့် အကုသိုလ်စိတ်တို့၌သာ ရှိ၏။ ဝိပါက်စိတ်နှင့် ကြိယာစိတ်တို့၌ နာနာက္ခဏိကကမ္မသတ္တိ မရှိ။ သို့ဖြစ်၍ ကုသိုလ်၊ အကုသိုလ်စိတ်တို့၌ အာသေဝနသတ္တိ၊ သဟဇာတကမ္မသတ္တိ၊ နာနာက္ခဏိကကမ္မသတ္တိတို့ ရှိနေကြသည်ကို သတိပြုမိပါလိမ့်မည်။

ထိုကုသိုလ်၊ အကုသိုလ်၌ရှိသော စေတနာသည် လောလောဆယ် (လက်ရှိ မိနစ်စက္ကန့်) တွင် တကွဖြစ်ဘက်တို့အား 'သဟဇာတကမ္မသတ္တိ'ဖြင့် ကျေးဇူးပြု၏။ ထို့ပြင် နောင်အခါ (=ဝေးသော အနာဂတ်၊ နီးသောအနာဂတ်) ကာလတွင်လည်း ပြုလုပ်သူအား 'နာနာက္ခဏိကကမ္မသတ္တိ'ဖြင့် ကျေးဇူးပြုဦးမည်သာ။

ပေးမည့်အကျိုးက ဖြစ်လာသည့်အခါတွင် ပစ္စုပ္ပန်သည် အတိတ်ဖြစ်သွားပြီး အနာဂတ်သည် ပစ္စုပ္ပန် ဖြစ်လာပါပြီ။ ပေးမည့်အကျိုး၏ အကြောင်းဖြစ်သော စေတနာ(နာနာက္ခဏိကကမ္မ)တို့ဖြစ်ခဲ့သောပစ္စုပ္ပန်သည် အတိတ်ဖြစ်ခဲ့လေပြီ။ ထို့ကြောင့်

နာနာက္ခဏိကကမ္မအရ အတိတ်တွင် ဖြစ်ခဲ့ ရှိခဲ့သော စေတနာကို ကောက်ယူရ၏။

ထင်ရှားစေပါအံ့။ ယခုအခါတွင် စာရေးသူသည် ဤမည်သောစာကို (အဆိုက်အသင့်မျှ) ရေးနိုင်စွမ်း ရှိနေ၏။ ရှိနေသော စွမ်းရည်သတ္တိ အရည်အသွေးကို တခုသောကောင်းကျိုး(ကုသလ ဝိပါက်) ဟု ဆိုအပ်၏။ အကြောင်းမှာ ထိုအရည်အသွေးကို မြတ်နိုးအပ် နှစ်သက်အပ်သောကြောင့်ပင်။ ဤကောင်းကျိုးသည် အကြောင်းမဲ့သက်သက် (မမြော်လင့်သော တိုက်ဆိုင်မှုကြောင့်) ဖြစ်လာသည် မဟုတ်ရပါ။ အကြောင်းရှိ၏။ ရှိသောအကြောင်းကား 'နာနာက္ခဏိကကမ္မသတ္တိ' ပင် ဖြစ်၏။ ထိုသတ္တိသည် အတိတ်ကုသိုလ်ဇောစိတ်များတွင် ရှိခဲ့၏။ ထိုအတိတ်သည် ၁၉၅၅ ခု ဖြစ်၏ဟု ဆိုကြပါစို့။ ထိုနှစ်တွင် ကုသိုလ်ဇောများ ဖြစ်နေသည့် အချိန်ကား ဆရာသမားအထံတွင် 'ပဋ္ဌာန်း' ကို စတင်၍ သင်ကြားနာယူ၏။ ကျက်နှုတ်စရာများကို ကျက်မှတ်ရ၏။ နောက် အလွတ်ပြန်ဆိုပြရ၏။ ညညတိုင်လာလျှင် (တနေ့လုံး အော်ရ၊ ဟစ်ရ၊ ကျက်ရ၊ မှတ်ရနှင့် ဝမ်းခေါင်းက ဟာနေပေမင့် မနေသာ) အခေါင်းအဖော် စာသင်သားများနှင့်အတူ သန်ကောင် သန်လွဲ အထိ ပြန်လှည့်ရ၏။ ကျက်မှတ်ခဲ့သည့်စာများ မေ့မသွားအောင်၊ ကျေညက်လာအောင် အလွတ်ပြန်လှည့်ကြရ၏။ ယင်းသို့လျှင် ကြိုးစားအားထုတ်ခဲ့ရ၏။

ဤကြိုးစားအားထုတ်ချိန်များတွင် စိတ်အားထက်သန်မှုရှိရ၏။ မရှိလျှင် မဖြစ်။ ရှိနေ ဖြစ်နေခဲ့သော ထက်သန်သည့်စိတ်များသည် ကုသိုလ်စိတ်တို့ပင် ဖြစ်၏။ အကြောင်းမှာ အပြစ်မရှိခြင်း၊ ကောင်းသော အကျိုးပေးခြင်းလက္ခဏာ ရှိသောကြောင့်ပင်။

ထိုစိတ်တို့တွင် စေတနာ ပါရှိခဲ့၏။ ပါရှိခဲ့သော **စေတနာ** (နာနာက္ခဏိကကမ္မသတ္တိ)ကြောင့်ပင်လျှင် ယခုအခါ(၁၉၆၇ခု) တွင် ဤမည်သောစာကို ဤမျှသောအရည်အချင်းမျှဖြင့် ရေးနိုင်စွမ်းရှိရခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ဤရေးနိုင်စွမ်းရှိမှုသည် အကျိုးတရား ပစ္စယုပ္ပန္နမွေ။ ရေးနိုင်စွမ်းရှိစေသော၊ အတိတ် ကုသိုလ်စေတနာ (နာနာက္ခဏိကကမ္မ)သည် အကြောင်းပစ္စယဓမ္မ၊ ထိုတွင်ရှိသော သတ္တိကား ကြောင်းရှိစွမ်းရည် နာနာက္ခဏိကကမ္မသတ္တိ။ ယင်းသို့ သိရှိမှတ်သားအပ်၏။

တဆက်တည်း ဖော်ပြချင်သေးသည်မှာ သူတော်သီတို့အဖို့ မိမိတို့၏ဖြစ်ရပ်များနှင့်လည်း ဤနာနာက္ခဏိကကမ္မ၏သဘာဝကို ဆန်းစစ်နိုင်ကြ၏။ ဆန်းစစ်နိုင်စေခြင်းငှာ စာရေးသူ၏ဖြစ်ရပ်ကို တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။ ထိုတင်ပြချက်ကြောင့်'ပဋ္ဌာန်းကို အတော်နိုင်မဲ့ပုဂ္ဂိုလ်ဘဲ'ဟူ၍ အထင်မရောက်စေလိုပါ။ ဝန်လည်း မခံနိုင်ရိုး အမှန်ပါ။ ဝန်ခံနိုင်သည်မှာ 'ပဋ္ဌာန်းကို မြတ်နိုးသူ၊ လေ့လာသူသာ ဖြစ်ပါချေသည်'ဟူ၏။

၁၄၊ ဝိပါကပစ္စယသတ္တိ = အကျိုးတည်းဟူသော ကြောင်းရှိ စွမ်းရည်

"နိရုဿာဟသန္တဘာဝေန နိရုဿာဟသန္တဘာဝါယ ဥပကာရကော ဝိပါကဓမ္မော ဝိပါကပစ္စယော=ဗျာပါရ မရှိသည်ဖြစ်၍ ငြိမ်သက် အေးဆေးသည့်အဖြစ်ဖြင့် ဗျာပါရမရှိဘဲ ငြိမ်သက် အေးဆေးစွာ ဖြစ်ခြင်းငှာ ကျေးဇူးပြုတတ်သော အကျိုးတရား ဝိပါကပစ္စည်း မည်၏"

ဤအဋ္ဌကထာစကားအရ 'ဝိပါက'ဟူသည်မှာ'အကျိုးတရား' ဟူ၏။ ထိုအကျိုးတရားသည် ကုသိုလ် အကုသိုလ်တို့ကြောင့် ဖြစ်လာရသည့် အားလျော်စွာ ကြောင့်ကြဗျာပါရမရှိ၊ အေးဆေး ငြိမ်သက်ဘိ၏။ ဥပမာ၊ ပြုဘွယ် ကိစ္စတစုံတခုမျှ မရှိသူသည် တက်ကြွလှုပ်ရှားမှုမရှိ၊ အေးဆေးငြိမ်သက်စွာ နေနိုင်ဘိသကဲ့သို့ တည်း။ ယင်းသို့လျှင် ဝိပါက်သည် မိမိကိုယ်ကိုင်က ငြိမ်သက် သဖြင့် မိမိနှင့်တကွ ဖြစ်ဘက်တို့အားလည်း ငြိမ်သက်အောင် အလိုအလျောက် ကျေးဇူးပြုမိလျက်သားဖြစ်နေ၏။ ဥပမာ၊မိမိက ငြိမ်ငြိမ်ကလေး နေသဖြင့် မိမိ၏ အပေါင်းအသင်းတို့အားလည်း မိမိနည်းတူ မိမိအတုယူကာ ငြိမ်ငြိမ်ကလေး နေလာအောင် အလိုအလျောက် အကျိုးပြုပြီးသားဖြစ်သည်နှင့်တူ၏။ ယင်းသို့လျှင် ကုသိုလ် အကုသိုလ်ကြောင့် ဖြစ်လာရသော အကျိုးတရား (=ဝိပါက်စိတ်)များသည် မိမိနှင့်အတူဖြစ်သော တကွဖြစ်ဘက် တို့အား ကျေးဇူးပြုတတ်သောကြောင့် အကြောင်းတရား ဖြစ်နေ ပြန်၏။

ဆက်ဦးအံ့။ ထိုဝိပါက ပစ္စယသတ္တိသည် ဝိပါက်စိတ်တို့၌ ရှိ၏။ ထိုစိတ်တို့သည် နိုးနေသည့်အခါ (မအိပ်သည့်အခါ) တွင်လည်း ဖြစ်ကြ၏။ သို့သော် ဖြစ်ကြောင်း မထင်ရှား။ အိပ်ပျော်သည့်အခါ တွင်ကား ထိုဝိပါက်စိတ်တို့ချည်းသာ ဖြစ်ကြ၏။ ထိုအခါတွင် ဖြစ်ကြောင်းထင်ရှား၏။ မှန်၏။ အိပ်ပျော်သည့်အခါဖြစ်နေသော ဘဝင်စိတ်တို့ဟူသည်မှာ ဝိပါက်စိတ်တို့ပင်တည်း။ ထိုဝိပါက် စိတ်ချည်းသက်သက် ဖြစ်နေသည့် အိပ်ပျော်စဉ် အခါတွင် ကိုယ်လက်လှုပ်ရှားမှုဟူသော ကာယကံမှု၊ နှုတ်ဖြင့် ပြောဆိုမှု ဟူသော ဝစီကံမှု၊ စိတ်၏ ကြံစည်မှုဟူသော မနောကံမှုတို့

မဖြစ်ကြ။ [ယောင်ရမ်းမြည်တမ်း ပြောဆိုမှုများကား ရခါသော ဖြစ်တတ်သောကြောင့် မပြောပလောက်ပါပေ။] ယင်းသို့လျှင် မဖြစ်ကြသည်မှာ ဝိပါက်စိတ်တို့ကြောင့်ပင် ဖြစ်၏။ ထိုဝိပါက်စိတ်တို့၌တစုံတခုသော ကံအမှုမျှဖြစ်မလာအောင်ပြုနိုင်စွမ်းသော သတ္တိသည်ရှိ၏။ ရှိသော ထိုသတ္တိကို 'ဝိပါက ပစ္စယ သတ္တိ' ဟူ၍ မှတ်သားအပ်၏။

### ၁၅။ အာဟာရ ပစ္စယသတ္တိ=ဆောင်တတ်သောတရားဟူသော ကြောင်းရှိစွမ်းရည်

''အာဟရန္တီတိ အာဟာရာ = အကြင် သဘောတရားတို့သည် ဆောင်တတ်ကုန်၏။ ထို့ကြောင့် ထိုသဘောတရားတို့သည် အာဟာရမည်၏'' ဤဝစနတ္ထအရ 'အာဟာရ' ဟူသည်မှာ 'ဆောင်တတ်သောတရား' ဟူ၏။ 'ဘာကိုဆောင်ကြသနည်း' ဟူမူ 'မိမိတို့ သက်ဆိုင်ရာ အကျိုးတရားများ ဖြစ်ကြသည့်ရုပ်ခန္ဓာ နာမ်ခန္ဓာတို့ကို ဆောင်ကြသည်' ဟူ၏။ 'ဆောင်သူတို့ကား အဘယ်တရားတို့နည်း' ဟူမူ 'အစား အစာတည်းဟူသော ကဗဠိကာရာဟာရ၊ ထိတွေ့မှုဟူသော ဖဿ၊ စေ့ဆော်မှုဟူသော စေတနာ၊ သိမှုဟူသော ဝိညာဏ်တို့ဖြစ်ကြသည်'ဟူ၏။ ယင်းသို့ မိမိတို့ သက်ဆိုင်ရာ အကျိုးတရားများ ဖြစ်ကြသည့် ရုပ်ခန္ဓာ နာမ်ခန္ဓာတို့ကို အရှည်တည်တန့်အောင် ဆောင်တတ် (ဦးဆောင်တတ်၊ ရွက်ဆောင်တတ်) ကြသောကြောင့်၊ အစားအစာ၊ ဖဿ၊ စေတနာ၊ ဝိညာဏ်တို့သည်'အာဟာရ=ဆောင်တတ်သောတရား' ဟု ခေါ်ဆိုအပ်၏။ ဤသည်မှာ အကျဉ်း။

ချုပ်ဦးအံ့။ 'ဆောင်'ဟူသည်မှာ 'ဆောင်ရွက်သည်၊ ရှေ့ဆောင်ရှေ့ရွက်ပြုသည်၊ ဦးဆောင်သည်' ဟူသောအဓိပ္ပာယ် ရှိ၏။ ရုပ်တရား နာမ်တရားတို့ အရှည်တည်တန့်အောင် ဆောင်ရွက်ကြရာတွင် အခြားသော သဘာဝတရားများသည် ဖော်ပြပါတရား ၄ ခုလောက် ဆောင်ရွက်နိုင်စွမ်း မရှိကြ။ ဦးဆောင်မှုအခန်းကို မယူနိုင်ကြပေ။ ဖော်ပြပါ သဘာဝတရား ၄ ခုတို့သာ ဆောင်ရွက်နိုင်စွမ်း ရှိကြ၏။ ဦးဆောင်မှုအခန်းကို ယူနိုင်ကြ၏။ ထို့ကြောင့် ထိုတရား ၄ ခုကိုသာ 'အာဟာရ= ဆောင်တတ်သောတရား'ဟု ဗုဒ္ဓက သတ်မှတ်တော်မူခဲ့၏။ ထိုတွင်

၁။ ကဗဠီကာရာဟာရ ဟူသည်မှာ အစားအစာပင် ဖြစ်၏။ ထိုအစားအစာသည် ဤမည်သော ရုပ်ဝတ္ထု၊ ရုပ်ခန္ဓာကြီး အရှည်တန့်တန့်အောင် (ရုပ်ဖြစ်စဉ် နာမ်ဖြစ်စဉ် ပြတ်စဲ၍ သေပွဲမဝင်ရအောင်) ဦးဆောင်ထားသူ ဖြစ်၏။ အဓိက တာဝန်ရှိသူဖြစ်၏။ မှန်၏။ အစားအစာ မစားကြရသော် ရုပ်နာမ်တို့ အရှည်သဖြင့် မတည်တန့်နိုင်ကြ။ သေဆုံးကြမည်သာဖြစ်၏။ မသေဆုံးကြသေး တည်တန့်နိုင်ကြသေးသည်မှာ စားသောက်ကြသော အစားအစာ (ကဗဠီကာရာဟာရ)'ရှိနေသောကြောင့် ဖြစ်၏။ အစား အစာက ဆောင်ထားသောကြောင့် ဖြစ်၏။ ထို့ကြောင့် အစားအစာကို 'ဆောင်တတ်သောတရား=အာဟာရ'ဟု ခေါ်ဆိုအပ်၏။

၂။ ဖဿာဟာရဟူသည်မှာ ထိတွေ့မှုဖဿပင်ဖြစ်၏။ ထိုဖဿသည် ခံစားမှု ဝေဒနာတို့ကို ဆောင်ထား၏၊ ဝါ၊ အထိအတွေ့ကြောင့် ခံစားမှုဝေဒနာ ဖြစ်လာ၏။ ခံစားမှုကြောင့် တပ်မက်မှုတဏှာဖြစ်လာ၏။ တဏှာကြောင့် သံသရာလည်ကြရ၏။ 'သံသရာလည်ခြင်း'ဟူသည်မှာ ရုပ်ဖြစ်စဉ် နာမ်ဖြစ်စဉ်တို့ အမျှင်မပြတ်ဘဲ

ဆက်လက် ဖြစ်ပွားနေခြင်းကို ဆို၏။ သို့ဖြစ်၍ သံသရာလည်ခြင်း (ရုပ်ဖြစ်စဉ်နာမ်ဖြစ်စဉ် အမျှင်မပြတ် ဆက်လက်ဖြစ်ပွားနေခြင်း) ၏ အကြောင်းရင်းဖြစ်သူ၊ ဦးဆောင်သူမှာ ထိတွေ့မှု ဖဿပင် ဖြစ်သည်ဟု ဗုဒ္ဓက ညွှန်ပြတော်မူခဲ့၏။ ညွှန်ပြတော်မူခဲ့သော ထိတွေ့မှု ဖဿသာမရှိခဲ့ပါသော် ခံစားမှု စသည်တို့ ဖြစ်မလာကြတော့ဘဲ သံသရာ ပြတ်ရုံသာရှိတော့၏။ ယခုသော် ထိတွေ့မှု ဖဿတို့က တခုမဟုတ်တခု ဖြစ်လျက်ရှိကြသောကြောင့် ရုပ်နာမ်တို့၏ ဖြစ်စဉ်မှာ အမျှင်မပြတ်ဘဲ ရှိနေကြ၏။ အမျှင်မပြတ်အောင် ဦးဆောင်ထားသူကား ဖဿပင်။ ထို့ကြောင့် ဖဿကို 'ဆောင်တတ်သောတရား=အာဟာရ' ဟု ခေါ်ဆိုအပ်၏။

၃။ မနောသဉ္စေတနာဟာရဟူသည်မှာ စေ့ဆော်မှု စေတနာပင် ဖြစ်၏။ ထိုစေတနာသည်ပင်လျှင် (ကမ္မသတ္တိတွင် ပြခဲ့သည့်အတိုင်း) ကံ ဟူသောအမည်ရ၏။ ထိုကံတရားကြောင့်ပင်လျှင် ပဋိသန္ဓေစိတ် ဖြစ်လာရ၏။ ဖြစ်လာသော ပဋိသန္ဓေစိတ်သည် တဘဝတာ ခရီးစဉ်အတွက် ပဌမဦးဆုံးသော ခြေလှမ်းပင်ဖြစ်၏။ ထိုခြေလှမ်းကို လှမ်းမိလာအောင် ဦးဆောင်သူကား ကံတည်းဟူသော စေတနာပင်ဖြစ်၏။ ထို့ကြောင့် စေတနာကို 'ဆောင်တတ်သောတရား=အာဟာရ' ဟု ခေါ်ဆိုအပ်၏။

၄။ ဝိညာဏာဟာရ ဟူသည်မှာ စိတ်ပင်ဖြစ်၏။ ထိုစိတ်သည် နာမ်တရား၊ ရုပ်တရားတို့ကို ဦးဆောင်ထား၏။ မှန်၏။ စိတ်ရှိနေသောကြောင့်ပင် စေတသိက် (=စိတ်ကို အမှီပြုနေသော သင်္ခတာတရား) တည်းဟူသော နာမ်တရားအစဉ်၊ စိတ္တဇရုပ် (စိတ်ကြောင့်ဖြစ်သောရုပ်) စသည့် ရုပ်တရားတို့၏ အစဉ်သည် အမျှင်မပြတ် ဒလစပ် ဖြစ်နေ၏။ စိတ်မရှိသော် ထိုရုပ်နာမ်

အစဉ်သည် မရှိနိုင်ပါပြီ။ ယခုသော် ထိုရုပ်နာမ်အစဉ်သည် ရှိနေ၏၊ ရှိနေအောင် ဦးဆောင်ထားသူကား စိတ်ပင် ဖြစ်၏။ ထို့ကြောင့် စိတ်ကို 'ဆောင်တတ်သောတရား = အာဟာရ'ဟု ဆိုရပြန်၏။

ယင်းသို့လျှင် မိမိတို့သက်ဆိုင်ရာ ရုပ်အစဉ်၊ နာမ်အစဉ်တို့ အမျှင်မပြတ်ဘဲ ဆက်လက်တည်တန့်အောင် ဦးဆောင်မှုအခန်းကို ယူထားကြသော အာဟာရတရား ၄ ပါးရှိ၏။

ယင်း ၄ ပါးတို့သည် ဆောင်တတ်သော အကြောင်းတရား အာဟာရပစ္စယ၊ ယင်းတို့က ဆောင်အပ်သောတရားတို့ကား အကျိုးတရား အာဟာရပစ္စယုပ္ပန္န၊ ယင်းတို့၌ရှိသောသတ္တိတို့ကား ကြောင်းရှိစွမ်းရည် အာဟာရပစ္စယသတ္တိ။ ဤသို့မှတ်သားအပ်၏။

## ၁၆။ ဣန္ဒြိယပစ္စယသတ္တိ = အစိုးရခြင်းဟူသော ကြောင်းရှိစွမ်းရည်

"ဣန္ဒတီတိ ဣန္ဒြိယံ=အကြင်သဘောတရားသည် အစိုးရတတ်၏။ ထို့ကြောင့် ထိုသဘောတရားသည် ဣန္ဒြိယမည်၏" ဤဝစနတ္ထအရ 'ဣန္ဒြိယ' ဟူသည်မှာ 'အစိုးရခြင်း'ဟူ၏။ 'အစိုးရခြင်း' ဟူသည်မှာ 'မိမိအလိုဆန္ဒအတိုင်း လွှမ်းမိုးချယ်လှယ်နိုင်စွမ်း ရှိခြင်း' ပင် ဖြစ်၏၊ မှန်၏။ မျက်မြင်လောကရှိ နိုင်ငံအသီးသီးတွင် အစိုးရအသီးသီး ရှိကြ၏။ ထိုအစိုးရတို့သည် မိမိတို့သက်ဆိုင်ရာ နိုင်ငံ(မိမိတို့လက်အောက်ရှိ တိုင်းသူပြည်သား)ကို မိမိတို့အလိုကျ ချယ်လှယ်နိုင်စွမ်း ရှိကြ၏။ လွှမ်းမိုးနိုင်စွမ်း ရှိကြ၏၊ ထိုသို့ ချယ်လှယ်နိုင်စွမ်းရှိသူ လူတန်းစ းတရပ်(လူအဖွဲ့အစည်းတခု)ကို 'အစိုးရ' ဟူ၍ သတ်မှတ်ထားကြ၏။ ထို့အတူ မိမိတို့နှင့်

သက်ဆိုင်ရာပြဒါယ်ကိစ္စများ၊ သက်ဆိုင်ရာ တကွဖြစ်ဘက်များကို ချယ်လှယ်နိုင်စွမ်းရှိကြသည့် ပရမတ္ထသဘာဝဓမ္မများကို 'ဣန္ဒြိယ= အစိုးရ'ဟု ခေါ်ဆိုအပ်၏။ ထိုဣန္ဒြိယသည် သဟဇာတိန္ဒြိယ၊ ပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယဟူ၍ ၃ မျိုးရှိ၏။ ထိုတွင်

၁။ သဟဇာတိန္ဒြိယ=သဟဇာတ+ဣန္ဒြိယ = အတူတကွဖြစ်ခြင်း+အစိုးရခြင်း။ ဤအင်္ဂါ ၂ ရပ်နှင့် ပြည့်စုံသောတရားတို့ကို 'သဟဇာတိန္ဒြိယ'ဟု ခေါ်၏။ ၎င်းတို့ကား နာမ်ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာ ဟူသော နာမ်တရား ၈ ခုတို့ပင် ဖြစ်၏။ ထို ၈ ခုတွင် စိတ်တခုနှင့် စေတသိက် ၇ ခု ပါဝင်၏။ ဤ ၈ ခုတို့သည်သာ မိမိတို့၏ ကျေးဇူးပြုခြင်းကို ခံကြရသော ရုပ်သဘာဝ နာမ်သဘာဝတို့နှင့် အတူတကွ ဖြစ်ခြင်း၊ ယင်းတို့ကို အစိုးရခြင်းဟူသော အင်္ဂါ ၂ ရပ်နှင့် ပြည့်စုံသောကြောင့် 'သဟဇာတိန္ဒြိယ'ဟု ဆိုအပ်၏။

၂။ ပုရေဇာတိန္ဒြိယ=ပုရေဇာတ+ဣန္ဒြိယ=ရှေဦးစွာ ဖြစ်နှင့်ခြင်း+အစိုးရခြင်း။ ဤအင်္ဂါ ၂ ရပ်နှင့်ပြည့်စုံသော တရားတို့ကို 'ပုရေဇာတိန္ဒြိယ'ဟု ခေါ်၏။ ၎င်းတို့ကား စက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှာပသာဒ၊ ကာယပသာဒ ဟူသော ရုပ်ဝတ္ထု ၅ ခုတို့ပင် ဖြစ်၏။ ဤရုပ်ဝတ္ထု ၅ ခုတို့သည်သာ မိမိတို့၏ ကျေးဇူးပြုခြင်းကို ခံယူမည့်တရားတို့ ဖြစ်မလာမီ ဖြစ်နှင့်ခြင်း၊ ယင်းတို့ကို အစိုးရခြင်း ဟူသော အင်္ဂါ ၂ ရပ်နှင့် ပြည့်စုံကြသောကြောင့် 'ပုရေဇာတိန္ဒြိယ'ဟု ဆိုအပ်၏။

၃။ ရူပဇီဝိတိန္ဒြိယ = ရူပဇီဝိတ+ဣန္ဒြိယ = ရုပ်တို့၏အသက်ဖြစ်ခြင်း+အစိုးရခြင်း။ ဤအင်္ဂါ ၂ ရပ်နှင့် ပြည့်စုံသောတရားကို 'ရူပဇီဝိတိန္ဒြိယ'ဟု ခေါ်၏။ ၎င်းကား ဇီဝိတရုပ်ပင် ဖြစ်၏။

ရုပ် ၂၀ ခုပင်ရှိသော်လည်း အထက်ပါ အင်္ဂါ ၂ ရုပ်နှင့် ပြည့်စုံသောရုပ်ကား ဇီဝိတရုပ်ပင် ဖြစ်၏။ ထို့ကြောင့် ထိုရုပ်ကို 'ရူပဇီဝိတိန္ဒြိယ'ဟု ဆိုအပ်၏။

ယင်းသို့လျှင် အထက်ပါ နာမ်တရား ၈ ခု၊ ရုပ်တရား ၆ ခုတို့သည် အကြောင်း ဣန္ဒြိယပစ္စယဓမ္မ။ ၎င်းတို့၏ကျေးဇူးပြုမှုကို ခံယူကြသော တရားတို့ကား အကျိုး ဣန္ဒြိယပစ္စယုပ္ပန္နဓမ္မ။ ယင်းတို့၌ရှိသော သတ္တိကား ကြောင်းရှိစွမ်းရည် ဣန္ဒြိယပစ္စယသတ္တိ။ ယင်းသို့ မှတ်သားအပ်၏။

၁၇။ ဈာနပစ္စယသတ္တိ = လောင်ကျွမ်းစေခြင်း ဟူသော ကြောင်းရှိစွမ်းရည်

"ပစ္စနီကဓမ္မေ ဈာပေတီတိ ဈာနံ = အကြင်သဘောတရားသည် ဆန့်ကျင်ဘက်တရားတို့ကို လောင်ကျွမ်းစေတတ်၏။ ထို့ကြောင့် ထိုသဘောတရားသည် ဈာနမည်၏" ဤ၀စနတ္ထအရ 'ဈာန' ဟူသည်မှာ 'ဆန့်ကျင်ဘက် အဆိုးအတား အနှောင့်အယှက် (နီဝရဏတရား)များကို လောင်ကျွမ်းစေတတ်(လောင်မြိုက်စေတတ်၊ ဖျက်ဆီးတတ်) သောတရား' ဟူ၏။

လောင်ကျွမ်းစေတတ်သော ဈာနတရားတို့ကား ကြံစည်မှု-ဝိတက်၊ သုံးသပ်မှု-ဝိစာရ၊ နှစ်သက်မှု-ပီတိ၊ ငြိမ်းချမ်းမှု-သုခ၊ တည်ကြည်မှု-ဧကဂ္ဂတာ တည်းဟူသော စေတသိက် ၅ ခုတို့ပင်တည်း။ ဆန့်ကျင်ဘက် နီဝရဏတို့ကား ထိုင်းမှိုင်းမှု- ထိနမိဒ္ဓ၊ သံသယဖြစ်မှု- ဝိစိကိစ္ဆာ၊ မနှစ်သက်မှု- ဗျာပါဒ၊ ပြန့်လွင့်မှု၊ ပူပန်မှု-ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၊ ကာမဂုဏ်လိုလားမှု - ကာမစ္ဆန္ဒတည်းဟူသော စေတသိက် ၇ ခုတို့ပင် ဖြစ်ကြ၏။

ချုပ်ဦးအံ့။

၁။ ကြံစည်မှု - ဝိတက်သည် ထိုင်းမှိုင်းမှု ထိနမိဒ္ဓကို လောင်ကျွမ်းစေ၏။ ဝါ၊ ပတ်သက်၏။ မှန်၏။ ဝိတက်၏ သဘာဝ သည် အာရုံနှင့် စိတ်တို့ထိတွေ့လျက် ထိတွေ့လျက်ရှိ၏။ အာရုံဆီသို့ စိတ်ကသွား၍ သွား၍ ရောက်နေ၏။ ဝိတက်အားကြီးလာလျှင် စိတ်သည် တနေရာမှ တနေရာသို့ ရောက်၍ ရောက်၍ သွားနေ၏။ သိစရာတွေက တခုပြီးတခု (အလိုအလျောက် အလိုလို) ပေါ်၍ ပေါ်၍ လာကြ၏။ တက်ကြွသောစိတ်(ဇောစိတ်)တို့သာဆက်ကာ ဆက်ကာ ဖြစ်နေ၏။ မတက်ကြွသော (ဘဝင်စိတ်)တို့ ဖြစ်ခွင့် မရနိုင်အောင် ရှိနေတတ်၏။ ထို့ကြောင့် အိပ်မပျော်နိုင်ဘဲ ရှိတတ်၏။ ဤသည်မှာ ဝိတက်၏ သဘာဝပင် ဖြစ်၏။ထိနမိဒ္ဓတို့၏ သဘာဝများကား ဝိတက်နှင့် ပြောင်းပြန်ဆန့်ကျင်၏။ မှန်၏။ ထိနမိဒ္ဓဖြစ်လာလျှင် ထိုင်းမှိုင်းလာ၏။ အိပ်ချင်မူးတူး ဖြစ်လာ၏။ ယင်းသို့စသည်ဖြင့် ဝိတက်၏ သဘာဝနှင့် ကောင်းကောင်းကြီး ဆန့်ကျင်၏။

ယင်္သသို့လျှင် ကြံစည်မှုဝိတက်သည် ထိုင်းမှိုင်းမှု ထိနမိဒ္ဓ နီဝရဏကို ဆန့်ကျင်၏။ လောင်ကျွမ်းစေ၏၊ ထို့ကြောင့် 'ဈာန=ဈာန်=လောင်ကျွမ်းစေတတ်သောတရား'ဟု ခေါ်ရ၏။

၂။ သုံးသပ်မှု- ဝိစာရသည် သံသယဖြစ်မှု ဝိစိကိစ္ဆာကို လောင်ကျွမ်းစေတတ်၏။ ပတ်သက်တတ်၏။ မှန်၏။ ဝိတက် ကြောင့် ရလာသော အာရုံဘခုခု (=သဘာဝမွေ့ဘရပ်ရပ်)ကို လက်လွှတ်မခံဘဲ တရစ်ဝဲဝဲ ထပ်တလဲလဲ ဝေဘန်သုံးသပ်နေခြင်း သည် ဝိစာရ၏ သဘာဝပင်ဖြစ်၏။ ပါဠိဘာသာအားဖြင့် 'ဝိစာရ'ကို မြန်မာဘာသာအားဖြင့် 'သုံးသပ်မှု'ဟု ခေါ်၏။

သုံးသပ်မှုအဆုံးတွင် 'ဆုံးဖြတ်မှု- အဓိမောက္ခ'သည် ပေါ်လာရ စမြဲတည်း။ ဆုံးဖြတ်မှုပေါ်လာလျှင် သံသယဖြစ်မှု (ယုံမှားမှု ဝိစိကိစ္ဆာ)ပျောက်သွားရမည်မှာ သဘာဝ ဥပဒေသပင် ဖြစ်၏။ သို့ဖြစ်၍ အတိအကျအားဖြင့် ဆိုသော် အဓိမောက္ခသည်သာ ဝိစိကိစ္ဆာကိုပယ်၏။ သို့သော် ဆုံးဖြတ်မှု ပေါ်လာရသည်မှာ သုံးသပ်မှုရှိသောကြောင့်ပင်။ သုံးသပ်မှုမရှိလျှင် ဆုံးဖြတ်မှု မရှိနိုင်ပေ။ သုံးသပ်မှုသည် အကြောင်းတရား၊ ဆုံးဖြတ်မှုသည် အကျိုး တရား၊ အကျိုး၏ကိစ္စကို အကြောင်း၌ တင်စား၍ ကာရဏူပ စာအားဖြင့် 'သုံးသပ်မှု ဝိစာရက သံသယဖြစ်မှု ဝိစိကိစ္ဆာကို ပယ်၏'ဟူ၍ ဆိုထား၏။ ယင်းသို့လျှင် ဝိစာရသည် ဝိစိကိစ္ဆာကို ဆန့်ကျင်၏။ လောင်ကျွမ်းစေ၏။ ထို့ကြောင့် ဝိစာရကို 'ဈာန'ဟု ခေါ်အပ်၏။

[ဤရှင်းသင်း တင်ပြချက် အဓိပ္ပာယ်သည် စာရေးသူ၏ သဘောပေါက်ထားချက် ဖြစ်၏။ ဆရာတော် အရှင်ဇနကာ ဘိဝံသ၏ အယူအဆနှင့် စဉ်းငယ်ကွဲလွဲ၏။ ဆရာတော်၏ အယူ အဆကို သိလိုကြပါမူ 'သင်္ဂြိုဟ်ဘာသာဋီကာ' စာမျက်နှာ ၆၂ တွင် ရှုတော်မူကြပါလေ။]

၃။ နှစ်သက်မှု-ပီတိသည် မနှစ်သက်မှု- ဗျာပါဒကိုပယ်၏။ မှန်၏။ ပီတိသည် ဝိတက်က ကြံစည်ပြီး ဝိစာရက ဆုံးဖြတ်ထား သော အာရုံကို (ဝိစာရ၏ ဆုံးဖြတ်ချက်ကို) နှစ်သက်နေ၏။ မြတ်နိုးနေ၏။ ယင်းသို့လျှင် ပီတိက အာရုံကို မြတ်နိုး နှစ်သက် နေရကား အာရုံကို မနှစ်သက်မှု- (မမြတ်နိုးမှု၊ ရှုံ့မုန်းမှု၊ စက်ဆုပ်မှု) ဗျာပါဒသည် အလိုအလျောက် ပျောက်ကွယ်သွားရ တော့၏။ ဤသည်ကိုပင်လျှင် 'ပီတိက ဗျာပါဒကို လောင်ကျွမ်း

စေ၏။ ပယ်၏’ ဟူ၍ ဆိုရ၏။ ထို့ကြောင့် ပီတိကို ‘ဈာန’ဟု ဆိုအပ်၏။

၄။ ငြိမ်းချမ်းမှု-သုခသည် ပြန့်လွင့်မှု- ဥဒ္ဓစ္စ၊ ပူပန်မှု- ကုက္ကုစ္စကိုပယ်၏။ မှန်၏။ သုခသည် ဝေဒနာဖြစ်သည့် အားလျော်စွာ ပီတိကနှစ်နှစ်သက်သက် လက်ခံထားသော အာရုံ၏ အရသာကို ခံစားလျက်ရှိ၏။ ဤသို့ခံစားရာတွင် ငြိမ်းအေးမှု၊ ချမ်းမြေ့မှု ဟူသော သဘာဝတို့ပါရှိနေကြ၏။ သို့ဖြစ်၍ သုခဖြစ်လာလျှင် ငြိမ်သက်အေးချမ်းမှု ရှိလာသည် ဖြစ်ရကား ပြန့်လွင့်မှု-ဥဒ္ဓစ္စ၊ ပူပန်မှု-ကုက္ကုစ္စဟူသော သဘာဝများသည် အလိုအလျောက်ပင် ကွယ်ပျောက်သွားကြ၏။ ယင်းသို့လျှင် သုခသည် ဥဒ္ဓစ္စနှင့် ကုက္ကုစ္စတို့ကို လောင်ကျွမ်းစေတတ် ပယ်သတ်တတ်သောကြောင့် ‘ဈာန’ဟူသော အမည်ရ၏။

၅။ တည်ငြိမ်မှု- ဧကဂ္ဂတာသည် ကာမဂုဏ်လိုလားမှု၊ ကာမစ္ဆန္ဒကိုပယ်၏။ မှန်၏။ သုခ၏ ငြိမ်းချမ်းမှုသည် ရင့်ကျက်လာလျှင် (အရည်အသွေးပြည့်ဝလာသော်) ထိုငြိမ်းချမ်းမှု အခြေအနေမှုသည်‘တည်ငြိမ်မှု ဧကဂ္ဂတာ’၏ အဆင့်သို့ ရောက်လာ၏။ သမာဓိရလာ၏။ ယင်းသို့ တည်ငြိမ်လာသည်နှင့် အမျှ (မတည်ကြည်မှု၊ ကလိန်းကလက်နိုင်မှု၊ လော်လီဖောက်ပြားမှု၊ ကာမဂုဏ်လိုလားမှု=) ကာမစ္ဆန္ဒသည်လည်း ကွယ်ပျောက်သွားရမည်မှာ သဘာဝ ဥပဒေသပင်ဖြစ်၏။ထိုသို့လျှင် ကာမစ္ဆန္ဒကိုလောင်ကျွမ်း ဖျက်ဆီးတတ်သောကြောင့် ဧကဂ္ဂတာကို ‘ဈာန’ဟု ခေါ်ဆိုရ၏။

ယင်းသို့လျှင် မိမိတို့ သက်ဆိုင်ရာ နီဝရဏတရား၊ အနှောင့်အယှက်များကို ဆန့်ကျင် လောင်ကျွမ်း၊ ဖျက်ဆီးနိုင်စွမ်း ရှိကြသောကြောင့် ဝိတက်စသော စေတသိက် ၅ ခုတို့သာ ‘ဈာန’

ဟူသော အမည်ရကြ၏။ မိမိတို့၏ ဘက်တော်သား ဖြစ်ဖော် ဖြစ်ဘက်များကို မိမိတို့နည်းတူပင် နိဝရဏတို့ကို ဆန့်ကျင်လာအောင် ကျေးဇူးပြုတတ်သောကြောင့် အကြောင်းတရား ဗျာနပစ္စယမည်၊ ကျေးဇူးအပြုခံရသော တကူဖြစ်ဘက်တို့ကား အကျိုးတရား ဗျာနပစ္စယုပ္ပန္နမည်။ ထိုဝိတက် စသည်တို့၌ ရှိသော ဆန့်ကျင်နိုင်စွမ်းသတ္တိကား ကြောင်းရှိစွမ်းရည် ဗျာနပစ္စယသတ္တိ၊ ယင်းသို့ မှတ်သားအပ်၏။

[ဤတွင် ဝိတက်နှင့်ဝိစာရ၊ ပီတိနှင့် သုခတို့၏ ကွဲလွဲသယောင်နှင့် တူညီသည်ဟု ထင်ရသော အဓိပ္ပာယ်များကို မရေးတော့ပါပြီ။ သိလိုကြပါမူ သင်္ဂြိုဟ်လိုက်စားသူများကို မေးမြန်းကြည့်သော် အလွယ်တကူနှင့် သိနိုင်ကြပါလိမ့်မည်။ တခါ ဤဗျာနပစ္စယသတ္တိ အတွက် ဆိုပြသော ဝစနတ္ထ ၂ မျိုးရှိသည့်အနက်က လူများစု နားလည်နိုင်သည့် ဝိဂြိုဟ်ကိုသာ ဖော်ပြပြီး ဆွေးနွေးတင်ပြလိုက်ပါသည်။]

၁၈။ မဂ္ဂပစ္စယသတ္တိ = လမ်းကြောင်းဟူသော ကြောင်းရှိစွမ်းရည်

"ယတောတတော ဝါ နိယျာနဋ္ဌေန ဥပကာရကာနိ ကုသလာဒိဘာဝါနိ ဒွါဒသမဂ္ဂင်္ဂါနိ မဂ္ဂပစ္စယော= ထိုထိုဤဤမှ ထုတ်ဆောင်တတ်သော အနက်သဘောဖြင့် ကျေးဇူးပြုကြသော ကောင်းမှု ကုသိုလ်စသည်ဖြင့် ကွဲပြားကြသည့် ၁၂ ပါးသော မဂ္ဂတို့သည် မဂ္ဂပစ္စည်းမည်၏"

ဤပဋ္ဌာန်း အဋ္ဌကထာ၏ ပြဆိုချက်အရ 'မဂ္ဂ' ဟူသည်မှာ 'လမ်းကြောင်းလမ်းစဉ်'ဟူ၏။ ချုံ့ဦးအံ့။ 'လမ်းကြောင်းလမ်းစဉ်'

ဟူသည်မှာ တဦးတယောက်သောသူကို လက်ရှိရပ်တည်ရာဌာန၊ ရပ်တည်ရာခြေအနေမှ တခုခုသောအရပ်ဒေသ၊ တခုခုသော အခြေအနေသို့ ပို့ဆောင်တတ်သော သဘာဝရှိ၏။ ထို့အတူ မကောင်းသော အခြေအနေမှ ကောင်းသော အခြေအနေသို့ ပို့ဆောင်တတ်သော လမ်းစဉ်သည် 'သမ္မာမဂ္ဂ=အမှန်လမ်းစဉ်' ဖြစ်၏။ ယင်းသို့ပို့ဆောင်တတ်သည့်သဘာဝရှိသောတရားတို့ကား ပညာ=အထူးထူး အပြားပြား သိရှိနားလည်မှု၊ ဝိတက်= (ကောင်းသော) ကြံစည်မှု၊ သမ္မာဝါစာ=ကောင်းသော စကားကို ပြောဆိုမှု၊ သမ္မာကမ္မန္တ=ကောင်းသောအမှုကို ပြုမှု၊ သမ္မာအာဇီဝ=ကောင်းသောအသက်ဝမ်းကျောင်းမှု၊ ဝိရိယ=(ကောင်းသော) ကြိုးပမ်းမှု၊ သတိ=အမှတ်ရမှု၊ သမာဓိ=(ကောင်းသော) တည်ကြည်မှု၊ ဤစေတသိက် ၈ ခုတို့ပင်ဖြစ်ကြ၏။ ဤစေတသိက်တို့၏သဘာဝမှာ အကောင်းသို့သာ ပို့ဆောင်တတ်ခြင်း သဘောရှိသည်ကို ရှင်းပြဘွယ် မလိုလောက်အောင် ထင်ရှားလှပါသည်။

ကောင်းသော အခြေအနေမှ ထုတ်ဖယ်၍ မကောင်းသော အခြေအနေသို့ ပို့ဆောင်တတ်သော လမ်းစဉ်သည် 'မိစ္ဆာမဂ္ဂ=အမှားလမ်းစဉ်' ဖြစ်၏။ ယင်းသို့ ပို့ဆောင်နိုင်စွမ်း ရှိကြသော တရားတို့ကား ဒိဋ္ဌိ=အယူအဆ မှားယွင်းဖောက်ပြန်မှု၊ ဝိတက်=(မကောင်းသော)ကြံစည်မှု၊ဝိရိယ=(မကောင်းသော)ကြိုးပမ်းမှု၊ သမာဓိ= (မကောင်းသော) တည်ကြည်မှု၊ ဤစေတသိက် ၄ ခု တို့ပင်ဖြစ်၏။ ဤစေတသိက်တို့၏ သဘာဝမှာလည်း မကောင်းရာသို့သာ ပို့ဆောင်မည်မှာ လူတိုင်းပင် နားလည်ကြပါသည်။

ယင်းသို့လျှင် တခုခုသော အခြေအနေမှ ထုတ်ဆောင်၍ တခုခုသော အခြေအနေသို့ ပို့ဆောင်တတ်သော သဘောတရား

၁၂ ခု [တူရာပေါင်းသော် ၉ ခု] တို့သည် အကြောင်းတရား မဂ္ဂပစ္စယ။ ထုတ်ဆောင်ခြင်း ခံကြရသော တက္ကဖြစ်ဘက် သဟဇာတ်တရားတို့ကား အကျိုးတရား မဂ္ဂပစ္စယုပ္ပန္န။ ထိုသဘောတရား ၁၂ ခုရှိ ထုတ်ဆောင်နိုင်စွမ်း သတ္တိကား ကြောင်းရှိစွမ်းရည် မဂ္ဂပစ္စယ သတ္တိဟူ၍ မှတ်သားအပ်၏။

၁၉။ သမ္ပယုတ္တပစ္စယသတ္တိ = အညီအညွတ်ယှဉ်တတ်သည့်တရားတည်းဟူသော ကြောင်းရှိစွမ်းရည်

"သမံ ပကာရေန ယုဇ္ဇတီတိ သမ္ပယုတ္တော=အကြင်သဘာဝဓမ္မသည် အညီအညွတ် အပြားအားဖြင့် ယှဉ်တတ်၏။ ထို့ကြောင့် ထိုသဘာဝဓမ္မသည် သမ္ပယုတ္တမည်၏" ဤဝစနတ္ထအရ 'သမ္ပယုတ္တ' ဟူသည်မှာ 'အညီအညွတ် အပြားအားဖြင့် ယှဉ်တတ်သောတရား' ဟူ၏။

ချဲ့ဦးအံ့။ 'ယှဉ်၏' ဟူသော စကားမှာ 'အတူတကွ ဖြစ်၏။ ပူးတွဲနေ၏' ဟူသော စကားတို့၏ အဓိပ္ပာယ်များနှင့် များစွာ မကွဲပြားလှ။ တူသယောင်ယောင် ရှိသည်ဟု ထင်ရ၏။ သို့သော် အတူတကွဖြစ်ရုံမျှဖြင့် ယှဉ်၏ဟူ၍ မဆိုနိုင်။ ထို့ကြောင့်ပင်လျှင် ရုပ်တရားနှင့် နာမ်တရားသည် အတူတကွဖြစ်ကြပေမင့် ယှဉ်၏ ဟူ၍မဆိုရ။ 'ယှဉ်၏' ဟူ၍ ဆိုနိုင်ဘို့ရန်အတွက် ကိုက်ညီရမည့် အချက်အလက်အင်္ဂါရပ်တို့မှာ အတူတကွ ဖြစ်ခြင်း=ဧကုပ္ပာဒ၊ အတူတကွချုပ်ပျက်ခြင်း= ဧကနိရောဓ၊ တတူတကွအာရုံပြုခြင်း= ဧကာလမ္ဗဏ၊ အတူတကွမှီခြင်း= ဧကဝတ္ထုက ဟူသော အင်္ဂါရပ် ၄ ခုတို့ပင် ဖြစ်ကြ၏။ ဤအင်္ဂါရပ် ၄ ချက်နှင့် ညီညွတ်သော တရားတို့ကား နာမ်တရားများ ဖြစ်ကြသည့်စိတ်နှင့် စေတသိက်

တို့ပင် ဖြစ်ကြ၏။ ထို့ကြောင့် စိတ်နှင့် စေတသိက်တို့သည် သမ္ပယုတ္တ ဖြစ်ကြ၏။ စိတ်နှင့်စေတသိက်မှန်သမျှတို့၌ 'သမ္ပယုတ္တ သတ္တိ'ရှိကြ၏။

စိတ်နှင့် ရုပ်တို့သည် သမ္ပယုတ္တ မဖြစ်ကြ။ မှန်၏။ အချို့ ရုပ်များသည် စိတ်နှင့်အတူတကွ ဖြစ်လာကြ၏။ သို့သော်အတူ တကွချုပ်ပျက်သွားခြင်းကား မရှိကြ။ စိတ်က ပဌမဦးစွာ ချုပ် ပျက်၏။ နောက်မှ ရုပ်တို့က ချုပ်ပျက်ကြ၏။ သို့ဖြစ်၍ 'အတူ တကွ ချုပ်ပျက်ခြင်း'ဟူသော ဒုတိယ အင်္ဂါရပ်စသည်တို့နှင့် မညီညွတ် တော့ပေ။ မညီညွတ်တော့ပြီ ဖြစ်သည့်အတွက် စိတ်နှင့်ရုပ်တို့သည် သမ္ပယုတ္တ မဖြစ်ကြပေ။ ဝိပ္ပယုတ္တ ဖြစ်နေကြ၏။

စိတ်နှင့် စေတသိက်ဟူသော နာမ်အချင်းချင်းသာ သမ္ပယုတ္တ ဖြစ်ကြ၏။ ထို့ကြောင့် နာမ်တရားတို့၌သာ 'သမ္ပယုတ္တသတ္တိ' ရှိကြ၏။ တခုသော နာမ်က တခုသော နာမ်အား 'သမ္ပယုတ္တ သတ္တိ' ဖြင့် ကျေးဇူးပြုကြ၏။

ယင်းသို့လျှင် ကျေးဇူးပြုကြသော နာမ်တရားတို့ကအကြောင်း သမ္ပယုတ္တပစ္စယ။ ကျေးဇူးအပြုခံကြရသော နာမ်တို့က အကျိုး သမ္ပယုတ္တ ပစ္စယုပ္ပန္န။ ကျေးဇူးပြုတတ်သော နာမ်တို့၌ရှိသော သတ္တိကား ကြောင်းရှိ စွမ်းရည် သမ္ပယုတ္တပစ္စယသတ္တိ ဟူ၍ မှတ်သားအပ်၏။

## ၂၀။ ဝိပ္ပယုတ္တပစ္စယသတ္တိ = မယှဉ်သောတရား တည်းဟူသော ကြောင်းရှိ စွမ်းရည်

'ဝိပ္ပယုတ္တ'ဟူသည်မှာ သမ္ပယုတ္တနှင့် ဆန့်ကျင်ဘက်တည်း။ မှန်၏။ သမ္ပယုတ္တဟူသည်မှာ ယှဉ်၏။ ဝိပ္ပယုတ္တ ဟူသည်မှာ မယှဉ်။

သမ္ပယုတ္တသတ္တိတွင် ပြဆိုခဲ့သော အင်္ဂါ ၄ရပ်နှင့် မညီညွတ်သော တရားမှန်သမျှ ဝိပ္ပယုတ်ဖြစ်ကြ၏။ ၎င်းတို့မှာ နာမ်တရားနှင့် ရုပ်တရားတို့တည်း။ ဝိပ္ပယုတ်သည် သဟဇာတ ဝိပ္ပယုတ္တ၊ ပစ္ဆာဇာတဝိပ္ပယုတ္တ၊ ပုရေဇာတ ဝိပ္ပယုတ္တ ဟူ၍ ၃ မျိုးရှိ၏။ ထိုတွင်

၁။ သဟဇာတဝိပ္ပယုတ္တ=သဟဇာတ+ဝိပ္ပယုတ္တ=အတူတကွ ဖြစ်ခြင်း+ (အဘူချုပ်ခြင်းစသော အင်္ဂါတို့နှင့် မညီညွတ်သော ကြောင့်) မယှဉ်ခြင်း။ ဤအင်္ဂါ ၂ ရပ်နှင့် ညီညွတ်သော တရား တို့ကား အချို့သော စိတ်တို့နှင့် စိတ္တဇရုပ်စသော ရုပ်တို့တည်း။ စိတ္တဇရုပ်ဟူသည်မှာ စိတ်ကြောင့်ဖြစ်သောရုပ်ပင်။ ပြယုဂ်၊ ဒေါသ ထွက်လာသည့် အခါ ပင်ကိုယ်ရုပ်သွင်မှ ထူးခြားလာသော ကိုယ်နေဟန်ထားနှင့် နီမြန်းလာသော မျက်နှာသွင်ပြင် စသည် တို့တည်း။

ဤတွင် ဒေါသစိတ်သည် အကြောင်းတရား သဟဇာတ ဝိပ္ပယုတ္တပစ္စယ၊ ဒေါသကြောင့် နီမြန်းလာသော မျက်နှာသွင်ပြင် စသည့် စိတ္တဇရုပ်သည် အကျိုးတရား သဟဇာတဝိပ္ပယုတ္တပစ္စ ယုပ္ပန္န၊ ဒေါသရှိသတ္တိကား ကြောင်းရှိစွမ်းရည် သဟဇာတ ဝိပ္ပယုတ္တပစ္စယသတ္တိဟူ၍ မှတ်သားအပ်၏။

၂။ ပစ္ဆာဇာတဝိပ္ပယုတ္တ = ပစ္ဆာဇာတ + ဝိပ္ပယုတ္တ=အကျိုး တရားဖြစ်ပြီးမှ ဖြစ်လာခြင်း+မယှဉ်ခြင်း။ ဤအင်္ဂါ ၂ ရပ်နှင့် ပြည့်စုံသောတရားတို့ကား ပစ္ဆာဇာတသတ္တိတွင် ပြဆိုခဲ့သော ပစ္ဆာဇာတသတ္တိ ရှိကြသည့် စက္ခုဝိညာဏ်စသော စိတ်တို့တည်း။ မှန်၏။ အကြင်စိတ်၌ ပစ္ဆာဇာတသတ္တိ ရှိအံ့။ ထိုစိတ်၌ ပစ္ဆာ ဇာတဝိပ္ပယုတ္တသတ္တိ ရှိသည်သာဟု မှတ်သားအပ်၏။

၃။ ပုရေဇာတဝိပ္ပယုတ္တ = ပုရေဇာတ + ဝိပ္ပယုတ္တ = အကျိုးတရားမဖြစ်မီ ဖြစ်နှင့်ခြင်း + မယှဉ်ခြင်း။ ဤအင်္ဂါ ၂ ရပ်နှင့် ညီညွတ်သောတရားတို့ကား ဝတ္ထုပုရေဇာတသတ္တိရှိသော စက္ခုဝတ္ထု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ ဟဒယဝတ္ထု တည်းဟူသော ဝတ္ထုရုပ် ၆ ခုတို့ပင်တည်း။ ထို့ကြောင့် ထိုဝတ္ထုရုပ်တို့၌ ဝတ္ထုပုရေဇာတနိဿယသတ္တိ၊ ဝတ္ထုပုရေဇာတသတ္တိ၊ ဝတ္ထုပုရေဇာတဝိပ္ပယုတ္တသတ္တိ ဟူသော ပစ္စယသတ္တိ ၃ မျိုးရှိနိုင်ပြီ ဖြစ်ကြောင်းကို (ယခုအထိ ရှင်းပြလာသော အဓိပ္ပာယ်တို့ဖြင့်) သိရှိနိုင်ကြပါသည်။

၂၁။ အတ္ထိပစ္စယသတ္တိ = ထင်ရှားရှိသောတရားတည်းဟူသော ကြောင်းရှိစွမ်းရည်

'အတ္ထိ' ဟူသည်မှာ 'မိမိက ထင်ရှားရှိနေသည်ဖြစ်၍ မိမိနည်းတူ ထင်ရှားရှိသော တရားအား ကျေးဇူးပြုတတ်သောတရား' ဟူ၏။ ထိုအတ္ထိပစ္စယသတ္တိသည် ၅ မျိုးရှိ၏။ ထိုတွင်

၁။ သဟဇာတတ္ထိ=သဟဇာတ+အတ္ထိ= အတူတကွ ဖြစ်လာခြင်း+ထင်ရှားရှိခြင်း။ ဤအင်္ဂါတို့နှင့် ညီညွတ်သောတရားတို့ကား သဟဇာတသတ္တိရှိသော တရားတို့ပင် ဖြစ်၏။ ထို့ကြောင့် စိတ် စေတသိက်အားလုံးနှင့် ပထဝီ စသော ဓာတ်ကြီး ၄ ခုတို့၌ သဟဇာတသတ္တိ၊ သဟဇာတတ္ထိသတ္တိ ဟူသော သတ္တိ ၂ ခု အနဲဆုံးရှိနိုင်သည်ကို သိနိုင်ပါသည်။

၂။ ပုရေဇာတတ္ထိ= ပုရေဇာတ+အတ္ထိ=ပစ္စယုပ္ပန်တို့ မဖြစ်မီ ဖြစ်နှင့်ခြင်း+ထင်ရှားရှိခြင်း။ ဤအင်္ဂါ ၂ ချက်နှင့် ညီညွတ်သောတရားတို့ကား ရုပ်ရုံစသော အာရုံ ၆ ပါးနှင့် စက္ခုဝတ္ထု စသော ရုပ်ဝတ္ထု ၆ ခုတို့ပင်ဖြစ်၏။

ထို့ကြောင့် အာရုံ ၆ ပါးတို့၌ အာရမ္မဏသတ္တိ၊ ပုရေဇာတ သတ္တိ၊ ပုရေဇာတတ္ထိ ဟူသော သတ္တိ ၃ ခုစီ ရှိကြ၏။

ဝတ္ထုရုပ် ၆ ခုတို့၌ ဝတ္ထုပုရေဇာတနိဿယ၊ ဝတ္ထုပုရေ ဇာတ၊ ဝတ္ထုပုရေဇာတဝိပ္ပယုတ္တ၊ ပုရေဇာတတ္ထိ ဟူသော ပစ္စယ သတ္တိ ၄ ခုစီ ရှိကြ၏။ နောက်ပိုင်းက ရှင်းပြလာချက်များကို ပြန်လှန်လေ့လာသော် ယခုအတိုင်း တွေ့ရှိပါလိမ့်မည်။

၃။ ပစ္ဆာဇာတတ္ထိ= ပစ္ဆာဇာတ+အတ္ထိ= အကျိုးတရားဖြစ် ပြီးမှ ဖြစ်လာခြင်း+ထင်ရှားရှိခြင်း။ ဤအင်္ဂါ၂ချက်နှင့် ညီညွတ် သော တရားတို့ကား ပစ္ဆာဇာတပစ္စည်းထိုက်သမျှသော စိတ်တို့ ပင် ဖြစ်၏။ ထို့ကြောင့် ပစ္ဆာဇာတသတ္တိရှိသမျှ ပစ္ဆာဇာတတ္ထိ သတ္တိ ရှိနိုင်မည်သာ။

၄။ ရူပါဟာရတ္ထိ = ရူပါဟာရ + အတ္ထိ = ရုပ်အာဟာရ ဖြစ်ခြင်း + ထင်ရှားရှိခြင်း။ ဤအင်္ဂါ၂ချက်နှင့် ညီညွတ်သော တရားတို့ကား အာဟာရသတ္တိတွင် ပြခဲ့သော အာဟာရ ၄မျိုး အနက် အစားအစာ တည်းဟူသော ကဗဠီကာရာဟာရပင် တည်း။ ထို့ကြောင့် အစားအစာ၌ အာဟာရသတ္တိရှိသည့်နည်း တူ ရူပါဟာရသတ္တိလည်း ရှိ၏။

၅။ ရူပဇီဝိတိန္ဒြိယတ္ထိ = ရူပဇီဝိတိန္ဒြိယ+အတ္ထိ = ရုပ်ဇီဝိ တိန္ဒြေဖြစ်ခြင်း + ထင်ရှားရှိခြင်း။ ဤအင်္ဂါ ၂ ရပ်နှင့် ပြည့်စုံ သော တရားကား ဣန္ဒြိယသတ္တိ၌ ပြဆိုခဲ့သော ဇီဝိတရုပ်ပင်

ဖြစ်၏။ ထို့ကြောင့် ထိုဇီဝိတရုပ်၌ ရူပိန္ဒြိယသတ္တိနှင့် ရူပဇီဝိတိန္ဒြိယတ္ထိသတ္တိ ၂ခု ရှိ၏။

ပစ္စယ၊ ပစ္စယုပ္ပန္န၊ ပစ္စယသတ္တိခွဲပုံမှာ မခဲယဉ်းပါပြီ။ ခွဲစမ်းကြည့်ပါလေ။

## ၂၂။ အဝိဂတပစ္စယသတ္တိ=မကင်းသောတရား တည်းဟူသော ကြောင်းရှိစွမ်းရည်

'အဝိဂတ' ဟူသည်မှာ 'မကင်းမဲ့ခြင်း'ဟူ၏။ မကင်းမဲ့ခြင်း ဟူသည်မှာလည်း 'ရှိခြင်း=အတ္ထိ'၏ ပရိယာယ်စကားပင် ဖြစ်၏။ အတ္ထိသတ္တိရသေသမျှ အဝိဂတသတ္တိ ရ၏။ အတ္ထိ ၅ မျိုးရှိသည့်နည်းတူ အဝိဂတလည်း ၅ မျိုးရှိသည်ဟု မှတ်သားအပ်၏။ ထို့ကြောင့် အကြင်ပရမတ္ထဓမ္မ၌ အတ္ထိသတ္တိရှိအံ့။ ထိုပရမတ္ထဓမ္မ၌ အဝိဂတသတ္တိ ရှိသည်သာ။

ပြယုဂ်။ စိတ် စေတသိက်တို့နှင့် ခတ်ကြီးလေးပါးတို့၌ သဟဇာတသတ္တိ၊ သဟဇာတတ္ထိသတ္တိဟူသော သတ္တိ ၂ခုအပြင် သဟဇာတ အဝိဇာတသတ္တိကိုပါ ထည့်သော် ၃ပစ္စယ သတ္တိရှိ၏ ဟူ၍ မှတ်သားအပ်၏။

ထိုအတူ အတ္ထိသတ္တိရသမျှတို့၌ အဝိဂတသတ္တိပါ ထည့်သွင်းရေတွက်ရ၏။

၂၃။ နတ္ထိပစ္စယသတ္တိ = မရှိသောတရား တည်းဟူသော
ကြောင်းရှိစွမ်းရည်

"အတ္တနော အနန္တရ ဥပ္ပဇ္ဇမာနာနံ အရူပခမ္မာနံ ပဝတ္တိ ဩကာသဿ ဒါနေန ဥပကာရကာ သမနန္တရ နိရုဒ္ဓာ အရူပခမ္မာ နတ္ထိပစ္စယော= မိမိအခြားမဲ့တွင် ဖြစ်လာအံ့သော နာမ်တရားတို့အား ဖြစ်ခွင့်ပေးခြင်းဖြင့် ကျေးဇူးပြုကြလျက် အခြားမဲ့ပြုကာ ကောင်းစွာချုပ်ပျက် သွားကြသော နာမ်တရားတို့သည် နတ္ထိပစ္စည်းတည်း"

ဤ အဋ္ဌကထာ စကားအရ 'အကျိုးတရားတို့ ဖြစ်မလာမီ အကျိုးတရားတို့၏ ရှေ့နားကလေးတွင် ကပ်၍ ချုပ်ပျက်သွားကြသော နာမ်သဘာဝ ပရတ္ထခမ္မတို့သည် 'နတ္ထိ'ဖြစ်၏ ဟူ၍ မှတ်သားအပ်၏။

နတ္ထိဟူသော အကြောင်းတရားတို့သည် အကျိုးတရား ဖြစ်လာချိန်တွင် ထင်ရှားမရှိဘော့ပြီ။ ချုပ်ပျက်သွားကြပြီ ဖြစ်၏။ ထင်ရှားမရှိတော့ဘဲ ချုပ်ပျက်သွားကြသော အကြောင်းတရားတို့သည် မိမိတို့ ချုပ်ပျက်သည်နှင့်တပြိုင်နက် ဖြစ်လာအံ့သော အကျိုးတရားတို့အား ကျေးဇူးပြုခဲ့၏။ ဖြစ်ခွင့်ပေးခဲ့၏။ မိမိမချုပ်ပျက်သေးလျှင် အကျိုးတရားသည် ဖြစ်လာနိုင်ခွင့်မရ။ ချုပ်မှသာ ဖြစ်ခွင့်ရ၏။ သို့အတွက် အကြောင်းဖြစ်သော မိမိ၏ချုပ်ပျက်ခြင်းအားဖြင့် အကျိုးဘရားအား ဖြစ်ခွင့်ပေးခဲ့၏။ ကျေးဇူးပြုခဲ့၏။ ကျေးဇူးအပြုခံရသော အကျိုးတရား ဖြစ်လာချိန်တွင်

ကျေးဇူးပြုသော အကြောင်းတရားကား မရှိတော့ပြီ။ 'နတ္ထိ' ဖြစ်နေ၏။ နတ္ထိဖြစ်နေသော အကြောင်းရှိစွမ်းရည်သည် 'နတ္ထိပစ္စယသတ္တိ' ဖြစ်၏။

ဥပမာ၊ ငြိမ်းခဲ့ပြီးဖြစ်သောဆီမီးသည် ပေါ်လာသောအမှောင်ထုအား ကျေးဇူးပြုသကဲ့သို့ပင်။ အလားတူပင်လျှင် တချို့ကင့်ဆေးနည်းပုံ့ အပြီးတွင် အိန္ဒြိယဝန်ကြီးချုပ် လားလ်ဘဟာဒူးရှပ်စထရီ၏ ကွယ်လွန်သွားခြင်းသည် မစ္စက်အင်ဒီရာဂန္ဒီအတွက် ဝန်ကြီးချုပ်ဖြစ်လာရခြင်း၏ အကြောင်းရင်းတချက် ဖြစ်လာရသကဲ့သို့ပင်တည်း။ ထို့အတူ ဟောင်းခဲ့ပြီဖြစ်သော နာမ်တရားတို့၏ ချုပ်ပျက်သွားခြင်းသည် အသစ်ဖြစ်လာသော နာမ်သဘာဝ ပရမတ္ထတို့ ဖြစ်ပေါ်လာရခြင်း အကြောင်းရင်းတခု ဖြစ်၏။

ယင်းသို့လျှင် ချုပ်ပျက်သွားကြသော အဟောင်းနာမ်သဘာဝတို့သည် အကြောင်းတရား နတ္ထိပစ္စယဓမ္မ။ ဖြစ်လာသော နာမ်သဘာဝ အသစ်တို့ကား အကျိုးတရား နတ္ထိပစ္စယုပ္ပန္နဓမ္မ။ အဟောင်းနာမ်သဘာဝရှိ အသစ်ဖြစ်စေနိုင်စွမ်း သတ္တိကား ကြောင်းရှိစွမ်းရည် နတ္ထိပစ္စယသတ္တိဟူ၍ မှတ်သားအပ်၏။

၂၄။ ဝိဂတပစ္စယသတ္တိ = ကင်းမဲ့သော တရားတည်းဟူသော ၄ ကြောင်းရှိစွမ်းရည်

'ကင်းမဲ့ခြင်း ဝိဂတ' ဟူသည်မှာ 'မရှိခြင်း နတ္ထိ' ၏ စကားပရိယာယ်ပင် ဖြစ်၏။ ထို့ကြောင့် အကြင်ပရမတ္ထ နာမ်သဘာဝ၌

နတ္ထိ သတ္တိရှိအံ့။ ထိုသဘာဝ၌ ဝိဂတသတ္တိ ရှိသည်သာဟု မှတ်သားအပ်၏။

ဤတွင် အနန္တရနှင့် သမနန္တရတို့သည် ပရိယာယ် သဒ္ဒါတို့ မျှသာ ဖြစ်ကြသည့်နည်းတူ အဝိဂတသည် အတ္ထိ၏ ပရိယာယ်၊ ဝိဂတသည် နတ္ထိ၏ပရိယာယ် ဖြစ်၏။ အနန္တရနှင့် သမနန္တရ တို့သည် ပစ္စည်း ပစ္စယုပ္ပန်ချင်း တူကြ၏။ ထို့အတူ အတ္ထိနှင့် အဝိဂတ၊ နတ္ထိနှင့် ဝိဂတတို့၏ ပစ္စည်းပစ္စယုပ္ပန်ချင်း တူကြ၏။ တူသောကြောင့် ပစ္စယသတ္တိချင်းလည်း တူ၏ ဟူ၍သာ မှတ်သားအပ်၏။ မှတ်သားပါ၏။

မူလဋီကာကျမ်းပြုစသော ဆရာတော်တို့ကား 'ပစ္စယသတ္တိချင်း မတူတတ်ကြ။ နဲနဲကလေးတော့ ကွဲသေးတယ်'ဟု ယူဆတော်မူကာ(ကြံဖန်ကပ်သပ်ပြီး) ဖွင့်ပြတော်မူကြသေး၏။ ထိုမူလဋီကာ ဆရာတော်၏ အယူအဆကို 'သံုးချက်စု ဘာသာဋီကာ' ကျမ်းပြု ဆရာတော်က လက်ခံထားတော်မူ၏။

"ထိုအယူအဆကို လက်ခံသင့်၍ ကြံသင့်သမျှ ဆက်လက် ကြံရမည်ဆိုလျှင် 'အနန္တရနှင့် သမနန္တရ မတူ'ဟု ကြံမိသော အရှင်ဓမ္မပါလ၏ အမှားမျိုးကို ကျူးလွန်မိမည်လား မသိ" ဟူ၍ ထင်မြင်မိကြောင်း (ရိုးသားစွာ)တင်ပြလိုပါသည်။

သို့ဖြစ်၍ 'ဤအတ္ထိ၊ အဝိဂတ၊ နတ္ထိ၊ ဝိဂတတို့သည် ဒေသနာ ဝိလာသ၊ ပုဂ္ဂလဇ္ဈာသယအားဖြင့် ဟောတော်မူသော ပရိယာယ်

သဒ္ဒါများပင် ဖြစ်ကြ၏''ဟူ၍ အဋ္ဌကထာ ဆရာတော်ကိုယ်တိုင် ပြဆိုတော်မူခဲ့၏။ ထိုပြဆိုချက်ကို 'ဋီကာကျော်' ကျမ်းပြု ဆရာတော်က သံသယပါသည့် 'ဝေဒိတဗ္ဗ''ဟူသော ကြိယာကို မသုံးဘဲ တထစ်ချ လက်ခံကာ 'ဒဋ္ဌဗ္ဗံ'ဟူသောကြိယာဖြင့် ရေးသား ထောက်ခံထားတော်မူ၏။

သို့ဖြစ်ပါသောကြောင့် ဤအရာတွင် အဋ္ဌကထာဆရာ၏ အယူ အဆကို ယုံကြည်လက်ခံခြင်းသည်သာလျှင် အမှားကင်းသော အယူအဆ ဖြစ်၏ဟူ၍ သိမှတ် နားလည်သင့်ပါသည်။ သိမှတ် နားလည်ထားပါသတည်း။

ဤမျှသော စကားစဉ်ဖြင့် ပစ္စယသတ္တိတို့၏ အဓိပ္ပာယ်ကား အောင်မြင်စွာ ပြီးဆုံးသွားပါပြီ။ ဤသည်တို့ကား စာရေးသူ သဘောပေါက်ထားသည့်အတိုင်း စာရှုသူ သူတော်သိတို့အား ပြန်လည် တင်ပြချက်များသာ ဖြစ်ပါသည်။ ယင်းသို့ တင်ပြ လိုသော စာရေးသူသည် (ဗလာစာအုပ်ဖြင့်) စာမျက်နှာ ၇၀ ကျော်မျှသာ ရှိသော ဤနောက်ဆက်တွဲကလေးကို တလတိတိ ရေးသားရပါသည်။ [အချောကူး မပါ။ အကြမ်းရေးသက်သက် မျှပင်] တလတိတိသော်မှ ရေးယူရသဖြင့် စာရေးသူ၏ ပင်ကိုယ် ပဋိဘာန်ဖြစ်သည့် အသိဉာဏ်ဖြင့် (ထင်တာတွေ လျှောက်ရေး ထားခြင်း) မဟုတ်ရပါ။ အဟုတ်အမှန်အားဖြင့်မူ ပဋ္ဌာန်း ပါဠိတော်၊ ပဋ္ဌာန်းအရကောက်၊ ပဋ္ဌာန်းအဋ္ဌကထာ၊ ဋီကာကျော်၊ သင်္ဂြိုဟ်ဘာသာဋီကာ၊ သုံးချက်စုဘာသာဋီကာတို့ကို အားကိုး တခု မှီငြမ်းကာ ပြုစုထားခြင်း ဖြစ်ပါသည်။ မှီငြမ်းခြင်း

မှတ်ကျောက်သဘွယ် ညှိနှိုင်းခြင်းသာ ဖြစ်ပါသည်။ 'ကူးချခြင်း'ကား မဟုတ်ပါပေ။ အကယ်၍သာ ကူးချရပါမူ ဤမျှသော စာမျက်နှာကို နှစ်ရက်အပြင် သုံးရက်ကူးရမည် မထင်ပါ။

ယခုတော့ဖြင့်မူ မှတ်ကျောက်ကိုကြည့်၍ မိမိသိမြင်လာရသည့် အဓိပ္ပာယ်၊ သဘောပေါက်ထားသည့် အချက်အလက်တို့ကို အလွယ်ကူဆုံး၊ အရှင်းဆုံး ဖြစ်အောင် ရေးသားတင်ပြလိုသဖြင့် ဤမျှသော အချိန်ပိုင်းအတွင်း ဥကျောက်ကို ခပ်ပြင်းပြင်း စေစားကာ မနေမနား ရေးသားခဲ့ပါသည်။ မှန်၏။ တနေ့လျှင် တခုမျှသော ပစ္စယသတ္တိ၏ အဓိပ္ပာယ်ကို အပြီးရေးနိုင်အောင် အတော်ကြီးကို ကြိုးစားယူရပါသည်။ အချို့ ပစ္စယသတ္တိတို့မှာ ၂ ရက်မှသည် ၃ ရက်အထိ ကြာမြင့်ခဲ့၏။ သည်အထိကြာမှ ပြီးလာရသည်ကို ပြန်ကြည့်ပြန်တော့လည်း 'ငါ့ဟာ ဟုတ်မှ ဟုတ်သေးရဲ့လား'ဟု ထင်ရလောက်အောင် ဘာကမှ ခက်ခက်ခဲခဲ မရှိသည်ကို တွေ့ရ၏။ အမှန်တော့လည်း စာရေးသူ၏ အသိဉာဏ်က နုံ့ညံ့၍သာ ဖြစ်တန်ရာ၏။ မည်သို့ပင်ဆိုစေ ယခုအခါတွင်ကား စာရေးသူ၏ဆန္ဒမှာ ပြည့်ဝသည်ဟု မဆိုသာပေမင့် အတော်အသင့် အားရစဖွယ် ပြီးမြောက်ခဲ့ရပါပြီ။

ပြီးမြောက်လာခဲ့သော ဤပစ္စယသတ္တိများ၏ အဓိပ္ပာယ်တို့ကို အလွယ်တကူ လေ့လာနိုင်ကြပါပြီ။ လေ့လာနိုင်သော အခွင့်အရေးတခုကို အလေးအနက်ပြုကာ လေ့လာသုံးသပ်စေချင်၏။ အဖန်ဖန်အထပ်ထပ်ပြုကာ ဆင်ခြင်ကြည့်စေချင်၏။ ယင်း

သို့သော အလေးအနက် သုံးသပ်မည်၊ အထပ်ထပ် ဆင်ခြင်ကြမည် ဆိုပါလျှင် အသင် စာရှုသူ သုတေသီသည်

“ဤစွမ်းရည်သတ္တိမည်သည် အမှန်တကယ်ပင် ရှိကြ၏။ ရှိကြသော စွမ်းရည်သတ္တိများကို လက်ရှိပြုထားသော၊ ပိုင်ဆိုင်ထားသော အကြောင်းတရား (=ပစ္စယဓမ္မ=ပဋိစ္စသမုပ္ပာဒ) တို့သည်လည်း အမှန်ပင် ရှိကြ၏။ ရှိကြသော အကြောင်းတရားတို့က လိုအပ်သော အရေအတွက် အချိုးအစားအတိုင်း အညီအညွတ် စုဝေးပေါင်းဆုံလာကြသော် (ပစ္စယသာမဂ္ဂီ ဖြစ်လာလျှင်) ယင်းအကြောင်းတရားတို့နှင့် လုံးဝ ခြားနားသော အကျိုးတရား (ပစ္စယုပ္ပန္နဓမ္မ=ပဋိစ္စသမုပ္ပန္န) တခုခုသည် မလွဲမသွေ ဖြစ်လာကြရ၏။

“ဥပမာ၊ ဤစာကို ကြည့်၍ အသိစိတ် စက္ခုဝိညာဏ်သည် ဖြစ်လာရ၏။ ဖြစ်လာရသော စက္ခုဝိညာဏ်ကို အကျိုးတရား (=ပစ္စယုပ္ပန္နဓမ္မ) အရာ၌ ထားရှိပါလျှင် မျက်စေ့အကြည်ဓာတ် ဟူသော စက္ခုပသာဒ၊ အလင်းရောင်ဟူသော အာလောက၊ စာရွက်စာလုံးဘည်းဟူသော ရူပါရုံ၊ အာရုံကပ် နှလုံးသွင်းမှု ဟူသော မနသိကာရဟုဆိုအပ်သည့် အကြောင်းတရား ( ပစ္စယဓမ္မ) များကို တွေ့ရ၏။

“ထိုအကြောင်းတရားတို့အနက် စက္ခုပသာဒဟူသောပစ္စယ၌ (ပစ္စယသတ္တိတို့၏ အဓိပ္ပာယ်များကို ဖွင့်ကြည့်လျှင်) ဝတ္ထုပုရေဇာတနိဿယ၊ ဝတ္ထုပုရေဇာတ၊ ဝတ္ထုပုရေဇာတိန္ဒြိယ၊ ဝတ္ထု

ပုရေဇာတဝိပ္ပယုတ္တာ၊ ဝတ္ထုပုရေဇာတတ္ထိ၊ ဝတ္ထုပုရေဇာတ အဝိဂတဟူသော ကြောင်းရှိစွမ်းရည် (ပစ္စယသတ္တိ) ၆ခု၊ အလင်း ရောင်နှင့် ရူပါရုံဟူသော ပစ္စယ ၂ ခုတို့၌ အာရမ္မဏ၊ အာရမ္မဏ ပုရေဇာတ၊ အာရမ္မဏပုရေဇာတတ္ထိ၊ အာရမ္မဏပုရေဇာတ အဝိဂတဟူသော ပစ္စယသတ္တိ ၄ ခုစီ၊ မနသိကာရ ဟူသော ပစ္စယ၌ အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ နတ္ထိ၊ ဝိဂတ ဟူသော ပစ္စယသတ္တိ ၅ ခု၊ ပေါင်း ပစ္စယသတ္တိ ၁၉ ခု။

"ယင်းသို့လျှင် စက္ခုဝိညာဏ်စိတ် တည်းဟူသော အကျိုး တရား ပစ္စယုပ္ပန္နဓမ္မ တခု၏ (တည်တန့်ရေးအတွက် မဆိုထား နှင့်ဦး)ဖြစ်လာရေးအတွက် သက်သက်သော်မှ ပစ္စယသတ္တိ ၁၉ခု၊ ထို ၁၉ ခုတို့ရှိကြသော ပစ္စယဓမ္မ ၄ ခုပါရှိကြရ၏။ ပါရှိကြသော အကြောင်းတရားပစ္စယဓမ္မများက အညီအညွတ်စုစည်းမိလာကာ ပစ္စယသာမဂ္ဂီဖြစ်လာသော်တမူ ယင်းပစ္စယဓမ္မတို့နှင့် လုံးဝမတူ တမူးခြားနားသည့် စက္ခုဝိညာဏ်စိတ် တည်းဟူသော အကျိုး တရား(ပစ္စယုပ္ပန္နဓမ္မ)တခုသည်(တစုံတခုသော တန်ခိုးအာဏာ၏ ခွင့်ပြုမှု ဟန့်တားမှုကိုမျှ ပမာဏမပြုဘဲ) မလွဲမသွေ ဖြစ်ပေါ်၍ လာတော့၏။ ဝါ၊ ဥပ္ပာဒ သဘာဝ၏ အဖြစ်သို့ရောက်လာ၏။ ရောက်လာပြီးနောက် တိုတောင်းလှစွာ တခဏတာ အတွင်းသာ တည်၏။ အမြဲမတည်။ ဝါ၊ အနိစ္စသဘာဝရှိကြ၏။ တခဏတာမျှ တည်ရှိကြပြီး ကုန်ခန်းသွားကြ၏။ ပျက်စီးသွားကြ၏။ ချုပ်ပျက် သွားကြ၏။ ဝါ၊ ခယသဘာဝ၊ ဝယသဘာဝ၊ နိရောဓသဘာဝ ရှိကြ၏"ဟူ၍ (အမှန်အကန်)သိမြင်လာပါလိမ့်မည်။

အမှန်အကန်အတိုင်း သိမြင်တော်မူခဲ့သော ဗုဒ္ဓကိုယ်တော်တိုင် "ရဟန်းတို့၊ သည့်ပြင်လည်း အကျိုးတရား ပဋိစ္စသမုပ္ပန္နများ ဟူသည် အဘယ်နည်း။ ရဟန်းတို့၊ ဇရာမရဏသည်....လ.... ရဟန်းတို့၊ [စက္ခုဝိညာဏ် စသော] ဝိညာဏ်သည် အမြဲမရှိ။ အကြောင်းတရားတို့က ပြုအပ်၏။ အကြောင်းကြောင့် ဖြစ်လာရသော အကျိုးဖြစ်၏။ ကုန်ခန်းတတ်သောသဘာဝ ရှိ၏။ ပျက်စီးတတ်သောသဘာဝ ရှိ၏။ တပ်မက်ခြင်းကင်းသည့်သဘာဝ ရှိ၏။ ချုပ်ငြိမ်းတတ်သည့်သဘာဝ ရှိ၏။....လ....ရဟန်းတို့၊ ဤသည်တို့ကို အကြောင်းကြောင့် ဖြစ်လာရသော အကျိုးတရား ပဋိစ္စသမုပ္ပန္နများဟူ၍ ဆိုအပ်ကုန်၏"ဟူ၍ မိန့်မြွက်တော်မူခဲ့သော အချက်ကို သံယုတ္တနိကာယ်၊ ပဉ္စမအုပ် စာမျက်နှာ ၂၆၄ ၌ တွေ့မြင်နိုင်၏။

တခါ

ဤမည်သော သဘောတရားသည် ဤမည်သော မိုးအောက်မြေပြင်မှာ လူသားဟူသော သတ္တဝါတမျိုးသည် အကြင်မျှလောက်သောကာလပတ်လုံး ရှိနေသည်ဖြစ်အံ့။ ထိုမျှလောက်သောကာလတိုင်တိုင် ဤသဘာဝတရားသည် အပြောင်းအလဲမရှိ၊ ပကတိပြည့်ဝသော အဆုံးသတ် မှန်ကန်ချက်တခုအနေဖြင့် ထာဝရတည်ရှိနေမည်သာ ဖြစ်ပါသည်။ ထာဝရ တည်ရှိနေမည့် ထိုသဘာဝတရား ပရမတ္ထဓမ္မများကို ဗုဒ္ဓဟူသော လူသားပညာရှိကဝိအမွန်တို့ မပွင့်ပေါ်သည့် အခါကာလတို့တွင် (ရှိမှန်းသော်မှ) သိနိုင်ကြမည်မဟုတ်ပါ။ ရှိမှန်းလည်းသိ၊ သိသည့်အတိုင်းလည်း ခံယူ၊ ခံယူသည့်အတိုင်းလည်း ထုတ်ဖော် ဖြန့်ချိရေး အတွက်

နည်းပရိယာယ်ကြွယ်ဝစွာဖြင့် ဟောကြားညွှန်ပြနိုင်မည့်ကဝိအမွန် ပညာဝန်တို့ကား လူသားပညာကျော် သူတော်စင် အဓိပတိဗုဒ္ဓ ဟူသော ဂုဏ်ထူးရှိသူတို့သာ ဖြစ်ကြပါသည်။

ဤဖြစ်ရပ်ကို ရည်ညွှန်းတော်မူခဲ့သော ဗုဒ္ဓ၏ နှုတ်တော်ထွက် သာမုက္ကံသိက ဒေသနာကို ဖော်ပြချင်ပါသည်။

"ရဟန်းတို့၊ သည့်ပြင်လည်း အကြောင်းတရား (=ပစ္စယဓမ္မ၊ ပဋိစ္စသမုပ္ပါဒ)ဟူသည် အဘယ်နည်း။ ရဟန်းတို့၊ ဇာတိကြောင့် [ဖြစ်လာသော] ဇရာမရဏသည်....ရဟန်းတို့၊ သင်္ခါရကြောင့် [ဖြစ်လာသောစက္ခုဝိညာဏ်စသည့်]ဝိညာဏ်သည် တထာဂတတို့ ပွင့်ပေါ်လာကြသည် ဖြစ်စေ၊ တထာဂတတို့ မပွင့်ပေါ်ကြသည် ဖြစ်စေ၊ ထိုဓာတ်သဘာဝ [သဘောတရား]သည် တည်ရှိနေသည်သာ။ အကြောင်းတရား၏ တည်ရှိသည့် အဖြစ်သည်၊ အကြောင်းတရား၏ နိယာမ အဖြစ်သည်၊ ဤအကျိုးတရားတို့၏ အကြောင်းတရားများသည် တည်ရှိနေကြသည်သာ။ ဤသည်ကို တထာဂတသည် ထူးမြတ်သော ဉာဏ်ဖြင့် ကိုယ်တိုင်ကိုယ်ကျသိ၏။ ထိုးထွင်းပြီးသိ၏။ ထူးမြတ်သော ဉာဏ်တော်ဖြင့် ကိုယ်တိုင်ကိုယ်ကျသိပြီး၍ ထိုးထိုးထွင်းထွင်း သိပြီး၍ [အကျဉ်းချုပ်] ညွှန်ပြ၏။ [တွေ့သိကြောင်း ကျေညာ၏။] [အကျဉ်းချုပ် ညွှန်ပြချက်ကို အကျယ်တဝင့်] သိရှိစေ၏။ တည်ရှိစေ၏။ [တည်ထောင်တော်မူ၏] [အကျယ်တဝင့်သိရှိစေချက်ကို ထပ်ဆင့်၍] ဖွင့်ပြတော်မူ၏။ ဝေဘန်တော်မူ၏။ [အကြောင်းအကျိုး ဥပမာ ဥပမေယျတို့ဖြင့်] ထင်ရှားအောင် ပြုတော်မူ၏။ ထို့ပြင်လည်း

'ရှုမြင်ကြလော့'ဟူ၍ မိန့်ဟတော်မူ၏။ ရဟန်းတို့၊ သင်္ခါရကြောင့် ဝိညာဏ်သည် ဖြစ်လာရ၏။ ရဟန်းတို့၊ ယင်းသို့လျှင် ထို [စက္ခုဝိညာဏ်စသော သဘောတရား]၌ [ထိုထိုအကြောင်းတရားတို့ အပိုအလိုမရှိကြပါမူ ထိုထိုသဘောတရားတို့ ဖြစ်လာကြသောကြောင့်] အကြင်မှန်ကန်သည့် အဖြစ်သည် ရှိ၏။ [အကြောင်း "တရားတို့ အညီအညွတ်စုစည်းလာမိကြသော် ဖြစ်အံ့သော အကျိုးတို့ မဖြစ်ဘဲ မနေကြသောကြောင့် အကြင် မချွတ်ယွင်းသည့် အဖြစ်သည် ရှိ၏။ [အခြားတပါးသော အကြောင်းတို့ကြောင့် အခြားတပါးသော အကျိုးတရားတို့ မဖြစ်သောကြောင့်] အကြင် အခြားတပါး တလွဲအချော် မဖြစ်တတ်သည့် အဖြစ်သည် ရှိ၏။ အကြင်သို့သော ဤအကျိုးတို့၏ အကြောင်းတရားအဖြစ်သည် ရှိ၏၊ ရဟန်းတို့၊ ဤသည်ကို အကြောင်းတရား (=ပစ္စယဓမ္မ၊ ပဋိစ္စသမုပ္ပါဒ)ဟူ၍ ဆိုအပ်ပေ၏"(သံယုတ္တနိကာယ၊ ပ၊ ၂၆၄)

ယခုအခါတွင်မူကား စာရှုသူ သုတေသီတို့သည် 'ဗုဒ္ဓအဘိဓမ္မာဆိုတာဘာလဲ' ဟူသော မေးခွန်း၏ အဖြေကို အတိအကျ ဖြေဆိုနိုင်မည့် အသိအမြင်အတွေးအခေါ်ကို အဘော်အသင့် ရရှိကြမည်ဟု မျှော်လင့်ရပါသည်။

ထို့ပြင် ကမ္ဘာ့ဘာသာကြီး ၄ ရပ်အနက် သူများနှင့်မတူ တမူခြားသော ဗုဒ္ဓဘာသာ၏ အနှစ်သာရဖြစ်သည့် အလှအပများ (=အမြတ်တနိုး တယုတယ ထိန်းသိမ်းစောင့်ရှောက် လက်ခံကျင့်သုံးအပ်သော သဘောတရားတို့) ကိုလည်း တွေ့မိ မြင်မိကြပါလိမ့်မည်၊ သတိပြုမိကြပါလိမ့်မည်ဟု မျှော်လင့်ရပါသည်။

ယင်းသည်နှင့် ဆန့်ကျင်ဘက်အားဖြင့်မူ ဗုဒ္ဓဘာသာ၏ အကာအလွှာများဖြစ်သည့် အကြည့်တန်မှုများ (=ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူတို့၏ မလျော်မသင့်သော အမူအကျင့်တို့)ကိုမူ အထူး လေ့လာနေစရာမလိုဘဲ တွေ့မြင် ကြားသိနေကြလိမ့်မည်ဟုလည်း ယုံကြည်ထားပါသည်။

သို့ဖြစ်၍ စာရှုသူ၊ စာရေးသူတို့သည် မိမိတို့၏ဘိုးဘွား အမွေ အနှစ်သဖွယ် ဖြစ်နေသော ဗုဒ္ဓဘာသာ၏ အနိဋ္ဌာရုံများကိုသာ ပုံကြီးချဲ့ကာ အဆိုးကိုသာ ရှုမြင်တွေးခေါ်ကြံစည်စိတ်ကူးပါသော် အကြည့်တန်မှု၊ အရုပ်ဆိုးမှု တခုတည်းကိုသာ ရှုတတ် မြင်တတ် သော တဖက်မြင် (=ဧကစက္ခု) သမားများသာ ဖြစ်သွားစရာ အကြောင်းရှိပါသည်။ ဤအဖြစ်မျိုးကိုဖြင့် မမြတ်နိုးသင့်ပါပြီ။ မြတ်နိုးနိုင်ကြမည်လည်း မဟုတ်ပါချေ။

ယင်းသို့ဆိုလျှင် မြတ်နိုးအပ် နှစ်သက်အပ်သော နှစ်ဖက်မြင် ပညာရှိ(=ဒွေစက္ခု)အမျိုးအစားထဲမှာ ပါဝင်သည့်အဖြစ်ကိုသာ လိုလားအပ်ပါသည်။ လိုလားကြပါလိမ့်မည်၊ လိုလားကြပါသည် ဆိုလျှင် ဗုဒ္ဓဘာသာ၏ အလှအပများကို မမြင်မြင်အောင် ကြည့်သင့်ပါသည်။ အနှစ်သာရများကို မသိ သိအောင် (လက် လှမ်းမှီသမျှ) လေ့လာသင့်ပါသည်။

ကြည့်သော် မမြင်ဟူ၍ မရှိ။ မြင်လာရမည်သာ။ လေ့လာ သော် မသိနိုင်ဟူ၍ မရှိ။ သိလာရမည်သာ။

မြင်လာသော် အလှူအပကို ကိုးကွယ်တတ်သူ ဖြစ်လာပါလိမ့်မည်။ သိလာသော် အနှစ်သာရကို မြတ်နိုးတတ်သူ ဖြစ်လာပါလိမ့်မည်။

အလှူအဖကို ကိုးကွယ်တတ်သူ ဖြစ်စေချင်၏။ ဖြစ်ပါစေ။

အနှစ်သာရကို မြတ်နိုးတတ်သူ ဖြစ်စေချင်၏။ ဖြစ်ပါစေခလို၊